www.burmeseclassic.com

အမှတ် (၂၆၃)၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ

# ဂန္ဓာရီ

မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

၆။ ဗိုလ်တာထောင် ကိုဦး
သာကေတမြို့ ကျက်သရေဆောင်
နှစ်တစ်ရာကျော် ရွှေအုတ်ဂူစေတီတော်
၁၄။ ရွှေတာလေး(လွယ်လင်)
ထူးခြားသည့်
ပေါ်တော်မူ ဗုဒ္ဓတစ်ထောင်စေတီတော်
၂၀။ သစ္စာမင်းခေါင်
ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ တာပကျေးရွာမှ
ရတီချိန်(၂၀၀)ခန့်ရှိ ပေါ်တော်မူ စိန်ဘုရား
၂၈။ အောင်သာကျော်
ပထမံဆရာလှိုင် အရှင်သူမြတ်ကြီး
လျှောင်းစက်ရာ အောင်မြေ
၃၈။ နန္ဒာမောင်(သံဖြူဇရပ်)
မကွေးနှင့် မင်းဘူး ဒေသတစ်ခွင်
ဒေသန္တရဘုရားဖူး ရောက်ခဲ့စဉ်က
၅၆။ အာကာသ(သာစည်)
ရှင်အရဟံ ရဟန္တာမထေရ်မြတ်
သမုတ်တော်မူသော
ဗုဒ္ဓဂုဏ်ရှိန် သာစည်နယ်က ကူဖြူသိမ်
၆၄။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနီဒါန်းအစ အန္တိမ ယသော်ရော(၁၁)
၇၆။ နန္ဒာမိုးကြယ်
လှပသော ဆုံမှတ်

၁၉၉၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်
ဒီဒီး(နီကွန်း)စိစစ်တည်းဖြတ်သည့်

မဂ္ဂဇင်း

**အကြံပေး**
ဦးစိန်မျိုးမြင့်
ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**
မောင်မောင်လတ်

အမှတ်(၂၆၃)၊ ၂၀၁၇ ဇွန်လ

၈၂။ မုံရွာ နေဇာ
ရလေ လိုလေ အို··တစ္ဆေ
၈၇။ တွန်းအားရှင်
သေပြီးနောက် သုဂတိဘုံသို့ ရောက်လိုလျှင်
၉၆။ ထက်ဘုန်းလှ
ဒါနကထာ(၂)
၉၉။ မင်းသီကျော်
နတ်ကိုးကွယ်မှုအစ နတ်တို့စံပျော်ရာ အိုအေစင်





www.burmeseclassic.com

www.burmeseclassic.com




ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ဦးသိန်းလှလို လှူချင်တယ်
ရန်နိုင်
လှူ၍ပျော်သည့် ရှင်ပြုမင်္ဂလာ
ကြောကောင်းစံ
ကျွန်ုပ်နှင့် ပယင်းများ
ကိုမောင်သန်းဝင်း
ပဌာန်း(၂၄)ပစ္စည်းကြောင့် အသက်ချမ်းသာရာရ

၁၂၅။ ချစ်မင်းသူ
မေတ္တာပေးမှ မေတ္တာရ၏
၁၂၈။ ရဲမြတ်တင်
လောကမှာ နောင်တသမားတွေကများ
၁၄၀။ သာထက်ဇော်(မကွေး)
ထွက်သွားသူ ပြန်လာစေနည်း
၁၄၄။ သုခစုစံ(ကျိုက်လတ်)
(၁၃၇၉)ခုနှစ်တွင် မွေးဖွားလာမည့်
ကလေးများအား နာမည်ကောင်း ရွေးပေးခြင်း





၁၄၈။ မင်းနေထွန်း(ကန့်ဘလူ)
ပုတီးဆိုတိုင်း မုန်တိုင်းမဟုတ်
၁၅၂။ ဆရာကံထူး(ဝေဒသုတေသီ)
ပန်းကောင်းတစ်ပွင့်
အညွန့်တင့်နိုင်ပါစေ
၁၅၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်




www.burmeseclassic.com

www.burmeseclassic.com




၁၆၂။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
**၁၆၈။ ဆရာရန်အောင်ဟိန်း(B.Sc)**
ပါဆယ် ဘယ်တော့လက်ခံရရှိမလဲနှင့်
ကေ·ပီ စနစ်
၁၇၂။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၇၈။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသီဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လဂ်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၈၀။ ဟိန်း(ဘူမိ)
ဝဖြိုးခြင်း၊ အဝလွန်ခြင်းနှင့်
အဝပြဿနာ အဖြေရှာ
၁၈၆။ ကြည်ဝင်း(ဟသ်ာတ)
စိန္တာမဏိ လိုတိုင်းပြည့်
၁၉၂။ စိုးယဉ်ထွန်း
အကူမမီသော ဘဝကြမ္မာ
၁၉၈။ ကိုကိုလတ်(ဆည်မြောင်း)
လူစကားပြောသော ကြောင်





၂၀၄။ သျှင်ရဲထွဋ်(တောင်စွန်း)
ဝက်ပါထဲက မဟာဂန္ဓာရီခရီးသည်
၂၁၀။ မင်းသန့်ကျော်(ဇီးကုန်း)
ပန်းအဆိပ်
၂၁၆။ ဂမ္ဘီရ လူမော်
သူမ လာပြောသည်
၂၂၅။ တစ်မိုးအောက်
ထိုက်သူဆောင် ကြောင်သဝဏ်
၂၂၈။ ဒါရိုက်တာမျိုးဇော်အောင်
မဟာမြိုင် ဆရာခိုင်နှင့် မြနွယ်တို့ ညီအစ်မ
၂၃၄။ ခင်မောင်အေး(မန္တလေး)
လူလော နာနာဘာဝလော
၂၄၀။ ကောင်းသော်
ဂမ္ဘီရဗေဒင်
၂၄၈။ မျိုးကြီး(အမရဋ္ဌာနေ)
သူ့ရဲကောင်းနှင့် ဝိညာဉ်တစ္ဆေ
၂၅၉။ ရှင်ထွေးအောင်
မြေလျှောက်ဝိဇ္ဇာရှုး
၂၆၄။ သက်နိုင်(ဂျိတ္တော)
အရိပ်ပေလား အတိတ်တစ္ဆေလား
၂၆၈။ ဖိုးကျော့
စိန်ပီတာ ထုတ်လုပ်သော
မြန်မာ့ရေငုပ်သင်္ဘောကြီးများ
၂၇၆။ ဂါဦးနွန်းကို
ဂုဏ်သိက္ခာအတွက် လူသတ်ခြင်း
၂၉၂။ ကျော်ဇော(စားကုန်)
ဥစ္စာရှုးနှင့် ဖူးဒူးမှော်ဆရာ



**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဖေမြ
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွှန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း။
**အတွင်းသားဖလင်**–STARS ။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
**အယ်ဒီတာအဖွဲ့ရုံး** ＊ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ ၀၉ ၂၆၀၀ ၈၅ ၈၆၀




www.burmeseclassic.com

www.burmeseclassic.com

မွေ့မိတ်ဆွေတစ်ဦးနှင့် တွေ့ကာ စကားစပ်မိစပ်ရာ ပြောကြရင်း ထိုမွေ့မိတ်ဆွေက သာကေတမြို့တွင် ရှေးဟောင်းစေတီတော် တစ်ဆူရှိကြောင်း ပြောပြ၏။

စာရေးသူက '(၁၀၈)တောင်စေတီတော်လား'ဟု မေးမိရာ ထိုမိတ်ဆွေက 'သာကေတမြို့ မတည်မီကတည်းက ရှိခဲ့တာ။ အခုဆိုရင် နှစ်ပေါင်းတစ်ရာကျော်ကြာခဲ့ပြီ။ ရွှေအုတ်ဂူစေတီလို့ခေါ်တယ်။ သာကေတ၊ (...)ရပ်ကွက်မှာ ရှိတယ်'ဟု ပြောပြခဲ့၏။

စာရေးသူ စိတ်ဝင်စားမိ၍ လိပ်စာရေးမှတ်ခဲ့ကာ တစ်နေ့တွင် ထိုစေတီရှိရာ သာကေတမြို့သို့ သွားရောက်ခဲ့သည်။ ဒေါပုံ-သန်လျင်သွား ဇရာဝဏ်ကားလမ်းမပေါ်တွင်ရှိ၍ သာကေတအဝိုင်းကြီးအနီးတွင် ထိုစေတီကို

ဗိုလ်တထောင် ကိုဦး

# သာကေတမြို့ ကျက်သရေဆောင် နှစ်တစ်ရာကျော် ရွှေအုတ်ဂူစေတီတော်



ရွှေအုတ်ဂူစေတီတော်အား ဖူးတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့မိလေသည်။ စေတီတော်ကို ဖူးမြော်ပြီးနောက် ပရိဝုဏ်ရှိ ဂေါပကရုံးခန်းကိုတွေ့၍ ဝင်ရောက်ခဲ့ရာ ရုံးအဖွဲ့မှူး ဦးအောင်သန်း(တောင်စွန်း)နှင့်တွေ့ကာ စေတီတော်သမိုင်းကြောင်းကို ရှင်းပြလေသည်။

**မူလဆရာတော်နှင့် ခန္တီးမြို့စားမိဖုရား**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ကျွန်းတောကုန်းကျေးရွာတွင် အဖ ဦးခရာ၊ အမိ ဒေါ်နှောတို့မှ သက္ကရာဇ်(၁၂၂၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက် တနင်္လာနေ့တွင် ဆရာတော်လောင်းလျာကို မီးရှူးသန့်စင် ဖွားမြင်ခဲ့၏။

အသက်(၁၀)နှစ်တွင် မန္တလေးမြို့မြောက်ပြင် လင်္ကာရာမကျောင်းတိုက်တွင် မိဘများက သာသနာ့ဘောင်အတွင်း သွတ်သွင်းကာ ရှင်သာမဏေပြုပေးခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဂန္ဓမာ ဖြစ်သည်။

သာမဏေငယ် ဂန္ဓမာသည် လင်္ကာရာမကျောင်းတိုက်တွင် ပရိယတ္တိစာပေပညာများ သင်ယူရင်း သက်တော်(၁၉)နှစ် ကျော်လာသောအခါ ရတနာပုံနေပြည်တော် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီး တစ်ပါးဖြစ်သော ခန္တီးမြို့စား မိဖုရားကြီးက ပစ္စည်းလေးပါး ဒါယကာအဖြစ်ခံယူ၍ ရှင်ဂန္ဓမာအား မြင့်မြတ်သော ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့လေ၏။

ရဟန်းဒါယိကာမကြီးသည် ရဟန်းငယ် ရှင်ဂန္ဓမာအား မိမိရင်၌ ဖွားမြင်သောသားကဲ့သို့ ချစ်ခြင်းဖြင့် မိမိနန်းတွင်းသို့ မကြာခဏပင့်ဖိတ်၍ တရားနာကြားသကဲ့သို့ ရှင်ဂန္ဓမာရှိရာ ကျောင်းတော်သို့လည်း သွားရောက်တတ်လေသည်။ တရားတော်၏ အဆုံးအမကို နာယူသကဲ့သို့ တစ်ခါတစ်ရံ မိမိခံစားရသော အကြောင်းများကိုလည်း ပြောပြတတ်သည်။

တစ်နေ့တွင် ခန္တီးမြို့စား မိဖုရားကြီးသည် ရဟန်းငယ် ရှင်ဂန္ဓမာအား ညဉ့်ဦးယံက မြင်မက်ခဲ့သော အိပ်မက်အကြောင်း ပြောပြ၏။ အိပ်မက်ထဲ၌ ရွှေအုတ်ကို မြင်မက်ခဲ့ကြောင်းပြောရာ ရဟန်းငယ်က စဉ်းစားဆင်ခြင်တော်မူ၏။ နန်းတွင်း၌ နေထိုင်ရသူဖြစ်သောကြောင့် အုတ်ချပ်တို့ မဖြစ်နိုင်။ စားတော်ပွဲများတည်ရာ ရွှေအုတ်သာ ဖြစ်ရမည်ဟု ဆင်ခြင်တော်မူ၏။

တစ်နှစ်ခန့်ကြာသော် မင်းတုန်းမင်း၏သားတော် သီပေါမင်းနှင့် မိဖုရား စုဖုရားလတ် အပါအဝင် ရွှေမြို့တော်နှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့သည် အင်္ဂလိပ်နယ်ချဲ့လက်အောက် ဖမ်းဆီးကျရောက်ခဲ့ရသည်။


မိဖုရားကြီး အိပ်မက်မြင်မက်ခဲ့သော ရွှေအုတ်စေတီ

**ရွှေအုတ်ဂူစေတီတော် တည်ထားကိုးကွယ်ခြင်း**

ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝရောက်၍ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်းရလေသောအခါ အရှင်ဂန္ဓမာသည် မန္တလေးရွှေမြို့တော်တွင် နေထိုင်ရသည်ကို မပျော်ပိုက်တော့ချေ။

သက္ကရာဇ်(၁၂၄၇)ခုနှစ်သို့ရောက်လေသော် အောက်ပြည်အောက်ရွာသို့ ကြွရောက်သွားလေ၏။ ဒဂုန်သို့ ရောက်ရှိလာပြီးနောက် အရှင်ဂန္ဓမာသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့ ညဉ့်မပြတ် ဖူးမြော်နိုင်ရန် မြင်တွေ့နေရမည့်နေရာအား ရှာခဲ့ရာ ဒဂုန်မြို့နှင့် မနီးမဝေးအရပ်ရှိ ဂါမသောင်ဝိုင်းအရပ်တွင် သီတင်းသုံး၍ သာသနာတော်အကျိုး၊ လောကအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူလေသည်။

တစ်ပါးနေ ကျောင်းကလေးဖြင့် နေထိုင်၍ ဆရာ



www.burmeseclassic.com

www.burmeseclassic.com


ကိုးနဝင်းဆုတောင်းပြည့်စေတီတော်

တော်၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ဖြင့် ပြည့်စုံမှုကြောင့် ဂါမညောင်ပိုင်းရွာ တောင်ပိုင်းနေ ဦးသာဒွန်း၊ ဒေါ်ညိုညို၊ ဒေါ်မွေးတို့မှ ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခဲ့၏။

ထိုစဉ်က ညောင်ပိုင်းရွာသည် ပဲခူးတိုင်း၊ အင်းစိန်ခရိုင်၊ လှည်းကူးမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်အတွင်း ရှိလေသည်။

ဦးသာဒွန်း၊ ဒေါ်ညိုညို၊ ဒေါ်မွေးတို့မှ လှူဒါန်းသောကျောင်းတော်တွင် ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေး တိုက်ကျွေးကာ သီတင်းသုံးတော်မူ၏။ ကာလကြာသော် ဆရာတော်က စဉ်းစားမိ၏။ ကျောင်းရှိလျှင် စေတီရှိရမည်။ သိမ်ရှိရမည်။ သို့ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမတို့အား မိမိအကြံအစည်ကို ပြောပြ၏။ အားလုံးက ဝမ်းသာအားရ သာဓုခေါ်ကြလေ၏။

ညောင်ပိုင်းရွာ ညောင်ပိုင်းကျောင်းတိုက် ပရိဝုဏ်အတွင်း စေတီတစ်ဆူ တည်ထားကိုးကွယ်နိုင်ရန် ဆရာတော် ဦးဂန္ဓမာ ကြီးမှူးဦးဆောင်လျက် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများဖြစ်သော ဦးသာဒွန်း၊ ဒေါ်ညိုညို၊ ဒေါ်မွေးတို့နှင့်အတူ ရွာသူရွာသား ခုနစ်ရက်သားသမီး ပါရမီရှင်အပေါင်းတို့က သက္ကရာဇ်(၁၂၅၆)ခုနှစ်၊ တပေါင်းလ၊ (၂၄-၃-၁၈၉၅)ရက်နေ့တွင် စေတီတော်အတွက် ပန္နက်ချအုတ်မြစ်စိုက်၍ စေတီတော်တည်ထားခဲ့ရာ သက္ကရာဇ်(၁၂၅၇)ခုနှစ်တွင် ဉာဏ်တော်(၂၇)တောင် အမြင့်ရှိ စေတီကို တည်ထားပြီးစီးခဲ့လေသည်။

စေတီတော်ဘွဲ့အမည်ပေးရန် စဉ်းစားရာ ဆရာတော်၏ ရဟန်းမယ်တော်ဖြစ်သော ခန္တီးမြို့စား မိဖုရားကြီး အိပ်မက်အကြောင်း ပြောပြခဲ့သော ရွှေအုတ်ကို သတိရမိ၍ စေတီတော်ဘွဲ့မည်ကို ရွှေအုတ်ဂူစေတီတော်ဟု ဘွဲ့မည်သမုတ်ခဲ့လေသည်။

(၁၂၅၇)ခုနှစ်၊ တန်ခူးလတွင် ရွှေထီးတော်တင်မင်္ဂလာနှင့်အတူ ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပလာခဲ့ရာ ယနေ့တိုင် နှစ်ပေါင်းတစ်ရာ ကျော်လာပြီ ဖြစ်သည်။

စေတီတော်တည်ထားကိုးကွယ်ခဲ့ပြီးနောက် ကျန်ရှိနေသည့် သိမ်တော်ကြီးကို (၁၂၆၈)ခုနှစ်တွင် ဘုရားဒါယကာ မိသားစုမှပင် ဆောက်လုပ်လှူဒါန်းခဲ့၏။ ခဏ္ဍာသိမ်တော်ဟု အမည်သမုတ်တော်မူ၏။


စေတီတော်မှန်ဦးအဝင်ဝ

www.burmeseclassic.com

**ရွှေအုတ်ဂူစေတီတော်နှင့် ဒုတိယဆရာတော်**

ဆရာတော် ဦးဂန္ဓမာသည် ကျန်းမာရေးချို့ယွင်းလာသောကြောင့် တပည့်ဖြစ်သူ ဘဒ္ဒန္တပဏ္ဍိစ္စအား ကျောင်းတိုက်နှင့်တကွ စေတီတော်အား စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် (၁၃၁၆)ခုနှစ်တွင် လွှဲအပ်တော်မူခဲ့၏။

ဆရာတော်ကြီး ဦးဂန္ဓမာသည် သက်တော်(၉၁)နှစ်၊ ဝါတော်(၇၁)ပါအရောက် (၁၃၁၈)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၉)ရက်နေ့ ည(၈း၄၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဒုတိယဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍိစ္စသည် (၁၃၁၉)ခုနှစ်တွင် ပျက်စီးယိုယွင်းလာခဲ့သော ရွှေအုတ်ဂူစေတီတော်အား ပြင်ဆင်မွမ်းမံခွင့် ကြံခဲ့သည်။

ပဲခူးငလျင်ကြောင့် ရွှေမော်ဓောစေတီတော် ထီးတော်မြေခရသကဲ့သို့ အခြားစေတီပုထိုးတော်များနှင့်အတူ ရွှေအုတ်ဂူစေတီတော်သည်လည်း ထီးတော်မြေခခဲ့ရသည်။

ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စသည် ညောင်ဝိုင်းရွာသူကြီး ဦးဉာဏ်တင်၊ ဒေါ်အေးစိန်နှင့်တကွ ရွာသူရွာသား ခုနစ်နေ့သားသမီး ပါရမီရှင်များ၏ ကောင်းမှုဖြင့် (၁၃၁၉)ခုနှစ်၊ တန်ခူးလတွင် စေတီတော်အား မွမ်းမံပြင်ဆင်လာခဲ့ရာ တစ်နှစ်ကြာပြီးနောက် (၁၃၂၀)ပြည့်နှစ်၊ တန်ခူးလတွင် ပြီးစီးအောင်မြင်ခဲ့သည်။

ရွှေအုတ်ဂူစေတီတော်အား မူလအမြင့် (၂၇)တောင်မှ နောက်ထပ် (၄)တောင်ထပ်မြှင့်၍ သုံးဆယ့်တစ်ဘုံသားအပေါင်း အေးချမ်းသာယာစေရန် ရည်သန်လျက် ဉာဏ်တော်အမြင့် (၃၁)တောင်ရှိ စေတီတော်ကို တည်ထားခဲ့ကြလေ၏။

ထီးတော်ကိုလည်း စေတီတော်အမြင့်နှင့် လျော်ညီစွာရှိစေရန် ထီးတော်အသစ်၊ စိန်ဖူးတော်အသစ်တို့ကို တင်လှူပူဇော်ခဲ့ကြသည်။ စိန်ဖူးတော်အသစ်တွင် ကျောက်မျက်ရတနာခုနစ်ပါး စီခြယ်ကာ တင့်တယ်စွာ တင်လှူနိုင်ခဲ့သည်။

ယနေ့ မြင်တွေ့နေရသည့် ရွှေအုတ်ဂူစေတီတော်သည် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် ခုနစ်နေ့သားသမီးအပေါင်း၏ ကုသိုလ်ကောင်းမှုပင် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဘာသာ၊ သာသနာအကျိုးထမ်းရွက်တော်မူနေစဉ် သက်တော်(၇၉)နှစ်၊ ဝါတော်(၅၀)အရ (၁၃၅၆)ခုနှစ်၊ ဝါခေါင်လဆန်း(၁၁)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၃း၂၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

**တတိယဆရာတော်နှင့် ယနေ့သာသနာတော်**

ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် ညောင်ဝိုင်းရွာသား ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရသည် ညောင်ဝိုင်းကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိကာ ကျောင်းတိုက်နှင့်တကွ စေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ဆရာတော်သည် ခမည်းတော် ဦးခင်၊ မယ်တော် ဒေါ်စိန်တင်တို့မှ (၁၂၉၄)ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားသန့်စင်သော သားဦးရတနာဖြစ်သည်။ ငယ်မည်မှာ မောင်စံညွန့် ဖြစ်၏။

ဆရာတော်လောင်းလျာသည် အသက်(၁၁)နှစ်အရွယ်တွင် ညောင်ဝိုင်းကျောင်းတိုက် မူလပထမဆရာတော် ဦးဂန္ဓမာထံတွင် သင်ပုန်းကြီးမှစ၍ လောကနီတိ၊ ပရိတ်ကြီး စသော ဗုဒ္ဓဘာသာစာပေများ သင်ကြားတတ်မြောက်၍ အသက်(၁၆)နှစ်၌ ဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြုပြီး ညောင်ဝိုင်းရွာ ဦးစံအေး၊ ဒေါ်နှင်းညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုယူကာ သာမဏေဘဝသို့ ရောက်



www.burmeseclassic.com



ဓမ္မလက်ဆောင် ရရှိခဲ့သည့် မဟာဗောဓိညောင်ပင်

ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ဝိသုဒ္ဓါစာရ ဖြစ်သည်။

ကျောင်းတိုက်ရှိ အာစရိယဆရာ ဘဒ္ဒန္တပဏ္ဍိစ္စထံတွင် ပရိယတ္တိစာပေများ လေ့လာသင်ယူရင်း (၁၃၁၄)ခုနှစ်တွင် ညောင်ဝိုင်းကျောင်းဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ညောင်ဝိုင်းရွာနေ ဦးစံအေး၊ ဒေါ်နှင်းညွန့်တို့၏ ပစ္စယာနုဂ္ဂဟခံယူကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိလာလေ၏။

အရှင်ဝိသုဒ္ဓါစာရသည် ရန်ကုန်၊ အထက်ပုဇွန်တောင်လမ်း၊ ဆူတောင်းပြည့် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံတွင်လည်းကောင်း၊ သိမ်ဖြူ ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဘဒ္ဒန္တကုဏ္ဍလ စသော စာချဆရာတော်များထံ ပရိယတ္တိစာပေများ သင်ယူရင်း ပထမငယ်၊ ပထမလတ်၊ စိနည်းအာဂုံစာပြန်ပွဲ၊ စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးနောက် ပါဠိတော် အဋ္ဌကထာ ကျမ်းစာများကို သင်ကြားဆည်းပူးလေ၏။

သက္ကရာဇ်(၁၃၃၃)ခုနှစ်၊ နယုန်လပြည့်ကျော် (၃)ရက်နေ့တွင် ဝါတော်(၁၉)ဝါရှိပြီဖြစ်သော ဘဒ္ဒန္တဝိသုဒ္ဓါ စာရသည် ယခင် လှည်းကူးမြို့နယ်၊ ကွေ့မကျေးရွာ၊ ယခုတောင်ဒဂုံ (၂၂)ရပ်ကွက် ဒက္ခိဏာရာမကျောင်းသို့ ရောက်ရှိလာပြီးနောက် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးတော်မူ၏။ တစ်ဖက်တွင် ကျောင်းသား၊ သာမဏေ ရဟန်းများကို စာပေသင်ကြားပို့ချပေးရင်း အခြားတစ်ဖက်၌လည်း ဘုရားကျောင်း၊ သာသနိကအဆောက်အအုံများ ပြင်ဆင်မွမ်းမံရင်း သာသနာ့တာဝန်များကို ထမ်းရွက်တော်မူလေသည်။

ဘာသာ၊ သာသနာ အကျိုးကို ဆောင်ရွက်နေဆဲ ညောင်ဝိုင်းကျောင်းတိုက်ဆရာတော် ပျံလွန်တော်မူကြောင်း ကြားသိရ၍ မိမိ၏ ဇာတိရပ်ရွာ ညောင်ဝိုင်းကျောင်းတိုက်သို့ ပြန်လည်ကြွရောက်ကာ သာသနာပြုလျက်ရှိပါသည်။

**<u>သာသနာပြုလုပ်ငန်းများ</u>**



နှစ်ကိုယ်ရှစ်ဆူဘုရားများ ကိန်းဝပ်ရာ အာရုံခံတန်ဆောင်း

ရွှေအုတ်ဂူစေတီတော်မြတ်သည် နှစ်ပေါင်းများစွာ အမှောင်ဖုံး၍ သာသနာတော် မှေးမှိန်ခဲ့ရသည်။ ဆရာတော်သည် သာသနာ့နွယ်ဝင် သူတော်စင်များ၏ ဘာသာ၊ သာသနာအရေးကို ရှေ့တန်းတင်လျက် စိတ်အားထက်သန်ကြသော ပါရမီရှင်၊ ကုသိုလ်ရှင်များ၏ ကောင်းမှုကုသိုလ်များဖြင့် စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စ ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့



www.burmeseclassic.com

သည်။

(၂၀၁၅)ခုနှစ်၊ ဇွန်လတွင် ဟောင်းနွမ်းပျက်စီးနေသော အရံစေတီ ထီးတော်များကို ထီးတော်အသစ် (၈)ဆူ လုံး၍ တင်လှူပူဇော်ခဲ့၏။ ငြိုဟ်တိုင်ရှစ်တိုင်ကိုလည်း အသစ်ပြန်လည်မွမ်းမံခဲ့သည်။ နှစ်စဉ် မိုးကာလ၌ ရင်ပြင်တော်ပေါ်သို့ ရေများပြည့်လျှံပြီး ညစ်ညမ်းနေသော စေတီတော်ကို လက်မနှစ်ဆယ်အမြင့် တိုးမြှင့်တည်ဆောက်ခဲ့၏။

ရင်ပြင်တော် ထောင့်လေးထောင့်၌ ဟောင်းနွမ်းပျက်စီးနေသော မီးတိုင်များကို ခေတ်မီစတီးအုတ်ရိုးမီးတိုင်များ တပ်ဆင်ခဲ့၏။ စေတီတော်ကြီးနှင့်တကွ အရံစေတီရှစ်ဆူကို ရွှေသင်္ကန်းကပ်လှူပူဇော်ကာ စေတီတော်ရင်ပြင်ကို ခေတ်မီလှပသော စတီးသံပန်းတံခါးများဖြင့် ကာရံထားခဲ့လေ၏။

အနောက်ဘက်မုခ်အနီး၌ ဓမ္မပါလတန်ဆောင်းကို ဆောက်လုပ်ခဲ့၏။ ဆရာတော်သည် ရွှေအုတ်ဂူစေတီတော်ရှိ ထီးတော်ကို ရွှေအစစ်ဖြင့် ရွှေသင်္ကန်းကပ်လှူလိုသော ဆန္ဒရှိတော်မူ၍ သစ္စာပြုဆုတောင်းပြီး မိဋ္ဌာန်တော်မူခဲ့ရာ ဆရာတော့်ဆန္ဒ ပြည့်ဝတော်မူလေ၏။ ထီးတော်ရွှေသင်္ကန်းအလှူရှင်မှာ အလှူ့ဒါယကာ ဒေါက်တာစိန်ရွှေနှင့် အလှူ့အမ ဒေါ်မြင့်ရီတို့ ဖြစ်သည်။

**စေတီတော်၏ ထူးခြားချက်များ**

ရွှေအုတ်ဂူစေတီတော်သည် ယခင်အခါများက ရောင်ခြည်တော်များ ကွန့်မြူးခဲ့၏။ စေတီတော်နှင့် ခဏ္ဍာသိမ်တော်အကြားတွင် သရက်ပင်တစ်ပင်ရှိ၏။ သရက်သီးများ သီး၍ မှည့်သောအခါ လူအချို့က ခွင့်တောင်းဘဲ သရက်သီးများ ခူးကြလေ၏။ ထိုသူတို့သည် ဘေးများတွေ့ကာ ကြောက်လန့်လျက် အားမကပ်ဝံ့တော့ချေ။ အချို့က သစ်ပင်၌ရှိသော ရက္ခစိုးအား တောင်းပန်၍ သရက်သီးမှည့်စားဆိုကြောင်း ဆုတောင်းလျှင် ဆုတောင်းသူအနီးသို့ သရက်သီးမှည့် အစ်ငုံးသည် အလိုအလျောက်


ဆုတောင်းပြည့်ဝသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်

ကျရောက်လာကြောင်း တာဝန်ရှိသူက ရှင်းပြ၏။

နာဂစ်ကာလ၌ ထိုသရက်ပင်သည် ပြိုလဲကာကျလေ၏။ ပင်စည်မှာ ဖြောင့်တန်း၍ လုံးပတ်ကြီးသဖြင့် တာဝန်ရှိသူတို့က ထိုသရက်ပင်အား ခုတ်ယူဖြတ်တောက်ကာ ထိုင်တော်မူရုပ်ပွားတော်မြတ်တစ်ဆူ ထုလုပ်ကြ၏။


ဆုတောင်းပြည့်တန်ဆောင်း

www.burmeseclassic.com

ပလ္လင်ပေါ်၌တင်၍ ကိုးကွယ်ထားပြီးနောက် မကြာမီကာလတစ်ခုတွင် ထိုရုပ်ပွားတော်၏ ဝဲဘက်ပခုံးတော်၌ မှိုပင်များ ပေါက်လာသည်ကို ထူးဆန်းစွာမြင်တွေ့ကြရသည်။ ဆုတောင်းပြည့်ဝသည်ဟု ဆို၏။ ဆုတောင်းပြည့်တန်ဆောင်းတွင် ထားရှိကိုးကွယ်ထားလေသည်။

ရွှေအုတ်ဂူစေတီတော်ရှိ ဘိုးဘိုးကြီးသည်လည်း ထူးခြား၏။ ဒုတိယဆရာတော် ဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဍိစ္စ၏ ကပ္ပိယကြီးဖြစ်သော အာဘကျော်က ဘိုးဘိုးကြီးကို ပင့်လာကြောင်း၊ ဘိုးဘိုးကြီး၏ ပုံတော်သည် ခမဲပြင်ဘိုးဘိုးကြီးနှင့် ဆင်တူကြောင်း ရှင်းပြ၏။

တစ်နေ့တွင် ညောင်ပိုင်းကျောင်းတိုက်အနီး နေထိုင်သော ပုဂ္ဂိုလ်တစ်ဦးထံ ဘိုးဘိုးကြီးက အိပ်မက်ပေး၏။ ယခုနေသော အင်္ဂါထောင့်မှ အနောက်မြောက်အရပ်သို့ ပြောင်းရွှေ့ပေးရန် အိပ်မက်ပေးလာသဖြင့် ထိုပုဂ္ဂိုလ်က တာဝန်ရှိသူတို့အား အသိပေးအကြောင်းကြားကာ ဘိုးဘိုးကြီးအား နေရာရွှေ့ပြောင်းပေးခဲ့သည်။ မကြာမီကာလအတွင်း ထိုပုဂ္ဂိုလ်သည် စီးပွားရေးလွန်စွာကောင်းမွန်လာခဲ့ပြီး ယခုအခါ ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသကဲ့သို့ စေတီတော်ကြီးနှင့်တကွ ဘိုးဘိုးကြီးနတ်နန်းအား မကြာခဏ လာရောက်လှူဒါန်းလေ့ရှိကြောင်း သိရှိရသည်။


ရွှေအုတ်ဂူစေတီ ဘိုးဘိုးကြီးနတ်နန်း

ဖဆပလအစိုးရလက်ထက်တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော အစိုးရတာဝန်ရှိသူများ အိန္ဒိယသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့၏။ ထိုခရီးစဉ်တွင် သာသနာရေးဝန်ကြီးမှာ ဦးဝင်းဖြစ်၏။ အိန္ဒိယသို့ရောက်ခိုက် ဗုဒ္ဓပွင့်တော်မူရာ ဗောဓိညောင်ပင်မှ အပင်ပေါက်တစ်ပင်ကို ဓမ္မလက်ဆောင်အဖြစ် ရရှိခဲ့၏။ ထိုဗောဓိညောင်ပင်ကို ရွှေအုတ်ဂူစေတီတော် အင်္ဂါထောင့်တွင် စိုက်ပျိုးထားခဲ့လေ၏။


စေတီတော်အကြောင်း ရှင်းပြနေသော ဦးအောင်သိန်း

စေတီတွင် သိုက်မောင်နှမ သုံးဦးရှိသည်ဟု သိရပြီး စေတီတော်အား စောင့်ရှောက်လျက် စေတီတော်၌လည်းကောင်း၊ အနီးဝန်းကျင်၌လည်းကောင်း အလွန်ကြီးမားသော စပါးကြီးမြွေများ တွေ့ရတတ်သည်ဟု ဆို၏။

**ကျေးဇူးစကား**

ရွှေအုတ်ဂူစေတီတော် သမိုင်းကြောင်းကို ရှင်းလင်းပြောပြပေးသော ရုံးအဖွဲ့မှူး ဦးအောင်သိန်း (စာရေးဆရာ အောင်သိန်း) တောင်

www.burmeseclassic.com

www.burmeseclassic.com

ခွန်း)အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါ၏။

စေတီတော်၏ တောင်ဘက်တွင်ရှိသော တန်ဆောင်းသည် ပျက်စီးနေသည်မှာ ကြာပြီဖြစ်၏။ တန်ဆောင်းအတွင်း ကိန်းဝပ်လျက်ရှိသော နှစ်ကျိပ်ရှစ်ဆူဘုရားများ ရေရှည်ကိန်းဝပ်စံပျော်နိုင်ရန် တန်ဆောင်းအလှူရှင်များအား ဖိတ်ခေါ်ပါ၏။

အရှေ့ဘက်မုခ်ဦးရှိ နတ်လမ်းမှာ ကျဉ်းမြောင်းနေ၍ လမ်းတိုးချဲ့ကာ ပြုပြင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ပြောပြ၏။

ပါရမီရှင် ကုသိုလ်ရှင်အပေါင်းသည် သာကေတမြို့သို့ရောက်ခိုက်၊ သန်လျင်ဘုရားစုံသို့ဖူးခိုက် သန်လျင်တံတားကြီးအနီး (၈)ရပ်ကွက်တွင်ရှိသော ရွှေအုတ်ဂူစေတီတော်အား တစ်ခေါက်တစ်ခါ လာရောက်ဖူးမြော်ရင်းနည်းများမဆို ကုသိုလ်တော်ပါဝင်လျက် မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ကြပါစေ။ ကုသိုလ်တော်ရှင် ပါရမီရှင်အပေါင်းတို့သည် အလှူဒါနကုသိုလ်ပြုနိုင်ရန် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၉၄၂၁၀၄၀၇၀၄၊ ရုံးအဖွဲ့မှူး ဦးအောင်သန်း ဖုန်း-၀၉၄၄၈၄၉၅၀၃၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

စေတီတော်သို့ သွားရောက်ဖူးမြော်လိုပါက ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ အမှတ်(၈)ရပ်ကွက် ဇရာဝဏ်လမ်းမကြီး (အဝိုင်းကြီးအနီး) ရွှေအုတ်ဂူညောင်ပိုင်းကျောင်းတိုက် ပရိဝုဏ်အတွင်း၌ တည်ရှိ၍ သာကေတမြို့ (၁၀၈)တောင်စေတီတော်နှင့် မနီးမဝေးအရပ်တွင် ရှိပါသည်။ ကားလမ်းမပေါ်တွင် တည်ရှိသဖြင့် သွားလာရေးလွယ်ကူကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းလိုက်ပါ၏။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဗိုလ်တထောင် ကိုဦး

**မှီငြမ်း**

* ရွှေအုပ်ဂူစေတီတော် ဂေါပကအဖွဲ့မှ စီစဉ်သည့် - ရွှေအုတ်ဂူစေတီတော်သမိုင်း။




မှတ်ပုံတင်ပြီး

# အဖေ့ဆေး

အမှတ်တံဆိပ်

## ဆီးချို သွေးချို သောက်ဆေး

ပင်ရင်း- အမှတ် (၃၁)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**သုံးစွဲရန် ဆေးပမာဏ**

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

**အမြို့မြို့အနယ်နယ်ရှိသော ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။**

www.burmeseclassic.com

# ထူးခြားသည့် ပေါ်တော်မူဗုဒ္ဓတစ်ထောင်စေတီတော်

ရွှေတာဖလေး(လွယ်လင်)



ပွင့်တော်မူလာသော ဗုဒ္ဓတစ်ထောင်စေတီတော်

ရှေးပဝေသဏီ ခေတ်ကာလအသီးသီးကတည်းက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ အခါကြ်ခါကြ်အခါခါ ရောက်ရှိခဲ့ကြသော်လည်း ဖူးခွင့်မကြုံနိုင်သောစေတီ၊ ဖူးတွေ့ရန် ခက်ခဲသော စေတီတော်ကား ပေါ်တော်မူဗုဒ္ဓတစ်ထောင်စေတီတော်ပင် ဖြစ်၏။ စေတီတော်၏ ဉာဏ်တော်မှာ (၉)ပေမျှအမြင့်ဆောင်တော်မူ၍ လုံးပတ်တော်သည် (၇)ပေ (၃)လက်မ ရှိတော်မူ၏။ စေတီတော်၏အောက်တွင် ကျောက်တိုင်သဖွယ် တိုင်လုံးသဏ္ဌာန်ဖြစ်၏။ ထိုကျောက်တိုင်လုံးတွင် (၃)လက်မခန့်ရှိသော ဗုဒ္ဓရုပ်ပွားတော်များသည် တိုင်လုံး၏ ပတ်ပတ်လည်တွင် ကျောက်တိုင်ကို ထွင်းထားသည့် ရုပ်ပွားတော်တစ်ထောင်ရှိခြင်းကြောင့် ထောင်ပြည့်စေတီဟူ၍လည်းကောင်း၊ ဗုဒ္ဓတစ်ထောင်စေတီတော်ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကာ ကမ္ပည်းတွင်ခဲ့ခြင်း ဖြစ်ပေ၏။

**စေတီတော်ကိန်းဝပ်စံပယ်ရာတန်ဆောင်း**

ထိုဗုဒ္ဓတစ်ထောင်စေတီတော်မြတ်ကား ရွှေတိဂုံရင်ပြင်တော် အရှေ့ဘက်စောင်းတန်းအတက် ထိပ်ဦးရှိ ရေကြည်တော်ဝတ်အသင်းတည်ရာ ဒေါ်ငွေဇင်တန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူနေခြင်း ဖြစ်၏။ ထိုဒေါ်ငွေဇင်၏ တန်ဆောင်းအတွင်း လျောင်းတော်မူမြတ်ဘုရား(၃)ဆူ၊ တင်ပျဉ်ခွေရုပ်ပွားဆင်းတုတော်ဘုရား(၂၆)ဆူ၊ မတ်ရပ်တော်ဘုရား(၃)တူ၊ စေတီတော်(၁)ဆူဟူ၍ စုစုပေါင်း(၃၃)ဆူရှိခဲ့ရာ အဆိုပါဗုဒ္ဓတစ်ထောင်စေတီတော်မြတ်သည် တန်ဆောင်း၏ခေါင်းရင်း လက်ဝဲဘက်ထိပ်ရှိ ရုပ်ပွားတော်မြတ်ဘုရား (၅)ဆူတို့၏ အလယ်တွင်ကျ ရောက်လျက်နေခဲ့၏။

www.burmeseclassic.com

ထို့အပြင် စေတီတော်၏ အရှေ့ဘက်တွင်လည်း လျောင်းတော်မူမြတ်ဘုရားကြီးက သီတင်းသုံးတော်မူလျက် ရှိနေပြန်၏။ သို့ဖြစ်၍ ဗုဒ္ဓတစ်ထောင်စေတီတော်မြတ်သည် ဖော်ပြခဲ့သော မြတ်ဘုရားတို့၏ နောက်ကွယ်တွင် တည်ရှိနေခြင်းကြောင့် ထိုစေတီတော်မြတ်အား ဖူးခွင့်မရ။ ဖူးမြော်၍မရအောင် ရှိနေ၏။ စေတီတော်မြတ်ကား နှစ်ပေါင်းအတော်ကြာမြင့်စွာကပင် မထင်မရှားအဖြစ်နှင့် သီတင်းသုံးတော်မူလျက် ရှိနေခဲ့ခြင်း ဖြစ်ပေသည်။

**ချိန်ခါသင့်၍ ဘုန်းတော်ပွင့်လေပြီ**

စေတီတော်မြတ်၏ ဘုန်းကံသည် ပွင့်ဖို့ရန် အချိန်တန်ပြီဟု ဆိုရမည်ဖြစ်၏။ အကြောင်းသော်ကား ဂေါပကအသစ်များ ရောက်ရှိလာသောကြောင့်ပင် ဖြစ်၏။ ရွှေတိဂုံစေတီတော်ကြီးတွင် ဂေါပကအဖွဲ့ဝင် (၉)ဦးရှိခဲ့ရာ (၃)ဦးလျှင် (၆)လစီ တာဝန်ထမ်းဆောင်ရ၏။ (၁၉၈၄)ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဦးဝမ်းတင်(အစိုးရခန့်)၊ ဦးခင်မောင်ကျော်(သာသနာရေးမှ ပြည်သူခန့်)နှင့် ဦးကြိုင်(ပြည်သူခန့်)တို့ အလှည့်ကျ ရောက်လာ၏။

ဦးဝမ်းတင်သည် စီမံခန့်ခွဲရေး(အုပ်ချုပ်ရေး)ကို တာဝန်ယူရ၍ ဦးခင်မောင်ကျော်မှာ ကုသိုလ်တော်အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူရပြီး ဦးကြိုင်ကား ဘဏ္ဍာတော် ငွေကြေးများကို တာဝန်ယူရ၏။

ထို့ကြောင့် ကုသိုလ်တော်အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဦးခင်မောင်ကျော်သည် ရွှေတိဂုံစေတီတော်ကြီးအပါအဝင် အရံစေတီတော်များ၊ အာရုံခံတန်ဆောင်းများ၊ ဇရပ်များကို တစ်နေ့လျှင်(၂)ကြိမ်လှည့်လည်ကြည့်ရှု စစ်ဆေးရလေ၏။

ထိုသို့စစ်ဆေးခဲ့ရာမှ (၁၉၈၄)ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ရေကြည်တော်ဝတ်အသင်း တန်ဆောင်းသို့ စစ်ဆေးရန် ရောက်ရှိသွားသည်။ တန်ဆောင်းအတွင်း သီတင်းသုံးတော်မူလျက်ရှိသော ရုပ်ပွားတော်မြတ်ဘုရားများ၏ သန့်ရှင်းရေး၊ မွမ်းမံရေးအတွက် ကြည့်ရှုခဲ့ရာမှ ထောင်ပြည့်စေတီတော်ကို ဖူးမြင်တွေ့ရပြီး သန့်ရှင်းရေးလုပ်ရန် ညွှန်ကြားခဲ့၏။ ထိုအချိန်မှစ၍ စေတီတော်သည် ဘုန်းကံပွင့်ရလေပြီဟု ဆိုရပေမည်။ အကြောင်းမူကား ထိုထောင်ပြည့်စေတီတော်ကို ရွှေသင်္ကန်းကပ်လှူခဲ့သူ ဦးအောင်ထူးက စေတီတော်၏ ထူးခြားမှုကို တင်ပြခဲ့၏။

ဤစေတီတော်ကိုယ်တော်သည် အင်္ဂတေများ မကောင်းတော့သဖြင့် မှန်သင်္ကန်းကပ်လှူခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ မှန်သင်္ကန်းကပ်လှူခဲ့ရာတွင် ဖောင်းရစ်အောက်တွင် မှန်သင်္ကန်း(၂)လက်မခန့်မျှ (၂)ချပ်စာ ကပ်ဖို့ရန် ကျန်ရစ်ခဲ့ကြောင်း၊ ထို့ကြောင့် မှန်သင်္ကန်း(၂)ချပ်ကို ထပ်၍ကပ်စေရာ၌လည်း ကွာမြဲကွာကျခဲ့ပါကြောင်း၊ ယင်းသို့ ကွာကျခဲ့သော မှန်များသည် စေတီတော်၏ခြေရင်းတွင် စုပုံလျက်သားရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထိုမှန်များကို စေတီတော်ခြေရင်းမှ ကောက်ယူရင်း အမှိုက်သရိုက်များကို ရှင်းလင်းခဲ့ရာမှ ပထမဦးစွာ ဘုရား(၂)ဆူကို ဖူးတွေ့ရကြောင်း စသဖြင့် ပြောဆိုတင်ပြခဲ့ခြင်းဖြစ်သည်။

**စေတီတော်ခြေရင်းမှ ဆက်လက်တူးဖော်**

ဦးအောင်ထူး၏ ရှင်းလင်းပြောကြားချက်များကို ဂေါပကအဖွဲ့ဝင်လူကြီး ဦးခင်မောင်ကျော်သည် စူးစိုက်စွာ နားထောင်ခဲ့ရသည့်အပြင် ဦးအောင်ထူး ပြသသည့် ဘုရား(၂)ဆူကိုလည်း ဖူးတွေ့လိုက်ရသည်။ ထိုဘုရားနှစ်ဆူကို သုတေသနပြုကြည့်ရာ ရှေးဟောင်းဘုရားများဖြစ်တန်ရာဟု ထင်မြင်ယူဆပြီး (၁)ပေခန့်မျှ ဆက်လက်တူးဖော်ရန် ညွှန်ကြားခဲ့၏။ ဦးအောင်ထူးသည် ဘုရားဂုဏ်တော်များကို ရွတ်ဖတ်ရင်းဖြင့် တူးဖော်ခဲ့ပြန်ရာ ရှေးဟောင်းဘုရားအဆူ(၃၀)ခန့်မျှ ပေါ်ထွက်တော်မူလာခဲ့၏။

သို့နှင့် ဂေါပကလူကြီး ဦးခင်မောင်ကျော်ထံသို့ အကြောင်းကြား တင်ပြခဲ့ပြန်ရာ အလှည့်ကျဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးဝမ်းတင်နှင့် ဦးကြိုင်တို့လည်း ပေါ်တော်မူမြတ်ဘုရားများကို ဖူးတွေ့လိုက်ရသဖြင့် သဒ္ဒါရွှင်လန်း ဝမ်းပန်းတသာဖြစ်ကြကုန်၏။ ယင်းနောက် ကျန်ရှိနေသေးသော ဂေါပကအဖွဲ့ဝင် ဦးညွန့်ရီ၊ ဦးဇေယျ၊ ဦးခင်မောင်လေးတို့ကလည်း ဖူးတွေ့ကြရသဖြင့် ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြာဝေကုန်ပြီး ရှေးဟောင်းဘုရားများဖြစ်ကြောင်း မှတ်ချက်ပြုကြသည်။

**ဒေါ်ငွေဇင်တန်ဆောင်းဟူသည်**

ဗုဒ္ဓတစ်ထောင်စေတီတော် ကိန်းဝပ်စံပယ်လျက်ရှိသော ရေကြည်တော်ဝတ်အသင်းတည်ရာ ဒေါ်ငွေဇင်တန်ဆောင်းသည် ရှေးယခင်က ဒေါ်လှဖျော်တန်ဆောင်းနေရာဖြစ်၏။ (၁၉၃၁)ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး

www.burmeseclassic.com



သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ဟောင်း)
ဦးကြည်ညွှန့် လာရောက်ဖူးမြော်စဉ်

အား မီးခစဉ်အခါက ထိုဒေါ်လှဖျော်တန်ဆောင်းသည် မီးခရာတွင် ပါသွားခဲ့၏။ ထိုတန်ဆောင်းနေရာတွင် ပြန်လည်၍ တန်ဆောင်းဆောက်ဖို့ရန် ဂေါပကလူကြီးများဖြစ်ကြသော ဦးသိမ်းမောင်(တရားဝန်ကြီးချုပ်)၊ ဦးမြင့်၊ ဦးဘိုးဗျော၊ ဦးဘသော်တို့နှင့် အမှုဆောင် ဦးဘဖိုးတို့ လက်ထက် (၁၉၄၉)ခုနှစ်တွင် ပြန်လည်တည်ဆောက်ဖို့ရန် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် လူကြီးများက ကြိုးစားကြကုန်၏။

ရှေးယခင် တန်ဆောင်းအမကြီး ဒေါ်လှဖျော်ကို ရှာဖွေကြသော်လည်း ဒေါ်လှဖျော်ကား ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်သဖြင့် ဒေါ်လှဖျော်ကို မတွေ့ရတော့ပေ။ သို့သော် ဒေါ်လှဖျော်၏သမီး ဒေါ်မမကြီးကို ရှာဖွေတွေ့ရှိခဲ့ကြ၏။

ဒေါ်မမကြီးသည် (၁၉၄၉)ခုနှစ်လောက်က ဘောက်ထော်တွင်နေထိုင်ခဲ့သည်ဖြစ်ရာ ဘဏ္ဍာတော်ထိန်း ဦးသိမ်းမောင်ထံမှ တန်ဆောင်းကို ပြန်လည်တည်ဆောက်ရန် ဒေါ်မမကြီးထံသို့ စာဖြင့် အကြောင်းကြားခဲ့သည်။

ယင်းသို့ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီး ဦးသိမ်းမောင်က အကြောင်းကြားခဲ့သော်လည်း ဒေါ်မမကြီးမှာ ငွေကြေးမတတ်နိုင်တော့သဖြင့် တန်ဆောင်းကို မဆောက်နိုင်တော့ကြောင်း ပြန်ကြားချက်အရ တန်ဆောင်းကို ပြန်လည်တည်ဆောက်ရန် လျှောက်ထားသူ ဒေါ်ငွေဇင်အား ခွင့်ပြုခဲ့လေသည်။ သို့ကြောင့် ဒေါ်လှဖျော်တန်ဆောင်းမှသည် ဒေါ်ငွေဇင်တန်ဆောင်း ဖြစ်ခဲ့ရကာ ယခု ရေကြည်တော်ဝတ်အသင်း တည်ရှိရာဌာနဟုပင် ဆိုရပေတော့မည်။

**<u>ကမ္ပည်းမတွင်နိုင်ခဲ့သော ရှေးဟောင်းဘုရားများ</u>**

ဒေါ်ငွေဇင်တန်ဆောင်းထဲတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ထောင်ပြည့်စေတီတော်အပါအဝင် ဗုဒ္ဓရုပ်ပွားတော်(၃၃)တို့၏ တည်ထားခဲ့သည့် ခုနှစ်သက္ကရာဇ်များကို ရှာဖွေသုတေသနပြုရာ မည်သို့မျှ ကမ္ပည်းစာတန်းထိုးထားသည်ကို မတွေ့ရပေ။ သို့နှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးသိမ်းမောင်တို့ကို မီလိုက်သော ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် အတွင်းရေးမှူးဟောင်း ဦးလှတင်ကို ဖိတ်ခေါ်မေးမြန်း ဆွေးနွေးခဲ့၏။

သို့သော် ဦးလှတင်လည်း မည်သည့်ခေတ် မည်သည့်လက်ထက်ကတည်းက တည်ထားခဲ့ကြောင်း မသိရှိဘဲ ဖြစ်နေလေရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ကျော်သည် အနီးကပ်ဆုံးဖြစ်သည့် မဟာဝိဇယစေတီတော်ကို တည်ဆောက်လျက်ရှိသော မြန်မာဗိသုကာပညာရှင် ဆရာကြီး ဦးငွေလှိုင်အား ဖိတ်ကြား၍ တွေ့ဆုံမေးမြန်းခဲ့၏။

ထိုအခါ ဆရာကြီးဦးငွေလှိုင်က ထိုမြတ်ဘုရားတို့၏ ပုံသဏ္ဌာန်၊ ထုလုပ်သည့်လက်ရာ၊ ထုလုပ်သည့် ကျောက်တုံးတို့ကို ကြည့်ရှုပြီး ဓမ္မစေတီမင်းတို့ခေတ်လောက်က ထုလုပ်ခဲ့သည့် ဘုရားများ ဖြစ်ဟန်တူကြောင်း၊ အတိအကျသိရှိဖို့ရန်မှာ ကျန်ရှိသည့် ဘုရားများ၏ ရှေ့ဘက်မျက်နှာစာကို တူးဖော်ကြည့်လျှင် ကမ္ပည်းကျောက်စာများ တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆက်လက်တူးဖော်ကြည့်ရန်လိုကြောင်း စသဖြင့် အကြံပြုလေ၏။

မည်သို့ပင်ဖြစ်စေ ကမ္ပည်းပင် မတွေ့ရှိစေကာမူ ရှေးဟောင်းဘုရားများဖြစ်ကြောင်းကား သေချာသလောက်ဖြစ်နေ၏။ ထို့ကြောင့် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ကျော်သည် စေတီတော်ကို ဆက်လက်တူးဖော်ရန် ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်ခဲ့သည့်အလျောက် ဆက်၍တူးဖော်ရန် ဦးအောင်ထူးအား ညွှန်ကြားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓရုပ်ပွားတော်များ ဆက်လက်တူးဖော်

ဦးအောင်ထူးသည် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ကျော် ညွှန်ကြားခဲ့သည့်အတိုင်း ဆက်၍တူးရာ တစ်ခဏချင်း နာရီပိုင်းအတွင်းမှာပင် ဗုဒ္ဓရုပ်ပွားတော်များ အမြောက်အမြားပေါ်ထွက်တော်မူလာကုန်၏။ တူးဖော်ရာ၌ မြေကြီးကို အခက်အခဲတို့ဖြင့် တူးဖော်ရခြင်းမျိုးမဟုတ်ပါ။ စေတီတော်၏ လုံးပတ်တော်ကို သဲများဖြင့် ပေါ်တော်မူဘုရားများ မပျက်စီးစေရန် ဖုံးအုပ်ငုံထားခြင်းသာ ဖြစ်သည်။ ထိုသဲများကို ဆယ်ယူလိုက်ခြင်းဖြင့် နာရီပိုင်းအတွင်းမှာပင် ဘုရားအဆူပေါင်း(၃၆၅)ဆူ ပေါ်ထွက်တော်မူလာ၏။ စေတီတော်အောက်ရှိ ပွင့်တော်မူလာသော ဘုရားများသည် ဒုက္ခရစရိယာအကျင့်တော် ကြာမြင့်စွာဖြင့် မြေအောက်တွင် နှစ်ပေါင်းငါးရာခန့်ကြာမျှ သီတင်းသုံးတော်မူခဲ့ရရှာပေသည်။

## ဗုဒ္ဓရုပ်ပွားတော်ကို ပလ္လင်တော်သစ်ဆီသို့ ရွှေ့ပြောင်းရ

ဗုဒ္ဓတစ်ထောင်စေတီတော်ရှိ ရုပ်ပွားတော်များကို အများပြည်သူများ ဖူးမြော်နိုင်ရေးကိုလည်းကောင်း၊ စေတီတော်ကို ကွယ်လျက်ရှိပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား မျက်နှာမူလျက်ရှိသည့် (၂)ပေခွဲမျှ ဉာဏ်တော်အမြင့်ရှိ တင်ပျဉ်ခွေရုပ်ပွားဆင်းတုတော်အား ရွှေ့ပြောင်းနိုင်ရေးကိုလည်းကောင်း ရှေးရှု၍ ဂေါပကလူကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းဆွေးနွေးကာ သဘောတူညီမှုကို ရယူကြ၏။ ထိုတင်ပျဉ်ခွေရုပ်ပွားတော်သည် စေတီတော်ကို တူးဖော်ရာတွင် မလွတ်သည့် အကြောင်းတရားကလည်း ရှိနေပြန်သဖြင့် ပလ္လင်တော်သစ်ဆီသို့ ရွှေ့ပြောင်းသီတင်းသုံးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

သို့နှင့် (၁၉၈၄)ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့ နံနက်(၉)နာရီအချိန်မှစ၍ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ စေတနာရှင် အင်ဂျင်နီယာအဖွဲ့ဝင်များနှင့် ကြည်တော်ဝတ်အသင်းတို့ စုပေါင်းကာ ဆောင်ရွက်ကြလေရာ ထိုနေ့တစ်နာရီခွဲအချိန်တွင် ရုပ်ပွားတော်မြတ်ဘုရားအား ဘေးမသီ ရန်မခဘဲ အေးချမ်းအောင်မြင်စွာ ပလ္လင်တော်သစ်ဆီသို့ ရွှေ့ပြောင်းနိုင်ခဲ့လေ၏။

## စေတီတော်ကို ဆက်လက်တူးဖော်

တင်ပျဉ်ခွေဗုဒ္ဓရုပ်ပွားတော်မြတ်အား ပလ္လင်တော်သစ်ဆီသို့ ရွှေ့ပြောင်းပြီးသည့်နောက် ထိုနေ့ မွန်းလွဲ(၁)နာရီ (၄၀)မိနစ် အချိန်မှစ၍ စေတီတော်ကို ဆက်လက်တူးဖော်ရာ မူလက သုတေသနပြုရန် ပထမအဆင့်မှ စတုတ္ထအဆင့်အထိ တူးဖော်ပြီးဖြစ်နေသဖြင့် ပဥ္စမအဆင့်မှစ၍ တူးရ၏။ အဆင့်တိုင်းတွင် ရုပ်ပွားတော်များ (၅၀)ဆူစီ ရှိခဲ့သည်ဖြစ်ရာ အဆူတော်(၂၀၀)ကို ဖူးတွေ့ကြရသည်။ ထိုအချိန်တွင် မိုးမင်းက ကောင်းချီးပေးသည့်နှယ် တဖြုန်းဖြုန်းဖြင့် ရွာသွန်းချပါတော့သည်။ အေးချမ်းတော့မည့် နိမိတ်ပင်ဖြစ်၏။ ယင်းနောက် (၁၀)မိနစ်ခန့်အကြာတွင် (၇)ဆင့်မြောက်သို့ ရောက်ခဲ့ပြန်ရာ မြတ်ဘုရားအဆူပေါင်း(၁၅၀)တို့သည် ပြုံးပြုံးပြုံးပြုံးနှင့် ပေါ်ထွက်တော်မူလာသည်ဟု ထင်မှတ်ရ၏။

စေတီတော်ကို တူးဖော်ရေးအဖွဲ့သည် မောပန်းရမှန်းမသိ အားရရွှင်လန်းစွာဖြင့် မနားမနေ ဆက်လက်တူးဖော်ခဲ့ကြရာ အဆင့်(၁၆)ဆင့်သို့ ရောက်ရှိသွား၏။ ထိုအဆင့်မှသည် ကြိုးပမ်း၍ ဆက်တူးလိုက်လေသောအခါ အဆင့်(၂၀)သို့ ရောက်ရှိပြီး ဘာမျှမကျန်တော့ဘဲ ပေါ်တော်မူမြတ်ဘုရားများ အကုန်လုံး ပွင့်တော်မူကုန်၏။ ပထမအဆင့်မှ အဆင့်(၂၀)အထိ တစ်ဆင့်လျှင် (၅၀)ဆူမျှပွင့်လာခြင်းဖြင့် အဆင့်(၂၀)တွင် ပေါ်တော်မူမြတ်ဘုရားတို့(၁၀၀၀)မျှ ပွင့်တော်မူခဲ့ခြင်းဖြစ်ပေသည်။ ယင်းသို့ တစ်ထောင်သော မြတ်ဘုရားတို့ ပွင့်လာခြင်းကြောင့် စေတီတော်ကိုလည်း ထောင်ပြည့်စေတီဟူ၍လည်းကောင်း၊ ဗုဒ္ဓတစ်ထောင်စေတီဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကမ္ပည်းမော်ကွန်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

## အခွေလိုက် ထွင်းထုထား

ထိုသို့ ပေါ်တော်မူလာသော မြတ်ဘုရားတစ်ထောင်တို့သည် ကျောက်သားကို အခွေလိုက်ပြုလုပ်ပြီး ထိုအခွေဝန်းကျင်တစ်ခုလုံး ဘေးပတ်ပတ်လည်၌ မြတ်ဘုရားတို့အား ထွင်း၍ထားခြင်းဖြစ်၏။ ကျောက်ခွေပေါင်း(၇)ခွေရှိကာ ကြီးစဉ်ငယ်လိုက် အဆင့်ဆင့်ထပ်ထားခြင်းမျိုးဖြစ်သည်။ အောက်ဆုံးအထပ်(၂၀)မှ အပေါ်ဘက်သို့ တဖြည်းဖြည်း ငယ်၍သွားပြီး ပထမအဆင့်အရောက်တွင် စေတီတော်တည်ထားသည်ကို ဖူးတွေ့နိုင်လေ၏။

## ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တည်ထားခြင်းပေလော

ပေါ်တော်မူဗုဒ္ဓတစ်ထောင်စေတီတော်နှင့် စပ်လျဉ်း၍ သမိုင်းဌာနမှ လာရောက်သုတေသနပြုကြသော ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဂေါပကအဖွဲ့နှင့် ရှေးဟောင်းသုတေသနမှ လာရောက်ကြည့်ရှုစဉ် (၂၁-၈-၁၉၉၄)

တို့အနက် ဦးသိန်းနိုင်(အကြီးတန်းသုတေသနမှူး)၏ သီးခြားပြောကြားချက်များမှာလည်း စိတ်ဝင်စားဖွယ်ရာပင်ကောင်းလှသည်။ ဦးသိန်းနိုင်၏ ပြောကြားချက်များမှာ ဤကဲ့သို့ ဘုရားများကို မကွေးတိုင်းတွင် တွေ့ရှိဖူးကြောင်း၊ တွေ့ရှိခဲ့သော စေတီတော်မှာ ယခု ပေါ်တော်မူမြတ်ဘုရားတို့အတိုင်းပင်ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်တစ်ထောင်ရှိတတ်ကြောင်း၊ ရွှေတိဂုံစေတီတော်တွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဖြစ်ကြသည့် ရှင်အဇ္ဇဂေါဏနှင့် ရှင်မထီးတို့တည်ထားသော ဘုရားများရှိခဲ့ကြောင်း၊ ရှင်အဇ္ဇဂေါဏတည်ခဲ့သော ဘုရားများသည် ရှင်အဇ္ဇဂေါဏတန်ဆောင်းတွင် တည်ရှိခဲ့ပြီး ထွက်ရပ်ပေါက် ရှင်မထီးတည်ခဲ့သည့်ဘုရားလည်း ရှင်မထီးတန်ဆောင်းတွင် အထင်အရှားရှိခဲ့ကြောင်း၊ သို့ကြောင့် ရေကြည်တော်ဝတ်အသင်းတန်ဆောင်းတွင် ပေါ်ထွက်တော်မူလာသော ပေါ်တော်မူမြတ်ဘုရားတို့လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တည်ထားခဲ့သည်ဟု ဆိုခဲ့လျှင်လည်း ဖြစ်နိုင်ဖွယ်ရာရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ ရှေးဟောင်းဘုရားများဖြစ်ကြောင်းကိုကား မည်သူမျှ ငြင်းနိုင်ဖွယ်ရာ မရှိပါကြောင်း၊ ထို့ကြောင့် ပေါ်ထွက်တော်မူလာသော မြတ်ဘုရားတို့ကား အချိန်အခါသင့်၍ ဘုန်းသမ္ဘာပွင့်ကာ ဘုန်းကံရှိသူတို့အတွက် ပူဇော်ဖို့ရန် ပေါ်ထွက်တော်မူသော မြတ်ဘုရားတို့ အမှန်ပင်ဖြစ်ကြောင်း စသည်တို့ ဖြစ်လေ၏။

**သုတေသနပြုချက် မှတ်တမ်းများ**

ရွှေတိဂုံစေတီတော်အရှေ့ဘက် ရေကြည်တော်ဝတ်အသင်းတန်ဆောင်း ဒေါ်ငွေဇင်တန်ဆောင်းအတွင်း ရှေးဟောင်းရုပ်ပွားတော်များပါရှိသော စေတီတော်တစ်ဆူ တူးဖော်ရရှိသည့်ကိစ္စနှင့်ပတ်သက်၍ သာသနာရေးဦးစီးဌာန သုတေသနနှင့် ကျမ်းပြုဌာနခွဲ လက်ထောက်ပြတိုက်မှူး ဦးမြသောင်း၊ ဦးမောင်မောင်လေးနှင့် သုတေသနအရာရှိ ဦးသန်းဌွေးတို့သည် (၂၉-၈-၉၄)ရက်နေ့တွင် သွားရောက်လေ့လာ၍ သုတေသနပြုလုပ်ကြကာ အောက်ပါအတိုင်း မှတ်တမ်းပြုစုခဲ့၏။

တူးဖော်ရရှိသည့် စေတီငယ်ကို ကြည့်ရှုရာတွင် စေတီတော်၏ အောက်ခြေပတ်လည်မှစ၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ အဆင့်ဆင့်ထွင်းထုထားသည်ကို ဖူးတွေ့ရ၏။ ရုပ်ပွားတော်များ၏ အရွယ်ပမာဏမှာ ဉာဏ်တော်အမြင့် (၃½)လက်မရှိပြီး အောက်ခြေမှာ (၂) လက်မခန့် ဖြစ်ပါသည်။

ရုပ်ပွားတော်၏ဦးခေါင်း မဏိတော်မှာ ကြာဖူးသဏ္ဌာန်ရှိပြီး မျက်နှာတော်မှာ ဝိုင်း၍ပြားနေသည်။ နှခေါင်းတော်သည် ဘေးတိုက်ကြည့်လျှင် ပြားသည့်ပုံပေါ်၏။ နားရွက်တော်မှာ ပခုံးတော်ကိုထိကာ လည်တိုင်တို၍ သေး၏။ သင်္ကန်းတော်မှာ လက်ကန်တော့စံပယ်တင်ထားကြောင်းကို အရေးအကြောင်းများဖြင့် ဖော်ပြထားသည့် ပြောင်သင်္ကန်းတော်ဖြစ်လေသည်။ ထို့အပြင် ညာလက်တော်မှာ ဖြောင့်တန်းပြီး အောက်ခံပလ္လင်ခုံတော်နှင့် ထိတွေ့လျက်ရှိကာ ဘယ်လက်လက်တော်သည် ခြေဖဝါးနှစ်ဖက် လှန်ထားသော အပေါ်သို့ ဝဲလက်ကို တင်ထားခြင်း ဖြစ်၏။ တင်ပျဉ်ခွေထိုင်နေသော ဗုဒ္ဓရုပ်ပွားဆင်းတုများဖြစ်ပြီး မြေကြီးကို သက်သေညွှန်းနေသည့် ဘူမိဖဿမုဒြာပုံဟုဆိုရမည်။ ပလ္လင်တော်မှာ ရိုးရိုးပလ္လင်တော်ဖြစ်၍ သဲကျောက်(Sand Stone) ဖြင့် ပြုလုပ်ထားသည်ကို လေ့လာတွေ့ရှိရလေ၏။

**စေတီတော်ဖွင့်ပွဲအခမ်းအနားကျင်းပ**

ပွင့်တော်မူလာသော ထောင်ပြည့်စေတီ (သို့မဟုတ်)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓတစ်ထောင်စေတီတော်မြတ်ကို ပုဏ္ဏမီယုန်စန်းလပြည့် ဝန်းသို့ လန်းဆန်းရွှင်ပျ အခါတော်ကျရောက်ပြီဖြစ်သော (၁၃၄၆)ခုနှစ်၊ သီတင်းကျွတ်လပြည့် နံနက်(၇)နာရီအချိန်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ခဲ့သည်။ ထိုဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသပါတီနှင့် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီတို့မှ အာဏာပိုင်အဖွဲ့အစည်းများ၊ သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ နိုင်ငံ့သမိုင်းသုတေသနဦးစီးဌာန၊ ဒဂုံမြို့နယ်၊ ဗဟန်းမြို့နယ်မှ ပါတီကောင်စီဝင်များ၊ ရွှေတိဂုံစေတီတော်ရှိ ရေကြည်တော်ဝတ်အသင်း၊ သုကကာရီအသင်း၊ အထက်ပစ္စယာ အသင်း စေတီယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်း၊ အဂ္ဂါသမာဓိအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ တနင်္လာသန့်ရှင်းရေးအသင်း၊ စေတနာသမ္မာရဝတ်အသင်း၊ ရောင်တော်ဖွင့်အသင်း၊ ဗုဒ္ဓဟူးသန့်ရှင်းရေးအသင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအသင်း၊ ဝေနေယျသုခရေချမ်းစင်အသင်း စသည့် အသင်းအဖွဲ့ပေါင်းစုံတို့မှ ပုဂ္ဂိုလ်များနှင့် လူပေါင်းတစ်ထောင် ဖိတ်ကြားကာ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်၏။

သို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် ကာလကတည်းက ပွင့်ထွန်းခဲ့သောစေတီဟု ဆိုနိုင်လေရာ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်သို့ ရောက်ရှိသွားပါက စေတီတော်ကြီး၏အရှေ့ဘက် ရေကြည်တော်ဝတ်အသင်းတန်ဆောင်း ဒေါ်ငွေဇင်တန်ဆောင်းအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ပေါ်တော်မူ ဗုဒ္ဓတစ်ထောင်စေတီတော်ကို ဖူးမြော်ရင်း ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုသဒ္ဓါပွားနိုင်ကြပါကြောင်း စေတနာကောင်းဖြင့် လမ်းညွှန်ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပေတော့သတည်း။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ရွှေတလေး(လွယ်လင်)

<u>ကျမ်းကိုး</u>

* ဗုဒ္ဓတစ်ထောင် စေတီတော်သမိုင်း (သာသနာရေးဦးစီးဌာန)။

နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နှန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လုပနုပျို ကျန်းမာသက်ရှည်ပါမည်။



ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

နှလုံးအားတိုးဆေး

တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၀၉၉၇၊ (၀၁)၂၁၁၈၈၃

ဆိုင်အမှတ်(B-50, 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀

ရောင်းဝယ်ရေး/Eရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ (၀၂)၃

www.burmeseclassic.com

# ကျောက်တန်းမြို့နယ် တံတားမြို့၊ တာပကျေးရွာမှ

**သစ္စာမင်းခေါင်**

# ရတီချိန်(၂၀၀)ခန့်ရှိ ဂူ ပေါ်တော်မူ စိန်ဘုရား



ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်ရာ ဘုရားကျောင်းဆောင်အား တွေ့မြင်ရစဉ်

အိမ်ခြေ(၁၀၀)ကျော်ခန့်ရှိ တာပကျေးရွာသည် ကျောက်တန်းမြို့နယ်၊ တံတားမြို့၏အနောက်ဘက် (၃)မိုင်အကွာတွင် တည်ရှိ၏။ ထိုတာပကျေးရွာရှိ ရတနာစိန်ကျောင်းတိုက်တွင် လွန်ခဲ့သောနှစ်ပေါင်း(၁၂၁)နှစ်က ပေါ်တော်မူခဲ့သော ရတီချိန်(၂၀၀)ခန့်ရှိ စိန်အနှစ်ဖြင့် ထုလုပ်ထားသည့် စိန်သားစစ်စစ် စိန်ဘုရားဆင်းတုတော်တစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိ၏။ ထိုပေါ်တော်မူစိန်ဘုရား၏ ဉာဏ်တော်အမြင့်မှာ (၂)လက်မခွဲရှိပြီး ဘယ်ဒူးတော်နှင့် ညာဒူးတော် အကွာအဝေးမှာ (၂)လက်မရှိ၏။

**<u>စိန်ဘုရား ပေါ်တော်မူခြင်း</u>**

မြန်မာသက္ကရာဇ်(၁၂၅၇)ခုနှစ်၊ လွန်ခဲ့သောနှစ်ပေါင်း (၁၂၁)နှစ်က ဖြစ်၏။ ယခင် ဟံသာဝတီပြည်၏ အာဏာစက် သက်ရောက်ရာ နယ်မြေဖြစ်သော ယခု ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ ဆင်မခေါ်ရွာ တစ်ဖက်ကမ်းရှိ တာပကျေးရွာ၏ အင်္ဂါထောင့် လယ်တဲတွင် လယ်သမား ဦးရွှေတုံးနှင့် အသက်(၁၅)နှစ်အရွယ် သားဖြစ်သူ မောင်စိန်တုံးတို့ နေထိုင်လျက်ရှိကြ၏။



ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်ရာ ဘုရားခန်းအား လုံခြုံရေးအရ သံဘာဂျာတံခါးဖြင့် သော့ခတ်ထားစဉ်

တစ်နေ့တွင် ဖခင်ဖြစ်သူ လယ်ထဲ ဆင်းနေခိုက် သားဖြစ်သူက လယ်တဲ၏ပတ်လည်တွင် ပေါက်တူးဖြင့် မြေတူးရင်း တောက်ပြောင်လင်းလက်သည့် အရုပ်လို့ အရာ

www.burmeseclassic.com



ရှတီချိန်(၂၀၀)ခန့်ရှိ ပေါ်တော်မူစိန်ဘုရားအား ကာလပ်ပေါ်တင်ထားသည်ကို ဖူးမြင်ရစဉ်

ဘစ်ခုကို တွေ့ရှိသဖြင့် မြေကြီးထဲမှ ထုတ်ယူပြီး တဲနံရံတွင် ထိုးထားလိုက်၏။ ယင်းနောက် သားဖြစ်သူသည် ဖခင်ရှိရာ လယ်ကွင်းသို့ ထွက်လာခဲ့ပြီး ဖခင်နှင့်အတူ လယ်ကန်သင်းဖို့ခြင်းကို ကူညီလုပ်ကိုင်ပေးနေခဲ့၏။ ထိုသို့လုပ်ကိုင်နေစဉ် မနီးမဝေးရှိ မိမိတို့လယ်တဲမှ မီးရောင်များ လင်းလက်စွာ ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် မိမိတို့လယ်တဲ မီးလောင်နေသည်ဟု ထင်မှတ်ပြီး လယ်တဲထံသို့ သားအဖနှစ်ဦး ပြေးလာခဲ့ကြ၏။

ထိုအခါ သားဖြစ်သူ မောင်...တိုး တဲနံရံတွင် ထိုးထားခဲ့သော အရုပ်ထံမှ လင်းလက်သော ရောင်ခြည်တန်းများ ထွက်ပေါ်နေကြသည်ကို တွေ့မြင်လိုက်ကြ၏။

ထိုအခါ ဖခင်ဖြစ်သူ ဦးရွှေ...က "ဒါ ဟာ အရုပ် မဟုတ်ဘူး။ ရောင်ခြည်တော်တွေ လွှတ်နေတဲ့ ဘုရားဆင်းတုတော်ပဲ"ဟုဆိုကာ မိမိတို့ နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြလေ၏။

ထိုနေ့ ညတွင် ကောင်းကင်၌ အားကောင်းသော မီးဆလိုက်များ ထိုးထားသကဲ့သို့ ဖြစ်ပေါ်နေပြီး တစ်ရွာလုံး လင်းထိန်နေခဲ့လေ၏။



ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်ရာ ရှအနေခစိန်ကျောင်းတိုက်သို့ အဝင်မုခ်ဦး

www.burmeseclassic.com



ပေါ်တော်မူစိန်ဘုရားအား ပထမဆုံး ထားရှိခဲ့ရာ
မီးခံသေတ္တာကို တွေ့မြင်ရစဉ်



ရတနာစိန်ကျောင်းတိုက်ရှိ
ရှေးဟောင်းဘုရားကျောင်းဆောင်နှင့်
ကြေးဆင်းတုတော်တို့အား ဖူးတွေ့ရစဉ်



ပေါ်တော်မူစိန်ဘုရားအား ဒုတိယထားရှိခဲ့ရာ
သံဗီရိုကို တွေ့မြင်ရစဉ်

**စိန်အနှစ်နှင့် ထုလုပ်ထားသော**
**စိန်သားစစ်စစ် ဆင်းတုတော်ဖြစ်ခြင်း**

အဆိုပါ စိန်ဘုရားဆင်းတုတော်ကို မိုးကုတ်မြို့မှ ကျောက်မျက်ပညာရှင်တို့က စစ်ဆေးခဲ့ကြရာတွင် လွန်စွာ အရည်အသွေးကောင်းမွန်သော စိန်အနှစ်နှင့် ထုလုပ်ထားသည့် ရတီချိန်(၂၀၀)ခန့်ရှိ စိန်သားစစ်စစ် ဆင်းတုတော်ဖြစ်ကြောင်း သိရှိခဲ့ကြရ၏။ ထို့နောက် မိုးကုတ်မှ အလှူရှင်တို့သည် အဆိုပါပေါ်တော်မူစိန်ဘုရားအတွက် ရတနာ(၉)ပါး စီခြယ်ထားသော ငွေကျောင်းဆောင်ကို ပြုလုပ်လှူဒါန်းခဲ့ကြလေ၏။

**ပေါ်တော်မူစိန်ဘုရားအား အနီးဝန်းကျင်ရှိ**
**မြို့၊ ရွာ၊ ကျေးလက်တို့မှ ဗုဒ္ဓဘာသာဝင်ပြည်သူတို့က**
**လာရောက်ဖူးမြော်ကြခြင်း**

အဆိုပါ ပေါ်တော်မူ စိန်ဘုရားအား ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့များနှင့် အနီးဝန်းကျင်ကျေးရွာတို့မှ ဗုဒ္ဓဘာသာဝင် ပြည်သူတို့က သောင်းသောင်းဖြဖြ လာရောက်ဖူးမြော်ခဲ့ကြရာ အလှူငွေအမြောက်အမြား ရှိခဲ့လေ၏။ ထိုရရှိသော အလှူငွေများဖြင့် ဦးရွှေတုံး၊ ဒေါ်သန်းတို့



www.burmeseclassic.com

မိသားစုက ပေါ်တော်မူ စိန်ဘုရား အတွက် ဇောမိပင်နှင့် ရွှေပလ္လင် လုပ်၍ ပူဇော်ခဲ့ကြလေ၏။

**မီးခံသေတ္တာတွင်း၌ ထည့်သွင်းပူဇော်ခြင်း**

ယင်းနောက်ပိုင်းတွင် ဦးရွှေတုံးတို့ မိသားစုသည် အဆိုပါ ပေါ်တော်မူစိန်ဘုရားအား သူခိုး သူဝှက်ဘေးရန်မှ ကင်းဝေးစေရန် အတွက် မီးခံသေတ္တာတွင်း၌ ထည့် သွင်း၍ ပူဇော်ထားရှိခဲ့ကြလေ၏။

**ဓားပြများ ဝင်ရောက်ခြင်း**

တစ်နေ့တွင် အဆိုပါ စိန် ဘုရား ကိန်းဝပ်စံပယ်လျက်ရှိ သော ဦးရွှေတုံးတို့အိမ်သို့ ကျောက် တန်းနယ်တစ်ဝိုက်တွင် ထကြွ သောင်းကျန်းလျက်ရှိသော နာမည် ကြီး ဓားပြ မိုးဟိန်းနှင့်အဖွဲ့ ဝင် ရောက်လာပြီး ဦးရွှေတုံးကို ကန် ကျောက်ရိုက်နှက်ကာ ဦးရွှေတုံး ထံမှ မီးခံသေတ္တာသော့ကို ယူ၏။ ယင်းနောက် မီးခံသေတ္တာကိုဖွင့်ပြီး အတွင်းရှိ ဇောမိပင်၊ ရွှေပလ္လင်တို့ နှင့်အတူ ရတနာပစ္စည်းများကိုပါ အိတ်ကြီးထဲသို့ သိမ်းကျုံးထည့် ပြီး ယူဆောင်သွားကြ၏။ ပေါ်တော်မူ ဘုရားမှာမူ ဓားပြများလက်သို့ ပါ ထားသော မီးခံသေတ္တာ၏ ထောင့် တစ်နေရာ၌ ထူးဆန်းစွာပင် ကိန်း ဝင်စံပယ်လျက် ကျန်ရစ်ခဲ့၏။

**ပေါ်တော်မူစိန်ဘုရားအား ရတနာစိန်ကျောင်းသို့ ပင့်ဆောင်ခြင်း**

ယင်းနောက်ပိုင်းတွင် အဆို ပါ ပေါ်တော်မူစိန်ဘုရားအား ပိုမို [illegible]ချရသော တာပကျေးရွာရှိ



ပေါ်တော်မူစိန်ဘုရားအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရတနာစိန်ကျောင်းတိုက် ဆရာတော် ဦးဉာဏလင်္ကာရ (သက်တော် ၈၀၊ ဝါတော် ၆၀)



သက်တမ်းနှစ်ပေါင်း (၂၅၀) ခန့်ရှိ ရှေးဟောင်းတရားဟောပလ္လင်အား ရတနာစိန်ကျောင်းတိုက် ဆရာတော်က ပြသစဉ်



ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်ရာ ကျောက်တန်းမြို့နယ်၊ တံတားပြို့ အနောက်ဘက် (၃) မိုင် အကွာရှိ ရတနာစိန်ကျောင်းတိုက်

www.burmeseclassic.com



ရတနာစိန်ကျောင်းတိုက်ရှိ မြန်မာ့ရိုးရာ သရိုးတိုင်ပညာဖြင့် ပြုလုပ်ခဲ့သော ရွှေနှံ့ဘွာပေါ်ပါးသည့် ရှေးဟောင်းရုပ်ပွားတော် ဓာတ်ဆုအား ဆရာတော်မှ ပြသနေစဉ်

ရတနာစိန် ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ပူဇော်ခဲ့ကြ၏။ ထိုမှအစပြု၍ အဆိုပါ ပေါ်တော်မူစိန်ဘုရားသည် တာပကျေးရွာ ရတနာစိန်ကျောင်းတိုက်၌ ကိန်းဝပ်စံပယ် လျက်ရှိသည်မှာ ယနေ့တိုင် ဖြစ်၏။

**ပေါ်တော်မူစိန်ဘုရား သံဗီရိုကျောင်းဆောင်၌ သီတင်းသုံးခြင်း**

ထို့နောက် ရန်ကုန်မြို့၊ နန္ဒဝန်ပါဠိတက္ကသိုလ်ကျောင်း တိုက်မှ ရဟန်းတော် ဦးဉာဏလင်္ကာရသည် အဆိုပါ ရတနာစိန်ကျောင်းတိုက်သို့ မြန်မာသက္ကရာဇ်(၁၃၃၀)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် ကျောင်းထိုင်ဆရာ တော်အဖြစ် ရောက်ရှိသီတင်းသုံးခဲ့၏။ ယင်းနောက် ဆရာ တော် ဦးဉာဏလင်္ကာရသည် တစ်စစီပြုတ်နေသော ပေါ် တော်မူ စိန်ဘုရား၏ ငွေကျောင်းဆောင်ကို အသစ်မွမ်းမံပြင်ဆင် ကာ ထိုပေါ်တော်မူ စိန်ဘုရား အား မီးခံသေတ္တာမှသည် သံဗီရို ကျောင်းဆောင်သို့ ပင့်ဆောင် ပူဇော်ထားရှိ၏။ ဤသို့ဖြင့် ပေါ် တော်မူ စိန်ဘုရားသည် မီးခံ သေတ္တာအတွင်း၌ ပထမဆုံး အကြိမ်အဖြစ်လည်းကောင်း၊ ထိုမှ သည် သံဗီရိုကျောင်းဆောင်၌ လည်းကောင်း ကိန်းဝပ်စံပယ် သီ တင်းသုံးခဲ့ရလေ၏။

**ပေါ်တော်မူစိန်ဘုရားအတွက် သီးခြားဂန္ဓကုဋိကျောင်းဆောင် ဆောက်လုပ်ခြင်း**

ထို့နောက် ဆရာတော် ဦးဉာဏလင်္ကာရသည် ရတ နာစိန်ကျောင်းတိုက် ပင်မကျောင်းဆောင်ကြီး၏ ဝဲဘက် တွင် ပေါ်တော်မူ စိန်ဘုရားအတွက် သီးခြားဂန္ဓကုဋိ ကျောင်းဆောင် ဆောက်လုပ်ပြီး ပေါ်တော်မူ စိန်ဘုရားကို လည်း ဂန္ဓကုဋိကျောင်းဆောင်အတွင်း သံဘာဂျာတံခါး လုံခြုံစွာ တပ်ဆင်ထားသော ဘုရားခန်းအတွင်း၌ ကိန်း ဝပ်စံပယ်စေရန် ပြောင်းရွှေ့ခဲ့၏။ ဖူးမြော်လိုသူတို့သည် သံဘာဂျာတံခါးကြားမှနေ၍ ငွေကျောင်းဆောင်ရှေ့၌ တပ် ဆင်ထားသော မှန်ဘီလူးမှတစ်ဆင့် ပေါ်တော်မူ စိန် ဘုရားကို ဖူးမြင်နိုင်၏။



ပေါ်တော်မူစိန်ဘုရားအား ဆရာတော်နှင့်အတူ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ရတနာစိန်ကျောင်းတိုက်ဘာဦးဆောင်း ဦးသီရိနန္ဒတာရ

**ပေါ်တော်မူစိန်ဘုရား၏ နှစ်(၁၀၀)ပြည့်ပွဲတော်**

အဆိုပါ ပေါ်တော်မူစိန်ဘုရား ၏ ပေါ်တော်မူခြင်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ပွဲတော်ကို မြန်မာသက္ကရာဇ် (၁၃၅၇)ခုနှစ် သီတင်းကျွတ်လဆန်း (၇)ရက် နေ့က ဖော်ပြပါ တာပကျေးရွာ ရတနာမိုင်ကျောင်းပရိဝုဏ်၌ စည် ကားသိုက်မြိုက်စွာ ကျင်းပခဲ့၏

**မွန်မင်းတို့၏ နန်းဦးဘုရားဖြစ်ခြင်း**

ထိုပေါ်တော်မူ စိန်ဘုရားသည်



www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီပြည်ကြီး ပျက်ချိန်၌ ထွက်ပြေးတိမ်းရှောင်လာသော အိမ်ရှေ့စံတစ်ပါး ပင့်ဆောင်လာခဲ့သည့် ဘုရားဖြစ်ပြီး မွန်မင်းအဆက်ဆက်၏ နန်းဦးဘုရားဖြစ်ခဲ့ကြောင်း၊ ယခုတိုင် ထိုအိမ်ရှေ့စံ၏ ကြင်ရာတော်မင်းသမီးနှင့် ခယ်မတော် မင်းသမီးတို့သည် သောကြာနေ့ ညတိုင်းတွင် ပေါ်တော်မူဘုရား ကိန်းဝပ်စံပယ်ရာ ဘုရားဆောင်အတွင်းသို့ နာမ်လောကသားများအဖြစ်နှင့် ရောက်ရှိလာကြပြီး ဘုရားအား ကြည်ညို ပူဇော်ကန်တော့ကြကြောင်းတို့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က ဆရာတော်အား အိပ်မက်ဖြင့် အသိပေးလျှောက်ထားခဲ့ကြသည်ဟု ဆို၏။ ထူးခြားသည်မှာ သောကြာနေ့ ညပိုင်းအချိန်သို့ရောက်တိုင်း အဆိုပါ ပေါ်တော်မူဘုရား ကိန်းဝပ်စံပယ်ရာ ဘုရားဆောင်၌ မွှေးရနံ့များ ကြိုင်လှိုင်စွာ ထွက်ပေါ်နေလေ့ရှိသည် ဆို၏။



ရတနာစိန်ကျောင်းတိုက်ရှိ ရွှေဟောင်းကျောက်ဆင်းတုတော်အား ဖူးမြင်ရစဉ်

## လုံခြုံရေးကို အထူးဂရုစိုက်ရခြင်း

'ဒီပေါ်တော်မူ စိန်ဘုရားဟာ သမိုင်းတန်ဖိုးအရရော ချက်မှောက်ခေတ်ကာလ ငွေကြေးတန်ဖိုးအရပါ အင်မတန် ကြီးမားတာကြောင့် ဘုန်းဘုန်းတို့အနေနဲ့ ဒီဘုရားကို လောဘသားတွေရဲ့ ဘေးရန်မှ ကင်းဝေးအောင် လုံခြုံရေးကို အထူးဂရုစိုက်နေရပါတယ်'ဟု ဆရာတော် ဦးဉာဏလင်္ကာရက မိန့်တော်မူ၏။

## ဆုတောင်းပြည့်ခြင်း

'ဒီပေါ်တော်မူ စိန်ဘုရားရဲ့ ထူးခြားချက်ကတော့ ဆုတောင်းပြည့်ခြင်းပါပဲ။ မိမိအလိုချင်ဆုံး ဆုတစ်ဆုကို ဒီဘုရားရှေ့မှာ တိုင်တည်ဆုပန်ကြည့်ပါ။ ထူးထူးခြားခြား ဆုတောင်းပြည့်တာကို တွေ့ရမှာမယ်။ ဒါပေမဲ့ တစ်ခု တော့ရှိတယ်။ မိမိတောင်းတဲ့ဆုဟာ မှန်ကန်ရမယ်။ သမာသမတ်ကျရမယ်။ သူတစ်ပါးကို ထိခိုက်စေမယ့် ဆုတောင်းမျိုး မဖြစ်စေရဘူး။ ဒါဆိုရင်တော့ ဆုတောင်းပြည့်မှာ အသေအချာပါပဲ'ဟု အထက်ပါ ရတနာစိန်ကျောင်းတိုက်ဆရာတော် ဦးဉာဏလင်္ကာရက မိန့်တော်မူ၏။

## ရွှေဟောင်းရုပ်ပွားတော်များ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရတနာစိန်ကျောင်း

အထက်ပါ ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်လျက်ရှိသော တာပကျေးရွာမှ ရတနာစိန်ကျောင်းတိုက်မှာ သက်တမ်းနှစ်ပေါင်း(၂၀၀)ကျော်ခန့်ရှိ ရွှေဟောင်း



သက်တမ်းနှစ်ပေါင်း(၂၀၀)ကျော်ရှိ ရတနာစိန်ကျောင်းတိုက်၏ မြင်ကွင်းပုံ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကြီးဖြစ်ပြီး နှစ်ပရိစ္ဆေဒကြာမြင့်၍ ဟောင်းနွမ်းယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည့်အတွက် ဆရာတော်ဦးဉာဏာလင်္ကာရက ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် ယိုယွင်းပျက်စီးမှုများကို အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ခဲ့၏။ အဆိုပါ ရတနာစိန်ကျောင်းတွင် သက်တမ်းရင့် ရှေးဟောင်းရုပ်ပွားတော်များ၊ သက်တမ်းနှစ်ပေါင်း(၂၀၀)ကျော်ခန့်ရှိ တရားဟောပလ္လင်နှင့် ရှေးဟောင်းဘုရားကျောင်းဆောင်များတို့ကိုလည်း တွေ့မြင်နိုင်၏။



ရှေးဟောင်းပေါ်တော်မူစိန်ဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်၏ အထိမ်းအမှတ်ပိုစတာအား တွေ့မြင်ရစဉ်

## ပေါ်တော်မူစိန်ဘုရားသို့ ခရီးလမ်းညွှန်

အဆိုပါ ပေါ်တော်မူစိန်ဘုရားသို့ သွားရောက်ဖူးမြော်ပြီး ဆုတောင်းအဓိဋ္ဌာန်ပြုလိုပါလျှင် ရန်ကုန်မှ တံတားမြို့သို့ တိုက်ရိုက်ပြေးဆွဲသော မှန်လုံယာဉ်များကို ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ကားဂိတ်မှစီးပြီး တံတားမြို့မရောက်မီ ကားလမ်းဘေးရှိ တာပကျေးရွာထိပ်တွင် ဆင်းပါ။ ထိုမှတစ်ဆင့် ဆိုင်ကယ် ကယ်ရီစီးပြီး စိန်ဘုရား ကိန်းဝပ်စံပယ်ရာ ရတနာစိန်ကျောင်းသို့ သွားပါ။

အကူအညီလိုအပ်ပါက နိဗ္ဗာန်ဆော် ကယ်ရီမောင်မောင် ဖုန်း-၀၉ ၇၈၃ ၆၈၈ ၉၄၇ သို့ ဖုန်းဆက်လိုက်ပါ။ ကယ်ရီမောင်မောင် ရောက်လာပြီး ပေါ်တော်မူ စိန်ဘုရား ကိန်းဝပ်စံပယ်ရာ တာပကျေးရွာ ရတနာစိန်ကျောင်းသို့ အရောက်ပို့ဆောင်ပေးပါလိမ့်မည်။ ကျောက်တန်းဘက်မှ သွားလျှင်လည်း အဆိုပါ တံတားမြို့၊ တာပကျေးရွာ ရတနာစိန်ကျောင်းသို့ ကား၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်နိုင်ကြပါ၏။

◆ ◆ ◆

အကျိုးဆက် အကြောင်းဆက်ရှိသူတို့သည် ကျောက်တန်းမြို့နယ်၊ တံတားမြို့အနောက်ဘက်ရှိ တာပကျေးရွာ ရတနာစိန်ကျောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော ရှေးဟောင်း ပေါ်တော်မူ စိန်ဘုရားအား သွားရောက်ဖူးမြော်နိုင်ကြပြီး မိမိတို့ အလိုချင်ဆုံးသော မှန်ကန်သည့် တောင်းဆု တစ်ခုခုနှင့် ပြည့်စုံနိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ပါ၏။

ဝေနေယျအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

မေတ္တာရည်၍
သစ္စာမင်းခေါင်


ပေါ်တော်မူစိန်ဘုရား ကိန်းဝပ်စံပယ်လျက်ရှိသော ပင်မကျောင်းကြီးဝဲဘက်ရှိ သီးခြားကျောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရုပ်ပွား

သည်။ (၁၁၁၅)ခုနှစ်တွင် နောက်ဆုံးမင်းဆက်ဖြစ်သည့် သီဟဗိုလ်မင်း စိုးစံတော်မူနေစဉ် အလောင်းမင်းတရားကြီး ရာမညတိုင်းကို သိမ်းပိုက်တော်မူပြီး လက်ရှိစိုးစံနေသော သီဟဗိုလ်မင်းကို တိုက်သူကြီးအဆောင်အယောင်ဖြင့် သူကောင်းပြုတော်မူခဲ့သည်။ သားတော်စိတ္တဗိုလ် လက်ထက်တွင် အင်္ဂပူရကိုစွန့်ခွာ၍ အုတ်ဖိုမြို့ကို တည်ထောင်ခဲ့သည်။

အုတ်ဖိုမြို့ဟု သမိုင်းအထင်ကရ ရှိနေခဲ့သော်လည်း ဗြိတိသျှတို့ အုပ်ချုပ်ရေးလက်ထက်တွင် မီးရထားလမ်း ဖောက်လုပ်ခဲ့ရာ အရှေ့ဘက်တွင်ရှိသည့် သာယာဝတီ အုတ်ဖိုနှင့် အမည်တူနေသဖြင့် အင်္ဂပူမြို့ဟု ပြောင်းလဲ သတ်မှတ်ခဲ့ရာက ယနေ့ထက်တိုင် အင်္ဂပူမြို့ဟု အမည် တွင်နေခဲ့ခြင်းပင် ဖြစ်သည်။ လိုက်ပါလာမိသည့် ခရီးစဉ် မှာ အင်္ဂပူမြို့နယ် ပတ်ဝန်းကျင်တစ်ခွင် လှည့်လည်ကာ ဆောက်လုပ်ရေးလုပ်ငန်းတို့များ ကြပ်မတ်ရန် ထွက်လာ သည့် ခရီးစဉ်ပင် ဖြစ်သည်။

# ပထမံဆရာလှိုင်အရှင်သူမြတ်ကြီး ကျောင်းစကာ်ရာ အောင်မြေ

အောင်သာကျော်

ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီ ဦးဝင်းလှိုင်က ဖိတ်ခေါ်သဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်အတွင်းသို့ ရောက်မိဖြစ်ခဲ့ရပါသည်။ အင်္ဂပူမြို့နယ်သည် ရှေးမြန်မာမင်းတို့ သမိုင်းစဉ်တွင် အထင်အရှားရှိခဲ့သည့် မြို့နယ်ပင်ဖြစ်သည်။ မြန်မာမင်းအဆက်ဆက် လက်ထက်က အုတ်ဖိုမြို့ဟု အမည်တွင်ခဲ့သည်။ မြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသည့်ချောင်းမှာ အုတ်ဖိုချောင်းပင် ဖြစ်သည်။ ထိုချောင်းဖျားတွင် ရာမညတိုင်း၊ ပုသိမ်မြို့ အပါအဝင်ဖြစ်ခဲ့သော အင်္ဂပူရမြို့ တည်ရှိခဲ့လေရာ အင်္ဂပူရမြို့ဟောင်းတွင် မြန်မာမင်းအဆက်ဆက် စိုးစံတော်မူခဲ့

ဦးဝင်းလှိုင်မှာ ဘာသာ၊ သာသနာရေးဘက်တွင် လွန်စွာကိုင်းရှိုင်းရှိသေသောသူ တစ်ဦးဖြစ်ရာ အင်္ဂပူရောက်သည်နှင့် ဘုရားစေတီတော်များနှင့် ဆရာတော် သံဃာတော်ကြီးများ သီတင်းသုံးရာကျောင်းများသို့ လှည့်လည်ပူဇော်နေမိဖြစ်ကြသည်။ ထိုသို့လှည့်လည်ပူဇော်နေမိရာက ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကွင်းကောက်မြို့သို့ ရောက်သွားဖြစ်ခဲ့ရပါသည်။

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့တွင် သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဖြစ်တော်မူသော ယွန်းကျောင်းဆရာတော် ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်၏ ရုပ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

လျှောင်းစက်ရာနေရာ ရှိပါသည်။ ဆရာတော်ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်သည် သာသနာပြု သတ္တဝါကယ် လုပ်ငန်းများ ဆောင်ရွက်တော်မူရင်း ဝိဇ္ဇာများ လျှောက် လှမ်းရာ လမ်းအတိုင်း ထွက်ရပ်လမ်းသို့ မြန်းကြွသွား တော်မူခြင်းပင်ဖြစ်သည်။ ဆရာတော်ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင် အရှင်သူမြတ်ကြီး လျှောင်းစက်ရာနေရာ သည် ယနေ့ထက်တိုင်အောင်ပင် အောင်မြေမှန်ရာ နေရာ တစ်နေရာအဖြစ် လူသိများလျက်သား ရှိနေခဲ့သည်။ ဝိဇ္ဇာ လမ်း လျှောက်လှမ်းရာကျင့်စဉ်ကို ကျင့်ကြံပွားများ အား ထုတ်နေကြသည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ် အရောက်လာကာ အောင် ဓာတ်ခံယူခြင်း၊ အောင်ဓာတ်ခိုလှုံခြင်းများ ပြုလုပ်လျက် ရှိနေကြသည်။

ရုပ်ခန္ဓာလျှောင်းစက်ရာ ကျောင်းတော်ကြီးအတွင်း တိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းခြုံထားသလို အေးချမ်းမှု ရသတို့၏ ဖျန်းပက်ထားမှုကြောင့် အေးစိမ့်စိမ့်အနေအထား ခံစားရကာ ပတ်ဝန်းကျင်နှင့် ဆက်စပ်မှုပြတ်တောက်နေ သည့်အလား ခံစားရသည်။ အောင်မြေမှန်ရာတွင် ဆရာ တော်ဘုရားကြီး လက်စွဲဖြစ်ခဲ့သည့် ရွှေသန်လျက်တော်၊ ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်နှင့် ဆရာတော်ဘုရား ကြီး မိန့်မှာထားချက် ကျောက်စာများ ရှိနေပါသည်။ ဆရာတော်ဘုရားကြီး၏ ထေရုပတ္တိမှာလည်း လွန်စွာစိတ် ဝင်စားဖွယ်ကောင်းလှပါသည်။


ပထမံဆရာလှိုင် ပုံတော်ရှေ့ကန်တော့ပွဲ

ဆရာတော်လောင်းလျာကို မြန်မာသက္ကရာဇ်(၁၂၆၉)ခုနှစ်၊ သီ တင်းကျွတ်လဆန်း (၂)ရက် ဗုဒ္ဓ ဟူးနေ့တွင် ကွင်းကောက်ကျေးရွာ မြောက်ပိုင်း၌ ကျောင်းဆရာကြီး ဦးမြတ်ထွန်း၊ ဒေါ်ငွေနုတို့မှ ဒုတိယမြောက်သားရတနာအဖြစ် ဖွားမြင်သန့်စင်ပေးခဲ့သည်။ ဆရာ တော်လောင်းလျာသည် အသက် (၁၀)နှစ်တိုင်သည်အထိ အင်္ဂလိပ် အနွယ် ကျောင်းပညာများကို သင် ကြားခဲ့သည်။ အသက်(၁၅)နှစ် အရွယ် ရောက်လာသည်တွင် ရွှေ

ကျောင်းဆရာတော်ဘုရားကြီးထံ၌ ဦးကြီးဖြ[illegible] ဦးဘိုး သက်၊ ဒေါ်နှင်းပွင့်တို့၏ ပစ္စယာနုဂ္ဂဟကို [illegible]ယူကာ ရှင် သာမဏေပြုခဲ့သည်။

ရှင်သာမဏေဘဝမှာပင် ပိ[illegible]ဘ်အခြေခံကျမ်းစာ များကို သင်ကြားရင်း ဟသ်ံတမြို့ ပါဠိပထမပြန် စာမေး


ရှေးခေတ်က ကမ္ပည်းစာတန်း



www.burmeseclassic.com

www.burmeseclassic.com

ပွဲကြီးတွင် ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ ပထမလတ်တန်းများကို လွယ်လင့်တကူ ဖြေဆိုအောင်မြင်ခဲ့သည်။ အသက်နှစ်ပြည့်သည်တွင် မူလဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေကျောင်းသိမ်တော်ကြီးမှာပင် ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။ ရဟန်းဘောင်တွင် ပျော်မွေ့နေရာမှ ရဟန်း(၅)ဝါအရတွင် ပခုက္ကူစသော အထက်အညာမြို့ကြီးများတွင် ဝါများ တက်ရောက်သင်ကြားခဲ့သည်။ ပခုက္ကူမြို့ အနောက်တိုက်ကြီး၌ ထည်ထောင်ထားသော ပါဠိဘာဏ်အသင်းကြီး၌ ရဟန်း(၈)ဝါတိုင်အောင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုမှဆည်းပူးရရှိခဲ့သော ပညာရပ်များအပေါ် ရောင့်ရဲတင်းတိမ်ခြင်း မပြုနိုင်သေးဘဲ အမရပူရသို့လည်းကောင်း၊ မန္တလေးမြို့ရှိ အာသောကာရုံကျောင်းတိုက်ကြီးသို့လည်းကောင်း ပြောင်းရွှေ့ကာ နေ့ဝါ၊ ညဝါ စသော အဘိဓမ္မာပိဋကတ်ကျမ်းကြီးများကို ရဟန်း(၁၁)ဝါမြောက်သည့်အထိ ကြိုးပမ်းကာ မှတ်သားနာယူတော်မူခဲ့သည်။

ဆရာတော်သည် အထက်မြန်မာပြည်တွင် စာဝါများ သင်ကြားတော်မူခဲ့ပြီးနောက် ဇာတိမြေဖြစ်သော ကွင်းကောက်မြို့သို့ ပြန်လည်ကြွတော်မူလာကာ ရွှေကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူခဲ့သည်။ ရွှေကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူစဉ် ဆရာတော် ဦးကုသလနှင့် ကျောင်းဒါယကာ ဦးသူငယ်က ယွန်းကျောင်းကို အလှူခံတော်မူရန် အတန်တန်ပင့်လျှောက်တောင်းပန်တော်မူသောကြောင့် သက်တော်(၃၂)နှစ်၊ ဝါတော်(၁၂)ဝါအရတွင် ယွန်းကျောင်းသို့ ကြွတော်မူကာ ကျောင်းထိုင်တော်မူခဲ့သည်။ ကျောင်းထိုင်တော်မူစဉ် တပည့်တပန်းရဟန်းသံဃာတော်များအား စာဝါများ ချပေးတော်မူသည်။ ဆရာတော်သည် ဂန္ထဓုရ၊ ဝိပဿနာဓုရ (၂)ပါးကို ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။ ဝါတော်(၂၂)ဝါ၊ သက်တော်(၄၂)နှစ်သို့ ရောက်သည်တွင် တပည့်ရဟန်းသာမဏေများနှင့် တပည့်တပန်းတို့အား မိဘများထံ ပြန်လည်အပ်နှံပြီး တစ်ပါးတည်း ဧကစာရီ ကျင့်ကြံအားထုတ်တော်မူသည်။

ဆရာတော်သည် ဝတ်ရုံသည့်သင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ စောင်၊ ခေါင်းဦးစွပ် စသည့် အသုံးအဆောင်ပစ္စည်းအားလုံးကို အညိုရောင်သစ်ခေါက်ဆိုးစေပြီး ဝိပဿနာဓုရကို ကြိုးပမ်းအားထုတ်စေခဲ့သည်။ ထိုသို့ ကျင့်ကြံပွားများ အားထုတ်နေတော်မူစဉ် (၁၃၁၁)ခုနှစ် တန်



နံရံကပ်ထားသည့်စာ



ပထမံဆရာလှိုင် တတ်မြောက်သော ပညာရပ်များ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်မုန်းလ၏ တစ်ညသော ညအချိန်တွင် ဆရာတော်၏ ဦးခေါင်းအထက် ဘယ်ဘက်နား၊ ညာဘက်နား၊ နှုတ်ခမ်းနားတို့ဆီမှ အမည်မသိ ပုဂ္ဂိုလ်တစ်ဦးအသံ ပေါ်လာသည်။

'မင်း ဒီအလုပ်တွေ ခဏလောက်နားပါဦး။ ဝိဇ္ဇာအဖြစ်ကို ခံယူပါဦး။ သတ္တဝါတွေကို ကယ်ဆယ်ဖို့ လုပ်ငန်းရှိနေသေးတယ်'

ဆရာတော်က ဝိပဿနာဓူရ မပျက်လိုသဖြင့် ဝိဇ္ဇာအဖြစ် မခံယူလိုကြောင်း ပြန်ပြောကာ တွင်တွင်ငြင်းပယ်ခဲ့သည်။ မေတ္တာရပ်ခံ ပြောကြားနေသော်လည်း မရနိုင်လောက်အောင် ဖြစ်နေသဖြင့် မကောင်းဆိုးဝါး အနှောင့်အယှက်ပေးသည်ဟုယူဆကာ ရွှေကျောင်းတော်မှ သံဃာတော်များနှင့် ပရိတ်၊ ကမ္မဝါများရွတ်ဖတ်စေတော့သည်။

ထိုသို့ ရွတ်ဖတ်ကြသည်တွင် အမည်မသိရသော ပုဂ္ဂိုလ်က-

'ငါ့ကို မကောင်းဆိုးဝါးမှတ်လို့ ပရိတ်ကမ္မဝါတွေနဲ့ နှင်တာပေါ့လေ။ ပရိတ်ကမ္မဝါ တို့ နာရတာ ငါ အင်မတန်သဘောကျ ကြည်ညိုပါတယ်ကွာ။ ဒါပေမဲ့ ငါက မင်းထင်သလို မကောင်းဆိုးဝါး မဟုတ်ဘူး။ ငါဟာ ဘိုးတော်ဘုရား လက်ထက်တော်အခါတုန်းက သီရိပဝရ မဟာဓမ္မရာဇာဂုရု သွန်းပြုခတ်နှိပ် ရွှေတံဆိပ်တော်ရခဲ့တဲ့ ဦးပညာသာမိ ဆိုတာ ငါပဲ။ မင်းကို လာပြီးတိုက်တွန်းရတာကလည်း မင်းမှာ ပါရမီထူးဉာဏ်ထူးတွေ ရှိနေတာ သိရလို့ပဲ ဝိဇ္ဇာအဖြစ်ကို ခံယူပါ' ဟု ပြောတော့သည်။

ဆရာတော်ကမူ ပရလောကသားများ အနှောင့်အယှက်ပေးနေသည်ဟု ယူဆကာ တပည့်ဒါကာများ၊ သံဃာတော်များအား အနှောင့်အယှက်ရန်မှ အကာအကွယ်ပေးရန် ကျောင်းသို့ ခေါ်ထားပြီး ဝိပဿနာဓူရကိုသာ ဆက်လက်ကျင့်ကြံ ကြိုးပမ်းနေတော်မူခဲ့သည်။ အနုနည်းအား သုံး၍ ဝိဇ္ဇာအဖြစ်ခံယူရန် တိုက်တွန်းမှုအား လက်မခံဘဲရှိနေသည့် ဆရာတော် ဦးဇောတိကအား ဆရာတော် ညအိပ်ချိန်များတွင် အိပ်၍မရလောက်အောင် ပြုလုပ်ခြင်း၊ မိမိကိုယ်ကို မိမိဘာသာ ထုရိုက်နာကျင်စေခြင်း စသည့် အကြမ်းနည်းများကို သုံးလာတော့သည်။

ထိုသို့ဖြင့် (၁၃၁၁)ခုနှစ်မှ (၁၃၁၄)ခုနှစ်အထိ (၄)နှစ်တိုင်တိုင် ဒုက္ခမျိုးစုံခံစားနေရသော ဆရာတော်ကို ထွက်ရပ်ပေါက် ဆရာတော်ကြီး ဦးပညာသာမိက-

'မင်းဟာ တော်တော်ခေါင်းမာတယ်။ ငါ့ကိုလည်း






www.burmeseclassic.com



ဆရာတော်ပုံ

မယုံဘူး။ ယုံအောင် မင်းကို ငါပြောမယ်။ မင်းကို မင်း အမေပေးတဲ့ အသက်က ကုန်ပြီ။ ငါကယ်ထားတဲ့အသက် ပဲ ကျန်တယ်။ မင်းမယုံရင် ငါပြောမယ်။ မင်းငယ်ငယ် (၈)နှစ်သားတုန်းက သပြေသီးခူးရင်း သပြေပင်ကိုင်းဖျား ကနေ လိမ့်ကျလာပြီး အောက်ကိုင်းပေါ် တင်တော့မှ ကိုင်းတစ်ကိုင်းကို ကိုင်မိလိုက်လို့ အသက်ဘေးက သီသီလေး လွတ် ခဲ့တာ အဲဒါ ငါကယ်တာပဲ။ မင်း မှတ်မိမှာပါ။ နောက်ရှိသေးတယ်။ မင်း (၆)နှစ်သားတုန်းက ချောင်း တွင်းက အိုင်တစ်အိုင်မှာ ရေနစ် တော့ ကယ်မယ့်သူ မရှိဘဲ မင်း ကမ်းပေါ် ရောက်နေခဲ့တာကိုရော မှတ်မိလား။ ငါ ကယ်ခဲ့တာပဲ။ ကယ်ရတာလည်း အကြောင်းရှိ တယ်။ အကြောင်းက မင်းကို ဒီ အချိန်အခါ၊ ဒီအသက်ပိုင်းရောက် ရင် ဝိဇ္ဇာဖြစ်အောင် တိုက်တွန်းပြီး ဝိဇ္ဇာဖြစ်လာတော့ သတ္တဝါတွေ ကယ်နိုင်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကယ်ခဲ့တာ။ ဒါ ကြောင့် မင်းမှာ ငါပေးတဲ့ အသက်ပဲ ရှိတယ်လို့ ပြော တာ။ မှန်၊မမှန် မင်းပြန်စဉ်းစားကြည့်'

ဆရာတော် ဦးဇောတိကထည်း ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဆရာတော်ကြီး ဦးပညာသာမိ ပြောစကားများ မှန် ကန်လွန်းလှသဖြင့် ဝိဇ္ဇာလမ်း လျှောက်လှမ်းကျင့်ကြံရန် လိုက်လျောမိလိုက်ရတော့သည်။

ထွက်ရပ်ပေါက် ဆရာတော်ကြီး ဦးပညာသာမိက–

'အေး··မင်းဘယ်လိုပဲငြင်းငြင်း မင်းကို တို့က ဝိဇ္ဇာ အဖြစ်ကို မင်းလိုချင်လည်း ပေးရမှာပဲ။ မလိုချင်လည်း ပေးရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီခေတ်၊ ဒီအချိန်၊ ဒီနေရာမှာ မင်းကလွဲလို့ သတ္တဝါတွေကိုကယ်ဖို့ရာ ခိုင်း ရမယ့်သူ၊ ကယ်နိုင်မယ့်သူ မရှိဘူးလေ။ ဒါကြောင့် မင်း ကို အတင်းအကျပ် ပေးရမှာပဲ။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဆိုတဲ့အရေးတွေရှိတယ်။ ဒီအရေးတွေကို မပြေလည်သမျှ ကာလပတ်လုံး သူတော်ကောင်းလမ်းစဉ်ကို လိုက်ချင်ပေ မယ့် သူတော်ကောင်း ဖြစ်ချင်ပေမယ့် ဘယ်နည်းနဲ့မှ မလိုက်နာနိုင် မဖြစ်နိုင်ဘူး။ အဲ··မင်းကို တို့က ချီးမြှင့် မစလို့ မင်းဝိဇ္ဇာဖြစ်သွားပြီးရင် မင်းပါးစပ်က ဖြစ်စေလို့ ဆိုလိုက်ရင် ဖြစ်သွားမယ်။ မဖြစ်စေလို့ ဆိုလိုက်ရင် မဖြစ်တော့ဘူး။ အဲဒီလို သိဒ္ဓိမြောက် တန်ခိုးရောက်သွား




ဆရာတော် ကျင့်ကြံပွားများရာအခန်း

www.burmeseclassic.com

မယ်။ အဲဒီတော့ အားလုံး ဒုက္ခဆင်းရဲရောက်နေကြတဲ့ သတ္တဝါတွေကို ကိုယ်က အဖိုးအခမယူဘဲ ကယ်တင်ရှင်လုပ်ပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စတာတွေ အားလုံး အဆင်ပြေကြစေရအောင် ချီးမြှင့် မ,စပေးလိုက်ရင် မကောင်းဘူးလား။ အဲဒီပရဟိတလုပ်ငန်းတွေအတွက် အလောင်းတော်များ လုပ်နေကျလုပ်ငန်းဖြစ်လို့ အင်မတန်နှစ်မြတ်ပါတယ်ကွာ။ မင်းလည်း စာပေကျွမ်းဂန် အထူးတလည် နှံ့စပ်ကျွမ်းကျင်တဲ့သူပဲ။ ဝိဇ္ဇာအဖြစ် လက်ခံပါ။ မငြင်းပါနဲ့'ဟု နောက်ဆုံးတိုက်တွန်းစကား ပြောကြားသည်။

ဆရာတော်အရှင်သူမြတ်သည် သာသနာအကျိုး၊ သတ္တဝါအကျိုးတို့ကို ပြုပေးနိုင်စွမ်းရှိသော အလောင်းတော်များ ပြုလုပ်ပြုကျင့်သည့် လမ်းစဉ်ဖြစ်သော စသည့် အချက်အလက်များအပေါ် တွေးတောဆင်ခြင်ကြံဆသုံးသပ်ပြီးသော် ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီး ဦးပညာသာမိအား -

'ခမည်းတော်တို့ ခိုင်းစေသည့် သတ္တဝါတို့အကျိုး၊ သာသနာအကျိုးများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါတော့မယ်။ ထားရာမှာနေ စေရာကို သွားပါတော့မယ်။ ခမည်းတော်တို့အား အပ်နှင်းပါသည်ဘုရား။ သိဒ္ဓိချီးစုံစုံလင်ပြည့်ဝ ဝိဇ္ဇာအဖြစ်ကို ချီးမြှင့်ပေးသနားတော်မူပါဘုရား'ဟု လျှောက်ထားတော့သည်။


ပထမဆရာလှိုင်

ထိုသို့လျှောက်ထားပြီးခဲ့သည့်နောက်ပိုင်း (၁၃၁၄) ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက်၊ ည(၉)နာရီသည် နက္ခတ်တာရာ ကြယ်တကာတို့ စုံလင်သည့် အချိန်အခါသမယကောင်းဖြစ်နေသဖြင့် ကွင်းကောက်တောင်ဘက်ယွန်းကျောင်းအတွင်း ဆရာတော်အရှင်သူမြတ် တရားအားထုတ်တော်မူရာ တန်ဆောင်းတော်အတွင်းသို့ ဝိဇ္ဇာဆရာတော်ကြီးများ ကြွရောက်တော်မူလာခဲ့သည်။ သီရိပဝရ မဟာရာဇာဓိရာဇဂုရု သွန်းလုပ်ခတ်နှိပ် ရွှေသားဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရတော်မူသော ဆရာကြီးများဖြစ်ကြသည့် ဘိုးတော်အရှင်မြတ်ကြီး ဦးပညာသာမိ၊ ဦးဣန္ဒာစရိယ၊ ဦးသီရိန္ဒ၊ ဦးကောသလ္လ၊ ဦးဥတ္တမ အစရှိသော ငါးဆူကုန်သော ဆရာတော်ဘုရားကြီးများမှ ဆရာတော် ဦးဇောတိကအား (၁၆)ရပ်သော


ကျိန်းစက်ရာခုတင်

www.burmeseclassic.com



ဆင်းတုတော်

အတတ်ပညာများနှင့်တကွ သိဒ္ဓိပြည့်ဝ ဝိဇ္ဇာဓရအဖြစ် ချီးမြှင့်ပေးသနားတော်မူကြသည်။ သို့ကြောင့်ပင် ဆရာတော်အရှင်သူမြတ်သည် လူတွင်ထင်ရှား ဝိဇ္ဇာတစ်ပါးအဖြစ် ထင်ရှားပေါ်ထွန်းလာခဲ့ရခြင်း ဖြစ်သည်။

ဆရာတော်အရှင်သူမြတ်သည် အလိုလောဘ နည်းပါးခြင်း၊ ဒေါသ၊ မောဟ၊ မာနက္ကသာ ကင်းစင်ကွာကာ လောဘခေါင်းပါးခြင်း သတ္တဝါများအပေါ် သနားကရုဏာရှိခြင်း၊ မေတ္တာတရား လွှမ်းကဲခြင်းတို့အပြင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဆောက်အအုံ၊ မည်သည့်ပရိဘောဂတို့ကိုမျှ တွယ်တာကပ်ငြိမှုမရှိဘဲ ပရိဘောဂီဆယ်ပါးမှ လွတ်မြောက်အောင် ကျင့်ဆောင်လျက် နေတော်မူခဲ့သည်။ တစ်ဦးတည်း သီးခြားစွာနေလေ့ရှိပြီး အိပ်ခြင်း၊ စားခြင်း ပြောဆိုခြင်းတို့သည် သာမာန်လူသားများကဲ့သို့ မဟုတ်တော့ဘဲ တစ်မူကွဲပြားခြားနားလျက် ရှိနေခဲ့သည်။

ပထမံဝိဇ္ဇာ အရှင်သူမြတ်သည် တပည့်ယောဂီတို့အား အရာရာတွင်-

(၁) ကိုယ်ချင်းစာတရား အမြဲထား၊
(၂) သတ္တဝါအားလုံးကို မေတ္တာပို့၊
(၃) အာဇီဝဋ္ဌမက သီလကို လုံအောင်ထိန်း၊
(၄) ဘုရားဝတ်တက်၊ ဝတ်ကပ် မှန်ပါစေ။
(၅) ပရိတ်တော်များ ရွတ်ဖတ်ပါ။
(၆) သောဘဂဝါ ဣတိပိ အရဟံဟူသည့် အရဟံဂုဏ်တော်ကို အာရုံရအောင် နေ့စဉ် ပုတီးစိပ်ပါဟု ဆရာတော် မိန့်တော်မူလေ့ရှိသည်။

ဆရာတော် မိန့်မှာချက်များကို အလေးထား လိုက်နာကာ ကျင့်ကြံပွားများ အားထုတ်ကြသူတိုင်း မဝတ်ရမှာ မစားရမှာ စသည့်အရေးများကို ကြောင့်ကြပူပန်စရာမလိုဘဲ အစစအရာရာ အဆင်ပြေကြသည်ကို ကြုံတွေ့ကြရသည်။ ထို့အပြင် ဆရာတော်က အနန္တောအနန္တငါးပါးကို မပြတ်ဦးထိပ်ထားကာ အာဇီဝဋ္ဌမကသီလ စောင့်ထိန်းကြပြီး (၃၁)ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါများကို အထူးဂရုထား၍ အမျှဝေခြင်း၊ မေတ္တာပို့ခြင်းတို့ကို နေ့စဉ်မပြတ် ပြုလုပ်သွားမည်ဆိုပါက လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးထူးများ ရရှိခံစားကြရမည် ဖြစ်ကြောင်းကိုလည်း မိန့်တော်မူခဲ့သည်။

ဆရာတော်အား ဝိဇ္ဇာအဖြစ် ချီးမြှင့်ပေးတော်မူသော ဆရာတော်အရှင်သူမြတ်ကြီး ဦးပညာသာမိက-

"မင်းကို ပထမံလို့ ခေါ်မယ်ဆိုရင် ပထမံဦးလှိုင်



ဆရာတော် စီရင်အသုံးပြုခဲ့သည့် သန်းချက်



www.burmeseclassic.com

www.burmeseclassic.com

(ဆရာလှိုင်)လို့ခေါ်၊ ဝိဇ္ဇာလို့ခေါ်ရင် ဝိဇ္ဇာကျော်အောင် ဗလရသေ့လို့ ခေါ်ရင် ရခိုင်တောင်တန်းက ရှောင်ဖမ်းတဲ့ ရသေ့ကြီးဦးအောင်ဘန်းလို့ခေါ်၊ ဘုန်းကြီးလို့ခေါ်ရင် သေခဲလှဆရာတော် ဦးဝိမလဗုဒ္ဓလို့ခေါ်၊ လူလို့ခေါ်ရင် ရသေ့ကြီး ကောက်ရလို့ခေါ်'ဟု အမည်နာမမျိုးတို့ကို အမိန့်ချထားသွားခဲ့သည်။

ဆရာတော်သည် ဝိဇ္ဇာကြီးများ ချီးမြှင့်မ,စမှုကြောင့် အတတ်ပေါင်း(၁၆)ရပ်ကို တတ်မြောက်တော်မူခဲ့သည်။ (၁) ပိဋကတ်သုံးပုံကို နိုင်နင်းစွာတတ်မြောက်တော်မူခြင်း၊ (၂) ဗေဒင်လေးပုံကို ဒိုးစက်ကဲ့သို့လှည့်နိုင်တော်မူခြင်း၊ (၃) နက္ခတ်များကို အလွန်နိုင်နင်းတော်မူခြင်း၊ (၄) ဆေးဘက် ဓာတ်ဘက်တို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၅) ကဗျာလင်္ကာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၆) အင်္ဂလိပ်စာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၇) ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ နာနာဓာတုဗေဒ ပညာရပ်များကို တတ်မြောက်တော်မူခြင်း၊ (၈) လူတို့အလယ်၌ မသိတာမရှိ၊ မကာရလောကကျော် မတစ်လုံးကျေတော်မူခြင်း၊ (၉) ဓမ္မသတ်ရာဇသတ်ကျမ်းများကို နိုင်နင်းတော်မူခြင်း၊ (၁၀) သဒ္ဒါ ဆန္ဒသည်းကျမ်း အလင်္ကာကျမ်း၊ ဆန်းကျမ်းတို့ကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၁၁) ကူဋ္ဌိသျှုတရ၊ ပုဝိသသျှုတ္တရ၊ ဂဇသျှုတ္တရ၊ အသသျှုတ္တရ၊ မဏိသျှုတ္တရ၊ အာကာလသျှုတ္တရ၊ ဘူမိသျှုတ္တရကျမ်းများကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၁၂) အောက်လမ်း၊ အထက်လမ်းများကို ခုနစ်ဆင့်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၃) မှော်အတတ်များကို ခုနစ်ဆင့်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၄) အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ အင်းဟိန်း၊ အင်းဟောက်၊ အင်းပေါက် အင်းကျိုး၊ အင်းကန်းပညာရပ်များကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၁၅) ဓာတ်သဘင် အတတ်ပညာရပ်များကို ဌာန်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၆) အင်္ဂရုတ်လုပ်ရပ် အတတ်များကို တတ်မြောက်ခြင်းတို့ဖြင့် (၁၆) ရပ်သော အတတ်ပညာများကို ပိုင်နိုင်စွာ တတ်ကျွမ်းခဲ့သည်။


ကျောင်းတော်ရှိစေတီ


လျောင်းစက်ရာကျောင်း

ဆရာတော်သည် ဝိဇ္ဇာတို့တတ်အပ်သည့် (၁၆)ရပ်သောပညာများ တတ်ကျွမ်းပြီးသည်နှင့် သာသနာပြုသတ္တဝါကယ် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်တော်မူခဲ့လေရာက သိဒ္ဓိရှင်ယွန်းကျောင်း ဆရာတော်ဘုရားကြီး ဦးဓေတိက (ခေါ်) ပထမံဆရာလှိုင် အင်းသု

www.burmeseclassic.com



ဆရာတော် ကိုးကွယ်ဆည်းကပ်ခဲ့သည့် ဆင်းတုတော်

မြတ်ကြီးအဖြစ် ထင်ရှားကျော်ကြားလာခဲ့သည်။ (၁၃၁၄) ခုနှစ်မှ (၁၃၁၉)ခုနှစ်အထိ ယွန်းကျောင်းတွင် သီတင်းသုံးတော်မူကာ သတ္တဝါများကို ကယ်ဆယ်သမှုပြုတော်မူခဲ့သည်။ (၁၃၁၉)ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်နေ့ နေ့လယ်တွင် ကွင်းကောက်မြောက်ဘက် ရွှေကျောင်းသို့ ရောက်ရှိကာ ကွင်းကောက်ရွာအတွင်း ဓာတ်နန်းများ ဖွင့်၍ သာသနာပြု သတ္တဝါကယ်ဆယ်လုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့သည်။

(၁၃၂၆)ခုနှစ်၊ တပေါင်းလတွင် ဆရာတော်အရှင်သူမြတ်သည် ရွှေစေတီကိုယ်တိုင် အုတ်မြစ်ချကာ တည်ထားတော်မူခဲ့သည်။ (၁၃၂၉)ခုနှစ်မှစကာ တပေါင်းလရောက်တိုင်း ရွှေစေတီဘုရားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့သည်။

(၁၃၄၃)ခုနှစ်၊ ရွှေစေတီပွဲတော် ကျင်းပပြီးစီးသည့် တပေါင်းလမှာပင် ဆရာတော်ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်က 'ငါ ဒီခေတ် ဒီအခါ နေလို့မဖြစ်ဘူး။ ငါ နေလို့ မတော်တော့ဘူး'ဟု မကြာခဏဆိုသလို မိန့်နေလေ့ရှိနေတော့သည်။

ထိုသို့မိန့်တော်မူပြီးသည့် နောက်ပိုင်းတွင် အစားအစာဖြတ်တောက်ကာ ဘုဉ်းပေးတော်မူခြင်း မပြုတော့ဘဲ နေသည်။ တပည့်တစ်ဦးတစ်ယောက်မျှ အနီးအပါးတွင် ရှိမနေကြစေရန် မိန့်တော်မူသည်။ (၁၃၄၄)ခုနှစ်၊ နယုန်လ အလယ်လောက်တွင် တပည့်များ မသိမသာချောင်းကပ်ကြည့်ကြသော်လည်း ဆရာတော်အရှင်သူမြတ်ကြီးသည် အာရုံငါးပါးကို အလုံးစုံပယ်ဖြတ်လျက်ရှိနေသည်ကို တွေ့ကြရသည်။

ဆရာတော်အရှင်သူမြတ်သည် ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်ဖြင့်သာ စံနေတော်မူရင်း အရိယာသခင် သူတော်စင်တို့ကို နှလုံးမူလျက်သား ရှိနေခဲ့သည်။ ဤသို့ဖြင့် ဆရာတော်အရှင်သူမြတ်ကြီးသည် (၁၃၄၅)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်၊ ည(၁)နာရီ (၄၅)မိနစ်အချိန်တွင် ငြိမ်သက်စွာဖြင့် ရွှေကျောင်းတော်ကြီးအပေါ်၌ ထွက်ရပ်စခန်းသို့ ကြွမြန်းတော်မူသွားခဲ့သည်။

ဆရာတော်အရှင်သူမြတ် လျောင်းစက်ရာအောင်မြေသည် အေးချမ်းတိတ်ဆိတ်လျက်ရှိသည်။ ဆရာတော်အရှင်သူမြတ် လျောင်းစက်ရာ ကျောင်းတော်ကြီးအတွင်းဝယ် ဆရာတော်အရှင်သူမြတ်ကြီး မိန့်မှာတမ်းများက ထင်သာမြင်သာ နေရာယူထားကြသကဲ့သို့ ဆရာတော်အရှင်သူမြတ်ကြီး အဓိဋ္ဌာန်ဝင်ခဲ့ရာ ဆင်းတုတော်၊ ဆရာတော်အရှင်သူမြတ်ကြီး စီရင်ကာ သာသနာပြု သတ္တဝါကယ်လုပ်ငန်းများတွင် အသုံးပြုတော်မူခဲ့သည့် သန့်လျက်တော်တို့ ယနေ့ထက်တိုင် ရှိနေသေးသည်ကို တွေ့ရသည်။

ဝိဇ္ဇာလမ်း လျှောက်လမ်းရှန် ကျင့်ကြံပွားများ အားထုတ်နေကြသည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ် အရောက်လာကာ အဓိဋ္ဌာန်တင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်လျက်ရှိနေကြသည်ကို တွေ့ရသည်။ အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် သိခွင့်ရလိုက်ပါသဖြင့် အောင်လမ်း၊ အောင်စခန်း လှမ်းဝင်လိုသူများ တစ်ခါတစ်ခေါက် အရောက်သွားခွင့် ကြုံနိုင်ကြစေရန် ရည်သန်ကာ လမ်းညွှန်သမှုပြုလိုက်မိရပါသည်။

တစ်ခါတစ်ခေါက် ရောက်ခွင့်ကြုံကြပါစေ။

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com


# ကျားကမ္ဘာ

佳葛巴

男性补药

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

# ဆင်ကာဘို ®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အဝှ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

...ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

...ဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ပင်ရင်း - ကျားကမ္ဘာဘယဆေးဆိုင် - ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း ၀၉ ၅၅၀၆၁၁၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၁၁၈၂၂(လိုင်းခွဲ)၅၅၃**

www.burmeseclassic.com



ကျောင်းတော်ရာစေတီတော်ကို
အနီးကပ်ဖူးတွေ့ရစဉ်

နန္ဒာမောင်(သံဖြူဇရပ်)

# မကွေးနှင့် မင်းဘူး ဒေသတစ်ခွင်
# ဒေသန္တရဘုရားဖူး ရောက်ရှိခဲ့စဉ်က

မိမိ ယခုတင်ပြမည့် ခရီးစဉ်သည် ခရီးစဉ်(၂)ဟုဆိုသော်လည်း ခရီးစဉ်(၃)ဖြစ်သော မကွေး မြသလွန်ခရီးစဉ်၏ ကျော်စောထင်ရှားသော မကွေး မြသလွန်ဘုရားကြီးကို ဦးစွာဖော်ပြလိုသည့်အတွက် ဖော်ပြခဲ့ပြီး ယခုခရီးစဉ်(၂)ကို နောက်ဆုံးထား ဖော်ပြရခြင်း ဖြစ်ပါသည်။

ဘုရားဖူးခရီးစဉ်(၁)တွင် မလွန် မြသပိတ်တော်သမိုင်းကြောင်းကို ဗဟိုပြု၍ မကွေး၊ မင်းဘူးဒေသ အကြောင်းကို လက်လှမ်းမီသမျှ အတတ်နိုင်ဆုံး ကြိုးစားဖော်ပြခဲ့ပါသည်။ ယခု ခရီးစဉ်(၂)တွင် ဒေသတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော စက်တော်ရာ၊ ကျောင်းတော်ရာဘုရားများ အပါအဝင် ထူးခြားထင်ရှားလှသည့် ကြည်ညိုဖွယ်ရာ သာသနိကများ အကြောင်းကို တာဝန်ရှိ ဂေါပကအဖွဲ့ဝင် အချို့နှင့် တွေ့ဆုံပြီး ရေးသားတင်ဆက်လိုက်ရပါသည်။

(၇-၄-၂၀၁၅)ရက်နေ့ နံနက်ပိုင်းတွင် ခရီးစဉ်(၂)ကို စတင်ခဲ့ပါသည်။

**ကျောင်းတော်ရာခရီး (ပွင့်ဖြူမြို့)**

ထိုနေ့နံနက် တည်းခိုရာ မန်းသီတာဟိုတယ်မှ နံနက်စာစားပြီး (၇း၃၀)နာရီအချိန် ပွင့်ဖြူမြို့ရှိ ကျောင်းတော်ရာဘုရားသို့ စတင်ထွက်ခွာခဲ့ပါသည်။ ခရီးလမ်းတစ်လျှောက် မုန်းချောင်း၊ မန်းချောင်း တံတားကိုဖြတ်ကာ လမ်းတွင် ထေရ်ကြီးစေတီ၊ ရွှေဖုန်းသာစေတီတို့ကို ဖူးတွေ့ရသည်။ အကျယ်ပေ(၄၀)၊ (၁၇)မိုင်အရှည်ရှိသော မယ်ဇလီဆည် ပင်မရေသွယ်မြောင်းလမ်းရိုးအတိုင်း မော်တော်ယာဉ်လေးက တစ်ဖက်လယ်ကွင်းရိုး မြေနီဖြတ်လမ်းအတိုင်း ဖြတ်သန်းမောင်းနှင်သွားသည်။ လမ်းရိုးတစ်လျှောက် လယ်ကွင်းအချို့မှာ ပူပြင်းလှသည့် နွေနှောင်းရာသီအောက်ဝယ် ဆည်ရေသွင်းပြီး ထွန်နှင့် ထယ်နှင့်၊ စက်နှင့်၊ နွားနှင့် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နေသည်ကို အထူးအဆန်းသဖွယ် မြင်တွေ့ရသည်။

ကြည်သန့်နေသည့် ဆည်ရေအလျဉ်တို့ တသွင်သွင် စီးမျောနေသည့် မြောင်းစပ်မြေလမ်းနီလေးအတိုင်း တစ်ဖက်က လယ်ကွင်းပြင်တစ်လျှောက်လုံးကို အနားသတ်သော သစ်ပင်ကြီးများ အုပ်မိုးထားသဖြင့် ကားပေါ်မှ ကြည့်လျှင် နှစ်ဖက်မြင်ကွင်းမှာ ဘဝင်နှလုံးကို သိမ်းကြုံးဆွဲငင်နိုင်လောက်သော ကြည်နူးဖွယ်ရာများသာ ဖြစ်တော့သည်။

နံနက်(၈)နာရီခန့် ကျောင်းတော်ရာဘုရားသို့ ရောက်ရှိသည်။ (၄၅)မိနစ်ကြာမျှအထိ ကျောင်းတော်ရာ

www.burmeseclassic.com

ထံမှောက် လက်စုံမိုး၍ ရှိခိုးဦးညွှတ် ကြည်ညိုသဒ္ဓါပွား ခဲ့ရပါသည်။

**မှနကူးနံ့သာ ကျောင်းတော်ရာဘုရား**

ကျောင်းတော်ရာဘုရားသည် သာသနာ့သမိုင်းဝင် ကျော်စောထင်ရှားသည့် စေတီတော်ကြီးတစ်ဆူ မည်ကာ မျှသာမဟုတ်၊ ဘုရားရှင်ကိုယ်တော်တိုင် သီတင်းသုံးတော် မူခဲ့သော ပိဋကတ်တော်လာ သာသနာ့သမိုင်းဝင် စေတီ တော်ကြီးတစ်ဆူဖြစ်ရာ ခရီးသွားဟန်လွဲ ရေးသားတင်ပြဖို့ ပင် မဝံ့မရဲဖြစ်မိသည် အမှန်ပင်။

သုနာပရန္တတိုင်း (အလယ်ပိုင်းမြေလတ်ဒေသ) ဝါဏိဇ္ဇဂါမရွာ(ယခု ကျောင်းတော်ရာဘုရား အရှေ့တောင် ထောင့်)ရှိ သစ်တော်ရွာသား မဟာပုဏ္ဏသည် လှည်းသား (၅၀၀)ဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားရာမှ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား၏ တရားဓမ္မ နာကြားရသဖြင့် ရှေးဘဝပါရမီအထုံကြောင့် ဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို ရယူခဲ့၏။ ဘုရားရှင်ထံ၌ ကာလအတန်ကြာ သီတင်းသုံးပြီး သင့်လျော်သော ကမ္မ ဋ္ဌာန်းတရားကိုတောင်း၍ နေရင်းဒေသ ရွာဂါမသို့ ပြန် လာ၏။

မဟာပုဏ္ဏသည် ဝါဏိဇ္ဇဂါမရွာအနီး ပဌမ အဇ္ဇု ဟတ္ထအရပ်၊ ဒုတိယ သမုဒ္ဒဂီရိအရပ်၊ တတိယ မာတုလာ ဂီရိအရပ်တို့၌ ရဟန်းတရားအားထုတ်ရာ ငှက်သံစသည် များကြောင့် တရားမရဘဲ မကုလကာရာမ (ယခု ကျောင်း တော်ရာဘုရား တည်ရှိရာ)နေရာသို့ ရောက်မှသာ အာ သဝေါကုန်ခန်းသော ရဟန္တာအရှင်မြတ်ကြီးအဖြစ် ဆိုက် ရောက်ခဲ့ရာ မြန်မာနိုင်ငံ၏ ရှေးဦးရဟန္တာတစ်ပါး ဖြစ် သည်ဟု သာသနာဝင်ကျမ်းများက ဆိုလေ၏။ ကျောင်း တော်ရာ၌ မဟာပုဏ္ဏထေရ် ရဟန်းတစ်ပါး ပေါက်မြောက် အားထုတ်ရာ လေးဌာနရှိရာ ယနေ့တိုင် ထောင့်လေး ထောင့်၌ အထိမ်းအမှတ်အဖြစ် ကျောက်တိုင်လေးတိုင် စေတီငယ်များအပြင် ဓာတ်တော်စေတီ၊ ရှေးဟောင်း ဝါဏိဇ္ဇဂါမရွာမှတ်တိုင်၊ မဟာပုဏ္ဏမထေရ် ကြေးသွန်း ရုပ်တု၊ ဝတ္တကမြေနယ်နိမိတ်ပြမှတ်တိုင် ကျောက်စာတိုင် နှင့် ကျောက်စာများကို သမိုင်းအထောက်အထားများ



မင်းဘူး ရှင်ပင်စက္ကိုန်းတဲ့စေတီတော်ကို ပေါင်းကူးတံတားမှ ဖူးတွေ့ရစဉ်



အထက်စက်တော်ရာ
ခြေတော်ရာကိုဖုံးပြီး တည်ထားသော စေတီတော်

www.burmeseclassic.com



မင်းဘူး ရှင်ပင်စကျိုန်းတဲစေတီ ဓာတ်တော်တိုက်



ကုက္ကုဈာရုံစေတီတော်ဝင်းအတွင်းရှိ ဓာတ်တော်တိုက်

အဖြစ် စိုက်ထူထားသည်ကို လေ့လာတွေ့ရှိရ၏။

တစ်နေ့သောအခါ ညီတော် စူဠပုဏ္ဏသည် နောင်တော် အရှင်မဟာပုဏ္ဏ နည်းတူ ရေလမ်းခရီးဖြင့် ကုန်ရောင်း ကုန်ဝယ်သွားရာ လေးလက်သစ်လျှင် အဖိုး တစ်သိန်းထိုက်သော စန္ဒကူးနံ့သာ သစ်ပင်များ ပေါက်ရောက်သော မာလာယုကျွန်းသို့ မမျှော်လင့်ဘဲ ဆိုက်ရောက်လေ၏။ ကျွန်းတစ်ခုလုံးအနှံ့ ပေါက်ရောက်သော စန္ဒကူးနံ့သာပင်များကို စိတ်ရှိတိုင်းခုတ်ယူ၍ သင်္ဘောအပြည့် တင်ဆောင်ကြရာ ကျွန်းစောင့်နတ်ဘီလူးများက မကျေနပ်သဖြင့် ပင်လယ်ခရီးဝယ် မုန်တိုင်းဆင် တိုက်ခိုက်ရာ သင်္ဘောပျက်လုဆဲဆဲတွင် ပင်လယ်ခရီးမထွက်မီက နောင်တော် ရဟန္တာအရှင်မြတ်အား အကြောင်းရှိက ကယ်မ, ပေးရန် ကတိကဝတ်ရှိထားရာ ညီတော် စူဠပုဏ္ဏအား၏ တမ်းတပင့်လျှောက်ချက်အရ နောင်တော် ရဟန္တာအရှင်ပုဏ္ဏ မထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွရောက်ကယ်တင်သဖြင့် ဝါဏိဇ္ဇရွာသား ကုန်သည်များအားလုံး အသက်ဘေးမှ ချမ်းသာရာရခဲ့ကြ၏။

ထိုသို့ဖြစ်ရာ မဟာသက္ကရာဇ်(၁၂၄)ခုနှစ်၊ ဘုရား(၂၁)ဝါမြောက်တွင် ကျေးဇူးဆပ်လို၍သော ညီတော် စူဠပုဏ္ဏနှင့် အပေါင်းပါတို့သည် စန္ဒကူးနံ့သာသစ်များကို မဟာပုဏ္ဏ ထေရ်အား အချိုးကျ ခွဲဝေလှူဒါန်းကြရာ အရှင်မြတ်သည် ဘုရားရှင်အား ရည်မှန်း၍ ဘုံပြာသာဒ်အဆောင်ဆောင် ပါဝင်သော ကျောင်းတော်ကြီး တစ်ဆောင်ကို စုလစ်မွမ်းချွန်းများဖြင့် မွမ်းမံတည်ဆောက်ကြလေ၏။ ကျောင်းတော်ကြီးကို နိမ့်မြန်းခြင်းအဆင်းရှိသော အလွန်အေးမြခြင်း သတ္တိရှိသော စန္ဒကူးနံ့သာသစ်တို့ဖြင့် တည်ဆောက်ပြီးစီးသည့်အခါ မဟာပုဏ္ဏ မထေရ်သည် ဘုရားရှင်ထံ စန္ဒကူးနံ့သာကျောင်းတော်သို့ ကြွရော အလှူခံတော်မူရန် ပင့်လျှောက်လေ၏။

ပင့်လျှောက်ချက်ကို ဘုရားရှင်က ခပ်မဆိတ် လ ခံတော်မူပြီး နောက်တော်ပါ ရဟန္တာများနှင့်အတူ သု ပရန္တတိုင်း (ယခု မင်းဘူးဒေသ ဝါဏိဇ္ဇဂါမရွာ) တ ရှိရာ စန္ဒကူးနံ့သာကျောင်းတော်ရာသို့ ကြွရောက်၍ ရက်တာမျှ သီတင်းသုံးလျက် ဝေနေယျသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

အား တရားဟော ချေချွတ်တော်မူ၏။ နေ့စဉ် နတ်၊ လူ ပရိသတ်အပေါင်း(၈၄၀၀၀)မျှ ကျွတ်တမ်းဝင်ခဲ့ကြသည် ဟု မှတ်တမ်းများက ဆိုလေသည်။

**မြတ်စွာဘုရား၏ ဗျာဒိတ်တော်**

ကျောင်းတော်ရာဘုရားနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်က ဤသို့ ဗျာဒိတ်တော်ထားခဲ့လေ၏။

နောင်သောအခါ အရိမဒ္ဒနပေါက္ကာရာမပြည်ကို အစိုးရသော ဇေယျသူ မည်သော အလောင်းစည်သူမင်းသည် ဖောင်စကြာနှင့် တိုင်းခန်းလှည့်လည်၍ ဤနေရာဒေသသို့ ရောက်သောအခါ ငါ၏ သရက္ခန်ကျောင်းတော်ရာနေရာ၌ စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းကို ပြုအံ့။

ထိုသို့ ဘုရားရှင် ဗျာဒိတ်တော်ထားခဲ့သည့်အလျောက် ပုဂံမင်းများဖြစ်သော အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့မှာ စေတီတော်ကို ပြုပြင်တည်ဆောက်ခွင့် မရကြဘဲ ကောဇာသက္ကရာဇ်(၄၅၈)ခုနှစ် ဗျာဒိတ်တော်အရ မဏိစည်သူ (အလောင်းစည်သူ)မင်း လက်ထက်ကျမှ စေတီတော်ကြီး စတင်တည်ဆောက်ခွင့် ရတော်မူ၏။ ထိုသို့ တည်ဆောက်ပူဇော်သည့်အခါ သာသနာတော် အဓွန့်ရှည် တည်တံ့စေရန်အလို့ငှာ အပူဇော်ခံ ရွာပေါင်း(၉၉)ရွာ၊ ဝတ္တကမြေ(၂၃၅၀၉)ဧက သတ်မှတ်လှူဒါန်းခဲ့ပြီး ထိန်းသိမ်းအုပ်ချုပ်မှုအတွက် သံဃာ့ရာဇာအခွင့်အာဏာ၊ တရားစီရင်မှုအာဏာ၊ အခွန်စည်းကြပ်မှု အခွင့်အာဏာ အာဏာသုံးရပ်ကိုလည်း ပြဋ္ဌာန်းလှူဒါန်းတော်မူခဲ့လေ၏။

ထို့နောက် (၁၂၁၉)ခုနှစ် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် အဆိုပါ ဝတ္တကမြေအပိုင်းအခြားပြ အရပ်ရှစ်မျက်နှာတွင် ကျောက်စာများရေးထိုးလျက် ကျောက်စာတိုင်(၈)တိုင်ကိုစိုက်ထူ၍ ထပ်ဆင့် အတည်ပြုလှူဒါန်းခဲ့၏။ ယနေ့တိုင် ဘုရားတည်ရာအရပ်ရှစ်မျက်နှာ၌ ယင်းကျောက်စာတိုင်(၈)တိုင် စိုက်ထူထားသည်ကို တွေ့ရှိနိုင်၏။

**ကျောင်းတော်ရာဘုရားနှင့်**
**ထူးခြားသည့် ဝိသေသလက္ခဏာများ**

(၁) စေတီတော်ကြီးကို ထူးခြားစွာ တည်ထားပူဇော်ဟန် သမိုင်းခြင်းရာနှင့်စပ်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကိန်းဝပ်စံပယ်ခြင်းကို အာရုံပြုပြီး ထီးတော်သုံးဆင့် ပူဇော်ထားခြင်း၊


[illegible]ကျုံးနံ့သာကျောင်းတော်ရာစေတီ အဝင်


အထက်စက်တော်ရာတောင်တော် အလယ်ပစ္စယာ
စက်တော်ရာသမိုင်းဖြစ်စဉ်ပြတိုက် အဝင်

www.burmeseclassic.com



အောက်စက်တော်ရာမှ နတ်ရေကန်သို့အတက်

(၂) ဘုရားရှင် သီတင်းသုံးတော်မူသွားသော စန္ဒကူး ကျောင်းတော်ကြီးသည် အဆောင်ပေါင်း(၁၀၈)ဆောင် ပါဝင်သည်ကို အာရုံပြု၍ အရံစေတီပေါင်း(၁၀၈)ဆူ တည်ဆောက်ပူဇော်ထားခြင်း၊

(၃) ရင်ပြင်ထောင့် လေးထောင့်၌ ရာဟုထောင့်စေတီ၊ တနင်္ဂနွေထောင့်စေတီ၊ အင်္ဂါထောင့်စေတီ၊ စနေထောင့်စေတီဟူ၍ ကျောက်တိုင်စေတီ လေးဆူကို အမှတ်အသားပြု တည်ဆောက်ပူဇော်ထားခြင်း။

ယနေ့ မိမိတို့ဖူးမြင်နေရသည့် စေတီတော်ကြီးနှင့် ကျောက်တိုင်စေတီ လေးဆူတို့မှာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က စန္ဒကူးကျောင်းတော်ရာ အစစ်အမှန်နေရာဌာနများဖြစ်၍ ဘုရားရှင်အား ရည်မှန်း၍ ယုံကြည်သဒ္ဒါပွားကာ ကြည်ညိုတတ်ဖို့ လိုအပ်လှပေသည်။

**မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်လေးချက်**

(၁) အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသော စန္ဒကူးနံ့သာ ကျောင်းတော်ကြီးသည် တစ်မုဟုတ်ချင်း ကွယ်ပပါစေသတည်း။

(၂) ကျောင်းတော်ကြီး ကွယ်ပသွားသော်လည်း ဘုရားရှင်ကိုယ်တိုင် သီတင်းသုံးတော်မူသောနေရာ၌ မပျက်စီးနိုင်သော သေလာမယကျောက်စေတီ ပေါ်ပါစေသတည်း။

(၃) ကျောင်းတော်ကြီး ကွယ်ပသွားသော်လည်း ကျောင်းတော်ကြီး အကျယ်အဝန်း မှတ်တိုင်(၄)ချက် ပေါ်၍ တည်ပါစေသတည်း။

(၄) ဤနေရာဌာနသည် ဘုရားရှင်ကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနံ့သာ ကျောင်းတော်ရာတည်နေရာဖြစ်၍ သာသနာတည်သမျှ ကာလပတ်လုံး လူအပေါင်းတို့ ယုံကြည်ဆည်းကပ် ကိုးကွယ်ပါစေသတည်း။

ဆိုသည့် အဓိဋ္ဌာန်ချက်အရ စန္ဒကူးကျောင်းတော်ရာ ကွယ်ပပြီးနောက် ဘုရားရှင် သီတင်းသုံးတော်မူရာ၌ သေလာမယကျောက်စေတီနှင့် ကျောင်းတော်တည်နေရာ စေတီတော်ကြီး လေးဖက်လေးတန်၌ ထောင့်လေးထောင့် ကျောက်တိုင်စေတီလေးဆူတို့တည်ရှိရာ ယနေ့ထက်တိုင် စန္ဒကူးနံ့သာကျောင်းတော်ကြီး မရှိငြားသော်လည်း ရဟန်းရှင်၊ လူ ပရိသတ်အပေါင်းတို့က ကျောင်းတော်ရာစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုမဆုံးအောင် ရိုကျိုးပူဇော်ခွင့် ရရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပိဋကတ်ကျမ်းတတ် အကျော်များဖြစ်သော ဆရာတော်ဦးဗုဓ်၊ မန်လည်ဆရာတော်၊ တောင်ဖီလာဆရာတော်၊ မုံရွေးဆရာတော်များ၊ ဖဲထီး၊ သေက္ခတောင်ဆရာတော်၊ မင်းဘူး ဦးသြဘာသ၊ ရှင်ဥတ္တမကျော်စသည့် ဆရာတော်ကြီးများ ပြုစုခဲ့ကြသော သာရတ္ထသင်္ဂဟ၊ စွယ်စုံကျော်ထင်၊ မဃဒေဝလင်္ကာ၊ သာသနာလင်္ကာရ၊ သာသနာဝံသဒီပနီကျမ်း၊ ပကာသနီကျမ်းနှင့် ရာဇဝင်ကျမ်းတို့တွင် ကျောင်းတော်ရာ စက်တော်ရာအကြောင်းများ ပါဝင်သည်မျှမဟုတ်။ သီရိမ္မာသောကအနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ (မဏိစည်သူ)၊ မင်းတုန်းမင်း စသော သာသနာပြု မင်းအဆက်ဆက်တို့ ထူးခြားသည့် ဤနေရာ ဤဒေသကို ကောင်းစွာ စောင့်ရှောက်ဖူးမြော် ကြည်ညိုခြင်း၊ လှူဒါန်းကြခြင်းကြောင့် လေ့လာတွေ့ရှိနိုင်ပေသည်။

**စန္ဒကူးနံ့သာကျောင်းတော်ရာနှင့်**
**တစ်ဆက်တစ်စပ်တည်းရှိသော မန်းရွှေစက်တော်**

မိမိတို့အဖွဲ့သည် ကျောင်းတော်ရာ၌ (၁)နာရီကြာ



www.burmeseclassic.com

www.burmeseclassic.com

လှေလာဆည်းပူး ကုသိုလ်တော်များယူပြီး နံနက်(၉း၀၀) နာရီလောက်တွင် ထိုမှ မိုင်(၃၀)ခန့်ဝေးသော မန်းရွှေစက်တော် အောက်စက်တော်ရာသို့ ခရီးဆက်ခဲ့ကြသည်။

**စက်တော်ရာဟူသည်**

ရွှေစက်တော်သမိုင်း မစတင်မီ စက်တော်ရာဆိုသည်ကို ရှေးဦးစွာ သိရှိထားရန်လို၏။ ဘုရားရှင်၏ (၁၀၈) ကွက်လက္ခဏာတော်သည် စက်ဝန်းသဏ္ဌာန်ရှိသော စက်တော်ရာနှင့် မသက်ဆိုင်ဘဲ ,သီးသန့်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ ဘဝသံသရာဖြစ်စဉ်များ ဖော်ပြထားခြင်းလည်း မဟုတ်ပေ။ ဗုဒ္ဓ၏ ခြေတော်ရာကို အပိုင်းလေးပိုင်း လျာထားပိုင်းခြားလိုက်သည့်အခါ အလယ်ကျကျ ခြေဖမျက်တော်၌တည်ရှိသော အကန့်တစ်ထောင်ပါရှိသည့် ရွှေစက်တော်သည် စက်ဝိုင်းသဏ္ဌာန် သီးသန့်တည်ရှိ၍ (၁၀၈) ကွက်လက္ခဏာတော်များက ခြံရံထားလေ၏။

စက်တော်ရာသည် အလယ်ဗဟို၌ ကဏ္ဏိကာအဆင်းရှိပြီး အလယ်တွင် ဘော်ငွေရောင်ဖြစ်၏။ အတွင်း အပြင်ငွေသားအဆင်းရှိသည့် ရွှဲလုံးသဖွယ် ရှိလေ၏။ အပြင်အနားသတ်အတွင်း အကန့်တစ်ထောင်မှာ သန္တာအဆင်းရှိ၍ ရတနာခုနစ်ပါး စီခြယ်ထားသည်။ တစ်ကန့်နှင့်တစ်ကန့်အကြား ရတနာခုနစ်ပါးအဆင်းရှိသော ရွှဲကြိုးများဖြင့် ခြားထားသည်။ အကန့်ဆယ်ခု(ဆယ်ခု)အကြားတွင် ဝဲယာပန်းဆိုင်းဆွဲလျက် သန္တာရိုးတပ်သော ထီးဖြူများ ပါရှိလေ၏ စသည် ..စသည်ဖြင့် အကန့်ပေါင်း တစ်ထောင်သည် တစ်ထောင်သော ကိလေသာကို ပယ်ဖျက်ချိုးနှိမ်၍ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူသည်ကို ရည်ညွှန်းခြင်းဖြစ်လေ၏။

**သာသနာသမိုင်းဝင်**
**မန်းရွှေစက်တော်**

သမိုင်းမှတ်တမ်းအရ ယခုခေတ် မန်းချောင်းခေါ် နမ္မဒါမြစ်ကမ်းနှင့် တစ်ဖက်ကမ်းကုန်းထိပ်တို့၌ ဘုရားရှင် ချထားပေးသနားတော်မူသော အထက်အောက်စက်တော်ရာ ခြေတော်ရာ နှစ်ဆူလုံး



ကျောင်းတော်ရာစေတီတော်ဝင်းအတွင်းရှိ
မြန်မာလူမျိုးများထဲမှ ပထမဦးဆုံး
မဟာပုဏ္ဏရဟန္တာမထေရ်

ကို မန်းရွှေစက်တော်ဟု သိမ်းကျုံးခေါ်ဆိုခြင်း ဖြစ်လေ၏။

**အောက်စက်တော်ရာ**

စက်တော်ရာအစ ကျောင်းတော်ရာကဟု သမိုင်းအဆိုရှိရာ စန္ဒကူးနံ့သာကျောင်းတော်ရာ အကြောင်းကို ကျောင်းတော်ရာဘုရားသမိုင်း၌ ထဲထဲဝင်ဝင် ဖော်ပြခဲ့ပြီးဖြစ်၍ စက်တော်ရာနှင့် ဆက်စပ်သည်မျှကိုသာ တင်ပြ



အထက်စက်တော်ရာမှ မန်းချောင်းဘုရားမှုခင်းစခန်းကို မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

သွားမည် ဖြစ်ပါသည်။

ဘုရားရှင်သည် မဟာပုဏ္ဏရဟန္တာမထေရ်၏ ပင့်လျှောက်လျှုဒါန်းသော စန္ဒကူးနံ့သာကျောင်းတော်၌ (၇) ရက်တိုင် စံနေတော်မူကာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလေ၏။ ဘုရားရှင်သည် မဇ္ဈိမဒေသသို့ ပြန်ကြွစဉ် နမ္မဒါမြစ်ကမ်းနံဘေးသို့ ဆိုက်ရောက်တော်မူသောအခါ နမ္မဒါနဂါးမင်း တောင်းပန်လျှောက်ထားချက်အရ နောင်အနာဂတ် သာသနာအတွက် သတ္တဝါတို့ အကျိုးများမည်ကိုမြင်၍ နမ္မဒါမြစ်ကမ်းဘေး၌ တစ်ရာ့ ရှစ်ကွက်လက္ခဏာတော်နှင့် စက်တော်ရာတို့ကို ထင်ကျန်စေသော ဘယ်ဘက်ခြေတော်ရာတစ်ဆူ ချထားပေးသနားတော်မူရာ အောက်စက်တော်ရာဟု တည်လေသည်။

## အထက်စက်တော်ရာ

ထိုမှ ဘုရားရှင်သည် နမ္မဒါမြစ်တစ်ဖက်ကမ်းရှိ မကုသတောင် ခေါ် မန်းတောင်ပေါ်သို့ ဘုရားရှင်ဆိုက်ရောက်တော်မူရာ ထိုတောင်၌ သီတင်းသုံးနေထိုင်သော အရှင်သစ္စဗန္ဓမထေရ်အား သာသနာပြုရန်နေရစ်လေဟု မိန့်မှာ



အောက်စက်တော်ရာရှိ ဘုရားရှင်ခြေတော်ရာအား ရွှေချပူဇော်စဉ်

တော်မူ၏။ ထိုအခါ ရဟန္တာမထေရ်မြတ်က နောင်အနာဂတ်သာသနာအလို့ငှာ ကိုးကွယ်ပူဇော်ရန် ပေးသနားတော်မူပါဟု တောင်းပန်လျှောက်ထားသဖြင့် ဘုရားရှင်က တစ်ရာ့ရှစ်ကွက် လက္ခဏာတော်နှင့် စက်တော်ရာထင်စေသော ဘယ်ဘက်ခြေတော်ရာတစ်ဆူကို ချထားပေးသနားတော်မူရာ ယင်းသည် အထက်စက်တော်ရာ ဖြစ်လေ၏။



အောက်စက်တော်ရာ တန်ဆောင်းအတွင်း
မိမိ(စာရေးသူ) မိသားစုနှင့် ဘုရားဖူးဧည့်သည်များ တွေ့ရစဉ်

မန်းရွှေစက်တော်သမိုင်းသည် မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနက အသိအမှတ်ပြု မှတ်တမ်းတင်ထားသည့် သမိုင်းတစ်စောင် ပေတစ်ဖွဲ့မှ အခိုင်အမာရှိပြီး ရှေးဦးကျောင်းတော်ရာ သမိုင်း၌လည်း စက်တော်ရာသမိုင်းဆက်စပ်သည်များကို ဖော်ပြခဲ့ပြီးဖြစ်ရာ ဆက်လက်၍ အသေးစိတ် တင်ပြတော့မည် မဟုတ်ဘဲ ဘုရားဖူးများ သဒ္ဓါပွား ကြည်ညိုနိုင်ရန်အတွက် သမိုင်းကြောင်းနှင့်စပ်သော မန်းစက်တော်ရာ၏ ထူးခြားအံ့သြဖွယ် အောင်မြေကိုးဌာနကို အောက်၌ ဖော်ပြအပ်ပေသည်။

## ထူးခြားအံ့ဖွယ် မန်းရွှေစက်တော်၏ အောင်မြေကိုးသွယ်

(၁) သစ္စာဒီပကစေတီတော် ဗုဒ္ဓမြတ်စွာ ပထမကြွတော်



www.burmeseclassic.com

www.burmeseclassic.com

မူသောနေရာ၊

(၂) အောက်စက်တော်ရာ နမ္မဒါနဂါးမင်း တောင်းပန်လျှောက်ထား၍ ခြေတော်ရာချတော်မူသောနေရာ၊

(၃) အထက်စက်တော်ရာငုံလျက် တည်ထားသော မူလစေတီတော်၊

(၄) ခြေရာတော်ပွား (အထက်စက်တော်ရာ)၊

(၅) ဒုတိယစေတီ (ခြေတော်ရာပွားနှင့် အနီးကပ်တည်ထား)၊

(၆) မုဆိုးတောင်စေတီ (မုဆိုးဒူးထောက်ရှိခိုးပုံ အနီးရှိစေတီ)၊

(၇) မဟာမြတ်မုနိရုပ်ပွားတော်အောင်မြေ (နောက်ကျောဘက်တံခါးဝင်ပေါက် အဖြူသင်္ကေတမှ ခြေလှမ်းကိုးလှမ်းနေရာ)၊

(၈) နှစ်ကျိပ်ရှစ်ဆူစေတီ (၃၈၁)ဆူ၊

(၉) တောင်းပန်ရစေတီ (အောက်စက်တော်ရာအထက်ချင်းဘုရားအေးစေတီ၊ ကလျာဏီသိမ်၊ ဘုရားကိုးဆူတို့ တည်ရာ ငဖဲစောင်းတန်း၌ ရှိသည်)။

ယင်းအောင်မြေကိုး၌ဝှာနတွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ...ခါက်စီရွတ်ဖတ်ပူဇော်မည်ဆိုပါက အကျိုးထူးများရရှိ ...ကြောင်း၊ အဓိဋ္ဌာန်တည်လျှင်တည်သလို လိုအင်ဆန္ဒများ ...သည်း ပြည့်ဝကြသည်ဟု ဆိုစမှတ်ပြုကြလေ၏။

နောက်ထူးခြားချက် သမိုင်းမှတ်တမ်းဟူ၍ မန္တလေး ...ိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်းအုတ်ကျောင်း ...ော်ကြီးရှိ ကုန်းဘောင်ခေတ် စာတိုက်သေတ္တာ မှတ် ...မ်းများအရ မင်းဘူး ရွှေစက်တော်သမိုင်း ပုံဖော်ထား ...ည်မှာ စိတ်ဝင်စားဖွယ်ဖြစ်၏။ အောက်ခြေတော်ရာကို ...င်းရစ်ပတ် ပူဇော်ပုံနှင့် ဘုရားရုပ်ပွားတော်များ၊ ...်းချောင်း ရစ်ခွေစီးဆင်းပုံ၊ ရွှေစက်တော်ပုံရိပ် ...ကြင်းပင်၊ အထက်စက်တော်ရာစေတီ၊ သစ္စဗန္ဓမုဆိုး ... ခွေးနက်ကြီး၊ သိကြားမင်းမှ ကတိတည်,မတည် ...ောင်းကြည့်ရှုနေပုံ၊ မုဆိုးကြီး အထီး,အမခွဲ၍ ပစ် ... ပြင်ဆင်ပုံများနှင့် ခေါင်းလောင်းများ၊ စေတီ ... ဆေးလပ်မကျန် သရိုးဖောင်းကြွဖြင့် အသေးစိတ် ...သည်မှာ ရွှေစက်တော်သမိုင်းကို ပို၍တန်ဖိုး ...ိုင်ခဲ့သည်ဝါစေ၏။ ယင်းသည် စက်တော်ရာ၏ ...ညွှယ်ရာ သမိုင်းဖြစ်စဉ် မှတ်တမ်းများပင် ဖြစ်လေ၏။

**ရုံလေးရုံကျောင်းတော်ရာစေတီ**

ရုံလေးရုံကျောင်းတော်ရာစေတီတို့သည် ဘုရားလေးဆူတို့ စံမြန်းသီတင်းသုံးတော်မူရာ ကျောင်းတော်ရာ အထိမ်းအမှတ် နေရာဌာန၌ တည်ထားသော လေးဆူကြွရာ ကျောင်းတော်ရာ သမိုင်းဝင်စေတီများပင်တည်း။ ရုံလေးရုံမှာ (၁) ဂန္ဓာရုံ၊ (၂) ကုက္ကုဋ္ဌာရုံ၊ (၃) ယောသိတာရုံ၊ (၄) ပါဝါရုံဟူသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင် လေးပါးတို့ သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ကြီးများ၏ ကျောင်းတော်ရာများ ဖြစ်လေ၏။

**ဂန္ဓာရုံကျောင်းတော်ရာစေတီ**

မဟာပုဏ္ဏ ရဟန္တာအရှင်မြတ် အဓိဋ္ဌာန်ချက်အရ စန္ဒကူးနံ့သာကျောင်းကြီး၏ တရားဟောပလ္လင်တော်နေရာ၌ ပေါ်ပေါက်ခဲ့သော သေလာမယစေတီတော်ကိုငုံ၍ ပုဂံပြည့်ရှင် ဇေယျသူမည်သော အလောင်းစည်သူမင်းကြီးသည် စေတီတော်တည်ထားပြီး ကောဇာသက္ကရာဇ် (၄၅၈)ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ စနေနေ့တွင်



အထက်စက်တော်ရာအောင်မြေ

www.burmeseclassic.com


အထက်စက်တော်ရာ ခြေတော်ရာပွား

မာဂဏ္ဍီ မိဖုရားနှင့် ဆွေတော်မျိုးတော်တို့က လည်ပင်းထိမြုပ်သော ကျင်းများတူး၍ ဘုရားရှင်နှင့် ရဟန်းများအား သံထွန်သွားဖြင့် တိုက်သတ်သောနေရာ (ယခု သံထွန်သွားကုန်း)၊ ဥဒေနမင်း၏ မိခင် မိဖုရားကြီးအား ငှက်ဆင်ကြီး ချီခဲ့သော ရှင်ပင်ကူဘုရားအနီးရှိ ဥဒေနနတ်ကွန်း၊ စကုမြို့အနီးရှိ စသည်ဖြင့် သမိုင်းဝင်အထောက်အထား အမှတ်အသားများ ယနေ့တိုင် အခိုင်အမာ ရှိနေရေစက်သွန်းချ လှူဒါန်းခဲ့လေသည်။

ဘုရားရှင်၏ ထိုကျောင်းတော် ကြီးမှာ စန္ဒကူးနံ့သာသစ်များဖြင့် တည်ဆောက်ထားရာ မွှေးနံ့သာ သင်းထုံလာသဖြင့် ဂန္ဓာရုံကျောင်းတော်ဟုခေါ်ပြီး ထိုနေရာတွင် တည်ထားကိုးကွယ်သည့်စေတီကို ဂန္ဓာရုံစေတီဟူ၍ ထင်ရှားလေ၏။

## ကုက္ကုဋ္ဌာရုံ ဃောသိတာရုံ ပါဝါရုံစေတီ

မြေလတ်ဒေသ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်သည် ရှေးအခါက သုနာပရန္တတိုင်း၊ ကောသမ္ဗီပြည် တည်ရာ လယ်ကိုင်းမြို့ဟောင်း တည်နေရာဖြစ်၍ ယခုတိုင် မြို့ရိုးနှစ်ထပ် တူးဖော်တွေ့ရှိထားသည်ဟု သိရ၏။

ကောသမ္ဗီသည် ထိုစဉ်အခါက ဥဒေနမင်း စိုးစံပြီးသည်ဟု ဆိုပါသည်။

ကောသမ္ဗီပြည်ရှိ ကုက္ကုဋ္ဌ၊ ဃောသက၊ ပါဝါရိက အမည်ရသော သူကြွယ်ကြီး သုံးဦးတို့သည် ဘဝကူးကောင်းရေးအလို့ငှာ (၅၀၀)သော ဗျာန်ရ,ရသေ့များကို ပစ္စည်းလေးပါး အမြဲမပြတ်ထောက်ပံ့လှူဒါန်းရာ ထိုရသေ့ကြီးများ၏ သတင်းပေးချက်အရ သူကြွယ်ကြီး(၃)ဦးတို့မှာ ဘုရားရှင်၏ ဒေသနာတော်ကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်ကြရာ ရက်သတ္တနှစ်ပတ်တိုင်တိုင် အလှူကြီး ပေးလေ၏။

များမကြာမီ သူကြွယ်ကြီး သုံးဦး၏ တောင်းပန်ပင့်လျှောက်ထားချက်အရ ဘုရားရှင်က ဤနေရာ ဤဒေသသည် ရှေးရှေးဘုရားရှင်တို့ သီတင်းသုံးတော်မူရာ


ကုက္ကုဋ္ဌာရုံစေတီဝင်းအတွင်းရှိ ဘုရားဖူးများ နားနေတည်းခိုရန်ဇရပ်

နေရာဌာန ဖြစ်ရုံမျှမဟုတ်၊ ပါရမီထူးများ ဆည်းပူးဖြည့်ကျင့်ရာ နေရာထူး နေရာမြတ် ဖြစ်သည်အားလျော်စွာ ကြွရောက်မည်ပြုသောအခါ သူကြွယ်ကြီး (၃)ဦးသည် ထိုဒေသရှိ မိမိတို့ ပိုင်ဆိုင်သည့် ဥယျာဉ်ကြီးများတွင် ဘုရားရှင်သီတင်းသုံးရန် ကျောင်းတော်ကြီး တစ်ဆောင်စီ ဆောက်လုပ်လှူဒါန်းကြလေ၏။

ထိုအခါ ဂေါတမဘုရား... သည် နောက်တော်ပါ ရဟန်း...

www.burmeseclassic.com

www.burmeseclassic.com

ခြံရုံလျက် ကောသမ္ဗီပြည်သို့ မဟာသက္ကရာဇ်(၁၁၁) ခုနှစ်တွင် ကြွရောက်တော်မူရာ မာဂဏ္ဍိယပုဏ္ဏားကြီး၏ အရဟတ္တဖိုလ်ရအံ့သော အကြောင်းမြင်သဖြင့် ခြေလျင်ခရီးဖြင့် ကြွလာတော်မူ၏။

လမ်းခရီးတွင် ဘုရားရှင်သည် မာဂဏ္ဍိယပုဏ္ဏားကို ချေချွတ်တော်မူပြီး ကောသမ္ဗီသူကြွယ်(၃)ဦးတို့ ကျောင်းတော်ကြီးများ၌ (၉)ဝါမြောက် နဝမဝါကပ်တော်မူရာ ကုက္ကုဋ္ဋသူကြွယ်၏ အလှူတော်ဖြစ်သော ကျောင်းတော်ကြီးကို ကုက္ကုဋ္ဋာရုံ၊ ဃောသက သူကြွယ်၏ ကျောင်းတော်ကြီးကို ဃောသိတာရုံ၊ ပါဝါရိက သူကြွယ်၏ ကျောင်းတော်ကို ပါဝါရိကာရုံဟူ၍ ခေါ်တွင်လေ၏။

ထိုသို့ ရုံလေးရုံစေတီတော်များသို့ (၇-၄-၂၀၁၅) ရက်နေ့ နံနက်(၉း၀၀)နာရီတွင် စန္ဒကူးကျောင်းတော်ရာရှိ ဂန္ဓာရုံကျောင်းတော်ရာစေတီကိုလည်းကောင်း၊ ထိုမှ နံနက်(၉း၃၀)နာရီတွင် ကုက္ကုဋ္ဋာရုံကျောင်းတော်ရာစေတီကိုလည်းကောင်း၊ ပြန်အထွက် မုန်းချောင်းတံတားကိုဖြတ်၍ နံနက်(၁၀း၀၀)နာရီလောက်တွင် ဃောသိတာရုံကျောင်းတော်ရာစေတီနှင့် နံနက်(၁၀း၃၀)နာရီတွင် ပါဝါရိကာရုံကျောင်းတော်ရာစေတီ ရွှေပန်းမြိုင်စေတီတို့ကို ကိုယ်တိုင်ကိုယ်ကျ အာရုံပြု ဦးညွှတ်ပူဇော်ခဲ့ရသည်မှာ ယနေ့ထက်တိုင် အမှတ်ရရ ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ဖြစ်ရပေသည်။

**ကျောင်းတော်ရာ ဘုရားဖူးငါးများ**

စန္ဒကူးနံ့သာကျောင်းတော်မှ အပြန် နေ့လယ်စာ စား ပြီး ခွန်းတည့်(၁၂း၀၀)နာရီခန့်တွင် ကျောင်းတော်ရာဘုရား ငါးများ ဘုရားဖူးလာလေ့ရှိ သော ငါးစာကျွေးသည့် ဆိပ်ကမ်း တည်ရှိရာဌာနသို့ ဆက် ထွက်ခွာလာကြသည်။ ကျောင်းတော်များ အခိုက်အတန့် သုံးဟန်ရှိသော ကျောင်း ငယ် တစ်ဆောင်၊ လူများ အမိုးအကာများရှိသော ဆောင် တစ်ခုနှင့် ဘုရား ညိုသည်များ ငါးအစာကျွေး အတက်လှေကား အတက်၊ ရေဆိပ်တစ်ခု စီစဉ်ထားရှိသော်လည်း အမြဲတမ်း ကြိုဆိုစောင့်ရှောက်သည့် တာဝန်ရှိပုဂ္ဂိုလ်ဟူ၍ မတွေ့ရပေ။



ကျောင်းတော်ရာဘုရား ငါးစာကျွေးဆိပ်

ဝါတွင်းကာလတွင် မုန်းချောင်းအတွင်းသို့ ဘုရားဖူးငါးများ ရောက်ရှိလာသည့်အခါ ဝါဏိဇ္ဇဂါမ ရွာဟောင်းရွာကြီးအနီး ငါးစာကျွေးဆိပ်ကမ်း၌ ဖွဲနုဆုပ် ထန်းသီးမုန့်နှင့် မုန့်ပဲသရေစာများကို ဝယ်ယူပြီး အရဏ်တက်ချိန်စောင့် ဆိုင်းကျွေးမွေးရသည်မှာ ဘုရားဖူးများ ဝမ်းသာပီတိဖြစ်စရာကောင်းပြီး ကုသိုလ်အကျိုးထူးများလည်း ရကြသည်ဟု ယုံကြည်ကြလေသည်။

ထိုသို့ ဘုရားဖူးဧည့်သည်များ ကျောင်းတော်ရာဘုရားထံ အာရုံပြု ငါးစာကျွေးရင်း စီးပွားရေးတိုးတက်ကောင်းမွန်ကြ၍ အလှူငွေများလည်း လှူဒါန်းကြသဖြင့် ငါးလှုပ်ငွေလာ ကျောင်းတော်ရာဟု ဒေသခံများ ဆိုစမှတ်ပြုကြကုန်၏။

သမိုင်းကြောင်းအရ အဆိုပါ ဘုရားဖူးငါးများမှာ ရှေးအခါက စူဠပုဏ္ဏသူကြွယ်နှင့် ကုန်သည်ငါးရာတို့အား ပင်လယ်ပြင်၌ မုန်တိုင်းဆင်တိုက်ခိုက်ခဲ့ကြသည့် ဘီလူးများဖြစ်ပြီး ငါးဘဝတစ်ဖြစ်လဲက ယခုချိန်တိုင် ဘုရားဖူးကုသိုလ်ယူရင်း ဝဋ်ကြွေးဆပ်နေကြရသူများဟု အဆိုရှိလေသည်။

**ဓာတ်တော်ကုန်းဘုရား၊ မိဖုရားရှင်ဘို့မယ်၊**
**ဆရာတော် ဦးသြဘာသ ဓာတ်တော်ကုန်းဘုရား**

ထိုနေ့ (၄း၀၀)နာရီတွင် မိမိတို့အဖွဲ့ မိုးညွှင်းမင်းတရားနှင့် ရှင်ဘို့မယ်မင်း မိဖုရားနှစ်ပါးတို့ တည်ထား

www.burmeseclassic.com

ကိုးကွယ်ခဲ့သော ရှင်ပင်ချမ်းသာကြီးစေတီခေါ် ဓာတ်တော်ကုန်းဘုရားသို့ ရောက်ရှိလေသည်။

မင်းနှစ်ပါးတို့သည် သီရိဓမ္မာသောကမင်းလက်ထက် သာသနာပြုအဖွဲ့က ပေးလှူခဲ့သော ဓာတ်တော်မွေတော်များကို စုဆောင်း၍ စေတီကြီးတစ်ဆူ တည်ခဲ့၏။ စေတီတော် တည်ဆောက်လှူဒါန်းပြီးသည့်အခါ မင်းနှစ်ပါးတို့ ဘေးမသီရန်မခဘဲ ချမ်းသာစွာ အလိုတော်ပြီးမြောက်သည်ဖြစ်ရာ ချမ်းသာကြီးစေတီဟု အမည်နာမ သမုတ်တော်မူခဲ့၏။

ထိုမှတစ်လီ အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် ဆရာတော်ဦးသြဘာသသည် မင်း၏ အထောက်အပံ့ဖြင့် ပြိုကျပျက်စီးလုဖြစ်နေသော အဆိုပါ ချမ်းသာကြီးစေတီကို အရံစေတီနှစ်ဆယ်ကျော်နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ပြန်လည်ပြင်ဆင် တည်ဆောက်ခဲ့သည်ဟု သိရ၏။

ခရစ်နှစ်(၁၉၀၄)ခုနှစ်ကလည်း အိန္ဒိယ အင်္ဂလိပ်ဘုရင်ခံ ခွင့်ပြုချက်အရ နှစ်စဉ် ငွေဒင်္ဂါး(၁၀၀)ကို ဘုရားကြီး၌ လှူဒါန်းပူဇော်ခွင့်ရခဲ့သည် ဆိုလေ၏။



ကျောင်းတော်ရာစေတီတော်နှင့်
နီးကပ်စွာ ပေါက်ရောက်လျက်ရှိသော စန္ဒကူးနံ့သာပင်

ဓာတ်တော်ကုန်းဘုရားကြီး၏ မူရင်းကျောက်စာတော်အရ စေတီတော်ပြန်လည်တည်ဆောက်ရာတွင် စေတီဟောင်းအတွင်းမှ အမျိုးမျိုးသော အရွယ်ပမာဏရှိသည့် ဗုဒ္ဓဓာတ်တော်နှင့် ရဟန္တာဓာတ်တော်အစုံ (သုံးသောင်း) ကျော် ထွက်ပေါ်ကွန့်မြူးလာသည်ကို ထူးခြားစွာတွေ့ရှိရ၏။ ထိုမျှများပြားလှသည့် ဓာတ်တော်များကို ယနေ့တိုင် ဓာတ်တော်ကုန်းဘုရားရှိ ဓာတ်တော်တိုက် ရွှေကလာပ်ထဲရှိ တစ်နေရာတည်း၌ ထူးခြားကြည်ညိုဖွယ်ရာ ဖူးတွေ့ရခြင်းသည် မြန်မာပြည်သူတို့အဖို့ ကံကောင်းလှပေတော့သည်။

## မိဖုရားရှင်ဘို့မယ်

လွန်ခဲ့သော နှစ်ပေါင်း(၆၀၀)နီးပါးက မင်းငါးဆက်တိုင်တိုင် မိဖုရားဖြစ်ခဲ့ဖူးသော မိဖုရားကြီးရှင်ဘို့မယ်သည် ကျေးတောင်ညိုမင်းလက်ထက်က အကြောင်းမလှသဖြင့် ရခိုင်ဘက်သို့ ထွက်ပြေးရစဉ် သံဝေဂဉာဏ်ယှဉ်သည်ဖြစ်၍ ဘေးရန်ကင်းကွာ မန်းစက်တော်ရာ ဆိုသည့်အတိုင်း မန်းတောင်ရိပ်၌ ခိုနားခဲ့ဖူးကြောင်း သမိုင်းကြောင်း အထောက်အထား ရှိလေ၏။

ထိုစဉ်က မိဖုရားရှင်ဘို့မယ် သမထဝိပဿနာတရားအားထုတ်ခဲ့သည့် အထက်စက်တော်ရာအောက်ဘက်တွင် ရှင်ဘို့မယ်ဂူနှင့် မိဖုရားကြီး လှူဒါန်းခဲ့သည့် စောင်းတန်းကို ယနေ့တိုင် တွေ့ရ၏။

ရှင်ဘို့မယ်သည် ပင်းယတစ်စီးရှင် (သီဟသူ၏မြေး) သခ်သူငယ်နှင့် အင်းဝဘုရင် မင်းကြီးစွာ၏သမီး ဇဏက ဒေဝီတို့က ဖွားမြင်၏။ ပထမမင်းခေါင်၊ သီဟသူ၊ မင်းလှငယ်၊ ကျေးတောင်ညိုနှင့် ပဉ္စမမြောက်ဖြစ်သော မိုး ညှင်းမင်းတို့နှင့် မင်းငါးဆက်တိုင် မိဖုရားဖြစ်ခဲ့သူတည်း။

ရွှေစက်တော်ဘုရားမှအပြန် မိဖုရားရှင်ဘို့မယ်နှ မိုးညှင်းမင်းတရားကြီးတို့ ပြန်လည်ဆုံတွေ့ရာ မန်းချော အနီး မင်းနှစ်ပါးဆုံရာ ဌာနဒေသကိုစွဲ၍ မင်းပူး(မင်းဘူ မြို့ ဖြစ်တည်လာသည်ဟု ဆိုစမှတ်ပြုကြလောက်အော သမိုင်းအစဉ်အလာ ကြီးခဲ့သူဖြစ်၏။

## မင်းဘူးဆရာတော် ဦးသြဘာသ

မင်းဘူးဆရာတော် ဦးသြဘာသဟုဆိုလျှင် မြန် ပေသမိုင်းတွင် မသိသူဟူ၍ မရှိပေ။ အထူးသဖြ



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးဆယ်ဘွဲ့အနက် သုဝဏ္ဏသာမနှင့် ဘူရိဒတ် ဇာတ်တော်ကြီးမှအပ ရှစ်ဘွဲ့သော ဇာတ်တော်ကြီးကို ရေးသားပြုစုခဲ့သည့် စံထားလောက်သောပုဂ္ဂိုလ် ဖြစ်လေ၏။


မဟာဗောဓိသီတာရုံစေတီသို့ ရောက်ရှိစဉ်

ဆရာတော်အား စကုအပိုင် မင်းဘူးရပ်သာရွာကြီး၌ မြင်းစီး မြင်းခေါင်း သူကြီးမျိုးရိုးဖြစ်သော အဘ ဦးဇေယျ၊ အမိ ဒေါ်မင်းလှ တို့မှ ကောဇာသက္ကရာဇ်(၁၁၂၀) ပြည့်နှစ်၊ နယုန်လဆန်း (၄)ရက်၊ တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့၏။ ဓာတ်တော်ကုန်းဘုရား တည်ရှိရာ ဘုရားကုန်းရင်ပြင်တွင် ဆရာတော်ကြီးကိုယ်တိုင် ဇာတ်တော်ကြီးများ ရေးဖွဲ့ခဲ့သော ပိဋကတ်တိုက်၊ ရဟန်းပြုခဲ့သော သိမ်တော်ကြီးနှင့် ရှေးဟောင်းစေတီပုထိုးများစွာ ရှိလေသည်။

မင်းဘူးအရှေ့ လေသာကျောင်း ဆရာတော်ထံ (၆) နှစ်သားအရွယ်ပင် စာပေသင်ကြားရာ သုတကာထက် ထူးချွန်လှသူဖြစ်၏။ (၁၅)နှစ်သားတွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရာ ကဗျာလင်္ကာ၊ ရတု၊ ရကန်၊ အဲအန်သည်တို့ ကျွမ်းကျင်စွာတတ်မြောက်ရုံမျှမဟုတ်၊ ဗေဒင်သင်္ချာ၊ ဂီတအနုပညာ၊ လက်မှုဗိသုကာ ပညာရပ်အသီးသီးကို မြင်ရုံ ကြားရုံဖြင့် သိလွယ် တတ်လွယ်သော ထူးချွန်ဉာဏ်နှင့် ပြည့်စုံသူတစ်ဦး ဖြစ်၏။

ဇာတ်တော်ကြီးများ ပြုစုရေးသားရာတွင် နာရဒ ဇာတ်တော်ကြီးကို နှစ်လဖြင့်လည်းကောင်း၊ [illegible] ဇာတ်တော်ကို ငါးလနှင့် [illegible]သတ်ရေးပြီး အခြားဇာတ်တော်များကို ခုနစ်လအတွင်း ပြီးမြောက်အောင် ရေးသားခဲ့၏။ ဆရာတော် ရေးသားပြုစုခဲ့သည့် ကျမ်းစာပေါင်း၊ စာပေအမျိုးမျိုးတို့ [illegible] ပေါ်ကွန်းထိုးလောက်အောင် များလှသည်ဖြစ်ရာ ဤစာစုမျှဖြင့် ဖော်ပြ၍ ကုန်ဆုံးနိုင်မည်မဟုတ်။ သို့ဖြစ်ရာ ဇာတ်တော်ကြီးများကိုမဆိုထားဘိ၊ ဟံသာဝတီတိုက်မှ (၁၉၅၉)ခုနှစ်ထုတ် ဆရာတော်၏ ဂုဏ်တော်ဖွင့်ပေါင်းချုပ် ကျမ်းစာတစ်အုပ်တည်းကို မြည်းစမ်းလေ့လာကြည့်ရုံဖြင့် ဆရာတော်၏ စာပေဂုဏ်ကို အားရကြည်ညိုဖွယ် ဖြစ်ရသည်ဟု ဆိုပေသည်။

**ဦးဩဘာသမင်္ဂလာရေကန်**

မိမိတို့သည် ဓာတ်တော်ကုန်းဘုရားအစုံစုံကို ဖူးမြော်ကြည်ညိုပြီး ညနေ(၅:၀၀)နာရီလောက်တွင် ဘုရားကုန်းတော်မှ ဆင်းသက်ထွက်ခွာခဲ့ရာ ခဏမျှအကြာ ဦးဩဘာသ မင်္ဂလာရေကန်ဟု ကမ္ပည်းထိုးထားသော ရေကန်တစ်ခုသို့ ဆိုက်ရောက်လာ၏။ စတုဂံပုံဖြစ်သော ရေကန်


မဟာဗောဓိသီတာရုံစေတီ အဝင်မုခ်ဦး

www.burmeseclassic.com



ဆရာတော် ဦးသြဘာသ ရဟန်းပြုခဲ့သည့်
မဟာသိမ်တော်ကြီး



စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ ပဓာနကုသိုလ်ရှင်
ရဟန္တာမထေရ်မြတ် အရှင်မဟာပုဏ္ဏ၏ မွေးရပ်မြေ
ဝါကိုးနွဂါမရွာကြီးနေရာ ကျောက်တိုင်ကြီး

တော် အကျယ်အဝန်းမှာ ပေ(၈၀) ပေ(၄၀)ခန့် ရှိမည်ဟု ခန့်မှန်းရလေ၏။ ရေအထိုက်အလျောက်ရှိပြီး ကြာပွင့်အချို့လည်း တွေ့ရ၏။ သမိုင်းမှတ်တမ်း မရှိငြားသော်လည်း မင်္ဂလာရေကန်၏တည်ဆောက် ရေသွင်းထားသည်ကိုကြည့်ပြီး လွန်ခဲ့သော ရာစုနှစ်များစွာက မိုးညွှင်းမင်းတရားနှင့် မိဖုရား ရှင်ဘို့မယ်ဆို့ကိုလည်းကောင်း၊ ဆရာတော်ကြီး သဒ္ဓါဝီရိယကြီးစွာ စာဝါများ ပြုစုနေဟန်ကိုလည်းကောင်း မှန်းမျှော်သတိရ တမ်းတရင်း လွမ်းမောဖွယ် ဖြစ်ရသည် အမှန်ပင်။

**နဂါးပွက်တောင်**

ဦးသြဘာသမင်္ဂလာရေကန်မှ ထွက်ခွာပြီး (၁၅)မိနစ်အကြာ နဂါးပွက်တောင်သို့ ရောက်ရှိလေ၏။ နဂါးပွက်တောင်သည် ရွှံ့ဖွက်များ အမြဲတမ်း ဆူပွက်လျက်ရှိသည့် သဘာဝရွှံ့ဖွက်တောင်ဖြစ်၏။ ပေ(၃၀)မြင့်၍ တောင်ခြေမှ စောင်းတန်းလှေကား ဝေ့ဝိုက်တက်သွားရာ လှေကားထစ်(၆၀) ရှိလေ၏။

နဂါးပွက်တောင်ထိပ်ဝသည် (၁၀)ပေခန့်အဝန်းရှိ၍ တွင်းဝမှ ရွှံ့ရည်များ အဆက်မပြတ် ပွက်လောထနေ၏။ ရွှံ့ရည်များ ရေနံဓာတ်ငွေ့ ပါဝင်သဖြင့် မီးရှို့လျှင် လောင်တတ်လေ့ရှိ၏။ ရေနံများ တကယ်တမ်း တူးသော်လည်း တူးဖော်မရဘဲ သဘာဝဓာတ်ငွေ့များ လောင်စာအဖြစ် ထုတ်ယူလျှင် ရရှိနိုင်သည်ဟု သိရသည်။ တောင်ထိပ်မှ ရွှံ့ရည်များသည် နဂါးငွေ့တန်းကဲ့သို့ နဂါးခေါင်းလှည့်ရာ အရပ်မျက်နှာအတိုင်း တောင်အောက်သို့ စီးဆင်းလေ၏။

နဂါးပွက်တောင်၏ တောင်ဘက်အရပ်တွင် ရွှံ့ဖွက်တောင် အရွယ်မျိုးစုံနှင့် ရွှံ့အိုင်၊ နဂါးလူးအိုင်၊ တောင်ပူစာလေးများ အများအပြားရှိ၍ မည်သူမဆို ဗဟုသုတနှင့် ကုသိုလ်အလို့ငှာ သွားရောက်ဆည်းပူး လေ့လာသင့်ပေသည်။

တောင်တန်းသာသနာပြု အရှင်ဥတ္တမသာရ ဆရာတော်ကြီးရှိစဉ်က ထိုနဂါးဖွက်တောင်တွင် တောင်စောင့်နတ်များ ရှိကြောင်း၊ တောင်ပိုင်ဘိုးဘိုးကြီးအပြင် အင်း[illegible]တော် သုစိတနှင့် မောင်တော် နန္ဒတို့ နတ်မောင်နှမ[illegible] ထိန်းသိမ်းစောင့်ရှောက်နေကြောင်း သိရှိရ[illegible]။ အဆို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်စက္ကိန်းတဲစေတီကို အရှေ့ဘက်အောက်ခြေမှစ်ဦးမှ ဖူးတွေ့ရစဉ်

နတ်နဂါးဝင်စား တောင်တော်မောင်နှမသည် တစ်ချိန်က နမ္မဒါနဂါးမင်းကြီး၏ သားတော်၊ သမီးတော်တို့ ဖြစ်ခဲ့ဖူးသလို ပုဂံခေတ် ဦး ဒွတ္တဘောင်မင်းကြီး၏ သားတော်၊ သမီးတော်အဖြစ်ဖြင့်လည်း ဘဝတစ်ခုမှ တစ်ခုသို့ ကူးစက်ကျင်လည်ခဲ့ကြရသည်ဟု ဆို၏။

မည်သို့ဆိုစေ နဂါးပွက်တောင်လာ ဘုရားဖူးဧည့်ပရိသတ်များအဖို့ တောင်တော်မောင်နှမ၏ အစောင့်အရှောက်ကို ကောင်းစွာရရှိရုံမဟုတ်၊ အဓိဋ္ဌာန်ကုသိုလ်အဖို့ကိုလည်း ရယူနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

## ရှင်ပင်စက္ကိန်းတဲရွှေစေတီ

စက္ကိန်းတဲစေတီသို့ ညနေ(၅း၃၀)နာရီလောက်တွင် ရောက်ရှိသည်။ နေဝင်ဆည်းအချိန်ဖြစ်၍ ထူးခြားစွာတည်ထားသည့် စေတီတော်ကို ကုန်းထိပ်တွင် သပ္ပာယ်စွာ ဖူးတွေ့ရသည်မှာ ကြည်နူးမဆုံး၊ ကြည်ညိုမဆုံးအောင် ဖြစ်ရပေ၏။

တောင်ဖီလာဆရာတော်သည် ဗုဒ္ဓခြေတော်နှစ်ဆူ ရှာဖွေစဉ်အခါက ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာရာ မင်းဘူးဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ရွှေစက်တော်သို့ ရောက်ရှိခဲ့ကြောင်း အတိတ်သမိုင်းကြောင်း ရှိလေ၏။

စက္ကိန်းတဲစေတီသည် ပိဋကတ်တော် သာသနာဝင်၌ မတွေ့ရသော်လည်း စက္ကိန်းတဲတောင်ထောင်သို့ မြတ်စွာဘုရားရှင် ခေတ္တကြွရောက်ကိန်းစက်တော်မူခဲ့သည်ဟု စေတီသမိုင်းမှတ်တမ်းအရ သိရှိရလေ၏။ ထိုဘုရားအကြောင်းကို ဗုဒ္ဓဘဏ္ဍာတော်ပြဿ...နှင့် မဟာဝံသကျမ်းအရ ...ပြုစုထားပြီး တိပိဋကဓရ ...ရိက ဘဒ္ဒန္တဝိစိတ္တ ...သ ဆရာတော်ကြီး တည်းဖြတ်ခဲ့သည်ဖြစ်ရာ အထောက်အထား ခိုင်မာသည်ဟု ဆိုနိုင်၏။ ဘုရားရှင် ကြွမြန်းကိန်းစက် တည်းခိုရာ ကေလာသပ တောင်ရိုးပေါ်တွင် နှောင်းလူတို့ ဖူးမြော်ကြည်ညိုနိုင်ရန် သိကြားမင်းကိုယ်တော်တိုင် စေတီတစ်ဆူ တည်ထား၏။ ဘုရားရှင်ကျိန်းစက်ရာ ကျောင်းမဏ္ဍပ်ကို ငုံ၍ စေတီတည်ထားခြင်းဖြစ်၍ စက္ကိန်းတဲစေတီဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်၏။

သာသနာတော်နှစ်(၁၂၃)ခုနှစ်တွင် သရေခေတ္တရာ ပြည့်ရှင် ဒွတ်တဘောင်မင်းကြီးသည် ရွှေစက်တော်သို့ ဘုရားဖူးလာစဉ် မင်းဘူးဆိပ်ကမ်း တောင်ထိပ်တွင် ရောင်ခြည်တော် ကွန့်မြူးနေသည်ကို တွေ့ရှိရသဖြင့် တောင်ပေါ်သို့ ဘုရားဖူးတက်ရောက်ရာ သိကြားမင်းကိုယ်တော်




ဦးဩဘာသ မင်္ဂလာကန်တော်



www.burmeseclassic.com

www.burmeseclassic.com

တိုင် တည်ထားကိုးကွယ်ခဲ့သည့် အဆိုပါစေတီကို ဖူးမြော်ရကြောင်း ကမ္ပည်းကျောက်စာ ရေးထိုးခဲ့သည်။ ကျောက်စာတိုင်မှာ ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့ရာ ယင်းနေရာတွင် နောက်ထပ် ကျောက်စာစေတီတစ်ဆူ တည်ထား၏။ ထိုစေတီသည် သိကြားမြေပေါ်တွင် တည်ရှိသဖြင့် ယခု စက္ကိန်းတဲစေတီ၏တောင်ဘက်၌ ရှိလေ၏။ ထိုစေတီသို့ ပေါင်းကူးကွန်ကရစ်တံတားငယ်ဖြင့် ဆက်သွယ်ထား၏။

နောက်ပိုင်း ပုဂံမင်းလက်ထက် ထန်းပင်ရွာပဲ့နင်းကြီးဦးပဲကလည်းကောင်း၊ ဆရာတော်ဦးကလျာဏ(ပင်စင်ရစာရေးကြီး ဦးဘရှင်)ကလည်းကောင်း ဆက်လက်၍ လောကမာရဇိန် ရွှေဘိုဆရာတော်ဦးမုနိန္ဒ အစိဋ္ဌာန်ပြု၍ ဂေါပက ဦးဘိုးထွားနှင့် ဦးထွန်းအောင်တို့မှ အဆင့်ဆင့်ပြုပြင် တည်ဆောက်ခဲ့ရာ မူလဖိနပ်တော်(၂၄)ပေသာ အကျယ်အဝန်းရှိသော စက္ကိန်းတဲစေတီတော်သည် အခြားသော စေတီတော်များနှင့်မတူ စေတီတော်ကြီးကို ဗဟိုပြု၍ ထောင့်ရှစ်ထောင့်တွင် ဆင်းတုတစ်ဆူစီ ဝိုင်းပတ်လျက် တည်ဆောက်ပူဇော်ထား၏။ အတွင်းပိုင်း ဂန္ဓကုဋိတိုက်ကို မုခ်ရှစ်ပေါက် ရှစ်ထောင့်ချိုး ကမ္ဘာအေးပုံစံ တည်ဆောက်ထားရာ ယခုစေတီတော်အောက်ခြေ ကြာခံလုံးပတ်မှာ (၄၄၀)ပေ၊ အောက်ကြာခံမှ အထက်ဉာဏ်တော်အမြင့်မှာ (၁၀၉)ပေအထိရှိပြီး သာသနိကစေတီများအနက် ထူးထူးခြားခြားတည်ဆောက်ထားသော စေတီတစ်ဆူဖြစ်လေ၏။



မိမိတို့အဖွဲ့ နဂါးပွက်တောင်ထိပ် ရောက်ရှိစဉ်

စာရေးသူ၏ မကွေးနှင့် မင်းဘူး ဒေသတစ်ခွင် ဒေသန္တရဘုရားဖူး ခရီးစဉ်မှာ ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်သော်လည်း ယင်းဒေသတစ်ခုလုံးရှိ ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံနှင့် ဆက်စပ်သာသနိကပစ္စည်းတို့မှာ များပြားလွန်းလှသည်ဖြစ်ရာ အမှန်တကယ်မိမိတို့ ဆည်းပူးလေ့လာခွင့်ရသည့် (၃)ရက်မျှဖြင့် မလုံလောက်ပေ။

သို့သော် ကျယ်ဝန်းသော ထိုဒေသတစ်ခွင်ရှိ သာသနိကသမိုင်းကြောင်းများမှာ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားနှင့် ဝှာစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေမည်သာဖြစ်၍ နောင်အခွင့်အခါ ကြုံဆုံသည့်အခါ ယခုထက်ပြည့်စုံအောင် လေ့လာတင်ပြမည် ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ မိမိစန္ဒကူးနံ့သာကျောင်းတော်ရာ အကြောင်းကို အစပြု၍ တင်ပြခဲ့သည်တွင် အဓိက အလှူရှင်မှာ မဟာပုဏ္ဏ ရဟန္တာမထေရ်မြတ်ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်၏ ထေရုပ္ပတ္တိကို ဖော်ပြမှသာ ပြီးပြည့်စုံမည်ဟု ယူဆသဖြင့် နောက်ဆက်တွဲအနေဖြင့် ဆက်လက်ဖော်ပြလိုက်ပါသည်။

**<u>မဟာပုဏ္ဏရဟန္တာမထေရ်မြတ်</u>**

မဟာပုဏ္ဏသည် သုနာပရန္တတိုင်း (ယခုအခါ မြေလတ်လယ်ကိုင်းဒေသ) ဝါဏိဇ္ဇဂါမရွာကြီးတည်ရှိရာ ကုန်သည်မျိုးရိုးမိဘများမှ ဆင်းသက်လာပြီး ညီငယ် စူဠပုဏ္ဏအပါအဝင် ညီနောင်နှစ်ဦး ရှိလေ၏။

ကုန်သည်မျိုးရိုး ဖြစ်သည့်အားလျော်စွာ နောင်တော်မဟာပုဏ္ဏသည် မဇ္ဈိမဒေသသို့ ကုန်သည်လှည်းသား ငါးရာဖြင့် ကုန်ရောင်းကုန်ဝယ်သွား၏။ ထိုအချိန်တွင် ဘုရားပွင့်တော်မူပြီးဖြစ်ရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံပယ်တော်မူနေသည့် အခါသမယဖြစ်လေ၏။

မဟာပုဏ္ဏသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထိုဒေသ၌ ဘုရားပွင့်တော်မူသည်ကိုကြားသိရာ ဘုရားအား သွားရောက်ဖူးမြော်လိုသော စိတ်ဆန္ဒက ...



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်လာသည့်အလျောက် မိမိတို့ စခန်းချရာဌာနနှင့် သင့်လျော်သော မဏ္ဍပ်များပြု၍ ဘုရားရှင်နှင့် ရဟန္တာများအား ပင့်ဖိတ်ဆွမ်းကပ်စဉ် တရားဓမ္မနာကြားရသဖြင့် အကျွတ်တရားရပြီး ဘုရားရှင်ထံမှောက် ရဟန်းပြုလေ၏။ နောက် မိမိနှင့် အတူပါလာကြသော လှည်းသားငါးရာတို့အား နေရင်းဌာန ရွာဂါမသို့ ပြန်စေ၏။

မိမိကိုယ်တိုင်မူ ဘုရားရှင်ထံ ရဟန်းပြုနေရစ်ခဲ့လေ၏။ ထိုမှတစ်ဖန် အချိန်အခါ အခြေအနေက လှုံ့ဆော်လာသဖြင့် ဘုရားရှင်ထံ သင့်လျော်သော ကမ္မဋ္ဌာန်းတောင်းပြီး မိမိနေရင်းဒေသ ရွာဂါမသို့ ပြန်ကြွလေ၏။ ဒေသအတွင်း မိမိနှင့် သင့်လျော်မည်ထင်သော နေရာသုံးဌာနတွင် တရားအားထုတ်သော်လည်း တရားမရသဖြင့် နောက်ဆုံး မကုလကာရာမအရပ် ထိုအရပ်၌ပင် ကမ္မဋ္ဌာန်းတရား အားထုတ်ရာ အာသဝေါကုန်ခန်းသော ရဟန္တာမထေရ်မြတ်ကြီး ဖြစ်ရလေ၏။ သို့ဖြစ်ရာ သာသနာဝင်မှတ်တမ်းများအရ မဟာပုဏ္ဏသည် မြန်မာပြည်၏ ပထမဦးဆုံး ရဟန္တာအရှင်မြတ်ကြီး ဖြစ်သည်ဟု အသိအမှတ်ပြုကြကုန်၏။



သစ္စာဒီပကစေတီသို့ အတက်လှေကား




မိမိတို့အဖွဲ့ ပါဝါရုံရွှေပန်းမြိုင်စေတီတော်သို့ ရောက်ရှိစဉ်

အရှင်ပုဏ္ဏမထေရ် ရဟန္တာဖြစ်ပြီး မကုလာရာမကျောင်း၌ ထိုနှစ်ဝါကပ်စဉ် ညီဖြစ်သူ စူဠပုဏ္ဏသူကြွယ်ကြီးသည် ကုန်သည်ငါးရာတို့ဖြင့် ကုန်ကူးသန်းရောင်းဝယ်ရန်အလို့ငှာ ရေကြောင်းခရီးဖြင့် ခရီးထွက်စဉ် စန္ဒကူးနံ့သာပင်များပေါက်သော မာလာယုကျွန်းသို့ ရောက်ပြီး နံ့သာသစ်လုံးများ သင်္ဘောအပြည့် တင်ဆောင်ပြန်လာရာ လမ်းခရီး၌ ကုန်သည်ငါးရာတို့ မုန်တိုင်းမိ၍ အသက်ကုန်ဆုံးကြမည့် အဖြစ်ဆိုးမှ စူဠပုဏ္ဏသူကြွယ် တမ်းတလျှောက်ထားချက်အရ သူတို့အားလုံးကို နောင်တော်မဟာပုဏ္ဏ ရဟန္တာမထေရ်မြတ်ကြီး ကယ်တင်ခဲ့ရ၏။ ထိုကျေးဇူးကို တုံ့ပြန်သောအားဖြင့် ညီတော် စူဠပုဏ္ဏနှင့် ကုန်သည်ငါးရာတို့သည် မိမိတို့လက်ဝယ် ပိုင်ဆိုင်ထားကြသည့် တန်ဖိုးကြီးလှသော စန္ဒကူးနံ့သာ သစ်များကို မဟာပုဏ္ဏ ရဟန္တာမထေရ်ထံ အချိုးကျ ခွဲဝေလှူဒါန်းကြကုန်၏။

အရှင်မဟာပုဏ္ဏ ရဟန္တာမထေရ်သည် ထိုစန္ဒကူးနံ့သာ သစ်များဖြင့် စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို


www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ဆောက်လုပ်စေပြီး ဘုရားရှင်ထံ သွားရောက်ပင့်ဖိတ်လျှုဒါန်းရာ ဘုရားရှင်ကိုယ်တော်တိုင် မဟာပုဏ္ဏ ရဟန္တာမထေရ်အပါအဝင် နောက်ပါ ရဟန္တာငါးရာတို့နှင့်အတူ ကောင်းကင်ခရီးဖြင့် ကြွချီလာပြီး စန္ဒကူးကျောင်းတော်ထက်၌ (၇)ရက်မျှ သီတင်းသုံးစံနေတော်မူပြီး တရားဓမ္မဟောကြားပြသသဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများစွာတို့ ကျွတ်တမ်းဝင်ခဲ့ကြလေ၏။

ထိုသို့ မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၌ အကြောင်းခံ၍ ဘုရားရှင် သုနာပရန္တတိုင်း ဒေသစာရီခရီးစဉ်၌ သစ္စဗန္ဓတောင် ရသေ့ကြီး ရဟန္တာဖြစ်ခွင့်ရခြင်း၊ ညီတော်စူဠပုဏ္ဏနှင့် ကုန်သည်ငါးရာတို့ အသက်ဘေးမှ ချမ်းသာရာရခြင်း၊ စန္ဒကူးနံ့သာ ကျောင်းတော်ရာကို ဆောက်လုပ်လှူဒါန်းခွင့် ရရှိသည့် ဒကာရင်းဖြစ်ခြင်း၊ ထို့ပြင်မဟုတ်မြန်မာနိုင်ငံတွင် ပထမဦးစွာ ပေါ်ထွန်းသော ရဟန္တာမထေရ်မြတ်ကြီးဖြစ်ခြင်း စသည့်၊စသည့် သာသနိကသမိုင်းကြောင်းများသည် ဘုရားရှင်၏ ကျောင်းတော်ရာဒေသစာရီခရီးစဉ်၌ အရှင်မြတ် မဟာပုဏ္ဏ၏ ကြည်ညိုဖွယ်ရာ ဂုဏ်ထူးဝိသေသများဖြစ်၍ ကြားရသူတိုင်း ကြည်ညိုသဒ္ဓါပွားဖွယ် အကြောင်းများဖြစ်ပါကြောင်း အသိပေးတင်ပြလိုက်ရပေသတည်း။

**နန္ဒာမောင်(သံဖြူဇရပ်)**


**စာကိုးစားရင်း**

၁။ ဒွေးမြင့်သိန်း (ဒသနိက)၏ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီသမိုင်း။

၂။ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ရှင်ပင်စက္ကိန်းတဲစေတီသမိုင်း။

၃။ ဂေါပကအဖွဲ့၏ ကုက္ကုဋ္ဌာရုံ (ခေါ်) မြို့စဖိုလ်စေတီတော်သမိုင်းအကျဉ်း ကောက်နုတ်ချက်။

၄။ ပူဇော်မှုအလှူ မှတ်တမ်းလွှာပါ "ကျောင်းတော်ရာစက်တော်ရာ ဖြစ်ပေါ်ပုံသမိုင်းအကျဉ်း"။

၅။ အကျိုးတော်ဆောင်ချုပ်ဆရာတော် အရှင်ဓမ္မစာရ (သာသနဓဇ ဓမ္မာစရိယ)၏ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားပုံပြသမိုင်းနှင့် သိမှတ်ဖွယ်ရာများ။

၆။ ကျော်စိန်ဝင်း(မင်းဘူး)၏ မန်းရွှေစက်တော်သမိုင်း။



မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသောဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇




www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တာရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူညှောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ဆိုင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တာရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဒနသိဒ္ဓိလမ်း (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅




www.burmeseclassic.com

www.burmeseclassic.com

အာကာသ(သာစည်)

# ရှင်အရဟံရဟန္တာမထေရ်မြတ် သမုတ်တော်မူသော ပုဒ္ဓဂုဏ်ရှိန် သာစည်နယ်က ကူဖြူသိမ်

ရန်ကုန်မြို့တွင် နေထိုင်သော စာရေးသူ၏အစ်ကို ဦးစိုးတင့်သည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော သာစည်မြို့နယ်၊ သာဂရရွာသို့ သူ့ကားကလေးနှင့် အလည်အပတ်လာရောက်လေ့ရှိသည်။

ရွာသို့ရောက်ခိုက် တစ်နေ့၌ ကျော်လေးဆူ သမိုင်းဝင် ရွှေယင်မှျော်ဘုရားကြီးကို တစ်ခေါက်တစ်ခါမျှ မဖူးမြော်ရသေးသဖြင့် သွားရောက်ဖူးရအောင်ဟု ပြောသည်။ ထိုစဉ် စာရေးသူက ရှင်အရဟံရဟန္တာမထေရ်မြတ် သမုတ်တော်မူခဲ့သော ကူဖြူသိမ်၊ ဝန်ဇင်းမင်းရာဇာ တည်ထားခဲ့သော ရွှေစည်းခုံစေတီမြတ်ကြီးတို့၏ ကြည်ညိုဖွယ်ရာနှင့် လမ်းပန်းသင့်ပုံကို ပြောပြသည်။ အစ်ကိုလည်း အားတက်သရောဖြစ်ပြီး သွားရောက်ဖူးမြော်လိုသောဆန္ဒ ပိုမိုပြင်းပြလျက်ရှိနေသည်။

ဤသို့ဖြင့် (၂၀၁၆)ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့ နံနက်ရှစ်နာရီက အစ်ကို၏ Honda CR-V ကားလေးနှင့် အိမ်မှ ထွက်လာကြသည်။ မိတ္ထီလာ-မန္တလေး ကတ္တရာခင်း ကားလမ်း ဝမ်းသာလမ်းခွဲသည် စာရေးသူ နေသော သာဂရရွာမှာ အနောက်စူးစူးသို့ ဆယ်မိုင်ခရီးမျှ ကွာဝေးသည်။ ကျောက်ခံမြေခင်းလမ်းအတိုင်း သဲပုံ၊ ကျောက်



ကူဖြူမဟာသိမ်တော်ပရိဝုဏ် အဝင်မုခ်ဦး

ပနား၊ ဟံဇား၊ ဝမ်းသာ အစရှိသော ရွာတို့ကိုဖြတ်သန်း၍ ဖြည်းဖြည်းမှန်မှန် တငြိမ့်ငြိမ့် မောင်းလာခဲ့သည်။

လမ်းခွဲရောက်သည်နှင့် ကတ္တရာလမ်းပေါ် တက်ပြီး မိတ္ထီလာဘက်သွားသော လမ်းအတိုင်း မောင်းလာခဲ့သည်။ မကြာမီ တိုးဂိတ်၊ လျှပ်စစ်ဓာတ်အားခွဲရုံတို့ကို ကျော်၍ အမြောက်တပ်အလွန်၌ သပြေဝလမ်းဆုံသို့ ရောက်ရှိသည်။ မိတ္ထီလာစက်မှုဇုန်နှင့် စီးပွားရေးတက္ကသိုလ်တို့ရှိသော သပြေဝသည် စတိုးဆိုင်၊ စားသောက်ဆိုင်၊ စက်သုံးဆီအရောင်းဆိုင် အစရှိသည်များ၊ ကျောင်းသူကျောင်းသား ခရီးသွားလာသူများ၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီစသည်များနှင့် စည်ကားလျက် ရှိနေသည်။

စာရေးသူတို့သည် လမ်းဆုံတွင် မိတ္ထီလာသို့သွားသော လမ်းကို မလိုက်ဘဲ သာစည်ဘက်သွားသော လမ်းအတိုင်း လိုက်လာခဲ့သည်။ ယခုလမ်းသည် မိတ္ထီလာဘက်မှ ခရီးမိုင်ရှည်လျားစွာ ကွေ့ပတ်မသွားရတော့ဘဲ သာစည်မြို့သို့ရောက်သော ဖြတ်လမ်းဖြစ်သည်။ ဤလမ်းဖြ
လာသောကြောင့် လမ်းကြောင်းပေါ်တွင်ရှိသော ရွှေစည်းခုံ
စေတီတော်၊ ကူဖြူသိမ်တော်၊ ရွှေယင်မှျော်စေတီတော်
မြတ်ကြီးတို့အား တပေါင်းတစည်းတည်း ဖူးမြော်နိုင်ခွင့်
ခဲ့လေသည်။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘူး
ကျေးရွာအုပ်စုသည် ဘူးရုံရွာ၊ ချောက်ခွဲရွာ၊ ကူဖြူရွာ
မကျီးကန်ရွာဟူ၍ လေးရွာတစ်အုပ်စုဖြစ်သည်။ ပုဂံခေ
အနော်ရထာမင်းလက်ထက် ရှင်အရဟံရဟန္တာမထေ
မြတ် သမုတ်တော်မူခဲ့သော ကူဖြူသိမ်နှင့် အင်းဝခေ
အမတ်ကြီး မင်းရာဇာ တည်ထားခဲ့သော ရွှေစည်းခုံစေ
တော်မြတ်တို့သည် ထိုဘူးရုံကျေးရွာအုပ်စုအတွင်း၌ တ
ရှိသည်။

သာစည်-သပြေဝ ကတ္တရာခင်းကားလမ်းသည်
ရုံကျေးရွာအုပ်စုနယ်မြေမှ ဖြတ်သွားသဖြင့်
စေတီတော်ကိုလည်းကောင်း၊ ကူဖြူသိမ်

www.burmeseclassic.com

www.burmeseclassic.com

ကောင်း လွယ်လင့်တကူ ဝင်ရောက်ဖူးမြော်နိုင်ပါသည်။ အင်းဝခေတ်က နန်းတွင်းပညာရှိအမတ်ကြီး မင်းရာဇာဖြစ်သည့် မောင်ဥက္ကာ (ခေါ်) စာတိုင်ညို၏ ဇာတိဌာနေ မွေးရပ်မြေမှာ ဝန်ဇင်းရွာ ဖြစ်သည်။

အမတ်ကြီး ကောင်းစားစဉ်အခါက မိမိနေထိုင်ဖူးသော ဝန်ဇင်းရွာချက်မြှုပ်ရာ ဝိုင်းမြေ၌ ပုဂံ ရွှေစည်းခုံဘုရား သာသနာ့မြေကိုယူ၍ ဌာပနာပြီး ရွှေစည်းခုံစေတီမှား တည်ထားခဲ့သည်။ ပုဂံရွှေစည်းခုံဘုရား ဘွဲ့တော်အတိုင်း ရွှေစည်းခုံဘုရားဟုပင် သမုတ်ခေါ်ဝေါ်ခဲ့သည်။ ယခုအခါ ဝန်ဇင်းရွာကို အရှေ့မြောက် ခပ်လှမ်းလှမ်းသို့ ရွှေ့ပြောင်းသွားပြီး ချောက်ခွဲရွာဟု ခေါ်တွင်လျက်ရှိသည်။

စာရေးသူတို့ ကားလေးက တရိပ်ရိပ်ပြေးနေသည်။ အရှေ့တွင် ပြာတလီ စိမ်းကားတချို့ရှိသော ရှမ်းရိုးမကြီးတွင် တိမ်လွှာများ သိုင်းခြုံလျက်ရှိသည်။ မိုးရာသီဖြစ်၍ မိုးခေါင်နှင့် တစ်ခွင်တစ်ပြင်လုံးတွင် ရှမ်းစိုစိမ်းလန်းနေပြီး နှမ်းလျှင်၊ ပဲတီစိမ်း၊ ပြောင်း အစရှိသော သီးပင်များ ဖြစ်ထွန်းလျက် ရှိသည်။

ရှေးဦးစွာ ဝန်ဇင်းမင်းရာဇာ တည်ထားသော ရွှေစည်းခုံစေတီတော်ကို ထန်းပင်၊ သစ်ပင်အုံ့အုံ့တို့ကြားက ရွှေရောင်တလက်လက် ကောင်းကင်သို့ ထိုးထွက်လျက်ရှိရာ ကားပေါ်မှပင် လှမ်းမြင်ဖူးမြော်နေရသည်။ ဉာဏ်တော်အမြင့် (၃၂)တောင်ရှိသော ယင်းစေတီအား ရွှေထီးတော်နှင့် ရွှေသင်္ကန်း ကပ်လှူထားသည်။ သာသနိကအဆောက်အအုံများ အပါအဝင် စေတီတော်ပရိဝုဏ်ကို မဟာရံအုတ်တံတိုင်းဖြင့် ကာရံထားသည်။ အဝင်တံခါးနံမှာ ကားလမ်းဘက်မှဖြစ်သဖြင့် လွယ်လင့်တကူဝင်၍ ဖူးမြော်ကြပါသည်။

ထို့နောက် ကားလမ်းအတိုင်း ဆက်သွား၍ တစ်ခဏခန့်အကြာတွင် ဗုဒ္ဓဂုဏ်ရှိန် ကူဖြူသိမ်ဟူသော ဆိုင်းဘုတ်သေးသေးလေးကို လက်ယာဘက်တွင် တွေ့ရသည်။ ဘူးရုံရွာသို့သွားသော ကျောက်ခံမြေခင်းလမ်းရှိ၍ ယင်းလမ်းအတိုင်း ဆင်းလာရာ ရှေ့တွင် လမ်းဘေးလက်ယာဘက်၌ ကူဖြူသိမ်ဦးစေတီတော် ကိန်းဝပ်လျက်ရှိသည့် သစ်ပင်အုံ့အုံ့ အဝန်းအဝိုင်းကို လှမ်းမြင်နေရသည်။

ကူဖြူသိမ်ဟု ခေါ်သော်လည်း သိမ်တည်နေရာကား ကူဖြူရွာနှင့် မနီးပေ။ ချောက်ခွဲရွာ၊ ဘူးရုံရွာ၊ မကျီးကန်


သိမ်ဦးစေတီတော်မြတ်

ရွာတို့နှင့်လည်း ကွာလှမ်းလျက်ရှိ၍ လယ်ကွင်းယာကွက်များအလယ် လွင်တီးခေါင်တွင် သီးခြားတည်ရှိနေသည်။ အုတ်တံတိုင်းကာရံထားသော ပရိဝုဏ်အတွင်းသို့ စာရေးသူတို့ကားလေး မောင်းဝင်သွားသောအခါ နေရာကားထင်ထားသည်ထက်ပင် ကျယ်ဝန်းလျက်ရှိကြောင်း တွေ့ရသည်။

သိမ်ဦးစေတီတော်၏ ခြေတော်ရင်း မနီးမဝေးတွင် ဘုန်းကြီးကျောင်းငယ်ကို မြင်သဖြင့် ကားထားခဲ့ပြီးသွားကြရာ ရဟန်းတစ်ပါးကို ဖူးတွေ့ရသည်။ စာရေးသူတို့ ရှိခိုးပြီးနောက် လှူဒါန်းဖွယ်ရာတို့ကို ဆရာတော်ထံ ဆက်ကပ်၍ အစ်ကိုက တပည့်တော်တို့ ရဟန္တာမထေရ်မြတ်ကြီး သမုတ်တော်မူခဲ့တဲ့ သိမ်နဲ့ သိမ်ဦးစေတီတော်မြတ်ကို ဖူးချင်လို့ သာဂရရွာက လာကြတာပါဘုရားဟု လျှောက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် သာဂရရွာဘုရားကြီးကျောင်း တိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဋ္ဌာန်းပွဲသို့ ကြွရောက်ဖူးသော ကူဖြူမဟာသိမ်တော်လေးကျောင်း ဆရာတော် ဦးအရိယာဝံသ ဖြစ်နေသည်။

ဆရာတော်သည် စာရေးသူတို့အား လက်ဖက်သည်ကြမ်း ခေါက်ဘူးနှင့် ပန်းကန်တို့ကို ချပေး၍ ရေနွေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်

သောက်ခိုင်းပြီး စီးကရက်ဆေးလိပ်နှင့်လည်း တည်ခင်းဧည့်ခံသည်။ စာရေးသူတို့ကို လောက၊ သာသနာ နှစ်ဖြာအကျိုး သယ်ပိုးဆောင်ရွက်တတ်ဖို့လိုကြောင်း မိန့်မှာ၍ ဆရာတော်က 'ဒီသိမ်တော်မြတ်နေရာမှာ လွန်ခဲ့တဲ့နှစ်ကာလ ကြာမြင့်စွာကတည်းက ဘုန်းကြီးတစ်ပါးတည်းနေပြီး သီတင်းသုံးလာခဲ့တာ သိမ်အနီးက လူတစ်ဖက်စာလောက် တုတ်တဲ့ ပေပင်ကြီးဆိုရင် သိမ်သမုတ်စဉ်က အမိဋ္ဌာန်ပြီး စိုက်ထားခဲ့တာ။ ယခုထိ အိုမင်းရင့်ရော်တယ်မရှိ၊ စိုပြည်နေဆဲပဲ။ သာသနိကအဆောက်အအုံဆိုတာလည်း အခုလို မတိုးပွားသေးလို့ ဝန်းခြံအကာအရံ မလုပ်ရသေးဘူးလေ'ဟု မိန့်ဆိုပါသည်။

စာရေးသူက 'အခုလို လူသူကင်းဝေးပြီး ဆိတ်ငြိမ်တဲ့ ရှေးဟောင်းသိမ်တော်ထဲမှာ အရှင်ဘုရားတစ်ပါးတည်း သီတင်းသုံးလာတဲ့ ထူးခြားမှုများ ရှိခဲ့ပါသေးလားဘုရား' ဟု လျှောက်ကြည့်သည်။

'ထူးတာပေါ့ ဒကာကြီး၊ ဒီတုန်းက ဘုန်းကြီးကလည်း မရင့်ကျက်သေးဘူးလေ။ သီလ၊ သမာဓိ၊ ပညာ အားကလည်း နည်းသေးတာဆိုတော့ သီအပ်,မသိအပ်၊ မြင်အပ်,မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ မနေစေချင်ဘူးလို့ နှင်လွှတ်တာနဲ့ တူပါရဲ့။ ဘုန်းကြီးကို အနှောင့်အယှက်ပေးစာ အနည်းအကျဉ်းရှိတာပေါ့။ နောက်တော့ အဲလို မရှိတော့ပါဘူး'ဟု မိန့်သည်။

ထို့နောက် ဆရာတော်သည် စာရေးသူတို့ကိုဦးဆောင်၍ သိမ်တော်တည်ရှိရာသို့ လိုက်လံပြသ၍ ကျောင်းထဲမှ ထွက်လာခဲ့ကြသည်။ ရှေးဦးစွာ သိမ်အနီးရှိ သိမ်တော်ဦးစေတီတော်ကို ထင်လင်းစွာ ဖူးလိုက်ရပြီး ခပ်စောစောက ဆရာတော်ပြောသော ပေပင်ကြီးကိုလည်း သိမ်တော်၏ တောင်ဘက်အနီးတွင် တွေ့မြင်ရသည်။

အနော်ရထာမင်းကြီးသည် မိတ္ထီလာကန်တော်ကြီးကို လာရောက်ဆည်ဖို့စဉ်က ရှင်အရဟံဦးဆောင်သော မထေရ်ကြီးကိုးပါး၊ ရဟန္တာမထေရ်ငယ် ဆယ့်ခြောက်ပါးတို့ဖြင့် မိတ္ထီလာနယ်တစ်ဝိုက်တွင် သိမ်ကိုးသိမ်ကို တစ်ပြိုင်တည်း သမုတ်တော်မူသည်။

ယင်းသိမ်များကား-

(၁) ပဲသီတာသိမ်တော်၊
(၂) ကတ္တူကုံသိမ်တော်၊
(၃) ဝက်ကျောက်သိမ်တော်၊
(၄) ရှင်ပင်ကူသိမ်တော်၊
(၅) သားဖန်းသိမ်တော်၊
(၆) ကလိမ်ခြေသိမ်တော်၊



ကူဖြူမဟာသိမ်တော်ကျောင်းဆရာတော်
ဦးအရိယာဝံသ

www.burmeseclassic.com

www.burmeseclassic.com

(၇) ကူဖြူသိမ်တော်၊
(၈) ကုန်းတောင်းသိမ်တော်၊
(၉) ထီးသုံးဆင့်သိမ်တော်..တို့ ဖြစ်ကြသည်။

သိမ်ကိုးသိမ်ကို လက်ယာရစ် လှည့်ပတ်မည်ဆိုလျှင် ပဲသီတာသိမ်ကို စတင်ပြီး တွေ့ရပါမည်။ ပဲသီတာသိမ်မှာ မြင်းကန်ကျေးရွာအုပ်စု၊ ဆည်ကုန်းကျေးရွာအနီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းတွင် တည်ရှိသည်။ ပဲသီတာသိမ်ကို ရဟန္တာ ရှင်စုန္ဒက ကြီးကြပ်တော်မူခဲ့သည်။

ကတ္တူကုံသိမ်မှာ မွေအုပ်စု၊ အိုမတွေ့ကျေးရွာအရှေ့ဘက် သိမ်တော်ကုန်းတွင် တည်ရှိသည်။ ယခင်က သွားလာရန် ခက်ခဲသော်လည်း ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတွင်ရှိသဖြင့် သွားလာရန် လွယ်ကူလျက်ရှိသည်။ ကတ္တူကုံသိမ်ကို ရဟန္တာရှင်ရဋ္ဌက ကြီးကြပ်တော်မူခဲ့သည်။

ဝက်ကျောက်သိမ်သည် ညောင်ပင်လှိုကျေးရွာအုပ်စု ဝက်ကျောက်ရွာမြောက်ဘက်တွင် တည်ရှိသည်။ ဝက်ကျောက်သိမ်ကို ရဟန္တာအရှင်ဗာကုလက ကြီးကြပ်တော်မူခဲ့သည်။

ရှင်ပင်ကူသိမ်ကား ရွာမအုပ်စု ရှင်မြို့ရွာအနီးတွင် တည်ရှိသည်။ ရှင်ပင်ကူသိမ်ကို ရဟန္တာရှင်မောဂ္ဂလိကြီး


ဓမ္မာရုံကြီးကို အနီးကပ်မြင်ရစဉ်


သိမ်တော်အတွင်းရှိ ရှင်အရဟံပုံတော်

ကြပ်တော်မူခဲ့သည်။

သားဖန်သိမ်မှာ မိတ္ထီလာမြောက်ဘက် ငါးမိုင်ကွာ မိတ္ထီလာ-ပင်းတလဲသွား ကားလမ်းဘေး သားဖန်းတောင်ရွာ၏ မြောက်ဘက်ကုန်းတွင် တည်ရှိသည်။ သားဖန်းသိမ်၏ ထူးခြားချက်မှာ ရှေးမူမပျက် ဘုံငါးဆင့်တန်ဆောင်းနှင့် စေတီတော်အတွင်းရှိ ရုပ်ပွားတော်မှာလည်း ပုဂံလက်ရာဖြစ်သည်။ သားဖန်သိမ်ကို ရှင်အရဟံမထေရ်မြတ်ကြီး ကိုယ်တော်တိုင် ကြီးကြပ်ခဲ့သည်။

ကလိမ်ခြေသိမ်သည် ကျောင်းရွာအုပ်စု လေးထောင့်ကန်ကျေးရွာအနီးတွင် တည်ရှိသည်။ ကလိမ်ခြေသိမ်ကို ရဟန္တာအရှင်မြတ် ဓမ္မိက ကြီးကြပ်တော်မူခဲ့သည်။

ကူဖြူသိမ်ကား ဘူးရုံကျေးရွာအုပ်စု ကူဖြူကျေးရွာအနီးတွင် တည်ရှိသည်။ ယခုအခါ သာစည်-သပြေဝ ကားလမ်းဘေး ဝန်ဇင်းမင်းရာဇာ တည်ထားသော ရွှေစည်းခုံစေတီတော်မြတ်၏ အနောက်တောင်ယွန်းယွန်း မနီးမဝေးတွင် တည်ရှိ၍ သာစည်မြို့နယ်အတွင်း၌ ပါဝင်သည်။ ကူဖြူသိမ်ကို ရဟန္တာရှင်ရေဝတ ကြီးကြပ်တော်မူခဲ့သည်။

ကုန်းတောင်းသိမ်မှာလည်း သာစည်မြို့နယ်အတွင်း ပါဝင်၍ ကုန်းတောင်းအုပ်စု ကုန်းတောင်းကျေးရွာများ

www.burmeseclassic.com

www.burmeseclassic.com



သိမ်ဦးစေတီတော်မြတ်နှင့် သိမ်တော်

အနီး တည်ရှိသည်။ ကုန်းတောင်းသိမ်ကို ရဟန္တာအရှင်မြတ် ရှင်ယသ ကြီးကြပ်တော်မူခဲ့သည်။

ထီးသုံးဆင့်သိမ်ကား အလယ်သိမ်ဖြစ်၍ မိတ္ထီလာ-မြင်းခြံသွား ကားလမ်းဘေး ရွှေမြင်မိစေတီတော်ဝင်း အတွင်း မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်တွင် တည်ရှိသည်။ ထီးသုံးဆင့်သိမ်ကို ရဟန္တာရှင်နန္ဒ ကြီးကြပ်တော်မူခဲ့သည်။ သိမ်ကိုးသိမ်ကို တစ်သိမ်နှင့်တစ်သိမ် အဖြောင့်ယူလျှင် နှစ်မိုင်ခန့်သာ ကွာဝေးသည်။ သိမ်တိုင်းတွင် သိမ်ဦးစေတီရှိ၍ အရှေ့သို့ မုခ်လှည့်တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာအစ ရွှေတိဂုံဘုရား၊ သာသနာတော်အစ အနော်ရထာမင်းကဟု ဆိုစမှတ်ပြုကြကုန်ရာ ထိုမင်းလက်ထက် သက္ကရာဇ်(၄၁၆)ခုနှစ်က ရှင်အရဟံမထေရ်မြတ်သည် မိတ္ထီလာနယ်သို့ ကြွရောက်၍ မိတ္ထီလာကန်အထက် သိမ်လေးသိမ်၊ ကန်အောက်၌ သိမ်လေးသိမ်နှင့် မြို့လယ်သိမ်တစ်သိမ်၊ သိမ်ကိုးသိမ်တို့ကို တစ်ပြိုင်တည်း သမုတ်တော်မူသည်။

ပုဂံပြည်သို့ ရှင်အရဟံ ကြွရောက်တော်မူလာပြီးနောက် စစ်မှန်သော ပိဋကတ်တော်များလည်း ရောက်ရှိလာရာ ထိုစဉ်ကမှစ၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာအဖြစ် စတင်တွယ်ကပ်လာခဲ့သည်။ အမြစ်ရှိမှ ပင်စည်၊ အကိုင်း၊ အခက်၊ အသီး၊ အပွင့်တို့ ဖြစ်လာသကဲ့သို့ ပရိယတ္တိသာသနာရှိမှ ပဋိပတ္တိသာသနာဖြစ်နိုင်၍ ပဋိပတ္တိသာသနာရှိမှ ပဋိဝေဓသာသနာ ပေါ်ပေါက်လာမည် ဖြစ်သည်။

အလုံးစုံသော သာသနာဖြစ်မြောက်၍ တည်တံ့ခိုင်မြဲရန်အတွက် ပိဋကတ်တော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လေ့လာဆည်းပူးခြင်း၊ တိုးတက်ပွားများလာအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ရာ ရဟန်းသံဃာတော်တို့၏ အခန်းကဏ္ဍသည် အဓိကကျလာသည်။ ထို့ကြောင့် စစ်မှန်သော ရဟန်းသံဃာတော်များ ပေါ်ထွန်းလာဖို့ သိမ်များရှိရန် လိုအပ်လာသည်။ ထို့ကြောင့် အနော်ရထာမင်းသည် ပုဂံအနီးတစ်ဝိုက် ရှင်အရဟံ၏ ဦးဆောင်မှုဖြင့် သိမ်များသမုတ်တော်မူရာ-

<u>ပုဂံ၏ အရှေ့ဘက်တွင်</u>-

(၁) ရွှေစည်းခုံပရိဝုဏ်အတွင်းရှိသိမ်တော်၊

(၂) ပုဂံမှ တစ်ယူဇနာဝေးသော ငါသရောက်သိမ် တော်၊

(၃) ဇီးဂျမ်းရွာသိမ်တော်၊

(၄) တစိုးမလည်ရွာသိမ်တော်၊

(၅) နွားထိုးကြီးနှင့် ကျောက်ပန်းတောင်းကြားရှိ သိမ်တော်၊

(၆) တောင်သာမြို့နယ် ကျောက်ဆောက်သိမ်တော်။

<u>ပုဂံမှ တောင်သို့ တစ်ယူဇနာအကွာတွင်ရှိသော</u>-

(၁) ကွမ်းဖလားသိမ်တော်၊

(၂) ကျောက်ပန်းတောင်းမြို့အနီးရှိ နှစ်ကျပ်ခွဲသိမ်တော်၊

(၃) ထန်းပေါက်ကုန်းသိမ်တော်၊

(၄) လက်ယားသိမ်တော်၊

<u>ပုဂံ၏ မြောက်ဘက်တွင်</u>-

(၁) ညောင်ပင်လှသိမ်တော်၊

(၂) အိုင်ရှေဦးစကန်သိမ်တော်၊

(၃) ရေကြည်သိမ်တော်၊

(၄) ကူရွာသိမ်တော်။

<u>မန္တလေးမြို့တွင်လည်း ရှင်အရဟံ သမုတ်တော်မူခဲ့သော သိမ်လေးသိမ်ရှိရာ</u>-

(၁) ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ် ပြည်ကျောင်းတိုက်အတွင်းရှိ သန်းခေါင်ယံသိမ်တော်၊

(၂) အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ် (၁၁)လမ်းရှိ နေဝင်သိမ်တော်၊

www.burmeseclassic.com

www.burmeseclassic.com

(၃) ပုသိမ်ကြီးမြို့နယ်၊ အောင်ပင်လယ်ဘိုတက်ကုန်းရှိ နေထွက်သိမ်တော်၊
(၄) ချမ်းအေးသာဇံမြို့နယ် ပြင်ဦးလွင်ကားလမ်းအနောက်ဘက် ကန်ကောက်ရွာရှိ မွန်းတိမ်းသိမ်တော်တို့ကို သမုတ်တော်မူခဲ့သည်။

ပုဂံပြည်တွင် သက္ကရာဇ်(၃၇၉)ခုနှစ်၌ နန်းတက်သော အနော်ရထာမင်းမတိုင်မီက နတ်၊ နဂါးနှင့် အရည်းကြီးတို့ကို ကိုးကွယ်ခဲ့ကြသည်။ သထုံမှ ရှင်အရဟံ ကြွသာတော်မူပြီးနောက် ပိဋကတ်သုံးပုံသည်လည်း ရောက်ရှိလာကာ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားလာလေသည်။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တို့သည် သိမ်ထဲမှ ဖြစ်ပေါ်လာကြသော ဘုရားသားတော်များဖြစ်သည်။ သိမ်မရှိလျှင် ရဟန်းသံဃာတော်များ ပေါ်ပေါက်လာမည် မဟုတ်သလို သိမ်မအောင် သိမ်မမြောက်လျှင်လည်း ရဟန်းသံဃာစစ်စစ် ဖြစ်လာမည် မဟုတ်ချေ။

ရှင်အရဟံမထေရ်မြတ်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် ရဟန်းသံဃာတော်များ ပေါ်ပေါက်လာစေရန် သိမ်များကို သမုတ်တော်မူသည်။ ရှေးဦးစွာ ပုဂံအနီးတစ်ဝိုက်၌ စတင်သမုတ်ပြီး သက္ကရာဇ်(၄၁၆) ခုနှစ်သို့ ရောက်သောအခါ မိတ္ထီလာနယ် သိမ်ကိုးသိမ်ကို သမုတ်တော်မူခြင်း ဖြစ်သည်။


သိမ်ဦးစေတီတော်ရှိ အရှေ့သို့မှန်ပေါက်လှည့် ရုပ်ပွားတော်မြတ်


ဘုရားဖြစ်စဉ်ရှိခဲ့ဖူးသော ပေပင်ကြီး

သိမ်ကိုးသိမ်တို့၌ သိမ်ဦးစေတီအသီးသီးရှိ၍ စေတီတော်တို့၏မုခ်ပေါက်ကို အရှေ့သို့ချည်း လှည့်ထားသည်။ ထိုသိမ်ကိုးသိမ်ကို တစ်နေ့တည်းအပြီး ဖူးမြော်အဓိဋ္ဌာန်ဝင်ပါက အကျိုးအလွန်ထူးကြောင်း သိရသည်။ ဆွမ်းမှာ ပိဏ်၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ် ဟူသော စကားအရ ပိဏ္ဍပါတ်ဆွမ်းလှူဒါန်းခြင်း၊ ကထိန်သင်္ကန်းလှူခြင်းနှင့် သိမ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်းတို့သည် အမြတ်ဆုံးဟု ဆိုကြကုန်သည်။

ဆရာတော်ဦးဆောင်၍ စာရေးသူတို့ သိမ်အဆောက်အအုံအတွင်း ဝင်ခဲ့ကြသည်။ သိမ်အတွင်း တောင်ဘက်ထိပ်၌ ပုဂံခေတ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရှင်အရဟံ ရဟန္တာမထေရ်မြတ် ရုပ်ပွားတော်ကို ပူဇော်ထားသည်။ သက္ကရာဇ်(၁၃၅၉)ခုနှစ်၊ တပေါင်းလဆုတ် (၁၄)ရက်၊ ကြာသပတေးနေ့က ဗုဒ္ဓရုပ်ပွားတော်၌ ပျားများလာစွဲ၍ (၁၃၆၀)ပြည့်နှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့တွင် ပြန်လည်ပျံသန်းသွားကြသည်ဟု သိရသည်။

သိမ်တော်အတွင်း၌ အသံမစဲ မဟာပဋ္ဌာန်းပွဲ ကျင်းပထားသော နောက်ခံစာတန်းများကို တွေ့ရသည်။ ဆရာ

www.burmeseclassic.com

တော်အား လှျောက်ထားမေးမြန်းကြည့်ရာ နှစ်စဉ် တပေါင်းလပြည့်မှစ၍ ငါးရက်တိုင် ရွှတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြကြောင်း ပြောသည်။ သိမ်တော်နှင့်ကပ်လျက် အနောက်ဘက်တွင် အရှေ့သို့ မုခ်လှည့်ထားသော သိမ်ဦးစေတီတော်ရှိ၍ မုခ်အတွင်း၌ ပုဂံလက်ရာ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူလျက် ဖူးတွေ့ရသည်။

သိမ်တော်၏ အရှေ့တောင်ဘက်အနီးတွင် သိမ်သမုတ်စဉ်ကတည်းက အမိဋ္ဌာန်၍ စိုက်ခဲ့သည်ဆိုသော ပေပင်ကြီးတစ်ပင်ရှိသည်။ ရွှေစည်းခုံနောက်တောင် ခွေးတဟောင်၊ သိမ်တော်ကဆင်း ပေပင်ရင်း ရွှေကိုးတင်း ငွေကိုးတင်းဟူသော ရေးက စကားရှိခဲ့ဖူးသည်။ ရေးကသစ္စာ၊ သမာဓိရှိသူများ ပေရွက်ကိုချိုးပြီး နားတွင် ပန်ဆင်သွားလျှင် ရွှေအတိဖြစ်သွားသည်ဟုလည်း အဆိုရှိသည်။

ကျောင်းဝင်းပရိဝုဏ်အတွင်း၌ အရိပ်ရ သစ်ပင်များ၊ မမွာရုံ၊ ဆွမ်းစားကျောင်း၊ မီးစက်ရုံ၊ ရေစင် အစရှိသည့် သာသနိကအဆောက်အအုံများနှင့် စိုပြည်လျက်ရှိသည်။ ဆိတ်ငြိမ်အေးချမ်းမှုတွင် ကျေးငှက်သာရကာတို့က တစ်ပင်မှတစ်ပင်သို့ ပျံဝဲတွန်ကျူးလျက် တစ်ကိုင်းမှတစ်ကိုင်း ကူးလူးပျော်မြူးနေကြသည်။

ထနောင်းပင်ရိပ်အောက်တွင် ဆရာတော်အား စာရေးသူတို့မှ ဦးချကန်တော့ပြီး ရွှေယင်မျှော်ဘုရားသို့ သွားရောက်ဖူးမြော်ရန် ကားမောင်း၍ ထွက်လာခဲ့ကြသည်။

စာရေးသူလည်း ကားလမ်းပေါ်ရောက်မှ ကူဖြူသိမ်တော်လေးကျောင်းဆီကို တစ်ကျော့ပြန်ကြည့်လိုက်မိသေးသည်။ ဗုဒ္ဓဂုဏ်ရှိန် ကူဖြူသိမ်ပါတကား။ သူတော်စင်တို့ ပျော်စံဆိတ်ငြိမ် ရှင်အရဟံရဟန္တာမထေရ်မြတ် သမုတ်တော်မူခဲ့သော ကူဖြူသိမ်ပါတကား။

**အာကာသ(သာစည်)**

<u>**မှီငြမ်း**</u>

* ဒေါက်တာကျော်ဝင်း (အနော်ရထာမင်းစော အနိရုဒ္ဓ)။
* အင်တာနက်မှတ်စုများ။
* ကူဖြူသိမ်တော်သို့ (၉-၃-၂၀၁၆)ရက်နေ့တွင် တစ်ကြိမ်၊ (၂၁-၁၁-၂၀၁၆)ရက်နေ့တွင်တစ်ကြိမ် သွားရောက်ဖူးမြော်သည်။


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)‥ စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂

# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်မြို့က်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၁

# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄



# ဇော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




# နန္ဒာစိုး (ဆင်ဖြူကျွန်း)

## သုမိတ္တာနိဒါန်းအစ အန္တိမယသော်ရော

(ပင်ကိုရေး မမှုရသ အခန်းဆက်ဝတ္ထုရှည်)

ခင်းလမှအဆက်)

(၃၁)

မိဂဒါဝုန်တောအုပ်တွင် ပဥ္စဝဂ္ဂီ(၅)ဦးတို့အား ဓမ္မ ...ရားဦး ဟောပြောခြင်းမှ စတင်ခဲ့သော မြတ်စွာ ... သာသနာတော်သည် မိဂဒါဝုန်မှသည် ဥရု ...ကိုမှတစ်ဆင့် ရာဇဂြိုဟ်ပြည်၊ ကပိလဝတ်ပြည်၊ ...ပြည်တို့သို့တိုင် နယ်မြေအနှံ့ ထိုးဖောက်ပျံ့နှံ့ခဲ့ ... ောင်ကျချောင်းရေအလျဉ်အလား တစ်ရှိန်ထိုး

ဖြစ်သည်။ နှစ်အနည်းငယ်အတွင်းမှာပင် နောက်လိုက် သံဃာတော် ရဟန္တာပေါင်း နှစ်သောင်းကျော်ဖြင့် သံဃာ့ အဖွဲ့အစည်းကိုလည်း ထူထောင်နိုင်ခဲ့ပြီ။ ဆွေတော် မျိုး

www.burmeseclassic.com

တော်များကိုလည်း လောကုတ္တရာချမ်းသာဖြင့် ချီးမြှောက်နိုင်ခဲ့ပြီ။ ဘုရားရှင်၏ သာသနာတော်ဝယ် ဘုရား၊ တရား၊ သံဃာဆိုသော ရတနာသုံးတွေ စုံညီခဲ့လေပြီ။

သို့ရာတွင် ထိုသို့ ရတနာသုံးပါး စုံညီခဲ့ပြီးချိန်အထိပင် မြတ်စွာဘုရား၏ သာသနာတော် မရောက်ရှိ မထွန်းကားသေးဘဲ ကတ်သီးကတ်သပ် ကြားချောင်ကျန်ရစ်နေခဲ့သော တိုင်းပြည်ကလည်း ရှိသေး၏။ ထိုပြည်ကား ဝေသာလီပြည်ဖြစ်၏။ စင်စစ်၌ ဝေသာလီသည် ရာဇဂြိုဟ်ပြည်နှင့်တွက်သော် ကိုးယူဇနာသာ ဝေးကွာ၏။ သာဝတ္ထိတို့၊ ကပိလဝတ်တို့လောက်ပင် ဝေးသည်မဟုတ်။ သာဝတ္ထိနှင့် ရာဇဂြိုဟ်သည် (၄၅)ယူဇနာ၊ ကပ်လဝတ်နှင့် ရာဇဂြိုဟ်သည် ယူဇနာ(၆၀) ဝေးကွာကြသည် မဟုတ်လော။ ဝေသာလီကား ရာဇဂြိုဟ်နှင့် (၉)ယူဇနာသာ ဝေး၏။ နှစ်ပြည်ထောင်ကြား၌ ဂင်္ဂါမြစ် ခြားနေခြင်း တစ်ခုသာ သွားလာရေး လမ်းခရီး အနှောင့်အယှက်ရှိ၏။

ဝေသာလီတွင် မြတ်စွာဘုရား၏သာသနာ မထွန်းကားသေးသော်လည်း ဗြာဟ္မဏသာသနာနှင့် တိတ္ထိယတို့၏ သာသနာမှု ရေးရိုးအတိုင်း ရှိနေပြီးဖြစ်သည်။ တိုင်းပြည်ငယ် တစ်ခုအဖြစ်နှင့် စည်ပင်ဖွံ့ဖြိုးရာတွင်လည်း ရာဇဂြိုဟ်တို့၊ သာဝတ္ထိတို့နှင့် အပြိုင်ပင်ဖြစ်၏။ ဤသို့ ခေတ်ပြိုင်ထွန်းကား စည်ကားနိုင်ခြင်းမှာ ဝေသာလီ၏ ထူးခြားသော အုပ်ချုပ်ရေးစနစ်ကြောင့်ဖြစ်သည်။ ဆိုရလျှင် ဝေသာလီသည် ရာဇဂြိုဟ်တို့၊ သာဝတ္ထိတို့ကဲ့သို့ ဘုရင် တစ်ပါးက အုပ်ချုပ်သော ပဒေသရာဇ်စနစ် လွှမ်းမိုးရာမဟုတ်။ အပရိဟာနိယဓမ္မဖြင့် ချုပ်ကိုင်ချီတက်သောပြည်ဖြစ်သည်။ အပရိဟာနိယဓမ္မစနစ်သည် နောင်တစ်ချိန် လူသားတို့လောကတွင် ထင်ရှားလာမည့် ဒီမိုကရေစီစနစ်မျိုး ဖြစ်သည်။ အပရိဟာနိယဓမ္မတွင် အချက်(၇)ချက်ပါဝင်၏။

အများရွေးချယ်ခြင်း ခံရသူက နိုင်ငံကို အုပ်ချုပ်ရသော စနစ်တွင်-

(၁) ဆန္ဒပေးခွင့်ရှိသူများ စည်းဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ခြင်း၊

(၂) သတ်မှတ်အရေအတွက်ပြည့်မီအောင် တက်ရောက်သော အစည်းအဝေးက ဆုံးဖြတ်ခြင်းသာဖြစ်ရခြင်း၊

(၃) အစည်းအဝေး ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်း၊

(၄) ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများကို မကျော်လွန်ခြင်း၊

(၅) တရားလက်လွတ် အနိုင်ကျင့်ဝါဒကို မကျင့်သုံးခြင်း၊

(၆) ယုံကြည်မှုအရ လွတ်လပ်စွာ ပြောဆိုတင်ပြခြင်းနှင့် ထိုပြောဆိုတင်ပြချက်ကို အားလုံးက အလေးအနက်ထားခြင်း၊

(၇) ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရာတွင် ရက္ခာဝရဏပတ္တိအရ တရားသဖြင့် ဖြစ်ရလေအောင် ကာကွယ်စောင့်ရှောက်သောအားဖြင့် အကောင်အထည်ဖော်ခြင်း စသည့် ခုနစ်ချက် ပါဝင်လေသည်။

ဝေသာလီသည် ဤအချက် ခုနစ်ချက်ဖြင့် ချီတက်သောပြည်ဖြစ်၍ စည်ပင်ဖွံ့ဖြိုးခြင်းဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းကာလတွင် လောကဓံတရားများအတိုင်း အပရိဟာနိယဓမ္မကို ကျင့်သုံးခြင်း အားနည်းချို့ယွင်းလာသဖြင့် ဝေသာလီပြည်သည် ပျက်စီးယိုယွင်းလာ၏။ ပထမဦးစွာ အစာရေစာ ရှားပါးငတ်မွတ်ခြင်း၊ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်လာသည်။ ထို့ကြောင့် အစာရေစာ မပြည့်စုံသော ဆင်းရဲသားအများက ငတ်မွတ်သေကျေကြ၏။ ထိုအခါ သူသေကောင်များကို ထိုခေတ်က စနစ်အတိုင်း မြို့ပြင်သို့ စွန့်ပစ်ကြ၏။ များပြားလှစွာ အလောင်းချင်းထပ်နေသော သူသေကောင်များမှ ထွက်ရှိလာသည့် စက်ဆုပ်ဖွယ် အပုပ်နံ့ဆိုးများကြောင့် ဘီလူးတို့သည် ဝေသာလီပြည်တွင်းသို့တိုင် ဝင်ရောက်လာကြကာ လူတို့ကို နှိပ်စက်ကလူ ပြုကြလေတော့သည်။ ဤဘေးကို အမနုဿဘီလူးဘေးဟု ခေါ်၏။

အလိုလိုကမှ အစာရေစာ ငတ်မွတ်သည့်ဘေးကို ရင်ဆိုင်နေရဆဲ မြွေပူရာကင်းမှောင့်ဆိုသလို ဘီလူးတို့၏ ဘေးကလည်း ထပ်ဆင့်လာပြန်ရာ လူတို့သည် အသေအပျောက် ပိုများလာ၏။ ပိုများလာ၍ ပိုစွန့်ပစ်၊ ဘီလူးတို့က ပိုဝင်ရောက်လာကာ နှိပ်စက်ဖြင့် လုံးလည်ချာလည်လိုက်နေဆဲမှာပင် အဟိဝါတဟုခေါ်သော ယဉ်းနာကူးစက်ရောဂါလည်း ဖြစ်ပွားလာပြန်၏။ လူတို့သည် မ... နိုင် မအိပ်နိုင်ဖြင့် ကျန်းမာရေး ချွတ်ခြုံကျနေကြသောကြောင့် အလွန်အသေအပျောက်မြန်သော ကူးစက်ရော... သည် ရောဂန္တရကပ်ကြီးအသွင်သို့ ကူးပြောင်းလ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြည်လုံး ချောက်ချားကြလေပြီ။

လိစ္ဆဝီမင်းတို့သည် ထိုပြဿနာအတွက် အုပ်ချုပ်သူက မင်းကျင့်တရားနှင့် မညီသောကြောင့်ဟု ယူဆကြ၏။ သို့ရာတွင် အုပ်ချုပ်သူ ဘုရင်မင်းမြတ်ကလည်း သူသည် တရားနှင့်အညီသာ အုပ်ချုပ်နေခြင်းဖြစ်သည်။ မှန်,မမှန် အများက စစ်ဆေးနိုင်သည်ဟုဆို၏။ ထို့ကြောင့် ပြည်သူအများက ဘုရင်မင်းမြတ်၏ အုပ်ချုပ်ရေးကို အစမှအဆုံးတိုင် စိစစ်ကြ၏။ မှန်သည်။ ဘုရင်သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်နေသည်သာဖြစ်ကြောင်း တွေ့ကြရ၏။ ဤဘေးဒုက္ခတို့သည် လက်ရှိမင်း၏ အုပ်ချုပ်ရေးနှင့် မည်သို့မျှမပတ်သက်။ ထိုအခါ ဤဘေးကြီးသုံးပါးကို ငြိမ်းအေးအောင် မည်သို့ဆောင်ရွက်ကြမည်နည်းဟု အချင်းချင်း စည်းဝေးတိုင်ပင်ကြရပြန်လေတော့သည်။

'လိစ္ဆဝီတို့..လောက၌ ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းနေပြီဟု ကြားသိရသည်။ ထိုမြတ်စွာဘုရားသည် ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အနန္တ ရှိသည်ဟုဆို၏။ ထိုမြတ်စွာဘုရားရှင်၏ ဘုန်းတန်ခိုးအာနုဘော်သည်သာ ငါတို့အတွက် အားကိုးရာကြီး ဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။ ငါတို့သည် ဝေသာလီပြည်သို့ မြတ်စွာဘုရားအား ပင့်ဆောင်ကြ၍ဆို၍ ရှိခိုးပူဇော်ကာ သူ၏တရားမေတ္တာတို့ကို နာကြားကြအံ့။ မြတ်စွာဘုရားမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ငါတို့ပြည်၏ ဘေးကြီးသုံးမျိုးကို ပျောက်ကင်းအောင် ဆောင်ရွက်ပေးနိုင်မည့်သူ မရှိနိုင်တော့ပြီ'

လိစ္ဆဝီတို့သည် ဘုရင်မင်းမြတ်၏ ယုံအဆိုကိုထောက်ခံသဘောတူကြ၏။ သို့ရာတွင် သူတို့သည် မြတ်စွာဘုရား၏ သစ္စာလေးပါးတရားကို နာကြားဖူးသူများ မဟုတ်ကြ။ ဘုရားရှင်၏ အနတ္တဝါဒ ဆိုသည်ကိုလည်း လေ့သံမျှပင် ကြားဖူးခဲ့ကြသူများ မဟုတ်ကြ။ မြတ်စွာဘုရားအား ဘုန်းကံရှင်၊ တန်ခိုးရှင် တစ်ပါးအဖြစ်သာ အားကိုးအားထားပြုကြခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ ဝေသာလီပြည်သားတို့သည် မြတ်စွာဘုရားရှင်၏ သတင်းကို စုံစမ်းကြသောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိကြောင်း သိရှိသွားကြသည်နှင့် ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက်ကြကာ ဘုရားရှင်အား ဝေသာလီပြည်သို့ ပင့်ဆောင်လိုပါကြောင်း အနူးအညွတ် တောင်းပန်ကြ၏။ ဗိမ္ဗိသာရမင်းကလည်း သောတာပန်ပုဂ္ဂိုလ်ပင် မဟုတ်လော။ ဝေသာလီပြည်၏ ဘေးဆိုးကြီး သုံးမျိုးကို ကာကွယ်နိုင်၊ ငြိမ်းအေးနိုင်ရန်အလို့ငှာ အားတက်သရောပင် အကူအညီပေးလေသည်။ သို့နှင့် ဘုရားရှင်အား ဝေသာလီပြည်သို့ ပင့်ဆောင်ကြ၏။ ဘုရားရှင်သည် အနန္တကရုဏာတော်ရှင် ဖြစ်သည်နှင့်အညီ ဝေသာလီသို့ ပင့်ဆောင်ခြင်းကို လက်ခံတော်မူ၏။

'ချစ်သားအာနန္ဒာ..သင့်အား ရတနသုတ္တန်ကို ငါ သင်ကြားပေးအံ့။ သင်သည် ဤရတနသုတ္တန်ကို ဗလိနတ်စာ ပူဇော်ဖွယ် အသီးသီးယူဆောင်လျက် လိစ္ဆဝီမင်းသားတို့နှင့်အတူ ဝေသာလီပြည်၏ တံတိုင်းသုံးထပ်ကြား၌ လှည့်လည်၍ ပရိတ်အရံအတားကို ပြုလုပ်ရမည်'

မြတ်စွာဘုရားသည် ညီတော် အာနန္ဒာ မထေရ်ကို ရတနသုတ္တန်ကို သင်ကြားပေး၏။ ဝေသာလီပြည်သို့ ရောက်လျှင် အရှင်အာနန္ဒာ မထေရ်သည် ဘုရားရှင် သင်ကြားပေးတော်မူသည့် ရတနသုတ်ပရိတ်တော်ကို ဌာန်ကရိုဏ်းပီသစွာ နှုတ်တက်ရွရွ ရွတ်ဆိုတော်မူ၏။ ထိုသို့ရွတ်ဆိုချိန်တွင် မြတ်စွာဘုရား၏ သပိတ်တော်ဖြင့် ရေအပြည့်ထည့် သယ်ဆောင်ကာ ဝေသာလီပြည်၏ မြို့တော်လမ်းများတစ်လျှောက် ပက်ဖျန်းလျက် လှည့်လည်တော်မူလေသည်။ ဤနည်းအားဖြင့်ပင် ဝေသာလီပြည်၌ ကပ်ရောဂါများ၊ ဘေးဆိုးအန္တရာယ်များ လွတ်မြောက်ကင်းစင်သွားကြ၏။

သို့ရာတွင် မြတ်စွာဘုရားသည် ဝေသာလီပြည်မှ ရုတ်ခြည်း ပြန်လည်ကြွချီခြင်းမပြု။ လတ်တလောဆိုက်ရောက်နေသော ဘေးကြီးသုံးမျိုးကို ဖယ်ရှားပြီးသည့်တိုင် ဝေသာလီမြေပြင်၌ ဓမ္မပန္နက်စိုက်ထူရန် ဗုဒ္ဓတာဝန်တစ်ရပ် ကျန်နေသေး၏။ ဝေသာလီပြည်သူပြည်သားတို့ကား သူတို့ခံစားနေရသော ဘေးကြီးသုံးသွယ် ကင်းစင်ပပျောက်ပြီ ဆိုကတည်းက မြတ်စွာဘုရားကို ညွတ်နူးသက်ဝင်နေကြပေပြီ။ မြတ်စွာဘုရားသည် ရလာသော အခြေအနေနှင့် အချိန်အခါကို ကောင်းစွာအသုံးချ၏။ ဝေသာလီပြည်၏ မြို့တော်အလယ် လွှတ်တော်ရုံးစိုက်ရာ ခန်းမဆောင်၌ ရတနသုတ်ပရိတ်တော်ကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူ၏။

ထိုတရားပွဲ၏ အကျိုးအမြတ်ကား တရားပွဲ ခုနစ်

www.burmeseclassic.com

www.burmeseclassic.com

ရက်စေ့၍ ပြီးဆုံးချိန်တွင် ပရိသတ်ပေါင်း ငါးသိန်း ရှစ်သောင်း ရှစ်ထောင်တို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြကာ ကျွတ်တမ်းဝင်သွားကြခြင်းပင် ဖြစ်၏။ ဘုရားရှင်သည် ဝေသာလီပြည်တွင်လည်း သူ၏ သာသနာတော်ကို အောင်မြင်စွာ ဖြန့်ချိနိုင်ခဲ့ပါလေပြီ။

◆ ◆ ◆

(၃၂)

ကျက်သရေတိုက်ခန်းဆောင်၏ အပြင်ဘက်တွင် နေခြည်သည် တောက်ပလင်းမြလျက်ရှိသည်။ ပြတင်းမှတစ်ဆင့်မြင်နေရသော ထိုနေအလင်းရောင်ကပင် မကြာမီ မွန်းတည့်ချိန်ကိုရောက်တော့မည်ဟု အသိပေးနေသယောင်ပင်။

ယသော်ဓရာဒေဝီသည် နေ့လယ်စာ (သို့မဟုတ်) နံနက်အစာစာ မဟုတ်သော ဒုတိယအကြိမ် နံနက်စာ စားသောက်ခြင်းကို လက်စသတ်လိုက်သည်။ အချိုတည်းသည့်အနေဖြင့် နောက်ဆုံးစားလိုသော သစ်သီးစိတ်သုံးစိတ်သည် ယနေ့အဖို့ နောက်ဆုံးအစားအစာပင် ဖြစ်၏။



မောင်တော်မြတ်စွာဘုရားသည် တစ်ထပ်တည်းသော အာဟာရကိုသာ သုံးဆောင်သည်ဟူသော သတင်းကို ရခဲ့သည့်နေ့မှ စတင်ကာ မွန်းလွဲပြီးနောက်ပိုင်း နေ့လွဲညစာကို မစားသုံးခဲ့တော့။ နေ့တစ်နေ့၏ မွန်းတည့်ချိန်မတိုင်မီမှာသာ အစားအစာသုံးဆောင်မှုပြုသည့် အလေ့အကျင့်က ခိုင်မြဲနေခဲ့ပြီ။

ယသော်ဓရာ၏ နေ့စဉ် စားတော်ပွဲကို ပြင်ဆင်ကာ အဆောင်တော်သို့ လာရောက်ပို့ဆောင်သော စားဖိုဆောင်အဖွဲ့မှ ရံရွေတော် ညီမငယ် ရုစာက အလိုက်သိစွာပင် ရွှေရေတာကောင်းထဲမှ သောက်ရေအေးတစ်ခွက်ကို ငှဲ့လာပြီး ရွှေခွက်ကိုကမ်း၏။ ယသော်ဓရာက လက်လှမ်းယူလိုက်တာ တစ်ဝက်မျှ သောက်လိုက်ပြီး ခွက်ကို ပြန်ပေးလိုက်၏။

'အစ်မတော်အရှင်မ၊ မျှတပါပြီလား။ ဒီနေ့ ပို့ဆောင်တဲ့ ဟင်းလျာတွေရော စားတော်ခေါ်လို့ အဆင်ပြေပါရဲ့လား အစ်မတော်'

ရုစာ၏ မေးနေကျ မေးခွန်းသာဖြစ်၏။ သည်တော့လည်း ထုံးစံအတိုင်း ဖြေနေကျ အဖြေကိုသာ ပေးလိုက်ရ၏။

'အဆင်ပြေပါတယ် ရုစာရယ်။ အရှင်မအဖို့ ဘယ်အစားအစာ ဘယ်ဟင်းလျာမျိုးကိုမှ သုံးဆောင်ချင်လှချည်ရဲ့ဆိုတာမျိုး တောင့်တတဲ့အာသီသဆန္ဒစွဲ တပ်မက်မှုမျိုး မရှိပါဘူး။ ရုစာတို့ စားဖိုဆောင်အဖွဲ့ အဆင်ပြေသလိုသာ ချက်ပြုတ်ကြပါ'

သို့သော်လည်း စားဖိုမှူးအဖွဲ့မှ ရံရွေတော်ညီမငယ်များကတော့ တစ်နေ့တစ်မျိုး မရိုးရအောင်၊ မထပ်ရအောင် အကောင်းဆုံး ဟင်းလျာများကို ချက်ပြုတ်ပို့ဆောင်ပြင်ဆင်ပေးမြဲ ဖြစ်လေသည်။ ရမ္မ၊ သုရမ္မနှင့် သုဘတည်းဟူသော စံနန်းဆောင်သုံးဆောင်တွင် ရောက်ရှိခိုလှုံနေကြ အမှုတော် ထမ်းနေကြသော မောင်းမမိဿံ အခြွေအရံ အထိန်းအယ မိန်းမငယ်များကို ညီမငယ်များသဖွယ် တ ပြေးညီ အုပ်ချုပ်လျက်ရှိသည့် ယသော်ဓရာကို အားလုံး က အစ်မတော်ကြီးကဲ့သို့ လေးစားရိုကျိုး ချစ်ခင်ကြ သည်လေ။ ထိုအပြင် နေ့လွဲညစာကို မစားသုံးတော့သော ကြောင့် မွန်းမတည့်မီ အချိန်ကလေးအတွင်း စားသုံး အစားအစာကို ပူနွေးအောင်၊ အရသာထူးကဲအောင် ကြ



www.burmeseclassic.com

www.burmeseclassic.com

စားချက်ပြုတ် ပို့ဆောင်ကြမြဲ ဖြစ်သည်ကိုလည်း ယသော်ဓရာက သိရှိနေပြီးဖြစ်သည်။ အစားအစာသုံးဆောင်ပြီး၍ ရှုတ်ပြီဟု ဆိုလိုက်မှ ရစာက စားတော်ပွဲကို ပြန်လည် သိမ်းဆည်း သယ်ဆောင်သွားစမြဲ။

'သြော်··ဒါနဲ့ ရစာရေ၊ အပြင်ဘက်ကို ကြည့်ရတာ ကတော့ မကြာခင်ဘဲ မွန်းတည့်တော့မှာပဲ။ ရွှေနန်းတော်ကြီးကို သွားကြတဲ့ အရှီးတော် ဘဒ္ဒါတို့အဖွဲ့ ပြန်ရောက်မလာကြသေးဘူးလားကွယ်'

ယသော်ဓရာက မေးလိုက်သည်။

'အစ်မတော်ဆီကို စားတော်ပွဲလာပို့ဖို့ ပြင်ဆင်နေတဲ့ အချိန်အထိတော့ ပြန်ရောက်လာတာ မတွေ့ခဲ့သေးပါလား အစ်မတော်။ အရှီးတော် မယ်ဘဒ္ဒါကတော့ နောက်လိုက် ရံရွေတော်(၅)ယောက်လည်း သူနဲ့အတူ ခေါ်သွားလေရဲ့။ ဥယျာဉ်တော်ထဲက ပန်းတွေလည်း အမျိုးစုံခူးပြီး ဖက်နဲ့ ထုပ်တန်တာထုပ်၊ လျှော်နဲ့ စည်းတန်တာစည်းပြီး သယ်သွားကြတာ မြင်တာပဲ။ မယ်တော်အရှင်မကြီး ဂေါတမီကို ဆက်ကပ်ဖို့နဲ့ တူပါရဲ့ အရှင်မရယ်'

ယသော်ဓရာက ညင်သာစွာ ခေါင်းခါယမ်းပြလိုက်တော့ ရစာက အံ့အားသင့်သွားသလိုကြည့်၏။ ဤတွင် အစ်စုံတစ်ရာ လေးနက်သောအတွေးကို တွေးနေသကဲ့သို့ ...ငြိမ်နေသော မျက်နှာထားကို မြင်လိုက်ရသဖြင့် ချုပ် ...ည်းမထားနိုင်တော့ဘဲ ရစာ မေးလိုက်မိတော့သည်။

'ဘာဖြစ်လို့ ခေါင်းခါရတာလဲ အစ်မတော်အရှင်မ။ ... ပြောတာ မဖြစ်နိုင်လို့လား'

'ဟုတ်တယ် ရစာ၊ မဖြစ်နိုင်ဘူးလို့ အရှင်မ ထင်တာ ... ညီမတော်ပဲ စဉ်းစားကြည့်လေ။ ရွှေနန်းတော်ဦးမှာ ... ဥယျာဉ်တော်ကြီး ရှိနေတာပဲ။ ဒီအထဲကနေ ရနိုင် ... ပန်းမျိုးစုံ သယ်ဆောင်လာခဲ့ဖို့ မယ်တော်ကြီး ... အမှာတော်ပါးလိုက်တယ်ဆိုတော့ ထူးခြားတဲ့ ...င်းတစ်စုံတစ်ရာ ရှိနေလို့ပဲလို့ အရှင်မ တွေးမိ ... လေ၊ ဘယ်လိုပဲဖြစ်ဖြစ် အရှီးတော် မယ်ဘဒ္ဒါ ...ရင်တော့ အကြောင်းစုံ သိရမှာပါပဲ'

...သော်ဓရာ မျှော်လင့်နေခဲ့သော အကြောင်းရင်းခံ ...ဘကယ်ပင် ရှိနေခဲ့၏။ ယသော်ဓရာ၏ လက် ...ဖြစ်သော အထိန်းတော်ကြီး မယ်ဘဒ္ဒါနှင့်အဖွဲ့ ...ခိုမ်မျှမက အတော်ကြီး မွန်းတိမ်းချိန်ကျမှ

ပြန်လည်ရောက်ရှိလာကြသည်။ သူတို့နှင့်အတူ ကောင်းသည်ဟု ဆိုရနိုးနိုး ဆိုးသည်ဟု ပြောရနိုးနိုး သတင်းတစ်ပုဒ်လည်း ပါလာ၏။

'အရှင်ဘုရားရေ··သတင်းထူးတော့ ပါလာပြီ။ မယ်တော်ကြီး မဟာပဇာပတိဂေါတမီဟာ ပြီးခဲ့တဲ့တစ်ပတ်ကပဲ ရွှေနန်းတော်ကြီးက ခြေမြန်တော်အဖွဲ့တစ်ဖွဲ့ကို မြတ်စွာဘုရားဆီ ပင့်ဆောင်ဖို့ စေလွှတ်လိုက်ပြီတဲ့။ နောက်ရက်များမကြာခင်မှာပဲ ဘုရားရှင်ဟာ ကပိလဝတ်နန်းတော်ကို ကြွချီတော်မူလာလိမ့်မယ်တဲ့'

အထိန်းတော်ကြီး၏ လျှောက်ထားချက်ကြောင့် ယသော်ဓရာရင်မှာ လှုပ်ခတ်သွားရ၏။

'နေပါဦး၊ ဘုရားရှင်က အခု ဘယ်မှာသီတင်းသုံးတော်မူနေတာတဲ့လဲ။ အဲဒါကိုရော အတိအကျသိကြလို့လား'

'တိကျသေချာပါတယ် အရှင်မရဲ့။ မြတ်စွာဘုရားက အခုလက်ရှိအချိန်မှာ ဝေသာလီပြည်မှာ သီတင်းသုံးနေတော်မူတယ်တဲ့။ အသေအချာ စုံစမ်းသိရှိရပြီးမှ မယ်တော်ကြီးက လွှတ်လိုက်တာပါ။ ဒီတစ်ကြိမ်ဆိုရင် ကပိလဝတ်ကို မြတ်စွာဘုရား ကြွချီတော်မူခြင်းဟာ ဒုတိယအကြိမ်လို့ ဆိုရမှာပေါ့'

ယသော်ဓရာ၏ ဘဝင်မှာ ရွှင်လန်းမိသည်။ အရင်တစ်ကြိမ်ကကဲ့သို့ မိမိ၏ကျက်သရေတိုက်နန်းဆောင်အထိ ကြွရောက်တော်မူလာကာ အဖူးအမြော် အပူဇော်ခံယူတော်မူမည်ဆိုလျှင် မောင်တော်မြတ်ဘုရား၏ အသရေတင့်တယ်တော်မူလှသော ရွှေမျက်နှာတော်ကို ဖူးမြော်ခွင့်ရပေဦးမည်။ သားတော်ကလေး ရာဟုလာ သာမဏေကလေးပါ အတူလိုက်ပါလာဦးမည်ဆိုလျှင်တော့ အတိုင်းထက်အလွန်ပေါ့ဟု ဆိုရန်သာ။ ဤအကြောင်းအရာကတော့ အကောင်းဟု တွက်နိုင်ပါ၏။ သို့ရာတွင် ထိုသတင်းမှာ ပူးတွဲပါဝင်လာသော နောက်ဆက်တွဲ အကြောင်းအရာကိုတော့ အဆိုးဟုသာ သတ်မှတ်ရပေလိမ့်မည်။

'ဒါထက် အရှီးတော်ရယ်၊ အခုလို မောင်တော်မြတ်စွာဘုရားကို ပင့်ဆောင်ဖို့ စေလွှတ်ရတာက ဘယ်အကြောင်းကြောင့်တဲ့လဲ။ ဖခမည်းတော် မင်းဘုရားကြီးရဲ့ လွှမ်းဆွတ်တမ်းတမှုကြောင့်များ စေလွှတ်ရခြင်း ဖြစ်နေလေရော့သလား အရှီးတော်'

www.burmeseclassic.com

ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ရည်ရွယ်၍ ယသော်ဓရာက မေးလိုက်မိခြင်းဖြစ်သည်။ အထိန်းတော်ကြီးကလည်း ဖြေကြားပါ၏။ သို့သော် ယသော်ဓရာ ထင်မှတ်ထားခဲ့သလို ဖခမည်းတော်မင်းကြီး၏ သာမန်လွမ်းဆွတ်တမ်းတမှုကို ပြေပျောက်စေခြင်းအလို့ငှာ ပင့်ဆောင်ခြင်းမျိုးကား မဟုတ်ဆိုသော အဖြေပင်။

'အရှင်မဘုရား..ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ပြင်းထန်တဲ့ဝေဒနာ စွဲကပ်ပြီး နာမကျန်းဖြစ်နေတော်မူသတဲ့။ နန်းတွင်းသမားတော်ကြီးတွေနဲ့ ဆေးဝါးကုသနေခဲ့ရတာတောင် ကြာခဲ့ပြီတဲ့ဘုရား။ ဒါကြောင့် မယ်တော်ကြီး ဂေါတမီက သမားတော်ကြီးတွေရဲ့ လျှောက်ထားအကြံပြုချက်အတိုင်း သားတော် မြတ်စွာဘုရားကို အမှာအကြားပြု ပင့်ဆောင်တော်မူတာလို့ သိခဲ့ရတယ်။ အရီးတော်တို့ နန်းဆောင်ဥယျာဉ်တော်ထဲက ပန်းမျိုးစုံကို ခူးဆွတ်သယ်ဆောင်ခဲ့ဖို့ မှာကြားတော်မူတာကလည်း သမားတော်ကြီးတွေက မင်းတရားကြီးအတွက် ပန်းပေါင်းစုံဝတ်မှုန်တွေနဲ့ ဆေးတစ်ဖုံဖော်စပ်ဖို့ လိုအပ်လာလို့ မှာကြားတာလို့ အမိန့်တော်ရှိလိုက်တယ် အရှင်မဘုရား'

သည်တစ်ကြိမ်တွင်တော့ ယသော်ဓရာ၏ဘဝင်မှာ နေထိပန်းနှယ် နွမ်းလျှသွားရပြန်သည်။ ဟုတ်သည်လေ။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သက်တော်ရွယ်တော်အားဖြင့် ကြီးရင့်လှခဲ့ပြီ။ သည်အထဲ သူနန်းလျာအဖြစ် မျှော်မှန်းထည်စူးထားခဲ့သော မောင်ငယ် နန္ဒမင်းသားနှင့် သားတော်ကလေး ရာဟုလာတို့က မြတ်ဘုရားနောက်တော်ပါးသို့ ရဟန်းအဖြစ်၊ သာမဏေအဖြစ်နှင့် လိုက်ပါသွားကြသောကြောင့် စိတ်နှလုံး ထိခိုက်နေခဲ့သူဖြစ်၏။ စိတ်ထောင်း၍ ကိုယ်ကြေ ဖြစ်နေခဲ့လေပြီလား။ ကပိလဝတ်၏ ဦးစွန်းသည် ဆက်လက်မထွန်းပနိုင်တော့ဘဲ လျှောကျပျောက်ကွယ်ရတော့မည်လော။ ယသော်ဓရာသည် ထိုအတွေးကြောင့် ရင်အလေးကြီး လေးလာမိရပြန်လေသည်။

'အရီးတော်ရယ်၊ ခမည်းတော် မင်းတရားကြီးရဲ့ ကျန်းမာရေးကို စိုးရိမ်ရတာမို့ သွားရောက်ပင့်ဆောင်ကြတာ မှန်ရင်တော့ မောင်တော်မြတ်စွာဘုရားဟာ မဖြစ်မနေ လိုက်ပါကြွချီတော်မူလာမှာ အသေအချာပဲ။ သူ့ဖမည်းတော်ရဲ့ ကျေးဇူးတော်ကို နောက်ဆုံးအကြိမ် ပေးဆပ်တဲ့အနေနဲ့ ကြွချီလာမှာပဲလို့ အရှင်မ ယုံကြည်တယ်။ တော်သေးတာပေါ့။ မောင်တော်မြတ်စွာဘုရားက ဆေ သာလီပြည်မှာ သီတင်းသုံးနေတော်မူတယ်ဆိုတော့ ရာ ဂြိုဟ်ပြည်လောက်တော့ အလှမ်းဝေးဝေး သွားရောက်မပင့် ဆောင်ရတော့ဘူးပေါ့။ ပင့်ဆောင်ရေးအဖွဲ့နဲ့ အမြန်ဆုံး တွေ့လျှောက်ထားနိုင်ကြမှာပါ။ မောင်တော် မြတ်စွာ ဘုရားဟာ ဝေသာလီပြည်မှာ သီတင်းသုံးနေတော်မူတယ် ဆိုတဲ့ သတင်းကလည်း အမှန်ပဲ ဖြစ်မှာပါ။ အရီးတော် သိတဲ့အတိုင်းပဲ။ မောင်တော်မြတ်စွာဘုရားရဲ့ သတင်းတွေ ဟာ ကပိလဝတ်ရွှေနန်းတော်နဲ့ ဟိုတုန်းကလောက် ကင်း ကင်းကွာကွာ အဆက်ပြတ်နေတော့တာမှ မဟုတ်ဘဲ'

'အဲဒါကတော့ အမှန်ပဲ အရှင်မ၊ ပင့်ဆောင်တဲ့အဖွဲ့ ဟာ မြတ်စွာဘုရားကို ဝေသာလီမှာပဲ ဖူးတွေ့အကြောင်း ကြား လျှောက်ထားနိုင်ခဲ့ကြမှာပါ'

အထိန်းတော်ကြီးက ချက်ချင်းပင် ထောက်ခံစကား ဆိုလေသည်။ ဤကိစ္စကလည်း အမှန်တကယ်ပင်။ ဘုရား ရှင် ဖြစ်တော်မမူမီ တောထွက်တော်မူသွားပြီးနောက် (၆)နှစ်တာ (၇)နှစ်ဝန်းကျင် ကာလတစ်လျှောက်လုံး သိဒ္ဓတ္ထမင်းသားတစ်ဖြစ်လဲ ရဟန်းဂေါတမ၏ သတင်း သည် ကပိလဝတ်သို့ ရောက်လာခဲ့လှ၏။ မေ့လောက် တစ်ခါ ဆိုသလိုမျိုး ဘယ်တော ဘယ်တောင် ဘယ်ဒေသ မှာ တရားကျင့်ကြံနေဆဲ ဖြစ်သည်ဆိုသော သတင်း လောက်သာ ကြိုကြား,ကြိုကြား ကြားသိခဲ့ရကြရခြင်း ဖြစ်၏။ ယခုတော့ အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီ

ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ် ပွင့်ထွန်းတော် ပြီးပြီဆိုသည့် နောက်ပိုင်းတွင်မူ ဘုရားရှင်၏ ဂုဏ်သတင်း ကျော်စောမှုသည် မဇ္ဈိမဒေသတစ်ခွင်လုံးသို့ အရှိန်အဟုန် ဖြင့် ထိုးဖောက်ပျံ့နှံ့တော်မူလာခဲ့သည်။ ဘုရားရှင်နှင့် ပတ်သက်သော သတင်းတို့သည် သူဟောကြားပြသတော် မူသော တရားဓမ္မများနှင့် အလားတူပင် အဝန်းအဝိုင်း ကျယ်ပြန့်လာခဲ့သည်မှာ တည်ငြိမ်သော ကန်ရေပြင်ထဲ သို့ အဆက်မပြတ် ကျအပ်သော ခဲလုံးတို့ကြောင့် မ တရစပ် ယှက်ဖြာခဲ့သော ဂယက်စက်ဝိုင်းတို့နှင့် မခြား တော့။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠု ကျောင်းတော်၌ သီတင်းသုံးနေသတဲ့။ ရာဇဂြိုဟ်ပြည်

www.burmeseclassic.com

www.burmeseclassic.com

ဗိမ္ဗိသာရမင်းကြီးက ဆရာရင်း ဒကာရင်းအဖြစ် ဆည်းကပ်ပူဇော်နေသတဲ့။ ဘုရားရှင် ရာဇဂြိုဟ်၌ သီတင်းသုံးနေတော်မူစဉ်အတွင်းမှာပင် ရာဇဂြိုဟ်ပြည်သား ဗိမ္ဗိသာရမင်းကြီး၏ ပန်းဆက်သမား သုမန၊ တက္ကဒွန်းကြီး ဇမ္ဗုက၊ သူကြွယ်သား ကျွမ်းဘားပညာရှင် ဥဂ္ဂသေနတို့ အကျွတ်တရားရပြီး ရဟန္တာမထေရ်မြတ်များ ဖြစ်တော်မူသွားကြသတဲ့။ ရာဇဂြိုဟ်သူဌေး၏ တိုင်ထိပ်ဖျားက စန္ဒကူးသပိတ်ကို တန်ခိုးပြာဋိဟာပြ၍ အလှူခံယူတော်မူသည့် အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်နှင့်ပတ်သက်၍ နောက်နောင်တွင် ရဟန်းတော်များ တန်ခိုးပြာဋိဟာ မပြရန် ပညတ်တော်မူသကဲ့ အစရှိ ရာဇဂြိုဟ်မှ သတင်းထူးများကိုလည်း ကပိလဝတ်မှ ကြားသိနေခဲ့ကြရသည်။

တစ်ဖန် ဘုရားရှင်သည် သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူနေပြန်သတဲ့။ သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးက ဆရာရင်း ဒကာရင်းအဖြစ် ကိုးကွယ်ပူဇော်နေသတဲ့။ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ်အတွင်း ဗြာဟ္မဏ ခေါင်းဆောင်ကြီး အဂ္ဂိဒတ္တနှင့် တပည့်ရသေ့ပေါင်း တစ်သောင်းတို့ထံ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဦးစွာစေလွှတ်ပြီး ဗြဟ္မဏတို့၏ ကျောင်းသင်္ခမ်းများအလယ်ရှိ အဏ်ထမ်းသဲပုံကြီးထဲက အဟိဆတ္တနဂါးမင်းနှင့် တန်ခိုးပြိုင်စေပြီးမှ ဘုရားရှင်က နောက်မှ လိုက်ပါတရားဟောကြားလိုက်ခြင်းကြောင့် အဂ္ဂိဒတ္တနှင့် တပည့်ရသေ့တစ်သောင်းတို့ ရဟန္တာဖြစ်တော်မူသွားကြပြီတဲ့ဟူသော သာဝတ္ထိပြည်မှ သတင်းထူးများကလည်း ဝင်လာမစဲ။ ထို့အပြင် ဝေသာလီပြည်၏ ကပ်ဘေးကြီးသုံးပါးမှ ကယ်ဆင်တော်မူသော အကြောင်းအရာများ၊ အတ္တဝါဒ တစ်သောင်းနှင့်အတူ ဝါဒပြိုင်လာသော ဝေသာလီပြည် အခြေစိုက် ပရိဗိုဇ်သစ္စကအား ချေချွတ်တော်မူပုံများကိုလည်း အားရ ကြည်ညိုဖွယ် ကြားသိနေကြရသည် ...လော။

...သော်ဓရာသည် ဘုရားဖြစ်တော်မူပြီးနောက်ပိုင်း ...များ၌ ကြားသိနေခဲ့ကြရသော မောင်တော်မြတ် ...နှင့် ပတ်သက်သည့် သတင်းများစွာအကြောင်း ...ချင် တစ်ဆန့်တစ်လျားကို ဖြတ်တောက်လိုက်၏။ ပြီးနောက် ခိုင်မာသော ယုံကြည်ချက်ဖြင့် မိန့်တော်မူလိုက်လေသည်။

"အင်း..သည်တစ်ကြိမ်ကတော့ ဖခမည်းတော်မင်းကြီးရဲ့ အသက်ဇီဝိန်နဲ့ ပတ်သက်နေတဲ့ ကျန်းမာရေးကိစ္စပေမို့ မောင်တော်မြတ်စွာဘုရားဟာ ကပိလဝတ်ရွှေနန်းတော်အထိ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာပေလိမ့်မယ် အရီးတော်။ ရောဟဏီမြစ်ရေကိစ္စတုန်းကလိုတော့ ပြည်တော်မဝင်ဘဲ ပြန်ကြွမြန်းမသွားကောင်းတန်ရာလေ"

ယသော်ဓရာနှင့် အထိန်းတော်ကြီး မယ်ဘဒ္ဒါတို့ နှစ်ဦးစလုံး၏ စိတ်အလျင်သည် မဝေးကွာလှသေးသော နှစ်ကာလတစ်ခုဆီက အတိတ်စစ်ပွဲသို့ ပြန်လည်ရောက်ရှိသွားကြရပြန်လေသည်။

◆ ◆ ◆

(၃၃)

ထိုစဉ်ကာလက မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော နှစ်အပိုင်းအခြားဖြစ်သည်။

ထိုနှစ်ကာလ၏ နယုန်လထဲတွင် မထင်မှတ်ဘဲ ပေါ်ပေါက်လာခဲ့သော ပြဿနာတစ်ရပ်က ခတ္တိယသာကီဝင်မင်းတို့၏ ပြည်ထောင်နှစ်ခုလုံးကို ကိုင်လှုပ်လာခဲ့လေသည်။ ထိုနှစ်ပြည်ထောင်က ကောလိယပြည်နှင့် ကပိလဝတ်ပြည်တို့ဖြစ်ကြသည်။ တကယ်တော့ ကြားထဲမှာ ရောဟိဏီမြစ်ကလေး တစ်စင်းသာ ခြားနေသော အိမ်နီးချင်းပြည်ထောင်များသာ ဖြစ်ကြ၏။ နှစ်ပြည်လုံးမှာလည်း မျိုးနွယ်အတူတူ ခတ္တိယသာကီဝင်တွေချည်း ဖြစ်ကြ၏။ အစဉ်အလာအားဖြင့် မိတ်ဆွေညီနောင်များသဖွယ် ဆက်ဆံနေထိုင်လာခဲ့ကြသူများ ဖြစ်ကြသောကြောင့် မည်သည့် ပြဿနာ တစ်စုံတစ်ရာမျှ မပေါ်ပေါက်ခဲ့ဖူးပါ။

သို့ရာတွင် ဖြစ်ချင်လာတော့ ထိုနှစ်က မိုးလေဝသ ဖောက်ပြန်လာမှုကြောင့် နယုန်လတွင် ရောဟိဏီမြစ်က ခါတိုင်းနှစ်များလို မဟုတ်ဘဲ မြစ်ရေနည်းပါးနေ၏။ ဟိုဘက်သည်ဘက် နှစ်ပြည်ထောင်လုံးမှ လယ်သမားတို့သည် မိမိတို့လယ်မြေများအတွက် စိုက်ပျိုးရေကို ထိုရောဟိဏီမြစ်မှသာ ယူခဲ့ကြမြဲဖြစ်သည်။ နှစ်ပြည်ထောင်လုံးအတွက် စိုက်ပျိုးရေကိုလည်း လုံလုံလောက်လောက် ရရှိခဲ့ကြမြဲဖြစ်၍ ရေအတွက် စိတ်ပူစရာမလို။ အေးအေး

www.burmeseclassic.com

ချမ်းချမ်းပင် ကိုယ့်လယ်မြေအတွက် ကိုယ်လိုသလောက် ရေကိုယူပြီး ကိုယ့်အလုပ်ကိုယ် ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင်နိုင်ခဲ့ကြစမြဲ။

သို့သော် ထိုနှစ်ကျမှ မြစ်ရေက နည်းပါးနေသည်။ မိုးကလည်း ခေါင်လိုက်သမှ ထူးထူးခြားခြား ခေါင်၏။ မြစ်ရေက နှစ်ပြည်ထောင်လုံးအတွက် မလောက်မင ဖြစ်နေ၏။ တစ်ပြည်ထောင်စာအတွက်လောက်သာ ရှိသောကြောင့် နှစ်ပြည်ထောင် လယ်သမားတို့ ရေအတွက် ညှိနှိုင်းဆွေးနွေးရတော့၏။

'မိတ်ဆွေတို့··ကျုပ်တို့ ကောလိယဘက်က မျိုးခင်းတွေက မြစ်ရေကို သည်တစ်ကြိမ်သွင်းရုံနဲ့ပဲ ကောက်စပါးတွေ အောင်မြင်မှာသေချာပါတယ်။ ဒါကြောင့် ဒီနှစ်အတွက်တော့ ကျုပ်တို့ ကောလိယဘက်ကို ရေသွင်းဖို့ ဦးစားပေးလိုက်ကြစေချင်တယ်'

ကောလိယကဘက်က တောင်းဆိုလာသောအခါ ကပိလဝတ်ဘက်က လယ်သမားများက လက်မခံနိုင်။

'ဘယ်ဖြစ်မလဲဗျာတို့၊ ကျုပ်တို့ ကပိလဝတ်ဘက်က မျိုးခင်းတွေကိုလည်း ကြည့်စမ်းပါဦး။ ကျုပ်တို့ဘက်က ကောက်စပါးတွေကလည်း ရေသာလုံလောက်အောင် တစ်ကြိမ်ပဲ သွင်းရပါစေ အောင်မြင်မှာ မြေကြီးလက်ခတ်မလွဲပဲ။ မြစ်ရေကလည်း ဒီနှစ် နည်းပါးနေတော့ တစ်ပြည်ထောင်စာပဲ လောက်ငမယ့်ကိန်း ဆိုက်နေတယ်။ ဒီတော့ မြစ်ရေကို ကပိလဝတ်ဘက်ကပဲ ယူပါရစေ။ ခင်ဗျားတို့ဘက်က ဝမ်းစာအတွက် မပူပါနဲ့။ ကျုပ်တို့ဘက်က လယ်တွေ အောင်မြင်တော့ ထွက်ရှိလာမယ့် သီးနှံကို မျှဝေကျွေးမှာပေါ့'

'ဒီလိုပြောတိုင်း ယုံကြည်လို့ ဖြစ်မလားဗျ။ တကယ့်ကျဉ်းထဲကျပ်ထဲ ရောက်ချိန်ကျတော့ ကျုပ်တို့ကောလိယဘက်က အငတ်ဘေးဆိုက်တော့မပေါ့။ ကိုယ့်ဝမ်းစာဆိုတာ ကိုယ့်လက်ထဲမှာရှိနေမှ စိတ်ချရတာမျိုးပဲ။ ခင်ဗျားတို့ဘာပြောပြော ကျုပ်တို့ကတော့ ထုံးစံအတိုင်းပဲ မြစ်ရေကို ယူရမှာပဲ။ ရောဟိဏီမြစ်က ခင်ဗျားတို့ ကပိလဝတ်တစ်ပြည်ထဲက ပိုင်တာ မဟုတ်ပါဘူး'

နှစ်ပြည်ထောင်လယ်သမားတို့ ညှိနှိုင်းမရ။ ရေကိုသူ့ဘက်ကယူမည်၊ ငါ့ဘက်ကယူမည် အငြင်းပွားကြရင်း ပြဿနာက တစ်စ,တစ်စ ကြီးထွားလာသည်။ အစော ပိုင်းတုန်းကတော့ နှုတ်အားဖြင့် ပြောဆိုငြင်းခုံကြခြင်းဖြစ် သော်လည်း နောက်ပိုင်းတွင် ဒေါသတရားတွေ ပါလာ ကြသည်။ ကိုယ်ထိလက်ရောက် ကျူးလွန်ကြသည်အထိ ဖြစ်လာသည်။ အခြေခံလယ်သမားတွေက စလိုက်သော ပြဿနာသည် ဟိုဘက်ပြည်သူ ဒီဘက်ပြည်သူတွေ မျက်ခုံးလှုပ်လာကြရသည်အထိ ကြီးကျယ်လာသည်။ နောက်ပိုင်းတွင် အုပ်ချုပ်သော အထက်အာဏာပိုင် မင်း ပိုင်းစိုးပိုင်းအထိ တက်လာတော့၏။ နှစ်ဖက်လုံးကလည်း ဇာတိပုည ဂုဏ်မာနကြီးကြသော သာကီဝင်တွေချည်း ဖြစ်လေတော့ ဘယ်ဘက်ကမှ အလျှော့ပေးလိုက်ဖို့ အလို မရှိ။ သည်တော့ မြစ်ရေအတွက် နှစ်ပြည်ထောင် စစ်ခင်း ကြဖို့ပဲ ဆုံးဖြတ်လိုက်ကြ၏။ နှစ်ပြည်လုံးမှ စစ်ဗိုလ်ချုပ် များ ဦးဆောင်သော စစ်သည်ရဲမက်ဗိုလ်ပါတို့ ရောဟိဏီ သောင်ပြင်သို့ ချီတက်လာကြတော့၏။ အပျက်,အပျက် နှင့် နာခေါင်းသွေးထွက်ကြရတော့မည့်အခြေ စိုက်လာ သောကြောင့် နှစ်ပြည်လုံးမှ အများပြည်သူတို့ ချောက်ချား တုန်လှုပ်ကြရလေပြီ။

ထိုအချိန်အခါတွင်မှ မည်သူကမျှ ကြိုတင်မျှော်လင့် မထားခဲ့မိကြသော ကယ်တင်ရှင်အဖြစ် မြတ်စွာဘုရားရှင် က အချိန်ကိုက်အခါကိုက် နှစ်ပြည်ထောင် စစ်သည်များ အလယ်သို့ ကြွရောက်တော်မူလာခဲ့ခြင်းကြောင့် ချောက် ချားတုန်လှုပ်နေကြရသော စစ်မလိုလားသူ နှစ်ဖက်ပြည်သူ တို့ များစွာဝမ်းမြောက်အားတက်သွားကြရတော့သည်။

ဘုရားရှင်ကမူ မြတ်စွာဘုရားတို့၏ ဓမ္မတာအတိုင်း မိုးသောက်အားကြီး လင်းခါနီးအချိန်၌ သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ ကပိလဝတ်နှင့် ကောလိယတို့ နှစ်ပြည်ထောင် စစ်ခင်းကြတော့မည်ကို မြင်တော်မူ၏။ ထို့ကြောင့် ထိုစစ်ပွဲကို တားဆီးရန်အလို့ ငှာ တရားဒေသနာတော်များ ဟောကြားဆုံးမတော်မူရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှသည် ကောင်းကင် ခရီးဖြင့် အချိန်မီ ကြွချီတော်မူလာခဲ့ခြင်း ဖြစ်လေသည်။

ဘုရားရှင်သည် နှစ်ပြည်ထောင် စစ်သည်တို့၏ အလယ်တွင် နေရာယူ သီတင်းသုံးတော်မူ၏။ ဘုရားရှင် ကို ဖူးမြင်ကြရသောအခါ နှစ်ဖက်စစ်သည်တို့သည် ကိုင် စွဲထားသော ဓား၊ လှံ၊ လေး၊ မြား လက်နက်များ ပစ်ချလိုက်ကြကာ ရိုသေပျပ်ဝပ်စွာ ရှိခိုးကန်တော့ကြ



www.burmeseclassic.com

www.burmeseclassic.com

ကုန်၏။ အကယ်စင်စစ်၌ ဘုရားရှင်သည် နှစ်ဖက်သော သာကီဝင်တို့၏ အဆွေအမျိုးသာ ဖြစ်ကုန်သည်မဟုတ်လော။ ထို့အပြင် ဘုရားရှင် ဖြန့်ချိလျက်ရှိသော တရားဓမ္မဒေသနာတော်များသည်လည်း တစ်ရှိန်ထိုး ထွန်းလင်းတောက်ပလာနေဆဲ။ သာသနာတော်၏ အရှိန်အဟုန်သည် ဘုရိပ်ရိပ်မြင့်တက်လာနေဆဲ အချိန်ကာလ ဖြစ်နေသည်မဟုတ်လော။

မြတ်စွာဘုရားသည် စစ်သည်ရဲမက် ပရိသတ်များသို့ မိုးခေါင်သဖြင့် ယခုတစ်နှစ်စာမျှအတွက်သာ မလုံမလောက် ဖြစ်လာခဲ့ရသော အဖိုးမတန်သော ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ အဖိုးတန်သော ခတ္တိယမင်းတို့၏ ဘဝများ၊ နှစ်ပြည်ထောင်လုံးရှိ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို စစ်ပွဲဖြင့် ဖျက်ဆီးပစ်ကြရန် မသင့်လျော်သည့် အကြောင်းကိုလည်းကောင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွား စစ်ခင်းသတ်ဖြတ်ကြခြင်း၏ အပြစ်များကိုလည်းကောင်း၊ စစ်ပွဲကို ရှောင်လွှဲ၍ စည်းလုံးညီညွတ်စွာ နေထိုင်ဆက်ဆံကြခြင်း၏ အကျိုးကျေးဇူးများကိုလည်း ကောင်း၊ ငါးရှင့်ငါးဆယ်လာ ဇာတ်တော်များကို ဥပမာပုံပြု၍ ထင်ရှားပေါ်လွင်စွာ ဟောကြားဆုံးမတော်မူလေသည်။

ထို့ကြောင့် နှစ်ပြည်ထောင်မင်းတို့သည် ဘုရားရှင်၏ အဆုံးအမဩဝါဒကို ကြည်ညိုလေးမြတ်ကြသဖြင့် စစ်ပြေငြိမ်းကြကုန်၏။ ထို့အပြင် တစ်ပြည်ထောင်လျှင် မင်းသား(၂၅၀)စီဖြင့် မြတ်စွာဘုရားကို ပေးလှူကြ၏။ ဘုရားရှင်ကလည်း နှစ်ပြည်ထောင်ပေါင်း စုစုပေါင်းမင်းသား (၅၀၀)တို့ကို ဧဟိဘိက္ခု ရဟန်းပြုပေးတော်မူလေသည်။ ရဟန်းပြုပေးပြီးနောက် အာရုံငါးပါးနှင့် စပ်လျဉ်းသော တရားဓမ္မတို့ကို ဟောကြားပေးတော်မူ၏။

'ရဟန်းတို့..မျက်စိ၊ နား၊ နှာ၊ လျှာ၊ ခန္ဓာကိုယ် အစရှိ အင်္ဂါငါးပါးကို အခြေခံဖြစ်ပေါ်လာတဲ့ အာရုံငါးပါးကို ကာမဂုဏ်လို့ ခေါ်ခြင်းဖြစ်တယ်။ မျက်စိက မြင်တာကို နှစ်သက်မှု ရှိခြင်း၊မရှိခြင်း၊ နားက ကြားတာကို နှစ်သက်မှု ရှိ၊မရှိခြင်း၊ နှာခေါင်းရလာတဲ့ မွှေးခြင်း၊ နံခြင်း၊ လျှာက ခံစားရတဲ့ စားသောက်ဖွယ်တို့ အရသာရှိခြင်း၊မရှိခြင်း၊ ခန္ဓာကိုယ်က ထိတွေ့ရမှုမှာ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်း အစရှိသည်တို့ကို ကာမဂုဏ်လို့ ခေါ်တာပဲ။ ကာမဂုဏ်ရဲ့ အနက်အဓိပ္ပာယ်ကတော့ နှစ်သက်ဖွယ် အစုအဝေးဖြစ်တယ်။ အဲဒီမှာ အာရုံငါးပါးကို ကာမဂုဏ်အဖြစ် မြင်တဲ့အခါ နှစ်သက်ဖွယ် အစုသဘောအရ သာယာမှုကို တွေ့တယ်။ သာယာမှုကို အဿာဒလို့ ခေါ်တယ်။ တစ်ခါ အဲဒီကာမဂုဏ်ကိုပဲ သင်္ခါရအဖြစ်နဲ့ မြင်တဲ့အခါကျတော့ ဖြစ်ပြီး ပျက်သွားတဲ့ သဘောတရားအရ မသာယာမှုကို တွေ့တယ်။ ဒီလို မသာယာမှုကိုကျတော့ အာဒီနဝလို့ ခေါ်ပြန်တယ်။ အဲဒီမသာယာဖွယ် အာဒီနဝကို တွေ့မြင်တဲ့အခါကို မသာယာဖွယ်က လွတ်မြောက်မှုကို ရှာချင်လာတယ်။ လွတ်မြောက်မှုကိုတော့ နိဿရဏလို့ခေါ်တယ်။ ပုထုဇဉ်တို့ရဲ့ အမြင်အားဖြင့်ကြည့်ရင် ကာမဂုဏ်ရဲ့ သာယာဖွယ် အဿာဒနဲ့ မသာယာဖွယ် အာဒီနဝနှစ်ပါးမှာပဲ ချာချာလည်ပြီး တစ်လှည့်စီ ခံစားပျော်ရွှင်လိုက်၊ ခံစားပြီး ဒေါမနဿဖြစ်လိုက်နဲ့ လူးလာခေါက်တုံ့ပြန်နေကြတယ်။ အရိယာတွေကတော့ ထိုနှစ်ပါးလုံးက လွတ်မြောက်မှု နိဿရဏကို တွေ့သည်အထိ ရှာဖွေတယ်။ နိဿရဏကို တွေ့ရှိမှသာ ပြီးပြည့်စုံတယ် ရဟန်းတို့'

ထို့နောက် မြတ်စွာဘုရားရှင်သည် ဧဟိဘိက္ခုဖြစ်လာကြသော သာကီဝင်မင်းသား ရဟန်း(၅၀၀)တို့ကို ကာမဂုဏ်၏ သာယာဖွယ် အဿာဒ၊ မသာယာဖွယ် အာဒီနဝနှင့် လွတ်မြောက်မှု နိဿရဏတို့ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသည်အထိ ဟောကြားဆုံးမတော်မူလေရာ ရဟန်း(၅၀၀)လုံးပင် ပဋိသမ္ဘိဒါပတ္တဆဠဘိည ရဟန္တာများ ဖြစ်သွားကြလေသည်။

ဘုရားရှင်သည် ရောဟိဏီမြစ်ရေအတွက် စစ်ခင်းကြမည့် ထိုစစ်ပွဲအတွက် ငြိမ်းချမ်းစေရန်အလို့ငှာ ထိုသို့ နှစ်ပြည်ထောင်ကြား အလယ်ရောဟိဏီ သဲသောင်ပြင်ယံသို့တိုင် ကြွရောက်တော်မူခဲ့သော်လည်း ကပိလဝတ် ရွှေနန်းတော်သို့မူ ကြွချီလာခြင်း မရှိခဲ့။ စစ်ပွဲပြေငြိမ်းကြပြီး





www.burmeseclassic.com

www.burmeseclassic.com

နောက် ဖဟိဘိက္ခုသာကီဝင် ရဟန်း(၅၀၀)တို့ကို တရားဓမ္မများ ဟောပြောဆုံးမပြီးသည်နှင့် သီတင်းသုံးနေတော်မူလက်စဖြစ်သော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သာ ပြန်လည်ကြွချီတော်မူခဲ့လေသည်။

◆ ◆ ◆

(၃၄)

'အရှင်မရဲ့ ခန့်မှန်းချက်ကတော့ သည်တစ်ကြိမ်မှာ မလွဲမသွေ ဒက်ထိကို မှန်နေတော့တာပဲဘုရား'

အထိန်းတော်ကြီး မယ်ဘဒ္ဒါ၏ မျက်နှာသည် အထူးပင် ရွှင်လန်းနေ၏။ ထိုမျက်နှာထားကပင် ဝမ်းမြောက်ဖွယ်သော သတင်းတစ်စုံတစ်ရာကို ပြောကြားလာတော့မည်ဟု အရှင်မ ယသော်ဓရာက နားလည်သိရှိထားလိုက်ပြီး ဖြစ်သည်။

'ဘယ်လိုခန့်မှန်းချက်ကိုများ ပြောတာလဲ အရီးတော်ရယ်'

'သြော်..ဒီတစ်ခါမှာတော့ မြတ်စွာဘုရားရှင်ဟာ ကပိလဝတ် ရွှေနန်းတော်အထိ ကြွချီလာမှာပဲဆိုတဲ့ ခန့်မှန်းချက်ပေါ့ အရှင်မရဲ့။ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီထံကို ရှေ့တော်ပြေး ခြေမြန်တော် လုလင်အဖွဲ့တွေ ပြန်ဆိုက်ရောက် လျှောက်ထားလာကြပြီ။ ဘုရားရှင်ဟာ ဝေသာလီပြည်ကနေ ကပိလဝတ်ကို ကြွချီတော်မူလာခဲ့ပြီတဲ့။ မယ်တော်ကြီးကိုယ်တိုင်ပဲ ကြိုဆိုတော်မူမှာပဲတဲ့ အရှင်မရေ'

ယသော်ဓရာသည် ပင့်သက်နုနုကို ချလိုက်ကာ သိမ်မွေ့စွာ ပြုံးလိုက်၏။

'ဒါကတော့ အထူးတလည် အံ့သြဖွယ်မဟုတ်တော့ပါဘူး အရီးတော်ရယ်။ မောင်တော် မြတ်စွာဘုရားဟာ အဆွေအမျိုးတို့ကို ချီးမြှောက်ခြင်းဆိုတဲ့ ဉာတတ္ထစရိယ အကျင့်မြတ်ကို ဘယ်အခါကမှ လျစ်လျူရှုတော် မမူခဲ့ဘူးဆိုတာ အများအသိပဲ။ အခုတစ်ကြိမ်က သူ့ရဲ့ ကျေးဇူးရှင် ဖခမည်းတော်မင်းကြီး သုဒ္ဓေါဒနရဲ့ ကျန်းမာရေးကိစ္စကြီး မဟုတ်လား။ ကပိလဝတ်က ပင့်လျှောက်ကြတဲ့အဖွဲ့တွေ ရောက်လာ လျှောက်ထားကြရင် ဘယ်နည်းနဲ့မှ ငြင်းပယ်တော်မူမှာ မဟုတ်ဘူးဆိုတာ အရှင်မ ကောင်းကောင်းသိတာပေါ့။ ကပိလဝတ်ပြည်ကို ရောက်ရှိတော်မူလာခဲ့ရင်တော့ နိဂြောဓာရုံကျောင်းတော်ကြီးမှာပဲ သီတင်းသုံးတော်မူမယ် ထင်ပါရဲ့'

အထိန်းတော်ကြီးက ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်၏။

'သေချာတာပေါ့ အရှင်မရယ်။ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီက ဘုရားရှင် သီတင်းသုံးတော်မူမယ့် နိဂြောဓာရုံကျောင်းတော်ကြီးကို ပြုပြင်သန့်ရှင်းမွမ်းမံကြစေဖို့ အဖွဲ့တွေကို ဖွဲ့စည်းတာဝန်ပေးလိုက်ပြီတဲ့လေ။ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တွေ ချက်ပြုတ်ကြမယ့် စားတော်ကဲအဖွဲ့တွေကိုလည်း ဆော်သြထားနှင့်ပြီးပြီ။ အင်း..သည်ခရီးစဉ်မှာ သားတော်ကလေး ရှင်ရာဟုလာလည်း လိုက်ပါလာခဲ့ရင်တော့ သိပ်ကောင်းမှာပဲနော် အရှင်မ။ အရီးတော်ဖြင့် သားတော်ကလေး ရာဟုလာကို အောက်မေ့လို့ပဲ မဆုံးနိုင်ဘူး'

ယသော်ဓရာက ခပ်နွမ်းနွမ်းအပြုံးဖြင့် အထိန်းတော်ကြီးကို ကြည့်လိုက်၏။ အထိန်းတော်ကြီးသည်လည်း သားတော်ကလေး ရာဟုလာကို မိခင်ရင်းနှင့်မခြား အရိပ်တကြည့်ကြည့် ပြုစုထိန်းယ စောင့်ရှောက်ခဲ့သူပေပဲလေ။ ဘုရားရှင် နှင်းအပ်တော်မူပေးခဲ့သော သာသနာ့အမွေကို ခံယူကာ ကပိလဝတ်ပြည်မှသည် ဘုရားရှင် နောက်တော်ပါးသို့ လိုက်ပါသွားခဲ့ပြီးကတည်းက ဤနန်းဆောင်တွင် ရာဟုလာကလေး၏ ချစ်ဖွယ်သော စကားသံ တီတီတာတာတို့ ဆိတ်သုဉ်းခဲ့သည်က ကာလတောင်တာ ကြာမြင့်ခဲ့ပြီမို့ တအောက်မေ့မေ့ တငွေ့ငွေ့လွမ်းတ သတိရနေပေလိမ့်မည်မှာ သံသယဖြစ်ဖွယ် မရှိပါ။

'အရီးတော်ရယ်..ဒီလိုဘဲ ကိုယ်နဲ့ ဆက်နွယ်ရာ သံယောဇဉ်ကြီးရသူကို အောက်မေ့လွမ်းတ မျှော်လင့်ကြစတမ်းဆို ကပိလဝတ်မှာ အဲဒီမျှော်လင့်သူတွေရဲ့ ပင့်သက်ငွေ့တွေနဲ့ သဘာဝလေပြည်ကလေးတောင် မအေးနိုင်တော့ဘဲ အမြဲပူနွေးနေပေတော့မှာပေါ့။ မယ်တော်ကြီး ဂေါတမီကတော့ရော သူ့သားတော် နန္ဒမင်းသားကို မတမ်းတဘဲ ရှိမလား။ ညီမတော် ဇနပဒကလျာဏီကရော လက်ဆက်လုဆဲဆဲ သူ့မောင်တော် နန္ဒမင်းသားကို မအောက်မေ့ဘဲ ရှိမလား။ သည့်မျှသာမကပါဘူးလေ။ ဆတ္တာသည်ဥပါလိနဲ့တကွ အတူလိုက်ပါ ရဟန်းပြုသွားကြတဲ့ မင်းသား ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တတို့ရဲ့ အနီးစပ်ဆုံး သာကီမျိုးတွေကရော မလွမ်းဆွတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိကြပါ့မလား။ ဒါ့ထက်မကတဲ့ သာကီဝင်မင်းသားပေါင်း (၅၀၀)ဟာလည်း ရောဟိဏီမြစ်ရေအရေးကိစ္စ ပေါ်ပေါက်ခဲ့တုန်းက ဘုရားရှင်ရဲ့ ဧဟိဘိက္ခုတွေ ဖြစ်သွားခဲ့ကြလေတော့ သူတို့ရဲ့ ဇနီးမယားတွေကလည်း ကသသသတိရနေကြမှာပါပဲ။ ဒါက အရှင်မတို့လို ပုထုဇဉ်ဆိုတဲ့ သံယောဇဉ်စည်း တစ်ဖက်ခြားမှာ ကျန်ရစ်နေခဲ့ကြသူတွေရဲ့ တူညီတဲ့ ခံစားချက်ပဲလေ။ ဒါပေမဲ့ အဲဒီစည်းရဲ့ တစ်ဖက်ကို ကူးမြောက်သွားခဲ့ကြပြီးသူတွေကတော့ ဒီဘက်မှာ ကျန်ရစ်နေခဲ့ကြသူတွေရဲ့ ခံစားချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ သန္တိသုခကိုသာ ခံစားနေကြပေလိမ့်မယ်။ ဝိမုတ္တိရသနဲ့ ထုံမွမ်းထားမယ့် သူတို့ရဲ့ နှလုံးသားတွေထဲမှာကတော့ ငြိမ်းအေးခြင်း အမြိုက်တရားသာ စိုးမိုးနေကြပေလိမ့်မယ်။ သူတို့ ခြေလှမ်းတွေဟာ နောက်ကို ပြန်လှည့်လာမယ့် ခြေလှမ်းတွေ မဟုတ်ဘူး။ သံသရာက လွတ်မြောက်ရာ မဟာနိဗ္ဗာနနယ်မြေကို ဦးတည်လျှောက်လှမ်းသွားကြမယ့် ခြေလှမ်းတွေပဲ ဖြစ်နေလိမ့်မယ်။ အဲဒီခြေလှမ်းတွေကို တည့်မတ်ထိန်းကျောင်းပေးမယ့် မောင်တော်ဘုရားရှင်ရဲ့အပါးမှာ သူတို့ ခစားမိကြပြီပဲ။ ပုထုဇဉ်ဆန္ဒတွေကြီးနဲ့ မျှော်မော,မောမနေပါနဲ့တော့ အရှီးတော်ရယ်'

ယသော်ဓရာ၏ လေသံက လေးနက်တည်ငြိမ်နေသည်။ မျက်ဝန်းအစုံထဲတွင်လည်း မည်သည့်တမ်းတလွမ်းဆွတ်မှု အရိပ်အငွေ့တို့ကိုမျှ မတွေ့ရ။ အရှင်မသည် သူမ၏ အစွန့်ပယ်ခံဘဝ၏ သောကဟူသမျှတို့ကို သူ့မောင်တော်၏ကြီးကျယ်သော မဟာပန်းတိုင်သို့ အရောက်လှမ်းကြွနိုင်ခဲ့ခြင်း ရလဒ်ဖြင့် လဲလှယ်နှစ်သိမ့်နိုင်ဖို့ သင့်တင့်သော နှလုံးသွင်းမှု ယောနိသောမနသိကာရကို မွေးမြူတည်ဆောက်ထားခဲ့ပြီး ဖြစ်လေရော့သလားဟု အထိန်းတော်ကြီး မယ်ဘဒ္ဒါက တွေးတောနေမိပြန်၏။

အထိန်းတော်ကြီးသည် သိဒ္ဓတ္ထမင်းသား တောထွက်သွားတော်မူခဲ့ပြီဟု စတင်သိလိုက်ရစဉ်ခဏက မိုက်ခနဲ အမြဲကျလုမတတ် ယိမ်းယိုင်သွားခဲ့သဖြင့် အပါးမှ အမြန်ထိန်း၍ ထုမတ်ခဲ့ရဖူးသော တစ်ချိန်က ယသော်ဓရာ၏ ဖြူဖွေးသွားပုံရိပ်မောင်းတို့ကို ဖျတ်ခနဲမြင်ယောင်လိုက်မိ၏။ ထိုအခါတွင်မူ အခြားနားကြီး ခြားနားလျက် တည်ငြိမ်ကျက်သောဣန္ဒြေနှင့် အရှင်မ ဖြစ်နေပါပကောလားဟု တွေးမြင်ရသောအခါ ဝမ်းသာ ဝမ်းနည်း ခံစားချက်များဖြင့် တလှိုက်နင့်နင့် ဖြစ်မိရပြန်ချေလေသည်။

'အရှီးတော်..အခုတစ်ကြိမ် ကပိလဝတ်ကို မောင်တော်ဘုရားရှင် ရောက်ရှိလာတဲ့အခါကျရင်တော့ ပထမဆုံးအကြိမ် ကပိလဝတ်ကို ကြွချီတော်မူလာခဲ့တုန်းကလို အရှင်မရဲ့ နန်းဆောင်ကို သီးသန့်ကြွရောက်တော်မူလာပါစေလို့ အရှင်မ ဆုတောင်းမျှော်လင့်နေမယ် ထင်သလားဟင်'

ထိုအခိုက်မှာပင် အရှင်မ ယသော်ဓရာထံမှ မထင်မှတ်သော မေးခွန်းတစ်ခု ထွက်ရှိလာခဲ့၏။ အရှင်မ၏ မျက်နှာကို လှမ်းကြည့်လိုက်တော့ နီမြန်းသော နှင်းဆီငုံနှုတ်ခမ်းတို့၏ အဖျားအစွန်းတွင် ပူလောင်ခြင်း သောကပရိဒေဝမှ ရုန်းထွက်ခဲ့ပြီးသူ၏ ပကတိအေးချမ်းသော အပြုံးရိပ် တွဲခိုလျက်။

'ဟင့်အင်း၊ အရှီးတော် အဲသလို မမျှော်လင့်တော့ပါဘူး။ ထင်မြင်ချက်လည်း မပြုချင်တော့ပါဘူး အရှင်မရယ်။ အရှင်မရဲ့ နှလုံးသည်းညှာမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ဒဏ်ရာဟာ နှစ်ကာလတွေနဲ့အတူ ဘုရားရှင်ရဲ့ တရားဓမ္မတွေ၊ အဆုံးအမတွေနဲ့အတူ အနာဖေး ကွာခဲ့ပြီမို့ အရှီးတော် ဝမ်းမြောက်အားတက်နေပါပြီကွယ်'

ထိုအခါ ယသော်ဓရာက ရိုးစင်းလှသော အတည်ပြုချက်ကို မိန့်တော်မူ၏။ ရိုးစင်းလှသည်နှင့်အမျှ အင်အားပြည့်ဝလှသည့် ပါရမီဖြည့်ဖက်တစ်ဦး၏ ဝန်ခံချက်ကို အထိန်းတော်ကြီး ကြားသိလိုက်ရခြင်းဟုသာ ဆိုရပေတော့မည် ထင်ပါ၏။

'မှန်ပါတယ် အရှီးတော်။ မောင်တော်ဘုရားရှင်ဟာ အချိန်ကာလနဲ့အညီ အလုပ်သင့် အလုပ်ထိုက်ဆုံး အမှုကိစ္စတွေကို ဘယ်အချိန်မှာ လုပ်ရမယ်ဆိုတာ သိတော်အမူဆုံး ကာလညူတစ်ပါး၊ အခြေအနေကို အသိဆုံး ခေတ္တညူ တစ်ပါးပါ။ ဒီလို ကာလညူ၊ ခေတ္တညူ အရှင်တစ်ပါးဟာ ယခုတစ်ခေါက် ကပိလဝတ်ကို ရောက်လာချိန်မှာ ဘယ်သူ့ကို အဓိကထား တွေ့ဆုံရမယ်ဆိုတာ အသိဆုံးသာပေါ့။ ယခုတစ်ကြိမ်မှာ အဓိက အရေးတကြီး တွေ့ဆုံရမယ့်သူက ခမည်းတော် အရှင်သုဒ္ဓေါဒနမင်းကြီးပဲ ဖြစ်တယ်မဟုတ်လား အရှီးတော်'

(ဆက်လက်ဖော်ပြပါမည်)

**နန္ဒာစိုး(ဆေးပြုကျွန်း)**

www.burmeseclassic.com

ရာဇဂြိုဟ်မှာတော့ အိုးထိန်းသည် ဘဂ္ဂဝ ဆိုလျှင် မသိသူ မရှိ။

သူနေထိုင်ရာ အိမ်ကလေးသည် လွန်စွာမှ နေချင့်စဖွယ်ကောင်းလောက်အောင် ခံ့ခံ့ထည်ထည်ရှိလှ၏။ အိမ်သာတော့လည်း ညှော်သည်က ပြတ်သည်ဟူ၍ မရှိ။ ညှော်သည်ဟုဆိုရာ၌ လူပုဂ္ဂိုလ်တွေချည်းမဟုတ်။ အာဂန္တု ရဟန်းတချို့လည်း သူ့အိမ်ဂေဟာအား ကျောင်းသခ်မ်း အမှတ်ဖြင့် ခေတ္တခဏ ဆိုသလို သီတင်းသုံးတတ်ပြန်ပါသေး၏။

ယခုလည်း ဘဂ္ဂဝ၏အိမ်၌ အာဂန္တု ရဟန်းတစ်ပါး တည်းခိုသီတင်းသုံးနေလျက် ရှိသည်။

ထိုစဉ်မှာပင် အိုးလုပ်နေသော ဘဂ္ဂဝ၏ ရှေ့သို့ ဘုရားရှင် ရောက်ရှိတော်မူလာခဲ့သည်။ ဘဂ္ဂဝအဖို့တော့ ဘုရားရှင်မှန်း သိ၍ပဲလား၊ သို့တည်းမဟုတ် သက်န်းဝတ်ထားလျှင် ရှိသေဖွယ် ရဟန်းဟူ၍ မှတ်ယူထား၍ပဲလား မည်သို့ကြောင့် မဆိုသာသော်ငြား မိမိ၏ရှေ့သို့ ခြေစုံလာရပ်သော ဘုရားရှင်အား တွေ့မြင်လိုက်ရသည်နှင့်ပင် လက်အုပ်ချီနှင့်ပြီးသား ဖြစ်နေခဲ့သည်။

ပြီးတော့ 'ဘာများအလိုရှိတော်မူပါသလဲ အရှင်ဘုရား' ဟူ၍ မေးမြန်းလျှောက်တင်ခြင်းနှင့်အတူ ဘုရားရှင်၏ ခြေတော်အစုံအား ဦးခိုက်ရှိခိုးလိုက်လေ၏။

'ဘဂ္ဂဝ . . သင့်အဖို့ရာ ဝန်မလေးဘူးဆိုလျှင်ဖြင့်



ဖူးစွင့်ရသစြေးမှု

# လှပသော ဆုံမှတ်
# နှိုးကြမယ်



www.burmeseclassic.com

www.burmeseclassic.com

သင့်အိမ်မှာ တစ်ညလောက် ငါ့ကို တည်းခိုခွင့်ပြုနိုင်မလား'

ဘဂ္ဂဝ၏ အမေးကို အလိုဆန္ဒရှိသည့်အတိုင်း ပြန်လည်အမေးပြုလိုက်သည်။ ဘုရားရှင်အဖို့ မဂဓတိုင်းတစ်ခွင် ဒေသစာရီလှည့်နေခဲ့ရာမှ ဤအရပ် ဤနေရာသို့ ရောက်ရှိလာခဲ့ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါချေ။

'အရှင်ဘုရား‥တပည့်တော့်အတွက် သည်ကိစ္စဟာ ခံလေးဖွယ်ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ အရှင်ဘုရားထက် ရှေးဦးစွာ အာဂန္တုရဟန်းတစ်ပါး ရောက်ရှိသီတင်းသုံးနေပါတယ်။ အကယ်တန္တု‥အဲသည် အာဂန္တုရဟန်းက ခွင့်ပြုမယ်ဆိုခဲ့ရင် အရှင့်အနေနဲ့ တပည့်တော်ရဲ့ အိမ်ဂေဟာကို ကျောင်းအမှတ်ထားပြီး ချမ်းသာတော်မူသလို သီတင်းသုံးနိုင်ပါတယ်ဘုရား'

'ကောင်းပြီ ဘဂ္ဂဝ၊ ကောင်းပြီ'

ဘဂ္ဂဝ၏ စကားကြောင့် ဘုရားရှင်လည်း အာဂန္တုရဟန်း တည်းခိုနေသည့် အခန်းရှိရာသို့ လှမ်းကြွတော်မူလိုက်လေသတည်း။

◆ ◆ ◆

အခန်းတွင်း၌ ရောက်ရှိနေနှင့်သော အာဂန္တုရဟန်းအား ရဟန်းအိုကြီးတစ်ပါးဖြစ်ပြီး ဗုဒ္ဓဘုရားရှင်ထက် အသက်ကြီးက ပက္ကုသာတိဟု အမည်ရှိသူ ဖြစ်၏။

ပက္ကုသာတိ ရဟန်းအိုကြီးသည် တက္ကသိုလ်မြို့တော်နှင့် ထီးနန်းစည်းစိမ်ကို စွန့်ခွာ၍ ရဟန်းပြုကာ ဘုရားရှင်အား တွေ့မြင်ဖူးမြော်ရန်အလို့ငှာ ကြွလာရင်းမှ ဘဂ္ဂဝ၏ အိမ်၌ ခေတ္တတည်းခိုနေခြင်း ဖြစ်ချေ၏။

ဘုရားရှင်သည် ရဟန်းအို ပက္ကုသာတိကို စေ့စေ့ကြည့်ရင်း 'အသင်ရဟန်း‥သင့်အနေနဲ့ အပန်းမကြီးဘူးဆိုရင် သည်အခန်းမှာ တစ်ညလောက် ငါတည်းခိုချင်ပါတယ်'ဟူ၍ ကိစ္စရင်းကို မိန့်တော်မူလိုက်၏။

ထိုအခါ ပက္ကုသာတိ သည် စွန့်တိုစိတ်အလျှင်းမရှိ။ ပျူငှာသလဲပင် -

'အို‥ငါ့ရှင်၊ တည်းခိုပါ၊ တည်းခိုပါ။ သည်အခန်းဟာ အကျယ်ကြီးရှိတဲ့ဥစ္စာ။ သက်သောင့်သက်သာ ရှိပါတယ်။ ငါ့ရှင်ကြိုက်သလို ကြိုက်သလောက် သီတင်းသုံးပါ'

ရှေးဦးစွာရောက်နှင့်နေခဲ့သော ပက္ကုသာတိထံမှ ခွင့်ပြုချက် ရလျှင်ရချင်း ဘုရားရှင်လည်း အခန်းတွင်း၌ မြက်ဖျာကို ခင်းလိုက်ပြီး ၎င်းအထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလိုက်သည်။

ဘုရားရှင်အဖို့ ထိုသို့ တင်ပျဉ်ခွေထိုင်နေတော်မူသည်မှာ ညလုံးပေါက်ပင် ဖြစ်၏။ ဤတွင် တစ်ခန်းတည်းအတူနေ ပက္ကုသာတိ ရဟန်းကြီးမှာလည်း ဗုဒ္ဓဘုရားရှင်ကဲ့သို့ပင် ညလုံးပေါက် ထိုင်လျက်သားဖြင့် အချိန်တို့ကို ကုန်လွန်စေခဲ့လေသည်။

ဘုရားရှင်သည် ထိုင်လျက်သား အနေအထားမှ တစ်ချက်‚တစ်ချက်ဆိုသလို ပက္ကုသာတိ ရဟန်းကြီးဘက်သို့ ကြည့်ကာ မသိမသာအကဲခတ်တော်မူလေသည်။ ထို့အတူပင် ပက္ကုသာတိ ရဟန်းကြီးသည်လည်း ဗုဒ္ဓဘုရားရှင်အား တစ်ခါ‚တစ်ခါ လှည့်၍ အကဲခတ်သော မျက်လုံးများဖြင့် ကြည့်မိပါလေ၏။

ဘုရားရှင်အဖို့ ပက္ကုသာတိ ရဟန်းကြီး၏ ဥပဓိရုပ်ကို အကဲခတ်ကြည့်ရင်းမှ 'သည်ရဟန်းကြီးဟာ မွန်မွန်ရည်ရည်ရှိလှတယ်။ လူရည်ကို အကဲခတ်တော့လည်း ခပ်သန့်သန့်ပါပဲ။ အနေအထိုင်ကလည်း သိုသိုသိပ်သိပ်၊ ကျစ်ကျစ်လျစ်လျစ်နဲ့ ဘယ်အမျိုး ဘယ်အနွယ်လဲဆိုတာ မေးကြည့်ဦးမှပါ'ဟူသော စိတ်အကြံ ဖြစ်ပေါ်လာခဲ့၏။

ထို့ကြောင့်ပင် နှုတ်တော်ကို ဖွင့်ဟလှုပ်ရှားလိုက်လေ၏။

'ရဟန်းကြီး‥သင်ဟာ ဘယ်ပုဂ္ဂိုလ်ကို ရည်မှတ်လို့ ရဟန်းပြုလာပါသလဲ။ သင့်ရဲ့ ဆရာကရော ဘယ်သူတဲ့တုံး။ ပြီးတော့ သင့်အနေနဲ့ ဘယ်သူ့ရဲ့ တရားကို နှစ်သက်ပါသလဲ'

သည်အမေးစကားသည် ဘုရားရှင်အဖို့ မသိ၍ မေးခြင်းမဟုတ်။ ဤအိုးထိန်းသည် ဘဂ္ဂဝအိမ်သို့ ကြွမလာမီကပင် ပက္ကုသာတိ မည်သူမည်ဝါဖြစ်ကြောင်းကို ဉာဏ်မျက်စိမည်သော ဒိဗ္ဗစက္ခုစွမ်းအင်ဖြင့် သိမြင်တော်မူခဲ့ပြီးဖြစ်၏။ သို့ပါလျက် မေးသင့်မေးထိုက်သော အကြောင်းရှိ၍ ဤသို့မေးမြန်းခြင်းပြုမှသာလျှင် ပက္ကုသာတိအဖို့ လွတ်မြောက်ခြင်းအကျိုးကို ထိတွေ့ခံစားရမည် ဖြစ်သည့်အတွက် မေးမြန်းတော်မူရခြင်း ဖြစ်ပေ၏။

ပက္ကုသာတိ ရဟန်းကြီးကလည်း ရိုးသားစွာပင် ပြန်လည်ဖြေကြားခဲ့ပေ၏။-



www.burmeseclassic.com

www.burmeseclassic.com

'ငါ့ရှင်··သက္ကသာကီဝင် မျိုးရိုးကနေ ရဟန်းပြုသွားတဲ့ ရဟန်းဂေါတမဆိုတာ ရှိလေရဲ့။ သူ့ရဲ့ ကျော်စောသတင်း ဆိုတာဟာ အရပ်ထက်ဝန်းကျင်တစ်လွှား ပြန့်လျက်ရှိပါတယ်။ ရဟန်းဂေါတမဟာ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ အရဟံဂုဏ်တော်၊ ပြီးတော့ သာမန်ပုဂ္ဂိုလ်တွေ သိဖို့ရာ မလွယ်ကူတဲ့ သစ္စာလေးပါးတရားကို ဆရာမရှိ၊ မိမိ အလိုလို သိတော်မူတဲ့အတွက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် စသဖြင့် ဂုဏ်တော်ကိုးပါးတို့ရဲ့ သခင်ဆိုပြီး ဟိုးဟိုးကျော်လျက် ရှိပါတယ်။

ငါ့ရှင်··အကျွန်ုပ်ဟာ အဲသည် ဂုဏ်တော်ကိုးပါးသခင် ရဟန်းဂေါတမကို ရည်ရွယ်ပြီး ရဟန်းပြုလာခဲ့တဲ့သူပါ။ ဒါကြောင့် ရဟန်းဂေါတမဟာ အကျွန်ုပ်ရဲ့ ဆရာပါပဲ။ အကျွန်ုပ်ဟာ အကျွန်ုပ်ရဲ့ဆရာ ရဟန်းဂေါတမရဲ့ တရားတော်ကို အလွန် [illegible] ကပ်ပါတယ်'

ပက္ကုသာတိ ရဟန်းကြီးကား ဘုရားရှင်ကို မိမိ၏ ရှေ့မှောက်တူရူ၌ ဖူးမြင်နေရပါလျက် ဘုရားရှင်မှန်း မသိရှာသေးပါတကား။

သို့ပါသော်ငြား သူသည် မိမိဇာစ်ကိုယ်လုံးအား မြတ်ဗုဒ္ဓထံ ဝကွက်အပ်နှံထားပြီးသား ဖြစ်နေပါပကော။ ထိုသို့သော အခြေအနေတွင် ဘုရားရှင်လည်း ထပ်မံမေးမြန်းတော်မူပါလေ၏။

'ရဟန်းကြီး··ခုချိန်မှာ သင့်ရဲ့ဆရာဖြစ်တဲ့ ရဟန်းဂေါတမဟာ ဘယ်မှာများ ရှိနေပါသလဲ'

'ငါ့ရှင်··ဥတ္တရဇနပုဒ်တွေထဲမှာ သာဝတ္ထိဆိုတဲ့ မြို့တစ်မြို့ရှိပါတယ်။ အဲသည်မြို့ဟာ သိပ်ကိုသာယာစည်ကားတဲ့မြို့လို့ ထင်ရှားပါတယ်။ အဲသည် သာဝတ္ထိမြို့မှာ အကျွန်ုပ်ရဲ့ဆရာ ရဟန်းဂေါတမ ရှိပါတယ်'

'ရဟန်းကြီး··ဒါဆိုရင် သင့်ရဲ့ဆရာ ရဟန်းဂေါတမဆိုတာကို သင်မြင်ဖူးပါသလား။ မြင်လျှင်ရော သင်သိပါ့မလား'

'ငါ့ရှင်··အကျွန်ုပ်ဟာ ရဟန်းဂေါတမကို ယခုအချိန်ထိတိုင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးပါဘူး။ မြင်လျှင်လည်း ကျွန်ုပ် သိမယ်မထင်ပါဘူး။ အကျွန်ုပ်ရဲ့ ဆရာကို ဖူးတွေ့လိုတဲ့ဆန္ဒကြောင့် ကျွန်ုပ်လာခဲ့ရင်း ဟောသည်ဂေဟာမှာ ရွှေဆွတ္တခဏ ဝင်ရောက်တည်းခိုခြင်း ဖြစ်ပါတယ် ငါ့ရှင်'

ပက္ကုသာတိ၏ ဖြေဆိုစကားတွေက ရိုးရိုးရှင်းရှင်း ကောက်ကလိမ်ကောက်ကကျစ် အလျှင်းမရှိ။

သည်အမျိုးကောင်းသားဟာ ငါဘုရားရှင်ကို တစ်ကြိမ်တစ်ခါမျှလောက်တောင် ဖူးတွေ့ရခြင်း မရှိပါဘဲနှင့် ငါ့ကို ဆရာတင်ပြီး ရဟန်းပြုလာခဲ့သူပါကလား။ ဒါကြောင့် ငါ့အနေနဲ့ သူ့ကို ချီးမြှောက်ထိုက်ပေတယ်။ တရားဟောရရင် ကောင်းမယ်။

သည်သို့သော အကြံသည် ဘုရားရှင်အား ဖြစ်လာစေခဲ့သည်။ သည့်အတွက် လက်တွေ့အကောင်အထည်ဖော်ဖို့ ပြင်ထားလိုက်တော့၏။

'ရဟန်းကြီး··သင့်အနေနဲ့ ငါ့တရားကို နာချင်စိတ်ရှိရင် ငါ တရားဟောပါမယ်။ ဘယ့်နှယ်တုံး'

'ကောင်းပါလေရဲ့ ငါ့ရှင်။ သင် ဟောမယ်ဆိုရင် နာကြားချင်ပါရဲ့'

သို့ဖြစ်၍ ဘုရားရှင်လည်း ရဟန်းအိုကြီး နားလည်လက်ခံနိုင်စွမ်းရှိသည့် တရားအဆစ်အပိုင်းတို့ကို စိစစ်ကာ စတင်ဟောကြားပါလေတော့သတည်း။

◆◆◆

'ရဟန်းကြီး··ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှဟာ ဓာတ်ခြောက်ပါးရဲ့ အစုအဝေးမျှသာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်သတ္တဝါတိုင်းကို ဓာတ်ခွဲကြည့်မယ်ဆိုရင်–

(၁) ပထဝီ - မြေဓာတ်၊
(၂) အာပေါ - ရေဓာတ်၊
(၃) ဝါယော - လေဓာတ်၊
(၄) တေဇော - မီးဓာတ်၊
(၅) အာကာသ - ဟင်းလင်းပွင့်ဓာတ်၊
(၆) ဝိညာဏ - အသိဓာတ်ဆိုပြီး ဓာတ်ခြောက်ပါး တွေ့ရပါလိမ့်မယ်။ အဲသည်ဓာတ်ခြောက်ပါးဟာ သင့်မှာ ရှိသလို ငါ့မှာလည်း ရှိပါတယ်။ သင်သည်လည်း ဓာတ်ခြောက်ပါးနှင့်လူ၊ ငါသည်လည်း ဓာတ်ခြောက်ပါးနှင့်လူပဲပေါ့'

ရဟန်းကြီးကား တစ်ခါဖူးမျှ နာကြားခွင့် မရသေးသော တရားကို ရိုးရှင်းပြေပြစ်စွာ နာကြားခွင့်ရသည့် အတွက် အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။ ဘုရားရှင်ကလည်း ဓာတ်တစ်ပါးစီ၏ ဖြစ်တည်မှုအစုတို့အား

www.burmeseclassic.com

အသေးစိတ် သရုပ်ခွဲ၍ ဖော်ထုတ်ဟောကြားပေးတော်မူရာ ရဟန်းကြီးအဖို့ ထင်သာမြင်သာရှိရုံမျှမက နားလည်သဘောပေါက် ပွင့်လင်းလာတော့သည်။

'ရဟန်းကြီး··ခာတ်ခြောက်ပါး အစုအဝေးတွေဆိုတာဟာ ဘယ်မှာဖြစ်ကြပါသလဲ။ အဲသည်ဓာတ်တွေရဲ့ ခွဲမှီဖြစ်တည်ရာရော ဘယ်မှာပါတဲ့လဲ'

'ခန္ဓာကိုယ်မှာ ဖြစ်တည်တာပဲပေါ့ ငါ့ရှင်'

'ကောင်းပြီ။ ဒါဆိုရင် အဲသည်ဓာတ်တစ်ပါးချင်းစီဆိုတာ သင့်ဥစ္စာ၊ သင့်ပစ္စည်း ဖြစ်ပါသလား'

ဘုရားရှင်၏ တရားဒေသနာတို့ကား တစ်ဆင့်ပြီး တစ်ဆင့်။ ပက္ကုသာတိကလည်း တစ်ဆင့်ချင်းကိုပင် မီအောင် လိုက်နိုင်ခဲ့သည်။

'ဘယ်ဟုတ်ရမှာတဲ့လဲ ငါ့ရှင်'

'ဒါဖြင့်ရင် ဓာတ်တစ်ပါးချင်းစီဟာ သင်ဖြစ်သလား၊ သင်ဟုတ်သလား'

'မဟုတ်ပါဘူး ငါ့ရှင်'

'ဒါဆို အဲသည်ဓာတ်တစ်ပါးချင်းစီဟာ သင့်ရဲ့အတ္တလား'

'မဟုတ်ရပါဘူး ငါ့ရှင်'

'ရဟန်းကြီး·· သင့်အဖြေစကားဟာ အင်မတန်မှကောင်းပါလေရဲ့၊ ကောင်းလေရဲ့။ အဲသည်နည်းနဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အာကာသ၊ ဝိညာဏဆိုတဲ့ ဓာတ်တွေကို ယဲထာဘူတဉာဏ်နဲ့ အမှန်ကို အမှန်အတိုင်း မြင်ရလေအောင် ရှုသင့် ရှုအပ်လှပေတယ်။ သည်လိုမျိုး ရှုမှန်များလာပြီဆိုရင် အဲသည်ဓာတ်တွေဟာ ငါ့ပစ္စည်းလည်းမဟုတ်၊ ငါလည်းမဟုတ်၊ ငါ့ရဲ့အတ္တလည်းမဟုတ်ဆိုပြီး ထိထိရောက်ရောက် သဘောပေါက်လာပါလိမ့်မယ်၊ အဲသည်အခါမှာ ဓာတ်ခြောက်ပါးအပေါ် ငြီးငွေ့ခြင်း ဖြစ်လာပါလိမ့်မယ်။ အဲသည်ဓာတ်တွေနှင့်ပတ်သက်ပြီး စိတ်ကို တပ်မက်ခြင်းကနေ ကင်းဝေးစေပါလိမ့်မယ် ရဟန်းကြီး'

ပက္ကုသာတိကား ဘုရားရှင်၏ တရားအလျဉ်ကြော၌ တငြိမ့်ငြိမ့်။

'ရဟန်းကြီး··ငါဖြစ်တယ်လို့ ထင်မှတ်ခြင်း၊ ဟောသည်ခန္ဓာကိုယ်ကြီးဟာ ငါပဲလို့ မှတ်စွဲခြင်း၊ ငါဖြစ်အံ့၊ ငါမဖြစ်အံ့လို့ မှတ်ထင်ခြင်း၊ ရုပ်ရှိသည်၊ ရုပ်မရှိသည်လို့ မှတ်ထင်ခြင်း၊ သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်လို့ မှတ်ထင်ခြင်း၊ ပြီးတော့ မှတ်ထင်ခြင်းဆိုတဲ့ အနာ၊ အိုင်းအမာ၊ ငြောင့် စတဲ့ လုံးစုံကုန်သော မှတ်ထင်ခြင်းတို့ လွန်မြောက်တဲ့ ရဟန္တာကို ငြိမ်းတဲ့သူလို့ ဆိုအပ်ပါတယ်။

ရဟန်းကြီး··ငြိမ်းလေပြီဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်အဖို့ရာ ဖြစ်လည်း မဖြစ်၊ အိုလည်း မအို၊ နာလည်းမနာ၊ သေလည်း မသေ၊ ပျက်လည်း မပျက်၊ နှစ်လည်း မနှစ်သက်တော့ပါဘူး။ ပဋိသန္ဓေနေမှုဇာတိ မဖြစ်ခဲ့ရင် ဘယ်မှာ အိုမှာတဲ့လဲ။ မအိုဘူးဆိုရင် ဘယ်မှာ သေမှာတဲ့လဲ။ မသေဘူးဆိုမှတော့ ဘယ်မှာ ပျက်ယွင်းမှာတဲ့လဲ။ မပျက်ဘူးဆိုရင် ဘာကြောင့် နှစ်သက်ရမှာတဲ့လဲ။

ရဟန်းကြီး··သင့်ကို အကျဉ်းအားဖြင့် ငါဟောကြားခဲ့တဲ့ တရားဒေသနာတွေကို စဉ်းစားဆင်ခြင်သုံးပါလေလော့'

ထိုသို့မိန့်ကြားပြီးသည့်နောက် ဘုရားရှင်လည်း တုံဏှိဘာဝေ ငြိမ်ဆိတ်စွာ သီတင်းသုံးနေတော်မူလေ၏။

ထိုအခါတွင်မှ ပက္ကုသာတိအဖို့ မိမိအား တရားဒေသနာတော် ဟောကြားတော်မူခဲ့သော ပုဂ္ဂိုလ်မှာ သူအလွန်တွေ့ချင်၊ ဖူးမြော်ချင်သည့် အတုလံ-အတုမရှိ ဗုဒ္ဓဘုရားရှင် ဧကန်စစ်စစ် ဖြစ်တော်မူကြောင်းကို ရိပ်စားသွားခဲ့မိတော့သည်။ ဤတွင် ဘုရားရှင်နှင့် တန်းတူနေထိုင်ခဲ့ခြင်း၊ ပြောဆိုဆက်ဆံခဲ့ခြင်းများအပေါ် အားတုံ့အားနာဖြစ်နေမိတော့သည်။

စိတ်ထဲမှာလည်း 'သတ္ထာဘုရားရှင်ဟာ ငါ့ရဲ့ရှေ့မှောက် ရောက်တော်မူနေပါလား။' သုဂတမြတ်စွာဟာ ငါ့ရဲ့ရှေ့မှောက် ရောက်တော်မူနေပါလား။ သမ္မာသမ္ဗုဒ္ဓဘုရား ငါ့ရဲ့ရှေ့မှောက် ရောက်တော်မူနေပါလား'ဟူ၍ ပွဲတင်ရိုက်ဟည်းလျက် ရှိနေ၏။

သည့်နောက် နေရာမှ ရုတ်ခြည်းဆိုသလို ထလိုက်၏။ သင်္ကန်းကို လက်ကန်တော့ထိုးလိုက်၏။ ပြီးသည်နှင့် ဘုရားရှင်၏ ခြေတော်အစုံကို ဦးတိုက်လျက် ရှိခိုးတောင်းပန်လေတော့သည်။

'အရှင်ဘုရား·· တပည့်တော်ဟာ တွေဝေမိုက်မဲတဲ့အလျောက်၊ လေးလံထိုင်းမှိုင်းတဲ့အလျောက်၊ မလိမ္မာ မလိမ္မာတဲ့အလျောက် အပြစ်တွေ များနေခဲ့ပါပြီဘုရား၊


www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်ဟာ ရှင်တော်မြတ်ဘုရားကြီးကို ငါ့ရှင်.. ငါ့ရှင်ဆိုတဲ့ အသုံးအနှုန်း ဝေါဟာရစကားလုံးတွေနဲ့ ခေါ်ဝေါ်သုံးစွဲမိခဲ့ပါပြီ။ သည်အပြစ်တွေ နောက်နောင် ဘယ်သောအခါမျှ မဖြစ်ရလေအောင် စောင့်စည်းပါ့မယ်။ တပည့်တော်အပေါ် သည်းခံခွင့်လွှတ်တော်မူပါဘုရား'

ဘုရားရှင်ကား ဝေနေယျသတ္တဝါတို့အပေါ် မေတ္တာဖြန့်ကြက်ထားသည့်အလျောက် လွန်စွာမှ ကရုဏာရှေ့ရင့်ကျက်လှပေတော့သည်။

'ပဏ္ဏသာတိ..သင့်ရဲ့ အပြစ်တွေမှန်သမျှ ခွင့်လွှတ်ပါတယ်။ ငါဘုရားရှင်ရဲ့ သာသနာတော်မှာ အပြစ်ရှိတာကို ရှိမှန်းသိခဲ့ရင် ဝိနည်းဓမ္မကံအားလျော်စွာ ကုစားရပါလိမ့်မယ်။ ဒါဆိုရင် နောင်အခါမှာ သည်လိုမျိုး မဖြစ်ရလေအောင် စောင့်စည်းနိုင်ပါလိမ့်မယ်။ ဒါဟာ ကြီးပွားကြောင်းတရားပါပဲ ပဏ္ဏသာတိ'

'တင်ပါ့ဘုရား၊ အရှင်ဘုရား..တပည့်တော်အနေနဲ့ အရှင်ဘုရားရဲ့ထံမှောက်မှာ ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရား'

'ကောင်းပြီ ပဏ္ဏသာတိ၊ သည်လိုဆိုရင် သင့်မှာ သပိတ်၊ သင်္ကန်းတို့ ပြည့်စုံပါပြီလား'

'မပြည့်စုံသေးပါဘူးဘုရား'

'ပဏ္ဏသာတိ.. ဘုရားရှင်တို့မည်သည် သပိတ်၊ သင်္ကန်း ပြည့်စုံမှုကင်းမဲ့သူတွေကို ရဟန်းပြုပေးလေ့ မရှိပေဘူး'

'တင်ပါ့ဘုရား'

ပဏ္ဏသာတိလည်း ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ဘုရားရှင်အား ကြည်ညိုစွာ ရှိခိုးလိုက်လေ၏။ ပြီးလေသော် သပိတ်နှင့် သင်္ကန်းသာ ပြည့်စုံရင် ငါ ရဟန်းကောင်းကောင်းဖြစ်ပြီဟူသော ကြည်နူးစိတ်ဖြင့် အရှာအဖွေထွက်ရန် အိုးထိန်းသည်ဘဂ္ဂဝ၏ အိမ်ဂေဟာကို ကျောခိုင်းလိုက်ပါသတည်း။

နန္ဒာမိုးကြယ်

<u>အကိုးအကား</u>

* ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (ဒဂုန်ဦးစန်းငွေ)။


# ဆရာကြီးဦးအေးထွန်း

[အာကြောပြင်ပညာရှင်]

အကြောပြင့်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်ကိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ယုံ့နာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၇၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၄၅၅။




www.burmeseclassic.com

www.burmeseclassic.com


ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်မြင်ချမ်းသာရေး။

မြင့်မိုရ်ဟိန်း

# မြင့်မိုရ်ဟိန်း

အမှတ်တံဆိပ်

## ဆီးချိုသွေးချိုကျဆေး



ဆီးချိုရောဂါကြောင့် - ဆီးဝေဒနာများ၊ အနာမကျက်ခြင်း၊
သွေးတိုးနှုန်းပုံမှန်မရှိခြင်း၊ အကြောတက်ခြင်း၊ မူးဝေခြင်း၊
ကိုယ်အလေးချိန်ကျခြင်း၊ ရေငတ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း
များကို ထိရောက်လျင်မြန်စွာ သက်သာစေပါသည်။

---

သစ်မင်းတစ်ထောင် စွမ်းအားဆောင်
အကြောတစ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

# သစ်မင်းတစ်ထောင်

အမှတ်တံဆိပ်

## အကြောပြေလိမ်းဆေး



ကျဲဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး လေငန်းရောဂါ၊
လေးဖက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများကို မိနစ်ပိုင်းအတွင်း
လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်

ဆိုင်ခွဲ - မြင့်မိုရ်ဟိန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ (စံချိန်မီ - ...)၊
အမှတ် ၃ / ၁၀၂၊ အရှေ့အောင်မြေသာစည်အိမ်ယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း - ၀၉ ၅၁၃၈၀၃၄၊ ၀၉ ၅၁၁...

...တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y၀၀၀၂၈၈ လိုင်စင်အမှတ် - ၁/၂၀၁၀ ...အမှတ် ... (တနင်္သာရီ) ...




www.burmeseclassic.com

www.burmeseclassic.com



# မုံရွာ နေဇာ
# ရလေ လိုလေ အို..တစ္ဆေ

<u>ပြိတ္တာ (သို့မဟုတ်) တစ္ဆေ</u>

တစ္ဆေဆိုတာ ရှိသလား။

တစ္ဆေမရှိပါဘူး စသဖြင့်ငြင်းဆိုကာ တစ္ဆေမရှိပါ ဆိုသူတွေလည်း ရှိပေသည်။ သို့သော် တစ္ဆေရှိသည်ဟု လက်ခံယုံကြည်သူတွေက ပို၍များပြားပါသည်။ တခြား မကြည့်ပါနှင့်။ တစ္ဆေဇာတ်ကားတွေ၊ သရဲကားတွေ၊ ဝိညာဉ်ဇာတ်လမ်းတွေ အမြောက်အမြား ထွက်ရှိနေခြင်းက သက်သေခံလျက်ရှိလေသည်။ မြန်မာသာမက ထိုင်း၊ မလေးရှား၊ တရုတ်၊ အင်ဒိုနီးရှား၊ ဥရောပနိုင်ငံများမှ ရောက်ရှိလာသော သရဲကား၊ တစ္ဆေကား၊ ဝိညာဉ်ဇာတ်ကား ဇာတ်လမ်းတွေ များမှများ။ မြန်မာတွေကလည်း ယင်းသို့ နိုင်ငံခြားဖြစ် ဇာတ်ကားများကို မှီငြမ်းပြုကာ (ခိုးချကာ) ရေးသားရိုက်ကူးနေကြတာတွေ တစ်ပုံတစ်ပင် အစုံအလင် ရှိချေသည်။

ဆိုလိုသည်မှာ ယနေ့(၂၁)ရာစု အိုင်တီခေတ်၊ ကွန်ပျူ တာခေတ် ဖြစ်လာသည့်တိုင် တစ္ဆေသရဲကိစ္စက ပျောက် ပျက်မသွားပါ၊ မသွားနိုင်ပါ။ ဗုဒ္ဓစာပေ၌မူ တစ္ဆေဟူ၍ တိုက်ရိုက် မလာရှိ။ ပေတဝေါဟာရဖြင့် ပြိတ္တာဟူ၍ ရှိပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံ၌ ပြိတ္တာဘုံသားများ ဖြစ်ပါသည်။ ပရ လောကသားများဟု ပြောဆိုရေးသားကြပါသည်။ မမြင်ရ ၍၊ မမြင်ဖူး၍ မရှိဘူး ငြင်းဆိုမရပါ။

တစ္ဆေဟူသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ်မှာ ခြောက်လှန့်ခြင်း၊ ကြောက်လန့်ခြင်း ဖြစ်သည်။ ယင်း သတ္တဝါတို့သည် လူတွေကို ခြောက်လှန့်တတ်သည်။ ကြောက်လန့်အောင် လုပ်တတ်သည်။ ထို့ကြောင့် တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်တွင်နေခြင်း ဖြစ်ပါ၏။ အဓိကကတော့ ပြိတ္တာအမျိုးအစားတွေပင် ဖြစ်သည်။ ပညာတတ်၊ ပညာရှိဆရာတော်ကြီးတွေကလည်း တစ္ဆေကို ပြိတ္တာအမျိုးထဲတွင် သွင်းယူရကြောင်း ဖြေဆိုထားတော်မူကြသည်။ မြေဖုတ်ဟူ၍လည်း ဆိုထားပါသေးသည်။

မည်သို့ဆိုစေ တစ္ဆေဆိုသော ပြိတ္တာသတ္တဝါ တစ်နည်း ပရလောကသားတွေကတော့ ရှိနေသည်သာတည်း။

## တံငါရွာမှမိသားတစ်စု

ဟိုလွန်လေပြီးသော ရှေးအခါက ကုဏ္ဍိဆိုသည့်မြို့အနီးရှိ မြစ်ကမ်းနံဘေးမှာ တံငါရွာတစ်ရွာ ရှိ၏။ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော မိသားစုထဲတွင် မောင်ဖြူဆိုသော လူငယ်လူရွယ် တစ်ယောက်ရှိသည်။

မိဘများနှင့်တကွ တစ်ဆွေလုံး တစ်မျိုးလုံး တံငါသည်များ ဖြစ်ကြသော်လည်း မောင်ဖြူကတော့ တစ်မျိုးတစ်ဘာသာ တံငါအလုပ်ကို ဝါသနာမပါ။ ဝါသနာမပါရုံမျှမက သူကိုယ်တိုင် ငါးများကို မဖမ်းဆီး၊ မသတ်ရုံမျှသော တံငါအလုပ်ကို စက်ဆုပ်၏။ ကြောက်၏။ ရွံ့၏။ ထိတ်လန့်တုန်လှုပ်၏။ ငါးဖမ်းသော ပိုက်ကွန်များကိုပင် ကြည့်ချင်၊ မမြင်ချင်ပေ။ လူလစ်လျှင် လစ်သလို ပိုက်ကွန်ကို ရေထဲနှစ်ကာ ဖျောက်ဖျက်ပစ်တတ်၏။ ဖမ်းဆီးထားသော ငါးများကိုလည်း ရေထဲ ပြန်လွှတ်ပစ်တတ်၏။ အဲဒီလိုလူစား။

တံငါလုပ်စား လူအများနှင့်တော့ မတည့်ပေ။ သူ့ကို အလကားသမားဟု သတ်မှတ်ထားကြသည်။ တံငါလုပ်ငန်း လုပ်ကိုင်ကြသည့် ရွယ်တူတန်းတူ အပေါင်းအသင်းများကလည်း သူ့ကို အခေါ်အပြော မလုပ်ကြပေ။ ဒီကောင်က တံငါမျိုးဖြစ်ပြီး ငါးမဖမ်းချင်ဘူး။ ဖမ်းထားတဲ့ငါးတွေကိုလည်း လွှတ်ပစ်တယ်။ ပိုက်ကွန်တွေလည်း ရေထဲ မြှုပ်ပစ်တယ်။ ဖျက်ဆီးပစ်တယ်။ ဘယ်သိုကောင်လဲလို့ အမြင်မကြည်ကြတော့ပေ။

## ဇာတိတ်ပုံရိပ် နိမိတ်ထင်လာ

သို့ရာတွင် မောင်ဖြူသည် ဇာတိဿရဉာဏ်ရသူဖြစ်၏။ ဇာတိဿရဉာဏ်ဟူသည် ရှေးဘဝကဖြစ်စဉ် ပြန်လည်သိမြင်သော ဉာဏ်တစ်မျိုးဖြစ်၏။ မောင်ဖြူ၏ဉာဏ်အတွင်း သူ၏ရှေးဘဝဖြစ်စဉ်ကို မြင်လျက်ရှိ၏။ အတိတ်ဘဝက သူသည် ဗာရာဏသီပြည့်ရှင် ဘုရင်ကိုတဝ၏ သားတော်ဖြစ်ခဲ့သည်။

တစ်နေ့သ၌ ဥယျာဉ်ကစားရာမှပြန်လာစဉ် လမ်းခရီးမှ ဗာရာဏသီမြို့မှ ဆွမ်းခံကြွပြီးပြန်လာသော သုနေတ္တအမည်ရှိသည့် ပစ္စေကဗုဒ္ဓါနှင့် တွေ့ဆုံသည်။ ပစ္စေကဗုဒ္ဓါသည် အကြာအဝေး လေးတောင်ခန့်မျှသာကြည့်ပြီး စက္ခုန္ဒြေချကာ ကြွလာခြင်းဖြစ်သည်။ မင်းသားကို မမြင်။ အဲဒီမှာ မင်းသားက ငါကဲ့သို့သော ဘုရင့်သား မင်းတစ်ပါး ကြွလာမှန်းသိလျက်နှင့် လမ်းဖယ်မပေးဘူးဟု ရာဇမာန်တက် ဒေါသအမျက်ထွက်ကာ ဆင်ပေါ်မှဆင်းပြီး ပစ္စေကဗုဒ္ဓါ၏လက်ထဲမှ သပိတ်ဆွဲယူပြီး မြေကြီးပေါ်မှာ ပေါက်ခွဲပစ်လိုက်သည်။

ထိုမကောင်းမှု အကုသိုလ်ကြောင့် ဘုရင့်သား မင်းသားသည် ချက်ချင်းပင်လျှင် မီးမြိုက်ခံရသလို တစ်ကိုယ်လုံး ပူလောင်ကာ ထိုရောဂါဝေဒနာဖြင့်ပင် ကွယ်လွန်သွားကာ အဝီစိငရဲသို့ ကျသွားလေသည်။ အဝီစိငရဲကြီးမှာ နှစ်ပေါင်း(၈၄၀၀၀) ရှစ်သောင်းလေးထောင် ခံခဲ့ရလေသတည်း။

မောင်ဖြူသည် အိပ်မက်ဆိုးကြီးကိုမြင်မက်ကာ လန့်နိုးလာသူလို ကြောက်ရွံ့ထိတ်လန့်သွားလေသည်။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

ထို့ကြောင့် သူသည် ဒုစရိုက်မှု တံငါလုပ်ငန်းကို မလုပ်ချင်ဘဲ ကြောက်လန့်လျက် ရှိလေတော့သည်။ သို့သော် တခြားတံငါရွာသူရွာသားများက မကြည်ကြချေ။ ရွာမှ နှင်ထုတ်ပစ်ရန်အထိ အခြေအနေက တင်းမာသွားလေသည်။ တခြားသူများသာမဟုတ်၊ မိဘနှစ်ပါးတို့ကပင် လက်ခြေအစုံရှိပါလျက် အလုပ်မလုပ်ချင်သော မောင်ဖြူကို ပယ်စွန့်ကြလေသည်။ အစ်ကိုကြီးကတော့ သဘောမကျလှ။ သူ့ကို ကြင်နာပါ၏။ သို့သော် အများဆန္ဒဖြစ်၍ သူ မငြင်းဆန်နိုင်။ တစ်ရွာလုံးနှင့်တစ်ယောက် ဖြစ်နေလေရာ မောင်ဖြူသည် မွေးရပ်ဇာတိတံငါရွာမှ ထွက်ခွာခဲ့ရလေတော့၏။

## ခြေဦးတည့်ရာ သွားရရှာပြီ

မောင်ဖြူသည် ခြေဦးတည့်ရာသို့ လျှောက်လာရင်း အရှင်အာနန္ဒာ သီတင်းသုံးနေထိုင်သော သာဏတောင်သို့ ရောက်လာ၏။ သူ ထမင်းမစားရတာ သုံးရက်ရှိသွားပြီ

www.burmeseclassic.com

အဆင်သင့်လိုက်လေ။ အရှင်အာနန္ဒာ ဆွမ်းဘုဉ်းပေးပြီး ချိန်နှင့် အံကိုက်ဖြစ်နေသည်။ အရှင်မြတ်ကို ဖြစ်ပုံပျက်ပုံ အလုံးစုံကို လျှောက်တင်လိုက်သည်။

အရှင်မြတ်က မောင်ဖြူ၏ စိတ်သဘောထားကို သိရပြီးနောက် မောင်ဖြူအား 'အမောင်၊ ရဟန်းပြု ဘုန်းကြီးဝတ်မလား' ဟု မေးလိုက်၏။

မောင်ဖြူက 'တင်ပါ့ဘုရား။ တပည့်တော် သင်္ကန်း စည်းပါမည်ဘုရား' ဟု လျှောက်ထားလိုက်လေသည်။

အရှင်အာနန္ဒာသည် မောင်ဖြူကို သင်္ကန်းစည်းပြီး နောက် မြတ်စွာဘုရားထံမှောက်သို့ ခေါ်ဆောင်သွား၏။ မြတ်စွာဘုရားသည် ရှင်သာမဏေ၏ အလားအလာကို သိမြင်တော်မူ၍ ကောင်းစွာစောင့်ရှောက်ထားရန် မိန့်တော်မူ၏။

## လာဘ်လာဘနည်းသော သာမဏေဘဝ

မောင်ဖြူမှ ဖြစ်လာသော သမဏဝါသီ သာမဏေ ခမျာ ရှေးရှေးဘဝဘဝများက ဒါနအလှူ မပြုခဲ့လေသော ကြောင့် ဒါနမျိုးစေ့နည်းပါးကာ ဆွမ်းမရ၊ သင်္ကန်းမပြည့် စုံဘဲ ချို့ငဲ့စွာ နေရရှာသည်။



ထိုအခါ မြတ်စွာဘုရားက ကုသိုလ်ဒါနဖြစ်စေရန် ရဟန်းသံဃာများအတွက် သောက်ရေခပ်ခြင်း၊ သုံးရေ ဖြည့်ခြင်းတို့ကို အလုပ်ခိုင်းတော်မူသည်။ များမကြာမီ ဒကာ,ဒကာမများက သာမဏေကိုမြင်လျှင် ကြည်ညိုကြ ၏။ ဆွမ်းသင်္ကန်းများ လှူဒါန်းကြ၏။ ဘုန်းကြီးသော ကိုရင်တစ်ပါး ဖြစ်လာလေသည်။ အချိန်ကို တားဆီး၍ မရ၊ ဆွဲထား၍မရ။ နွေ၊ မိုး၊ ဆောင်း ရာသီတွေအလီလီ ပြောင်းခဲ့ပြီ။ သာမဏေလည်း အသက်(၂၀)ပြည့်ပြီ။ ထို အခါ ရှင်သမဏဝါသီကို အရှင်အာနန္ဒက ရဟန်းပြုပေး ၏။ အရှင်သမဏဝါသီသည် ရဟန်းဖြစ်သည်မှစ၍ တရား ဓမ္မကို ကျားကုတ်ကျားခဲ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား အားထုတ်လေရာ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွား လေ့သည်။

ကာလော ဃသတိ ဘူတာနိ အချိန်ကာလသည် သတ္တဝါတို့ကို ဝါးမျိုပစ်လျက်ရှိရာ သမဏဝါသီမထေရ် သည်လည်း အရွယ်တော်ကြီးရင့်ကာ မဟာမထေရ်ကြီး ဖြစ်လာလေပြီ။ နောက်ပါတပည့်ရဟန်း(၁၂)ပါးနှင့်အတူ သမဏတောင်မှာ သီတင်းသုံးနေလျက် ရှိပေသတည်း။

## တစ်မိပေါက်တစ်ယောက်ထွန်း

တံငါသည် မိဘမျိုးရိုးမှ ဆင်းသက်လာခဲ့သော သမဏဝါသီမထေရ်သည်ကား တစ်မိပေါက်တစ်ယောက် ထွန်းခြင်းပေတည်း။

မထေရ်၏ ဆွေမျိုးဉာတကာပေါင်း (၅၀၀)ရှိသည်။ သူတို့သည် လူ့လောကတွင် မရှိကြတော့ပေ။ အကုသိုလ် ဒုစရိုက်လုပ်ငန်းဖြင့် အသက်မွေးခဲ့သူများဖြစ်၍ အပါယ် ဘုံသို့ရောက်ကာ အားလုံး ပြိတ္တာတွေ ဖြစ်နေကြလေ၏။

တံငါရွာသို့ မထေရ်ကြီးနှင့်တကွ ရဟန်းသံဃာတော် များ ဆွမ်းခံကြွကြသည်။ ပြိတ္တာကြီးတွေ ဖြစ်နေကြသော မိဘနှစ်ပါးတို့က တွေ့မြင်ကြရသော်လည်း တစ်ချိန်သော အခါက ခါးခါးသီးသီး ပစ်ပစ်ခါခါ အိမ်မှ နှင်ချကာ ရွာမှမောင်းထုတ်ခဲ့ကြသည့် အပြစ်ရှိနေသောကြောင့် မခေါ်ရဲကြ။ မထေရ်ကြီး၏ အနီးအပါးသို့ပင် မကပ်ရဲ ကြပေ။ လူ့ဘဝတုန်းက သူတို့ရဲ့ သားကြီး (မထေရ်၏ အစ်ကို)သည်ကား မထေရ်ကြီးနှင့် ချစ်ခင်ကျွမ်းဝင်ခဲ့ သည်။ သူမှတစ်ဆင့် မထေရ်ကြီးထံ ချဉ်းကပ်မည် အတွေးရကာ ပြိတ္တာဖြစ်နေသော သားကြီး ပြိတ္တာ

www.burmeseclassic.com

မထေရ်ကြီးထံ တမန်စေလွှတ်ကြ၏။

**ပြိတ္တာတို့၏ ပုံသဏ္ဌာန်များ**

သမဏာဝါသီ မထေရ်ကြီး၏ မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်း အားလုံးတို့မှာ ပြိတ္တာကြီးများ ဖြစ်နေလေသည်။

သူတို့၏ ပုံသဏ္ဌာန်ကို ကြည့်ပါဦး။

အလွန်ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရရုံမျှမက ခံတွင်းပေါက်မှာ အပ်၏ နဖားပေါက်လောက်သာ ရှိ၏။ စားတော့လည်း ဝသည်ဟူ၍မရှိ။ အစဉ်အမြဲ ဆာလောင်မွတ်သိပ်လျက်ရှိ၏။ ကိုယ်ခန္ဓာတွင် အသားဟူ၍မရှိ အရိုးစုကို အကြောဖြင့် ဆိုင်းထား၏။ အဝတ်အစားကလည်း ဗလာနတ္ထိ ဘယ်မရှိ ပိန်လှီသေးကွေးရုံသာမက အမြဲကြောက်ရွံ့နေ၏။ ထိတ်လန့်တုန်လှုပ်နေ၏။

ဤသို့ပုံသဏ္ဌာန် ရှိကြသဖြင့် မထေရ်မြတ်ကြီးထံ ချဉ်းကပ်ရဲကြ၊ မခေါ်ရဲကြပေ။ သားကြီး ပြိတ္တာကိုသာ တွန်းပို့လိုက်ကြသည်။

အစ်ကိုဖြစ်ခဲ့သူ ပြိတ္တာကလည်း ညီဖြစ်သူ သမဏာဝါသီမထေရ်ကြီး၏နောက်မှ လိုက်သွားကာ 'အရှင်ဘုရား၊ တပည့်တော်ဟာ ဟိုဘဝက အရှင်ဘုရားရဲ့ အစ်ကိုကြီးပါဘုရား။ ယခု ပြိတ္တာဖြစ်ကာ စားရမဲ့ သောက်ရမဲ့၊ ဝတ်ရမဲ့၊ နေစရာမဲ့၊ ရေတောင် မသောက်ရတဲ့ဘဝ ရောက်နေပါပြီဘုရား။

တပည့်တော်သာမဟုတ်၊ အရှင်ဘုရားရဲ့ မယ်တော်၊ ခမည်းတော် ဆွေမျိုးအားလုံးလည်း ပြိတ္တာတွေ ဖြစ်နေကြပါတယ်ဘုရား။ ကယ်တော်မူပါဦးဘုရား။

တပည့်တော်တို့အား ရည်စူးကာ ကုသိုလ်ဒါနပြုပြီး အမျှပေးဝေတော်မူပါဘုရား။ တပည့်တော်တို့ သာဓုခေါ်ဆို အမျှရကြလျှင် တပည့်တော်တို့ ဒီဘဝမှ ကျွတ်လွတ်ကာ ချမ်းသာကြပါလိမ့်မယ် အရှင်ဘုရား' ဟု လျှောက်ထားလေသည်။

သမဏာဝါသီ ရဟန္တာမထေရ်မြတ်ကြီးသည် အစ်ကိုပြိတ္တာ လျှောက်ထားချက်အရ မိဘနှစ်ပါးနှင့်တကွ ဆွေမျိုးအားလုံး ပြိတ္တာတွေ ဖြစ်နေကြောင်း သိရလေသော် သီတင်းသုံးဖော် ရဟန်းများထံမှ ဆွမ်းများကိုအလှူခံ၍ အခြားရဟန်းသံဃာတော်တို့အား လှူဒါန်းပြီး အမျှဝေလေ၏။

'ဤဆွမ်းဒါနသည် ငါ၏ မယ်တော်၊ ငါ၏ ခမည်းတော်၊ ငါ၏ နောင်တော်ဆွေမျိုးတို့အား အကျိုးဖြစ်ပါစေသတည်း။ ဤဒါန၏ အကျိုးဖြင့် အားလုံးချမ်းသာကြပါစေသတည်း။ အမျှ··အမျှ ပေးဝေပါ၏'

ပြိတ္တာတို့ကလည်း သာဓုခေါ်ကြလေရာ စားဖွယ်ရာတွေကို ဝလင်ပြည့်စုံစွာ စားသုံးနိုင်ကြလေကုန်၏။ ထိုအခါ ဝဖြိုးတင့်တယ်သော ကိုယ်ခန္ဓာတို့ဖြင့် ထင်ရှားပြလာကြကုန်၏။

သို့သော် အဝတ်မပါ ဗလာကိုယ်လုံးတီး ဖြစ်နေကြသဖြင့် မထေရ်မြတ်က ပံ့သကူသင်္ကန်းများ စီရင်ကာ စတုဒိသာသံဃာအား လှူဒါန်းပြီး အမျှပေးဝေရပြန်သည်။ ထိုအခါကျမှ အမျှရကြသဖြင့် ပြိတ္တာတို့သည် အဝတ်အဆင်များ ပြောင်ပြောင်ရောင်ရောင် ဖြစ်သွားကြလေကုန်၏။

တစ်ဖန် ပြိတ္တာတို့က သူတို့မှာ နေစရာမရှိပါဟု ဆိုလာကြပြန်သဖြင့် မထေရ်မြတ်က သစ်ရွက်မိုးသော ကျောင်းတစ်ဆောင်ကို ဆောက်လုပ်ပြီး စတုဒိသာသံဃာ (အရပ်လေးမျက်နှာမှ ရောက်လာသမျှ ရဟန်းသံဃာ အလှူခံပုဂ္ဂိုလ်)အား လှူဒါန်းပြီး ဤကောင်းမှုသည် ငါ၏ မယ်တော်၊ ခမည်းတော်နှင့် နောင်တော်တို့အား ဖြစ်ပါစေသား။ အမျှ··အမျှ··အမျှ ပေးဝေပါ၏။ အမျှရ၍ ချမ်းသာကြပါစေသားဟု အမျှပေးဝေရပြန်လေ၏။ ပြိတ္တာများ အမျှရသဖြင့် နေစရာ ကုံလုံပြည့်စုံသွားပေပြီ။

တစ်ဖုံ ပြိတ္တာတို့က သူတို့မှာ သောက်စရာ၊ သုံးစရာ၊ ချိုးစရာရေ မရှိပါဟု ဆိုကြပြန်သဖြင့် မထေရ်မြတ်ကြီးက ရေစစ်(ဓမကရိဏ်ဟု ခေါ်သည်)ဖြင့် ရေကို သန့်စင်အောင် စစ်ယူကာ စတုဒိသာသံဃာအား လှူဒါန်း၏။ အမျှပေးဝေ၏။ ပြိတ္တာများ သောက်သုံးရေများ ဖူလုံသွားကြလေ၏။

**ရလေလိုလေ အိုတန္တေ ဆိုတဲ့စကား**

ရလေလိုလေ အိုတန္တေဟူသော စကားရပ်သည် ဤပြိတ္တာများ ဇာတ်လမ်းမှ စတင်ဖြစ်ပေါ်ခဲ့ဟန်ရှိပါသည်။ ကြည့်ပါ။ တန္တေဆိုတဲ့ ပြိတ္တာတွေဟာ စားစရာမရှိတော့ စားစရာ၊ ဝတ်စရာမရှိတော့ ဝတ်စရာ၊ နေရာစရာမရှိတော့ နေထိုင်စရာ၊ ရေမရှိတော့ ရေရအောင် စီမံပေးရသည် မဟုတ်လော။

ဟော··ပြီးပြီလော။



www.burmeseclassic.com

www.burmeseclassic.com

မပြီးသေးပါ။

နောက်တစ်ခါ လာပြန်ချေသေးသည်။

ဘာလဲဆိုတော့ ဖိနပ် (သို့မဟုတ်) ယာဉ်ရထား။ သူတို့မှာ ခရီးသွားလာရတဲ့အခါ ဆူးတွေစူးသည်။ ကြောင့်တွေထိုးသည်။ ကျောက်စရစ်ခဲတွေနဲ့ တိုက်မိသည်။ စူးသည်။ ထိုးသည်။ ခလုတ်တိုက်သည် ဖြစ်ပြန်လေရော။

ထိုရောအခါ မထေရ်မြတ်ကြီးက သူ့တွင် အသင့်ရှိနေသည့်ထမ်းစင်ကို သူတို့အတွက်ရည်စူးကာ သံဃာအား လှူပြီး အမျှပေးဝေ၏။ သာဓုခေါ်ကြ၏။ အမျှရကြပြီး စီးစရာယာဉ် ရရှိသွားကြလေပြီတည်း။

**နောက်တစ်နေ့ နံနက်ခင်း**

သာယာသော နံနက်ချိန်ခါ ဖြစ်ပါ၏။ မွှေးပျံ့သင်းကြိုင်သော ပန်းရနံ့၊ သန့်ရှင်းလတ်ဆတ်သော လေနုအေးတို့ကလည်း နံနက်ခင်း၏ အလှအပကို တင့်တယ်ပြည့်စုံအောင် ဖန်တီးပေးထားသကဲ့သို့ ရှိပါ၏။ ထိုအခိုက် မြင်းရထားတစ်စီး ဆိုက်လာ၏။ ရထားပေါ်မှာတော့ မထေရ်ကြီး၏ မိဘနှစ်ပါးနှင့် နောင်တော်ကြီးတို့ လိုက်ပါလာကြသည်။ မထေရ်ကြီးနှင့်တကွ ရဟန်းတော်တို့သည် ဆွမ်းခံကြွလာခိုက်ဖြစ်၏။

သမဏဝါသီ မထေရ်မြတ်ကြီး၏ ဆွေမျိုး ပြိတ္တာသုံးဦးတို့သည် ရထားပေါ်မှ ဆင်းလာကြပြီး အစ်ကို ပြိတ္တာက-

"မထေရ်ကြီး၏ ကရုဏာတော်ကြောင့် ထမင်း၊ အဝတ်၊ အိမ်၊ ရေ၊ ဖိနပ်ဆိုသည့် ယာဉ်ရထား ပြည့်စုံ… ပါပြီဘုရား။ အရှင်ဘုရားကို ဖူးမြော်ဖို့ လာခဲ့ကြတာပါ… ဘုရား" ဟု အားလုံးကိုယ်စားလျှောက်ထားကာ မထေ… မြတ်ကြီးကို ရိုသေစွာ ရှိခိုးကန်တော့ကြလေသတည်း…

သမဏဝါသီ မထေရ်မြတ်ကြီးသည် ဆွေမျိုးပြိတ္တာ… တို့၏ ဖူးမြော်ခြင်းကို ခံယူပြီးနောက် နောက်ပါရဟန်း… သံဃာများနှင့်အတူ ရက်သည်ရွာဘက်ဆီသို့ ဆွမ်းခံ… ကြွလှမ်းသွားလေပြီတည်း။

**မုံရွာ နေ…**

(ပေတဝတ္ထု၊ အဋ္ဌကထာ၊ သုတ္တပေတဝတ္ထုကို မြ… မှီး၍ ရေးသားပါသည်။)








www.burmeseclassic.com

www.burmeseclassic.com




<u>ရခဲလှစွာ လူ့ဘဝ</u>

ကျွန်ုပ်တို့သည် ကုသိုလ်ကံ အလွန်ကောင်း၍ လူ့ဘဝကို ရရှိခဲ့ကြသည်။ လူ့ဘဝကို ရရှိဖို့ဆိုသည်မှာ လွယ်ကူသောအရာ မဟုတ်ပါ။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ဆွမ်းဘုဉ်းပေးပြီးနောက် ဂန္ဓကုဋိ (ပန်းရနံ့မွှေးကျောင်း)သို့ ဝင်ခါနီးမှာ ခြေဆေးပြီး မတ်တတ်ရပ်တော်မူကာ ရဟန်းတော်များအား ရခဲလှသော ဒုလ္လဘတရားငါးပါးကို နေ့စဉ် ဩဝါဒပေးတော်မူလေ့ရှိသည်။

# ဘွန်းကားဂျ်
# သေပြီးနောက်
# သုဂတိဘုံသို့ ရောက်လိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

ထိုရခဲလှသော ဒုလ္လဘတရားငါးပါးမှာ ဘုရားအဖြစ်ကို ရရှိရန် ခဲယဉ်းခြင်း၊ လူအဖြစ်ကို ရရှိရန် ခဲယဉ်းခြင်း၊ ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုးတရား စသည်တို့ကို ယုံကြည်သည့် သဒ္ဓါတရားနှင့် ပြည့်စုံရန် ခဲယဉ်းခြင်း၊ ရှင်ရဟန်းအဖြစ်ကို ရရှိရန်ခဲယဉ်းခြင်း၊ သူတော်ကောင်းတရားကို နာကြားရန် ခဲယဉ်းခြင်းတို့ဖြစ်သည်။ သုံးဆယ့်တစ်ဘုံတွင် လူ၊ နတ်၊ ဗြဟ္မာဘုံများသည် သုဂတိဘုံများ ဖြစ်ကြသည်။

ဗြဟ္မာပြည်က အပ်တစ်ချောင်းနှင့် လူ့ပြည်မှ အပ်တစ်ချောင်း ဆုံဖို့ လွယ်လျှင် လွယ်မည်ဖြစ်သော်လည်း လူ့ဘဝကို ရရှိဖို့ရန် ထို့ထက်ခက်ခဲသည်။ သတ္တဝါတို့ သေလွန်သော် လက်သည်းခွံပေါ်ရှိ မြေမှုန့်ပမာဏမျှရှိသော သူတို့မှာ သုဂတိဘုံသို့ ရောက်ရှိနိုင်ပြီး မဟာပထဝီမြေကြီး ပမာဏမျှရှိသောသူတို့မှာ ဒုဂ္ဂတိဘုံတည်းဟူသော အပါယ်လေးဘုံသို့ ရောက်ရှိကြကြောင်း မြတ်စွာဘုရား၏ နခသိခ(လက်သည်းခွံ)သုတ္တန်တွင် ဟောကြားထားချက်အရ သိရှိရပေသည်။

အပါယ်လေးဘုံသို့ ရောက်ရှိခဲ့လျှင် လူ့ဘဝကို ပြန်လည်ရောက်ရှိဖို့ရန် အလွန်ခဲယဉ်းသည်။ နှစ်တစ်ရာတွင်မှ တစ်ကြိမ်သာ သမုဒ္ဒရာရေမျက်နှာပြင်ထက်သို့တက်သည့် လိပ်ကန်းတစ်ကောင်၏ ဦးခေါင်းနှင့် မျောချင်ရာမျောပါနေသော အပေါက်တစ်ပေါက်တည်းသာ ပါရှိသည့် ထမ်းပိုးငယ်အပေါက်တို့သည် လိပ်ကလည်း အသက်ရှည်၍ ထမ်းပိုးကလည်း မဆွေးမြည့်ပါက အလွန့်အလွန် ကံကောင်းလျှင် စွပ်နိုင်ကောင်း စွပ်မိနိုင်ပေမည်။ အပါယ်လေးဘုံသားတို့သည် လူ့ဘဝကို ပြန်လည်ရရှိရန်မှာမူ ထို့ထက် အဆရာထောင်မက ခဲယဉ်းသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အလွန်ရခဲသော လူ့ဘဝကို တန်ဖိုးထားကြရမည်။ မြတ်နိုးကြရမည်။ အပါယ်လေးဘုံသို့ မကျရောက်စေရန် မကောင်းမှုအကုသိုလ် ဒုစရိုက်များကို ရှောင်ရှားပြီး ကုသိုလ်ကောင်းမှု သုစရိုက်များကို ပြုလုပ်ကြရပေမည်။

## ကြိုတင်မသိနိုင်သော အရာငါးပါး

လူဟူ၍ဖြစ်လာလျှင် တစ်နေ့နေ့တွင် မုချသေကြရပေမည်။ အသက်ရှင်ခြင်းကား မမြဲ၊ သေခြင်းတရားကား မြဲ၏ ဆိုသည်ကိုကား လူတိုင်း သိရှိကြသည်။ သို့ရာတွင် မည်သည့်နေ့တွင် သေရမည်။ မည်သည့်အချိန်တွင် သေရမည်။ မည်သည့်နေရာတွင် သေရမည်။ မည်သည့် ရောဂါဝေဒနာဖြင့် သေရမည်။ သေပြီးနောက် မည်သည့် ဘုံဘဝသို့ ရောက်ရှိမည်ကို မည်သူမျှ မသိရှိနိုင်ကြပေ။

## သေခြင်းနှစ်မျိုး

သတ္တဝါမှန်သမျှ နတ်မင်း၊ ဗြဟ္မာမင်း၊ ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်ကြီးများပါမကျန် ကံသက်တမ်းကုန်သောအခါ သေကြရသည်။ ထိုသို့သေရာ၌ သေပြီးနောက်ပိုင်း အခြေအနေကို အစွဲပြု၍ သေခြင်းကို နှစ်မျိုးခွဲထားသည်။

၁။ သေပြီးနောက် ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းပြတ်စဲ၍ ဘုံဘဝတစ်ခု၌ အသစ်တစ်ဖန် ပြန်မဖြစ်သော သေခြင်း (ပရိနိဗ္ဗာန်စံခြင်း)။

၂။ သေပြီးနောက် မိနစ်၊ စက္ကန့်မခြားဘဲ ဘုံဘဝတစ်ခု၌ အသစ်တစ်ဖန် ပြန်၍ဖြစ်သော သေခြင်းတို့ဖြစ်သည်။

ပထမသေခြင်းမှာ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်တို့၏သေခြင်း(ပရိနိဗ္ဗာန်စံခြင်း)နှင့် ကျန်သတ္တဝါအားလုံးတို့သည် ဤဘဝ ဤခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စက္ကန့်၊ မိနစ် မခြားဘဲ ဒုတိယဘဝသစ်၌ ရုပ် နာမ် ခန္ဓာအသစ်တစ်ခု ဆက်ဖြစ်ရလေသည်။

## ရောက်နိုင်သောဘုံ

ကျွန်ုပ်တို့မှာ ဘုရား၊ ရဟန္တာ မဟုတ်သည့်အတွက် ဘုံဘဝတစ်ခု၌ ရုပ်နာမ်သစ်ဖြင့် သတ္တဝါတစ်ဦး ဖြစ်ရမည်။ ဘဝသံသရာ ခရီးဆက်ကြရမည်။ သတ္တဝါတို့ဖြစ်ရာ ဘုံ(၃၁)ဘုံရှိရာ ဗြဟ္မာဘုံ(၂၀)နှင့် ကာမ(၁၁)ဘုံတို့ ဖြစ်သည်။ ကျွန်ုပ်တို့မှာ ဈာန်အဘိညာဉ်ရအောင် ကျင့်ကြံအားထုတ်ထားသော ပုဂ္ဂိုလ်များ မဟုတ်သည့်အတွက် ဗြဟ္မာဘုံ(၂၀)သို့ရောက်ရန် အကြောင်းမရှိပေ။ ကာမ(၁၁)ဘုံနှင့် ကာမသတ္တဝါ(၁၁)မျိုးသာ ဖြစ်ပေသည်။ ကာမ(၁၁)ဘုံဆိုသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံနှင့် လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်ဟူသော ကာမသုဂတိ(၇)ဘုံတို့ ဖြစ်သည်။

## ဖြစ်နိုင်သော ဂတိ(၅)မျိုး၊ ဘဝ(၅)မျိုး

သတ္တဝါတစ်ဦး သေပြီးနောက် ဖြစ်နိုင်သော ဂတိ (၅)မျိုး၊ ဘဝ(၅)မျိုး ရှိသည်။ ၎င်းတို့မှာ-

www.burmeseclassic.com

www.burmeseclassic.com

၁။ ဒေဝဂတိ-နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ(၂၀)၌ နတ်၊ ဗြဟ္မာဖြစ်ခြင်း၊

၂။ မနုဿဂတိ-လူ့ပြည်၌ လူဖြစ်ခြင်း၊

၃။ တိရစ္ဆာနဂတိ-တိရစ္ဆာန်ဖြစ်ခြင်း၊

၄။ နိရယဂတိ-ငရဲဘုံ၌ ငရဲသားဖြစ်ရခြင်း၊

၅။ ပေတဂတိ-ပြိတ္တာဖြစ်ရခြင်းတို့ ဖြစ်သည်။

ထိုဂတိ(၅)မျိုး၊ ဘဝ(၅)မျိုးအနက် ကျွန်ုပ်တို့မှာ သေပြီးနောက် နတ်ပြည်ခြောက်ထပ်ဟူသော ဒေဝဂတိနှင့် ကျန်ဂတိ(၄)မျိုးလုံး၌ ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် ချာန်အဘိညာဉ်မရသော လူသာမန်တစ်ယောက် သေလျှင် ကာမ(၁၁)ဘုံ၌ ဂတိ(၅)မျိုး၊ ဘဝ(၅)မျိုး၌ ဖြစ်နိုင်သည်။

သတ္တဝါတစ်ဦး သေပြီးနောက် အောက်အပါယ်လေးဘုံသို့ စုန်ရမည်။ အထက်လူ့ဘုံ နတ်ဘုံဆန်ရမည်ကို အဆုံးအဖြတ်ပေးသည်မှာ ထိုသတ္တဝါ သေခါနီး စက္ကန့်ပိုင်းအလိုတွင်ဖြစ်သော စိတ်ထားမှားလျှင် အပါယ်ဘုံသို့ ရောက်သွားမည်ဖြစ်၍ စက္ကန့်ပိုင်းအလို၌ စိတ်ထားမှန်လျှင် လူ့ဘုံ၊ နတ်ဘုံသို့ ရောက်သွားမည် ဖြစ်ပါသည်။

**<u>ကံတစ်ခုတည်းက ပဋိသန္ဓေအကျိုးပေး</u>**

လူတစ်ယောက်သည် မွေးသည်မှ သေသည်အထိ ဘဝတစ်ခုအတွင်း၌ လောဘ၊ ဒေါသ၊ မောဟတရားများ အခြေခံသော အကုသိုလ်ဒုစရိုက်များကို သိန်း၊ သန်း၊ ကုဋေ ပြုလုပ်ခဲ့ကြမည်။ သဒ္ဓါတရားကို အခြေခံ၍ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ကာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားတို့ကိုလည်း ပြုလုပ်ရာ၌ ပြုဖြစ်အောင်မေး၊ နေ့ဆော်တိုက်တွန်းသော စေတနာကို ကံဟုခေါ်သည်။ လူတစ်ယောက်သည် ဘဝတစ်ခု၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ရောထွေးပြုမိလျက်သား ဖြစ်နေသည်။ အကုသိုလ်ကံသည် အပါယ်ဘုံသို့ ကျရောက်စေ၍ ကုသိုလ်ကံသည် သုဂတိဘုံသို့ရောက်အောင် တွန်းမြှောက်ပင့်တင်နိုင်သည်။

ကံနှစ်မျိုးကို ပြုထားမိသော လူသားသည် သေဆုံးချိန်လွန်သောအခါ ကုသိုလ်ကံက အရင်အကျိုးပေးမည်လော၊ အကုသိုလ်ကံက အရင်အကျိုးပေးမည်လော၊ ကုသိုလ်ကံ သိန်း၊ သန်း၊ ကုဋေထဲမှ အဘယ်ကုသိုလ်ကံက အကျိုးပေးမည်နည်း။ ကုသိုလ်အားလုံး စုပေါင်း အကျိုးပေးမည်လော။ လူတစ်ယောက်သည် ဘဝတစ်ခု၌ ကံပေါင်းများစွာ ပြုလုပ်ခဲ့သော်လည်း ထိုသူ သေဆုံးသောအခါ ဘဝသစ်၌ သတ္တဝါအသစ်အဖြစ် ပဋိသန္ဓေကို ဖြစ်စေသည်မှာ ကံတစ်ခုတည်းသာ ဖြစ်၏။ ထိုတစ်ခုတည်းသောကံကား ကုသိုလ်ကံလည်းဖြစ်နိုင်၏။ ဤနေရာတွင် ကံတရားများ၏ ပဋိသန္ဓေအကျိုးပေးမည့် ဦးစားပေးအစီအစဉ်ကို သိထားရန် လိုပေသည်။

**<u>ကံလေးမျိုး အကျိုးပေးပုံအစဉ်</u>**

လူတစ်ယောက်သည် ဘဝတစ်ခုတွင် ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံးကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ ထိုသူ သေသောအခါ ထိုကံများအနက်မှ တစ်ခုတည်းသော ကံကသာ ပဋိသန္ဓေအကျိုးပေးမည်။ (မွေးသည်မှ သေသည်အထိ ပဝတ္တိအကျိုးကိုကား ကံပေါင်းများစွာက ထိုက်သင့်သလိုပေးမည် ဖြစ်ပါသည်။) အကျိုးပေးဦးစားပေးမှုအရ ကံတရားကို လေးမျိုးခွဲထားသည်။

ငှင်းတို့မှာ-

(၁) ဂရုကံ - ပထမ၊

(၂) အာသန္နကံ - ဒုတိယ၊

(၃) အာစိဏ္ဏကံ - တတိယ၊

(၄) ကဋတ္တာကံ - စတုတ္ထ။

ဂရုကံသည် အလွန်အပြစ်ကြီးသော အကုသိုလ်ကံ၊ အလွန်အာနုဘော်ကြီးသော ကုသိုလ်ကံတို့ဖြစ်သည်။ အလွန်အပြစ်ကြီးသော အကုသိုလ်ကံဆိုသည်မှာ အမိကို သတ်သူ၊ အဖကို သတ်သူ၊ ရဟန္တာကို သတ်သူ၊ သံဃာကို သင်းခွဲသူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် လုပ်သူနှင့် အယူမှား နိယတမိစ္ဆာဒိဋ္ဌိတို့သည် ဂရုကံမည်၏။ ထိုဂရုကံကို ပြုလုပ်ထားသောသူသေလျှင် အခြားကုသိုလ်ကံများ မည်မျှပင် ပြုလုပ်ထားစေကာမူ ထိုဂရုကံကသာ ပထမဆုံးအကျိုးပေးပါမည်။ ဆိုလိုသည်မှာ ထိုသူသေလျှင် မုချဧကန် အဝီစိငရဲသို့ ကျရောက်ရမည်။

အလွန်အာနုဘော်ကြီးသော ကုသိုလ်ကံဆိုသည်မှာ မဟဂ္ဂုတ်ဈာန် ကိုးပါးသည် ကုသိုလ်ဂရုကံ ဖြစ်သည်။ မဟဂ္ဂုတ်ဈာန်တစ်ပါးပါးကို ရထားသူဖြစ်ပါက ရှေးအခါကပြုခဲ့ဖူးသော အကုသိုလ်ကံ အခြားကုသိုလ်ကံများ ရှိစေကာမူ ဗြဟ္မာဘုံ(၂၀)သို့သာ ရောက်ကြရသည်။ တစ်မဂ် တစ်ဖိုလ်ရထားသူဖြစ်လျှင်လည်း သုဂတိဘဝသို့

www.burmeseclassic.com

www.burmeseclassic.com

သာ ဧကန်ရောက်ရပေသည်။

ဂရုဏ်ကို မပြုလုပ်ခဲ့သော ပုဂ္ဂိုလ်အဖို့ သေခါနီးတွင် ပြုလုပ်သောကံ၊ ရှေးကပြုလုပ်ခဲ့သည်ကို ပြန်လည်အောက်မေ့ဆင်ခြင်သောဉာဏ်ကို အာသန္နကံဟုခေါ်သည်။ ထိုသေခါနီးပြုလုပ်ခဲ့သော အာသန္နကံသည် ကုသိုလ်လည်း ဖြစ်နိုင်သည်။ အကုသိုလ်လည်း ဖြစ်နိုင်သည်။ အကုသိုလ်ဇောစိတ်ဖြင့် သေလျှင် အပါယ်လေးဘုံသို့ ကျမည်။ ကုသိုလ်ဇောစိတ်ဖြင့် သေလျှင် လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်သို့ ရောက်မည်။

သေခါနီးပြုသော အာသန္နကံ မရှိလျှင် ဘဝတစ်သက်တာအတွင်း အမြဲတစေ အများအားဖြင့် ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံတို့က အကျိုးပေးမည်။ ထိုကံကို အာစိဏ္ဏကံ-အမြဲလေ့ကျက်အပ်သောကံဟု ခေါ်သည်။ သေခါနီးပြုသော အာသန္နကံမရှိမှ အာစိဏ္ဏကံ အကျိုးပေးနိုင်သည်ကို အထူးသတိပြုသင့်ကြသည်။ တစ်သက်လုံး ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့စေကာမူ အကုသိုလ်ဇော စိတ်ဖြင့်သေခဲ့သော် အပါယ်သို့ ကျရပေမည်။

ဘုရားရှင်လက်ထက် တစ်သက်လုံး ရဟန်းတရားကို အားထုတ်ခဲ့သော တိဿမထေရ်ကြီးသည် သင်္ကန်းသစ်၌ စွဲလမ်းသော အာသန္နကံ လောဘဇောဖြင့် သေ၍ (၇)ရက်မျှ သန်းပြိတ္တာ ဖြစ်ခဲ့ရသည်။

အနှစ်နှစ်သောင်း ရဟန်းတရားကို အားထုတ်ခဲ့သော်လည်း ပိန်းပင်ကို လှေပေါ်မှ ဆွဲမိ၍ ပိန်းပင်ကျွတ်ပါလာသဖြင့် အာပတ်သင့်ပြီလောဟူသော ဝိနယကုက္ကုစ္စအကုသိုလ်ဇောဖြင့် သေ၍ ဧရကပတ္တနဂါး ဖြစ်ခဲ့ရသည်။

ရေတွင်း၊ ရေကန်၊ စေတီ၊ ပုထိုးပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းခဲ့သော သီရိဓမ္မာသောကမင်းကြီးသည်လည်း သေခါနီးတွင် ကုက္ကုစ္စအကုသိုလ် အာသန္နကံနှိပ်စက်မှုကြောင့် စပါးကြီးမြွေ ဖြစ်ခဲ့ရသည်။

ကောသလမင်းကြီး၏ မိဖုရားဖြစ်သူ မလ္လိကာမှာ အခြားသူတို့ လိုက်လံတုပ၍ မလှူနိုင်သော အသဒိသအလှူကြီးကို ပြုလုပ်ခဲ့သော်လည်း ကောသလမင်းကြီးအပေါ်တွင် လိမ်လည်မုသားစကား ပြောကြားခဲ့မိသည်ကို သေခါနီးတွင် ကုက္ကုစ္စအကုသိုလ်ဇောဖြင့် သေ၍ အဝီစိငရဲ၌ ခုနစ်ရက် ကျရောက်ခဲ့ရသည်။

မုဆိုး၊ တံငါ၊ လူဆိုးလူမိုက် ဖြစ်ခဲ့စေကာမူ ကုသိုလ်ဇောစိတ်ဖြင့် သေခဲ့လျှင် သုဂတိဘုံသို့ ရောက်နိုင်သည်။

သာဓကပြရသော်-

သောဏမည်သော ရဟန်းတော်တစ်ပါးရှိသည်။ သူ၏ ဖခင်သည် မုဆိုးအလုပ်ဖြင့် အသက်မွေးခဲ့၍ သေခါနီးသောအခါ ထိုမုဆိုးလုပ်ခဲ့သော အကုသိုလ်ကံ အကျိုးပေးတော့မည်ဖြစ်၍ သူ၏စိတ်အာရုံတွင် ခွေးနက်ကြီးများက သူ့ကို လိုက်နေသည်ဟု ပေါ်နေသည်။

ထို့ကြောင့် ထိတ်လန့်ပြီး 'ဦးပဉ္ဇင်းဘုရား··ခွေးနက်ကြီးတွေလိုက်နေသည်။ မောင်းပါ'ဟု ပြော၏။

ထိုအခါ သားရဟန်းမှာ ဖခင်သည် အကုသိုလ်ကမ္မနိမိတ် ထင်နေပြီ။ သေလျှင် အပါယ်ကျတော့မည်ဟုသိ၍ ရုပ်ပွားဆင်းတုတော်ရှေ့သို့ ဖခင်လူမမာကို ချီမ,၍ ဘုရားရှင်အား ပန်း၊ ဆီမီး၊ ရေချမ်းကပ်ပါ၏ဟု ပြော၏။

သားရဟန်း ပြောသည့်အတိုင်း ဘုရားဆင်းတုတော်အား ဖူးမြော်ကာ ပန်း၊ ဆီမီး၊ ရေချမ်း ပူဇော်လိုက်သည်။ ထိုအခါ ဗိမာန်ပဒေသာပင်ကြီးများ အာရုံ၌ ပေါ်လာကာ ကုသိုလ်စိတ်ဖြင့် သေ၍ မုဆိုးကြီးမှာ နတ်ဘုံသို့ ရောက်သွားရလေသည်။

နှစ်ပေါင်းငါးဆယ်ကျော် လူသတ်သမားကြီး ဖြစ်ခဲ့၍ ထိုကုသိုလ်ကံများကို အောက်မေ့နေသဖြင့် တရားပင် ဖြောင့်အောင် မနာနိုင်သော တမ္ဗဒါဌိကအား ရှင်သာရိပုတ္တရာက ဘုရင်ခိုင်း၍ သတ်လျှင် သင့်မှာ အပြစ်ရှိပါ့မလားဟု ပရိယာယ်ပြောလိုက်ရာ ဘုရင်ခိုင်းသဖြင့် သတ်ခြင်းဖြစ်၍ သူ့မှာ အပြစ်မရှိဟု ယုံကြည်သွားပြီး တရားတော်ကို တည်ကြည်စွာ ဆက်လက်နာကြားနိုင်ပြီးနောက် မကြာမီ ထိုကုသိုလ်မရဏာသန္နဇောဖြင့် သေဆုံး၍ ဇာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့လေသည်။

ဖော်ပြပါ ဝတ္ထုသာဓကများကို ထောက်ထား၍ အာစိဏ္ဏကံကုသိုလ် ပြုထားသူတို့က ငါတို့ ကောင်းမှု ပြုထားပြီပဲ။ သေလျှင် သုဂတိရောက်မှာပေါ့ဟု ပေါ့ပေါ့ဆဆ အမှတ်မဲ့ သေကြပါက သေခါနီး အကုသိုလ် အာသန္နကံက အကျိုးဝင်ပေး၍ အပါယ်ဘုံသို့ ကျရောက်နိုင်သည်ကို သတိပြုသင့်ကြပေသည်။

အာစိဏ္ဏကံ အကုသိုလ်များများ ပြုခဲ့သူတို့ကလည်း ငါတို့သည် အကုသိုလ်ကံတွေ ပြုခဲ့မိပြီ။ ထို့ကြောင့် သေရင်တော့ အပါယ်ကျတော့မှာပဲဟု ဥပါဒါန်မစွဲ...



www.burmeseclassic.com

www.burmeseclassic.com

မကြောက်လန့်မှု၍ အာစိဏ္ဏကံ အကုသိုလ်ကို ကျော်လွှားနိုင်လောက်အောင် အားကောင်းသော အာသန္နကံကုသိုလ်ဇောဖြင့် သုဂတိဘဝသို့ တက်လှမ်းသင့်ကြပေသည်။

**အာသန္နကံကုသိုလ်ရှိလျှင် သုဂတိဘဝ ရောက်နိုင်တာပဲဟု** အာသန္နကံ အားကိုးဖြင့် အကုသိုလ်ဒုစရိုက်မှုတို့ကို ရဲရဲဝံ့ဝံ့ မပြုမိကြရန် ဒါန၊ သီလ၊ ဘာဝနာ အာစိဏ္ဏကံ ကုသိုလ်တို့ကို မပြုဘဲ မေ့မေ့လျော့လျော့ မနေမိကြရန်လည်း သတိရှိသင့်ပါသည်။ ကုသိုလ်အာသန္နကံကြောင့် သုဂတိသို့ ရောက်စေနိုင်သည့်အတွက် တစ်သက်တာ ပြုခဲ့သော အာစိဏ္ဏကံ အကုသိုလ်တို့က တစ်ဆက်တည်းသော ဘဝအတွက် ပဋိသန္ဓေကျိုးကို မပေးနိုင်သော်လည်း နောက်နောင်ဘဝများ၌ ပဋိသန္ဓေအကျိုးပေးနိုင်သေးသည်။ အကုသိုလ်ကံ ပြုခဲ့သူတို့သည် ဖြစ်ရာဘဝ၌ အသက်တိုခြင်း၊ အနာများခြင်း၊ ဆင်းရဲခြင်း၊ အခြံအရံနည်းပါးခြင်း၊ ချစ်သူနည်းပါး မုန်းသူများခြင်း၊ ဘဝအောက်တန်းကျသော ပဝတ္တိကျိုးများကိုလည်း မုချခံကြရမည်ကို သတိပြုကြ၍ ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်သင့်ကြပေသည်။

ဘဝသံသရာလမ်းတစ်လျှောက်တွင် သုဂတိဘဝသို့ ရောက်၍ အသက်ရှည်၊ အဆင်းလှ၊ အနာကင်း၊ ချမ်းသာ၍ ခြွေရံသင်းပင်းများပြီး မိတ်ဆွေကောင်း၊ ဆရာကောင်းနှင့်တွေ့၍ ပါရမီအဆင့်ဆင့်ဖြည့်ကာ ဒုက္ခခပ်သိမ်းတို့ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အသက်ရှိစဉ် မသေခင်က ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ အာစိဏ္ဏကံ ကုသိုလ်တို့ကို တတ်နိုင်သမျှ ကြိုးစားအားထုတ်အားသင့်ကြပေသည်။

အထက်ပါ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ သုံးမျိုးအကျိုးပေးခွင့် မရှိမှသာလျှင် ဤဘဝ၌ သာမန်အမှတ်ဆင်ပြုခဲ့သော ကုသိုလ်ကံ၊အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးကို ပေးနိုင်ပေသည်။ ထိုစတုတ္ထကံကို ကဋတ္တာကံဟု ခေါ်သည်။

## သေခါနီးတွင် ရှောင်ကြဉ်ရန်

သေခါနီး၌ ကုသိုလ်အာသန္နကံဇောဖြင့် သေခဲ့လျှင် သုဂတိဘဝ(လူ့ဘဝ၊ နတ်ဘဝ)ကို ရ၍ အကုသိုလ်အာသန္နကံဇောဖြင့် သေခဲ့လျှင် ဒုဂ္ဂတိဘဝ(ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ဘဝ)ကို ရမည်ဟု ဘုရားရှင်ဟောထားတော်မူသည်။ သေခါနီး၌ ဖနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုး၊ ဆရာ၊ တပည့်၊ တိုက်တာအိုးအိမ်၊ ပစ္စည်းဥစ္စာတို့ကို စွဲလမ်းငံ့ကွက် တွယ်တာ၍သေပါက မိမိအိမ်၌ မြွေ၊ ကြွက်၊ ခွေး၊ ဆိတ်၊ နွား စသည့် တိရစ္ဆာန်များနှင့် အစိမ်းတစ္ဆေ၊ သူရဲ စသောပြိတ္တာတို့ ဖြစ်တတ်သည်။

ဘဒ္ဒိယထေရ်အလောင်း မဟာပနာဒမင်း၏ ဆွေမျိုးများ ပြာသာဒ်ဆောင်ကြီးကို စွဲလမ်းသေ၍ ထိုပြာသာဒ်အနီး၌ ငါး၊ လိပ်၊ ဖား စသည်တို့ ဖြစ်ခဲ့သည်။ တိဿမထေရ်ကြီးသည် သင်္ကန်း၌ စွဲလမ်းသေ၍ သန်းပြိတ္တာဖြစ်ခဲ့သည်။ ဖောက်ပြန်သော ဇနီးအား စွဲလမ်းမှုဖြင့်သေ၍ ထိုဇနီးအိမ်၌ မြွေ၊ ခွေး၊ နွားငယ် သုံးဘဝဆက်တိုက်ဖြစ်ခဲ့ရသည်။

သေခါနီးတွင် ငံ့ကွက်တွယ်တာ စွဲလမ်းမှုမရှိရန် ငံ့ကွက်တွယ်တာ စွဲလမ်း၍ သေခြင်းကို ဘုရားရှင် ကဲ့ရဲ့တော်မူကြောင်း နကုလမာတာက နကုလပိတာအား သတိပေး ဆုံးမခဲ့သည်တို့ကို ဆင်ခြင်နှလုံးသွင်းလျက် ငံ့ကွက်တွယ်တာ စွဲလမ်းမှုသံယောဇဉ်တို့ကို ဖြတ်တောက်၍ သေခါနီး၌ မရဏာသန္နလောဘဇော မစောမိအောင် သတိပြုသင့်ကြပေသည်။

တစ်စုံတစ်ယောက် သေခါနီးဆဲဆဲဖြစ်နေလျှင် သားသမီး၊ မြေး၊ မြစ်နှင့် ဇနီး၊ ခင်ပွန်းတို့ကို မမြင်ရအောင်၊ အသံမကြားရအောင် စီမံထားသင့်ကြပေသည်။ အထူးသဖြင့် ပူဆွေးငိုကြွေးနေသော ရုပ်အသံတို့ကို မမြင်၊ မကြားစေရအောင် သတိပြုဆင်ခြင်သင့်ပေသည်။

## သေခါနီး ဆောင်ရန်

လူတစ်ယောက်သည် သေပြီးနောက် သုဂတိဘဝလူ့ဘဝ၊ နတ်ဘဝကိုရောက်ရန် သေခါနီး၌ ကုသိုလ်စိတ်အစဉ်ဖြစ်ရန် အာသန္နကံ ကုသိုလ်ဇောစောရန် လိုအပ်သည်။ ကံ,ကံ၏အကျိုးကို ယုံကြည်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ဂုဏ်ကို ဆင်ခြင်ပွားများအောက်မေ့လျက် သေလျှင် သုဂတိဘဝသို့ ရောက်နိုင်သည်ဟု နေတ္တိပါဠိတော် ပသန္နစိတ္တသုတ်တွင် ဟောထားသည်။

ကျွန်ုပ်တို့သည် အလွန်တရာ ကြုံကြိုက်ခဲလှသော ဘုရားရှင်သာသနာနှင့် ကြုံတွေ့နေရသည်။ အလွန်တရာ ရနိုင်ခဲသော မနုဿတ္တဒုလ္လဘ လူ့အဖြစ်ကို ရနေကြသည်။ ကြားနာရခဲလှသော သူတော်ကောင်းတရားကို



www.burmeseclassic.com

www.burmeseclassic.com

ကြားနာဖတ်ရှုခွင့် ရရှိနေကြသည်။ သူတော်ကောင်းတရားမှန်ကို နာကြားဖတ်ရှုခွင့်ရသဖြင့် ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါ သမ္မတ္တိဘာဝဒုလ္လဘကို ရရှိနေကြသည်။

ထိုသဒ္ဓါတရားဖြင့် ဒါနမှုတို့ကိုလည်း ပြုခဲ့၏။ သီလမှုတို့ကိုလည်း ဆောက်တည်ခဲ့၏။ ရုပ်၊ နာမ်၊ ခန္ဓာတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဟူသော လက္ခဏာယာဉ် သုံးပါးကိုလည်း တတ်အားသမျှ ပွားများခဲ့ကြသည်။ ဘုရားရှင်အား သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်၍ ပရိတ်မေတ္တာတို့ကို ရွတ်ဆိုပွားများခဲ့ကြသည်။ ထိုသို့ပြုလုပ်ခဲ့ပြီးသော ကုသိုလ်တို့ကို ပြန်လည်အောက်မေ့ခြင်း၊ ထိုကံတို့ကို ယခုပင်ပြုနေရသလို စိတ်ထဲ၌ ထင်လာခြင်းဖြင့် အာသန္နကံကုသိုလ်ဇောကို ဖြစ်စေနိုင်ပါသည်။ အာသန္နကံကုသိုလ်ဇောကို ဖြစ်စေရန်အတွက်လည်း အသက်ရှိစဉ် မသေခင်က ဒါန၊ သီလ၊ သမာဓိ၊ ပညာနိမိတ္တကသုတ္တန်လာ တရားတို့ကို ပွားများအားထုတ်ကာ ကြိုတင်ပြင်ဆင်ထားသင့်ကြပေသည်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကို ပွားများခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်အား ရည်မှန်း၍ ရုပ်ပွားဆင်းတုတော်ကို မျက်စိအာရုံ၊ စိတ်အာရုံမှာ ထင်စေ၍ စိတ်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကို ဆင်ခြင်ပွားများခြင်း၊ ပရိတ်တရားတော်များ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်း စသည်တို့ကို စိတ်ထဲမှ ရွတ်ဖတ်ဆင်ခြင်နေခြင်း၊ လူမမာကြည့်သူတို့က ဖွင့်ပြသောတရားတော် ကက်ဆက်ခွေများကို နာကြားခြင်း စသည်တို့ဖြင့်လည်း အာသန္နကံကုသိုလ်ဇောကို ဖြစ်စေနိုင်ပေသည်။

ထိုအာသန္နကံ ကုသိုလ်ဇော၌ပါသော စေတနာသည် ကုသိုလ်ကံ ဖြစ်၏။ ထိုကုသိုလ်ကံ၏ အကျိုးဖြစ်သော မဟာဝိပါက်(၈)ပါးအနက် တစ်ပါးပါးသည် ဘဝသစ်၌ ပဋိသန္ဓေစိတ် အမည်ခံလျက် သုဂတိသတ္တဝါတစ်ဦး ဖြစ်လာပေသည်။ သုဂတိဘုံသို့ ရောက်ရှိကြပေမည်။

**ကွယ်လွန်ခါနီးသူ တစ်ယောက်အား သုဂတိသို့ ရောက်စေရန်အတွက် ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းများက ကမ္မနိမိတ်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ စသည်တို့ဖြင့် ပြုလုပ်ဆောင်ရွက်ကြရန်မှာ-**



အချို့သော ပုဂ္ဂိုလ်အား သေခါနီးကာလ၌ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းများက ကမ္မနိမိတ်ဖြစ်သော အာရုံတို့ကိုဆောင်ရွက်ရာတွင် ရူပါရုံအနေဖြင့် ချစ်သား..သင်၏ နတ်ရွာနိဗ္ဗာန်အကျိုးငှာ ဤဘုရားစေတီ၊ ပုထိုးအား လှူထားပူဇော်ပေသည်။ အာရုံပြု၍ စိတ်ကို ကြည်လင်ပါစေလော့ဟု ပြောကြား၍ ပန်းဆိုင်း၊ တံခွန်၊ ကုက္ကား စသော အဆင်းအာရုံဖြင့်လည်းကောင်း၊ သဒ္ဒါရုံအနေဖြင့် တရားတိပ်ခွေများ ဖွင့်ပေးခြင်းဟူသော အသံအာရုံဖြင့်လည်းကောင်း၊ အနံ့ ဂန္ဓာရုံအနေဖြင့် အမွှေးအထုံ၊ နံ့သာဟူသော ဂန္ဓာရုံဖြင့်လည်းကောင်း၊ ရသာရုံအနေဖြင့် ဤလျက်ဖွယ်ကို လျက်ကြည့်ပါ။ သင်၏အကျိုးငှာ လှူအပ်သောလှူဖွယ် ဖြစ်သည်။ ဤသို့ စသည်ဖြင့် ပြောကြား၍ ပျားရည်၊ တင်လဲ စသည် အရသာအာရုံဖြင့်လည်းကောင်း၊ ဤအဝတ်အထည်ကို စမ်းသပ်ကြည့်ကြည့်ပါလော့။ သင်၏ အကျိုးအတွက် လှူမည့်လှူဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်း ဖြစ်သည်ဟူသော ဖောဋ္ဌဗ္ဗာအာရုံအားဖြင့်လည်း ကောင်း ပြုလုပ်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

<u>ကာမသုဂတိ ပဋိသန္ဓေစိတ်ဖြစ်ပုံ</u>

ထိုပုဂ္ဂိုလ်အား ထင်လာသော ထိုအဆင်း စသောအာရုံ၌ အစဉ်အတိုင်းဖြစ်သော ဝုဋ္ဌောစိတ်အဆုံး၌ သေခြင်း နီးသောကြောင့်၊ နုံ့သာအဟုန်ရှိသောကြောင့် မရဏာသန္န ဇော(၅)ကြိမ်၊ တဒါရုံ(၂)ကြိမ်တို့ ဖြစ်ကုန်၏။ ထို့နောက် ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်(၁)ကြိမ် ဖြစ်၏။ ထိုစုတိစိတ်အဆုံး၌ စိတ္တက္ခဏ (၁)ချက်မျှရှိသော ထို မရဏာသန္နဇော၏ အာရုံ၌ပင် ပဋိသန္ဓေစိတ်သည် ဖြစ် ပေါ်လေသည်။ ဤသည်ကား သေပြီးနောက် သုဂတိဘုံ သို့ ရောက်ရှိခြင်း အကြောင်းပေတည်း။

<u>တိုက်တွန်းချက်</u>

မည်သို့ပင်ဆိုစေ အထက်တွင် ဖော်ပြခဲ့သော ဖြစ်စဉ် တချို့တို့၌ သေခါနီးတွင် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်း မှုတစ်ခုကြောင့် နတ်ပြည်သို့ ရောက်သွားခဲ့သည်များ ရှိခဲ့ ပူးပါသည်။ ဤဖြစ်စဉ်မျိုးမှာ အင်မတန်ရှားပါသည်။ တစ်လျှောက်လုံး မည်းညစ်လာသည့် လက်နှီးစုတ်ကို တနေ့မှ လျှော်လျှင် ပြောင်နိုင်ဖွယ် မရှိပါ။

ပစ္စယုတ်နိဒ္ဒေသ ပဋ္ဌာန်းပါဠိတော် အာသေဝနပစ္စည်း တွင် -

ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော··လို့ ပြထားပါသည်။

အာသေဝန ဆိုသည်မှာ အလေ့အကျင့်၊ အလေ့အထုံ များသည့် လုပ်ငန်းကို ခေါ်ပါသည်။ ရှေးရှေးဖြစ်သော ကုသိုလ်တရားများက နောက်နောက်ဖြစ်သော ကုသိုလ်ကို အာသေဝနပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်ပါသည်။ ထို နည်းတူစွာ ရှေးရှေးဖြစ်သော အကုသိုလ်တရားကလည်း နောက်နောက်ဖြစ်သော အကုသိုလ်ကိုသာ ကျေးဇူးပြု တတ်ပါသည်။

ထို့ကြောင့် ဘဝတစ်လျှောက်လုံး အကုသိုလ်တရား များသာ အာသေဝနဖြစ်လာလျှင် သေခါနီးအချိန်တွင် အကုသိုလ်တရားများသာ စိတ်မှာ လွှမ်းမိုးနေမည်မှာ ရာ ခိုင်နှုန်းအားဖြင့် များပါသည်။ ကုသိုလ်တရားသည်လည်း ထိုနည်းတူစွာပင် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သုဂတိဘုံသို့ ရောက်ခြင်းဖြင့် အားရကျေနပ်မနေအပ်ဘဲ မသေခင် ဝိပဿနာတရားကို ကျင့်ကြံကြိုးစား အားထုတ် သင့်ကြပေသည်။

ရုပ် နာမ် ခန္ဓာ ပရမတ္ထသဘာဝတရားတို့၏ အချိန် တိုင်း အချိန်တိုင်း၊ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည့် အနိစ္စသဘော၊ ဖြစ်ပြီးပျက်နေသည့် သဘောကို သုခချမ်း သာဟု မည်သို့မျှ ခေါ်ဆို၍မရပေ။ သုခချမ်းသာရယ်ဟု မည်သည့်နေရာမှ ရှာဖွေ၍ မတွေ့နိုင်သည့် ဒုက္ခသဘော၊ မိမိသဘော တစ်ခုမျှ လုပ်မရ၊ အတ္တမဟုတ်။ သူ့ အကြောင်းနှင့် သူ့အကျိုး တစ်စုံ့စီ တစ်စုံစီ ဖြစ်လိုက် ပျက်လိုက်ဖြင့် သူ့သဘောသူဆောင် ဘာမှအစိုးမရသည့် အနတ္တသဘောတို့ကို ဉာတပရိညာ၊ တီရဏပရိညာအား ဖြင့် သိရှိထားဖို့ လိုအပ်ပေသည်။

ဉာတပရိညာ ဆိုသည်မှာ **ဖောက်ပြန်သောလက္ခဏာ ရှိသော တရားသည် ရုပ်တည်း။ ခံစားသော လက္ခဏာ ရှိသောတရားသည် ဝေဒနာတည်း။** ဤသို့အစရှိသော နည်းဖြင့် ရုပ်နာမ်တို့၏ အသီးသီးသော သဘာဝလက္ခဏာ ကို ပိုင်းခြား၍သိသောဉာဏ်သည် ဉာတပရိညာမည်၏။

တီရဏပညာ ဆိုသည်မှာ **ရုပ်သည် မမြဲ။ ဝေဒနာ သည် မမြဲ။** ဤသို့အစရှိသော နည်းဖြင့် ရုပ်နာမ်တို့၏ သာမညလက္ခဏာကို အာရုံပြု၍ဖြစ်သော ဝိပဿနာပညာ ကို ခေါ်ပေသည်။

ဝိပဿနာဆိုသည်မှာ **ပညတ္တိ ဌပေတွာ အနိစ္စဒိ အကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ**ဟု အဋ္ဌကထာ ဆရာများ မိန့်ဆိုတော်မူသည့်အတိုင်း ပညတ်ဟူသမျှကို ဖယ်ခွာ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသည့် အခြင်းအရာ အားဖြင့် အထူးထူးအပြားပြား ဉာဏ်မြင်အောင် ရှုခြင်းကို ဝိပဿနာဟု ခေါ်ဆိုပေသည်။

ထို့ကြောင့် အသေမဦးခင် ဉာဏ်ဦးအောင် ဝိပဿနာ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်သင့်ကြစေလို ကြောင်း စေတနာကောင်းဖြင့် တွန်းအားပေး ရေးသား လိုက်ပါသည်။

**တွန်းအားရှင်**

www.burmeseclassic.com

www.burmeseclassic.com

# ဒါနကထာ (၂)



မချစ်ရင် မလှ၊ ချစ်ရင် လှ၏တဲ့။ ကြားဖူးကြမယ် ထင်ပါတယ်။ မပေးလျှင် မရ၊ ပေးလျှင် ရ၏ ဆိုတာကတော့ ဒါနနဲ့ အကျုံးဝင်တဲ့ ပြောရေးဆိုခွင့် တစ်ခုပါ။

အကောင်းဆုံးသော လူမှုရေးတစ်ရ အဖြစ် လက်ခံထားကြတဲ့ ပေးကမ်း လှူဒါန်းခြင်း ဒါနကို အပြန်အလှ စီးရေကြောင်းသဖွယ်လည်း မြင်တွေ့ နိုင်ပါတယ်။ မြင့်ရာမှ နိမ့်ရာ စီးဆင်းသလိုမျိုး ဥစ္စာခနဲ ကြွယ် သူတို့ထံမှ ဆင်းရဲနွမ်းပါးသူများ ကြည်ဖြူစာနာထက်သန်စွာ ဖြည့်ဆည်း ပေးလှူတဲ့အခါ နှစ်ဦးနှစ်ဖက်လုံး ပီ အဟုန် စီးဆင်းခဲ့သမျှ ထပ်တူခံစား တယ်။ ပေးလှူသူဘက်က မေတ္တာပုံသ က အရင်းခံတာပါပဲ။

မေတ္တာကြောင့် ပေးလှူခြင်းဖြစ်သလို ခံယူ ဘက်ကလည်း မေတ္တာရဲ့ ဖွဲ့နှောင်မှုကြောင့် စိတ်နှ နူးညံ့ပျော့ပျောင်းရှုံ့မျှမက ရိုင်းပျသူများပင်လျှင် ယဉ်ကျေ လိမ္မာသူများအဖြစ် သိမ်မွေ့သွားစေပါတယ်။ မြတ် ကိုယ်တော်တိုင် ဝေနေယျအများစုအတွက် တရ ကြားတဲ့အခါ ဒါနအကြောင်း၊ ဒါနရဲ့ အကျိုးတရား



www.burmeseclassic.com

www.burmeseclassic.com

ကို စတင်ဟောကြားလေ့ရှိတယ်။ ဆိုလိုတာကတော့ ဒါန နဲ့သာ စတင်ပြီး ကောင်းမှုကုသိုလ်ပြုဖို့ ဖြစ်ပါတယ်။

ဣတိဝုတ်ဒါနသုတ်မှာ မြတ်ဗုဒ္ဓက သတ္တဝါတို့သည် လှူဒါန်းခြင်းစေတနာ၏အကျိုးကို ငါဘုရား သိသကဲ့သို့ သိကြလျှင် မပေးလှူဘဲ မစားကုန်ရာ။ ဝန်တိုမှုနှင့် ငြူစူမှု စသောအကုသိုလ်တို့သည် ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ။ အလှူခံပုဂ္ဂိုလ်ရှိလျှင် နောက်ဆုံး ထမင်းလုတ်ကိုသော်မှ မလှူဒါန်းဘဲ မစားကုန်ရာ။ သတ္တဝါတို့သည် လှူဒါန်းခြင်း စေတနာအကျိုးကို ငါဘုရား သိသကဲ့သို့ မသိကြသည့်အတွက် မလှူဒါန်းဘဲ စားကြကုန်၏။ ဝန်တိုမှုနှင့် ငြူစူမှု စသော အကုသိုလ်တရားတို့ကလည်း ထိုသူတို့၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ တည်ကြကုန်၏။ ဒါန၏အကျိုးကို ဘုရားရှင်တို့သာ အကုန်အစင် သိမြင်နိုင်၏။ ဒါနကောင်းမှုသည် ချက်မောက်ချမ်းသာ၊ တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ တို့၏ အကြောင်းဖြစ်၏။ လောကဌ် သတ္တဝါတို့ ရရှိထားကြသော စည်းစိမ်ဥစ္စာတို့ကို သုံးစွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာဟူသမျှတို့သည် ဒါနအကျိုးကြောင့်သာ ဖြစ်ပေါ်သာကုန်၏ဆိုပြီး ဟောကြားတော်မူပါတယ်။

စူဠကမ္မဝိဘင်္ဂသုတ်တွင် အတိတ်ဘဝက လှူဒါန်းမှုကုသိုလ် မပြုလုပ်ခဲ့ကြသူများ မျက်မှောက်ဘဝတွင် ဆင်းရဲနွမ်းပါးစွာ ဘဝကို ဖြတ်သန်းနေရပြီး ဒါနကုသိုလ်ရှိခဲ့သူများမှာ ဥစ္စာဓနကြွယ်ဝချမ်းသာကြသည်ကို သုဘလုလင်အား မြတ်ဗုဒ္ဓက ရှင်းလင်းပြသတော်မူပါတယ်။

နိဓိကဏ္ဍသုတ်မှာတော့ ရွှေအိုးကြီးများ မြှုပ်နှံကြဖို့ တိုက်တွန်းဟောကြားထားပြီး ရတနာ၊ရွှေ၊ငွေ ပြည့်စုံစွာ ထည့်သွင်းထားတဲ့ ရွှေအိုးမျိုးမဟုတ်ဘဲ ပေးကမ်းလှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ကိုယ်၊နှုတ်၊အမှုအရာ ကောင်းစွာစောင့်စည်းနိုင်တဲ့ သမာဓိကို ပွားများခြင်း၊ ဘယ်ခြကို ဆုံးမနိုင်တဲ့ပညာကို ပွားစေခြင်း၊ မာတုစေတီ၊ ပိတုစေတီအပါအဝင် သံဃာတော်များ၊ မိဘဆရာ၊ အစ်ကို၊ အစ်မ ဆွေမျိုးမိတ်သင်္ဂဟတို့အား ပေးကမ်းလှူဒါန်း ပူဇော်ခြင်း စတဲ့အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်းဖြင့်သာ ရွှေအိုးကြီးမြှုပ်နှံနိုင်ရမယ်လို့ ဆိုတာပါ။

ဒါနရှုန်းစို ပညာပိုက ဒါနကထာ ချီဆိမ့်စွာ၏၊ ကိုယ်တိုင်ရဲ့ မလှူရဲက ဆင်းရဲတစ်ဖန် ကြုံရပြန်၏ဆိုတဲ့ စကားနဲ့အညီ အဖိုးမထိုက်တန်တဲ့ ပန်းတစ်ပွင့်၊ ရေတစ်ခွက်ကိုသော်လည်းကောင်း ဗုဒ္ဓမြတ်စွာကို လှူဒါန်းပူဇော်ကြသူများအနေနှင့် တစ်ကြိမ်တစ်ခါမှ လှူရုံမျှနှင့်ပင် ကောင်းကျိုးချမ်းသာ ခံစားရမှာ ဖြစ်ပါတယ်။

မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းဟာ ကြွေးမြီဟောင်းကို ပြန်ဆပ်ခြင်းဖြစ်တဲ့အတွက် မောက္ခဒါနလို့ ခေါ်ပါတယ်။ သားသမီးတို့ကို ကျွေးမွေးပေးကမ်း စောင့်ရှောက်ခြင်းကိုတော့ ဣဏဒါနခေါ်တွင်ပြီး ကြွေးမြီသစ်ချခြင်းလို့လည်း ဆိုပါတယ်။ နိဓိဒါနလို့ခေါ်တဲ့ သက်ကြီးရွယ်အို၊ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျွေးမွေးပြုစု ပေးလှူခြင်းမှာ ရွှေအိုးမြှုပ်နှံခြင်းပင် ဖြစ်ပါတယ်။

ဒါနမြောက်ဖို့အတွက် ပေးလှူသူ၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုနှင့် လှူလိုတဲ့စေတနာ ပြည့်စုံရမှာဖြစ်တယ်။ ဒါပေမဲ့ အလှူရဲ့ အကျိုးကြီးမြတ်မှုကိုသာ အထွတ်တင်ရမှာဖြစ်လို့ ပေးလှူသူရဲ့ သီလစင်ကြယ်ရပါမယ်။ လှူဖွယ်ဝတ္ထုကလည်း တရားသဖြင့် ရရှိထားတဲ့ ဝတ္ထုပစ္စည်းဖြစ်ရပါမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း သီလစင်ကြယ် သမာဓိနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။ အဲဒီအချက်တွေနဲ့ ကိုက်ညီဖို့ လိုအပ်သလို အဓိကလိုအပ်ချက်ကတော့ ပေးလှူသူရဲ့ စေတနာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒါနပြုခြင်းကိစ္စသည်ပင်လျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာမစ္ဆရိယ စတဲ့ အကုသိုလ်တရားတွေရဲ့ အဟာန့်အတားရှိနိုင်မှာ ဖြစ်တဲ့အတွက် ဒါနပြုလိုခြင်းနှင့်အတူ အခက်(၄)ပါးကို ကျော်လွှားနိုင်ဖို့လည်း လိုအပ်ပါတယ်။ မိမိနှစ်သက်တဲ့ ပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူစွာ ပေးလှူရန် စိတ်တွင်ကြံစည်မှု အခက်အခဲ၊ ပေးလှူမယ်လို့ နှုတ်ထွက်စကား ပြောဆိုနိုင်ရန် အခက်အခဲ၊ နှုတ်ထွက်စကား ပြောဆိုထားစေကာမူ လက်တွေ့ပေးလှူနိုင်ရန် အခက်အခဲ၊ ရက်ရောစွာ လက်တွေ့ပေးလှူပြီးသော်လည်း ပေးလှူပြီးနောက် နောင်တတစ်ဖန် ပူပန်ခြင်း မရှိစေရန် အခက်အခဲ (လှူပြီးမှ ပြန်လည်တ,သ နှမြောစိတ်ဝင်နေတာမျိုး)တွေကို ပြတ်သားစွာ ဖယ်ရှားပစ်ဖို့၊ မိမိရဲ့ ကိုယ်တွင်းအတားအဆီးတွေကို ဉာဏ်ပညာဖြင့် မှန်မှန်ကန်ကန် ဆုံးဖြတ်သန့်စင်ပြီးသား ဖြစ်နေရပါမယ်။

ဆိုရလျှင် အလှူဒါနပြုရာမှာ လိုလားမှုသဘော

www.burmeseclassic.com

ဆန္ဒ၊ ပိုင်းခြားပြီး သိမြင်မှုသဘော စိတ္တ၊ အားထုတ်မှုသဘော ဝီရိယ၊ ထိုးထွင်းပြီး သိမြင်မှုသဘော ဝီမံသ စတဲ့ တရား(၄)ပါးတို့ အညံ့စားဖြစ်နေမယ်ဆိုရင် ဟီနဒါန-ညံ့ဖျင်းသော ဒါနအကျိုးကိုပဲ ခံစားရမှာပါ။ အလယ်အလတ်စား ဒါနမျိုးဖြစ်နေရင် မဇ္ဈိမဒါန-အလတ်စားဒါနပေါ့။ အဲဒီ တရား(၄)ပါးလုံးကို အမြတ်စား၊ အကောင်းစားအဖြစ် ခံယူလုပ်ဆောင်နိုင်ပြီဆိုရင်တော့ ပဏီတဒါန၊ မြတ်သောဒါန၊ မြတ်သောအလှူ၊ မြတ်သောအလှူရှင် ဖြစ်နိုင်ပါလိမ့်မယ်။

မြတ်သောအလှူရှင်လို့ ဆိုလိုက်တာနဲ့ သူတော်ကောင်းတို့ရဲ့ ပေးလှူခြင်း(၅)မျိုးနဲ့ အကျုံးဝင်သွားပါတယ်။ လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်စွာ ရိုရိုသေသေ ပေးလှူခြင်း၊ မိမိစိတ်ထဲတွင် ရိုသေလေးမြတ်မှုရှိမှ လှူဒါန်းခြင်း၊ မိမိကိုယ်တိုင် ကိုင်တွယ်ပြီး လှူဒါန်းခြင်း၊ ထမင်းကျန်၊ဟင်းကျန် စသည်ဖြင့် စွန့်ပစ်ဖွယ်ရာတွေကို စွန့်ပစ်တဲ့ပုံစံမဟုတ်ဘဲ ဂရုတစိုက် ကျွေးမွေးလှူဒါန်းခြင်း၊ ထိုလှူဒါန်းမှုကြောင့် ကောင်းကျိုးဧကန်ရလိမ့်မယ်ဆိုတဲ့ သိနားလည်မှုနဲ့ ကမ္မဿကတာဉာဏ်ကို ရှေ့သွားပြု လှူဒါန်းခြင်းတွေပါပဲ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် မြတ်ဗုဒ္ဓ သီတင်းသုံးစဉ်အခါက ညဦးသန်းခေါင်အခါကာလမှာ နတ်သားတစ်ပါး ရောက်ရှိလာပြီး-

'အရှင်ဂေါတမ..အဘယ်သူတို့အား နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွားပါသနည်း။ အဘယ်သူတို့သည် တရား၌ တည်ပါကုန်သတည်း။ အဘယ်သူတို့သည် သီလနှင့် ပြည့်စုံပါသနည်း။ အဘယ်သူတို့သည် နတ်ပြည်သို့ သွားကြရပါသနည်း'

မေးလျှောက်တဲ့အခါ မြတ်ဗုဒ္ဓက-

'အို..နတ်သား၊ အကြင်သူတို့သည် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်၊ အရိပ်ကောင်း သစ်ပင်များကို စိုက်ပျိုးလှူဒါန်းကြကုန်၏။ တံတားခင်းကြကုန်၏။ ရေအိုးစင် တည်ဆောက်ကြကုန်၏။ ရေတွင်း၊ ရေကန်နှင့် နေရာကောင်းတို့ကို လှူဒါန်းကြကုန်၏။ ထိုသူတို့အား နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွား၏။ ထိုသူတို့သည် တရား၌ တည်ကုန်၏။ အလေ့အထ စာရိတ္တ၊ သီလနှင့် ပြည့်စုံကုန်၏။ ထိုသူတို့ သေလွန်သော် နတ်ပြည်သို့ သွားကြရကုန်၏'လို့ ဖြေကြားတော်မူပါတယ်။

သဘာဝဖြစ်ရပ်တွေဟာ သဘာဝနိယာမအတိုင်းသာ ဖြစ်ကြရပါတယ်။ အကြောင်းအကျိုးညီညွတ်သော ဖြစ်မြဲဓမ္မတာကို သဘာဝနိယာမလို့ ဆိုတာပါ။ ဒါနအကျိုးတရား အလွန်ကြီးမားရခြင်းအကြောင်းမှာ စိတ်စွမ်းရည်ကြောင့် ဖြစ်ပါတယ်။ စိတ်ဟာ ကမ္ဘာလောကကို ဦးဆောင်လွှမ်းမိုးထားပါတယ်။ စိတ်ဟာ အရာရာကို ဦးစီးဆောင်ရွက်ပေးသလို ဒါနရဲ့အကျိုးတရား ဖြစ်ထွန်းရန်ကိုလည်း စိတ်ကပင် ဦးဆောင်ရှေ့သွားပြုပြီး အကောင်အထည်ဖော်ပေးပါတယ်။ လှူဒါန်းစွန့်ကြဲခြင်း စေတနာဟာ စိတ်ကိုမှီ၍သာ ဖြစ်ပေါ်ရတဲ့အတွက် စိတ်ကလည်း လက်တစ်ဖျစ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကာလအတွင်းမှာပင် ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားနိုင်ပါတယ်။ ဒါကြောင့် လှူနေစဉ်မှာ အပြစ်ကင်းတဲ့ ကုသိုလ်စေတနာတွေဟာ ကုဋေသိန်းပေါင်းများစွာအထိ ဖြစ်ပျက်သွားနိုင်ပါတယ်။

ကံလို့ခေါ်တဲ့ စေတနာရဲ့ အစွမ်းသတ္တိဟာ စိတ်အစဉ်မှာ လိုက်ပါသွားပြီး အဲဒီကံဟာ သစ်မျိုးစေ့နဲ့တူတယ်။ ကုသိုလ်စေတနာ တစ်ခုစီအနေနဲ့ လူတစ်ယောက် မချုပ်ငြိမ်းမီ အစွမ်းသတ္တိကို နောက်စိတ်သို့ လက်ဆင့်ကမ်းသွားခြင်းဖြစ်တဲ့အတွက် စိတ်မချုပ်ငြိမ်းမီ လူတစ်ယောက်မှာ ရှိတဲ့ အစွမ်းသတ္တိအားလုံးကို နောက်နောက်စိတ်သို့ လက်ဆင့်ကမ်းသွားပြန်ပါတယ်။ ကုသိုလ်ပြုနေစဉ် ကုသိုလ်ကံ ကုဋေသိန်းပေါင်းများစွာ ဖြစ်ပေါ်ခြင်းကြောင့် လူ့ဘဝ၊ နတ်ဘဝ စတဲ့ သုဂတိဘဝတွေတွင်သာ ကျင်လည်ရရှိမှာ အသေအချာပါပဲ။

သဒိသံ ပါကဲဇနေတိ ပါဠိစကားနဲ့အညီ ကံဆိုတာ မူလစေတနာနဲ့တူတဲ့အကျိုးကို ပေးတတ်သည်မို့ သရက်စေ့က သရက်ပင်ပေါက်မှာဖြစ်ပြီး မရန်းစေ့ကလည်း မရန်းပင်ပေါက်မှာ မြေကြီးလက်ခတ်မလွဲပါနိုင်ဘူး။

**ထက်ဘုန်းလှ**

**ကိုးကား**

* အင်္ဂုတ္တိုရ်ပါဠိတော် ဒါနသုတ်။
* ဗုဒ္ဓဘာသာလက်စွဲကျမ်း။
* မြတ်ဒါန (ဒေါက်တာမင်းတင်မွန်)။

www.burmeseclassic.com

www.burmeseclassic.com



# နတ်ကိုးကွယ်မှုအစ နတ်တို့စံပျော်ရာ အိုအေစစ်မှ

## မင်းသိကျော်

နတ်တို့စံပျော်ရာ အိုအေစစ်သည်ကား ပုပ္ပားတောင်ကလပ်ပင် ဖြစ်ပါ၏။ ထိုပုပ္ပားတောင်ကလပ်ကို အမည်အမျိုးမျိုးဖြင့် ခေါ်တွင်ခဲ့ကြ၏။

(က) တောင်ကလပ်၊

(ခ) နဂါးရစ်တောင်၊

(ဂ) ပန်းပေးတောင်၊

(ဃ) ဘဇဂါမ်တောင်၊

(င) ဝဏ္ဏယက္ခတောင်၊

(စ) ဝိဇ္ဇာဓရတောင် ..တို့ ဖြစ်ကြပါသည်။

### (က) တောင်ကလပ်

ကလပ်ပုံသဏ္ဌာန်ရှိသော တောင်ကြီးဖြစ်သဖြင့် တောင်ကလပ်ဟု ခေါ်ဆိုကြသည် ဆို၏။ အချို့သော ကျမ်းသားချက်များ၌မူ ကလပ်ဟူသည် ကလာပမှ ဆင်းသက်လာခြင်းဖြစ်ပြီး အစုအဝေးဟု အနက်ရကြောင်း၊ တောင်ကလပ်ပတ်လည်ရှိ ဂူ(၁၀)လုံးတွင် ဝိဇ္ဇာဓိုရ်များ စုဝေးနေထိုင်ကြသဖြင့် ယင်းသို့ခေါ်ခြင်းဖြစ်ကြောင်း တွေ့ရှိရ၏။

အချို့ကလည်း လောကီကျေးဇူး၊ လောကုတ္တရာကျေးဇူးတို့ကို ဆည်းပူးရန် လျောက်ပတ်သော နေရာဖြစ်သောကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့ ချဉ်းကပ် စုရုံးကြသဖြင့် ယင်းသို့ တောင်ကလပ်ဟု ခေါ်ဆိုကြောင်း မှတ်ယူကြ၏။ ကလပ်ပုံသဏ္ဌာန်ရှိသောတောင် ဖြစ်သဖြင့် တောင်ကလပ်ဟု ခေါ်ဆိုကြခြင်းက များစွာသဘာဝကျလှပေသည်။

### (ခ) နဂါးရစ်တောင်

ရှေးစာဟောင်းများ၌ ပုပ္ပားတောင်ကလပ်ကို နဂါး

www.burmeseclassic.com

ရစ်တောင်ဟူ၍ ခေါ်ဝေါ်ကြသည်ကိုလည်း တွေ့ရှိရ၏။ ပုဂံဘုရင် ပျူစောထီးက အရိမဒ္ဒနာကို တည်ထောင် မင်းပြုစဉ် ပုပ္ပားသို့ ချီတက်ကြွရောက်ကာ ပုပ္ပားတောင်ရှိ နတ်အပေါင်းတို့အား ခုနစ်ရက်တိုင်တိုင် ဗလိနတ်စာကျွေး ခဲ့သည်ဆို၏။ ထိုအခါ တောတောင်ရှိနတ်တို့က ကောင်း ချီးသြဘာပေးကြသကဲ့သို့ နဂါးတို့ကလည်း မြူးထူးပျော် ရွှင်ကြကာ တောင်ကလပ်ကြီးအား ရစ်ပတ်လှည့်လည်ခဲ့ ကြသည်ဆို၏။ သို့ဖြင့် နဂါးရစ်တောင်ဟူသော အခေါ် အဝေါ်တစ်ရပ် ပေါ်ပေါက်လာပါသည်။

စင်စစ်အားဖြင့် ပုပ္ပားတောင်ကလပ်မှာ မြင့်မားလှ သည့်အလျောက် တစ်ခါတစ်ရံ တောင်ခိုးတောင်ငွေ့ မြူ မှုန်များကို တောင်ခုလတ်၌ မြွေနဂါးကြီးများ ရစ်ပတ်နေ သကဲ့သို့ တွေ့ရတတ်၏။ ဤသည်ကို ရည်၍လည်း နဂါး ရစ်တောင်ဟု အမည်မှည့်ခေါ်ခဲ့ကြသည်ကို ဆိုပါသည်။

## (ဂ) ပန်းပေးတောင်

ပန်းပေးတောင် အမည်က ရာဇဝင်ဇာတ်လမ်းတစ် ပုဒ်နှင့် ဆက်စပ်နေ၏။ ပုဂံဘုရင် အနော်ရထာမင်း လက် ထက်တွင် ပန်းတော်ဆက်အဖြစ် ခန့်အပ်ခံရသူ ခြေလျင် တော် ဗျတ္တအား ပန်းစားဘီလူးမ မယ်ဝဏ္ဏက ကူညီပန်း ခူးပေးရာတောင်ဖြစ်သဖြင့် ယင်းသို့ခေါ်ကြကြောင်း အဆို ရှိပါသည်။

## (ဃ) ဘဇဂါမ်တောင်

ဤအမည်က ပုပ္ပားတောင်ကလပ်ကိုခေါ်သည့် ရှေး အကျဆုံးဖြစ်ကြောင်း ဆိုကြ၏။ ဘဇဂါမ်သည် ဘဇဂါမ ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာဟန် ရှိပါသည်။ ဘဇဟူသည် ပါဠိဘာသာ ဆည်းကပ်မှီဝဲခြင်းဖြစ်ပြီး ဂါမ မှာမူ ရွာဟူ၍ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ဘဇဂါမ် ကို ဆည်းကပ်မှီဝဲရာရွာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည် ထင်ပါသည်။

ပုပ္ပားတောင်ကို ရှေးခေတ်အခါက လူအများမှ နတ် တောင်ကြီးအဖြစ် မှတ်ယူကြပြီး ကိုးကွယ်ဆည်းကပ်ခဲ့ ကြရာ တောင်ကြီး၏ အမည်ကိုလည်း ဘဇဂါမ်ဟု ခေါ် ဆိုခဲ့ကြဟန်တူပါသည်။

## (င) ဝဏ္ဏယက္ခတောင်

ဝဏ္ဏယက္ခတောင်ဟူသော အမည်မှာလည်း ပုပ္ပားသူ မယ်ဝဏ္ဏ၏ ဇာတ်ကြောင်းနှင့် ဆက်စပ်လျက်ရှိ၏။ ဘီ လူးမ မယ်ဝဏ္ဏ နေထိုင်ရာတောင်ဖြစ်သဖြင့် ဝဏ္ဏယက္ခ တောင်ဟု ခေါ်ဆိုကြခြင်း ဖြစ်ပေသည်။

## (စ) ဝိဇ္ဇာဓရတောင်

ပုပ္ပားတောင်ကို ရှေးခေတ်အခါကပင် ဝိဇ္ဇာဇော်ဂျီ များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ နေထိုင်ရာဌာနအဖြစ် မှတ်ယူကြ၏။ သို့ကြောင့်လည်း ပုပ္ပားတောင်ကလပ်၏ အမည်များထဲတွင် ဝိဇ္ဇာဓရတောင်ဟူသောအမည်ကို တွေ့ ရှိရခြင်း ဖြစ်ပေသည်။

ထိုထိုအမည်များရှိခဲ့သော ပုပ္ပားတောင်ကလပ်တွင် ပုပ္ပားဟူသော အမည်နာမကလည်း စိတ်ဝင်စားစရာပင်။ ပုပ္ပားဟူသည် ပါဠိဘာသာ **ပုပ္ဖ**ဟူသော ဝေါဟာရမှ ဆင်းသက်လာပြီး ပန်းဟူ၍ အဓိပ္ပာယ်ရကြောင်း အဆို တစ်ရပ်က ဆို၏။

အခြားအဆိုတစ်ရပ်ကမူ ပါဠိဘာသာ **ပုဗ္ဗ**မှ ဆင်း သက်လာပြီး အရှေ့အရပ်ဟု အဓိပ္ပာယ်ရကြောင်း ဖော် ညွှန်းကြ၏။ ပုဂံမင်းနေပြည်တော်၏ အရှေ့ဘက်တွင် တည်ရှိသောတောင်ဖြစ်သဖြင့် ပုဗ္ဗတောင်ဟု ခေါ်ဆိုကြ ရာမှ ပုပ္ပားတောင်ဖြစ်လာသည် ဆို၏။

ပုပ္ပားဟူသည် ပါဠိဘာသာ ပုပ္ဖ(ပန်း)ဟူသော ဝေါ ဟာရမှ ဆင်းသက်လာကြောင်း အဆိုကသာလျှင် သဘာ ကျပါသည်။ ပုပ္ပားတောင်တစ်ဝိုက်တွင် ပန်းမျိုးစုံလင်စွာ ပေါက်ရောက်နေသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။ ဓာတုပဋိသန္ဓာရ ကျမ်းနိဒါန်း၌ **ပုပ္ဖာဝနပဗ္ဗတ(ပန်းတော တောင်)**ဟု ဖော်ပြထားသည်ကိုလည်း သတိပြုသင့်ပါ သည်။

ရှေးစာဟောင်းတို့တွင်လည်း **ပုပ္ဖပသဝေတိ ဇနေ တီတိပုပ္ပား**ဟု အဆိုရှိပါသည်။ ယော ပဗ္ဗတော-အကြင် တောင်သည်၊ ပုပ္ဖ-ပန်းကို၊ ပသဝေတိ ဇနေတိ-ဖြစ်စေ တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ သော ပဗ္ဗတော- ထိုတောင်သည်၊ ပုပ္ပား-ပုပ္ပားမည်၏ဟု တွေ့ရှိရပါသည်။

ပုပ္ပားတောင်ဝန်းကျင်တွင် ပုပ္ဖဟူသော အမည်နာမ နှင့် ညီညွတ်စွာပင် ရာသီအလိုက် ပန်းပေါင်းဝေဆာ ဖူးပွင့်နေကြသည်မှာ စိတ်ဘဝင်ချမ်းမြေ့ ကြည်နူးဖွယ်ရာ ဖြစ်ပါသည်။ ပုပ္ပားနယ်မြေသည် ပူပြင်းခြောက်သွေ့သော ဒေသ၌ တည်ရှိသော်လည်း စိမ့်စမ်းရေတံခွန်တို့ အ ထာဝရ စိမ်းလန်းစိုပြည်နေ၏။ ပုပ္ပားနယ်မြေကား



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းဒေသ၏ အိုအေစစ်ပင် ဖြစ်ပါသည်။

ထိုအိုအေစစ်၌ စံပျော်ခဲ့သူတို့သည်ကား…။

◆◆◆

ပုပ္ပားတောင်ကြီးကို နတ်တို့ပျော်စံရာ နတ်တောင်ကြီးအဖြစ် ခေါ်ဝေါ်ကြ၏။ အနောက်တိုင်းသားအချို့ကလည်း ပုံပြင်ဒဏ္ဍာရီလာ အိုလံပတ်စ်တောင်ကြီးဟု တင်စားခေါ်ဆိုကြသည်။ ပုပ္ပားတောင်ဒေသတွင် မည်သည့်အချိန်ကာလကတည်းက နတ်ကိုးကွယ်မှု စတင်ခဲ့သည်ဆိုခြင်းနှင့်ပတ်သက်၍လည်း အယူအဆအမှတ်အသား ကွဲလွဲမှု ရှိနေပါသည်။ မြန်မာရာဇဝင်ကျမ်းအချို့၌ ပုဂံခေတ်ဦးကာလ သမုဒ္ဒရာဇ်မင်းလက်ထက် အချို့က ပျူစောထီးမင်းလက်ထက်၊ အများစုကတော့ သေဉ်လည်ကြောင်မင်းလက်ထက်တွင် စတင်ခဲ့ကြောင်း ဆိုပါသည်။

ရာဇဝင်ကျမ်း အများစု အဆိုအရမူ သေဉ်လည်ကြောင်မင်း (ခရစ်နှစ်-၃၄၄-၃၈၇) လက်ထက်တွင် တကောင်းမြို့မှ မျောပါလာသည့် စကားထုံးအား နတ်မောင်နှမ ထုလုပ်ကာ ခရစ်နှစ်(၃၅၂)ခုနှစ်တွင် ပုပ္ပားသို့ပို့ဆောင် နတ်နန်းတည်ဆောက်ပေးခြင်းဖြင့် ပုပ္ပားဒေသတွင် နတ်ကိုးကွယ်ယုံကြည်မှု စတင်ခဲ့ကြောင်း သိရှိရ၏။ သို့သော် ယင်းမှတ်တမ်းများသည်ကား ပုဂံခေတ်ဦးကာလ ပုံပြင်ဒဏ္ဍာရီများနှင့် ရောပြွမ်းလျက်ရှိသည့်အားလျော်စွာ သေချာမှန်ကန်ခိုင်မာမှု ရှိသည်ကို မှန်းဆ၍ မရနိုင်ပေ။

ဘူမိဗေဒ မှတ်တမ်းများအရ ဆိုပါမူ ပုပ္ပားတောင်ဒေသသည် ကျောက်ခေတ်သစ်ဓလေ့ ထွန်းကားခဲ့ရာ နယ်မြေဖြစ်ပါသည်။ ယင်းဒေသသည် ကျောက်ခေတ်ဦး အညာသားဓလေ့ ထွန်းကားရာ ချောက်၊ ရေနံချောင်းသည့် ဒေသများနှင့်လည်း တစ်ဆက်စပ်တည်း တည်ရှိ၏။ ပုပ္ပားတောင်၏ အနောက်ဘက် (၁၅)မိုင်ခန့်အကွာ ချောင်တီမြစ်ကမ်းဘေး ဒေသတွင် လက်ပံခြေပေါ် အမည်ရှိ ရွာတစ်ရွာ တည်ရှိပါသည်။ ၎င်းရွာသည် ရှေးဟောင်းသုတေသနဌာန၏ တူးဖော်လေ့လာချက်အရ ကျောက်ခေတ်သစ် ရွာတစ်ရွာဖြစ်သည် ဆို၏။

သို့ဖြစ်၍ အမဲလိုက်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက် လုပ်ကိုင်ခဲ့ကြပေလိမ့်မည်။ ထိုခေတ်အခါကပင် သီးနှံ၊ သားငါး ပေါများရေးအတွက် ထိုအရပ်၌ နေထိုင်ကြသူတို့က ပုပ္ပားတောင်ကြီးကို နတ်တောင်သဖွယ် အားထားကိုးကွယ်နေကြပြီဟု ယုံကြည်ရ၏။

အမဲလိုက်လုပ်ငန်းကို လုပ်ကိုင်ကြသူ မုဆိုးများအတွက် သားကောင်ရရှိဖို့ရာ ဤပုပ္ပားတောင်ကြီးကို တိုင်တည်ကိုးကွယ်ကြပေမည်။ အလားတူစွာပင် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်သော မိုးရွာသွန်းစေရေးအတွက်လည်း လယ်ယာစိုက်ပျိုးသူတို့က တောင်ကြီးအား နတ်တောင်အဖြစ် အားကိုးတကြီး ကိုးကွယ်ဆုတောင်းကြပေလိမ့်မည်။

ထို့ကြောင့် ပုပ္ပားဒေသ၏ နတ်ကိုးကွယ်ယုံကြည်မှုအစကို ကျောက်ခေတ်သစ်ကာလ လွန်ခဲ့သောနှစ်ပေါင်းခုနစ်ထောင် ဝန်းကျင်ဟူ၍ မှန်းဆမှတ်ယူနိုင်လိမ့်မည်ထင်ပါသည်။ ယင်းတောင်မှ စတင်အခြေတည်ခဲ့သည့် ကျောက်ခေတ်လူသားတို့သည် ပုပ္ပားနတ်တောင်ကြီးကို အစဉ်အဆက် ဆက်လက်ကိုးကွယ်လာခဲ့ကြပေလိမ့်မည်။ ယနေ့တိုင်လည်း ပုပ္ပားဒေသတွင် နတ်ကိုးကွယ်နေဆဲ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုးကွယ်နေဆဲ နတ်တို့၏ ရာဇဝင် အကျဉ်းတို့သည်ကား။

◆◆◆

**မဟာဂိရိနတ်မောင်နှမ**

ပုပ္ပားဒေသ၏ အဦးဆုံးနတ်မှာ ပန်းပဲမောင်တင့်တယ်တို့ နတ်မောင်နှမဖြစ်သည်။ ယင်းနတ်မောင်နှမကို ပုဂံခေတ်ဦးကာလ ဘုရင်များကပင် အသိအမှတ်ပြုကြရသည်ဆို၏။ ပျူစောထီးမင်း လက်ထက်မှစ၍ ပုဂံမင်းများနှစ်စဉ် ပုပ္ပားတောင်ပေါ်သို့ သွားရောက်ကြပါသည် ဆိုပါသည်။

မဟာဂိရိနတ်မောင်နှမ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အမျိုးသားပညာဝန် ဦးဖိုးကျားက အောက်ပါအတိုင်း တင်ပြရေးသားခဲ့ဖူးပါသည်။

အထက်တကောင်းမြို့နေ ပန်းပဲမောင်တင့်တယ်သည် ခွန်အားကြီးမား သန်စွမ်းလှသည်ကို တကောင်းမင်းက ကြောက်လန့်စိုးရိမ်သည်နှင့် ဖမ်းဆီးစဉ် ထွက်ပြေးလေရာ မောင်တင့်တယ်၏နှမကို မိဖုရားမြှောက်ပြီး မောင်တင့်တယ်ကို မြို့သူကြီး ခန့်မည်ဟု ထိုမိဖုရားအား ခြားယောင်းခေါ်ယူစေပြီးလျှင် ဖမ်းဆီးကာ စကားပင်တွင်



www.burmeseclassic.com

www.burmeseclassic.com

ချည်၍ ဖိုကျင်ထိုးသတ်လေသည်။ မိဖုရားကလည်း ငါ့မောင် ငါ့ကြောင့် သေရသည်ဟု မီးပုံတွင်ပင် ခုန်ဆင်းရာ သေသည်နှင့် နတ်မောင်နှမဖြစ်သည် ဆိုသည်။

၎င်းတို့သည် ထိုစကားပင် တွင်နေကြ၍ ဖမ်းစားလုသဖြင့် စကားပင်ပါ တူးနုတ်ပြီးလျှင် ဧရာဝတီမြစ်သို့ မျှောလိုက်ရာ ပုဂံသို့ရောက်ရှိကာ သေလည်ကြောင်မင်းက ဆယ်ယူ၍ စကားထုံးကို နတ်မောင်နှမပြုလုပ်၍ ပုပ္ပားတောင်တွင် နတ်ကွန်းနှင့် ထားလေသည်ဟူ၍ ဖြစ်သည်။

မဟာဂီရိနတ်မောင်နှမအကြောင်း မှတ်သားချက်များကို ညောင်ရမ်းခေတ် ရာဇဝင်ကျမ်းပြုပုဂ္ဂိုလ် ဦးကုလား၏ မဟာရာဇဝင်တော်ကြီးတွင် စတင်တွေ့ရှိရ၏။ ထို့နောက် ဘိုးတော်ဘုရားလက်ထက် စစ်တမ်းများ ကောက်ယူချိန်တွင် နတ်စစ်တမ်းများကို နတ်ထိန်းတို့က ဆက်သွင်းခဲ့ကြရာ မဟာဂီရိနတ်စစ်တမ်းမှာ ရှေ့ဆုံးမှ ပါဝင်လာပါသည်။ (၁၈)ရက်၊ ဖေဖော်ဝါရီလ (၁၈၅၇)ခုနှစ်တွင်လည်း နတ်အုပ်ကဝိဒေဝကျော်သူ အသက်(၈၀)နှစ်၊ နတ်စာရေး ဒေဝရွှေတောင်ကျော်(၃၀)နှစ်နှင့် နတ်ဆော်ဒေဝပျံချီ(၄၀)နှစ်တို့က လွှတ်တော်အရာရှိများထံ မဟာဂီရိ နတ်မောင်နှမစစ်တမ်းကို ဆက်သွင်းခဲ့ကြရပြန်ပါသည်။

၎င်းစစ်တမ်းတွင် တကောင်းမြို့နေ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ မောင်တင့်တယ်မှာ ဦးတင့်တော်၏သားဖြစ်ပြီး နှမဖြစ်သူ၏အမည်မှာ စောမယ်ရာဖြစ်ကြောင်း နတ်ကွန်းတည်ဆောက်ပုံ၊ ပူဇော်ပ,သပုံများနှင့်တကွ ဖော်ပြပါရှိ၏။ နန်းတွင်း၌ ပူဇော်ပ,သပွဲများကို နှစ်စဉ် သင်္ကြန်အတက်နေ့တွင်လည်းကောင်း၊ တပေါင်းလတွင်လည်းကောင်း ကျင်းပဆင်ယင်လေ့ရှိသည် ဆိုပါသည်။ ထို့ပြင် ဘုရင်မင်းမြတ် အိမ်တက်မင်္ဂလာခံယူစဉ် မည်သို့မည်ပုံ ပ,သကြရမည် ဆိုခြင်းကိုလည်း စစ်တမ်း၌ တွေ့ရှိရ၏။ ထူးခြားသည်မှာ ယင်းစစ်တမ်းကို ကခုန်သည့် နတ်ထိန်းနတ်နေတို့အား မဟာဂီရိနတ်ပူးကပ်၍ ထွက်ဆိုခြင်းဖြစ်ကြောင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။

မည်သို့ဆိုစေကာမူ မင်းမဟာဂီရိနတ်မောင်နှမသည်ကား ယနေ့တိုင် မြန်မာ့နတ်လောကတွင် အရေးပါဆုံးနတ်များ ဖြစ်နေဆဲဖြစ်သည်။ အထူးသဖြင့် ကျေးလက်



တောရွာများတွင် အိမ်စောင့်နတ်အဖြစ် ထားရှိပူဇော်ပ,သကြလေသည်။ မဟာဂီရိ၏ မူလအဓိပ္ပာယ်မှာ တောင်ကြီးဟူ၍သာ ဖြစ်ပါသည်။ ပုပ္ပားတောင်ကြီးရှိ နတ်ကွန်း၌ စံနေတော်မူသော နတ်မောင်နှမအား မဟာဂီရိဟု ပါဠိဘာသာဖြင့် တွဲဖက်ခေါ်ဆိုကြသည်။

**ရွှေဖျဉ်းညီနောင်**

ရွှေဖျဉ်းညီနောင်နတ်တို့ကား ပုဂံဘုရင် အနော်ရထာမင်း(၁၀၄၄-၁၀၇၇) လက်ထက်တွင် စတင်ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်သည်။ ရွှေဖျဉ်းညီနောင်အကြောင်းကို မြန်မာရာဇဝင်ကျမ်း အတော်များများတွင် တွေ့ရှိကြရသည့်ဇာတ်လမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သထုံဘုရင်လက်ထက် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော်အချိန်က ရဟန်းတစ်ပါးသည် မြစ်တွင်း၌ ရေချိုးနေစဉ် ဇျပ်တစ်ချပ် ရေတွင် မျောပါလာသည်ကို တွေ့ရှိရ၏။ ဇျပ်ဟူသည် သစ်သားလင်ပန်းကို ခေါ်ခြင်း ဖြစ်ပါသည်။ ဇျပ်သည် ရဟန်းတော်အနီးသို့ရောက်၍ ကြည့်ရှုလိုက်သောအခါ ဇျပ်ထက်တွင် အိန္ဒိယနွယ်ဖွား ကလေးငယ်နှစ်ဦးကို တွေ့ရှိရလေသည်။ ရဟန်းတော်သည် ကလေးငယ်နှစ်ဦးအား ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်သွားလေသည်။

ထို့နောက် ရဟန်းတော်သည် ကလေးအကြီးအား ဗျတ်ဝိ(ဗျတ်ထွေး)၊ ကလေးအငယ်အား ဗျတ္တဟု အမည်ပေးလျက် ကောင်းစွာကျွေးမွေးပြုစု စောင့်ရှောက်ရာ ကလေးငယ်များ အရွယ်ရောက်ချိန်တွင် ရဟန်းတော်နှင့်အတူ ရောက်ရာ တောလမ်းခရီးသို့ လိုက်ပါသွားလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်တွင် တောလမ်းခရီးသွားရင်း ဝိဇ္ဇာအလောင်း (ဇော်ဂျီဖိုလ်ဝင်)ကို တွေ့ရှိခဲ့သည်။ ထိုအခါ ဆရာတော်က ကျောင်းသင်္ခမ်းသို့ ယူဆောင်သွားရန် ညွှန်ကြားပေးလျက် ခရီးဆက်ခဲ့လေသည်။

ဆရာတော်ခရီးမှအပြန် ကျောင်းသင်္ခမ်းသို့ ရောက်ရှိချိန်တွင်မူ ဇော်ဂျီဖိုလ်ဝင်သားမှာ မရှိတော့။ ဗျတ်ဝိ၊ ဗျတ္တ ညီအစ်ကိုတို့ ချက်ပြုတ်စားသောက်ပြီးကြလေပြီ။ ဆရာတော်သည် ဗျတ်ဝိ၊ ဗျတ္တ ညီနောင် ဇော်ဂျီဖိုလ်ဝင်သားကို စားလိုက်ကြပြီမို့ သိဒ္ဓိပေါက်မြောက်သွားပြီဖြစ်ကြောင်း သိရှိရသည်နှင့် အဖြစ်အပျက်အလုံးစုံကို သထုံဘုရင်ထံ မိန့်ကြားသိစေလေ၏။ ထိုအခါ သထုံဘုရင်အမိန့်တော်ဖြင့် ဗျတ်ဝိ၊ ဗျတ္တ ညီနောင်တို့ကို လိုက်လံဖမ်းဆီးစေတော့သည်။ အစ်ကိုကြီးဖြစ်သူ ဗျတ်ဝိမှာ သထုံဘုရင်၏ ဖမ်းဆီးမှုကိုခံရကာ ကွပ်မျက်ခံခဲ့ရ၏။ ညီငယ်ဗျတ္တမှာမူ ထွက်ပြေးလွတ်မြောက်သွားသည်။

ဗျတ္တသည် သထုံမှ ထွက်ပြေးလာရာ ပုဂံပြည်သို့ ရောက်ရှိလာခဲ့သည်။ ဗျတ္တ ပုဂံတွင် အနော်ရထာမင်းထံ အမှုထမ်း၏။ သူသည် ဇော်ဂျီဖိုလ်ဝင်သား စားထားသူဖြစ်သဖြင့် ကာယသိဒ္ဓိပြီးမြောက်နေသည်။ သို့ဖြင့် အနော်ရထာမင်းက ခန့်ထားသော ပန်းတော်ဆက်ရာထူးကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့လေသည်။ ဗျတ္တသည် နေ့စဉ်ပုပ္ပားတောင်သို့ ပန်းခူးရန် သွားရောက်ရ၏။ ပုဂံနှင့်ပုပ္ပားမှာ သာမန်လူတစ်ယောက်အဖို့ ခုနစ်ရက်ခရီးဖြစ်သော်လည်း ဗျတ္တအဖို့ ဇော်ဂျီဖိုလ်ဝင်သား စားထားသောကြောင့် ကာယသိဒ္ဓိပြီးမြောက်ပြီး နေ့စဉ် သွားရောက်နိုင်ခြင်းဖြစ်လေသည်။

ဗျတ္တသည် ပုပ္ပားတောင်ပေါ်တွင် ပန်းရှာခူးရာမှ လှပချောမောသည့် ပန်းစားဘီလူးမ မယ်ဝဏ္ဏနှင့် တွေ့ဆုံခဲ့သည်။ ဗျတ္တနှင့် မယ်ဝဏ္ဏတို့ ယင်းသို့ တွေ့ဆုံကြရာမှ တစ်ဦးနှင့်တစ်ဦး ရည်ငံမိကြသည်။ ထို့နောက် မျှားမကြာမီ သားငယ်နှစ်ဦးပင် ထွန်းကားခဲ့သည်။ တစ်နေ့တွင် ဗျတ္တသည် နန်းတော်သို့ အခစားဝင်ရန် နောက်ကျခဲ့ရာမှ ... မင်းဒဏ်သင့်၍ ကွပ်မျက်စီရင်ရန် အမိန့်ထုတ်ပြန်ခြင်း ခံခဲ့ရ၏။ ဗျတ္တသည် မိမိအား မကွပ်မျက်မီ အခွင့်... တစ်ခု ပေးအပ်ရန် အနော်ရထာမင်းထံ တောင်းခံ... မိမိတွင် သားငယ်နှစ်ဦးရှိရာ ၎င်းတို့အား ကျွေးမွေးပြုစုစောင့်ရှောက်ပေးရန် ပန်ကြားခဲ့ခြင်း ဖြစ်ပါသည်။

ပုပ္ပားရှိ မယ်ဝဏ္ဏသည် အဖြစ်အပျက်အလုံးစုံကို ကြားသိရသောအခါ မိမိ၏ သားငယ်နှစ်ဦးကို ဖျဉ်းများတွင်ထည့်ကာ မြစ်ကြောင်းမှ မျှောချလိုက်၏။ ဖျဉ်းနှစ်ခုသည် ပုဂံဆိပ်ကမ်းသို့ ကပ်ရောက်လာလျှင် အနော်ရထာမင်းက ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်ဟု အမည်ပေးလျက် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့လေသည်။ ကလေးငယ်နှစ်ဦးမှာလည်း ဗျတ္တ၏သားများဖြစ်သည့်အလျောက် ရဲစွမ်းသတ္တိနှင့်ပြည့်စုံကာ ပုဂံဘုရင်၏ အရေးပေးခြင်းကို ခံကြရလေသည်။

(၁၆)ရက်၊ ဒီဇင်ဘာလ (၁၀၅၇)ခုနှစ်တွင် အနော်ရထာမင်း တရုတ်ပြည်သို့ ဦးတည်ချီတက်သွား၏။ မူလရည်ရွယ်ချက်မှာ ဗုဒ္ဓစွယ်တော်ကို ပင့်ဆောင်ရန် ဖြစ်ပါသည်။ သို့သော် အဆင်မပြေခဲ့။ အနော်ရထာမင်းသည် ယင်းတရုတ်ပြည်သိမ်း တိုက်ပွဲတွင် ရွှေဖျဉ်းညီနောင်တို့၏ အကူအညီကို များစွာရယူခဲ့ရသည် ဆိုပါသည်။ တရုတ်ပြည်မှအပြန်တွင် မြန်မာတပ်များ မတ္တရာမြို့၊ တောင်ပြုံးအရပ်၌ ဆုတောင်းပြည့်စေတီတော် တည်ခဲ့ကြ၏။ ယင်းစေတီတော်၌ ဘုရင်နှင့် မင်းမှုထမ်းများ ကုသိုလ်ပါဝင်ခဲ့ကြသည်။ သို့သော် ရွှေဖျဉ်းညီနောင်အား အလေးပေးမှုပေါ် နန်းတွင်း အမှုထမ်းအားလုံးက မကြည်ဖြူကြ။

နောက်ဆုံး မင်းမှုထမ်းအများ၏ ကုန်းချောစကားအရ ရွှေဖျဉ်းညီနောင်တို့ စီရင်ကွပ်မျက်ခံခဲ့ရသည်။ သို့ဖြင့် ဆုတောင်းပြည့်စေတီတည်ရာ၌ အုတ်နှစ်ချပ် လပ်နေခဲ့ရသည်ဟု ဆို၏။ ရွှေဖျဉ်းညီနောင်တို့ကို စီရင်ကွပ်မျက်ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ တန်ခိုးသိဒ္ဓိရှင်များ ဖြစ်ကြသည့်အားလျော်စွာ ကိုယ်ရောင်ဖျောက်ရောင်တိမ်းနိုင်ခဲ့ကြသည်ဆို၏။ နောက်ဆုံး ဖမ်းဆီးရမိ၍ ညီနောင်နှစ်ပါးကို ကြိုးဖြင့် တုပ်နှောင်ကာ ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ကွပ်မျက်ခဲ့ရသည် ဆိုပါသည်။

ရွှေဖျဉ်းညီနောင်တို့အား စီရင်ကွပ်မျက်ပြီး အတန်ကြာအချိန်တွင် အနော်ရထာမင်း တိုင်းခန်းလှည့်လည်ရာမှအပြန် ဧရာဝတီမြစ်ကြောင်း တစ်နေရာ၌ ဖောင်တော်ရွေ့လျားမရဘဲ ရပ်တန့်သွားခဲ့၏။ ကျွမ်းကျင်သူ နက္ခတ်ဗေဒင်ပညာရှင်များနှင့် မေးမြန်းကြည့်တော့ ဖောင်တော်ရပ်တန့်ရခြင်းမှာ ရွှေဖျဉ်းညီနောင်တို့သည် အနော်ရထာ

www.burmeseclassic.com

မင်း၏ အမှုတော်ကို ထမ်းရွက်ခဲ့ရဖူးသော်လည်း ယခုအခါ နတ်များဖြစ်နေပြီး နေထိုင်စရာ မရှိသောကြောင့် ဖောင်တော်ကို ရပ်တန့်စေခြင်းဖြစ်ကြောင်း လျှောက်ထားကြသည်။ သို့ဖြင့် အနော်ရထာမင်းက ဆုတောင်းပြည့်စေတီအနီး တောင်ပြုံးအရပ်တွင် နတ်နန်းဆောက်လုပ် နေထိုင်ခွင့်ပြုခဲ့သည်။

ရွှေဖျဉ်းညီနောင်နတ်တို့သည်လည်း မဟာဂီရိနတ်မောင်နှမကဲ့သို့ပင် နတ်ကိုးကွယ်မှု၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ မင်းတုန်းမင်းတရား (၁၈၅၉)ခုနှစ်တွင် မန္တလေးမြို့ ရတနာပုံနေပြည်တော်ကြီး တည်ဆောက်ခဲ့စဉ်က ရွှေဖျဉ်းညီနောင်ကိုလည်း အရေးထား ပူဇော်ပ,သခဲ့ကြောင်း တွေ့ရှိရသည်။

ထိုစဉ်က ပညာရှိပုဏ္ဏား ကောလစံ တင်ကြားပူဇော်ပ,သခဲ့သည့် ဂါထာပါဠိ နိဿယတွင်-

*ဣန္ဒဂန္ဓ ဒေဝဘာတု၊ ပိတာ မာတာနိဘာကုလ၊*
*ဗလီဒေမ သင်္ဂဟတ္ထံ၊ ရာဇံပါလ သညာတကံ..*

ဟူ၍ တွေ့ရှိရသည်။

အနက်အဓိပ္ပာယ်အားဖြင့် ပိတာမာတာနိဘာကုလ-အဘကုလားမျိုး အမိဘီလူးမျိုးဖြစ်သော ဒေဝဘာတု နတ်ညီနောင်(ရွှေဖျဉ်းညီနောင်)တို့သည်၊ ဣန္ဒဂန္ဓ-ဤမြို့တော်တည်မည့်အရပ်သို့ လာပါကုန်လော့၊ ဗလီ-ဗလိနတ်စာကို၊ သင်္ဂဟတ္ထံ-ချီးမြှင့်ထောက်ပံ့ခြင်းငှာ၊ ဒေမ-ပေးကမ်းပါ၏။ ရာဇံ-မင်းတရားကြီးအား၊ သညာတကံ-မိဖုရား သားတော်၊ သမီးတော်၊ ဆွေမျိုးတော်တို့နှင့်တကွ၊ ပါလ-စောင့်ရှောက်ပါစေသော်..ဟူ၍ ဖြစ်ပါသည်။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားအနေဖြင့် ရွှေဖျဉ်းညီနောင်တို့အား အလေးဂရုပြု ပ,သခဲ့ခြင်းမှာ များစွာစိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

## ပုပ္ပားမယ်တော်

ပုပ္ပားမယ်တော်ကား ဗျတ္တ၏ဇနီး ရွှေဖျဉ်းညီနောင်တို့၏ မိခင်ဖြစ်သည်။ သူ့ကို ပန်းစားဘီလူးမဖြစ်ကြောင်း အဆိုရှိကြ၏။ ပုပ္ပားမယ်တော်၏ မူလနေထိုင်ရာအရပ်မှာ ပုပ္ပားတောင်ကြီးပင် ဖြစ်လေသည်။

ပုပ္ပားမယ်တော်၏အမည်ကို မယ်ဝဏ္ဏဟူ၍ သိရှိရသည်။ ရွှေရောင်အဆင်းကဲ့သို့ လှပချောမောသူဟူ၍ အဓိပ္ပာယ်ရပါသည်။ မယ်ဝဏ္ဏသည် ပုပ္ပားတောင်တွင် ကျင်လည်ကျက်စားနေသည့် ပန်းစားဘီလူးမ ဖြစ်သည်။ သူသည် ပုဂံမှ ပန်းခူးလာရောက်သည့် ပန်းဆက်အမှုထမ်း ဗျတ္တနှင့် ဆုံတွေ့ရာမှ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှသွားကြကာ သားရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။

မယ်ဝဏ္ဏသည် ခင်ပွန်းသည် ဗျတ္တ ရာဇဝတ်သင့်၍ စီရင်ကွပ်မျက်ခံရကြောင်း ကြားသိရချိန်တွင် ရင်ကွဲနာကျ၍ ကွယ်လွန်သွား၏။ ထိုအခါမှစ၍ မယ်ဝဏ္ဏနတ်ဖြစ်သွားသည် ဆိုပါသည်။ ယခုအခါ ပုပ္ပားတောင်တွင် ပုပ္ပားမယ်တော်နတ်နန်းကို တွေ့မြင်နိုင်ကြပေသည်။ ပုပ္ပားမယ်တော်သည် တောင်ပြုံးမင်းနှင့် ပုပ္ပားပွဲတော် ကျင်းပချိန်တွင် ပုပ္ပားမှ တောင်ပြုံးသို့ ကြွရောက်လေ့ရှိသည် ဆို၏။

## မယ်ခေမာနတ်

မယ်ခေမာနတ်သည် ပုပ္ပားမယ်တော်နှင့်ဆိုင်သောနတ် ဖြစ်သည်။ မယ်ခေမာသည် ပုဂံမင်းနေပြည်တော်မှ ပုဏ္ဏားအမတ်တစ်ဦး၏သမီး ဖြစ်သည်ဆိုပါသည်။ ပုပ္ပားမယ်တော်၏ ချစ်ခင်မြတ်နိုးခြင်းခံရသူလည်း ဖြစ်ပါသည်။ သူ့ကို သခင်မသာနတ်ဟုလည်း ခေါ်ဆိုကြ၏။

ပုပ္ပားမယ်တော်သည် မယ်ခေမာအား ချစ်မြတ်နိုးလှသည့်အလျောက် လိပ်ပြာနတ်ကာ မိမိအပါးသို့ ခေါ်ယူထားသည်ဟု ပြောစမှတ်ပြုကြလေသည်။

## တောင်တော်သခင်မ

တောင်တော်သခင်မ၏ အမည်ရင်းမှာ မမဥ ဖြစ်[illegible]သည်။ တောင်တော်သခင်မနတ်မှာ တောင်ပြုံးမင်း န[illegible]ပါးနှင့် သက်ဆိုင်သောနတ် ဖြစ်၏။ မမဥသည် ပြင်[illegible]လွင်၊ မေမြို့နှင့် မတ္တရာအစပ်ရှိ သခင်မတောင်ခြေတွ[illegible]တည်ရှိသည့် အင်ကျယ်ရွာသူဖြစ်ပါသည်။ မမဥက ချော[illegible]မောလှပသည်။ ရက်ကန်းရက်လည်းကျွမ်းကျင်သည်။ [illegible]သည် တစ်ကြိမ်တွင် တောင်ပြုံးရွာမှ ကိုရင်မောင်န[illegible]ချစ်ကြိုက်ခဲ့မိ၏။ ထို့နောက် ကိုရင်မောင်နှင့် အိမ်ထော[illegible]ပြုပြီး တောင်ပြုံးရွာသို့ လိုက်နေသည်။

တစ်နေ့တွင် ကိုရင်မောင် အထက်ဘက်တော[illegible]သစ်ခုတ်ဖောင်ဖွဲ့ရန် သွားရောက်လေသည်။ ထိုအ[illegible]တောင်ပြုံးမင်းနှစ်ပါးအနက် ညီဖြစ်သူ ရွှေဖျဉ်းလေ[illegible]မမဥအပေါ် ချစ်ရေးဆိုတော့၏။ မမဥမှာ အလှ[illegible]မောလှပ၍ ဖြစ်ဟန်တူ၏။ မမဥသည် မိမိအနေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်မောင် ရှိနေကြောင်း ပြောကြားရင်း ရွှေဖျဉ်းလေး၏ ချစ်ရေးဆိုမှုကို ပယ်ဖျက်၏။ ထိုအခါ ရွှေဖျဉ်းလေးက မမဥအား နတ်ကျားဖြင့် ကိုက်စေလေသည်။

နတ်ကျားသည် မမဥအား သခင်မတောင်လျှိုတွင်းရှိ ကျားတွင်းသို့ ဆောင်ယူသွား၏။ ယင်းသို့ ကျားဆွဲခံရချိန်တွင် မမဥ၏ ခေါင်းထက်၌ သရဖီပန်းကုံးကို ပန်ဆင်ထားသည်ဆို၏။ ကျားတွင်းသို့ရောက်လျှင် ရွှေဖျဉ်းလေးက မမဥအား ချစ်ရေးဆိုပြန်ပါသည်။ မမဥမှာ မိမိခင်ပွန်း ကိုရင်မောင် ရှိသဖြင့် ကိုရင်မောင်အပေါ်သာလျှင် သစ္စာရှိရမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပါသည်။ မမဥ၏ သစ္စာအဓိဋ္ဌာန်ကြောင့် ဦးခေါင်းထက်မှ သရဖီပန်းကုံးများ မြေသို့ကျရောက်ကာ သရဖီပင်များ ပေါက်ရောက်ခဲ့ရသည် ဆို၏။ ယခုထက်တိုင် သခင်မတောင်[illegible]တွင်ရှိသော မမဥ၏ နတ်နန်းတွင် သရဖီပင်များ[illegible]အုပ်ကလေးသဖွယ် ပေါက်ရောက်လျက် ရှိနေပါ[illegible]သည်။

## [illegible]ခေါင်ကျော်စွာနတ်မောင်နှံ

[illegible]ခေါင်ကျော်စွာနတ်မောင်နှံတို့ကား ပုဂံခေတ် သေဥ္[illegible]ကြောင်းမင်း လက်ထက်ကပင် ပေါ်ပေါက်ခဲ့ကြောင်း [illegible]ရှိကြ၏။ မောင်ကျော်စွာနှင့်ဇနီး မယ်သော်တာတို့[illegible] ပုပ္ပားတောင်ကလပ်၏ အနောက်ဘက်တွင် လယ်[illegible]ကိုင် စားသောက်ကြသူများ ဖြစ်ကြလေသည်။ [illegible]သည် ရှင်အဒ္ဓဂေါဏ၏ တပည့်ဒါယကာများ ဖြစ်[illegible]လည်း အဆိုရှိကြ၏။ ရှင်အဒ္ဓဂေါဏ ထွက်ရပ်[illegible]သွားပြီးနောက် ဘုရင်မင်းမြတ်က သူ့ဒါယကာအရင်းဖြစ်ခဲ့သူ မောင်ကျော်စွာကို ထိန်းနန်းစည်းစိမ်အတွက် စိတ်မချဖြစ်ကာ စီရင်ကွပ်မျက်ခဲ့သည် ဆို၏။

မယ်သော်တာသည် ခင်ပွန်းဖြစ်သူအား ထွက်ရပ်ပေါက် သံဝိဇ္ဇာဆရာအရှင်က ခေါ်ဆောင်သွားရာမှ ပြန်ရောက်မလာသောအခါ အလွန်ပင် လွမ်းဆွတ်တမ်းတလေသည်။ ယင်းနေရာဌာနများကို လွမ်းတောင်၊ မျှော်တော်တောင်ဟူ၍ ယနေ့တိုင် ခေါ်ဝေါ်ကြဆဲဖြစ်သည် ဆိုပါသည်။ မယ်သော်တာသည် ခင်ပွန်းမောင်ကျော်စွာ စီရင်ကွပ်မျက်ခံရသောအခါ ရင်ကွဲနာကျ၍ ကွယ်လွန်သွား၏။ သို့ဖြင့် ဇနီးမောင်နှံနှစ်ဦးစလုံးမှာ နတ်စိမ်းများ ဖြစ်လာကြသည်။

တစ်ခါသော် ပုဂံမင်းနေပြည်တော်၌ အလွန်အမင်း မိုးခေါင်သံဖြင့် နတ်များကို ပူဇော်ပ,သလျက် မိုးကို စောင့်စားကြလေသည်။ ထိုအခါ ကျော်စွာနတ်က မိုးမရွာအောင် တားဆီးသူမှာ မိမိဖြစ်ကြောင်း၊ ရွာစေလိုလျှင် မိမိအား ပုပ္ပားတောင်စောင်းတွင် နတ်ကွန်းတည်ဆောက်၍ ကိုးကွယ်ပ,သရန်လိုကြောင်း ပြောကြားသည်ဆို၏။ သို့ဖြင့် ပုပ္ပားတောင် အနောက်မြောက်စောင်းရှိ သပြေပင်နှင့် ရေယဉ်စမ်းအနီး၌ ဘုရင်မင်းမြတ်က နတ်ကွန်းဆောက်လုပ်ပူဇော်ပ,သလေသည်။

ထို့နောက် ကျော်စွာနတ်က လွန်ဆွဲကြရန် ပြောကြားလေရာ ရက်အတန်ကြာ မိုးမရွာဘဲနေရာမှ ရုတ်ခြည်းဆိုသကဲ့သို့ မိုးများ သည်းထန်စွာ ရွာသွန်းလေတော့သည်။ ကျော်စွာနတ်မှာလည်း ထိုအခါကျမှ ဝမ်းသာအားရ ရှိတော်မူ၏။ ထိုအချိန်မှစ၍ ကျော်စွာနတ်အား မိုးခေါင်ကျော်စွာဟု ခေါ်ဆိုကြလေသည်။ မိုးခေါင်ကျော်စွာတို့ဇနီးမောင်နှံအား မိုးနတ်တောင်မောင်နှမဟူ၍လည်း ခေါ်ဆိုကြ၏ဟု ဆိုရင်းဖြင့် နတ်တို့စံပျော်ရာ အိုအေစစ်မှ နတ်ကိုးကွယ်မှုအစကို ရေးသားတင်ပြလိုက်ပါ၏။

မင်းသီကျော်

**မှီငြမ်း**

* ရှင်ကဝိန္ဒ၏ ပုပ္ပားတောင်တော်သမိုင်း။
* ဦးတင်ဝင်း၏ တောင်ပြိုးပွဲတော်သမိုင်း။
* ဦးဖိုးကျား၏ ခေတ်မီမြန်မာရာဇဝင်အကျဉ်း။
* မင်းစည်သူ၏ မြန်မာနိုင်ငံနတ်ကိုးကွယ်မှုသမိုင်း။
* တင်နိုင်တိုး၏ အပူပိုင်းဒေသ၏ အိုအေစစ်ပုပ္ပား။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်အနောက်ဘက်ကမ်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရဲ့မြောက်ဘက် လှိုင်သာယာမြို့နယ်ရဲ့ တောင်ဘက်မှာ မြို့သစ်တည်မယ်ဆိုတဲ့ သတင်းသဲ့သဲ့ကြားစဉ်က ခရိုနီတွေ၊ ခရိုနီတွေရဲ့ အခွယ်အပွားတွေ (၂၀၁၅)ခုနှစ် ဟိုမှာဘက် အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ၊ လူဖြူတွေရော လူမည်းတွေရောနဲ့ မြေပွဲစားတွေဟာ လယ်မြေတွေ ဈေးပေါပေါနဲ့ လာဝယ်လိုက်ကြတာမှ ခြေချင်းလိမ်လို့ပါပဲ။

မြို့သစ်တည်မယ့် သတင်းက ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေလို့ ပျောက်သွားပြီဆိုရင် မြေပိုင်ရှင်လယ်သမားတွေက မရောင်းမိလေခြင်းလို့ ယူကျုံးမရနဲ့ တောက်ခတ်ခတ်။ ဝယ်ပြီးသူတွေကလည်း အလဟဿငွေမြုပ်သွားလို့ တကျွတ်ကျွတ်နဲ့ စုတ်ထိုးလို့ပေါ့။

ဟိုးလေးတကျော်ဖြစ်လိုက်၊ အဖျားရှူးသွားလိုက် အကြိမ်ကြိမ်ပါ။ လွှတ်တော်က အတည်ပြုလိုက်ပြီလည်း ဆိုရော မြေဈေးတွေက တစ်ဧက သိန်းတစ်ရာလောက်က လိုက်တာ သိန်းငါးရာအထိ ခုန်တက်သွားတော့တာ။ လယ်သမားတွေကလည်း လူနဲ့ လူအတွေမှ မဟုတ်တာ။ ဝယ်ပြီး အကွက်ရိုက်၊ အမြတ်တင်ရောင်းမယ်ဆိုတာ သူတို့လည်း သိတာပေါ့။

အမှန်ပဲ မြေကွက်ဝယ်သူဘက်ကလည်း တစ်ဧကကို ဆယ်ကွက်၊ အကွက်နှစ်ဆယ်ရိုက်ပြီး သိန်းငါးရာအရင်း၊ သိန်းငါးထောင် အမြတ်ပေါ်အောင်တော့ လုပ်မှာပါပဲ။ ထောင်မြင် ရာစွန့်သဘောပေါ့။

မြို့နယ်နှစ်မြို့နယ်ကြား နယ်မြေဆိုတော့ ချောင်းဝိုင်း အုပ်အခေါ် ဂျောင်ဝိုင်းလေးရပ်ကွက် အပါအဝင် ။ ဆိပ်ကြီးခနောင်တိုမြို့နယ်ကို အမှန်ကတော့ ချောင်း လေးရွာလို့ပဲ ခေါ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ း ပန်းပင်ချောင်၊ ဦးထွန်းအုံလို ဆိပ်ကြီးခနောင် တစ်ဆက်တစ်စပ်တည်း မဟုတ်ဘဲ မြို့နဲ့ သုံးမိုင် အကွာမှာ သီးခြားတည်ရှိနေလို့ပဲ ဖြစ်ပါတယ်။

ခြေနှစ်ရာကျော်ရှိတဲ့ ဂျောင်ဝိုင်းလေးရွာမှာ များ ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အသေးစား၊ အလုပ်ရုံ၊ နေ့စား ပုတ်ပြတ်သမားတွေ၊ အဝယ်သမားတွေပါ။ မနက်ဆိုရင် စက်သမွှန်နဲ့ အလုပ်သိမ်း ခတ်သမွှန်နဲ့ အိမ်ပြန်၊ ပြောရရင် ဆင်းရဲသားရပ်ကွက်လေးပါ။ စားနိုင်သောက်နိုင်တဲ့ တောသူဌေးအဆင့်နဲ့ လယ်ပိုင်ရှင်ဆိုလို့ လက်ချိုးရေတွက်လို့ရတဲ့ အဆင့်လောက်ပဲ ရှိတာပါ။

လယ်သမားဆိုပေမယ့် တစ်ဦးကို ဧကနှစ်ဆယ်ကနေ ဧကရာကျော် ပိုင်ဆိုင်တဲ့ လယ်ပိုင်ရှင်ကြီးတွေဖြစ်လို့ ဆယ်ဧကလောက် ဖဲ့ရောင်းဦးတော့ ကျန်တာ ဝမ်းစာနဲ့ တစ်နှစ်စာ စားဝတ်နေရေး ဖူလုံပြီးဖြစ်လို့ ပူစရာမရှိပါဘူး။

ဦးသိန်းလှကတော့ ပြတ်တယ်။ သူပိုင် လယ်အကုန်ရောင်းပစ်တဲ့ လယ်သမားကြီးပါ။ တစ်ဧကဘယ်လောက်နဲ့ ရောင်းလဲ၊ ဘယ်နှစ်ဧက ရောင်းထုတ်လိုက်တာလဲ မေးသင့်တဲ့စကား မဟုတ်လို့ သူ့ဆွေမျိုးသားချင်းတွေ ပြောစကားအရတော့ တစ်ဧက သိန်းငါးရာနဲ့ လယ်ဧကငါးဆယ် ရောင်းဖြစ်တယ်ဆိုတာကြောင့် ဦးသိန်းလှလက်ထဲ သိန်းပေါင်းနှစ်သောင်းငါးထောင် သပိတ်ဝင် အိတ်ဝင်ပါ။

ကြားရရုံနဲ့ မစားရ ဝခမန်းဆိုသလို ကိုယ်တိုင်ခံစားရသလို ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဘာကြောင့်ဆို ဘိုးစဉ်ဘောင်ဆက် ကိုသိန်းလှတစ်သက် စိတ်ပန်းလူပန်း လယ်လုပ်ငန်းနဲ့ နစ်မြုပ်ခဲ့ရတာကြောင့်ပါ။ ဒီငွေပမာဏဟာ ဘယ်တုန်းကမှ ပိုင်ဆိုင်ဖို့မပြောနဲ့၊ အိပ်မက်ထဲမှာတောင် ထည့်မမက်ရဲတဲ့ ငွေလုံးငွေရင်းပါ။

ဦးသိန်းလှ စက်ရုံတည်မှာလား၊ ကားထောင်မှာလား၊ စတိုးဆိုင်ကြီးဖွင့်မှာလား၊ အထပ်မြင့်ကန်ထရိုက်တိုက်ကြီးတွေဆောက်ပြီး အခန်းတွေ ရောင်းစားမှာလား လုပ်ဆောင်နိုင်တဲ့ ငွေကြေးပမာဏ ပိုင်ဆိုင်ထားလို့ အမျိုးမျိုးထင်ကြေးပေးကြတာပါ။

တကယ်တော့ ဒါတွေဟာ လက်ရှိဘဝအတွက်ပါ။ နောင်သံသရာ ဘဝအဆက်ဆက်အတွက် မဟုတ်ပါဘူး။ ဦးသိန်းလှ ကြံတောသုသာန် မဖျက်ခင်က အသုဘတစ်လောင်း ပို့ဖူးပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုအုတ်ဂူမှာ လက်ကြီးထောင်ထားတာ မြင်ဖူးပါတယ်။ ရာထူး၊ အာဏာ၊ ပါဝါ၊ အသပြာ စည်းစိမ်ဘာမှမပါသွားဘူးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဦးသိန်းလှ နားလည်သဘောပေါက်ပါတယ်။

အမတ်ကြီးဦးပေါ်ဦး သေလွန်တော့ ခေါင်း

www.burmeseclassic.com

အပြင်ကို လက်နှစ်ဖက်ထုတ်ပြီး သူ့နောက် ဘာမှပါမသွားကြောင်း ပညာပေးတဲ့ စာပေဗဟုသုတ ရှိပါတယ်။

ဦးသိန်းလှ ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင်ချလိုက်ပါတယ်။

◆◆◆

**ဦးသိန်းလှ၊ ဒေါ်သိန်းမြင့် မိသားစုကောင်းမှု**

(၂၀၁၃)ခုနှစ်မှာ ကျွန်တော်မောင်ဘိုကြီး မိသားစု ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ချောင်းဝိုင်းလေးရွာကနေ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ကို မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ပြီးနောက်ပိုင်း ချောင်းဝိုင်းလေးရွာကို (၄၊ ၅) ခေါက်ထက်မပိုဘဲ ရောက်ရှိတယ် ဆိုရုံပါ။ ဘယ်မှမရောက်ဖြစ်ပါဘူး။ အလုပ်တစ်ဖက်နဲ့ဆိုတော့ မြေတွေ၊ မြစ်တွေ၊ မြင်တွေ့ရုံ ညမိုးချုပ်မှရောက်၊ မနက်အစောကြီး ပြန် အလျင်စလိုကြီးဖြစ်လို့ ချောင်းဝိုင်းလေးရွာ တိုးတက်ဆုတ်ယုတ်မှု ဘာမှလေ့လာခွင့်မရပါဘူး။

ကျန်းမာရေးအရ အလုပ်က အနားယူပြီးနောက် အေးအေးဆေးဆေးနဲ့ပဲ ချောင်းဝိုင်းလေး ပြန်ရောက်တဲ့အခါ ရွာမှာ ထူးခြားမှုမရှိပေမယ့် ရွာလယ်ဘုန်းတော်ကြီး ကျောင်းကြီး တိုးတက်ပြောင်းလဲနေတာကိုတော့ အဝေးကပဲ ထီးတည်းကြီး မြင်တွေ့ရပါတယ်။ ပင်မကျောင်းဆောင်တွေ ကွယ်ပျောက်နေတဲ့ နှစ်ထပ်တိုက်ကျောင်းကြီးပါပဲ။

အကျယ်အဝန်းက အလျား ပေရှစ်ဆယ်၊ အနံ ပေသုံးဆယ် သံကူကွန်ကရစ် နှစ်ထပ်တိုက်ကျောင်းကြီးပါ။ ကာလတန်ဖိုးနဲ့ဆို သိန်းတစ်ထောင်ကျော်ရှိမှာပါ။ တစ်ဦးတည်းသော အလှူရှင်ကတော့ ဦးသိန်းလှ၊ ဒေါ်သိန်းမြင့် မိသားစုပါ။ မုဒိတာပွားရပါတယ်။ သာခုခေါ်ရပါတယ်။ ငါလည်း သူ့လို လှူချင်လိုက်တာဆိုတဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်မိပါတယ်။

ကျောင်းဆောင်ကြီးမြင်မှ လွန်ခဲ့တဲ့သုံးနှစ်ကျော်က ဦးသိန်းလှ၊ ဒေါ်သိန်းမြင့်တို့ ရှင်ပြုရဟန်းခံ အလှူတော် မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲ ဝက်ဝက်ကွဲ ထမင်းရည်ချောင်းစီး မောင်းတီးလှူဒါန်းတဲ့ပုံရိပ် ပြန်မြင်လာလို့ ကျွန်တော်နဲ့ ထပ်တူ သာခုခေါ်ဆိုစေချင်တဲ့ဆန္ဒနဲ့ ရေးသားတင်ပြလိုက်ပါတယ်။

ဦးသိန်းလှ၊ ဒေါ်သိန်းမြင့်မိသားစု ရှင်ပြု၊ ရဟန်းခံ၊ သိမ်ထပ်အလှူတော်မင်္ဂလာမဏ္ဍပ် နဖူးစည်းဆိုင်းဘုတ်ကို အဝေးကပင် လှမ်းမြင်ရပါတယ်။ နဖူးစည်းတိုင်ဖိုး ကနုတ်ပန်းတွေ ဆင်ယင်ထားလို့ နတ်ဘုံနတ်နန်းကြီးလိုပါ။

ချောင်းဝိုင်းရွာတောင်ဘက် တစ်ဖာလုံခန့်အကွာ ဦးသိန်းလှ လယ်ကွက်ထဲမှာ ဆောက်လုပ်ထားလို့ ထီးထီးကြီး မြင်တွေ့ရပါတယ်။

ချက်ပြုတ်ရေးနဲ့ ဧည့်ခံကျွေးမွေးရေး မဏ္ဍပ်နှစ်လုံးကိုတော့ အလှူရက်မတိုင်မီ ဆယ်ရက်ကြိုဆောက်ပါတယ်။

နတ်ဘုံနတ်နန်းလို ကြီးကျယ်ခမ်းနားတဲ့ မဏ္ဍပ်ကြီးကိုတော့ (၇)ရက်ကြို အပြီးတည်ဆောက်ပါတယ်။ ကြိုဆောက်တဲ့ ရည်ရွယ်ချက်ကတော့ ခုနစ်ရက်ခုနစ်လီ စတေ ဒီသာ ကျွေးမွေးလှူဒါန်းလိုတာကြောင့်ပါပဲ။

မနက်မိုးလင်းကနေ (၉)နာရီ (၁၀)နာရီထိ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်း၊ (၁၀)နာရီကျော်ကနေ ည (၇)နာရီ (၈)နာရီထိ ကြက်၊ ဝက်၊ ငါး၊ ဘာလချောင် ကြော်၊ အစိမ်းကြော်၊ အရည်အသောက်ဟင်းလျာ တစ်နေ့ တစ်မျိုးပြောင်းပြီး အယုတ်အလတ်မရွေး လာသမျှ ပရိ သတ်ကို လစ်ဟာမှုမရှိအောင် ကျွေးပါတယ်။

အလှူကြီးနေ့မှာ ကျောင်းထိုင်ဆရာတော်ကို သိမ် ထပ်ပါတယ်။ ရဟန်းလောင်း အပါးနှစ်ဆယ်ကျော်နဲ့ သာ မဏေလောင်း အပါးငါးဆယ်ကျော် လှည့်လည်ပါတယ်။ ရှင်၊ ရဟန်းလောင်းတွေထဲမှာ ဦးသိန်းလှ၊ ဒေါ်သိန်းမြင့် တို့နဲ့ နှစ်ဖက်ဆွေမျိုးတော်စပ်သူ ဆယ်ဂဏန်းလောက်ပဲ ပါဝင်ပြီး ကျန်ရှင်၊ ရဟန်းလောင်းတွေကတော့ သွေးသား တော်စပ်ခြင်း မရှိကြသူတွေပါ။ သားအရွယ်ရောက်သူ တိုင်း မိဘတွေချို့တဲ့လို့ စာရင်းပေးသွင်းသူတိုင်းကို ကြည် ဖြူစွာ လက်ခံပြီး ပြုပေးတာပါ။

ရှင်ရဟန်းကိုယ်စီ မြင်းနဲ့ ပြုပေးတာကြောင့် ရှင် ရဟန်းလောင်းတွေကို ဝန်းရံထားတဲ့ပရိသတ် အိုးစည် ဒိုးပတ်ဝိုင်း၊ ကွမ်းတောင်၊ ပန်းတောင်ကိုင်၊ သင်္ကန်းရွက် သပိတ်လွယ်၊ ရွှေထီးဆောင်း လူတန်းရှည်ကြီး။ တစ်မျှော် တစ်ခေါ် ရှည်လျားလှတဲ့မြင်ကွင်းဟာ မြင်သူတိုင်း ဝမ်း သာပီတိ ဖြစ်ရပါတယ်။

သျှိုးလိုက်၊ ရတုဆို၊ မဏ္ဍပ်သွင်း၊ ဘိသိက်မြှောက် ရေးရိုးအစဉ်အလာ ကွယ်ပျောက်သလို ဖြစ်နေချိန်မှာ ဦး



www.burmeseclassic.com

www.burmeseclassic.com

လည်မြင်တွေ့ရလို့ ကျက်သရေရှိလှပါတယ်။

ရှင်ရဟန်းတွေရဲ့ တောင်းဆိုမှုကြောင့် ဂျက်စတင်းမင်္ဂလာဆိုင်းဝိုင်းကြီးကို ကြေးကြီးငွေရမ်းပြီး နေ့၊ ညအညှံခံဖျော်ဖြေတာကြောင့် ကျယ်ဝန်းတဲ့ မဏ္ဍပ်ကြီးနဲ့မဆံ့လို့ ပတ်လည်မှာ ပရိသတ်တွေ ဝိုင်းနေပါတယ်။

အကြိုညမှာတော့ ဂျက်စတင်းဆိုင်းဝိုင်းကြီးရဲ့ လူရွှင်တော် ရာဇာပေါက်စီ ကြားဖြတ်အစီအစဉ်တစ်ခုကို ကြေညာလိုက်ပါတယ်။ ပွဲကြည့်ပရိသတ်ဟာ လက်ခုပ်လက်ဝါးတီးပြီး လှိုက်လှဲစမ်းသာမှုကို ဘာနဲ့အစားထိုးလိုက်လဲဆိုတော့ သာဓုခေါ်သံတွေနဲ့ပါ အသံတွေကတော့ ဘဝင်လျှံသွားသလိုပါ။

အလှူ့ဒါယကာကြီး ဦးသိန်းလှနဲ့ အလှူ့ဒါယိကာမကြီး ဒေါ်သိန်းမြင့်တို့ဟာ သူတို့ရဲ့ ကျေးဇူးရှင်လည်းဖြစ်၊ သူတို့လိုပဲ နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ကြတဲ့ ခိုင်းနွားကြီးခနစ်ကောင်ကို ဇီဝိတဒါန ဘေးမဲ့ပေးလိုက်ကြောင်း ကြေညာပါတယ်ခင်ဗျာ

◆◆◆

ရဟန်းခံ၊ ရှင်ပြု ဆံချ၊ သိမ်ဆင်း၊ ရေစက်ချ၊ တရားနာ မြန်မာ့ဓလေ့အစဉ်အလာကို မြင်ဖူး တွေ့ဖူး ကြုံဖူးပေါင်းများလို့ အဆန်းတကြယ် မဟုတ်ပါဘူး။ များသောအားဖြင့် အကြိုတစ်ရက်၊ အလှူတစ်ရက် ပေါင်းနှစ်ရက်ပဲ လှူဒါန်းကြပါတယ်။ တရားနာ ရေစက်ချပြီး ပတ်စာခွာဖျာသိမ်းကြတာပါ။ ကိုယ်တာဝန်ယူတဲ့ ရဟန်းသံဃာတွေ နေ့ခင်း အချိုရည်ကလွဲလို့ ဆွမ်းကွမ်းအာဟာရ သံဃာ့ကိစ္စကိုတော့ လှည့်တောင် မကြည့်တတ်ကြပါဘူး။

ဦးသိန်းလှအလှူဟာ စံပြအလှူဖြစ်လို့ ကိုယ်တိုင်လှူချင်တယ်လို့ ဆန္ဒရှိတယ်၊ အားကျတယ်ဆိုတာက အလှူမတိုင်ခင် ခုနစ်ရက်ကြိုပြီး မီးခိုးတိတ်·လှူဒါန်းတာ တစ်ချက်၊ နောက်တစ်ချက်က ရှင်ရဟန်းတွေ (၇ ၊ ၉၊ ၁၁) လူဝတ်မလဲမချင်း ကျောင်းရှိ သင်္ဃော ရှင်၊ ရဟန်းတွေကိုပါ အာရုံ၊ နေ့ အချိုပွဲ လှူဒါန်းတာကြောင့်ပဲ ဖြစ်ပါတယ်။

သတိရတိုင်း သာဓုခေါ်လျက်ပါ။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)


ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျီးပေါင်း၊ အာရုံကြော

အားနည်း၊ လေငန်း/လေဖြတ်၊

ကိုယ်ခံအားကျခြင်း၊

အကြောနှင့်ပတ်သက်သော ရောဂါများ

ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ

အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို

ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။

☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄

www.burmeseclassic.com

ဘကြီးက စကားပြောတိုင်း ခွကျသည်။ သူ့အယူအဆ သူနားလည်သည့်အတိုင်း သူ့ဘက်က အမှန်တရားကို ဦးစားပေးသည်။ သူ့အကြောင်းပြချက်နှင့်သူ ဟုတ်မှန်နေသယောင်။ သို့သော် သူ့ဘက်က လိုက်ပါသူ နည်းလှသည်။ သဘောမတူချင်ကြ။ သူ၏ ညီဒသရင်းဖြစ်သူ ကျွန်တော်၏ဖခင်ကိုယ်နှိုက်က သူနှင့် ဆွေးနွေးညှိနှိုင်းရန် ရှောင်ဖယ်ရှောင်တိမ်း ရှောင်ရှားနေတတ်သည်။ သဘောထားချင်း မတိုက်ဆိုင်လျှင် သူကလည်း မသက်ဆိုင်သလိုနေသည်။ မည်သည့်စကားမျှမဆို။

အထူးသဖြင့် ကျွန်တော်တို့အား ရှင်ပြုတုန်းက အဖြစ်အပျက်။ အဖေနှင့် အမေက သားသုံးဦး ရှင်ပြုလိုသည်။ ရွာဦးကျောင်းမှ ဆရာတော်နှင့် တိုင်ပင်သည်။ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ကျောင်းသို့ သွားရသည်။ သင်္ကန်းတောင်း သင်ယူကြသည်။ ရှင်လောင်းများကို ထိန်းကျောင်းသူတစ်ဦး ရှိခဲ့သည်။ သူက တာဝန်ကျေသည်။ ရှင်လောင်းများ သစ်ပင်မတက်ရ၊ ပြေးပြေးလွှားလွှား ဆော့မကစားစေရ၊ ရှင်လောင်းကို မာန်နတ်က ဖျက်ဆီးကန့်ကွက်သည့်သဘော ပြောကြသည်။ သူ့စကားကြောင့် ကျွန်တော်တို့ ဘဝင်လေဟပ်ကြသည်။ မာန်နတ်လို လူကတောင် အရေးထား ဖျက်ဆီးမည့်သဘော။

ရှင်လောင်းလှည့်ရန် စီစဉ်ကြသည်။ မင်းဝတ်တန်ဆာများနှင့် လှည့်လည်လျှင် အပျိုများကိုင်ဆောင်ရန် ကွမ်းတော်ကိုင်များ ငှားရမ်းကြသည်။ ရှင်လောင်းစီးရန် မြင်း

# ရှင်

## လှူ၍ပျော်သည့် ရှင်ပြုမင်္ဂလာ





www.burmeseclassic.com

www.burmeseclassic.com

များက နှစ်ကောင်သာ ရသည်။ တစ်ကောင်အစား အကြီးဆုံးဖြစ်သူ ကျွန်တော်က ဆိုက်ကားစီးရမည့်သဘော။ ယနေ့ခေတ်လို ကားက မပေါများသေး။ အခြားရွာမှ ဒိုးပတ်ဝိုင်းကူညီမည်သာမက အခြားရွာက သရုပ်ပြပတ်ဝိုင်းကပြမည်ဟု ဆိုသည်။ ဦးလေး၏ ဆိုင်းဝိုင်းကလည်း ပါဝင်ရန်အသင့်။

အလှူနေ့တွင် ဧည့်ခံရန် စီစဉ်သူက သီးခြား၊ ထမင်းနှင့်ဟင်း ချက်ကြသည်။ အချိန်ကာလ ပူလောင်သဖြင့် ဝက်ကျွေးရန် ရှောင်ကြသည်။ ငါးခြောက်ထောင်း၊ ပဲဟင်း၊ သရက်သီးချဉ်သုပ်များသာမက ငါးသလောက်ပေါင်းကို ဘုန်းကြီးပွဲအတွက် သီးသန့်။ တစ်မြို့လုံး သိကျွမ်းသမျှ မိတ်ဆွေများအား ဖိတ်စာဖြင့် ဖိတ်သည်။ ဖိတ်စာတစ်စောင် လူငါးဦးစာ လျာထားသည်။ ပရိသတ် ဧည့်သည် ငါးရာကျော်မည့်သဘော။ လူငါးရာစာ ချက်ပြုတ်ရရှာကြသည်။

အလှူနေ့တွင် ဘိသိက်ဆရာက ဆရာတော်ထက် ပို၍ နေရာယူ ဦးဆောင်လာသည်။ သူခိုင်းသမျှ လိုက်လုပ်နေရသည်။ ဆိုင်းဆရာကလည်း သူတီးခိုင်းသမျှ အချက်ညီညီ လိုက်နာရသည်။ သူကျွေးသမျှ စားရသည်။ မကြိုက်သော်လည်း ဆန်ပြုတ်သောက်ရသည်ကို မှတ်မိသေးသည်။ ပရိတ်ရေမွေးကလည်း သင်းသင်းကြိုင်ကြိုင်။ ဤကာလတွင် သူက ဇာတ်လိုက်။ ညကျမှ ဆိုင်းဆရာဖြစ်သူ ဦးလေးက လက်စွမ်းပြရသည်။

ညီနှစ်ကောင်၏ မြင်းများကလည်း လှလို့ပလို့။ အဆင်တန်ဆာများက အရန်သင့်ဆင်ယင်ထားသည်။ ရွှေဒီးနှင့် နှစ်ကောင် တစ်လွဲစီဆောင်းနေကြသည်မှာ ရယ်စရာအကောင်းသား။ ကျွန်တော့်အတွက် ဆိုက်ကားမှာလည်း အဆောင်ယောင်နှင့်။ ဝါးဖြင့် ရက်ထားသော အလှအပများ။ ဆိုက်ကားပုံစံပျောက်၍ လှည်းယာဉ်ပုံစံပေါက်သည်။ ကျွန်တော်တို့လည်း ပျော်သည်။ ဝင်းဝတ်တန်ဆာဖြင့် အဟုတ်ကြီးထင်သည်။ ကျွန်တော်တို့ကဲ့သို့ ပျော်နေသူမှာ အပျိုများဖြစ်သည်။ ကွမ်းတောင်၊ ပန်းတောင်းနှင့် အလှကြီးလှနေကြသည်။

နတ်ပြရာတွင်လည်း ပျော်စရာ။ ကန်တော့ပွဲများကို ထင်၍ မြို့ဦးနတ်များတွင် ပြသရသည်။ ရပ်ရွာထဲရှိ လူများ စုပြုံလာသည်။ ရွှေမိုးငွေမိုး ရွာသွန်းလျှင် ကောက်ယူမည့်အဖွဲ့များ၊ နတ်ပြပြီးလျှင် မြို့ကို တစ်ပတ်ပတ်၍ လှည့်လည်ကြသည်။ တစ်မြို့လုံး ဝိုင်းအုံကြည့်ရှုခံရသည်က ဘဝင်ကျစရာ။

ညနေသုံးနာရီခန့်တွင် ဆံပယ်ကြသည်။ ဆရာတော်ထံ သင်္ကန်းတောင်းကြရသည်။ သင်္ကန်းစီးဖြန်းကြသည်။ ထိုပွဲတွင် ဘကြီးရောက်လာသည်။ ကျွန်တော့်အား သင်္ကန်းစီးဖြန်းရာတွင် ကူညီပေးသည်။ ဤအချိန်ကျမှ ဘကြီးပါ ဝင်လာကူညီသဖြင့် စိတ်ထဲမှ အားတက်သရော။

ဆရာကြီးဦးဖိုးကျား၏ မိတဆိုးရှင်ပြုခြင်းအကြောင်း စပ်မိစပ်ရာဝတ္ထုကြောင်းအရ စိတ်၌ထိခိုက်ရသည်။ အလွန်ဆင်းရဲသောမိသားစု၊ သားယောကျ်ားကလေး မွေးသည်မှစ၍ သာသနာ့ဘောင်ရှင်ပြုရန် အားခဲခဲ့သည့် လင်းမယားနှစ်ဦး ရည်ရွယ်ချက် မပြည့်မြောက်ခင် ဖနီးသည်က သေဆုံးသည်။ မိတဆိုးသားကို အားခဲ၍ ရှင်ပြုခဲ့သော ဖခင်ကြီး၊ သူ၏ ရှင်ပြုမင်္ဂလာတွင် ကြွေးတင်ပုံအကြောင်း အသေးစိတ်ဖော်ပြသည့်ဇာတ်လမ်း။

သားကလေးကိုမှ ရှင်မပြုခင်ဟူသောအဖြစ်က ရင်ဝယ် ဆွေးဆွေးမြည့်မြည့်။

ရှင်ပြုသည်ဆိုရာတွင် အဓိကအကျိုးသက်ရောက်ဖို့ လိုသည်။ မြတ်စွာဘုရားလက်ထက် ရှင်ရာဟုလာအား ဓမ္မအမွေပေး ရှင်ပြုသည့်နည်းက ငွေမကုန်၊ ပရိက္ခရာ ပြည့်စုံရေးသာ အရေးပါသည်။ အကျယ်ချဲ့ထွင်ခြင်းက အလှူဒါနထက် ပဏာသနဘက် ကူးနေသယောင်ယောင်။ ထို့ကြောင့် ဘကြီးက ဆရာကြီးဦးဖိုးကျား၏ မိတဆိုးရှင်ပြုကို အားမပေးပါ။ ကြုံလေတိုင်း ပြောဆိုဝေဖန်ခြင်းဖြင့် ပုံခိုင်းပြောပြစရာ စံနမူနာ။ ရှင်ပြုခြင်းကြောင့် အကြွေးတင်စရာ မလိုကြောင်း။

ဘကြီးပြောလေ့ရှိသောစကား ဝ,မရှိဘဲ ဝိမလုပ်နှင့်။ ဝ,အခြေခံရှိမှ ဝိဟုရေး၍ရသည့် သတ်မှတ်ချက်။ ဝ,မရှိဘဲ ဝိရေးခြင်းသည် ငွေမရှိဘဲ ရှင်ပြုခြင်းနှင့် အလားတူ၊ ငွေကို စုဆောင်းမှုက အဓိကကျ။ ငွေဆိုရာ၌လည်း ကုန်ကျသင့်သမျှကိုသာ သုံးစွဲရန် အရေးကြီးသည်။ မလိုအပ်သော ပဏာသနကို ရှောင်ရှားရန် သတိပြုသင့်သောဆုံးမစကား။ ရှင်ပြုရန် ကြွေးတင်ခြင်းသည် မဖြစ်သင့် မဖြစ်အပ်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

ဘကြီးတွင် သားထောက်သမီးခံ တစ်ဦးမျှ မထွန်းကား။ သို့သော် ဘကြီးသည် စီးပွားရေးအဆင်ပြေသည်။ လယ်ယာထွက်ပစ္စည်းပွဲရုံ ဖွင့်ထားသည်။ ပွဲညွှန့်စားပွဲစားတစ်ဦးဖြစ်သည်။ အပ်နှံသော ကုန်များကို ထိန်းသိမ်းရောင်းချပေးသည်။ အခါသင့်လျှင် အချိန်ကာလကို စောင့်ဆိုင်းရောင်းချပေးရသည်။ တစ်ခါတစ်ရံ ကုန်ပိုင်ရှင် ငွေကြေးလိုအပ်သည့်အခါ ကာလပေါက်ဈေးအတိုင်း ငွေပေးချေ ဝယ်ယူပေးရတတ်သည်။ လုပ်ငန်းကျယ်ပြန့်လာသည်။ တက်ဈေးမိသည်အခါ စီးပွားရေးပိုမိုဖြစ်ထွန်းလာသည်။

သူ၏ ပွဲရုံအလုပ်သမားများထဲမှ ရှင်ပြုရန်အတွက် သားသမီးများ စုစည်းသည်။ ကလေးဆယ်ယောက်ခန့် ရရှိသည်။ ဤမှစတင်၍ ဘကြီးက မိဘမဲ့ ဆင်းရဲသား ကလေးငယ်များ သာသနာဘောင်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။ ယခုအချိန်အထိ နှစ်စဉ် ဘကြီးလုပ်ဆောင်နေကျ အလှူဒါန အကြိမ်ပေါင်း လေးဆယ်ခန့်ရှိသည်။ ဆယ်ယောက်မှစတင်၍ အချို့နှစ်တွင် သုံးဆယ်အထိ လှူဒါန်းသည်။ ဘကြီး၏ စုစုပေါင်း ရှင်အပါးအရေအတွက်ကို တွက်ချက်၍ရသည်။ သို့သော် ဘကြီးက လူသိများအောင် မကြော်ငြာ။ ဘကြီး ကွယ်လွန်သည့်တိုင်အောင် ရှင်ပြုမင်္ဂလာကို ဘကြီး မှာကြားချက်အတိုင်း ကျွန်တော်တို့ ဆက်လက်လိုက်နာ ဆောင်ရွက်ပေးကြရသည်။

ကျွန်တော်တို့ သားချင်းများသာ သူ၏မူလဇာစ်မြစ် ငွေကြေးစိုက်တည်ထားသော ရှင်ပြုခြင်းကို သူ့စကားအတိုင်း လိုက်နာပေးကြရသည်မှာ အမှန်တရား။

ဘကြီးက သူ၏ညီဖြစ်သူ ကျွန်တော်တို့ အဖေ့ကို ပြောသည့်စကားက ဘုကျကျ။ တတ်နိုင်သည့်လူများမို့



အကျယ်ချဲ့ခြင်း ဖြစ်သည်။ မိမိ မည်သည့်ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုရှိ၊ မရှိ ကြည့်သင့်သည်။ ဥပမာ-ဟိန္ဒူအယူအဆက ဗုဒ္ဓဘာသာတွင် သက်ဝင်နေမှုက ဇဝေဇဝါ ဖြစ်နိုင်သည်။ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်၊ အခြားယဉ်ကျေးမှုကို သတိထားရမည်။ မင်္ဂလာ(၁၂)ပါး ဆိုသည်မှာ ရှေးခေတ်ပဒေသရာဇ် ရှင်ဘုရင်တွေမို့ ရေးကြီးခွင်ကျယ်။

ရွှေထီးဆောင်းသည့် ယဉ်ကျေးမှုကလည်း လေ့လာစရာ အများသား။ နန်းမလေ့တွင်လည်း ထီးဆောင်းခြင်းက အင်္ဂါရပ်။ ရာထူးအဆင့်အတန်းကို ထီးဖြင့် သတ်မှတ်သည်။ ရှင်လောင်းကလည်း ရွှေထီးဆောင်းရသည့်က ထူးခြားသည်။ ရဟန်းမိခင်၊ ဖခင်များလည်း ရွှေထီးဆောင်းရသည်က ကွယ်လွန်သောအချိန်။

ရှင်ပြုစဉ်က ရွှေထီးဆောင်းရသည့်အဖြစ်ကို ဆုံးမစာ၊ ဆုံးမစကားဖြင့် ကိုးကားကြသည်။ စိတ်ကြီးဝင် အထင်ကြီးမှု မဖြစ်စေလိုသောအနက်။ လူတိုင်း ဆောင်ရွက်ဖူးသော အစဉ်အလာဖြစ်သည်ဟု ဆိုလိုဟန်။ ထူးခြားသော ရွှေထီးဆောင်းခြင်းမဟုတ်ကြောင်း သွန်သင်လိုခြင်း ရှင်လောင်းလှည့်လည်သည့်အခါ ရွှေထီးဆောင်းလေ့ရှိကြသည်။

ရှင်လောင်းလှည့်ရာတွင် ရှင်လောင်းအား မြေသို့ မချကြ။ လူလူချင်း ချီမ၍ သယ်ယူပို့ဆောင်ပေးကြသည်က တစ်ဖက်စွန်းရောက် အယူသီးမှု။ ရှင်လောင်းအား ခြေဖြင့် မလျှောက်လှမ်းစေရသောသဘော။ ဆင်၊ မြင်း လှည်း၊ နွား၊ ယာဉ်ရထား စီးနင်းစေသည်။ ယခုအခါ မော်တော်ဆိုင်ကယ်၊ မော်တော်ကားဖြင့် လှည့်လည်ကြသည်။ ယာဉ်ပေါ်တွင် ကော်ဇောခင်းကုလားထိုင်ဖြင့် ထိုင်စေသည်။

နပ်ာစင်သို့ လှည့်လည်ကြသည်။ နတ်ကတော်များက ကန်တော့ပွဲများဖြင့် ကြိုဆိုကြသည်။ နတ်စင်၌ နတ် ကြသည်၊ နတ်ကို ရှင်လောင်းအား အပ်နှံစောင့်ရှောက် စေသည်။ သို့မှသာ ရှင်ပြုမင်္ဂလာအဖြစ် ပြီးပြည့်စုံသည် ဟု မှတ်ယူကြသည်။ ရှင်လောင်းမှာ သာသနာသို့ သွား သွင်းသည့် ကလေးသူငယ်။ ရှင်လောင်းအား နတ် သည်မှာ အဆင့်အတန်းမမှန်ဟု ထင်မြင်စရာ။ နတ် လုံးဝမသက်ဆိုင်ဟု ယူဆနိုင်သည်။ ဆရာတော် သံ



www.burmeseclassic.com

www.burmeseclassic.com

များသည်ပင် နတ်ပြ၊ ရှင်လောင်းလှည့်ခြင်းအပေါ် အမြင် မကြည်လင်ကြ။ မနှစ်သက်မှုများသည်ကို သတိပြုအပ်သည်။

ဤအဆိုပြုချက်က ဘကြီး၏ ကိုယ်ပိုင်အယူအဆ။

ရှင်သာမဏေပြုခြင်းသည် ပါဠိစကား သာမဏေရပဗ္ဗဇ္ဇဟု ခေါ်သည်။ ဟိန္ဒူသဘောအရ မင်္ဂလာဆယ့်နှစ်ပါးတွင် သာသနာနုဂ္ဂဟာမင်္ဂလာဟုခေါ်သည်။ လူ့ဘဝမှာရခဲသော တရားငါးမျိုးရှိသည်။

ဘုရားဖြစ်ရန် ရခဲသည် တစ်ချက်၊ လူ့ဘဝအဖြစ်ရခဲသည် တစ်ချက်၊ သဒ္ဓါတရားဖြင့် ပြည့်စုံလုံလောက်သည် တစ်ချက်၊ သူတော်ကောင်းတရား ကြားနာခြင်း တစ်ချက်၊ ရဟန်းသာမဏေအဖြစ် ခံယူခြင်း တစ်ချက် ရခဲသည့်အဖြစ်များ ဖြစ်သည်။ လူ့ဘဝရခဲသည့်အဖြစ်တွင် သာမဏေရဟန်းအဖြစ် ခံယူခြင်းမှာ ပိုမို၍ ခက်ခဲလွန်းလှသည်ဟု မှတ်စရာ။ ထို့ပြင် အသောကမင်းကြီးအား ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ဆုံးမဖူးသည်။ မိမိကိုယ်တိုင်သော်လည်းကောင်း မိမိ၏ သားသမီးသာမကအငှားသား ကိတ္တိမသားများအား ရဟန်းသာမဏေဘဝသို့ သွတ်သွင်းမှသာ သာသနာ့အမွေ ခံယူထိုက်သည်ဟု ဆုံးမထားသည်မှာ မှတ်သားစရာ။

ဘကြီး ပြောဟောလေသမျှ မငြင်းဆန်နိုင်။ သူပါဠိဘာသာစကား ကြားညှပ်၍ သက်သေခံသေးသည်။ ခေါင်းတညိတ်ညိတ် နာခံရသည့် တူသားများဘဝ။

'ငါ ပထမဆုံးရှင်ပြုပုံမှာ ရှင်လောင်းလှည့်မှုနှင့်ပတ်သက်၍ သဘောထား ကွဲလွဲဖူးသည်'

အချို့မိဘများက ရှင်လောင်းလှည့်လိုသည်။ မိရိုးဖလာမို့ လိုက်နာလိုကြသည်။ ငါက ရှင်လောင်းမလှည့်လို၊ ဤတွင် ဆရာတော်က မိမိဘက်မပါ။ မိဘများ၏ဆန္ဒကို လိုက်ပါလိုသည်။ ထို့ကြောင့် ကြည်ကြည်ဖြူဖြူ အလိုလိုက်လျော့ခဲ့ရသည်ဟု အစချီလျက် တစ်ဆင့်စကားဆိုသည်။ ဘကြီးက ရှင်လောင်းလှည့်၍ ကုန်ကျစရိတ်ကို မသုံးစွဲလို။ မိဘများဘက်မှ သူကြွယ်တစ်ယောက်က ကျခံပေးမည်ဟု အာမခံသည်။ သူတို့ ရှင်လောင်းလှည့်ရန် မြင်းရှာကြရသည်က တစ်ဒုက္ခ။ ရှင်လောင်း ငါးဆယ်အတွက် မြင်းအကောင်(၅၀) မရနိုင်။ လှည်းယာဉ်များ ဖြည့်ဆည်းကြရ၊ ပို၍ရှုပ်ပါးပြန်သည်။

လှည်းတစ်စီး ရှင်လောင်းငါးပါးဖြင့် လှည်းယာဉ်(၁၀)စီးတွင် နွားကောင်းနွားလှ(၂၀) ရှာရန်လည်း ခက်ခဲရပြန်သည်။

မြင်းတန်ဆာပလာများ ရှင်လောင်းဝတ်စုံများအတွက်အခပေး ငှားရမ်းရပြန်သည်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အလှအပစုစည်းရပြန်သည်။ အချို့က ဝင်းခင်းရန် အကြံပေးသော်လည်း မလုပ်ဖြစ်။ ရှင်လောင်းလှည့်ရန် ဆန္ဒရှိသူသည် နောက်နှစ်များတွင် လက်ရှောင်နေသည့် အနေအထား။ မည်သူမျှအကြံမပြုရဲ။ ဆရာတော်အပြောင်းအလဲတွင် နောက်ထပ်ကျောင်းထိုင်သူ ဆရာတော် ပရိယတ္တိစာသင်တိုက် တာဝန်ခံက ဘကြီးဘက်သို့ ကူညီထောက်ခံပေးသည်။ ထိုအခါမှစ၍ ဘကြီး၏ဆန္ဒအတိုင်း ရှင်လောင်းမလှည့်သည်မှာ ယနေ့ထက်တိုင်။

မြတ်စွာဘုရား သားတော် ရာဟုလာကို သာသနာ့အမွေပေးရန် ရှင်သာရိပုတ္တရာအား တာဝန်ပေးခဲ့သည့် လမ်းစဉ်ရှိဖူးသည်။ ဆရာရဟန်းက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစရှိသော သရဏဂုံသုံးပုဒ်ကို ဌာန်ကရိုဏ်းပီသစွာ ရွတ်ဆိုခြင်းဖြင့် ရှင်ပြုပေးသည့် နည်းအတိုင်း လိုက်နာသင့်သည်။

ဘကြီးစကားကို နာခံခြင်းမှတစ်ပါး အခြားငြင်းပယ်ရန်မရှိ။ မြတ်စွာဘုရားလက်ထက် ဆင်၊ မြင်း၊ ရထားကားဖြင့် ရှင်လောင်းလှည့်ပေးခြင်း မရှိသေးကြောင်း မှတ်သားရသည်။ ဤနည်းအတိုင်း ကျင့်ကြံရမည်ဟု မြတ်စွာဘုရားက သတ်မှတ်ခဲ့မည်မထင်။ ရှင်လောင်းလှည့်လျှင် အာပတ်သင့်သည်ဟု ပြဋ္ဌာန်းသည်ကလည်း ရှိလိမ့်မည်မထင်။ ဤထင်မြင်ချက်ဖြင့် ဘကြီးအား ကလန်ကဆန်ပြောလျှင် အဆဲအဆူခံရမည်မှာမလွဲ။ သို့သော် စပ်စုစကားဖြင့် ကလိသေးသည်။

'ရှင်လောင်းလှည့်တာ ဘယ်ခေတ်မှ ပေါ်လာတာလဲ'

စိတ်ဆိုးမည်ကို စိုးရိမ်ပူပန်သော်လည်း ဘကြီးက ပြန်ရယ်သဖြင့် အံ့သြရသည်။ ရှင်းပြသည်။

'သိရိဓမ္မာသောကမင်းကြီး၏ညီတော် အိမ်ရှေ့မင်း ရှင်လောင်းအား စည်းလုံးသည့်သဘောဖြင့် သဘင်သည်အသွင်တန်ဆာဆင်၍ စစ်သည်များခြံရံလျက် အသောကာရုံကျောင်းသို့ ပို့ဆောင်သည့်နည်းကို တုတုပပ ရှင်လောင်း

www.burmeseclassic.com

www.burmeseclassic.com



လှည့်သည်ဟု ကြားဖူးသည်'

ဘကြီးတွင် အဖြေက အဆင်သင့်။

'သာလွန်မင်းတရားလက်ထက် ရှင်လောင်းများကို ပရိတ်ကြိုးဖြင့် လည်ပင်းတွင် စွပ်လာကြသည်။ ယခု ဘိသိက်ဆရာတို့ လုပ်သလိုမျိုး။ ပရိတ်ကြိုးတွင် မင်းကိုယ်ချည်၊ အောင်ချည်၊ မှန်ကူချည်ဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်။ ရှင်လောင်းအား အန္တရာယ်ကင်းရန် လုပ်သည့်သဘော'

ဘကြီး၏ အတွင်းကျကျ သိထားသည့် လေ့လာမှု။ ဘကြီးအား သာမာန်အားဖြင့် ဝေဖန်သုံးသပ်၍ မရနိုင်သည့်နည်းတူ လူကြီးစကား နားဝယ်ထားသင့်ကြောင်း နားလည်သဘောပေါက်လာရသည်။

◆ ◆ ◆

ဘကြီးချန်ထားသော ငွေကြေးများအနက် ဘဏ်သို့ အပ်နှံထားသည်ကတစ်မျိုး၊ ငွေကြေးလိုအပ်သူများအား စိတ်ချရမှုအလျောက် ငွေပြန်ချေးသည်ကတစ်နည်း၊ ပွဲရုံလုပ်ငန်းကိုလည်း ဆက်လက်ဖွင့်လှစ်စေလျက် လစဉ်ဝင်ငွေမှ သတ်မှတ်ရာနှုန်းအထိ စုဆောင်းထားသည်ကတစ်ဖုံ ဤလုပ်ငန်း၏ ဝင်ငွေထဲမှရရှိသည့် စုဆောင်းငွေများမှ သာမဏေရပဗ္ဗဇ္ဇအလှူကို လှူစေသည်။ ဘကြီး၏ သွန်သင်ဆုံးမစကားက ကျွန်တော်တို့၏ စိတ်ထဲတွင် ထပ်တလဲလဲ။

အာစိဏ္ဏကံကို နားလည်ရမည်။ လစဉ် စုဆောင်းကြရမည်။ လစဉ် အလှူစိတ်က လှုံ့ဆော်လာမည်က စဉ်ဆက်မပြတ်စေရန် အဘိဏှဒေတိ ဆိုသည်က မပြတ်ပေးလှူခြင်း ဖြစ်သည်။ နိဗ္ဗဒ္ဓဒါန ဆိုသည်က အလှူဝတ်မြဲသူသည် အပယ်လေးပါးမှ လွတ်မြောက်သည်ဟု ဘုရားဟောကြားတော်မူခဲ့သည်။ ဆိုလိုသည်က သူတော်ကောင်းတို့သည် အလှူရေစက် လက်နှင့်မကွာဟူ၍ စွဲမှတ်ထားကြသည်။

ထမင်းချက်ရန် တစ်နပ်စာသောဆန်ကို ချိန်တွယ်ပြီးတိုင်း လက်ဖြင့် တစ်ဆုပ်ဆန်ကို ဖယ်ချန်၍ စုဆောင်းသည့်စနစ်။ တစ်နည်းအားဖြင့် တစ်ဆုပ်ဆန်ဖြင့် စုဆောင်းလှူဒါန်းကြသော ဒါနကိုလည်း အလေးအနက် ထားရမည်။ မြန်မာပြည်တွင် တစ်ဆုပ်ဆန်လှူအသင်း ဖွဲ့စည်းထားသည်က မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုဖြစ်သည်။ သည်အလေ့အကျင့်ကို အတုယူရင်း ကုသိုလ်တဖွားဖွား ပေါ်ပေါက်စေရမည်။ သည်နည်းဖြင့် ရှင်ပြုရန် မှာကြားလိုသည်။

ဘကြီး၏ မှာကြားချက်အတိုင်း ကျွန်တော်တို့ မသွေဖီ၊ မတိမ်းယိမ်း နှစ်စဉ်နှစ်တိုင်း ရှင်ပြုအလှူပွဲ ကျင်းပရသည်မှာလည်း အလွန်အမင်း မပင်ပန်းလှ။ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများဖြင့် ပြီးမြောက်အောင်မြင်သော အလှူဒါန ဖြစ်သည်။ မိတ်ဆွေသင်္ဂဟများကလည်း ဘကြီး၏ ရှင်ပြုအလှူပွဲတွင် ပါဝင်လာကြသည်။ ရှင်တစ်ပါး၊ ရဟန်းတစ်ပါး၊ သီလရှင်တစ်ပါးအတွက် သတ်မှတ်နှုန်းထားဖြင့် အလှူငွေ ထည့်ဝင်ကြသည်။ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ကြသည်။

ဆရာတော်၏ ကျောင်းသင်္ခမ်း နံရံများတွင် ကိုရင်၊ ဦးပဉ္စင်းနှင့် သီလရှင်အဖွဲ့အလိုက် အစုအဖွဲ့ဓာတ်ပုံများဖြင့် ပြည့်နှက်နေသည်။ ဤကျောင်းသို့ ရောက်သည့်အခါတိုင်း ပီတိလှိုင်းများဖြင့် သာသနာ့အမွေ ခံယူနိုင်ရကြောင်း တင်ပြအပ်ပါသည်။

လှူ၍ ပျော်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် လှူဒါန်းရလျှင် ပျော်နေတတ်၏။

ဤသို့သော အပျော်မျိုးသည် ဘုရားရှင်ကိုယ်တော်မြတ် ချီးမွမ်းအပ်သောအပျော်၊ မွန်မြတ်သောအပျော် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၁၁၁၁၄

"ကိုဇော်ရဲနိုင့်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံ... ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်း... ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ ...ထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေး... ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်း ... အဝေါ်အသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

...နှင့် မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
...-ဈ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ပယင်းများ

စကြာကောင်းစံ



အောင်မော်စံဆရာတော်

<u>ပယင်း(၁)</u>

တစ်နေ့သောအခါ ကျွန်ုပ်(အောင်မော်စံဆရာတော်)မ,တည်ငွေ ထည့်ဝင်၍ တည်ထားသော စေတီသစ်များ၊ စေတီဟောင်းများတွင် ဌာပနာရန် ဌာပနာပစ္စည်း ရတနာအမျိုးမျိုးတို့ကို အလှူခံလေ၏။ အဖိုးတန်သော ရွှေ၊ ပတ္တမြား၊ စိန်၊ ပုလဲ စသည်တို့ကိုကား အလှူမခံပါ။ အရောင်းမစွံသည့် ကျောက်စိမ်း၊ ကျောက်စိမ်းခွဲစိတ်ရာတွင် ထွက်လာသော အပိုင်းအစ၊ တန်ဖိုးနည်းသော ကျောက်စိမ်းတို့ကို အလှူခံမည် ဖြစ်လေ၏။ သို့ရာတွင် ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေနားကပ်တို့ကိုလည်း လာရောက်လှူဒါန်းတာ အနည်းနှင့်အများ ရှိလေရာ ထိုရတနာများကို စေတီဘုရားများတွင် ဌာပနာပြီး ဖြစ်လေ၏။

ထို့ပြင် ထူးဆန်းသော ဂမ္ဘီရကျောက်တုံးကျောက်ခဲများ၊ တန်ဖိုးနည်းသော မြစ်ဆုံကျောက်များ၊ သစ်မြစ်သစ်ပင်များနှင့် ရှားပါးကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း အလှူခံပါသည်။ ဓာတ်တော်,မွေတော်တို့ကိုလည်း အလှူခံပါသည်။ ရတနာသလောက်လည်း ရပါသည်။ အချို့ ဆရာတော်တို့ကမူ ပညာစုံသည်ဖြစ်၍ ဘယ်ပစ္စည်းပစ္စယကို ဌာပနာလို့ ကောင်း၏၊ ဘယ်ပစ္စည်းပစ္စယကို ဌာပနာဖို့ရာ မအပ်ဟုဆိုကာ ရွေးချယ်ပြီးမှ ဌာပနာပစ္စည်းကို လက်ခံတော်မူကြ၏။ ဌာပနာပစ္စည်းအချို့တို့သည် ဆရာတော်တို့ လက်ခံတော်မမူသဖြင့် ကျွန်ုပ်ထံတွင် လက်ကျန်စင်အဖြစ် စုပုံနေလေတော့သည်။ ယင်းတို့ကို ကျွန်ုပ်ကျောင်းသို့လာသော သူတို့ကို အမှတ်တရလက်ဆောင် ပေးလိုက်လေ၏။

မကြာသေးမီသောနှစ်များမှာ ကချင်ပြည်နယ် ... ကြီးနားခရိုင်၊ တနိုင်းမြို့နယ်တွင် ပယင်းမှော် ပေါ်ပေါက်လာခဲ့သည်။ ပယင်းသည် ရှေးပဝေသဏီကတည်းက ပေါ်ပေါက်နေခဲ့သော်လည်း ယခုအချိန်လောက် ထင် ...



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါ် ကျော်ကျော်ကြားကြား အုတ်အော်သောင်းတင်း အလျှင်းမဖြစ်ခဲ့ပါ။ ရိုးရိုးသာဖြစ်၏။ ယခုအခါ၌ ပယင်း မှော်တွင် စည်ကားလှပေပြီ။ စည်ကား၏ ကက်ကင်းဖြစ်သော ကားစည်ဟုလည်း ပြောလို့ပင် မလွယ်အောင် စည်ကား ကားစည်လို့နေပါသည်။ အရင်က အေးဆေး တည်ငြိမ်ခဲ့သည့် တနိုင်းတွင် ပါဂျဲရိုး၊ လင့်ရိုဗာ၊ ဆပ်၊ ရောဒီ၊ အချို့ကားတွေ အမည်ကို ကျွန်ုပ် မခေါ်တတ်ပါ။ ကားတွေနှင့် စည်နေပါတော့သည်။

ထိုပယင်းမှော်သို့ ကျွန်ုပ် မကြွရောက်ဖြစ်ပါ။ သို့သော် ကြွရောက်သကဲ့သို့ ဖြစ်နေလေသည်။ အကြောင်းမှာ ပယင်းမှော်သို့သွားသော ကားလမ်းသည် ကျွန်ုပ်၏ ကျောင်းတည်ရှိရာ မော်ဖောင်းရွာကို အသွားအပြန် ဖြတ်ကျောင်းကြသဖြင့် ပယင်းသူဌေးများ၊ ပယင်းလုပ်ငန်းရှင်များ၊ ပယင်းကုန်သည်များ၊ ပယင်းအလုပ်သမားများ၊ ၎င်းတို့၏ အရန်အလုပ်သမားများဖြစ်သည့် ဈေးသည်များ ဖျော်ဖြေသည့်အဖွဲ့များ၊ ညဉ့်ငှက်များ၊ နေ့ငှက်များ၊ လူထိမ်လူကောက်၊ ခါးပိုက်နှိုက်၊ သူခိုး၊ ဖျော်ရည်ဆိုင်၊ အရက်ဆိုင်ရောင်းသူများ၊ ထမင်းဆိုင်ရောင်းသူများ၊ ဈေးသည်,စသည်တို့နှင့် ပြည့်နှက်နေလေပြီ။ လူဦးရေ(၁၀) သိန်းကျော်ထိပင် ရှိနေကြောင်း သိရသည်။ အခြားဂြိုဟ်က ပြောင်းလာသည့် ဂြိုဟ်ကမ္ဘာငယ်တစ်ခုကဲ့သို့ ဖြစ်နေ ၏။ ကျွန်ုပ်ထံသို့လည်း ပယင်းလာလှူကြ၏။

ကျွန်ုပ်ကလည်း ဘုန်းကြီးလောဘ အနန္တ၊ လှူ ောက်ပဲရ ဆိုသကဲ့သို့ အရောင်းမဖွံ့သည့် ပယင်းများ၊ အသေးအသွေးညံ့သည့် ပယင်းများ၊ ဈေးမကောင်းသည့် ပယင်းများကို လာလှူပါစေ။ ဘုရားစေတီများမှာ ဌာပနာ ပြီး အမိန့်ရှိလိုက်ရာ ပို၍,ပို၍ လာလှူကြသည်။ ဌာပနာလိုက်သည့် ပယင်းများလည်း အတော် များသွားပြီ ဖြစ်သည်။

ပယင်းတို့တွင် စေတီပုံ၊ ဘုရားပုံ၊ ရဟန္တာပုံ၊ ဝိဇ္ဇာ ပုံ၊ လူပုံ၊ မြွေပွေးပုံ၊ မြွေဟောက်ပုံ၊ ပင့်ကူပုံ၊ ကင်းခြေများပုံ၊ ကင်းမြီးကောက်ပုံ၊ ဘီလူး မှင်စာလေးပုံ၊ ခွေးပုံ၊ ဝက်ဝံပုံ၊ ပန်ဒါဝက်ဝံပုံ၊ ဆိတ်ပုံ၊ ငှက်ပုံ၊ သစ်ပင်ပုံ၊ ချုံနွယ်ပုံ၊ တော သစ်သီးပုံ စသည်,စသည်ဖြင့် ပုံသဏ္ဍာန်အမျိုး ကြလေ၏။

တစ်ခါက လိပ်ပြာတောင်ပံဖြန့်ထားပုံ အင်္ဂါစုံစုံလင်လင်နှင့်ပါလာသော ပယင်းအဝါနုရောင် အပြားကြီးတစ်ခုကို မုံရွာက လူငယ်တစ်ယောက် တူးဖော်ရရှိရာ တရုတ်ကုန်သည်ထံ သိန်းပေါင်းရှစ်သောင်းဖြင့် ရောင်းချခဲ့ကြောင်း ကြားသိလိုက်ရသည်။

ကျွန်ုပ်ကိုယ်တိုင်မှကား လာလှူသော ပယင်းတစ်တုံးတွင် အမျိုးသမီးဖြူဖြူတစ်ဦး ဝတ်လစ်စလစ်နှင့် ရေချိုးနေသည့်ပုံပါနေရာ ထိုပယင်းကို ကုန်သည်တစ်ဦးက ကျပ်(၁၅)သိန်းနှင့်ဝယ်၍ ရောင်းလိုက်သည်။ ကျွန်ုပ် အပြစ်ရ၏၊ အာပတ်သင့်၏။ ထို့ကြောင့် ထိုငွေကို ဘုရားတည်နေသော တောင်ပေါ်ကျောင်း ဆရာတော်ကို လှူလိုက်လေ၏။ တကယ်တော့ ထိုပယင်းတုံးကို ဌာပနာမှာ မထည့်သွင်းသင့်သလို သိမ်းလည်း သိမ်းမထားချင်ပါ။ ဒါကြောင့် ရောင်းပြီး လှူလိုက်တာ ဖြစ်၏။

ယခုအခါတွင် ပယင်းအကြောင်းကို သုတေသနမပြုချင်ဘဲ ပြုနေရသကဲ့သို့ မလေ့လာလို့လည်းမရ၊ လေ့လာနေရပါသည်။ လာလှူသော ပယင်းတုံးတွေကို ရိုးရိုးကြည့်လိုက်၊ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်၊ အလင်းရောင်မှာ ကြည့်လိုက်၊ အမှောင်ထဲမှာ ကြည့်လိုက်၊ ရိုးရိုးရေအေးမှာ စိမ်ကြည့်လိုက်၊ ရေနွေးနဲ့စိမ်ကြည့်လိုက်၊ ဆားဖျော်ရည်မှာ ဖျော်ကြည့်လိုက်၊ သည်လိုနဲ့ ဘာဝနာပိုင်းတွင် လစ်ဟင်းလုနီးနီး ဖြစ်လာပြီ။ အရူးဓာတ်ကိန်း ဝင်လာလေပြီ။ အရထူး အရူးထလာလေပြီ။

ကျွန်ုပ်၏ အမြင်အားဖြင့် ပယင်းသည် အလွန်ထူးဆန်းသော၊ အလွန်ထူးခြားသော၊ အံ့ဩဖွယ်ကောင်းသော တွင်းထွက်ပစ္စည်း ဖြစ်လေ၏။ ရတနာထဲတွင် မဝင်။ ဘယဆေးမျိုးတွင် စာရင်းဝင်သဖြင့် ဆေးဖက်ဝင်၊ နတ်ဆေးအနွယ်ဝင်ဟု ထင်မြင်မိပါတော့သည်။

## ပယင်း(၂)

တစ်နေ့သောအခါ ကျွန်ုပ်ထံသို့ လူတစ်ယောက်ရောက်လာလေသည်။ သူ့ရုပ်သွင်မှာ အတော်ကြည်လင်သောကြောင့် သူဌေးသူကြွယ်ထဲကဟု ခန့်မှန်းမိပါသည်။ ဘာသာရေးလည်း လိုက်စားဟန် တူပါသည်။ သူ့မျက်နှာကြည်ရွှင်နေသည့်ပုံ ပေါ်ပါသည်။

ထိုသူက "တပည့်တော်က ကျောက်လုပ်ငန်းကို လုပ်ပါတယ်ဘုရား။ ယခုတော့ ကျောက်မှော်(ဖား

www.burmeseclassic.com

အသွင်ပြောင်းနေပြီ။ လူတစ်ရပ်လောက်မြင့်တဲ့ စက်ယန္တရားကြီးတွေနဲ့ တူးဖော်လုပ်ကိုင်နေကြပါပြီ' ဟု လျှောက်သည်။

ကျွန်ုပ်က 'ဒကာ့အနေနဲ့ ကျောက်လုပ်တယ်ဆိုတော့ ကျောက်အကြောင်းကိုတော့ ထုံးလိုမွှေ ရေလိုနှောက် နားလည်မှာပေါ့နော်' ဟု မေးလိုက်ပါသည်။

ထိုသူက 'အရင်ကတော့ အတော်အတန် အဆင်ပြေပါတယ်။ ကျောက်အကြောင်းကိုလည်း နားလည်သင့်သလောက် နားလည်ပါတယ်ဘုရား' ဟု ဆိုလေ၏။

ဆက်လက်၍ 'တပည့်တော် လုပ်ငန်းပြောင်းချင်တယ်။ ရွှေကျင်လိုပါတယ်။ ပယင်းကလည်း ခေတ်စားလာပြီ။ ကချင်ပြည်နယ်ရဲ့ နောက်ဆုံးပေါ် ရတနာဟာ ပယင်းလို့ပဲ ထင်ပါတယ်ဘုရား' ဟု လျှောက်၏။

ကျွန်ုပ်က 'ပယင်းဟာ တွင်းထွက်ဆိုပေမယ့် ရတနာထဲမှာ မပါဘူး။ ဆေးဖက်ဝင်တဲ့ ပစ္စည်းတစ်မျိုးပါ။ ပွဲ့လျှက်အနွယ်ဝင်ပါပဲ။ ပွဲ့လျှက်ဆိုတာ လှေဖာတဲ့ သစ်စေးတစ်မျိုးပါ။ ဒကာလည်း သိပါတယ်။ အဲ..ပယင်းနဲ့ ပွဲ့လျှက် မတူတာတွေတော့ အများကြီးပဲ။ သစ်ပင်တစ်ပင်ရဲ့ အမြစ်၊ အပင်၊ အခေါက်၊ အသီး၊ အပွင့်တွေဟာ မြေကြီးထဲကို ဝင်သွားတယ်။ အဲဒီထဲက အစေးထွက်တယ်။ မြေကြီးဆိုတာ နှစ်(၁၀၀)ကြာမှ တစ်လက်မပဲ တက်တယ် ဆိုတယ်။ နှစ်သန်းပေါင်း(၄၀)ကြာမှ အဲဒီအစေးဟာ ပွဲ့လျှက်အနွယ်ကလွတ်ပြီး ပယင်းဖြစ်လာတယ်။ ပယင်းဟာ ဆေးဖက်သိပ်ဝင်တယ်။ ဒါပေမဲ့

ဘာရောဂါအတွက် ကောင်းတယ်၊ ဘယ်လိုကောင်းတယ် ဆိုတာကိုတော့ ဘုန်းကြီးလည်း ကောင်းကောင်းမသိပါဘူး။ လေ့လာနေတုန်းပါပဲ' ဟု ပြန်လည်မိန့်ကြား၏။

ထိုအခါ တပည့်တော်ကို အရှင်ဘုရား သိသလောက်သင်ကြားပေးပါရန် မိန့်ကြားပေးပါဘုရားဟု ထိုသူက လျှောက်သည်။

ကျွန်ုပ်က မိန့်လိုက်ပြန်၏။

ဟိုးတစ်နေ့ကပဲ လူသုံး,လေးဦး ရောက်လာပြီး အောင်မော်စံဆရာတော် ပယင်းရောင်းဝယ်ရေးသင်တန်းပေးနေတယ်ကြားလို့ တပည့်တော်တို့ကိုလည်း သင်တန်းသင်ပေးပါလို့ လျှောက်တယ်။ ကြုံကြုံဖန်ဖန် ဒကာတို့ရယ်၊ ဘုန်းကြီးတောင် ဘုမသိ ဘမသိသာသာပဲ ရှိသေးတာ။ သင်တန်းပေးနိုင်လောက်အောင် မကျွမ်းကျင်သေးပါဘူး။ ဒါပေမဲ့ သိသလောက်တော့ ပြန်ပြောပြခဲ့ပါတယ်။ ထိုသူက ဒါဆို တပည့်တော်ကိုလည်း သိသလောက် မိန့်ကြားပေးပါဟု အားတက်သရောလျှောက်၏။

ကျွန်ုပ်က ကျွန်ုပ်ထံ လာရောက်၍ ဘုရားဌာပနာ ရည်ရွယ်ပြီး လှူဒါန်းထားသည့် ပယင်းထုပ်ကို ဖြေ... ကာ ထိုဒကာအား ကြည့်ခိုင်း၏။

'ဒကာ..ဟောဒီပယင်းက ဒီဇယ်ရောင်၊ ဒီ... ရောင်လို့ ခေါ်ပါတယ်။ ရောင်းတမ်းကတော့ သိပ်... ဘူး။ ဒါပေမဲ့ ဆေးဖက်တော့ အရမ်းဝင်တယ်။ ဟော... ဟာကျတော့ လက်ဖက်ရည်ရောင် ခေါ်တယ်။ ဈေး... မကောင်းတကောင်းပါပဲ။ ဟောဒီပယင်းက လက်... ရောင်တော့ လက်ဖက်ရောင်... ပေမဲ့ အထဲမှာ တိရစ္ဆာန်အ... လေးသဏ္ဌာန် ပါနေတယ်။ ... ကောင်းတယ် ဒကာ။ ပြီး... ဟောဒါကလည်း လက်ဖက်... ပေမယ့် အဆိပ်ပြင်းတဲ့ ... ကောက်ပုံပါနေလို့ ဈေးပို... တယ်။ ဒီလိုပါပဲ ကင်း... ပင့်ကူနဂါးပုံ၊ မြွေပုံ ပါ... ပြီး ဈေးကောင်းတယ်။ ပျား... ပုံ၊ ပဒုမ္မာပုံ စတာတွေပါ... ဖိုးရှိပါတယ်။



ပယင်းနားကပ်တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



ဖအောင်ဖမ်စံဆရာတော်

ဟောဒီပယင်းကတော့ သွေးနီရောင်ပါ။ ဆေးဖက်သိပ်ဝင်တယ် ဒကာ။ ပစ္စည်းတော့ သိပ်မရှိလှဘူး။ ဟောဒီမှာ ကြည့်ပါဦး။ ဒီပယင်းထဲမှာ သစ်ပင်ပုံပီပီသသပါနေတယ်။ အဖိုးတန်ပါတယ်။ တန်ဖိုးတော့ မဖြတ်တတ်ဘူး။

ဒါကိုကြည့်စမ်းပါ။ ကျောက်ဆောင်ကျောက်ကမ်းပါးကြီးရဲ့အောက်မှာ သဘာဝရေကြည်အိုင်ပြာပြာ ပါနေတယ်။ ခတ်မီးနဲ့ထိုးကြည့်လိုက်ရင် ပိုပြီးထင်ရှားတယ်။ ဒါလေးရဲ့အထဲမှာ သစ်ငုတ်တိုကြီးပုံ ပါတယ်။ ငှက်တစ်ကောင်၊ နှစ်ကောင် နားနေတယ်။ ဟော..ဟောဒါက မီးကျန်လို့ခေါ်တယ်။ ခတ်မီးနဲ့ထိုးကြည့်ရင် မီးရောင်က ပယင်းထဲမှာ ကျန်နေတာကို ခဏကစ်ဖြတ်မြင်ရတယ်။ ကောင်းတဲ့ပယင်းပါပဲ။ တန်ဖိုးတော့မသိဘူး' ဟု ကျွန်ုပ်က မိန့်ဆိုလိုက်ပါသည်။

ထိုဒကာက ဆိုပြန်လေ၏။

'ပယင်းရဲ့ ဆေးဖက်အသုံးကို မိန့်ပါဦးဘုရား'

ကျွန်ုပ်က 'တိုင်းပြည်မသိရင် ဇာရာဏသီ၊ ဘုရင်နာမည်မသိရင် ဗြဟ္မဒတ်ဆိုတာလိုပါပဲ ဒကာ။ ဘုန်းကြီးက ပယင်းတုံးကို ရေနွေးနဲ့ တစ်နေ့ တစ်ကြိမ် စိမ်စိမ်သောက်တယ်။ လီဆူးလူမျိုးတွေက ပယင်းကို အမှုန့်ထောင်းပြီး ဟင်းထဲမှာ ထည့်ချက်စားကြတယ်။ တချို့ကျတော့ ပယင်းကို မီးရှို့ပြီး အနံ့ကို ရှူတယ်။ တချို့က သွေးလိမ်းတယ်။ သနပ်ခါးနဲ့လည်း ရောပြီး သွေးလိမ်းကြတယ်။ တချို့ကတော့ ပယင်းပုတီး၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ဘယက်၊ နားတောင်း၊ လေ့ကက်လုပ်ပြီး အလှအနေနဲ့ဝတ်တယ်။ အဆောင်အနေနဲ့ ဝတ်ကြတယ်' ဟု အမိန့်ရှိလိုက်၏။

ထိုဒကာသည် ယူလာသော ခတ်ဘူးကိုဖွင့်ကာ လက်ဖက်ရည်အချို့ ပလာတာတို့ကို ကပ်သည်။ ပြီးမှ 'ဘုဉ်းပေးပါဦးဘုရား' ဟု လျှောက်၏။ ကျွန်ုပ်က မိန့်လိုက်၏။

'ဟိုတစ်နေ့က ဒကာတွေကို ဒီလောက်ကလေး ပြောပြရုံနဲ့ ငွေငါးသောင်း ကပ်သွားတယ်။ အဲဒီငွေကို မရှိဆင်းရဲသားတွေကို ပြန်စွန့်လိုက်တယ်။ ဘုန်းကြီးလည်း ပယင်းမဟော်သဓာ၊ ပယင်းဝိဇ္ဇာဖြစ်အောင် ရှေ့ဆက်လေ့လာရဦးမယ်'

ထိုသူက 'တပည့်တော်လည်း ပယင်းအအောင်ရင် လာပြီး လှူပါမယ်' ဟု လျှောက်ထားကာ ပြန်သွားလေတော့သည်။

**ပယင်း(၃)**

တစ်နေ့သောအခါ ကျွန်ုပ်၏ကျောင်းသို့ အမျိုးသမီးသုံးယောက်နှင့် အမျိုးသားတစ်ယောက် ရောက်လာလေ၏။ သူတို့လေးယောက်ထဲမှ နှစ်ယောက်က ဇနီးမောင်နှံဖြစ်သည်ဆို၏။ ပယင်းလုပ်သည်ဟု လျှောက်၏။ ကျွန်ုပ်က မေး၏။ ပယင်း ကိုယ်တိုင်တူးတာလား။ ပယင်းအရောင်းအဝယ်လုပ်တာလား။ ပွဲစားလားဟု မေးကြည့်ရာ အရောင်းအဝယ် လုပ်ပါကြောင်း ပြန်ဖြေကြသည်။

ကျွန်ုပ်ကို ပယင်းပုတီးလေး,ငါးကုံးပေးကာ 'အရှင်ဘုရား..ဈေးကောင်းရအောင် သိဒ္ဓိတင်ပေးပါ' ဟု လျှောက်၏။

ကျွန်ုပ်က ပရိတ်ရွတ်နေစဉ် လည်မှာဆွဲ၊ နံဘေးမှာ ချိတ်ထား၏။ ခတ်ပုံထဲကအတိုင်းဖြစ်သည်။ ကျွန်ုပ်ကိုလည်း သွေးပြီးသားပယင်းသုံး,လေးလုံး လှူသွားလေ၏။ ဘုရားတည်လျှင် ဌာပနာရန် ကျွန်ုပ်က ကြိုတင်အလှူခံထားသောကြောင့် လာလှူခြင်းဖြစ်သည်။ အတော်လေးလှ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုပယင်းတို့ကို ကျွန်ုပ်သည် နန်းကွေ့ချောင်းနားက နန်းကွေ့ရွာ မဟာစည်ရိပ်သာတွင် တည်ထားသော စေတီတော်တွင် ဌာပနာလိုက်လေ၏။ နန်းကွေ့ရွာသားများကလည်း ကျွန်ုပ်ကို ပယင်းအကြောင်း မေးကြပြန်၏။

'ဒကာတို့ရယ်…ဘုန်းကြီးက ဘုန်းကြီးပဲ။ ပယင်းအကြောင်းကို နားလည်တတ်ကျွမ်းသူ မဟုတ်ပါဘူး'ဟု မိန့်လိုက်သည်။

တစ်နေ့တွင် ကျောင်းသို့ရောက်လာသောသူတစ်ဦးက ပြောပြန်၏။

'အရှင်ဘုရားက အရာဝတ္ထုတစ်ခုခုကို လက်နဲ့ကိုင်လိုက်ရင် အကုန်သိတယ်လို့ လူတွေ ပြောကြလို့ပါ'ဟု ဆို၏။

'အရှင်တုန်းကတော့ သိပါတယ်။ အခု သိပ်မသိတော့ဘူး။ သမာဓိအား ကျသွားတာလား၊ တက်သွားတာလား မသိတော့ပါဘူး။ တစ်ခါတလေပဲ သိတော့တယ်။ ရေသောက်ပြီး (၂၇)ရက်ကျင့်တုန်းကတော့ ဒက်ခနဲ ဒက်ခနဲ သိတယ်။ ရေသောက်ကျင့်တာကို မောရိယကျင့်တယ်လို့ ခေါ်တယ်။ ရေသောက်ကျင့်တာနဲ့ ရေဆွမ်းကျင့်တာ နှစ်မျိုးရှိတယ်။ ရေသောက်ကျင့်တာက ရေငတ်တိုင်း အချိန်မရွေး သောက်တဲ့အကျင့်။ ရေဆွမ်းက နံနက်ပိုင်းမှာပဲ သောက်ရတယ်။ မွန်းလွဲရင် မသောက်ရတော့ဘူး။ ဘုန်းကြီးက ဆာတိုင်း အချိန်မရွေးသောက်တယ်။ ရေဆွမ်း မဟုတ်ဘူး'ဟု ကျွန်ုပ်က ရှင်းပြလိုက်သည်။

ထိုသူက မေးပြန်သည်။ 'ဒီပယင်း ဘယ်လောက်တန်မလဲဘုရား'ဟု ဆိုလေ၏။

'အဲဒါ ငါးသောင်းလောက်တန်တယ်'ဟု ကျွန်ုပ်က မိန့်သည်။

'တင်ပါ့။ တပည့်တော်လည်း အနည်းဆုံး သုံးသောင်း၊ အများဆုံး တစ်သိန်းလောက်ပဲ မှန်းထားပါတယ်'ဟု ဆိုလေ၏။

သူက ဆက်ပြောပြန်သည်။

'တပည့်တော်က ထူးခြားဆန်းကြယ်တာကို တွေ့ရတယ်။ တစ်လုံးရရှိထားတယ်။ ပယင်းထဲမှာ ကျိုက်ထီးရိုးဘုရားပုံ ပါနေတယ်ဘုရား။ တပည့်တော် မရောင်းပါဘူး။ အိမ်မှာ ကိုးကွယ်ထားတယ်'ဟု ဆိုလေ၏။

တစ်နေ့သောအခါ ပယင်းရောင်းသမားအဖွဲ့ ပြန်သွားလေသောအခါ လူတစ်စု ရောက်လာလေသည်။ ပယင်းရောင်းသမားများသည် ကျောင်းအပြင်ကိုရောက်ပြီးမှ ပြန်လှည့်လာပြီး ပယင်းတစ်လုံး လှူဦးမယ်ဟုဆိုကာ အိတ်ကို ဖွင့်ပြီး လှူလေသည်။

ကျွန်ုပ်က 'ဘုန်းကြီးကို လှူတာလား၊ ဘုရားကို ဌာပနာဖို့ လှူတာလား'ဟု မေးရာ 'အရှင်ဘုရား ဆန္ဒအတိုင်းပါ'ဟု ပြန်လည်လျှောက်ထားသည်။ ကျွန်ုပ်ပိုင် ပယင်းအိတ်ကလေးထဲသို့ ထည့်သိမ်းလိုက်ပါသည်။

နောက်သုံး,လေးရက်ကြာသော် မော်ဖောင်းတောင်ပေါ်ကျောင်း ဆရာတော် ကြွလာလေ၏။ အင်းတော်ကြီးတွင် ဘုရားတည်မည်ဖြစ်ကြောင်း ကျွန်ုပ်ထံ လာလျှောက်ခြင်းဖြစ်သည်။ ကျွန်ုပ်လည်း ထိုဘုရားတွင် ဌာပနာရန် ထိုပယင်းကို လှူလိုက်လေတော့သည်။

**ပယင်း(၄)**

(၂၀၁၆)ခုနှစ်သည် ပယင်းခေတ် ဖြစ်လေသည်။ ပယင်းကို ယခင်က တရုတ်နိုင်ငံဘက်သို့ အဓိကရောင်းခဲ့သော်လည်း ယခုနောက်ပိုင်း ပြည်တွင်းက အသုံးများသည်၊ သိဒ္ဓိရှိသည်၊ ဆေးဖက်ဝင်သည် စသည်,စသည်တို့ဖြင့် ပယင်းမှ ပယင်းဖြစ်လေ၏။

ထိုအခါ ပယင်းအတုများစွာ ပေါ်လာသည်။ ပယင်းအတုများကလည်း တရုတ်ဘက်က ပြန်ဝင်သည်။ အစ[illegible]နှင့် ခွဲခြားမရ။ ပယင်းကို အတု,အစစ် ဘယ်လိုခွဲရမ[illegible]ဟု တစ်ခါက ဒကာမတစ်ယောက်က မေးသည်။

ကျွန်ုပ်က တူမကမွေးသော မြေးမလေးကို အင်တာ[illegible]နက်ထဲက မှတ်ထားသော ပယင်းအတုနှင့် အစစ်ခွဲနည်း[illegible] ပြောပြလိုက်ဟု ခိုင်းသည်။ သူသည် မြစ်ကြီးနားကော[illegible]လိပ်မှာ သိပ္ပံအဝေးသင် တက်နေသည်။

ပယင်းကို အတု,အစစ်ခွဲနည်း (၁၀)မျိုးရှိသည်[illegible] ဆိုသည်။

**(၁) ဆားရည်ဖြင့်စမ်းခြင်း**

စမ်းသပ်လိုသော ပယင်းကို ဆားရည်မှာ စိမ်[illegible] အထည်ဖြစ်ပါက ဖြုတ်ပါ။ ထိုအခါ ပယင်းသည် [illegible]ရည်တွင် ပေါ်သည်။ သို့သော် ဆားရည်ပိုထည့်ထား[illegible] ပြည့်ဝဆားဖျော်ရည်တွင် ပယင်းမပေါ်ပါ။

**(၂) ရေနွေးပူဖြင့် စမ်းသပ်ခြင်း**

ပယင်းကို ရေနွေးပူဖြင့်စိမ်ပြီး အနံ့ခံ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပယင်းသည် ရေနွေးစိမ်ခံသည်။ စစ်လျှင် သစ်မွှေးနံ့ရသည်။ ချယ်ရီသားနံ့၊ ထင်းရှူးနံ့ ရမည်။ အတုက ကာဘော်လစ်နံ့၊ ညှော်နံ့ရမည်။ သတိပြုရန်မှာ ရေနွေးကို (၁၀၀)ဒီဂရီစင်တီဂရိတ်မျှသာ ထားပါ။ ဒီ့ထက်များသွားလျှင် အငွေ့ပျံသွားမည်။

(၃) လက်သည်းဖျက်ဆေးကို ဝါဂွမ်းမှာတို့ပြီး ပယင်းကို ခပ်နာနာပွတ်ကြည့်ပါ။ ပယင်းစစ်လျှင် မည်သို့မျှ မထူးခြားပါ။ ပယင်းအတုသည် ဝါဂွမ်းမှာ စေးကပ်ကပ်ဖြစ်ကာ အစေးများ ကပ်ပါလိမ့်မည်။

(၄) အပ် (သို့မဟုတ်) ဓားဦးချွန်ဖြင့် အနည်းငယ် ချစ်ကြည့်ပါ။ ပယင်းစစ်လျှင် အမှုန့်များ၊ အစေးလေးများ ပွဲကျပါလိမ့်မည်။ ပယင်းတု (ပလတ်စတစ်)က ငြိနေပြီး ဖန်က အပ်နှင့် ဓားမတိုးပါ။

(၅) ပယင်းကို ချည်ထည်၊ သိုးမွေးတို့ဖြင့် နာနာပွတ်ပါ။ ဆွဲငင်မှုရှိပြီး ပလတ်စတစ်နှင့် ဖန်က မဆွဲငင်ပါ။

(၆) ပယင်းကို အနံ့မပါသော ဆပ်ပြာဖြင့် ရေစင်အောင်ဆေးပါ။ လျှာဖျားနဲ့တို့ကြည့်။ အစစ်က ထင်းရှူး၊ ချယ်ရီ အရသာရှိသည်။

(၇) အနံ့ရှူကြည့်။ အစစ်က ထင်းရှူးချယ်ရီနံ့ဖြစ်ပြီး အတုက မရှိပါ။

(၈) ပယင်းကို ခရမ်းလွန်ရောင်ခြည်နှင့်စမ်းလျှင် မီးစုန်းတောက်ပြီး အတုက မတောက်ပါ။

(၉) ပယင်းသည် နွေးတဲ့အထိအတွေ့ရှိပြီး (ပလတ်စတစ်၊ ဖန်) အတုက မရှိပါ။

(၁၀)ရေထဲမှာ ပယင်းအစစ် မြုပ်ပြီး အတုက ပေါ်သည်။

<u>ပယင်း(၅)</u>

တစ်နေ့သောအခါ ပယင်းကုန်သည်တစ်ဦး ကျောင်းသို့ ရောက်လာပြန်သည်။ အရည်အသွေးကောင်းမွန်သော ပယင်းသည် တစ်ကျပ်သားလျှင် ကျပ်တစ်သိန်းအထိ ဈေးရှိပြီး သစ်ရွက်များ အကောင်များပါဝင်သော ပယင်းမှာ ကျပ်တစ်သိန်းဈေးထက် ပိုသည်ဟု ဆိုသည်။ ပယင်းကျောက်များကို ယခင်က တရုတ်၊ တိဗက်နှင့် ထိုင်းနိုင်ငံတို့က အများဆုံး ဝယ်ယူကြပြီး ယခုနောက်ပိုင်း ပြည်သူများက အဝယ်များသည်။

ပယင်းသည် ဆန်းပြားလျှို့ဝှက်သော သဘာဝရှိပြီး ဈေးတန်ဖိုးကြီးမားသော ပစ္စည်းဖြစ်ကာ အများစုက



ပယင်းလက်ကွင်း

တန်ဖိုးထား ဝတ်ဆင်လာကြပြီဖြစ်သည်။ ပယင်းသည် ရှေးပဝေသဏီကပင် ပေါ်ပေါက်ခဲ့သော်လည်း ယခုမှ ဘာကြောင့် ထင်ထင်ပေါ်ပေါ် ကျော်ကျော်ကြားကြား အုတ်အော်သောင်းတင်း ဖြစ်ရသလဲ။

ပုဂ္ဂိုလ်တစ်ဦးကတော့ ပြောဖူးသည်။ မိုးကုတ်ကျောက်တို့ ရှားလာချိန် ပယင်းက ပေါပေါများများ ပေါ်လာခြင်းက ကျွန်ုပ်တို့အတွက် ကံကောင်းစေသည့် အချက်ဟူ၏။

**အောင်မော်စံဆရာတော်**

<u>ကကိုဝန်ခံချက်</u>

အောင်မော်စံဆရာတော် ရေးသားပေးပို့ထားသော **တစ်နေ့သောအခါများ အမှတ်(၂)စာအုပ်** စာမူကြမ်းမှ ပယင်းအကြောင်းများကို ဆရာတော်၏ ခွင့်ပြုချက်ယူကာ ဂမ္ဘီရမဂ္ဂဇင်းသို့ ပေးပို့ခြင်း ဖြစ်သည်။

**စကြာကောင်းစံ**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပဋ္ဌာန်း(၂၄)ပစ္စည်းနှင့် ပတ်သက်၍ ဘုန်းတော်ကြီးတစ်ပါး အမိန့်ရှိခဲ့ဖူးသည်ကို အမှတ်ရနေဆဲ ဖြစ်လေ၏။

ပြန်လည်တွေးဆ ရေးသားဖော်ပြရသော်-

ခရီးသွား အာဂန္တုဘုန်းတော်ကြီးတစ်ပါးသည် ရွာတစ်ရွာသို့ ရောက်လေရာ အချိန်လွန်၍ အတော်ကြီး ညဉ့်နက်နေပြီဖြစ်သောကြောင့် ရွာအတွင်းသို့ဝင်၍ တစ်ည အိပ်တော့အံ့ဟု နီးရာအိမ်တစ်အိမ်သို့ ဝင်လေ၏။

ဘုန်းတော်ကြီးသည် အိမ်ရှင်တို့အား တစ်ည တည်းခိုရန်ပြောသဖြင့် အိမ်ရှင်တို့သည် ကျေနပ်စွာ အာဂန္တုဘုန်းတော်ကြီးကျိန်းရန် အိပ်ရာနေရာတို့ကို ကောင်းစွာ ခင်းကျင်းပေးလေ၏။

ထိုဘုန်းတော်ကြီးသည် ကျိန်းသော အိမ်၌လည်း ယောကျ်ားမရှိ။ မိခင်နှင့် သမီးပျို နှစ်ယောက်အားဖြင့် သုံးယောက်သာ ရှိလေ၏။ ထိုသားအမိသုံးယောက်သည် စုန်းအတတ်ပညာကို ကောင်းစွာတတ်သော ပညာသည်တို့ ဖြစ်ကြလေ၏။

ဘုန်းတော်ကြီးသည် မိမိသွားလာရန် ခရီးစဉ်နှင့် အရေးကိစ္စ အရပ်ရပ်ကို တွေးတောမိသဖြင့် သန်းခေါင်ချိန် ထိသည့်တိုင်အောင် ကျိန်း၍မပျော်ဘဲ ရှိလေ၏။

အိမ်ရှင်မိသားစု သုံးယောက်တို့သည် ဘုန်းတော်ကြီး အိပ်ပျော်နေပြီ ထင်မှတ်၍ အချင်းချင်း တိုင်ပင်ပြောဆိုကြလေ၏။

"သမီးတို့.. ငါတို့အိမ်၌ ခရီးသွား အာဂန္တုဘုန်းတော်ကြီး ကျိန်းစက်တော်မူတယ်။ မနက်ဖြန်ခါ အရဏ်



# ကိုမောင်သန်းဝင်း

## ပဋ္ဌာန်း(၂၄)ပစ္စည်းကြောင့် ဂတိသက်ချမ်းသာရာ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်း ကပ်ရလိမ့်မယ်။ ငါတို့ ရွာတောင်ဝင်းထဲမှာ ကလေး တစ်ယောက် မကျန်းမမာဖြစ်နေတယ်။ ဘုန်းတော်ကြီး အတွက် ဆွမ်းဟင်းချက်ပြုတ်ကပ်လှူဖို့ အဲဒီကလေးရဲ့ အူ၊ အသည်းတွေကို နုတ်ယူပါ'ဟု သမီးငယ်အား စေခိုင်း လေ၏။

သမီးငယ်လည်း မိခင်စေခိုင်းသည့်အတိုင်း မကျန်း မမာဖြစ်နေသော ကလေးအိမ်ရှိရာ တောင်ဝင်းသို့ ရောက် လေသော် ထိုမကျန်းမမာဖြစ်နေသော ကလေးအိမ်မှာ တံ တိုင်းအကာအရံတို့သည် လုံခြုံစွာပိတ်ဆို့နေသဖြင့် အိမ် အတွင်းသို့ မဝင်နိုင်သောကြောင့် အိမ်သို့ ပြန်လာခဲ့လေ၏။

မိခင်သည် သမီးငယ်ပြန်လာသည်ကို မြင်သဖြင့် 'ချစ်သမီး..ရခဲ့၏လော'ဟု မေးလေ၏။

သမီးငယ်သည် "မိခင် မကျန်းမမာဖြစ်နေသော ကလေးအိမ်မှာ အကာအရံ တံတိုင်းတို့သည် အလွန်လုံ ခြုံစွာ ပိတ်ဆို့နေသဖြင့် မဝင်နိုင်၍ ပြန်လာခဲ့ရပါသည်" ဟု ပြောလေ၏။

မိခင်က ညံ့ဖျင်း၍သာ မဝင်နိုင်ဖြစ်မည်။ သမီးကြီး သွားချေဟု သမီးကြီးအား စေခိုင်းလိုက်လေ၏။ သမီးကြီး လည်း မမာသော ကလေး၏ အူ၊ အသည်းကို နုတ်ယူရန် သွားလေလျှင် ရှေးနည်းအတူပင် မမာသော ကလေးအိမ်၌ တံတိုင်းကာရံ၍နေသဖြင့် မဝင်နိုင်သောကြောင့် ပြန်ခဲ့ရ ပြန်လေ၏။

ထိုသမီးကြီး ပြန်လာသောအခါ မိခင်သည် နင်တို့ အလွန်ညံ့ဖျင်းကြသည်။ ငါကိုယ်တိုင် သွားမည်ဟု စိတ် ဒေါမာန်ပါ လျင်မြန်စွာ ထ၍သွားလေ၏။

ဘုန်းတော်ကြီးသည် မိမိသွားလာရန် ခရီးလမ်းအစဉ် နှင့် အရပ်ရပ်ကိစ္စတို့ကို တွေးတောဆင်ခြင်မိသဖြင့် အိပ် ၍မပျော်နိုင်ရှိသည်တွင် အိမ်ရှင်သားအမိ သုံးယောက်တို့ ၏ ပြောဆိုသော စကားနှင့် ပြုလုပ်ဆောင်ရွက်ကြသော အမှုအရာအလုံးစုံကို ကြားသိရသဖြင့် ကြောက်လန့်ဖွယ် ရာ ကောင်းသည်ဖြစ်၍ ပျော်အောင်ပင် မအိပ်ဝံ့တော့ဘဲ ကြက်ဖေးများထွက်ကာ အသက်ကိုပင် ပြင်းပြင်းမျှမရှူဝံ့ ဘဲ အိပ်ပျော်ချင်ပြု၍သာ နေရလေ၏။

ဘုန်းတော်ကြီးစိတ်၌ စဉ်းစားနေသည်မှာ အိမ်ရှင် သမီး နှစ်ယောက်တို့သည် မမာသော ကလေး၏ အူ၊ အသည်းကို နုတ်ယူရန် သွားကြသော်ငြားလည်း အိမ်တွင်း သို့ မဝင်နိုင်၍ ပြန်ခဲ့ကြလေပြီ။ ယခု မိခင်ကိုယ်တိုင် သွားပြန်လေပြီ။ သမီးများနည်းတူ မဝင်နိုင်ပါစေနှင့်၊ မယူနိုင်ပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းလျက် နေလေ ၏။

အကယ်၍ မမာသော ကလေး၏ အူ၊ အသည်းကို ယူ၍ရခဲ့လျှင် ဆွမ်းချက်၍ ငါ့ကို အရုဏ်ဆွမ်းကပ်ပေ တော့မည်။ ထိုအခါ စားရမည်လည်း ခက်လှ၏။ စား လည်း မစားဝံ့ချေ။ မစားဘူးဟူ၍ ငြင်းပယ်ရမည်လည်း ခက်၏။

ထိုအိမ်ရှင်မတို့ ကပ်လှူသောဆွမ်းကို မစားဘူးဟူ၍ ငြင်းပယ်ခဲ့သော် ငါတို့မှာ သဒ္ဓါတရားနှင့် ကြိုးစားအား ထုတ်ပြုလုပ်၍ ချက်ပြုတ်ကပ်လှူသည်ကို ဘုန်းတော်ကြီး သည် ဒကာ၊ဒကာမတို့၏ သဒ္ဓါတရားကို မငဲ့ဟု ငါ့ အပေါ် အမျက်ဒေါသထွက်ပြီးလျှင် မည်သို့မည်ပုံ ပြုလုပ် ကြလေမည်နည်း။ ဘုန်းတော်ကြီးမှာ အတွေးနှင့် မွန်း ကျပ်နေလေ၏။

သမီးနှစ်ယောက် ရအောင် မယူနိုင်သဖြင့် မရ၊ ရအောင် ငါယူမည်ဟု သွားသော မိခင်သည် မမာသော ကလေးအိမ်သို့ ရောက်သောအခါ တံတိုင်းအကာအရံ လုံခြုံစွာ ပိတ်ဆို့နေသည်ကို တွေ့လေသော် မိမိတတ်စွမ်း သမျှသော ပညာဖြင့် အမျိုးမျိုးစီမံ၍ ဝင်နိုင်ရန် အား ထုတ်သော်ငြားလည်း မတတ်နိုင်သည်ဖြစ်၍ မကျေမနပ် နှင့်ပင် ပြန်ခဲ့ရလေ၏။

အာဂန္တုဘုန်းတော်ကြီးသည် အလွန်ကြောက်လန့် သဖြင့် ထိုအိမ်၌ လင်းအောင် မနေဝံ့တော့ဘဲ အရုဏ် မတက်မီ စောစောကပင်လျှင် အိမ်ရှင်များကိုနှိုး၍ ဘုန်း ကြီးမှာ သွားရန်ခရီး ဝေးလှသေးသည့်အတွက် သွားပါ ဦးမည်။ ယခု အရုဏ်တက်ခါလည်း နီးနေပါပြီဟု နှုတ် ဆက်လျက် ပြောပြောဆိုဆိုပင် ဆင်းသွားလေ၏။

ဘုန်းတော်ကြီးသည် အိမ်မှ လက်လွတ်ထွက်လာခဲ့ ရာ ရွာပြင်သို့ရောက်လျှင် အတော်ပင် စိတ်အေး၍သွားလေ ၏။ ထိုရွာနှင့် မနီးမဝေးတွင်ရှိသော ရေတွင်းတစ်တွင်း ၌ ရေခပ်၍နေသော အဘိုးအိုတစ်ယောက်ကို တွေ့လေရာ ဘုန်းတော်ကြီးသည် ညက တွေ့ခဲ့သော အကြောင်းများကို တွေးတောလျက် အနည်းငယ်မျှ စိတ်တုန်လှုပ်ခြင်း ဖြစ် သည့်အပြင် အိမ်မှလည်း လက်လွတ်ထွက်ခဲ့ရသည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကလည်း သီသီစောနေသေးသဖြင့် ရေခပ်သော အဘိုးအိုနှင့် ခေတ္တခဏ စကားစမြည်ပြော၍ အရုဏ် တက်စေဦးမည်ဟု အောက်မေ့လျက် အဘိုးအိုအား နှုတ် ဆက်လေ၏။

'ဒကာကြီး..ရေခပ်နေပါသလား။ အချိန်စောလွန်း လှပါသေးတယ်'ဟု အဘိုးအိုအား စကားစ၍ပြောလေ၏။

အဘိုးအိုကလည်း ဘုန်းတော်ကြီးမေးသည်ကို ကြား သဖြင့် 'တင်ပါ့၊ ရေခပ်ပါသည်ဘုရား။ တပည့်တော်မှာ မြေးကလေး မမာနေသည့်အတွက် အိပ်၍မပျော်နိုင်ပါ သဖြင့် စောစောပင်ထ၍ ရေခပ်ရပါသည်ဘုရား'ဟု လျှောက်လေ၏။

ဘုန်းတော်ကြီးလည်း အဘိုးအို၏ မြေးကလေး မမာ နေသည်ဆိုသော စကားကို ကြားရပြန်သဖြင့် စကားစ ပေါ်လာပြန်၍ 'ဒကာကြီး..ဒကာကြီးအိမ်က ဘယ်အရပ် ထဲမှာလဲ'ဟု ဆက်လက်၍ မေးမြန်းလေ၏။

ရေခပ်နေသော အဘိုးအိုက 'တပည့်တော်ရဲ့အိမ်က ဒီတောင်ဝင်းထဲမှာပါဘုရား'ဟု တောင်ဝင်းဆီသို့ လက် ညှိုးညွှန်ကာ လျှောက်ထားလေ၏။

ဘုန်းတော်ကြီးသည် ညက ဖြစ်ပျက်ခဲ့သော အကြောင်းနှင့် အဘိုးအို၏ မြေးကလေး မမာနေသည်နှင့် တိုက်ဆိုင်ညီညွတ်နေသည်ကို သိတော်မူသဖြင့် ထင်ရှား အောင် တစ်ဖန်ထပ်၍ မေးပြန်လေ၏။

'ဒကာကြီး..ဒကာကြီးတို့ တောင်ဝင်းထဲမှာ အခြား ကလေးများ မမာနေတာရှိသေးသလား'

ဟု မေးလေရာ အဘိုးအိုကလည်း-

'တပည့်တော်တို့ တောင်ဝင်းထဲမှာ တပည့်တော်ရဲ့ မြေးကလေးတစ်ယောက်သာ မကျန်းမမာဖြစ်နေတာပါ။ အခြားကလေးများ ကျန်းကျန်းမာမာ ရှိနေကြပါတယ်'ဟု လျှောက်ထားလေ၏။

ဘုန်းတော်ကြီး စိတ်ထဲ၌ဖြစ်သည်မှာ ညက ပညာ သည် သားအမိသုံးယောက်တို့ အူ၊ အသည်း နုတ်ရန် သွားကြသည်မှာ ဤအဘိုးအို၏ မြေးကလေးပင် ဖြစ်ပေ မည်။

ပညာသည် သားအမိသုံးယောက်တို့သည် တံတိုင်း အကာအရံ လုံခြုံသဖြင့် အိမ်တွင်းသို့ မဝင်နိုင်ဟု ပြောကြ သည်။ ဤအဘိုးအို၌ လက်ဖွဲ့၊ အင်း၊ အိုင်ကောင်း၊ ဂါထာ၊ မန္တရားကောင်း တစ်ခုခု အမှန်ရှိနေပေလိမ့်မည်။

သို့ဖြစ်၍သာ ပညာသည်တွေ မဝင်နိုင်ဘဲ ဖြစ်ရ မည်ဟု အောက်မေ့သဖြင့် 'ဒကာကြီး..ဒကာကြီးမှာ ဂါထာ၊ မန္တရား၊ အင်း၊ အိုင်၊ လက်ဖွဲ့ကောင်းများ ရှိနေပါ သလား'ဟု မေးမြန်းလေ၏။

အဘိုးကြီးကလည်း 'တပည့်တော် လက်ဖွဲ့၊ အင်း၊ အိုင် စတဲ့ အကွယ်အကာ အဆောင်ကောင်းဟူ၍ တစ်စုံ တစ်ခုမျှ မရှိပါ။ ဝါသနာလည်း မပါတဲ့အတွက် ရလည်း မရ၊ ရှိလည်း မရှိပါဘုရား'ဟု လျှောက်ထားလေ၏။

ဘုန်းတော်ကြီးက-

'ဒကာကြီးမှာ အင်း၊ အိုင်၊ လက်ဖွဲ့ မရှိရင် ဘာတွေ ကို စွဲစွဲမြဲမြဲ ရွတ်ဖတ်ခြင်းပြုနေပါသလဲ'

ဟု မေးသော် အဘိုးအိုက-

'တပည့်တော်မှာ ညစဉ် အိပ်ရာဝင်လေတိုင်း (၂၄) ပစ္စည်းကိုသာ ရွတ်ဖတ်၍ အိပ်ပါတယ်ဘုရား'ဟု လျှောက် ထားလေ၏။

ဘုန်းတော်ကြီး၏စိတ်၌ ပဋ္ဌာန်း(၂၄)ပစ္စည်း၏ အစွမ်း ကြောင့်သာ ပညာသည်တို့ မဝင်နိုင် ဖြစ်မည်။ သို့ဖြင့် မကျန်းမာသော ကလေးမှာ ချမ်းသာရာရပေပြီ။

'ဒကာကြီး..ပဋ္ဌာန်း(၂၄)ပစ္စည်းကို အမြဲရွတ်ဖတ်ရစ် ပါ။ သတိမမေ့မလျော့ပါနှင့်။ အထူးသတိပြု၍ အသက် ထက်ဆုံး ရွတ်ဖတ်နေပါလေ'ဟူ၍ အဖန်ဖန်အထပ်ထပ် နှိုးဆော်တိုက်တွန်းပြီး အဘိုးအိုအား နှုတ်ဆက်၍ ဘုန်း တော်ကြီးသည် သွားလိုရာခရီး ဆက်လက်ကြွသွားလေ တော့၏။

ဤပဋ္ဌာန်းဒေသနာတော်ကြီးသည် ထက်မြက်စူးရှ သော တန်ခိုးစွမ်းပကားရှိသည်မှာ လောကုတ္တရာကျမ်း များ၌ ထင်ရှားလှလေ၏။

ပဋ္ဌာန်းဒေသနာတော်ကြီးသည် အလွန်ကြီးမားသော တန်ခိုးရှိပါလျက် ယုတ်ညံ့သေးငယ်သော အမှောင့်ပယောဂ တို့ကို ကာကွယ်နိုင်သဖြင့် ပိုးစုန်းကြူးအရောင်ကို ပယ် ဖျောက်နိုင်သည်ဆိုသော နေမင်းဆိုသကဲ့သို့ ဂုဏ်နှင့် ဂုဏေး မတန်ဖြစ်ရာသည်။ သို့သော်ငြားလည်း မိမိတို့နှင့် ထိုက်တန်ရာ အသုံးပြုစေရန် ရည်သန်စိတ်ထား၍ ကုသိုလ် စိတ်ညွတ် ရေးသားလိုက်ပါသတည်း။

**ကိုမောင်သန့်ဇင်**

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တိုင်းသည် ကံနှင့် ကံ၏အကျိုးကို ယုံကြည်ကြ၏။ ကံဆိုသည်မှာ အလုပ်ဖြစ်၍ ကောင်းသောအလုပ်နှင့် မကောင်းသော အလုပ်ဟူ၍ အလုပ်နှစ်မျိုး (ဝါ) ကံနှစ်မျိုး ရှိ၏။ ကံဟူသည်မှာ မိမိပြုလုပ်သမျှ အကျိုးပေးသည်ဖြစ်ရာ ကောင်းသောကံကို ပြုလုပ်ပါက ကောင်းသောကံ၏ အကျိုးပေးကို ရမည်သာ။ မကောင်းသောကံကို ပြုလုပ်မိပါကလည်း မကောင်းသောကံ၏ အကျိုးပေးကို ခံစားရမည်မှာ မလွဲကေန်ဖြစ်ပါ၏။ ထို့ကြောင့် လူတိုင်း,လူတိုင်းသည် ကောင်းမြတ်သော အလုပ် (ဝါ) ကံကို ပြုလုပ်ကြရန် ဆိုအပ်ပေသည်။

မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူသော စကားနှင့်အညီ လူ့ဘဝသည် အလွန်ပင် ရခဲ၏။ လူ့ဘဝ ရခဲပုံကို ဗြဟ္မာ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်တစ်စင်း အပ်သွားချင်းသာ ထိဖွယ်ရာ ပမာပုံသို့ခင်းဟူ၍ ပမာစကား ဆိုပါ၏။ ဤပမာစကားအရ ဗြဟ္မာ့ပြည်က ချလိုက်သောအပ်နှင့် လူ့ပြည်က ထောင်ထားသော အပ်တို့သည် အချင်းချင်း ထိပ်တိုက်ဆုံဖွယ်ရာသာ ရှိ၏။ လူ့ဘဝကို ရဖို့ကား



**ချစ်မင်းသူ**

# မေတ္တာပေးမှ မေတ္တာရ၏



www.burmeseclassic.com

www.burmeseclassic.com

ထို့ထက်ပို၍ ခက်၏။ ထို့ကြောင့် လူတို့သည် ရခဲလှစွာသော လူ့ဘဝ၌ လူဖြစ်လာကြသည်တွင် ထိုက်ထိုက်တန်တန် အကျိုးရှိအောင် ကောင်းသောအလုပ်တို့ကို ဆောင်ရွက်သွားသင့်ကြပေ၏။

(၃၁)ဘုံ၌ ကျင်လည်ကြရသော သတ္တဝါများထဲတွင် လူမည်သော သတ္တဝါသည်လည်း ပါဝင်၏။ သံသရာ၌ ကျင်လည်ရခြင်းသည် ဇာတ်စင်ပေါ်၌ ဇာတ်ဆောင်အဖြစ် ကပြရခြင်းနှင့်တူ၏။ လူအဖြစ်လည်း ကပြရ၍ တိရစ္ဆာန်အဖြစ်လည်း ကပြကြရ၏။ ငရဲသားအဖြစ်လည်း ကပြရ၏။ သံသရာဇာတ်စင်၌ သတ္တဝါတစ်ဦးအနေဖြင့် မိမိ မကပြဖူးသော ဇာတ်ဆောင်ဟူ၍ မရှိချေ။ အားလုံး ကပြရဖူးသည်သာ ဖြစ်ပါ၏။ သို့သော် ဇာတ်ဆောင်အဖြစ် မိမိ ကပြချင်သလို ကပြ၍တော့မရ။ ဇာတ်ဆရာစေခိုင်းသည့်အတိုင်းသာ ကပြရ၏။ ဇာတ်ဆရာဟူသည်မှာ ကံဖြစ်၏။ ထို့ကြောင့် သတ္တဝါမှန်သမျှသည် ကံစီမံသည့်အတိုင်း လိုက်နာကြရသည်သာ ဖြစ်ပါ၏။

လူတို့သည် ခဏတိုင်း,ခဏတိုင်း ကံကိုပြုနေကြ၏။ ထိုသို့ပြုနေရာတွင် ကာယကံကိုသော်လည်းကောင်း၊ ဝစီကံကိုသော်လည်းကောင်း၊ မနောကံကိုသော်လည်းကောင်း တစ်ခုမဟုတ်တစ်ခု ပြုနေကြသည်သာ ဖြစ်၏။ ထိုသို့ပြုနေရခြင်းသည် သတ္တဝါမှန်သမျှ ကံနှင့် မကင်းသောကြောင့်ပင် ဖြစ်ပါ၏။ ကံတွင် ကုသိုလ်ကံ (ဝါ) ကောင်းသော အလုပ်နှင့် အကုသိုလ်ကံ (ဝါ) မကောင်းသော အလုပ်ဟူ၍ ရှိပြန်ရာ ကုသိုလ်ကံသည် ကောင်းကျိုးကိုပေး၍ အကုသိုလ်ကံသည် မကောင်းကျိုးကိုပေးကြောင်း အထူးပြောစရာ လိုမည်မဟုတ်ပေ။ သို့ဖြစ်ရာ အကုသိုလ်ကံကို ပြုခြင်းထက် ကုသိုလ်ကံကို ပို၍ပြုနိုင်အောင် ကြိုးစားအားထုတ်ကြရပေမည်။

တစ်ဖန် လူတိုင်း၏ ချစ်ခင်နှစ်သက်မှု တုံ့ပြန်မှု မေတ္တာကို လိုချင်သော် မိမိက ဦးစွာ မေတ္တာထားရပေမည်။ မေတ္တာပေးသော် မေတ္တာရသည်မှာကား အမှန်ပင် ဖြစ်ပါ၏။ အချို့သူတို့မှာ မေတ္တာပေးတိုင်းမရဟု ဆိုကြ၏။ ဤသို့ဖြစ်ရသည်မှာ မိမိကပေးသောမေတ္တာ မဖြူစင်၍သာ ဖြစ်၏။ မိမိပေးသောမေတ္တာ ဖြူစင်ပါက မည်သူ့ထံမှဖြစ်စေ ဖြူစင်သောမေတ္တာကို ရရှိမည်မှာ မြေကြီးလက်ခတ် မလွဲတည်း။ အထူးသဖြင့် မည်သူက မိမိအပေါ် မေတ္တာထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ မိမိက လူတိုင်းအပေါ် မေတ္တာထားရန်သာ အရေးကြီး၏။ ဤသို့ မေတ္တာတရားထားခြင်းကြောင့် မိမိတွင် အကျိုးယုတ်လျော့ခြင်း အလျှင်းမရှိချေ။

လောကတွင် လက်တွေ့အားဖြင့် ချစ်ခြင်းမေတ္တာ သုံးမျိုးကို တွေ့ရ၏။ ချစ်သူအချင်းချင်း ချစ်သော ချစ်ခြင်းမေတ္တာတစ်မျိုး၊ မိသားစုအချင်းချင်း ချစ်သော ချစ်ခြင်းမေတ္တာကတစ်မျိုး၊ မြင့်မြတ်သောသူများက လောကအပေါ် ချစ်သော ချစ်ခြင်းမေတ္တာကတစ်မျိုး ဖြစ်၏။ ချစ်ခြင်းမေတ္တာ၌ ငါအပွားဆုံး ပါဝင်သောအခါ ချစ်သူချစ် ဖြစ်လာ၏။ ငါအပါးဆုံး ပါဝင်သောအခါ လောကချစ် ဖြစ်လာ၏။ မိသားစု၏ ချစ်ခြင်းမေတ္တာ၌ကား ငါသည် အလယ်ဗဟို၌ရှိ၏။ ပွားရာဘက်သို့လည်း ရွေ့ရှုနိုင်၏။ ပါးရာဘက်သို့လည်း ရွေ့ရှုနိုင်၏။

မေတ္တာသုံးမျိုးတွင် ချစ်သူချစ် မေတ္တာသည် အစွန်းရောက်မေတ္တာ ဖြစ်၏။ ထိုချစ်မေတ္တာ၌ မိမိချစ်သူ အသာစီးရေး ပါဝင်သဖြင့် လောဘစွန်းသို့ ရောက်၏။ အခြားသူများအပေါ် အဟန့်အတားပြုသဖြင့် ဒေါသစွန်းသို့ ရောက်၏။ မိသားစုချစ်ခြင်းမေတ္တာ၌လည်း ထိုနည်းအတူပင် မိမိ၏ မိသားစုအတွက်သာဖြစ်လျှင် လောဘအစွန်းရောက်၏။ အခြားမိသားစုများအပေါ် ငဲ့ညှာထောက်ထားခြင်း မရှိလျှင် ဒေါသစွန်းသို့ ရောက်၏။ အစွန်းရောက် အချစ် ဟူသမျှသည် လောကအတွက် အန္တရာယ်ပင်ဖြစ်၏။ ထို့ကြောင့် လောကကို အန္တရာယ်ပြုခြင်းမှ ကာကွယ်ရန်အတွက် အစွန်းရောက် အချစ်မျိုးများအပေါ် လောကချစ်ဖြင့် ထိန်းကျောင်းရလေ၏။

အမှန်အားဖြင့် လောဘကို သတ်နိုင်ခြင်းသည် ဓမ္မအားဖြင့် နိဗ္ဗာန်ကို ရခြင်းဖြစ်၏။ နိဗ္ဗာန်ကို ရခြင်းသည် သန္တိသုခကို ရခြင်းပင်ဖြစ်၏။ ဤလောက၌ သန္တိသုခလောက်ငြိမ်းချမ်းသောချမ်းသာဟူသည် မရှိကောင်းချေ။ ထို့ကြောင့် သန္တိသုခကိုရသော ပုဂ္ဂိုလ်များသည် မည်သည့်နည်းနှင့်မျှ နိမ့်ကျသူများ မဖြစ်နိုင်ကြောင်းမှာ ပေါ်လွင်ပါ၏။ ဗုဒ္ဓဒေသနာတော်အရဆိုလျှင် သန္တိသုခကို ရခြင်းသူများသည် အရိယာပုဂ္ဂိုလ်များသာ ဖြစ်၏။ အရိယာပုဂ္ဂိုလ်ဟူသမျှသည် လူ့,နတ် ဦးခိုက်ပူဇော်ထိုက်သူများသာ ဖြစ်ကြ၏။ အမှန်အားဖြင့် လောကကို ကုန်အောင်



www.burmeseclassic.com

www.burmeseclassic.com

မပြုနိုင်ကြသေးစေကာမူ လောဘကို ပါးသည်ထက်ပါးအောင် ပြုနိုင်ကြသူများသည်ပင် လူ့နတ် ဦးခိုက်ပူဇော်ထိုက်သူများ ဖြစ်ကြလေပြီ။ မမျှော်ကိုးခြင်းဟူသည် တကယ်ချစ်မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် ပါရမီမြောက်လေ စွမ်းအားကြီးမားလေ ဖြစ်၏။

စွမ်းအားကြီးမားသော ချစ်ခြင်းမေတ္တာကို ပါးစပ်က ရွတ်ဆိုနေရုံမျှဖြင့် ဖြစ်ပေါ်လာအောင် လုပ်၍မရပေ။ လက်တွေ့ကျင့်ကြံပွားများ အားထုတ်ပါမှ ဖြစ်ပေါ်လာအောင် လုပ်၍ရ၏။ ကျင့်ခါစတွင် မေတ္တာသည် စွမ်းအင်နည်းပါးမည်ဖြစ်သော်လည်း ကျင့်ပါများသောအခါ မေတ္တာသည် တဖြည်းဖြည်းချင်း စွမ်းအင်ကြီးမားလာမည်ဖြစ်၏။ မေတ္တာစွမ်းအားပြယုဂ်များကို ကျမ်းဂန်များ၌ ဖော်ပြထားရာ သေယျဇာတ်အကျဉ်းကို အနည်းငယ်မျှ ဖော်ပြချင်ပါသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသော အမတ်တစ်ယောက်ကို အပြစ်နှင့်လျော်ညီသော အပြစ်ကိုပေး၍ တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ ထိုအမတ်သည် ကောသလမင်းထံ သွား၍ ခစားပြီးလျှင် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူသော် အလွယ်တကူရမည့်အကြောင်း လျှောက်ထား၍ ထိုလျှောက်ထားချက်အတိုင်း ကောသလမင်းက ဗာရာဏသီပြည်ကို ဝင်ရောက်တိုက်ခိုက်လေ၏။

ထိုအခါ ဗာရာဏသီပြည်ကို အလွယ်တကူပင် သိမ်းပိုက်နိုင်ခဲ့ပြီး မင်းနှင့်တကွ အမတ်များကို ထောင်သွင်းအကျဉ်းချထားလေ၏။ ဗာရာဏသီမင်းသည် ရန်သူဖြစ်သော ကောသလမင်းကို အာရုံပြု၍ မေတ္တာပွား၏။ ဗာရာဏသီမင်း၏ မေတ္တာသည် ဈာန်အဆင့်သို့ရောက်၍ အလွန်အားရှိ၏။ ထိုသောအခါ ကောသလမင်းသည် မနေနိုင်မထိုင်နိုင်လောက်အောင် ပူလောင်ခြင်း ဝေဒနာကို ခံစားရလေ၏။ နောက်ဆုံးတွင် ကောသလမင်းသည် ဗာရာဏသီမင်းကို တောင်းပန်ဝန်ချပြီး တိုင်းပြည်ကို ဗာရာဏသီမင်းအား ပြန်လည်အပ်နှံလိုက်ပါမှ ပူလောင်ခြင်းဝေဒနာငြိမ်းအေးသွားလေ၏။

ဤဇာတ်မှာ မေတ္တာစွမ်းအင် ပြဇာတ်ဖြစ်၏။

ဤဇာတ်တော်အရ မေတ္တာလက်နက်သည် အခြားလက်နက်များထက် ပိုမို၍အစွမ်းထက်ကြောင်း ထင်ရှား၏။ ဤသို့ဖြစ်ရာ မေတ္တာထားခြင်းသည် အကျိုးမယုတ်နိုင်သည်မှာ ထင်ရှားလှပါ၏။ ကျွန်ုပ်တို့သည် လောကကြီးထဲတွင် ချစ်သူကိုလည်းကောင်း၊ မိသားစုကိုလည်းကောင်း၊ လောကအတွင်းရှိ အခြားသော လူတို့အားလည်းကောင်း သေဆုံးခြင်းမတိုင်မီ ဆက်ဆံပေါင်းသင်း နေထိုင်ကြရမည်သာ ဖြစ်ပါ၏။ ထိုအခါတွင် ကျွန်ုပ်တို့နှင့် ဆက်ဆံပေါင်းသင်းကြရသူများအားလုံး သုခချမ်းသာ အဖြာဖြာနှင့် ပြည့်စုံရန် ကျွန်ုပ်တို့မှာ မေတ္တာတရားရှေ့ထားရန် လိုအပ်ပါ၏။ သို့ဖြစ်လျှင် လောကတစ်ခွင်လုံး ငြိမ်းချမ်းသာယာမည် ဖြစ်၏။ လောကငြိမ်းချမ်းလျှင် မိမိလည်း ငြိမ်းချမ်းမည်မှာ အမှန်ပင် ဖြစ်၏။

အဓိကမှာ မည်သူက မေတ္တာပျက်ပျက် မိမိက မေတ္တာမပျက်ရန် အရေးကြီးပါ၏။ မေတ္တာကို မိမိ၏ကိုယ်တွင်း၌ အစဉ်အမြဲကိန်းဝပ်နေရန် မွေးမြူထားဖို့ လိုအပ်၏။ မေတ္တာသည် နေရာမရွေး၊ ဘာသာမရွေး ထားသင့်သောအရာ ဖြစ်ပါ၏။ ဖြစ်နိုင်လျှင် လောကချစ်မေတ္တာတရား ထားနိုင်လေ ကမ္ဘာကြီး ငြိမ်းချမ်းသာယာလေ ဖြစ်၏။ မေတ္တာထားခြင်းဖြင့် မိမိကိုယ်တိုင်လည်း ချမ်းသာသုခ ပြည့်စုံသကဲ့သို့ မိမိနှင့်ဆက်ဆံသောသူတို့လည်း သုခ ချမ်းသာပြည့်စုံမည်သာဖြစ်၏။ သို့ဖြစ်ရာ အစဉ်အမြဲ မေတ္တာတရား ရောင်ပြန်ဟပ်လာစေရန် မိမိက မေတ္တာပေးဝေရန် လိုပေသည်။

လောကတွင် မေတ္တာသည် အကြီးမားဆုံးသော အင်အားတစ်ရပ်ဖြစ်ရာ မေတ္တာဖြင့် အရာရာကို အောင်မြင်စေရသည်။ မေတ္တာတရားဖြင့် အရာရာကို အေးငြိမ်းသာစေရသည်။ မည်သူဖြစ်စေ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတို့ ဖုံးလွှမ်းခြင်းမှ ကင်းဝေးစေချင်ပါသည်။ ဆန္ဒမွန်အားဖြင့် မေတ္တာပေး၍ မေတ္တာရကြသူများသာလျှင် ဖြစ်ကြစေချင်ပါသည်။ ဖြစ်ကြပါစေဟုလည်း ဆန္ဒပြုအပ်ပါသည်။ လူတိုင်း လူတိုင်း အေးမြသော မေတ္တာကို ဝေငှနိုင်ပါက အေးမြငြိမ်းချမ်းသော ကမ္ဘာကြီး ဖြစ်လာပေမည်။ လူတိုင်း ကြိုးစားအားထုတ်ကြပါကုန်။

**ချစ်မင်းသူ**

**မှီငြမ်း**

* ဦးရွှေအောင်၏ အမြင်များ ပြောင်းလဲခြင်း။



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းတို့ လှူတော့မည်ဆိုသည့် သတင်းက ရွာရိုးတစ်လျှောက် ပျံ့နှံ့လျက်ရှိသည်။ ဤသတင်းကို ကြားလျှင်ကြားချင်း ဘကြီးထွန်းသောင်းက ကျော်ဝင်းတို့လင်မယားကို ခေါ်တွေ့သည်။

'ဟဲ့..ငကျော်၊ နင် လှူတော့မယ်ဆို။ နင့်သားတွေ ချည်းပဲလား'

'ဟုတ်တယ် ဘကြီး၊ အိမ်က ကောင်တွေချည်းပဲ။ ပထမတော့




www.burmeseclassic.com

www.burmeseclassic.com

အုန်းသီးနိုးတို့၊ ထွန်းစောတို့ကပါ ပါခွင့်တောင်းလာတာကို ပါခွင့်ပေးလိုက်ဦးမလို့ပဲ၊ နောက်တော့ သူများနဲ့ ပေါင်းလုပ်ရတာ ဇယားများတယ်၊ ပြဿနာရှုပ်တယ်ဆိုပြီး အပါမခံတော့ဘူး။ ကိုယ့်ဘာသာပဲ လုပ်တော့မယ် ဘကြီး'

'အေး..ကောင်းတယ်။ နေရာကတော့ နင့်အိမ်မှာပဲလား'

'ကျွန်တော့်အိမ်က ချောင်ကျနေတယ်။ လမ်းကလည်း မသာဘူး။ ဒါနဲ့ သန်းခင်တို့ အမေအိမ်မှာပဲ လုပ်ဖို့ လျာထားလိုက်တယ် ဘကြီး။ အဲဒီမှာက နေရာသင့်တယ်။ ကျယ်ကျယ်လွင့်လွင့်ရှိတယ်။ မဏ္ဍပ်ကို အဲဒီမှာပဲ ထိုး

# ဂုဏ်ပြောတယ်
## လောကမှာ
## နောင်တသမားတွေကများ





www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့မယ်'

'မဏ္ဍပ်တွေနဲ့ဘာနဲ့ဆိုတော့ နင့်အလှူက သူများတွေလိုပဲ ခပ်ကျယ်ကျယ်ထဲကပဲပေါ့'

ထိုစကားကို ဘကြီးထွန်းသောင်းက တွေးတွေးဆဆနှင့် ခပ်ဖြည်းဖြည်း ပြောလိုက်ခြင်းဖြစ်သည်။ ဒါကိုပင် ကျော်ဝင်းနှင့် သန်းခင်တို့က ဘူးလုံးနားမထွင်း ဖြစ်သွားပြီး ဘကြီးဖြစ်သူကို ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

ဘကြီးထွန်းသောင်းကပင်-

'ငါက ဒီလိုပြောမလို့ပါ။ နင့်သားတွေကို ရှင်တိတ်ကလေးလောက်နဲ့တင် လုပ်လိုက်ရင် မကောင်းဘူးလား။ ရှင်တိတ်ဆိုတော့ တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေးနဲ့ပဲ အကျဉ်းရုံးပြီးသား ဖြစ်သွားတာပေါ့။ နင့်သားတွေကို အိမ်မှာပဲ ဆံချ၊ ပြီးတော့ ပိတ်ဖြူဝတ်၊ ရွှေထီးမိုး ပြီး ကျောင်းသွား၊ သင်္ကန်းဝတ်ခိုင်းလိုက်ရုံပဲလေ။ ကိုယ့်ရပ်သူရွာသားတွေအတွက် အိမ်မှာပဲ ဧည့်ခံကျွေးမွေးနိုင်တာမို့ မဏ္ဍပ်ကြီးတွေဘာတွေလည်း မလိုတော့ဘူးပေါ့ကွာ'

ထိုစကားကို အချိန်မဆိုင်းဘဲ ကန့်ကွက်လိုက်သူက သန်းခင်။

'ရှင်တိတ်ကြီးတော့ မလုပ်ချင်ပါဘူး။ ခြောက်ကပ်ကပ်နဲ့။ တစ်သက်မှာ တစ်ခါလေးပဲ လှူရတဲ့ဥစ္စာ။ စိုစိုပြည်ပြည် စည်စည်ကားကားလေးတော့ ဖြစ်ချင်တယ် ဘကြီး'

မယားဖြစ်သူ စကားကို လင်ဖြစ်သူက တင်းပြည့်ကျပ်ပြည့် ထောက်ခံသည်။

'ဟုတ်တယ် ဘကြီး၊ ရှင်တိတ်ကတော့ တော်ပါပြီ။ ကိုယ့်မှာလည်း အခက်အခဲတွေ အကျပ်အတည်းတွေကြားထဲက လုပ်ရတဲ့ အလှူမျိုးမှ မဟုတ်ဘဲ။ သူများ ကဲ့ရဲ့မှာ၊ နှာခေါင်းရှုံ့မှာတော့ မခံချင်ဘူး ဘကြီးရာ'

ဘကြီးထွန်းသောင်းက သက်မကြီးတစ်ချက်ကို ချသည်။ ပြီးတော့ သူ့မူကိုလည်း သူ့ဘာသာ ပြန်ရုပ်သိမ်းလိုက်ရတော့သည်။

'မင်းတို့ အဲဒါခက်တာပေါ့ကွ။ နားလည်း မလည်ဘဲနဲ့။ အေးလေ၊ မင်းတို့ သဘောပါပဲ။ မင်းတို့ဇာတ် မင်းတို့နိုင်ရင် ပြီးတာပါပဲ။ ကန်တော့ခံမယ့်နေ့တော့ ငါလာခဲ့ပါ့မယ်။ အဝင်နေ့နဲ့ ပွဲကြီးနေ့ကိုတော့ ငါ့အိမ်မှာပဲ အေးအေးဆေးဆေးနေပါရစေ။ ခုတလော ငါလည်း သိပ်နေလို့ မကောင်းချင်ဘူးကွာ'

◆◆◆

ကျော်ဝင်းတို့လင်မယားက အိမ်ပြန်လာသည်။ အိမ်ရောက်တော့ အသင့်စောင့်ကြိုနေကြသော အလှူဖြစ်မြောက်ရေး အသင်းအပင်းတွေနှင့် ဆက်ပြီးတိုင်ပင်ရပြန်သည်။ ဘကြီးထွန်းသောင်း အကြံပေးသည့် ရှင်တိတ်အကြောင်း ကျော်ဝင်းက ပြောပြမိတော့ အလှူချက်ပြုတ်ရေးတာဝန်ခံ မင်းမောင်က ချက်ချင်းရှုတ်ချစကား ဆိုသည်။

'အလကားအဘိုးကြီးပါကွာ၊ ဘာရှင်တိတ်လဲ။ ကိုယ့်တူ ကိုယ့်သား တစ်ယောက်ရဲ့အလှူကို သူမို့လို့ ကိုးအိမ်ဆယ်အိမ်လောက်နဲ့ ပြီးချင်တယ်။ ဒီမှာ ကျော်ဝင်း..မင်းအလှူက ခုကတည်းကကို နာမည်ကျော်နေပြီ သိရဲ့လား။ ဟိုဘက်ကမ်းက ပေါက်မြိုင်တို့၊ တော်လှတို့၊ ရေကျော်လေးတို့အထိ သတင်းတွေပျံ့နေပြီ။ သူတို့ဆီကိုပါ ဖိတ်စာမပို့လို့ မကောင်းဘူး ထင်တယ်။ မင်း ဘယ်လိုသဘော လဲ'

မင်းမောင် စကားကို ကျော်ဝင်းက-

'ဒီလိုကြားရတဲ့အတွက် ငါဝမ်းသာပါတယ်။ ပုဏ္ဏ မုဋ္ဌ ပရ စေတနာဆိုသလို မလှူခင်ကတည်းက ကြိုတင်ဝမ်းသာရတဲ့အတွက် ဒါနမြောက်ပါတယ်။ ဒါပေမဲ့ ဖိတ်စာတွေ တိုးလိုက်ရင် ငါတတ်နိုင်တဲ့ အနေအထား လောက်ငမှုရှိ,မရှိဆိုတာကို ချင့်ချိန်ရသေးတယ်ကွ မင်းမောင်ရ'

'ဒါလေးများ ကျော်ဝင်းရာ၊ ဘယ်လောက်များ ကုန်သွားမှာမို့လို့လဲ။ အခု ငါမှန်းထားတာ ဟင်း(၈၀)ကျော် နောက်ထပ်(၂၀)လောက် တိုးတယ်ပဲထား၊ စုစုပေါင်း ဝက်သား(၁၀၀)ပိဿာလောက်ပဲ ကုန်မယ်။ ဒီ့ထက် မပိုဘူး ဒါမှ လိုသေးတယ်ဆိုရင်လည်း လိုသလောက်ကို ကျော ဖရုံသီးနဲ့ပဲ အဆင်ပြေအောင် ဖြည့်လိုက်မယ်ကွာ။ ကိုင်း ပြီးရော မဟုတ်ဘူးလား'

'အေးပါကွာ၊ ဒါဆိုလည်း ပြီးတာပါပဲ။ ဖိတ်စာ မယ့် သိန်းရင်တို့အဖွဲ့ကို စောင်ရေတိုးဖို့ ပြောလိုက်ရုံပေါ့'

ကျော်ဝင်းက ပျော်နေသည်။ သန်းခင်က



www.burmeseclassic.com

www.burmeseclassic.com

သည်။ အလှူအတွက် လိုအပ်သမျှကို တိုင်ပင်သင့်သူ ညှိနှိုင်းသင့်သူတွေနှင့် တိုင်ပင်ညှိနှိုင်းရင်း နှစ်ယောက်စလုံး မမောနိုင်မပန်းနိုင်အောင် ဖြစ်နေကြသည်။ တကယ်တော့လည်း တိုင်ပင်ညှိနှိုင်းသည်ဆိုသည်ထက် သူများပေးလာသည့် အကြံဉာဏ်၊ သူများတင်ပြလာသည့် အစီအစဉ်တွေကို သူတို့က ဒိုင်ခံလိုက်လျောပေးနေခြင်းသာဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ဖိတ်စာတိုးဖို့ကိစ္စကိုလည်း သူတို့က လက်ခံသည်။ တစ်ခါ မဏ္ဍပ်ကန်ထရိုက်က ယခင်လျာထားချက်ထက် ပိုမိုကာ ခပ်ကြီးကြီးခပ်ကျယ်ကျယ် ပြင်ဆင်ခြယ်သဖို့အရေး တင်ပြလာသည်ကိုလည်း သူတို့က ခေါင်းညိတ်လိုက်သည်ပင်။ နောက်ပြီး ရွှေထီးတို့၊ မောင်းရှင်လောင်းဝတ်စုံတို့ကအစ အလှူကြီးနှင့် လိုက်ဖက်စေရန် အကောင်းစားများကိုသာ ပြောင်းလဲငှားရမ်းဖို့အရေး ဆန္ဒပြုလာကြသည်ကိုလည်း သူတို့က ချက်ချင်းဆိုသလို ဟုတ်ကဲ့လိုက်ကြသည်သာ။

သည်လိုနှင့် မိုးချုပ်တော့မှပင် အိမ်၌ လူစဲသွားတော့သည်။ သူတို့လင်မယား နှစ်ယောက်လည်း ထိုအခါမှပင် အနားယူရတော့သည်။ သို့သော် ညပိုင်းရောက်တော့ နောက်ဆက်တွဲကဏ္ဍတွေက ထပ်မံပြီးတက်လာပြန်သည်။ သည်တစ်ခါတော့ ဗြောကိစ္စ၊ ဘိသိက်ကိစ္စ ဖြစ်သည်။ ကျော်ဝင်း တာဝန်ပေးထားသူက နာမည်ကြီး ဥဿျှစ်ပင် ဗြောအဖွဲ့ကို ရက်ချိန်းသတ်ပြီး ငှားယူနိုင်ခဲ့ပုံနှင့် မြို့ပေါ်… နိုင်ငံကျော် ရွှေတံဆိပ်ရ ဘိသိက်ဆရာ ဆရာမွေးကို …စိတ်နေသည့်ကြားမှ ကြေးတိုးပေးကာ မရ,ရအောင် …ယူနိုင်ခဲ့ပုံများအား ပြန်လည်၍သတင်းပို့သည်။ ထုံးစံ…တိုင်း ကျော်ဝင်းတို့ လင်မယားက ခေါင်းတညိတ်ညိတ်…။

ဗြောနှင့် ဘိသိက်သမား ပြန်သွားပြီးနောက် နောက်…ဦးက တက်လာပြန်ရာ သူကတော့ ကျေးရွာတီးဝိုင်းမှ …ကြီးဘဖေပင် ဖြစ်သည်။ ဘဖေကလည်း သူနှင့်ပတ်…သောကဏ္ဍကို တက်ကြွပြီး စိတ်အားထက်သန်စွာ …တင်ပြနေပြန်သည်။

"…ကောင် ကျော်ဝင်းရ၊ မင်းအစီအစဉ် ပြောင်းဦးမှ …သင့်တယ်ဟ။ ဟို စိန်ဗိုလ်ခိုင်ဆိုင်းအဖွဲ့ ကိစ္စလေ"

"အေး··အဲဒါ ဘာဖြစ်သလဲ။ ဘာတွေပြောင်းရမှာ

"ဒီလိုကွ ကျော်ဝင်းရ၊ ပထမစီစဉ်ထားတာက စိန်ဗိုလ်ခိုင် ဆိုင်းအဖွဲ့ကို အဝင်ညတစ်ချီနဲ့ ပွဲကြီးနေ့တစ်ချီပဲ ပွဲထွက်ပေးဖို့ စီစဉ်ထားတာ မဟုတ်လား။ ခု ရွာထဲက ကာလသား၊ ကာလသမီးအဖွဲ့က အလှူရှင်တွေကို ထပ်ပြီး တောင်းဆိုနေကြတယ်ကွ။ ဆိုင်းအဖွဲ့ကို အဝင်နေ့နေ့ပိုင်းမှာ တစ်ချီထပ်တိုးပြီး ဝင်ခိုင်းရင် ကောင်းမယ်တဲ့။ သူတို့လည်း နည်းနည်းပါးပါး ဆိုချင်ဟဲချင်သေးတယ်တဲ့။ ပွဲကြို့နေ့ကျတော့ ရှင်လောင်းလှည့်ရမှာနဲ့ ဧည့်ခံရမှာနဲ့ဆိုတော့ သူတို့က မအားတော့ဘူးလေ။ ဒါကြောင့် သူတို့က အကြိုနေ့မှာ ပျော်ခွင့်လေးရချင်တယ်ဆိုတဲ့ သဘောပေါ့ကွာ"

ဘဖေစကားကို ကျော်ဝင်းက စဉ်းစားနေသည်။ ဒါလည်း ဟုတ်တော့ ဟုတ်လောက်ပါသည်။ ရွာထဲမှာက ဖိုးဆိုချင်၊ မဆိုချင်တွေ အတော်များသည်။ ရွာမှာ ဘာပွဲလမ်းပဲလုပ်လုပ် သူတို့က နည်းနည်းတော့ ဝင်ကဲလိုက်ရမှ ကျေနပ်ကြသူများဖြစ်သည်။ ခုကိစ္စတွင် လူငယ်များ၏ ဆန္ဒအပြင် ဘဖေတို့ တီးဝိုင်းသမားများ၏ ပယောဂလည်း ပါရှိမည်မှာ မုချ။ သူတို့ကလည်း အလွန်တီးချင်ခေါက်ချင်သူတွေဆိုတော့ စိန်ဗိုလ်ခိုင်နှင့်ပေါင်းကာ တစ်ပွဲတစ်လမ်း နွှဲလိုက်ချင်ကြသေးဟန်တူသည်။ လူငယ်တွေကို ဗန်းတင်ပြီး သူ့ဆန္ဒကိုကျတော့ ဘဖေက ရောင်တော်ပြန်နှင့် ရောလွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ဒါကိုလည်း ကျော်ဝင်းက ငြင်းလို့မရပြန်။ ဘဖေပြောသည့် ဆန္ဒပြုလာသူ လူငယ်များထဲတွင် မိမိ၏ ညီဖြစ်သူ အေးလွင်တစ်ယောက်လည်း ပါနေမည်မှာ သေချာသည်။ သည်ကောင်က ကျေးရွာ ဖိုးဆိုချင်တွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပြီး ပြောမည်ဆို သည်ကောင်ကမှ သူများထက်တောင် ပိုဆိုးသေးသည်။ ဆိုင်းတစ်ချီတိုးဖို့ကိစ္စ ကျော်ဝင်းကသာ ပယ်ချကြည့်လိုက် သည်ကောင် အိမ်ကိုပေါက်လာပြီး ဂျိုဂျိုဂျောင်လုပ်မည်မှာ မြေကြီးလက်ခတ် မလွဲပေ။ သို့နှင့်ပင် သည်ကိစ္စကိုလည်း ကြာကြာတွေးတောမနေတော့ဘဲ ဘဖေကို မီးစိမ်းပြပေးလိုက်သည်။ အဆိုကို လက်ခံပေးလိုက်သည်။

အိမ်မှာ လူစဲတာ သေချာပြီဆိုတော့မှ လင်မယားနှစ်ယောက် အိပ်ရာဝင်ဖြစ်ကြသည်။ ဒါတောင် ပြောစရာစကားက မကုန်နိုင်သေးသည်မို့ ညဉ့်နက်သည်အထိ အိပ်

www.burmeseclassic.com

www.burmeseclassic.com

ရာထဲမှာ စကားဆက်နေမိကြသေးသည်။

◆◆◆

အလှူပွဲအဝင်နေ့မတိုင်မီ တစ်ရက်တွင် အလှူရှင်နှင့် ဆွေမျိုးသားချင်းများက ဘိုးဘွားမိဘ၊ လူကြီးသူမများကို ဝိုင်းဝန်းကန်တော့ကြသည်။ ထိုနေ့တွင် ဘကြီးထွန်းသောင်းက အလှူ့အိမ်သို့ ရောက်လာသည်။ သို့သော် ကန်တော့ခံပြီးနောက် ကြာကြာမနေဘဲ သူ့အိမ်သို့ ပြန်သွားသည်။ ဘကြီးထွန်းသောင်းက နှယ်နှယ်ရရမဟုတ်။ စာပေပရိယတ်ကို တော်တော်တတ်ကျွမ်းသည်၊ နားလည်သည်။ ပြီးတော့ သူ့အိမ်၌ အချိန်ရသလောက် တရားအားထုတ်နေသူလည်းဖြစ်သည်။ ခုလို ကျော်ဝင်းအိမ်မှာ ရှုပ်ရှုပ်ထွေးထွေး ဆူဆူညံညံ ဖြစ်နေပုံမျိုးက ဘကြီးထွန်းသောင်းနှင့် လားလားမျှမကိုက်။

ပရိသတ်က အဝင်နေ့မတိုင်မီကကို စပြီးရောက်လာနေကြသည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများနှင့် မိတ်သင်္ဂဟများပင်ဖြစ်သည်။ ထိုပရိသတ်များ တည်းခိုနေထိုင်ဖို့ကိုတော့ ရွာထဲက အိမ်တွေမှာပင် သင့်သလို ကြုံသလို နေရာချထားပေးလိုက်သည်။ သို့သော် အကျွေးအမွေးကိုတော့ အလှူ့အိမ်မှာပင် ခေါ်ယူကျွေးမွေးသည်။ ထမင်းကျွေးချိန် ရောက်သည်နှင့် ရွာတွင်းသို့ လော်စပီကာဖြင့် ကြေညာဖိတ်ခေါ်ပေးသည်။ ကျွေးမွေးသည့် ဟင်းလျာကတော့ ပွဲကြီးနေ့ မဟုတ်သေးသမို့ ဟင်းကြီးနှင့်တော့ မကျွေးနိုင်သေး။ ငါးခြောက်နှင့် သရက်သီးခြောက်ကို နှပ်ချက်၊ချက်ကာ ပင်တိုင်ထားပြီး အခြားဟင်းချိုတစ်မျိုးမျိုးနှင့် တွဲဖက်ကျွေးမွေးသည်။

အဝင်နေ့ကိုရောက်တော့ ပရိသတ်က ပိုစည်လာသလို ပြဿနာကပါ စလာသည်။ စိန်ဗိုလ်ခိုင်ဆိုင်းအဖွဲ့က ထိုနေ့ နေ့လယ်ပိုင်းမှာပင် စပြီးဝင်သည်။ ဝင်တော့ ရွာထဲက ဘဖေတို့လို၊ အေးလွင်တို့လို ဖိုးကဲချင်တွေက စိန်ဗိုလ်ခိုင်ကိုသွားပြီး မျက်နှာချိုသွေးသည်။ သူတို့က စိန်ဗိုလ်ခိုင်ကို နောက်အချီတွေမှသာ ရာနှုန်းပြည့် လက်စွမ်းပြစေလိုကြောင်း၊ ခုလို အဝင်တစ်ချီမှာတော့ သူတို့ရွာခံ ဝါသနာအိုးတွေအတွက် ပါဝင်ဆင်နွှဲခွင့် များများလေး ပေးစေချင်ကြောင်း၊ ထိုကိစ္စကိုလည်း အလှူရှင်ကလည်း ခွင့်ပြုထားပါကြောင်းတွေ ပြောပြသည်။ သည်တော့ စိန်ဗိုလ်ခိုင်ကလည်း သူ့အဖွဲ့ ပိုတောင်သက်သာသေးသည်ဟု သဘောထားကာ ဘဖေတို့ အဆိုပြုချက်ကို လက်ခံလိုက်သည်။

သို့နှင့် ပဏာမတီးလုံးမှစကာ ပွဲဦးဖျော်ဖြေခန်းလောက် ပြီးဆုံးသည်နှင့် စိန်ဗိုလ်ခိုင်တို့က နားသွားသည်။ ဘဖေတို့အဖွဲ့က ဝင်ပြီး နေရာယူလိုက်သည်။ သည်မှာပင် အရက်မူးသူက မူးနေကြသည့်ပြင် ကိုယ့်ရွာသားတွေရှေ့မှာ ကြွားပြလိုက်ချင်သည့်စိတ်က ဦးဆောင်နေကြပြန်လေသည်မို့ အရမ်းကာရောကြီး ဝင်ကဲပစ်လိုက်ကြရာမှ ကိုးရိုးကားရားတွေ ဖြစ်ကုန်ကြသည်။

မကြာမီ အလှူရှင် ကျော်ဝင်းထံသို့ သတင်းက ရောက်လာတော့သည်။ အေးလွင်တို့အဖွဲ့က မကျွမ်းမကျင်နှင့် စင်ပေါ်တက်ဆိုကြရာမှ မိုက်ကရိုဖုန်းတွေ အောက်ပြုတ်ကျလိုကျ၊ ဝိုင်ယာတွေ ပြုတ်လိုပြုတ် ဖြစ်သွားသည့်အကြောင်း၊ တီးဝိုင်းထဲတွင်လည်း စည်တိုသမား သန်းဆောင်က မူးမူးနှင့် နင်းကန်ရိုက်ပစ်လိုက်သောကြောင့် စည်တိုပေါက်သွားသည့်အကြောင်း၊ ပျက်စီးသွားသည့် ပစ္စည်းများကို အလှူရှင်က အချိန်မီ အစားထိုးပေးရန် စိန်ဗိုလ်ခိုင်က တောင်းဆိုလိုက်သည့်အကြောင်း စသည်တို့ပင် ဖြစ်သည်။

ဒီသောက်ရူးတွေကလည်းကွာဟု ရေရွတ်ကာ ပထမဆုံးအကြိမ် ကျော်ဝင်း ညည်းလိုက်မိသည်။ ထို့နောက် ထိုပစ္စည်းများကို တခြားနေရာမှ ခေတ္တသွားငှားရန်နှင့် အားလုံးကို ပြီးတော့မှ သူရှင်းပေးမည့်အကြောင်း စီစဉ်ပေးလိုက်ရသည်။ ထိုကိစ္စပြီးသွား၍ အိမ်ပေါ်တက်မည် ကြံကာရှိသေး၊ လူတစ်ယောက်က သူ့လက်မောင်းကို လှမ်းဆွဲလိုက်သည်။ လှည့်ကြည့်လိုက်တော့ ချက်ပြုတ်ရေးတာဝန်ခံ မင်းမောင်။ မင်းမောင်က သူ့ကို ပြုံးဖြီးဖြီး လုပ်ပြနေသည်။ မင်းမောင်မျက်နှာက အရက်ရှိန်ကြောင့် နီရဲနေပြီး ထူအမ်းအမ်းကြီးလည်း ဖြစ်နေသည်။

မင်းမောင်က–

'ဟေ့ကောင် ကျော်ဝင်း၊ တို့ကို ဆေးနည်းနည်းလောက် လုပ်ပေးဦးကွာ။ ပြတ်နေပြီကွ'

'ဟ…မင်းတို့က လွန်လှချည်လား။ ငါးဂါလံ တစ်ပုံးလုံး ဝယ်ပေးထားတာတောင် ကုန်ပြီဆိုတော့ မင်းတို့က ဟုတ်သေးရဲ့လား'

'ငါ့ရှီးမှပဲ ကုန်တာပေါ့ကွ။ တို့ချည်း သောက်တာ မဟုတ်ဘဲ ကြုံတဲ့သူက ဝင်ငုံ့ပြီး သောက်သွားကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းက မျက်မှောင်ကြုတ်သည်။ သို့သော် သည်မင်းမောင်တို့အဖွဲ့က အရေးကြီးသည်။ တစ်ညလုံး မအိပ်ဘဲ ချက်ရပြုတ်ရမည့်သူများ ဖြစ်သည်။ သူတို့ကို ဘယ်နည်းနှင့်မျှ ငြိငြင်အောင် လုပ်၍မဖြစ်။ ထို့ကြောင့် ပင် 'ကိုင်း‥ကိုင်း‥ဒါဖြင့်လည်း မင်းတို့ လိုသလောက် ဒေါ်စိန်ပွင့်ဆိုင်ကယူ။ ပုလင်းအရေအတွက်ကို မှတ်ထား နိုင်းလိုက်။ ပြီးတော့မှ ငါရှင်းမယ်'ဟု ပြန်ပြောလိုက်ရ သည်။ မင်းမောင်က ကျေနပ်သွားပြီး 'ဒီလိုမှပေါ့ကွ'ဟု ကျော်ဝင်းကျောကိုပုတ်ကာ လှည့်ထွက်သွားသည်။

ဖိုကြီးသမားကို အရက်ပေးရသည်မှာ- ထုံးစံပင်။ သူတို့ကလည်း တစ်ညလုံး အရက်ကလေး တမြေ့မြေ့နှင့် နေရမှ ဤတာဝန်ကို ကျေပွန်နိုင်ကြသည်။ ဒါက ကိစ္စ မရှိပါ။ အလွန်အကျွံတွေ မူးကုန်ကြရာက အိုးနင်းခွက်နင်း တွေ ဖြစ်ကုန်ပြီး ဟင်းဒယ်တွေ၊ ထမင်းတောင်းတွေ မှောက်ပြကုန်သည်အထိ မဖြစ်ဖို့သာ အရေးကြီးသည်ဟု တွေးရင်း သက်ပြင်းချကာ ကျော်ဝင်း အိမ်ပေါ်သို့ တက် လာခဲ့သည်။

◆◆◆

မနက်မိုးလင်းလင်းချင်းပင် အလှူ့အိမ်က လှုပ်ရှား သက်ဝင်မှု အစုံစုံဖြင့် စည်ကားနေတော့သည်။ ထမင်း ကျွေးချိန်ရောက်တော့ မဏ္ဍပ်တွင်းရှိ ဧည့်ပရိသတ်များကို ဆိုင်းအဖွဲ့က အလှူ့ဒကာကြီးက မျက်နှာချို××× အလှူ့ ဒကာကြီးက သဒ္ဓါပို သီချင်းဖြင့် သီဆိုဟစ်ကြွေးကာ မြူးမြူးမြိုင်မြိုင် အောင်ပွဲခံပေးနေသည်။ ကျော်ဝင်းတို့ လင် မယား နေရာစုံသို့ လူးလာခေါက်တုံ့ ကူးသန်းသွားလာရင်း ...အပ်သမျှ ဖြည့်ဆည်းပေးနေသည်။

အလှူက ထိုကဲ့သို့ အထွတ်အထိပ် ရောက်နေချိန်မှာ ... လိုလားအပ်သော ဖြစ်ရပ်တစ်ခုက ရုတ်တရက်ပေါ် ...က်လာသည်။ ကျော်ဝင်းကို သူတူတစ်ယောက်က ...အလွှား လာရောက်သတင်းပို့သည်။ မီးဖိုဘက်တွင် ...မောင်နှင့် ကံပေါ် ရန်ဖြစ်နေကြသည့်အကြောင်း၊ လုံး ...သတ်ပုတ်နေကြသည့်အကြောင်း။

ကျော်ဝင်းက ထိုနေရာသို့ အမြန်သွားလိုက်သည်။ ...ရောက်သွားတော့ ရန်ပွဲက ပြီးနေလေပြီ။ ကျော်ဝင်း၏ ...စမ်းကွဲ ကံပေါ်နှင့် ဖိုတာဝန်ခံ မင်းမောင်တို့ နှစ် ...ကို ကာလသားတချို့က ကြားဝင်ဖျန်ဖြေပေးထား သည်။

'ဘယ်လိုဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ။ ငါ့ကို ပြောကြစမ်း'

စိတ်ထွက်ထွက်နှင့် ကျော်ဝင်းက ခပ်ဆတ်ဆတ်မေး လိုက်သည်။ မင်းမောင်က စူးရှကျယ်လောင်သော အသံ ဖြင့် ပြန်ဖြေလိုက်သည်။

'ဘာဖြစ်ရမလဲကွ။ ဒီကောင် တို့ကိုလာပြီး ဂြိုဟ်မွှေ တာ။ ငါ့ဆီမှာ ဒီကောင် ဟင်းလာတောင်းတယ်။ တောင်း တော့ ငါက မပေးဘူး။ ပေးရမလားကွ၊ ဒီကောင်တွေ အလှူ့အိမ်က ဟင်းကိုယူပြီး အောင်တင့်တို့တဲမှာ ထန်း ရည်ဝိုင်းဖွဲ့နေတာကို ပြောတဲ့သူက ငါ့လာ ပြောပြီးသား။ ဟင်းကို အလကားအလေမခံနိုင်ဘူး။ အဲဒါ ငါက မပေးရ ကောင်းလားဆိုပြီး မင်းညီဆိုတဲ့ဝိတ်နဲ့ ဟင်းကို အတင်း ဝင်ခတ်တယ်။ ငါက ဝင်တားတော့ ဒီကောင် ငါ့ကို ထိုးတယ်။ ငါကလည်း ပြန်ထိုးတယ်။ ဒါပဲ'

ကျော်ဝင်းက ကံပေါ်ကို လှည့်ကြည့်သည်။ ကံပေါ် က လူနှစ်ယောက် ချုပ်ထားသည့်ကြားမှ ရုန်းရင်းကန်ရင်း ပြန်အော်သည်။

'မဟုတ်ဘူး အစ်ကိုလေး။ ဒီကောင်ပြောသလို လုံးဝ မဟုတ်ဘူး။ မယုံရင် ထွေးလေးသာအောင် မေးကြည့် လိုက်။ အိမ်မှာ ပေါက်မြိုင်က အမျိုးတွေ ရောက်နေတယ်။ တစ်ယောက်က နေမကောင်းလို့ မဏ္ဍပ်ကို မလာနိုင်ဘူး။ သူ့အတွက် ကျုပ် ဟင်းလာယူတာ'

'မင်း စောစောက အဲလိုမပြောဘူး။ ဒီစကားက ခုမှ ထွက်လာတာ'

မင်းမောင်က ပြန်အော်သည်။ ကျော်ဝင်းက ခေါင်း ကို တဗျင်းဗျင်းကုတ်သည်။ ထို့နောက် ညည်းသံဖြင့် 'တော်ကြတော့ကွာ၊ တော်ကြတော့။ ဒီလိုအချိန်ကြီးမှာ ဒီလိုဖြစ်နေတာဟာ ငါ့အလှူကို မင်းတို့ ဖျက်ဆီးနေတာနဲ့ အတူတူပဲ'ဟု နှစ်ယောက်စလုံးကို ပြောလိုက်သည်။

သည်တော့မှ မင်းမောင်က သူ့ဖိုဘက် ပြန်သွားသလို ကံပေါ်လည်း သူ့လမ်းသူ ပြန်ထွက်သွားသည်။

ထမင်းရုံဘက်ကနေ မဏ္ဍပ်ဘက်ကို ပြန်ရောက်တော့ မောင်ရှင်လောင်းတွေကို ဘိသိက်မြှောက်ခန်းက စတင်နေ လေပြီ။ သင့်ရာတစ်နေရာမှာ သူ့ဝင်ထိုင်လိုက်သည့် ယပ် တောင်ကို တဖျတ်ဖျတ်လုပ်ရင်း ဘိသိက်...ကိုလည်း

www.burmeseclassic.com



အသာနားစွင့်နေလိုက်မိသည်။ သို့သော် သူ အမောဖြေနေချိန် ဘာမျှမကြာလိုက်မီမှာပင် သူ့မိန်းမ သန်းခင်နှင့် ကျွေးမွေးရေးတာဝန်ခံ မကွက်စိန်တို့က အရေးတကြီး ရောက်လာကြသည်။ သန်းခင်ကပင် အချိန်မဆိုင်းဘဲ ပြောလိုက်သည်။

'ကိုင်း..ကိုကျော်ဝင်း၊ ဘယ်လိုလုပ်ကြမလဲ။ ဟင်းက ပြတ်သွားပြီတဲ့။ မစားရသေးတဲ့ ပရိသတ်က (၅၀) လောက် ကျန်သေးတယ်တဲ့'

'ဟိုက်..ဒါဖြင့် သောက်ကျိုးနည်းပြီ။ ဘယ်လိုလုပ်မလဲ မကွက်စိန်'

မကွက်စိန်ကိုပင် အကြံတောင်းရသည်။

မကွက်စိန်က-

'အမြန်ဆုံးနည်းနဲ့ အဆင်ပြေအောင် လုပ်ဖို့ကတော့ တစ်နည်းပဲရှိတယ်။ ငါးသေတ္တာကို မြန်မြန်ဖောက်ကြော်ပြီး ကျွေးလိုက်တဲ့နည်းပဲ'

'ဟုတ်လား၊ ဒါဖြင့်လည်း လုပ်ဗျာ။ စံကုလားဆိုင်က ငါးသေတ္တာ လိုသလောက်သွားယူလိုက်။ ပြီးမှ ကျွန်တော် ရှင်းမယ်။ မြန်မြန်နော် မကွက်စိန်'

'မြန်မှဖြစ်မှာပေါ့။ ပရိသတ်က ပါးစပ်တပြင်ပြင်နဲ့ စောင့်နေကြတဲ့ဥစ္စာ'

မကွက်စိန်က ပြန်သွားသည်။ သန်းခင်ပါ ထလိုက်သွားသည်။ ကျော်ဝင်းက ရင်တမမနှင့်ကျန်ခဲ့သည်။ ထိုရင်တမမဖြစ်နေရမှုက ထမင်းရုံမှာ အားလုံးကျွေးမွေးပြီးသွားပြီ။ လူကုန်သွားပြီဆိုတော့မှပင် ပြန်ပြီးသက်သာရာ ရသွားတော့သည်။

သည့်နောက်တော့ အစီအစဉ်အတိုင်း ဖြော်သံတညံညံနှင့် မောင်ရှင်လောင်းလှည့်ကြသည်။ မောင်ရှင်လောင်းများကို ကျောင်းပို့ပြီးနောက် ဆံချသည်။ သင်္ကန်းဆီးသည်။ သည့်နောက် တရားနာသည်။ ရေစက်ချသည်။ အားလုံး အစီအစဉ်ကုန်သွားပြီ၊ ပြီးမြောက်သွားပြီ ဆိုတော့မှပင် ကျော်ဝင်းတို့ လင်မယားလည်း လွယ်ပိုးထားရသည့် ဝန်ထုပ်ကြီး ကျွတ်ကျွတ်လွတ်လွတ် ပြုတ်ကျသွားသလို ပေါ့ပေါ့ပါးပါး ဖြစ်သွားကြရသည်။

သို့သော် သူတို့အတွက် လုံးလုံးကြီး ကိစ္စအေးသွားသည်တော့မဟုတ်။ ပဓာနလုပ်ငန်းကြီး အောင်အောင်မြင်မြင်ဖြစ်သွားသည့်အတွက် ကျေနပ်နှစ်သိမ့်ရသည်ကတော့ မှန်ပါသည်။ နောက်ဆက်တွဲကိစ္စတွေက ကျန်သေးသည်။ ရှင်းပေးရမည့် တာဝန်တွေက ရှိသေးသည်။

ကိုရင်တွေကို လိုအပ်သမျှ မှာကြားပြောဆိုပြီးနော[က်] လင်မယားနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။ အိ[မ်] ရောက်တော့ ပတ်စာခွာဖျာသိမ်း လုပ်ငန်းများကို လုပ်[သူ] က လုပ်နေကြလေပြီ။ ရပ်ဝေးဧည့်သည်များလည်း လှည်း သံတအီအီပေးကာ အော်ဟာစ်နှုတ်ဆက်၍ ပြန်နေကြ[လေ] ပြီ။

ကျော်ဝင်းက အိမ်ရောက်ရောက်ချင်း အရေး[ကြီး] ပုဂ္ဂိုလ်တစ်ဦးဖြစ်သော တူဖြစ်သူ ကောလိပ်ကျောင်း[သား] ဇော်ဦးကို ခေါ်တွေ့လိုက်သည်။ ဇော်ဦးက ကျော်ဝင်း[...] မှာပင် ဂဏန်းတွက်စက်ကို တချောက်ချောက်လုပ်[...] နောက်ဆုံးကိန်းဂဏန်းအား ပေါင်းလိုက်ပြီးနောက် [...] စာရွက်ကို ကျော်ဝင်းထံ ထိုးပေးလိုက်သည်။

ငွေစာရင်းကို ကြည့်မိသည်နှင့် ကျော်ဝင်း မျက်[...]

www.burmeseclassic.com

www.burmeseclassic.com

တွေ ပြာသွားသည်။ ခေါင်းနားပန်းတွေ ကြီးသွားသည်။ ချောက်ချားသောအသံနှင့်ပင် ဖော်ဦးကို မေးလိုက်မိသည်။

'ဟ…ငါ့တူရ၊ မင်းစာရင်းက ဟုတ်ရဲ့လားကွ။ ဒါ အမှန်ပဲလား'

'အမှန်ပေါ့ ဦးလေးရ၊ ဒါ အပြီးသတ် ငွေစာရင်းပဲ'

'မှားများနေသလား ငါ့တူရာ။ မင်းဟာ ပြန်စစ်ကြည့်ပါဦး'

'မှားစရာမရှိဘူး ဦးလေး။ ကျွန်တော် အထပ်ထပ် ပြန်စစ်ပြီးပြီ။ နောက်ထပ်စာရင်းတိုးလာရင် ဒီထက်ပိုဖို့ပဲ ရှိမယ်။ လျော့သွားဖို့ မရှိဘူး'

ကျော်ဝင်း ဘုရားတ,လိုက်မိသည်။ ရင်ထဲမှာတော့ ဗလောင်ဆူနေရလေပြီ။ သန်းခင်ကပါ စာရင်းကို တစ်ချက်ငဲ့ကြည့်ပြီး မျက်နှာတွေပျက်နေသည်။ စာရင်းရှိကိန်းဂဏန်းတွေက နည်းနည်းနောနောမဟုတ်။ မဟုတ်ဆို ရှင်းပေးရမည့် ဘောက်ချာတွေကကို ရှေ့မှာ တစ်ပုံကြီးရှိနေသည်။ ကျော်ဝင်းက ဆွေးဆွေးမြည့်မြည့်ပင် ညည်းထုတ်လိုက်မိသည်။

'သွားပြီကွာ၊ သွားပြီ။ ဒီအတိုင်းသာဆို ငါမှန်းထားတာထက် သုံးဆလောက်တောင် ပိုကုန်နေပါရောလား။ ဒုက္ခတော့ အကြီးအကျယ်ရောက်ပြီ'

သူ မထင်ပါ။ ဤမျှလောက်ကြီး စာရင်းတက်သွားလိမ့်မည်ဟု လုံးဝမထင်ခဲ့ပါ။ နှစ်နှစ်ဆက်တိုက် သီးနှံတွေ အထွက်ကောင်းပြီး စုစုဆောင်းဆောင်းဖြစ်ခဲ့သည့် ငွေစတွေက သည်အလှူအတွက် ဖူဖူလုံလုံဖြစ်လိမ့်မည်ဟု တွက်ဆထားခဲ့မိသည်။ ခုတော့ တဖြည်းဖြည်း ချဲ့ပြီးရင်းချဲ့ခဲ့မိသော သူ့အလှူက နောက်ထပ် သူ့လုပ်အားခ လေးနှစ်စာလောက်ကြီးများတောင် ကြွေးတင်စေခဲ့ပါလေရောလား။ ပြီးတော့ သည်ကြွေးက ကြွေးအေးမဟုတ်၊ ကြွေးပူဖြစ်သည်။ ချက်ချင်းရှင်းရမည့်ကြွေးဖြစ်သည်။ နို့မဟုတ်ပါက ကြွေးယူပြီး အလှူလုပ်သည်ဆိုပြီး အများက ကဲ့ရဲ့ကြလိမ့်မည်။

ဖော်ဦးက စာရင်းကိုအပ်ပြီး ထပြန်သွားသည်။ လင်မယား နှစ်ယောက်သာ ငုတ်တုတ်ထိုင်ကျန်ခဲ့ကြသည်။ စိတ်ညစ်စရာက ထိုမျှနှင့် ရပ်မသွားသေး။ မကြာမီ ဆွေမျိုးတွေထဲက တစ်ယောက်ပြီးတစ်ယောက် ဆိုသလို ရောက်လာကာ သူတို့လင်မယားကို လက်တို့ပြီး ပြောသွားကြသည်။ ပေးသွားသည့် သတင်းတွေက ကြားရသမျှ ဘာတစ်ခုမျှ ကောင်းတာမရှိ။ စိတ်ညစ်စရာ၊ စိတ်တိုစရာ၊ ခံပြင်းစရာတွေချည်းဖြစ်သည်။ ဆိုင်းတို့၊ ဇြောတို့၊ ဘိသိက်တို့ကို သွားရောက်ငှားရမ်းပေးသူတွေက စရိတ်တွေကို ပိုပြီးတင်ထားကြပုံ၊ ဝတ်စုံတို့၊ မြင်းတို့၊ မဏ္ဍပ်တို့ တာဝန်ယူရသူများကလည်း တတ်နိုင်သလောက် ကိုယ့်အိတ်ထဲကိုယ် ထည့်သွားကြပုံ၊ ဖိုကြီးမှ ဟင်းခတ်သမားတွေကအစ ဟင်းတုံးအစိမ်းတွေကို ဝှက်ပြုပြီး ကိုယ့်အိမ်ကိုယ် ပို့ပေးကြပုံ၊ နောက်ဆုံး မကွက်စိန်ကတောင်မှ စံကုလားဆိုင်က ဆီတွေ၊ ငါးသေတ္တာတွေကို ဖုံးပေါလအော စာရင်းဖွင့်ယူပြီး ပိုတာတွေကို သူ့အိမ် ပို့လိုက်ပုံ စသည်တို့ပင် ဖြစ်သည်။

ထိုအကျိုးဆောင်များ၊ ထိုအသိုင်းအဝိုင်းများ၏ တစ်ဦးချင်း မျက်နှာတွေကို ကွင်းကွင်းကွက်ကွက် မြင်ယောင်ရင်း ကျော်ဝင်းက အံကိုသာ ကြိတ်နေမိသည်။ သန်းခင်ကလည်း ထိုနည်းတူပင်။ အပူလုံးတွေ တစ်လုံးပြီးတစ်လုံး ထကြွနေမိကြရသည်။ သို့သော် နောက်ဆုံးမှာတော့ ကျော်ဝင်းက ဉာဏ်ကူပြီး စဉ်းစားသည်။ ပြီးတာက ပြီးခဲ့ပြီ။ ကောင်းတာ၊ မကောင်းတာ အပထားလို့ ဇာတ်ကသိမ်းသွားခဲ့ပြီ။ သည်တော့ ပြီးသွားသည့်အပိုင်းကို ပြီးသလိုထားလိုက်ဖို့သာ ရှိတော့သည်။ မိမိမကျေနပ်ချက်တွေကို ပြန်လည်တူးဆွပြီး ပေါက်ကွဲနေမည်၊ ရမ်းတုတ်နေမည်ဆိုပါက ခုလိုအချိန်မျိုးမှာ မိမိသာလျှင် တံတွေးခွက်ထဲ ပက်လက်မျောရလိမ့်မည်။ ထိုအသိကြောင့်ပင် ကျော်ဝင်းက သန်းခင်ကို နှစ်သိမ့်သည်ဟုပဲဆိုဆို၊ နားချသည်ဟုပဲ ပြောပြော အောက်ပါစကားဖြင့်ပင် နောက်ဆုံးပိတ် ဝိုင်းကြီးချုပ်ပေးလိုက်တော့သည်။

'စိတ်ညစ်နေလည်း အပိုပဲ သန်းခင်။ ဘာမှတွေးမနေစမ်းနဲ့။ ကြွေးတွေကို ငါ ချက်ချင်းရှင်းမယ်။ တို့ကိုင်းကွက် နှစ်ကွက်ထဲက တစ်ကွက်ကိုရောင်းပြီး ထိုးဆပ်လိုက်ရုံပေါ့ကွာ'

◆ ◆ ◆

နောက်သုံးရက်ခန့်အကြာတွင် ကျော်ဝင်းက ဘကြီးထွန်းသောင်းရှေ့၌ ခေါင်းငိုက်စိုက်ချလျက် ရောက်ရှိနေလေသည်။ သူက ဘကြီးထွန်းသောင်းကို ရင်ဖွင့်ထားခြင်းဖြစ်ရာ သူပြောသွားသမျှတွင် အလှူစကား [illegible]

www.burmeseclassic.com

စိတ်ညစ်နေရတာပါ ဘကြီးရာဟု အစချီထားပြီး လှူလိုက်ရလို့ ဝမ်းမြောက်ပါတယ်။ ပျော်ရွှင်ပါတယ်ဆိုတာမျိုးကို ဘာမှကို နားမလည်လိုက်ပါဘူးတွင် အဆုံးသတ်ထားသည်။

ဘကြီးထွန်းသောင်းက ကျော်ဝင်းကို ကရုဏာဖြင့် ကြည့်သည်။ မေတ္တာဖြင့် စေလွှတ်အပ်သော စကားကိုလည်း ဆိုသည်။

'ငါက ဒီအရေတွေမြင်လို့ မင်းကို ရှင်တိတ်လောက်ကလေးပဲ လုပ်ပါလို့ တိုက်တွန်းခဲ့တာပေါ့။ မင်းက ငါ့စကားမှ နားမထောင်ဘဲကိုး။ မင်းတို့က ရှင်တိတ်ဆိုတာနဲ့ တစ်ခါတည်း အထင်သေးသွားလိုက်တာပဲ။ ဒါပေမဲ့ တကယ်ကုသိုလ်ရတာက အဲဒီရှင်တိတ်ကမှ ရတာ။ ရှင်တိတ်ဆိုတဲ့အတိုင်း ပကာသနမဖက်ဘူး၊ မဆူညံဘူး၊ မရှုပ်ထွေးဘူး၊ ကိစ္စမများဘူး။ ဒီတော့ သူ့ရဲ့ဝိသေသလက္ခဏာကိုက ဘာမှပြဿနာတက်စရာ မရှိတဲ့အတွက် မင်း အခုဖြစ်နေသလို ပူပင်သောက ရောက်စရာမျိုးလည်း ဘာမှမရှိဘူး'

ဘကြီးထွန်းသောင်းက ချောင်းတစ်ချက်၊ နှစ်ချက်ဟန့်သည်။ ပြီးလျှင် သူ့စကားကို ပြန်ဆက်သည်။

'ခုတော့ မင်းတို့အလှူက လူမိုက်အလှူ ဆိုတာမျိုးလို ဖြစ်နေတာပဲ။ ခုလို လှူရတန်းရသော အကျိုးအားကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို အလျင်မြန်ဆုံး ရောက်ရ၊ မျက်မှောက်ပြုရပါလို၏ဆိုပြီး အာရုံပြုတတ်ဖို့ဝေလာဝေး စိတ်က တစ်စက်ကလေးမှတောင် ကြည်ကြည်လင်လင် မရှိခဲ့ဘဲကိုး။ မိမိရဲ့ ဒါနမျိုးစေ့ကို ပိုမိုထက်သန်လာအောင် သံဝေဂဉာဏ်နဲ့ယှဉ်ပြီး ပြုစုပျိုးထောင်မယ်လို့တော့ မကြံရွယ်ဘူး။ ဘာမဟုတ်တဲ့ အပျော်အပါးတွေနဲ့ချည်း နှစ်ပါးသွားနေတာကိုး။ ကြည့်ပါ၊ မင်းအလှူကို အတီးတွေ၊ အမှုတ်တွေ၊ အကတွေ၊ အခုန်တွေ၊ အသောက်တွေ၊ အစားတွေနဲ့ချည်း ခြံရံထားတယ်။ ဒါဟာ ပိုက်ဆံပေါလို့ လူတွေကို တစ်နေရာမှာ စုဝေးခိုင်းပြီး ပျော်ပွဲစားကြီး လုပ်ပေးလိုက်တာနဲ့ ပိုတူမနေဘူးလား'

ကျော်ဝင်းက ငြိမ်နေသည်။ ကျော်ဝင်း ငြိမ်နေလေ ဘကြီးထွန်းသောင်းက ပိုပြီးဖိပြောချင်လေ။

'မှတ်ထားကွ ကျော်ဝင်းရ၊ တို့ဘုရားက လှူပုံလှူနည်းနဲ့ပတ်သက်လို့ အသေးစိတ်ကအစ ဟောထား၊ ပြောထား၊ သင်ပြပေးထားပြီးသားပဲ။ လှူတဲ့သူက တရားသဖြင့် ဖြူစင်စွာ ရှာဖွေရရှိထားတဲ့ငွေနဲ့ လှူတာတန်းတာမျိုးဖြစ်မယ်။ အလှူခံပုဂ္ဂိုလ်ကလည်း သီလ၊ သမာဓိနဲ့ ပြည့်စုံမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ်။ တစ်ခါ အလှူခံပုဂ္ဂိုလ်အတွက် တကယ်လိုအပ်နေတဲ့ ဝတ္ထုပစ္စည်းကိုသာ အလှူရှင်က ပေးအပ်လှူဒါန်းမယ်။ ဒီလို လှူဒါန်းနေတဲ့အချိန်မျိုးမှာလည်း စောစောက ပြောခဲ့သလို နိဗ္ဗာန်ကိုရည်မှန်းပြီး အာရုံပြုနေတာမျိုး ဖြစ်မယ်ဆိုရင် ဒီအလှူက ကောင်းမြတ်တဲ့အလှူ၊ ချီးမွမ်းအပ်တဲ့ အလှူမျိုးပဲပေါ့။

ပြီးတော့ အဆင်အခြင် အတိုင်းအထွာမရှိဘဲ သတိလက်လွတ် လှူတာတန်းတာမျိုးကိုလည်း တို့ဘုရားက ဘယ်တုန်းကမှ အားပေးတော်မမူခဲ့ဘူး။ ရှိသမျှစည်းစိမ်တွေ ပြုတ်ကုန်အောင်၊ အကြွေးတွေတင်ကုန်အောင် ပရမ်းပတာ လှူပစ်တာမျိုးကို ရှုတ်ချတော်မူတယ်။ မိမိရဲ့ပိုင်ဆိုင်မှုကို လေးပုံ ပုံရမယ်။ အဲဒီလေးပုံထဲကမှ တစ်ပုံကိုစား၊ တစ်ပုံကိုထား၊ တစ်ပုံကိုစု၊ တစ်ပုံကို ပြုရမယ်။ ထပ်ရှင်းပြရရင် လောလောဆယ် စားသောက်သုံးစွဲဖို့ တစ်ပုံ၊ အတိုးအပွား အရင်းအနှီးအတွက် တစ်ပုံ၊ မင်းရေးမင်းတာ ရပ်ရေးရွာရေး ကူပင့်ထောက်ပံ့ဖို့အတွက် တစ်ပုံ၊ သံသရာရေးအတွက် လှူဖို့တန်းဖို့ကို တစ်ပုံ၊ အဲဒါကို ပြောတာ။ ဘယ်လောက်စည်းကမ်းတကျရှိထားလဲ။ ခုတော့ကွာ၊ မင်း အလှူက အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်းတွေနဲ့ချည်း ပြည့်နှက်နေတာပဲ။ ညောင်ပင်ကြီးလောက် လှူပေမယ့် ညောင်စေ့လောက်ပဲ ရတယ်ဆိုတဲ့ အလှူမျိုးဖြစ်နေတာပဲ'

ဘကြီးထွန်းသောင်းက စကားကို ခေတ္တရပ်လိုက်သည်။ ကွမ်းအစ်ကိုဖွင့်ကာ ကွမ်းတစ်ယာ ယာနေသည်။ ကျော်ဝင်းကတော့ ခုမှပင် ဘကြီးစကားကို နားဝင်ပြီး အသိမှန်၊ အမြင်မှန်တွေ ရပြီးရင်း ရနေသည်။ တကယ်တော့ သည်ဘကြီးက သူ၏တစ်ဦးတည်းသော ကျေးဇူးရှင်ဖြစ်သည်။ မိဘတွေ မရှိသည့်နောက် သည်ဘကြီးလက်ပေါ်မှာပင် သူကြီးပြင်းခဲ့ရသည်။ သန်းခင်နှင့် နေ… ချပြီး အိမ်ရာထူထောင်ပေးခဲ့သည်မှာလည်း သည်ဘကြီးပင် ဖြစ်သည်။ သည်ဘကြီးကိုပင် သူက ကျေးဇူးကန်… မိသည်။ ကျောခိုင်းခဲ့မိသည်။ အလှူကိစ္စတွင်လည်း … ပင်ရမည့် စာရင်းထဲမှာ ဘကြီးကို မထည့်မိခဲ့။ ဘကြီး…

www.burmeseclassic.com

www.burmeseclassic.com

ခါတွေ့တော့မှသာ သူတို့လင်မယား ဘကြီးဆီ ရောက်သွားကြခြင်း ဖြစ်သည်။ ခုတော့ များပြားလှသော သူ့အမိုက်အမဲတွေအတွက် နောင်တကိုသာ ရင်ဝယ်ပိုက်နေရလေပြီ။

ကွမ်းယာကို မြုံ့လိုက်ပြီးနောက် ဘကြီးထွန်းသောင်းက စကားကိုဆက်သည်။ သည်တစ်ခါတော့ ဘကြီး၏ ရှုပ်သွင်က ခပ်ညှိုးညှိုး ခပ်မှိုင်းမှိုင်း ဖြစ်နေသည်။ ပြီးလေသံကပါ ခပ်လေးလေး ခပ်တွဲ့တွဲ့ ဖြစ်နေသည်။

'အေးကွာ၊ ဒီလိုအမှားမျိုးကို မင်းမှ မဟုတ်ပါဘူး၊ ငါလည်း ကျူးလွန်ခဲ့ဖူးပါတယ်။ ဒါကြောင့် ကိုယ်မှားဖူးတဲ့ အမှားမျိုးကို မင်းတို့ ဆက်ပြီးမမှားစေချင်လို့ ရှေ့ကနေ ကြိုပြီးသတိပေးခဲ့တာပဲ၊ ပြောဟောခဲ့တာပဲ။ ဒါပေမဲ့ လူတွေဟာ တော်တော်ခက်ကြပါတယ်ကွာ။ အမှန်တရားကို အမှန်တရားမှန်း လက်ခံချင်တဲ့လူက တော်တော့်ကို နည်းပါတယ်။ ငါက ငါသိတဲ့ အမှန်တရားကို ပြောပြတော့ မင်းက လက်ခံသလား၊ လက်မခံဘူး။ တစ်ခါ ခင်းက မင်း အခုရလိုက်တဲ့ အမှန်တရားကို မင်းရဲ့သားတွေ၊ တူတွေဆီ ပြန်ပြီးချပြကြည့် သူတို့ကလည်း လက်ခံမယ် ထင်သလား။ ဘယ်တော့မှ လက်မခံဘူးကွ။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ စစ်မှန်တဲ့ သဒ္ဓါတရားကို အတုအယောင်ပကာသနတွေက ဖုံးလွှမ်းသွားလို့ပဲ။ လောကမှာ သူများ မှားသလို ကိုယ်မမှားရအောင် သံဝေဂဉာဏ်နဲ့ ပြုပြင်တဲ့သူက နည်းတယ်။ ရှေ့လူလုပ်သလိုပဲ နောက်ကလိုက်လုပ်ပြီး အချိန်တန်တော့မှ ငါမှားပြီဆိုပြီး နောင်တရတတ်တဲ့သူကသာ များတယ်။ ဒီလိုလူတွေ များနေသမျှ ဘာကောင်းမှုပဲလုပ်လုပ် ဘယ်တော့မှ အကျိုးပေး မသန်ဘူး။ အကျိုးပေး မသန်လို့လည်း ဘဝဆက်တိုင်း,ဆက်တိုင်း သံသရာတစ်လျှောက်မှာ ဒုံရင်းဒုံရင်းနဲ့ပဲ စခန်းသွားနေကြရတာပဲပေါ့ကွာ'

ထိုသို့ နောက်ဆုံးပိတ် တရားချလိုက်ပြီးနောက် စကားသံများက တိတ်ဆိတ်သွားသည်။ တူဝရီး နှစ်ယောက်စလုံးလည်း တစ်နေရာစီသို့ ငေးမောနေမိကြကာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြသည်။

**ရဲမြတ်တင်**

Dictionary for All

THALUN Bookstore Yangon

သာလွန် အင်္ဂလိပ်–မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၁၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက်

'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ်ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ရှိတယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့် အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဝမ္မိရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့် မဟိဒ္ဓိ ဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းတိုက်နယ် အတွင်းရှိ အင်းနက်ကုန်းကျေးရွာမှ မနွေးနွေး(အမည်ပြောင်း)ဆိုသော အမျိုးသမီးတစ်ဦး ရောက်လာခဲ့လေ၏။

ထိုမနွေးနွေးဟု ကျွန်တော် အမည်ပေးထားသော အမျိုးသမီး၏ မျက်နှာသွင်ပြင်သည် သူမအသက် (၂၅) နှစ်ထက် နှစ်ဆခန့် ရင့်ရော်နေဟန်ရှိသည်။ အပူသောက ဒဏ်ကို ကြံ့ကြံ့ခံပြီး ကျွန်တော့်ဆီ ရောက်လာခဲ့မှန်း သိသာထင်ရှားလှပေ၏။ သူမ၏ ခေါင်းထက်က ပြောင်းဖူးမွေးသဏ္ဌာန်ရှိ ဆံပင်တို့သည် အုန်းဆီနှင့် လမ်းခွဲခဲ့တာ ကြာပြီထင့်။ တင်းတိပ်များသည် သူမမျက်နှာပြင့် အပြည့်။ ဆီချေးသုတ်လိမ်းထားသလား ထင်ရလောက်အောင် နေရာယူထားသည်။

တစ်ခါတစ်ရံဆီတုန်းက ပုရိသယောကျ်ားအပေါင်းကို ဆွဲညှို့နိုင်စွမ်းရှိခဲ့မည်ဟု ယူဆရသော မျက်ဝန်းအစုံနှင့် မျက်တောင်ကော့ရှည်ရှည်ကြီးတွေသည်လည်း မျက်လုံးအိမ်ထဲမှာ နက်ရှိုင်းစွာ ငုပ်လျှိုးနေကြသည်။

ကျွန်တော့်ဗေဒင်စားပွဲခုံရှေ့ ရောက်သည်နှင့် တစ်ပြိုင်နက်–

'ကျွန်မအဖြစ်ကတော့ မနှစ်တာထက် ဆိုးသထက်ဆိုးသလိုပါပဲ ဆရာရယ်။ ကျွန်မနဲ့ ကျွန်မယောကျ်ားဟာ လွန်ခဲ့တဲ့ရှစ်နှစ်တုန်းက ဝက်တိုးရွာအလှူပွဲတစ်ခုကို သွားရာက နေတွေ့ပြီး အကြည့်ချင်းဆုံရင်ခုန် ဖူးစာဆုံခဲ့ကြတာပါ။ သူက ရှားဇောင်းကန်ရွာသားလေ။ ရှားဇောင်းကန်ရွာ ဆရာသိသလား။ တောင်တွင်း–မကွေး မီးရထား လမ်းဘေးက ရွာကြီးတစ်ရွာလေ။ ဟို··ကိုသံဒုတ်တို့ရွာ ပေါ့တော်။ ကိုသံဒုတ်ကိုရော ဆရာသိသလား။ အမယ်·· မတရား ယောကျ်ားပီပီသသနဲ့ချောတာ။ ကျုပ်ကိုတောင် ရည်းစားစကား (၇)ကြိမ်တိတိ လိုက်ပြောဖူးတယ်။ (၈) ကြိမ်လိုက်ပြောရင်တော့ အဖြေပေးမယ်လို့ စိတ်ကူးယဉ် နေတုန်း ဖြုန်းဆို ကောက်ခါငင်ခါ ကိုသံဒုတ် ဆုံးပါး သွားတယ်။ ကျွန်မလေ ကြိတ်ငိုလိုက်ရတာ။ အမယ်–အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် စောစောက ကျွန်မပြော ခဲ့တဲ့ ကျွန်မယောကျ်ားနဲ့ ဝက်တိုးရွာ အလှူမှာ တွေ့ ခိုးရာလိုက်ခဲ့တဲ့နေ့ ဖြစ်နေတယ် သိလား။ ပတ်ဝန်းကျင် က ကဲ့ရဲ့လည်း မတတ်နိုင်ဘူး ဆရာရယ်။ ကိုသံဒုတ် လွဲချော်ခဲ့သလိုအဖြစ်မျိုး နောက်ထပ် မကြုံချင်တော့ဘူး အဲဒါနဲ့ မိန်းကလေးပီပီ အိမ်ထောင်ဖက်ကို ခပ်မြန်မြန် ရွေးချယ်လိုက်တယ် ပြောပါတော့။ အဲဒီမှာ စတွေ့တာပဲ ဆရာရေ'

'ဗျာ··အခုမှ စတွေ့တာ ရှိသေးတယ်၊ ဟုတ်လား တော်ပါတော့။ ခင်ဗျား ကျွန်တော့်ဆီ ဘာအကြောင်းနဲ့ ရောက်လာခဲ့တာလဲ။ ဘယ်သူ လမ်းညွှန်လိုက်တာလဲ ကျုပ် စိတ်တိုမလာခင် လစ်တော့ဗျာ'

'ပြောပါ့မယ် ဆရာသမားရယ်။ အခုမှ အစရှိသေး တယ်။ ဆရာ့ဆီကို ဆရာ့တပည့်မ ဒေါ်ထားထား ရွာဈေးလာရောင်းရင်း လမ်းညွှန်လိုက်လို့ ဗေဒင်လာမေး တာပါ။ ဗေဒင်ဆရာဆိုတာ ဗေဒင်မေးသူရဲ့ အခက်အခဲ



သာထက်ဇော်(မကွေး)

# ထွက်သွားသူ ပြန်လာစေနည်း

www.burmeseclassic.com

စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးရမယ်လေ။ ဆရာတို့အဘဆရာကြီး ဒေါက်တာမင်းသိခ်ကအဲဒီလို မကြာခဏ မှာကြားခဲ့တယ်လို့ စာအုပ်တွေထဲမှာ ကျွန်မ ဖတ်ဖူးပါတယ်။ ဆရာကြီးစကားနဲ့ ပြောရရင် ဗေဒင်မေးသူကို လွတ်လပ်စွာ ဘဝင်မြင့်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့် ပေးထားရမယ်တဲ့။ ဟုတ်တယ်နော်။ ဟဲ..ဟဲ..ဟဲ'

'တော်စမ်းပါဗျာ၊ ကျုပ်ကို အဘနဲ့ ခြိမ်းခြောက်ပြီး မပြောနဲ့။ ခင်ဗျားလို လူစားမျိုးတွေ အဘပြောတဲ့အထဲမှာ [illegible]ပါဘူးမှတ်။ ခင်ဗျားတင်မကဘူး၊ ခင်ဗျားတို့ ဆွေစဉ်မျိုးဆက် ခုနစ်ဆက်စလုံးလည်း မပါဘူးမှတ်'

'ဒီလို တူးတူးခါးခါး စကားတွေနဲ့ လေစိမ်းတွေ [illegible]တိုက်ချင်စမ်းပါနဲ့ ဆရာရယ်။ ကျွန်မက တကယ်ဒုက္ခ[illegible]ရောက်လာလို့ ဆရာ့ဆီ အားကိုးတကြီးနဲ့ ရောက်လာခဲ့[illegible]ပါ'

'ဒါဆိုလည်း သိပ်ပြီး အိုဗာတင်းတွေ စွတ်ဖျော်မနေ[illegible]။ လိုရင်းတိုရှင်းပြော။ ဘာဖြစ်လာလဲ၊ ကျုပ်က [illegible]ကို ဘယ်လိုကူညီပေးရမလဲ'

'ဒီလိုပါ ဆရာရယ်၊ စောစောက ပြောသလိုပေါ့။ [illegible] ကျွန်မချစ်သူ ကိုတင်ထွန်းနိုင်တို့ နှစ်ယောက်သား [illegible]ဒုတ် ဆုံးပါးသွားတဲ့နေ့မှာပဲ ထွက်ပြေးခဲ့ကြတယ်။ [illegible]လိုက်ခဲ့တယ်ပေါ့နော်။ အဲ..ခိုးပြေးလို့ စလေချောင်း[illegible]ရောက်ရော ကျွန်မအတွက် အရေးကြီးတဲ့ပစ္စည်း [illegible] အိမ်မှာ မေ့ကျန်ခဲ့တာ သတိရလိုက်မိတယ်'

'ဘာပစ္စည်းတွေများလဲဗျ'

'တခြားဟုတ်ရိုးလား ဆရာရယ်၊ မနေ့ကမှ ဝယ်[illegible] အုန်းပင်တံဆိပ် အုန်းဆီမွှေးပုလင်းနဲ့ ဆံညှပ်[illegible] တစ်စုံရယ်လေ။ ဒါနဲ့ ကိုတင်ထွန်းနိုင်ကို အကျိုး[illegible] ရှင်းပြပြီး အဲဒီပစ္စည်းတွေ အိမ်ပြန်ပြီးယူခဲ့တယ်'

'ခင်ဗျားကလည်း ရူးရင် ကောင်းကောင်းရူးစမ်းပါ။ [illegible] ဒါလေးအတွက်နဲ့များ နောက်လှည့် အိမ်ပြန်[illegible]တယ်လို့။ ရူးပါ့ဗျာ'

'[illegible]ပြောလည်း ခံရတော့မှာပဲ။ ကျွန်မကိုယ်တိုင်[illegible]လမ်းကြီးတာကိုးနော်။ အဲဒီမှာ စတွေ့တော့တာ[illegible]'

'[illegible]ပြန်ပြီလား စတွေ့တာ'

'[illegible]ခါ တွေ့တာကမှ အကြီးကြီးဆရာရေ၊ ကျွန်မအမေနဲ့ကို ပက်ပင်းသွားတွေ့တာ။ အမေကလည်း ကျွန်မပျောက်လို့ ဒေါင်းတောက်အောင် ရှာနေတဲ့အချိန်။ ဒါနဲ့ပဲ ကျွန်မနဲ့ ကိုတင်ထွန်းနိုင်တို့ ချစ်ခရီးလမ်း တစ်ခန်းရပ်သွားတယ်ပေါ့'

'ဒါဆို ခင်ဗျားတို့နှစ်ယောက် ချစ်ကြလျက်နဲ့ ဘာမဟုတ်တဲ့ ပစ္စည်းလေးနှစ်ခု ပြန်သွားယူမိတာနဲ့ပဲ လမ်းခွဲလိုက်ကြရတယ်ပေါ့။ စိတ်မကောင်းစရာဘဲဗျာ'

'စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာရယ်။ ကျွန်မတို့နှစ်ယောက် နောက်ထပ်တစ်ကြိမ် ထပ်ခိုးပြေးကြပြီး ပေါင်းလာလိုက်တာ အခုဆိုရင် ကလေး(၇)ယောက်တောင်မှ ရနေပါပြီ'

'တော်သေးတာပေါ့ဗျာ။ မကွဲကြတာ'

'မတော်ဘူး ဆရာ။ အခု ကျွန်မတို့နှစ်ယောက် ကွဲသွားတာ (၂)လတောင် ကျော်သွားပြီ'

'ခင်ဗျား ကျုပ်ဆီကို တမင်ရောက်လာပြီး လာစော်ကားနေတာလား'

'မဟုတ်ရပါဘူး ဆရာရယ်။ ကိုတင်ထွန်းနိုင် အိမ်ပေါ်က စိတ်ဆိုးဆင်းသွားလို့ ဗေဒင်လာမေးတာပါ။ ပြန်လာအောင် ခေါ်ပေးပါ ဆရာရယ်..နော်'

'ခင်ဗျားဗျာ..ခင်ဗျား၊ ဟင်း..ဟင်း'

ကျွန်တော်သည် ကိုတင်ထွန်းနိုင် အမြန်ပြန်လာစေရန် ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးလိုက်လေ၏။

တနင်္ဂနွေသားသမီး ထွက်သွားပါက အုန်းသီးတစ်လုံးပေါ်မှာ သူ့နာမည် (ကို၊ မောင်၊ ဦး၊ ဒေါ် မပါ)ရေးပြီး နေအိမ်၏ အနောက်မြောက်ထောင့်မှာ မလဲအောင် ထားပေးလိုက်ပါ။ ပြီးလျှင် ၄င်းအုန်းသီးကို ရေဖျန်းပက်ပြီး တနင်္ဂနွေသားသမီး အမြန်ပြန်လာပါဟု ခေါ်ရမည်။ ယခုအစီအရင်ကို သောကြာသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

တနင်္လာသားသမီး ထွက်သွားပါက ကြက်ဥတစ်လုံးပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး နေအိမ်၏ အရှေ့ရပ်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို စနေသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

အင်္ဂါသားသမီး ထွက်သွားပါက စက္ကူအဖြူတစ်ရွက်ပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး သိန်ကာတစ်ချပ်မှာ ကော်ဖြင့်ကပ်ပါ။ ထို့နောက် ၄င်းသိန်ကာ



www.burmeseclassic.com

www.burmeseclassic.com

ထဲကို စိန်ခြယ်ပန်းထည့်၍ နေအိမ်၏ အနောက်တောင်ထောင့်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို တနင်္ဂနွေသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

ဗုဒ္ဓဟူးသားသမီး ထွက်သွားပါက လျက်ဆားပုလင်းတစ်လုံးပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး ရေစစ်ထဲ ထည့်ပါ။ ပြီးလျှင် နေအိမ်၏ မြောက်အရပ်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို တနင်္လာသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

ကြာသပတေးသားသမီး ထွက်သွားပါက ပိတောက်သားပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး ဆန်ခြင်တွယ်သည့် ပြည်တောင်းတစ်လုံးထဲကိုထည့်ပါ။ ပြီးလျှင် နေအိမ်၏ အနောက်အရပ်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို အင်္ဂါသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

သောကြာသားသမီး ထွက်သွားပါက သရက်သားပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး နေအိမ်၏ တောင်အရပ်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို ဗုဒ္ဓဟူးသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

စနေသားသမီး ထွက်သွားပါက ထန်းလက်တစ်ခုပေါ်မှာ သူ့နာမည်ကို အထက်ပါအတိုင်းရေးပြီး နေအိမ်၏ အရှေ့တောင်ထောင့်မှာ မလဲအောင် ထားပေးလိုက်ပါ။ ယခုအစီအရင်ကို ကြာသပတေးသားသမီး တစ်ဦးဦးက ပြုလုပ်ပေးရမည်။

'ကဲ..ဒါကတော့ (၇)ရက်သားသမီးတွေ အကြောင်းအမျိုးမျိုးကြောင့် ထွက်သွားခဲ့ရင် ပြန်လာအောင်ဆင်တဲ့ ဓာတ်ရိုက်ဓာတ်ဆင်နည်းပဲ မနွေးနွေးရေ။ ဘာများသိချင်တာ ရှိသေးလဲ။ ဘာများ နားမရှင်းတာ ရှိသေးလဲ။ မေးပါ၊ မေးပါ'

'ဟိုလေ ဆရာ။ ဒီဓာတ်ဆင်နည်းကို ဘယ်နေ့၊ ဘယ်အချိန်မဆို လုပ်ရင်ရသလားဟင်'

'ရပါတယ်ဗျာ။ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ သောကြာနေ့ နံနက်(၆း၃၀)နာရီမှာလုပ်ရင် ပိုကောင်းတာပေါ့။ နောက်တစ်ခုက ဘယ်နေ့သားသမီးအတွက်မဆို ဒီအစီအရင်ကို စလုပ်တဲ့နေ့မှာ အချိန်ခြားသတ်မှတ်ပြီး ရေ(၆)ကြိမ် မပျက်မကွက်လောင်းပြီး အမြန်ပြန်လာစေရန် လေးလေးနက်နက် ဆုတောင်းဖို့လိုတယ်'

'ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ။ ကျွန်မ သေသေချာချာလုပ်လိုက်ပါ့မယ်'

ထို့နောက် မနွေးနွေးသည် ကျွန်တော်ပေးလိုက်သည့် ဓာတ်ရိုက်ဓာတ်ဆင် စာရွက်ကလေးကို အသေအချာခေါက်ယူပြီး ဟောခန်းထဲကနေ ထွက်ခွာသွားလေတော့သည်။

နှစ်ပတ်ခန့် ကြာသောအခါ ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းရှေ့သို့ နွားလှည်းတစ်စီး ထိုးဆိုက်လာလေ၏။ ပြီးနောက် နွားလှည်းပေါ်ကနေ ထန်းခေါက်တောင်းကြီးတစ်လုံးကို ထမ်းယူကာ လူတစ်ယောက် ဆင်းလာလေသည်။

'ဆရာသာထက်ဇော်လားခင်ဗျ'

လူစိမ်းက ကျွန်တော့်ကို စိုက်ကြည့်ရင်း မေးလာသည်။

'ဟုတ်ပါတယ်၊ ဘာပြောစရာရှိလဲ'

'ဒီလိုပါ ဆရာ၊ ကျွန်တော်က မနွေးနွေးရဲ့ယောကျ်ား ကိုတင်ထွန်းနိုင်ပါ။ ဆရာပြန်ခေါ်ပေးလို့ အိမ်ပြန်ရောက်လာတဲ့သူပေါ့ဗျာ'

'ဩော်..ဟုတ်ကဲ့၊ ဟုတ်ကဲ့'

'ဒီလက်ဆောင်လေးတော့ လက်ခံပေးပါ ဆရာ'

'ဘာတွေများလဲ မသိဘူး'

'ကျွန်တော်တို့ယာထွက် မြေပဲပါ ဆရာ'

'ကျေးဇူးတင်ပါတယ်ဗျာ။ ဒါနဲ့ ကိုတင်ထွန်း မနွေးနွေးနဲ့ ဘယ်လိုက ဘယ်လိုဖြစ်လို့ အိမ်ပေါ်က ဆင်းသွားရတာလဲဗျ'

'ပြောမပြောချင်ပါဘူး ဆရာသမားရယ်။ ဒီအကြောင်း အခုပြော အခုစိတ်နာတယ်၊ တကယ်'

'မဟုတ်သေးပါဘူးဗျာ။ ခင်ဗျားပြောပြမှ ကျွန် အဖြစ်မှန် သိရမှာလေ။ ပြောပြစမ်းပါ'

'ဒီကောင်မပေါ့ ဆရာရဲ့။ ကျုပ်ခေါင်းက ဆံ နှုတ်ခိုင်းတာ နှုတ်မပေးနိုင်ဘူးတဲ့ဗျာ။ အဲဒါနဲ့ ကျုပ် ဆိုးပြီး အိမ်ပေါ်ကနေ ဆင်းသွားခဲ့တာ'

'ဗျာ'

မမွှော ဟာဝေ ရက္ခတိ

သာထက်ဇော်



www.burmeseclassic.com

www.burmeseclassic.com

"နာမည်လှလှလေး ပေးပေးပါ ဆရာ"

"နာမည်ဆန်းဆန်းလေးနော် ဆရာ"

"ဆရာ..နာမည်ကို ရိုးရိုးကြီး မဖြစ်စေနဲ့နော်"

ကလေးမိဘများထံမှ နိစ္စဓူဝကြားနေရသော စကားများပင်တည်း။ ခက်သည်၊ အလွန်ခက်ပါသည်။ မိဘတော်တော်များများသည် ကလေးငယ်၏ နာမည်လှဖို့၊ ဆန်းဖို့သာ ခေါင်းထဲ ရှိနေကြပါသည်။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အဓိက,ကတော့ ကလေးနာမည်ဟာ ဗေဒင်စည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်နေဖို့က အလွန်အရေးကြီးပါတယ်။ အတတ်နိုင်ဆုံးတော့ လှအောင်၊ ဆန်းအောင် မှည့်ပေးပါ့မယ်။ အထူးသဖြင့် ကျွန်တော် ရွေးပေးလိုက်တဲ့ နာမည်က နာမည်လှဖို့ထက် ကလေးဘဝ လှပဖို့ကို ဦးစားပေး ရွေးချယ်ပေးမှာ ဖြစ်ပါတယ်"ဟု ကျွန်ုပ်ဘက်မှ ပြန်လည်ပြောနေရမြဲ။

တခြားဆရာများအ[illegible]တော့မသိ၊ ကျွန်ုပ်အတွက်တော့ ကလေးတစ်ဦးအတွက် နာမည်ကောင်း ရရှိဖို့သည် အလွန်အလုပ်များပြီး အလွန်ခက်ခဲပါသည်။ မဟာဘုတ်တွင်လည်း မှန်ကန်အောင်၊ နာမက္ခရဆန်းကျမ်းနှင့်လည်း ညီညွတ်အောင်၊ အင်္ဂဝိဇ္ဇာနှင့်လည်း အံဝင်ခွင်ကျအောင် ဘုံထုတ်ညှိနှိုင်း တွက်ချက်ပေးရသည်။ ပြီးလျှင ဆန်းဂိုဏ်းနက္ခတ် ရွေးချယ်ပေးရပါသည်။

တနင်္ဂနွေသားနှင့် အင်္ဂါသားသမီးများ ပိုဆိုး။ သံတိုများက နေရာယူ များနေသောကြောင့် ဖြစ်ပါသည်။ ပြီးလျှင် မိဘနှစ်ပါး၏ နာမည်၊ မွေးနံတို့ကို တွက်ချက်ပြီး ကလေး၏ နာမည်သည် မိဘများအား မထိခိုက်အောင် အစင်အကြယ် ထပ်မံရွေးချယ် ပေးရပါသေးသည်။ တကယ် မလွယ်ပါ။

မြန်မာဗျည်းအက္ခရာ(၃၃)လုံးရှိပြီး နာမည်မှည့်ခေါ်ရာတွင် အသုံးပြု၍ရသော အက္ခရာက (၂၁)လုံးခန့်သာရှိပါသည်။ ထိုအက္ခရာ(၂၁)လုံးက ခေတ်အဆက်ဆက် တိုးလာခြင်း အလျှင်းမရှိဘဲ ကလေးသူငယ်များသာ တိုး၍,တိုး၍လာသည်ဖြစ်ရာ ထိုကလေး အရာ၊ အထောင်၊ အသောင်းတို့ကို ထိုမှည့်ခေါ်အသုံးပြု၍ရသော အက္ခရာ (၂၁)လုံးခန့်ထဲမှ ကလေး၏ ဇာတာအရ ကောင်းကျိုးပြုမည့် အက္ခရာတချို့ကို ရှာကြံရွေးချယ်ပြီး လှလှပပလေးလည်းဖြစ်အောင်၊ ခပ်ဆန်းဆန်းလေးလည်းဖြစ်အောင် ကြိုးစားပမ်းစား နာမည်ရွေးချယ်ပေးနေရခြင်းဖြစ်သဖြင့် မလွယ်ပါဟု ဆိုနေရခြင်း ဖြစ်ပါသည်။

ကလေးငယ်တစ်ဦးသည် မိဘများက ရွေးချယ်ပညတ်ပေးလိုက်သော နာမည်ဖြင့် ဘဝတစ်သက်တာလုံး ရပ်တည်ရှင်သန်သွားရမည် ဖြစ်ပါသည်။ နာမည်အလှ၊ နာမည်အဆန်းတို့နောက်လိုက်ပြီး ရွေးချယ်ပေးလိုက်သော နာမည်သည် အကယ်၍ ကလေးအား အခန့်မသင့်၊ မတော်တဆ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး တစ်ခုခုကို ထိခိုက်စေသော နာမည်များ ဖြစ်သွားခဲ့လျှင် ထိုကလေးငယ်၏ ဘဝသည် ဒုက္ခအဖုံဖုံကို ရင်ဝယ်ပိုက်ကာ အလွန်ပင် သနားဖွယ်ကောင်းလှပါသည်။ မိဘတို့ပြုသမျှ နုနေကြရမည့် ဘဝလေးများ ဖြစ်ကြပါလိမ့်မည်။ အလွန်ပင် ရင်နာဖို့ကောင်းပါသည်။ ကိုယ်သားသမီး၏ဘဝကို ကိုယ်ကိုယ်တိုင် မိဘများကပင် အညွန့်ချိုးသတ်လိုက်ခြင်းပင် ဖြစ်နေပါတော့သည်။

ထို့ကြောင့် ကလေးသူငယ်များအား နာမည်ပေးရာတွင် ဗေဒပင်ပညာကို အမှန်တကယ် ထောင့်စေ့အောင် တတ်ကျွမ်းပြီး စေတနာထားသော ဗေဒင်ပညာရှင် သုတေသီများနှင့်သာ အပ်နှံရွေးချယ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် နာမည်တစ်ခုသည် လူတစ်ယောက်၏

သုခစုစံ(ကျိုက်လတ်)



# (၁၃၇၉)ခုနှစ်တွင် မွေးဖွားလာမည့်

# ကလေးများအား

# နာမည်ကောင်းရွေးပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာနှင့် များစွာဆက်စပ်ပတ်သက်မှု ရှိနေသောကြောင့်ဖြစ်သည်။ သို့မှသာ နာမည်ကောင်းကြောင့် ဘဝတွင် ရှိသည့်အရည်အချင်းထက် ပို၍ကြီးပွားအောင်မြင်ချမ်းသာသွားခြင်း၊ ဖြစ်ထွန်းသင့်တာထက် ပို၍ဖြစ်ထွန်းသွားခြင်း၊ ဘဝများ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်မြင့်သွားခြင်းများကို မျက်ဝါးထင်ထင် ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း။

◆◆◆

ယခု ကျွန်ုပ်သည် (၁၃၇၉)ခုနှစ်တွင် မွေးဖွားလာမည့် ရင်သွေးရတနာတို့အား ပညာပါရမီ ဖြည့်ခြင်းအလို့ငှာ စေတနာရှေ့ထား၍ နာမည်ကောင်းများ ရွေးချယ်ပေးခြင်းကို ဤဂမ္ဘီရမင်္ဂလာဇင်းကြီး စာမျက်နှာမှတစ်ဆင့် ရေးသားတင်ပြပေးလိုက်ပါသည်။ ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ထင်ရှားကျော်ကြားခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဘုန်းကြီးခြင်း အစရှိသော ကောင်းမြတ်သော ဣဋ္ဌာရုံဘဝတို့ကို လက်ဝယ်ပိုင်ပိုင်ရရှိကြပါစေ။ သားကောင်းရတနာ၊ သမီးကောင်းရတနာတို့မှ နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများအဖြစ်သို့ ရောက်ရှိကြပါစေသတည်း။

◆◆◆

နာမည်ကောင်းများ ရွေးချယ်ပေးထားခြင်းနှင့်ပတ်သက်၍ ပညာခွင် ပညာရပ် အယူအဆများကို အတွေ့အထူး တစ်ခုစီ တစ်ခုစီ ရှင်းမပြတော့ပါ။ မဟာဘုတ်ပညာရပ်အရ အမည်လေးပါးတွင် ဣဋ္ဌ+ဣဋ္ဌ နာမည်များဖြစ်ခြင်း၊ အင်္ဂဝိဇ္ဇာပညာရပ်တွင် အထက်ဆောင်ပန်းများနှင့်တွဲ၍ ပေးထားခြင်း၊ သာစည်၊ ပင်းယ၊ အမြစ်၊ အညွန့်ကြီးများဖြင့် တွဲ၍ပေးထားခြင်း၊ ပဋ္ဌပွတ်၊ ဆပွတ်၊ အညွန့် အထက်ဆောင်ပန်း လှည့်ခွေ၍ ပေးထားခြင်း၊ ရတိုင်စဉ်အရ တိုင်စဉ်မှန် နာမည်များ ရွေးချယ်ပေးထားခြင်းများ ဖြစ်သောကြောင့် စိတ်ချလက်ချ ယုံယုံကြည်ကြည်ဖြင့် ကြိုက်နှစ်သက်ရာ နည်းတစ်မျိုးမျိုးကို ရွေးချယ်၍ ပေးနိုင်ကြပါစေသော်။

◆◆◆

**တနင်္ဂနွေသားသမီးများ**

ဘုတ်ဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဖြိုးမင်းပိုင်၊ ဘုန်းသော်မြင့်၊ မေယွန်းမြတ်၊ မိုးသိမ့်မြတ်။

**ဒုတိယနည်း**

တနင်္လာအစ တနင်္လာအဆုံး မှည့်ပါ။

ဥပမာ-ကောင်းသန့်ကျော်၊ ခန့်လင်းကျော်၊ ကြည်လှဲ့ခင်၊ ခင်ကုံ့ကော်။

**တတိယနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သီဟသွေး၊ သော်လင်းဟန်၊ သရဖီသင်း၊ သင်းပျံ့သူ။

**တနင်္လာသားသမီးများ**

သိုက်ဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

တနင်္လာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-ချမ်းလင်းသန့်၊ ကောင်းသီဟ၊ ခင်ဝသန်၊ ချောလှဲ့သွင်။

**ဒုတိယနည်း**

ဗုဒ္ဓဟူးအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-ရဲဝသုန်၊ ဝေလင်းသန့်၊ ရှင်းမွန်သန့်၊ ယွန်ဟေသာ။

**တတိယနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သော်ဖြိုးဟန်၊ ဟိန်းပြည့်သော်၊ သီရိသူ၊ သပြေသင်း။

**အင်္ဂါသားသမီးများ**

မရဏဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ-လင်းမြတ်ဝေ၊ ဝေယံလင်း၊ ယဉ်မိုးလင်း၊ ဝင့်ဂျူလိုင်။

**ဒုတိယနည်း**

တနင်္လာအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ-ကောင်းဟန်လင်း၊ ကောင်းသုဝဏ်၊ ခိုင်သွန်းလှဲ့၊ ခင်သံရဝဏ်။

www.burmeseclassic.com

www.burmeseclassic.com

**ဗုဒ္ဓဟူးသားသမီးများ**

အဓိပတိဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ဗုဒ္ဓဟူးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဝေလင်းမြတ်၊ လရောင်မင်း၊ ယွန်းလပြည့်၊ ဝသယန်မှူး။

**ဒုတိယနည်း**

တနင်္လာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-ကောင်းဝံသ၊ ခိုင်ခန့်သူ၊ ခင်ရှင်းသန့်၊ ခွန်းလှဲ့သူ။

**တတိယနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-မြတ်လင်းမောင်၊ ဘုန်းမြတ်ပိုင်၊ ဖြူရှင်းမွန်၊ မိုမိုမောင်၊

**ကြာသပတေးသားသမီးများ**

ရာဇဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ကြာသပတေးအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-မိုးယံသစ်၊ ပြည့်ဖြိုးသာ၊ ဖြူရှင်းသန့်၊ မိုးပွင့်သာ။

**ဒုတိယနည်း**

တနင်္လာအစ သောကြာအဆုံး မှည့်ပါ။



ဥပမာ-ကျော်စစ်ဟန်၊ ကျော်ရှင်းသန့်၊ ကြည်လှဲ့သော်၊ ခင်ရှင်းသန့်။

**တတိယနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သုဝေဟန်၊ သော်စစ်ဟန်၊ သင်းပျံ့သူ၊ ဟေမာသော်။

**စတုတ္ထနည်း**

ဗုဒ္ဓဟူးအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-လင်းဟန်သစ်၊ ရဲပိုင်သ၊ ယုလင်းသန့်၊ ယွန်းဝသီ။

**သောကြာသားသမီးများ**

အထွန်းဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သော်ကောင်းသန့်၊ သော်လင်းဟန်၊ သွန်းမြတ်သူ၊ သီရိမေသူ။

**ဒုတိယနည်း**

ဗုဒ္ဓဟူးအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-ဝေယံဖြိုးသူ၊ ရဲရင့်သီဟ၊ ယွန်းပြည့်သာ ယဉ်မိုမိုဟန်။

**တတိယနည်း**

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ-ရဲသုဝေ၊ ရန်ပိုင်လင်း၊ ယဉ်မိုလင်း၊ လ လက်သီရိ။

**စနေသားသမီးများ**

ဘင်္ဂဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

တနင်္လာအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ-ချမ်းလင်းရှိန်၊ ကျော်လရောင်၊ ခိုင်သွန်း ခိုင်ရွှန်းလှဲ့။

**ဒုတိယနည်း**

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ-ရဲဝေဠု၊ လင်းသူရှိန်၊ ယွန်းချယ်ရီ၊ သီရိ။

**တတိယနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်

www.burmeseclassic.com

www.burmeseclassic.com

ဥပမာ-မင်းလျှံဖြိုး၊ ဘုန်းမြင့်မြတ်၊ မြလွန်းဖြူ၊ မိုးယုပိုင်။

နာမည်ကောင်းများ ရွေးချယ်ထားပြီးသော်လည်း တချို့သော မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့သည် ကလေးငယ်အား အိမ်ခေါ်နာမည်အဖြစ် ချစ်စနိုးနာမည်၊ ကျပန်းနာမည်လေးများကို ခေါ်ဆိုတတ်ကြပါသည်။ ထိုသို့ခေါ်ဆိုခြင်းကို အထူးရှောင်ကြဉ်သင့်ပါသည်။ ရွေးချယ်ထားသော နာမည်ကောင်းကိုသာ အပြည့်အစုံ ခေါ်ဆိုသင့်သည်။ သို့မှသာ နာမည်ကောင်း၏ အကျိုးကျေးဇူးကို အပြည့်အဝ ခံစားကြရမည် ဖြစ်ပါသည်။

ထိုအိမ်ခေါ်နာမည်များတွင် နွားကြီး၊ ခွေးပု၊ ဝက်လေး၊ တစ်တစ်၊ တုံတုံ၊ တူးတူး၊ ခက်ခက်၊ သက်သက် အစရှိသည့် အဓိပ္ပာယ်မကောင်းသော နာမည်များ ဖြစ်နေခဲ့သော် ကလေးအတွက် ကံနိမ့်စေတတ်ပါသည်။ ထိုနာမည်များ တစ်သက်လုံး နာမည်တွင်သွားခဲ့လျှင် ကလေးအတွက် ဘဝအနေအထားများ အလားအလာ မကောင်းနိုင်တော့ပါ။ မိန်းကလေးများကိုလည်း မိ၊ မိမိ၊ မိလေး၊ မိကြီး အစရှိသည်ဖြင့် ခေါ်ဆိုခြင်းမပြုသင့်ပါ။ အပူဟပ်တတ်၊ အပူများတတ်ပါသည်။

**မှတ်ချက်**-နံတူအစ ,အဆုံး ပေးထားသော နာမည်ရှင် (ဥပမာ-ကြာသပတေးအစ ကြာသပတေးအဆုံး၊ သောကြာအစ သောကြာအဆုံး)တို့ကို အလယ်လုံးများ ဖြည့်စွက်ရာ၌ နာမည်၏ အလယ်တွင် မိဘနှစ်ပါး၏ နာမည်စာလုံး မထည့်သင့်ပါ။ အထူးသတိပြုရန်မှာ ဤနှစ်တွင် ကလေးများအား နာမည်မှည့်ခေါ်ရာ၌ နာမည်၏ အလယ်လုံးများ ဖြည့်စွက်ရာတွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနံသင့် အက္ခရာများကိုသာ လှည့်ပတ်စဉ်းစား ရွေးချယ်၍ ဖြည့်စွက်ကာ မှည့်ခေါ်ပေးကြပါလေ။ အထူးသဖြင့် အဓိပ္ပာယ်ကောင်းမွန်လှသော နာမည်စာလုံးများကို ဦးစားပေးရွေးချယ်ကြပါဟု တိုက်တွန်းရင်း..။

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။

**သုခစုစံ(ကျိုက်လတ်)**

**"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"**



**ဓနုသော်တာ**

အပုဟ်ထုံးဆိပ်



**ကွမ်းရွက်ဆီလိမ်းဆေး (အအေး)**

- **အကိုက်အခဲပျောက်လိမ်းဆေး၊**
- **ရင်လူးဆေး။**
- **အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။**

**(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)**

- **အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဧက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။**
- **ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။**
- **အပူနာ၊ Bed Sores ၊ အပူကျိုက်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။**

**(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။**

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

[illegible]- ဓနုသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၃၀၆[illegible]

www.burmeseclassic.com

မဟာဘုတ်အကြောင်း ပြောပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗေဒင်ပညာကို ဝါသနာထုံသူရော၊ ဝါသနာမထုံသူရော မဟာဘုတ်ဆိုတဲ့ ဗေဒင်ပညာရပ်ကို ကြားဖူးနားဝ ရှိထားတတ်ကြလို့ပါ။ တချို့ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ကိုင်တတ် သိနေတတ်ကြလို့ပါ။ ဒီနေရာမှာ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ကိုင်တတ် သိနေတတ်ကြတဲ့ ပညာရှင်မဟုတ်တဲ့ သာမန်ဝါသနာရှင်တွေဟာ တစ်လျှောက်လုံး မှားမှားယွင်းယွင်း မှတ်သားထားခဲ့ကြတယ် ဆိုတာကို တွေ့တွေ့နေရလို့ ဒီမဟာဘုတ်အကြောင်းကို ပြောပြရတာပါ။

သာမန်ဝါသနာရှင်တွေ တစ်လျှောက်လုံး မှားမှားယွင်းယွင်း ဘယ်လိုမှတ်သားခဲ့ကြသလဲဆိုတော့-

(က) ပုတိဖွားမှာ ငြိုငြင်စွာ၊
မွေးကာဖွားလတ်မည်။
နမြောတွန့်တို ဝန်လည်းတို
စိတ်တိုဆတ်လိမ့်မည်။



(ခ) ဘင်္ဂဖွားမှာ ပျက်ပြားစွာ၊
မွေးကာလာရမည်။
ကြံစည်ပြုကာ၊ ပျက်တတ်တာ
သေချာမှတ်ရမည်။
မရဏဖွားမှာ၊ ဝေဒနာ၊
မွေးကာများလတ်သည်။
မသေကြေလတ်၊ မင်းဖြစ်တတ်
မုချမှတ်ရမည်။

(ဃ) အထွန်းဖွားမှာ ထင်ရှားစွာ
မွေးကာလာတတ်သည်။
နာမသတင်း၊ ထင်ရှားခြင်း
မယွင်းဖြစ်လတ်မည်။

(င) သိုက်ဖွားသူမှာ ကုသလာ
ပြုကာဖွားလတ်မည်။
ရောင်းဝယ်ဖောက်ကား ကုန်သွယ်စား
မမှားဖြစ်ရမည်။

(စ) ရာဇဖွားမှာ ထက်မြက်စွာ
စိတ်မှာလျှင်ရမည်။
ပန်းချီပန်းပု နှုတ်လက်မှု
တတ်မှုစုံလိမ့်မည်။

(ဆ) အဓိပတိဖွား လူအများ
မမှားအုပ်စိုးမည်။
ရဟန်းရှင်လူ အများသူ
ကြည်ဖြူညွတ်ချမည်။

အဲဒီလို စွဲခဲ့ကြ၊ မှတ်ခဲ့ကြခြင်းပါပဲ။ နို့ မဟုတ်ဘူး
လားလို့မေးရင် အားလုံးမမှန်ဘူးလို့ပဲ ဖြေရမှာဖြစ်ပါတယ်။
အကြမ်းဖျင်းပဲ မှန်မယ်လို့ ဖြေရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကလေးတစ်ယောက် မွေးဖွားသန္ဓေ
လာပြီဆိုရင် မဟာဘုတ် အောက်တန်းဖြစ်တဲ့ ပုတိ၊ ဘင်္ဂ

# ပုတိဆိုတိုင်း မှန်တိုင်းမဟုတ်

## မင်းနေထွန်း (ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com

မရဏ တစ်မျိုးမျိုး ဖွားလာသူ ဖြစ်တယ်ဆိုရင် သိပ်ပြီး ဘဝင်မကျတတ်ကြပါဘူး။ သားသမီးရုပ်ရည် သီတာ မည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျသို့ မိဘတို့ဝမ်း ငြိမ်းစတမ်းပါ။ ပုတိ၊ ဘင်္ဂတွေ မလိုပါဘူးလို့ ဟန်ဆောင် ပန်ဆောင် နှုတ်က ပြောနိုင်ပေမယ့် စိတ်ကတော့ မအီ မလည် ခံစားနေကြရတာပါပဲ။

အကယ်လို့များ မဟာဘုတ် အထက်တန်းတွေဖြစ်တဲ့ အထွန်း၊ သိုက်၊ ရာဇနဲ့ အဓိပတိဖွားလေးများ တစ်ခုခုဖြစ် တယ်ဆိုရင်တော့ အဲဒီအဖွားလေးကိုပဲ ပီတိတဝေဝေနဲ့ သူက ရာဇာဖွားလေ။ ဒီကလေးက အဓိပတိဖွားပေါ့။ သူလား အထွန်းဖွား စသဖြင့် နှုတ်ပီတိ စိတ်ပီတိအပြည့်နဲ့ ပြောတတ်ကြ၊ ခံစားတတ်ကြတတ်ပါတယ်။ လူတွေကိုး။ အကောင်းကိုမျှော်ကိုး၊ အဆိုးကိုဖယ်ထုတ်၊ အယုတ်ကို ပိုင်းဖြတ်၊ အကျိုးအမြတ်ကို ပီတိဖြစ်ချင်ကြတာ ဓမ္မတာ ပါပဲ။

ဒါပေမဲ့ အဲဒီလို မဟာဘုတ်ဖွား အမှားကြီးကို လက် ကိုင်ထားနေကြတာကိုတော့ လူတိုင်း မသိဘူး ဖြစ်နေ တယ်။ အဲဒီအမှားအယွင်းကြီးကို ပြုပြင်ပေးပြီး အမှန် အကန် နားလည်လက်ခံသွားကြစေလိုလို့ ဒီဆောင်းပါးကို ရေးလိုက်တာပါ။ ဒီတော့ မဟာဘုတ်အမှန်နဲ့ပတ်သက်ပြီး သိထားဖို့က အဲဒီမဟာဘုတ်မှာ အိမ်ရှင်ဂြိုဟ်ဆိုတာ ရှိ တယ်လို့ သိရမှာဖြစ်ပါတယ်။ အိမ်ရှင်ဂြိုဟ်နဲ့ ကိုယ့်မွေးနံ ပဋိပက္ခမဖြစ်ရင် အဲဒီအဖွားဟာ အနိဋ္ဌဖွား အဆိုးဖွား မဟုတ်ဘူး။ အိမ်ရှင်ဂြိုဟ်နဲ့ ကိုယ့်မွေးနံ ပဋိပက္ခဖြစ်ရင် တော့ ရာဇပဲဖွားဖွား၊ အထွန်းပဲဖွားဖွား၊ အဓိပတိပဲဖွားဖွား၊ သိုက်ပဲဖွားဖွား အဲဒီအဖွားဟာ အနိဋ္ဌဖွား၊ အဆိုးဖွားပဲ။ ဒါကြောင့် အိမ်ရှင်ဂြိုဟ်ကို သိဖို့လိုတယ်။

ကဲ··အိမ်ရှင်ဂြိုဟ် ဆိုတာကို တင်ပြပါတော့မယ်။ အိမ်ရှင်ဂြိုဟ်ကို အလွယ်မှတ်လို့ရအောင် ရှေးဘိုးဘေးဘီ ဆရာ ပညာရှင်ကြီးတွေက လင်္ကာလေးနဲ့ တီထွင်ပေးထား ကြပါတယ်။ အဲဒီလင်္ကာလေးကတော့ (လှ၊ တော၊ မြို့၊ သား၊ အ၊ ကြွား၊ ဆင့်)လို့ပဲ ဖြစ်ပါတယ်။

ဒီလင်္ကာလေးကို မဟာဘုတ်လင်္ကာ (အောင်၊ လံ၊ ... ခစ်၊ သူ၊ ကြီး၊ ပွဲ) ချသလိုပဲ။ ဘင်္ဂအိမ်မှ စပြီးချ ရပါတယ်။

အိမ်ရှင်ဂြိုဟ်ကို သိပြီဆိုရင်တော့ ကိုယ့်ရဲ့မဟာဘုတ်

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ * | ပုတိ |

(မဟာဘုတ်)

| | | |
|---|---|---|
| | ဆင့် | |
| မြို့ | သား | အ |
| တော | လှ * | ကြွား |

(အိမ်ရှင်ဂြိုဟ်)

| | | |
|---|---|---|
| | ၅ | |
| ၅ | ၆ | ၁ |
| ဝ | ၄ * | ၂ |

(အိမ်ရှင်ဂြိုဟ်)

ကို သိဖို့လိုပါတယ်။ ကလေးဖွားသန့်စင်တယ်ဆိုရင်လည်း ကလေးရဲ့ မဟာဘုတ်ကို သိဖို့လိုပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့မဟာဘုတ်၊ ကလေးရဲ့မဟာဘုတ်ဟာ (၁)ခုကြွင်း မဟာဘုတ် ဆိုပါစို့။

အဲဒီဇာတာရှင် မူလမဟာဘုတ်ပိုင်ရှင်ဟာ စနေသား ဖြစ်တယ်လို့ ဆိုပါစို့။ စနေသားဆိုတော့ အထွန်းဖွားပေါ့။ အထွန်းဖွားဆိုတော့ မဟာဘုတ် အထက်တန်းဖွားမို့

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(မူလမဟာဘုတ်)

| | | |
|---|---|---|
| | ၃ | |
| ၅ | ၆ | ၁ |
| ၀ | ၄ | ၂ |

(အိမ်ရှင်ဂြိုဟ်)

ကောင်းတယ်ပေါ့။ ဒီလိုပဲ တစ်လျှောက်လုံး မှားယွင်း မှတ်သားခဲ့ကြ၊ မှတ်သားထားကြတာကိုး။

အိမ်ရှင်ဂြိုဟ် အထွန်းက ဘာဂြိုဟ်တုန်းလို့ လှမ်းမျှော်ကြည့်လိုက်တဲ့အခါ ကြာသပတေးဖြစ်နေတာကို တွေ့ရလိမ့်မယ်။ ဗေဒင်ပညာရပ်အနေနဲ့ စနေဂြိုဟ်နဲ့ ကြာသပတေးဂြိုဟ်ကို (ခ+မ္ဘာ)အတွင်းရန်ဂြိုဟ်တွေလို့ သတ်မှတ်ထားတယ်။ ရှိတယ်။ အတွင်းရန် တော်စပ်နေပါတယ်ဆိုမှတော့ အဲဒီ (၁)ကြွင်းမဟာဘုတ် စနေသား၊ အထွန်းဖွားကို ကောင်းလှချည်ရဲ့လို့ သတ်မှတ်လို့ မရပေတော့ဘူး။ ဒါဟာ မဟာဘုတ်ဗေဒင်ပညာရဲ့ အစစ်အမှန် စစ်ဆေးချက်ပါ။ ကျွန်တော် တီထွင်ကွန့်မြူန်ပြောတာ မဟုတ်ပါ။ ရှေးဘိုးဘေးဘီဘင် ဝေဒပညာရှင်ကြီးများရဲ့ သတ်မှတ်ချက်ပါ။

နောက်တစ်မျိုး တိုးကြည့်လိုက်ရအောင်။ အကယ်လို့ ကာယကံရှင်ဟာ ကြာသပတေးသားဆိုရင် မူလမဟာဘုတ်အရ အဓိပတိဖွား ကောင်းနေပြန်ကရော့ဖြစ်မှာ သေချာတယ်။ ဒီလိုပဲ မှတ်သားထားကြတာကိုး။ ဒါပေမဲ့ အိမ်ရှင်ဂြိုဟ်နဲ့ ယှဉ်တွဲဆန်းစစ်လိုက်တဲ့အခါ အဓိပတိအိမ်ရဲ့ အိမ်ရှင်ဂြိုဟ်က အင်္ဂါဖြစ်နေတယ်။ ဒီတော့ မူလကြာသပတေးနဲ့ အိမ်ရှင်အင်္ဂါဟာ (စိန်+ပန်း) အတွင်းမိတ်ရဲ့ ပြောင်းပြန် (ပန်း+စိန်) အတွင်းမိတ်ပျက်၊ အပြင်ရန်တု ဖြစ်နေတာကို တွေ့ရမှာပဲ ဖြစ်ပါတယ်။

အတွင်းမိတ်ပျက်၊ အပြင်ရန်တုဖြစ်နေတဲ့ မဟာဘုတ်(၁)ကြွင်း ကြာသပတေးသား အဓိပတိဖွားကို အကောင်းစားပါလို့ သတ်မှတ်လို့ မရပေတော့ဘူး။ အညံ့စားကြီးပါလို့လည်း ပြောလို့ မသင့်လျော်ပေဘူး။ ဒီလိုဖြစ်သွားတာရော။

နောက်တစ်ယောက် ထပ်ကြည့်လိုက်ကြရအောင်။ သူကတော့ သိုက်ဖွား အင်္ဂါသား ဆိုပါတော့။ အိမ်ရှင်ဂြိုဟ်က သောကြာ။ ဒီတော့ သူတို့အချင်းချင်း အင်္ဂါ-သောကြာ (ဆွေ+သား)၊ အပြင်မိတ် အောင်ပ၊ ကုလားဆွေသား၊ တော်ရင်း ဖြစ်နေတယ်။ ဒီတော့ မဟာဘုတ်(၁)ကြွင်း အင်္ဂါသား၊ သိုက်ဖွားကိုတော့ ကောင်းတယ်လို့ သတ်မှတ်ပြောဆိုနိုင်တာပေါ့။ အကောင်းဆုံးတော့ မဟုတ်ဘူးနော်။ ကောင်းတဲ့အဖွား ကောင်းမှာတော့ ပါတယ်။

နောက်တစ်ယောက် ပြောင်းကြည့်ကြဦးစို့။ အဲဒီတစ်ယောက်ကတော့ မူလမဟာဘုတ် ဘင်္ဂဖွား၊ တနင်္ဂနွေသား ဆိုပါစို့။ မူလမဟာဘုတ် ဘင်္ဂဖွားဖြစ်နေတဲ့အတွက် အကြမ်းဖျင်း အညံ့လို့ သတ်မှတ်ထားပြီးရင် အိမ်ရှင်ဂြိုဟ်ဖြစ်တဲ့ ဗုဒ္ဓဟူးနဲ့ ချိန်နှိုင်းကြည့်တဲ့အခါ တနင်္ဂနွေ-ဗုဒ္ဓဟူးဆိုတာ (အင်း+ဝ) အတွင်းရန် တော်စပ်သလို (ဦး+ဝေ) ဓာတ်ရန်လည်း တော်စပ်နေပါတယ်။ ရန်(၂)ခု ရန်(၂)ထပ် ကျနေပါတယ်ဆိုမှတော့ မစွန်းခင်းကလည်း ကန့်စွန်းခင်းကလည်း ငြိလေတော့ အနိဋ္ဌစစ်စစ် မကောင်းဘူးဆိုတာ သေချာသွားပြီပေါ့။ တစ်လျှောက်လုံး မှတ်သားထားခဲ့ကြတဲ့ ဘင်္ဂဖွားမှာ ပျက်ပြားစွာ မွေးကာ ရမည်။ ကြံစည်ပြုကာ ပျက်တတ်တာ သေချာမှတ်ရမှာက အကျွမ်းဝင်သွားပြီပေါ့။

ကဲ..ရာဇဖွား သောကြာသားကို ကြည့်လိုက်ကြစို့။ အိမ်ရှင်ဂြိုဟ်က တနင်္ဂနွေ။ ဒီတော့ကာ သူတို့အချင်း သောကြာ+တနင်္ဂနွေဆိုတော့ (ဦး+သာ) အတွင်း ပြောင်းပြန် (သာ+ဦး) အတွင်းမိတ်ပျက်၊ အပြင် ဖြစ်နေတယ်လေ။ (စိန်+ပန်း) (ပန်း+စိန်)လိုပဲ။



www.burmeseclassic.com

www.burmeseclassic.com

သာ) (သာ+ဦး) ဖြစ်နေတယ်။ ထပ်ပြီးအကျယ်ချဲ့ ရှင်းမနေတော့ပါဘူး။ မကောင်းလှဘူးလို့သိရင် လုံလောက်ပါပြီ။

ကိုင်း··ပုတီဖွား တနင်္လာသားရဲ့ ကောင်းဆိုးနှစ်တန် ကြောင်းကျိုးအမှန်ကို ကြည့်ကြစို့ရဲ့။ အစဉ်အလာအစွဲအမှတ်အရဆိုရင်တော့ ပုတီဖွား ဖြစ်နေတဲ့အတွက် မကောင်းဘူးလို့ပဲ မှတ်ယူကြမှာပါပဲ။ တကယ်တမ်းကျတော့ အိမ်ရှင်ဂြိုဟ်ကလည်း တနင်္လာဖြစ်နေတဲ့အတွက် မဟာဘုတ်ပညာမှာ နံပါတ်(၁) ကသစ်ရ ဖြစ်နေတယ်။ မဟာဘုတ်မှာ ကသစ်ရတယ်ဆိုတာက အကောင်းကျူဒ ရတာပါ။ တစ်ခုပြောစရာရှိတာက နေရာဌာနအလိုက်တော့ ကောင်း၊ သင့်၊ ညံ့ ရှိတာပေါ့။

ခု ပုတီဖွား တနင်္လာသားရတဲ့ ကသစ်က ဝင်ငွေကောင်းမယ်။ ငွေရှာရ လွယ်သူဖြစ်မယ်။ ဒါပေမဲ့ ရပြီးငွေကို အကျိုးမဲ့လုပ်တတ်သူ ဖြစ်မယ်။ မကြာခဏဆိုသလို ငွေအစုလိုက်အပြုံလိုက် ရတတ်တယ်။ မိဘနှစ်ပါးအနက် မိခင်ရဲ့ ပိုမိုချစ်ခင်မှုကို ရမယ်။ ရန်သူအတိုက်အခံတွေ ပေါ်တတ်တယ်။ တစ်ခါတစ်ရံမှာ ရည်ရွယ်ချက်ကင်းမဲ့ပြီး စိတ်ကူးယဉ်နဲ့ ပျော်မွေ့နေတတ်တယ်။ စည်းကမ်းကို အင်မတန်တန်ဖိုးထားတတ်သူဖြစ်မယ်။ မိမွေ၊ ဖမွေကို ခံစားခွင့်ကြုံရတတ်တယ် စသဖြင့် ကသစ်မျိုးပါ။

အကယ်လို့များ အထွန်းလိုနေရာ ကြာသပတေးကသစ်၊ သိုက်လိုနေရာ သောကြာကသစ်၊ ရာဇလိုနေရာ တနင်္ဂနွေကသစ်နဲ့ အဓိပတိလိုနေရာ အင်္ဂါကသစ်တွေ ရတယ်ဆိုရင်တော့ အဆိုးအညံ့ထက် အကောင်းကပိုပြီး ခံစားရတတ်တာပေါ့။

ဒါလောက်ဆိုရင် ကိုယ့်မဟာဘုတ်နဲ့ မဟာဘုတ်အိမ်ရှင်ဂြိုဟ် ယှဉ်တွဲဆန်းစစ်တတ်လောက်ပြီလို့ ယုံကြည်မျှော်လင့်ပါတယ်။ ပုတီဆိုတိုင်း မုန်တိုင်းမဟုတ်တာ သေချာဆန်းစစ်တတ်ကြ၊ နားလည်လက်ခံတတ်ကြလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိပါကြောင်းခင်ဗျား။

**ပညာရှင်အပေါင်းကို မသြောင်းသောဂါရဝဖြင့်**
**မင်းနေထွန်း(ကန့်ဘလူ)**

**ကိုးကားရည်ညွှန်း** * ဆရာဒဂုန်၏ မဟာဘုတ်။




ကြယ်ဖြူမင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။



ဆေးပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

ဖြန့်ချိရေး
ကိုဝင်းမြင့်+မသောဒီ (ဆေးမျိုးစုံဆိုင်)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
(ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေမော်အလင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြရွှေပွင့်ဆေးခန်း)၊ (ပဲခူးမြို့ - ဟသာတနံ့သာဆေးဆိုင်၊ ဟသာတ...)




www.burmeseclassic.com

www.burmeseclassic.com

# ပန်းကောင်းတစ်ပွင့် အညွန့်တင့်နိုင်ပါစေ

ဆရာကံထူး(ဝေဒသုတေသီ)

မြန်မာစကားပုံတွင် ပန်းကောင်းအညွန့်ချိုးဟု ဆိုရိုးရှိ၏။ ပန်းကောင်းတစ်ပွင့် မပွင့်နိုင်အောင် ချိုးနှိမ်ဖျက်ဆီးလိုက်တဲ့ သဘောမျိုး ဖွင့်ဆိုပါသည်။ မနာလိုမရှုဆိတ်နိုင်သူ ဣဿယမစ္ဆရိယသမားရဲ့ အပြုအမူကို ကြားသိတွေ့မြင်သူဘက်က မကျေမနပ် ခံစားပြတဲ့ စကားပုံ ဖြစ်ပါသည်။

အညွန့်ချိုးသူအား လူဆိုးလူယုတ်အဖြစ်မြင်ပြီး စက်ဆုပ်ရွံရှာသလို အညွန့်ချိုးခံရသူအား သနားကရုဏာပိုစေပါသည်။ ဝိဘစ္ဆရသနှင့် ကရုဏာရသကို တစ်ပြိုင်တည်း ခံစားစေပြီး မြင်တွေ့ကြားသိသူအား စို့တခတ်ခတ် စုတ်တသပ်သပ် ဖြစ်စေတဲ့ မြန်မာစကားပုံကောင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံ မြင်းကောင်းခွာလိပ်ဆိုတဲ့ စကားပုံနှင့်တွဲစပ်ပြီး မြင်းကောင်းခွာလိပ်၊ ပန်းကောင်းအညွန့်ကျိုး မဖြစ်စေနှင့်လို့ သင်ညွှန်ပြသ ဆိုဆုံးမဟန်ဖြင့် သုံးနှုန်းပြောဆိုကြသည်လည်း ရှိပါသည်။ မြင်းကောင်းပင် ဖြစ်လင့်ကစား မတော်တဆ ခွာလိပ်သွားပြီး လဲကျသွားတတ်၏။ သို့ဖြစ်လျှင် လိုရာခရီးသို့ လွယ်လင့်တကူ မရောက်နိုင်။ ထို့အပြင် မလိုလားအပ်တဲ့ ဘေးဒုက္ခများနှင့်လည်း ရင်ဆိုင်ရတတ်ပေသည်။

ပန်းမျိုးကောင်း ဖြစ်လျက်နှင့် အညွန့်ကျိုးသွားလျှင် လန်းလန်းဆန်းဆန်း တင့်တင့်တယ်တယ် မဖူးပွင့်နိုင်တော့ချေ။ မဖြစ်သင့်သော ဘေးဒုက္ခများဖြစ်ရပြီး လှပတင့်တယ်ခြင်းနှင့် ဝေးသွားရ၏။

ဤသဘောအတိုင်းပင် စာရေးသူအနေဖြင့် ပန်းကောင်းအညွန့်ကျိုးသွားတတ်သည်ကို ဗေဒင်ပညာဖြင့် မြင်၍ အညွန့်မကျိုးသင့်ကြောင်း၊ တင့်တင့်တယ်တယ် ဖူးပွင့်သင့်ကြောင်း စေတနာကောင်းဖြင့် အကြံပေးလိုသောကြောင့် ပန်းကောင်းတစ်ပွင့် အညွန့်တင့်နိုင်ပါစေဟု ခေါင်းစီးထားလိုက်ခြင်း ဖြစ်ပါသည်။

ဆောင်းပါးနိဒါန်းကတော့-

စာရေးသူတို့နေတဲ့ တစ်ဧကနီးပါးရှိ ခြံဝင်းထဲမှာ မတ်ပဲစိုက်ပျိုးထားပါသည်။ အချိန်တန်တော့ ပဲနုတ်တဲ့အခါ ဇနီးသည်က ကျောင်းသားသုံးယောက်နှင့် စာရေးသူတို့ ပဲနုတ်ကြပါသည်။

နာရီပိုင်းလောက်သာ နုတ်ရသည်မို့ မုန့်ဖိုး တစ်ယောက် တစ်ထောင်ပေးပြီး-

'ကဲ..လာ..လာ၊ ဗေဒင်ဖရီးဟောပေးမယ်' လို့ ပြောလိုက်ပါသည်။

ယောကျ်ားလေးနှစ်ယောက်၊ ပြီးတော့ သုံးယောက်မြောက် မိန်းကလေးရဲ့ အချက်အလက်များ တောင်းလိုက်၏။

'သမီးနာမည်က'

'မအေးဝတ်ရည်ပါ ဆရာ'

'မွေးသက္ကရာဇ် ပြောပါဦး'

'(၄-၅-၂၀၀၃)ပါ ဆရာ'

'ဘယ်အချိန် မွေးတာလဲ'

'မနက်လေးနာရီပါ ဆရာ'

'ကျုံပျော်မှာပဲ မွေးတာလား'

'ဟုတ်ကဲ့ ဆရာ'

ပေးထားတဲ့ အချက်အလက်များ ထည့်သွင်းဖြည့်စွက်က ဇာတာဖွဲ့လိုက်ရာ ရာသီစက်ဇာတာပုံ အောက်ပါအတိုင်း ပေါ်လာပါသည်။




တနင်္ဂနွေ ဥစ်၊ မိဿရာသီမှာ ဗုဒ္ဓဟူးကြိုဗ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဗုဒ္ဓါဒိတ္တယယုဂ်လည်း ရ၏။ တနင်္လာဥစ်၊ နဝင်းမှာလည်း ဥစ်၊ ဝဂ္ဂုတ္တမနဝင်း စီးထားပြန်၏။ အင်္ဂါဥစ်ရာသီ၊ ကသစ်နဝင်း၊ ကြာသပတေးက ဥစ်လည်းရပြီး မိမိပိုင်အိမ် မိန်ရာသီကိုလည်း (၉)တန့်အထူးမြင်နေသည်။

သောကြာလည်း ဥစ်၊ စနေကလည်း ဥစ်နဝင်း စီးထားလိုက်သေး၏။ ရာဟုကိတ်ကလွဲလို့ ကျန်တဲ့ဂြိုဟ်အားလုံး ဥစ်၊ ကသစ်၊ ဒါမှမဟုတ် ယုဂ်ရသည်ချည်းလေ။ ဘာကျန်သေးလဲဗျာ။ ဘာလိုသေးလဲဗျာ။

မအေးဝတ်ရည်ရဲ့ ဇာတာခွင်ကို ဗေဒင်ဝေါဟာရ၊ ဗေဒင်ပညာများဖြင့် သုံးသပ်ကြည့်ပြီး လက်မထောင်ကာ ဘာကျန်သေးလဲ။ ဘာလိုသေးလဲဗျာလို့ စာရေးသူတစ်ယောက်တည်း တွေးနေ ပြောနေမိပါသည်။

မှန်၏။ ကြည့်လေ၊ ဘာလိုသေးလဲ။ ဘဝမှာ အရေးပါတဲ့ ဂြိုဟ်တွေအားလုံး ဥစ်ကသစ်ဖြစ်နေပြီ။ လဂ်သခင် ကြာသပတေးဂြိုဟ် ဥစ်ရနေကတည်းက ဘဝက တစ်ပန်းသာနေပြီ။

လောကီဘုန်းကံနှင့် သက်ဆိုင်ပြီး ငွေကြေး၊ အချစ်ရေး၊ ပညာရေး၊ သားရေး သမီးရေးကို ကိုယ်စားပြုနိုင်တဲ့ ပုတ္တရဘာဝသခင် တနင်္လာဂြိုဟ်ကို ကြည့်ပြန်တော့လည်း ရာသီမှာရော၊ နဝင်းမှာပါ ဥစ်၊ ဝဂ္ဂုတ္တမနဝင်းကြီး။ တနင်္လာ၊ ကြာသပတေး နှစ်လုံးစလုံးက မနကာရက ဂြိုဟ်ဆိုတော့ မနကာရကဂြိုဟ် နှစ်လုံးစလုံးက ဥစ်။ ဘဝမှာ တစ်ပန်းသာနေပြန်ပြီ။

ဂုဏ်သိက္ခာ၊ စည်းစိမ်ချမ်းသာနှင့် သက်ဆိုင်နေတဲ့ သုဘာဘာဝသခင် အင်္ဂါကလည်း ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်စည်းကမ်း၊ လာဘ်လာဘနှင့် သက်ဆိုင်တဲ့ (၁၁)တန့်လာဘာဘာဝမှာ လာပြီး ဥစ်မူနေပြန်၏။ တတိယမွိ သုံးကြိမ်မြောက်လည်း ဘဝမှာ တစ်ပန်းသာနေပြန်သည်။

ဖခင်၊ အရိုး၊ အကြီးအကဲ၊ ဘွဲ့ဒီဂရီ၊ ခေတ်ပေါ်ဇိမ်ခံစွန်းဆိုင်ရာ တနင်္ဂနွေဂြိုဟ်လည်း ဥစ်၊ ယုဂ်တွေ ရလို့။ ဘဝမှာ တကယ့်အရေးပါတဲ့ဂြိုဟ်ကလည်း ကောင်းသည်ထက်ကောင်း၊ မြင့်သည်ထက် မြင့်နေပြန်၏။ စတုတ္ထမွိ လေးကြိမ်မြောက်လည်းပဲ ဘဝမှာ တစ်ပန်းသာနေပြန်သည်။

မိခင်၊ ငွေကြေး၊ အချစ်ရေး၊ စိတ်ကူးစိတ်သန်းဆိုင်ရာတနင်္လာဂြိုဟ်က ဥစ်မှ ရိုးရိုးဥစ် မဟုတ်သေး။ ဝဂ္ဂုတ္တမကြီး။ ပဉ္စမွိ ငါးကြိမ်မြောက်လည်းပဲ ဘဝမှာ နောက်တစ်ပန်းသာနေပြန်သည်။

ကုန်သည်ပွဲစား၊ ဝန်ထမ်း၊ လက်နက်ကိုင်၊ ဘာသာရေးကျင့်စဉ်ဆိုင်ရာ စနေကလည်း ဥစ်နဝင်းစီးထား၏။ ဆဋ္ဌမွိ ခြောက်ခုမြောက် နောက်တစ်မျိုးလည်း ဘဝမှာ တစ်ပန်းသာနေပြန်သည်။

ဗုဒ္ဓဟူးက ကိုယ်တိုင် ဥစ်၊ ကသစ် မရသော်လည်းဘဲ ဥစ်ရတဲ့ တနင်္ဂနွေဂြိုဟ်နှင့် မိဿရာသီတွင် ပူးယှဉ်ကာ ဗုဒ္ဓါဒိတ္တယယုဂ် ရထားပါသည်။ သတ္တမွိလို့ပဲ ပြောရပေမည်။ နောက်တစ်ခါ မြင့်သည်ထက် မြင့်နေပြန်ပါသည်။ အာရီ၊ မရဏ၊ ဗျယဆိုတဲ့ ဒုဋ္ဌာနဘာဝသုံးခုတစ်ခုခုမှာများ ဂြိုဟ်ရပ်နေသလားလို့ လှမ်းကြည့်ပြန်တော့လည်း တစ်ခွင်မှာမှ ဂြိုဟ်ရပ်တည်ခြင်း မရှိပေ။

စာရေးသူ ဗေဒင်ဟောလာခဲ့တဲ့ သက်တမ်းတစ်လျှောက်တွင် ဤဇာတာရှင်ကဲ့သို့ ဇာတာသန့်စင်ပြီး ဇာတာအဆင့်မြင့်သူ မှတ်မှတ်ရရ မတွေ့မိသေးပေ။ အလွန်အပြစ်ကင်းပြီး အလွန်သန့်စင်၊ အလွန်အဆင့်မြင့်တဲ့ ဇာတာရှင် ဖြစ်ပါသည်။ လက်ရှိကာလကတော့ ရှစ်တန်းကျောင်းသူဘဝ ဖြစ်ပါသည်။

ယခုနှစ် အတန်းတင်စာမေးပွဲ အောင်နိုင်ပါ့လားလို့ စစ်ဆေးကြည့်ရာ ပညာရေးဆိုင်ရာ အဓိကဘာဝဖြစ်တဲ့ ပုတ္တရဘာဝကို ပါပဂြိုဟ်စီးနင်းထားခြင်း၊ မြင်ထားခြင်း လုံးဝမတွေ့ရပေ။ ပုတ္တရဘာဝသခင် တနင်္လာဂြိုဟ်အား ပါပဂြိုဟ်များက အမြင်အယှဉ် အစီးအနင်းလည်း မတွေ့ရပေ။

စိတ်ဝင်စားမှုဆိုင်ရာ (၄)တန့်ဗန္ဓုဘာဝကို လှမ်းကြည့်တော့ စနေဂြိုဟ် ရပ်တည်နေသည်ကို တွေ့ရ၏။ ကောဇာစနေကလည်း (၂၆-၁-၂၀၁၇)ရက်နေ့နောက်ပိုင်းတွင် စာမေးပွဲဖြေဆိုစဉ်ကာလမှာ (၇)တန့်အားကောင်းကောင်းဖြင့် လှမ်းမြင်ထားသည်ကို တွေ့ရ၏။ စာပေ၌ စိတ်ဝင်စားမှု အားနည်းနေတတ်သည်ကို တွေ့ရပါသည်။

ထို့ပြင် ကောဇာအင်္ဂါဂြိုဟ်သည် စာမေးပွဲဖြေဆိုစဉ်မှာ လဂ်ပေါ်စီးနင်းထားသည်ကို တွေ့ရ၏။ ပင်မဦးနှောက်ဉာဏ်တွေ အနည်းငယ် အားနည်းနေပေလိမ့်မည်။ (၄)တန့်ကို (၄)တန့်အမြင်ဖြင့် အင်္ဂါအထူးမြင်၍ စိတ်ဝင်စားမှု အားနည်းနေမည်။ စနေကမ္မဘာဝကို နောက်နေ၍

www.burmeseclassic.com

www.burmeseclassic.com

စာကျက်ခြင်း အလုပ်ကို မလုပ်ချင် ဖြစ်နေမည်။

(၆)တန့်အာရီဘာဝ၌ ရာဟုရပ်တည်၍ သူနိုင် ကိုယ်နိုင် အပြိုင်နွဲလိုစိတ်လည်း အားနည်းနေတတ်ပေသည်။ လက်ရှိဖြတ်သန်းနေရတဲ့ ဒသာကာလကို လှမ်းကြည့်လိုက်တော့ (၃၀-၇-၂၀၁၆)ရက်နေ့မှ (၁၂-၄-၂၀၁၉) ရက်နေ့အထိ ရာဟုထူလ၊ ရာဟုအန္တရ ဖြစ်နေပါသည်။ ရာဟုက ဓွဲ၊ လုံ့လ၊ ဝီရိယဆိုင်ရာ သဟဇဘာဝမှာ ထိုင်ပြီး ကောဇာရာဟုက (၆)တန့်ပြိုင်ဆိုင်မှုဘာဝမှာ ရပ်တည်နေတာကြောင့် ပြိုင်ဆိုင်ကြိုးစားလိုစိတ် ကင်းမဲ့နေတတ်ပေသည်။

သို့သော် ပညာရေးဆိုင်ရာမှာ အဓိကကျတဲ့ ဂြိုဟ်များ၊ ဘာဝများ အားကောင်းနေ၍ ယခုနှစ် စာမေးပွဲအောင်မြင်နိုင်ခြေရှိပါသည်။ ထို့ကြောင့် သမီး အောင်မှာပါလို့ အဖြေထုတ်ကာ ဟောပေးလိုက်ပါသည်။ စာမေးပွဲဖြေဆိုစဉ် ဖိနပ်ကို စီးမထားမိဖို့နှင့် အဖြူရောင်ဘောပင်ကို အသုံးပြုဖို့လည်း အကြံပေးလိုက်ပါသည်။

BURMESE CLASSIC

ရှစ်တန်းကျောင်းသူလေး မအေးဝတ်ရည် ပျော်ရွှင်သွားပါသည်။ စာမေးပွဲအောင်မည်ဆိုတော့ ပျော်မှာပေါ့။ ဒါက ကျောင်းသားတိုင်း သဘာဝပင်ဖြစ်ပါသည်။ အထူးအဆန်းကြီး မဟုတ်ပါ။ သို့သော် စာရေးသူကတော့ သူ့အတွက် အတွေးဝင်ကာ မပျော်ရွှင်နိုင်ပါ။

နောင်နှစ်ဆိုတဲ့ အနာဂတ်ကို ဗေဒင်ပညာ အကူအညီဖြင့် လှမ်းမြင်နေရတော့ မြင်းကောင်းခွာလိပ် ပန်းကောင်းအညွန့်ကျိုးဆိုသလို မတော်လို့များ ဒီသမီးလေး တစ်ခုခုဖြစ်သွားခဲ့ရင်ဆိုတဲ့ အတွေးကြောင့် မပျော်ရွှင်နိုင်တဲ့ စာရေးသူစိတ်က သက်ဆိုင်သူ မိဘများကို သိထားစေလိုတဲ့ စေတနာ ပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့ပါသည်။

သို့သော် စေတနာကို မိဘတွေသိအောင် ကြေညာလို့မဖြစ်ပါ။ ဗေဒင်ဆရာ ပိုက်ဆံရချင်လို့ အကွက်ထွင်တာနေမှာပါလို့များ တွေးသွားခဲ့ပါလျှင် စေတနာအရာမထင်ဘဲ ဝေဒနာသာ ခံရာသဖွယ် ထင်နေရတတ်ပေသည်။ ထို့ကြောင့် မပြောပြဖြစ်၊ မဟောပြဖြစ်ပါ။

သို့သော် အခြား,အခြားသော သားလေး၊ သမီးလေး၊ ညီလေး၊ ညီမလေးများလည်း ဒီသမီးလေးလို ရှိနိုင်တာပဲလေဆိုတဲ့ စေတနာအတွေး ဝင်လာတဲ့အခါ စာရေးသူပြောချင်သည်ကို ပြောခွင့်ပေးလေ့ရှိတဲ့ ဂမ္ဘီရမဂ္ဂဇင်းနှင့် တာဝန်ခံအယ်ဒီတာ ဆရာဒီဒီးကို ပြေးသတိရလာပါသည်။

ဂမ္ဘီရမှတစ်ဆင့် ပြောခွင့်ရလျှင် တစ်ဦးတစ်ယောက်တင်မက စာဖတ်ပရိသတ်များအားလုံးကို ပြောပြနိုင်မှာပဲလို့ တွေးပြီး အားတက်ဆရောဖြစ်လာကာ ပျော်လည်းပျော်သွားပါသည်။ စေတနာက အားကိုးရာရှာသောကြောင့် ဤဆောင်းပါးကို ရေးဖြစ်သွားပါသည်။

ဤသို့ဆို၍ ဒီသမီးလေး ဘာတွေ ဘယ်လို ဖြစ်လာနိုင်ပါသလဲ။ အခြားလူတွေနှင့်ရော ဘာတွေဘယ်လိုပတ်သက်နေလဲ။ ဘာကြောင့် ဘာကိုများ ဘယ်လိုပြောချင်ပါသလဲဆိုတဲ့ မေးခွန်းက စာဖတ်သူရင်ထဲသို့ အလိုလိုရောက်သွားမည် ထင်ပါသည်။ ဟုတ်ကဲ့၊ ပြောပြပါမည်။

(၂၀-၈-၂၀၁၇)ရက်နေ့ နောက်ပိုင်းတွင် ကောဇာရာဟုဂြိုဟ်သည် ကရကဋ်ရာသီသို့ ကူးပြောင်းရောက်ရှိလာပေတော့မည်။ ကာလအားဖြင့်မူ တစ်နှစ်နှင့် ခြောက်လတိုင်တိုင် ထိုရာသီ၌ ရပ်တည်နေပေမည်။ ထိုကရကဋ်ရာသီသည် မအေးဝတ်ရည်နှင့်တကွ အားလုံးသော မိန်လဂ်ဇာတာရှင်များရဲ့ (၅)တန့် ပုတ္တရဘာဝ ဖြစ်ပါသည်။

ငွေကြေး၊ အချစ်ရေး၊ သားရေး,သမီးရေး၊ ပညာရေးနှင့် တပည့်တပန်း အောက်လက်ငယ်သားများကို ကိုယ်စားပြု၏။ ထို့ကြောင့် ထိုကာလအတွင်း၌ ငွေကြေးမကုန်သင့်ဘဲကုန်ပြီး ကျပ်တည်းလာတတ်ပေသည်။ အချစ်ရေးမှာ မှားယွင်းတဲ့အချစ်မျိုးနှင့် တွေ့လာတတ်၏။ မှားယွင်းသောအချစ် ဆိုသည်မှာ တကယ့်ဖူးစာရှင်အဖြစ် ဘဝကိုအလှဆင်ဖို့ ရောက်ရှိလာခြင်း မဟုတ်ဘဲ ဘဝကို နှောင့်ယှက်ဖို့ ရောက်ရှိလာသော အချစ်ပင် ဖြစ်ပါသည်။

ထိုအချစ်မျိုးနှင့် ပက်ပင်းတိုး၍ ရုန်းမထွက်နိုင်ဘဲ ဘဝပျက်သွားရသူများ လောကဝန်းကျင်တွင် ရှိနေ သည်။ ဘဝပျက်ပြီးသူများရှိသလို ပျက်တော့မည့်၊ ပျက် ခါနီးကာလ ရောက်နေသူများလည်း ရှိပေသည်။ အချစ် ရေးကြောင့် အိမ်ထောင်ရေးပျက်စီးသွားရသူရှိသလို ပညာ ရေးပျက်စီးသွားသူ၊ လုပ်ငန်းပျက်စီးသွားသူများလည်း ရှိပေသည်။

မိဘနေရာ ရောက်နှင့်သူများ ဆိုပါက သားသမီး အရေး ပူပန်လာရတတ်ပါသည်။ အကြီးအကဲများဆိုပါက အောက်လက်ငယ်သားအတွက်၊ ဆရာသမားများဆိုပါက တပည့်တပန်းအတွက် စိတ်ပျက်စရာ ကြုံတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

ပေသည်။ မိမိနှင့် သက်ဆိုင်ရာကို ချဲ့ထွင်စဉ်းစားကာနားလည်ပါလေ။

ထို့အပြင် (၁၁-၉-၂၀၁၇)ရက်နေ့ နောက်ပိုင်းတွင် ကောဇာကြာသပတေးက တူရာသီသို့ ကူးပြောင်းရောက်ရှိသွားပေမည်။ ကြာသပတေးသည် မိန်လဂ်သမားတို့ရဲ့ လဂ်သခင်ဖြစ်ပြီး ကမ္မဘာဝသခင်လည်း ဖြစ်ပါသည်။ ယခုပြောင်းရွှေ့ရောက်ရှိရမည့် ဘာဝကား မိန်လဂ်ဇာတာရှင်တို့ရဲ့ မရဏဘာဝ ဖြစ်ပါသည်။

ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်း၊ လျှို့ဝှက်ခြင်း၊ ဖျားနာခြင်း၊ ကြွေးမြီများကို ကိုယ်စားပြု၏။ ပညာသင်အရွယ်ကျောင်းသားကျောင်းသူများဆိုပါက မှားယွင်းတဲ့ အချစ်ဆိပ် တရိပ်ရိပ်တက်လာပြီး ပညာရေးရပ်တန့်သွားတတ်၏။ အိမ်ထောင်ရှင်များလည်း အိမ်ထောင်ရေးထိခိုက်လာတတ်၏။

သမီးလေး အေးဝတ်ရည်ကဲ့သို့ ရာဟုထူလ ဒသာစားနေသူများဆိုပါက ပို၍ဆိုးနိုင်ပါသည်။ လိုရင်းတိုရှင်းပြောပါက (၂၀၁၇-၂၀၁၈)ခုနှစ် ပညာသင်နှစ် ရောက်လာတဲ့အခါ သမီးလေးအေးဝတ်ရည် အသက် ဆယ့်လေး၊ ဆယ့်ငါး ရှိနေပေမည်။ မြီးကောင်ပေါက်အရွယ် ဆိုပါတော့။

စိတ်ကစားချင်တတ်တဲ့အရွယ်မှာမှ ဘာဝကို အမှောင်ကျစေတတ်တဲ့ ရာဟုဂြိုဟ်ဆိုးက အချစ်ရေး၊ ပညာရေးဆိုင်ရာ ဘာဝကောင်းကို လာရောက်စီးနင်းကာ အမှောင်ကျစေတော့မည်။ အဆင်းမှာ ဘီးတပ်ပေးဖို့ စောင့်နေပေသည်။ သည်အကြောင်း သိနှင့်နေ၍ အကယ်များဆိုတဲ့အတွေးကို မတွေးချင် တွေးချင် တွေးမိပါသည်။

အကယ်၍များ ထင်မြင်တဲ့အတိုင်း အချစ်မှားကြောင့်အဆိပ်များတက်ပြီး ပညာရေး ရပ်တန့်ဆုံးရှုံးကာ ဘာဝအမှောင်ကျသွားခဲ့ပါမူကား စောစောက တင်ပြခဲ့တဲ့ ဂြိုဟ်ကောင်းများစွာတို့၏ ကောင်းကျိုးချမ်းသာများ ခံစားသင့်သလောက် မခံစားရဘဲ မြင်းကောင်းခွာလိပ် ပန်းကောင်းအညွှန့်ကျိုးကာ ဘာဝလုံးပါးသွားရတတ်ပါသည်။

ဘာဆိုင်လို့လဲ။ ဂြိုဟ်ကောင်းတွေ ပေးအပ်လာတဲ့ကောင်းကျိုးချမ်းသာဆိုတာလည်း ရှိဦးမှာပေါ့လို့ ဆင်ခြေ[illegible] တွေးချင်ကြပေမည်။ စာရေးသူ မငြင်းလိုပါ။ [illegible] စဉ်းစားနိုင်ရန် မေးခွန်းလေးတွေတော့ ထုတ်ပါရစေ။ ဂြိုဟ်ကောင်းက ပေးအပ်တဲ့ ကောင်းကျိုးအရ နောက်လတွင် လက်ထပ်မင်္ဂလာပြုခွင့်ကြုံနေတဲ့ သတို့သားလောင်းသည် ပါပဂြိုဟ်၏ ဆိုးကျိုးကြောင့် ယခုလတွင် ကားတိုက်မိ၍ သေသွားခဲ့ပါလျှင် နောက်လရောက်တဲ့အခါ လက်ထပ်မင်္ဂလာ ပြုနိုင်ပါအံ့လော။ မပြုနိုင်တော့ပါ။

နောက်ပတ်တွင် ရှင်ပြု၊ ရဟန်းခံမည့် ရှင်လောင်းရဟန်းလောင်းသည် ယခုပတ်တွင် မိန်းမခိုးသွားပါက နောက်ပတ်တွင် ရှင်ပြု၊ ရဟန်းခံဖြစ်ပါ့မလား။ မဖြစ်နိုင်တော့ပါ။

မနက်ဖြန် နိုင်ငံခြားထွက်မည့်သူသည် ယနေ့ အရက်မူး၍ ပတ်စပို့၊ ဗီဇာများ ပျောက်သွားခဲ့ပါလျှင် မနက်ဖြန်နိုင်ငံခြားကို တကယ်ထွက်ဖြစ်ပါ့မလား။ မထွက်ဖြစ်တော့ပါ။

ဤအတူပင် ဘဝမှာ အောင်မြင်ပြီးမြောက် ခရီးရောက်မည့် ကံဇာတာကောင်း ပါဝင်ပါသော်ငြားလည်း ထိုကံဇာတာကောင်းက အကျိုးပေးလာသည်အထိ မိမိကိုယ်ကို ကောင်းစွာမစောင့်ရှောက်ထားလျှင် ဂြိုဟ်ဆိုးဝင်၍ ဘဝအမှောင်ကျသွားတတ်ပါသည်။ မြင်းကောင်းခွာလိပ် ပန်းကောင်းအညွှန့်ကျိုး ဖြစ်သွားတတ်ပါသည်။

ထိုသို့ဖြစ်လာနိုင်ပါသလားဆိုတဲ့ သံသယမေးခွန်းရဲ့အဖြေကိုတော့ ဗေဒင်ပညာက သင်္ကေတပြကာ အဖြေထုတ်ပေး၏။ ဗေဒင်ပညာဟူသည် လ၊ နေ၊ နက္ခတ်ဆိုတဲ့ ဩကာသလောကကိုကြည့်ပြီး လူဆိုတဲ့ သတ္တလောကသားတို့ သယ်ဆောင်လာတဲ့ ကောင်းဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်ကံဆိုတဲ့ သင်္ခါရလောကကို တွက်ထုတ်၊ ဟောပြောရသော ပညာပင် မဟုတ်ပေလော။

ဝါသနာအရ ဗေဒင်ဟောစားသလို စေတနာအရလည်း သတိပေးပါသည်။ မြင်းကောင်းခွာလိပ် ပန်းကောင်းလည်း အညွှန့်မကျိုးစေချင်ပါ။ မြင်းကောင်းဟူသမျှ ပန်းတိုင်သို့ ရောက်နိုင်ပြီး ပန်းကောင်းဟူသမျှအညွှန့်တင့်ကာ ဝေဝေဆာဆာ ဖူးပွင့်နိုင်ကြပါစေလို့ စေတနာဆန္ဒပြုရင်း…။

ရှင်လန်းချမ်းမြေ့ကြပါစေ။

ဆရာကံထူး(ဒေဝ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

## ဂမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------

www.burmeseclassic.com

www.burmeseclassic.com

# ဗိန္ဒုပဟိုရ်ဆက်မေးရာ

# ဆရာရန်အောင်တိုး

ဖြေသည်

**ဒေါ်ဝင်းမြတ်အေး**

**(၁၁-၅-၁၉၅၆၊ ၁၉း၀၀ နာရီ၊ ရွှေဘိုမြို့)**




၁။ *စီးပွားရေး အပြောင်းအလဲ ရှိ/မရှိ။ တိုးတက်မည့်ကာလ။*

(၇၊ ၁၀)တန့်သခင်အဖြစ် (၅)တန့်ဘာဝ၊ မေထုန်ရာသီ၌ ရပ်တည်သော ၄ဟူးဂြိုဟ်၏ ထုလဒသာအတွင်း (၆၊ ၁၁)တန့်သခင်အဖြစ် (၇)တန့်ဘာဝ၌ ရပ်တည်သော ကြာ ဘုတ္တိဒသာသည် (၂၈-၉-၂၀၁၄)မှ (၂၈-၇-၂၀၁၇)ထိ စားဝင်ပါသည်။ ယင်းကာလအတွင်း လုပ်ငန်းကောင်းမလိုလိုနှင့် မတည်ငြိမ်တတ်ပါချေ။ (၂၈-၇-၂၀၁၇)မှ (၄-၆-၂၀၁၈)အတွင်း (၉)တန့်သခင်အဖြစ် (၆)တန့်ဘာဝ၌ ရပ်တည်နေသော တနင်္ဂနွေ ဘုတ္တိဒသာတွင် လုပ်ငန်းအပြောင်းအလဲ ကြုံတတ်သည်။ တိုးတက်မှုအား မည်မည်ရရ မရှိတတ်သေးပါ။ (၄-၆-၂၀၁၈)မှ (၄-၁၁-၂၀၁၉)အတွင်းရောက်မှ လုပ်ငန်းတိုးတက်မှု ကြုံမည်။

၂။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည့်ကံ။*

(၄)တန့်သခင် ၅တေးဂြိုဟ် (၈)တန့်ဘာဝ သိဟ်ရာသီတွင် ရပ်နေရကား မိမိကံဖြင့် အိမ်ပိုင်ရန် အားနည်းလှသည်။

၃။ *မိသားစုစုံစုံလင်လင် ဘယ်တော့နေရမလဲ။*

လက်ရှိစားဝင်နေဆဲ ၄ဟူးထုလဒသာအတွင်း (၂)တန့်ဘာဝ ကုမ်ရာသီတွင် ရပ်တည်သော (၈)တန့်သခင်၂လ်ာဘုတ္တိဒသာတွင် မိသားစုပြန်ဆုံရပါမည်။ (၄-၆-၂၀၁၈)မှ (၄-၁၁-၂၀၁၉)အတွင်း ဖြစ်ပါမည်။

**မနွယ်နွယ်အောင်**

**(၁၅-၁၀-၁၉၈၃၊ ၁၁း၁၈ နာရီ၊ ရမည်းသင်းမြို့)**




၁။ *အိမ်ထောင်ရေးကံ ကောင်း/မကောင်း။*

(၇)တန့်သခင် ၄ဟူးဂြိုဟ် (၁၀)တန့်တွင် ရပ်တည်၍ (၉)တန့်သခင် ၁နွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်ကို (၆)တန့်မှ ရာဟုက (၅)တန့် အထူးမြင် ကြုံထားသည်။ အိမ်ထောင်ကံ မကောင်းပါ။

၂။ *အိုကံ ကောင်း/မကောင်း။*

(၂၀၁၆)ခုနှစ်မှ (၂၀၃၂)ခုနှစ်ထိ (၁၊ ၄)သခင် (၁၁)တန့်ဘာဝ ဗြိစ္ဆာရာသီရပ် ၅တေးဒသာဖြစ်၍ ကံဇာတာမည့်ပါချေ။ (၂၂-၄-၂၀၃၂)ကျော်လျှင် (၂၊ ၃)သခင် (၁၀)တန့် တူရာသီရပ် စနေထုလဒသာသည် (၂၀... ခုနှစ်ထိ စားဝင်မည်ဖြစ်ရာ အိုကံ ကောင်းပါသည်။

www.burmeseclassic.com

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် စနေ (၁၀)တန့်ဘာဝ တူရာသီတွင် ရပ်၍ ထီပေါက်ကံ အားနည်းပါသည်။

## မနီလာဝင်း

**(၁၉-၁၂-၁၉၈၁၊ ၁၃း၁၂ နာရီ၊ လပွတ္တာမြို့)**




၁။ *အောင်မြင်မည့်လုပ်ငန်း။*

(၁၀)တန့်သခင် စနေ (၆)တန့်တွင် ၂လာ၊ အင်္ဂါ တို့နှင့် ပူးယှဉ်ရပ်တည်၏။ ၂လာ (၃)တန့်သခင်ဖြစ်ပြီး အင်္ဂါ (၁၊ ၈)တန့်သခင် ဖြစ်သည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ ရေကြောင်းခရီး ဆက်စပ်လုပ်ငန်း၊ ရေသန့် (ရေ၊အရည် ပတ်သက်လုပ်ငန်း) လုပ်ဆောင်နိုင်သည်။ (၂၂-၃-၂၀၁၉)မှ (၂၈-၁၀-၂၀၂၂)အတွင်း လုပ်ငန်း တိုးတက်၍ ကြီးပွားတိုးတက်မှု ကြုံပါမည်။

၂။ *ဘဝတွင် ကြီးပွားချမ်းသာနိုင်မည်လား။*

(၂)တန့်သခင်ဂြိုဟ် ၆ကြာ (၁၀)တန့်ဘာဝတွင် ရပ်တည်နေသည်။ ဘဝတွင် အလတ်စား ကြီးပွားနိုင်သည်။

၃။ *မိဘကို ပြည့်ပြည့်စုံစုံ ထားနိုင်မည်လား။*

(၄)တန့်တွင် ရာဟုရပ်၍ (၄)တန့်သခင် ၂လာဂြိုဟ် (၆)တန့်တွင် ရပ်၏။ (၉)တန့်သခင် ၅တေးဂြိုဟ် (၇) တန့်တွင် ရပ်၏။ မိဘကို သင့်တင့်စွာ ထောက်ပံ့နိုင်ပါမည်။

## မောင်သူရ

**(၁၈-၇-၁၉၉၁၊ ၁၅း၄၈ နာရီ၊ မန္တလေးမြို့)**

၁။ *အနုပညာ၊ စာပေ၊ ပန်းချီ၊ ဂီတ မည်သည့်နယ်ပယ်တွင် ထူးချွန်နိုင်မည်နည်း။*

(၁၀)တန့်သခင် ၄ဟူးဂြိုဟ် (၈)တန့်တွင် (၁၊ ၄) သခင် ၅တေး၊ (၉)တန့်သခင် ၁နွေတို့နှင့် ပူးယှဉ်ရပ်တည်




သည်ကို (၃)တန့်သခင် စနေဂြိုဟ်က (၂)တန့်မှ အမြင် ကြုံနေသည်။ (၅)တန့်သခင် ပါဝင်ပတ်သက်မှု မရှိပါ။ အသက်မွေးမှုတွင် စာပေ၊ ပန်းချီဘက် ပို၍ ထူးချွန်နိုင်ပါသည်။

၂။ *မည်သည့်ခုနှစ်တွင် ထီပေါက်ကံ ရှိပါမည်နည်း။*

(၃)တန့်သခင်ဂြိုဟ် စနေ (၂)တန့်ဘာဝတွင် ရပ်တည်၍ ဘဝတွင် ထီပေါက်နိုင်ကိန်း ရှိပါသည်။ ယ... (၈)တန့်ဘာဝတွင် ရပ်တည်၍ (၂၊ ၃)တန့်သခင် စနေ... အမြင်ကြုံထားသော ၅တေး ထုလဒသာ စားဝင်နေ... ဖြစ်သည်။ (၅-၂-၂၀၁၈)ထိ စနေဘုတ္တိဒသာ စားဝင်မည် ဖြစ်ရာ ယင်းကာလမကျော်မီအတွင်း ထီပေါက်ဖို့ ရှိ... သည်။

၃။ *တွဲထိုးသင့်သည့် အက္ခရာနှင့် ဂဏန်းတွဲ။*

(၃၊ ၆၊ ၉၊ ၅)ဂဏန်းများတွဲကာ (C, L, I, S...) အင်္ဂလိပ်အက္ခရာများနှင့် တွဲထိုးပါ။

## ဒေါ်သင်းသင်းမာ

**(၂၂-၁၁-၁၉၆၃၊ ၁း၃၀ နာရီ၊ ညောင်ပင်ကြီး)**

၁။ *အိုးပိုင်အိမ်ပိုင်နှင့် နေရပ်ကိန်း၊ ကာလ။*

(၄)တန့်သခင် ၅တေးဂြိုဟ် (၇)တန့် မိန်ရာသီတွ...






www.burmeseclassic.com

www.burmeseclassic.com

ရပ်တည်၍ (၁၁)တန့်ကို (၅)တန့်အမြင်၊ လဂ်ကို (၇)တန့်အမြင်၊ (၃)တန့်ကို (၉)တန့်အမြင်နှင့် အမြင်ကြုံနေပါသည်။ နေစရာအတွက် ပူစရာမရှိလှသော်လည်း ကိုယ်ပိုင်အိမ်ဖြင့် နေရကိန်းကား အားနည်းပါ၏။

၂။ *သားသမီးအကျိုးပေးကံ ကောင်း/မကောင်း။*

(၅)တန့်သခင် စနေဂြိုဟ် (၅)တန့်တွင်ပင် ရပ်တည်၍ (၂)တန့်ဘာဝအား (၁၀)တန့်အထူးမြင် ကြုံနေပါသည်။ ဘာဝတွင် သားသမီး၏ ထောက်ပံ့မှု ခံစားရတတ်မည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၁၈-၇-၂၀၁၆)မှ (၁၈-၇-၂၀၃၅)ထိ (၅၊ ၆)သခင် (၅)တန့်တွင် (၁၁)တန့်သခင် ၂လ်ာနှင့် ပူးယှဉ်ကာ (၂)တန့်ဘာဝအား (၁၀)တန့်အထူးမြင် ကြုံနေသော စနေထူလဒသာ စားဝင်၍ အိုဇာတာ ကောင်းပါမည်။ (၂၀၂၂)ခုနှစ်နောက်ပိုင်း ဘာဝအခြေအနေ အေးဆေးတည်ငြိမ်ပါမည်။

## မောင်နွယ်ဦး

**(၂၄-၁၁-၁၉၈၄၊ ၂၃း၀၀ နာရီ၊ မိုးကောင်းမြို့)**




၁။ *စီးပွားရေးတွင် အောင်မြင်ထင်ရှားမည်လား။*

(၁၀)တန့်ဘာဝသခင်ဂြိုဟ် ဖကြာ (၅)တန့်ဘာဝတွင် (၁၂)သခင် ၂လ်ာဂြိုဟ်၊ (၂၊ ၁၁)သခင် ၄ဟူးဂြိုဟ်၊ ၈)သခင် ၅တေးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ သခင် ၁နွေ (၃)တန့်တွင် ရာဟု၊ ကိတ် အကြပ်ရသည်။ စီးပွားရေးတွင် ကြိုးစားသလောက် ထင်ကျော်ကြားမှု မရတတ်ပါ။ အသင့်အတင့်ကား ထင်မည်။

၂။ *လက်ရှိချစ်သူနှင့် ဘဝလက်တွဲဖော် ဖြစ်မည်လား။*

(၅)တန့်သခင် ၅တေးဂြိုဟ် (၈)တန့်သခင်လည်း ဖြစ်၍ (၅)တန့် ဒွေးဒဟာဘာဝ မိမိပိုင် မနုရာသီတွင် ရပ်တည်နေပါသည်။ လက်ရှိချစ်သူမှာ ချစ်ဦးသူ မဟုတ်ဘဲ စနေ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသားထဲက ဖြစ်ပါက ဘဝလက်တွဲဖော် ဖြစ်နိုင်ပေသည်။

၃။ *မိဘကို ပြည့်ပြည့်စုံစုံ ထားနိုင်မည်လား။*

(၄)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင်ရပ်၍ လဂ်ဘာဝအား (၈)တန့်အထူးမြင် ကြုံနေသည်။ (၉)တန့်သခင်လည်း အင်္ဂါဂြိုဟ်ပင်ဖြစ်ကာ (၆)တန့်မှနေ၍ (၉)တန့်အား (၄)တန့်အထူးမြင် ကြုံနေသည်။ မိဘအား ကောင်းစွာ ထောက်ပံ့မှုပြုပေးနိုင်ဖို့ ရှိနေပါသည်။

## ဦးသိန်းထွန်း

**(၁-၈-၁၉၅၃၊ ၁၆း၃၀ နာရီ၊ မုံရွာမြို့)**




၁။ *အိုးပိုင်အိမ်ပိုင်နှင့် နေရကိန်း ရှိ/မရှိ။ ကာလ။*

(၄)တန့်သခင်ဂြိုဟ် ၅တေး (၆)တန့်တွင် ရပ်တည်ကာ (၂)တန့်ဘာဝအား (၉)တန့်အထူးမြင် ကြုံနေသည်။ ဘာဝတွင် အိမ်ပိုင်ကိန်း ရှိပါသည်။ (၁၂-၁၂-၂၀၁၇)မှစကာ ၅တေးထူလဒသာ စားဝင်ပါမည်။ (၂၀၁၈)ခုနှစ်မှ (၂၀၂၀)ပြည့်နှစ်အတွင်း အိမ်ပိုင်ဖြင့် နေရကိန်းရှိသည်။

၂။ *ထိဆုကြီးပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင် ဖကြာဂြိုဟ် (၇)တန့်တွင် ရပ်တည်နေသည်ကို (၁၀)တန့်ရပ် (၂၊ ၃)သခင် စနေက (၁၀)တန့် အထူးမြင် ကြုံထားသည်။ ထီပေါက်ကံရှိသော်လည်း ဆုမကြီးတတ်ပါ။ (၂၀၁၈)ခုနှစ်အတွင်း ထီကံစမ်းကြည့်ပါ။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၁၂-၁၂-၂၀၁၇)မှ စတင်ကာ (၁၆)နှစ်ကြာ စား

www.burmeseclassic.com

ဝင်မည့် ၅တေးထုလဒသာသည် ငွေကြေးကံ ကောင်းတတ်ပါ၍ အိုဇာတာ ကောင်းပါမည်။

## မဆွေဆွေအောင်

(၇-၄-၁၉၈၇၊ ၉း၀၀ နာရီ၊ သရက်ကုန်းရွာ)




၁။ *နိုင်ငံခြားကံ၊ ကာလ။*

(၁၂)တန့်သခင် အင်္ဂါ လဂ်တွင်ပူးကာ (၄)တန့်၊ (၈)တန့်အား အထူးမြင်နေသော်လည်း (၉၊ ၁၀)သခင် စနေနှင့် အပြန်အလှန် အမြင်ကြုံနေ၍ နိုင်ငံခြားခရီးကံ ရှိပါသည်။ အကျိုးပေးသည်ဟုကား မမြင်ပါ။ (၂၀၁၈) ခုနှစ်ကုန်ထိ နိုင်ငံခြားခရီးကိန်း အားနည်းနေပါသေးသည်။

၂။ *ဘဝတွင် ကွန်ပျူတာဘာသာရပ်ဖြင့် အကျိုးပေး၍ လုပ်ကိုင်နိုင်ပါမည်လား။*

(၄)တန့်သခင် ၁နွေဂြိုဟ် (၁၁)တန့်တွင် (၈၊ ၁၁) သခင် ၅တေးဂြိုဟ်၊ ရာဟုဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ (၁၀)တန့်တွင် ၆ကြာဂြိုဟ် ရပ်တည်ပြီး ရာဟုပိုင် နက္ခတ်ကို စီးထားပါ၍ ကွန်ပျူတာပညာရပ်ဖြင့် အကျိုးပေးကာ လုပ်ကိုင်နိုင်ခွင့် ကြုံပါမည်။

၃။ *လက်ရှိအလုပ်မှ ထွက်သင့်၊ မထွက်သင့်။*

(၂၉-၂-၂၀၁၇)မှ (၁၇-၉-၂၀၁၉)ထိ ၄ဟူးထုလ၊ ရာဟုဘုတ္တိဒသာ စားဝင်ပါမည်။ ၄ဟူးသည် (၂၊ ၅) သခင်အဖြစ် (၁၀)တန့်တွင် (၁၊ ၆)သခင် ၆ကြာနှင့် ပူးယှဉ်ရပ်တည်နေ၏။ ရာဟုသည် (၁၁)တန့် သန္ဓိနှင့် နီးကပ်လွန်းစွာ ရပ်တည်ပြီး (၁၁)တန့်သခင် ၅တေးနှင့် ပူးကာ (၁၀)တန့်ဘာဝသို့ ပြောင်းလဲရပ်တည်သည်သည်။ လက်ရှိအလုပ်တွင် အခွင့်အလမ်းကောင်းများ ကြုံလာနိုင်၍ အလုပ်မထွက်သင့်သေးပါ။

## ဦးအေးသန်း

(၁၀-၅-၁၉၆၅၊ ၁၇း၁၇ နာရီ၊ စစ်တွေမြို့)




၁။ *ကိုယ်ပိုင်လုပ်ငန်းဖြင့် ကြီးပွားနိုင်မည်လား။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၁)တန့်ဘာဝတွင် (၁၁) တန့်သခင်နှင့် ပူးယှဉ်ရပ်တည်နေကာ (၄၊ ၅)သခင် စနေ ဖြင့် အပြန်အလှန် အမြင်ကြုံနေသည်။ ကိုယ်ပိုင်လုပ်ငန်း ဖြင့် ကြီးပွားနိုင်ပါသည်။

၂။ *နိုင်ငံခြားသွားရကိန်း ရှိ/မရှိ။*

(၁၂)တန့်သခင် ၄ဟူးဂြိုဟ် (၇)တန့်တွင် ရပ်တည် ကာ (၉)တန့်သခင်လည်းဖြစ်၍ (၁၁)တန့်သခင် ၁နွေ ဂြိုဟ်နှင့်ပါ ပူးယှဉ်ရပ်တည်နေပါ၍ နိုင်ငံခြားသွားရကိန်း ရှိပါမည်။

၃။ *ဘဝတွင် နေရမည့် အဆင့်အတန်း။ အိုဇာတာ ကောင်း/မကောင်း။*

(၁၀)တန့်သခင် ၂လ်ာဂြိုဟ်သည် (၁၁)တန့်တွင် (၂၊ ၇)သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်၍ ဘဝအဆင့် မြင့်မားနိုင်သည်။ သို့သော် လဂ်သခင် ၆ကြာ (၈)တန့် တွင် ရပ်တည်၍ ဘဝအဆင့် အလတ်စားသာ ရှိပေမည်။ အသက်(၅၉)နှစ်မှ (၇၈)နှစ်အထိ စနေထုလဒသာ စား ဝင်မည်။ (၄၊ ၅)သခင်အဖြစ် (၄)တန့်၌ ရပ်တည် (၁၁)တန့်ရှိ အင်္ဂါ၊ တနလ်ာဂြိုဟ်တို့နှင့် အပြန်အ အမြင်ကြုံနေသော စနေ၏ ထုလဒသာတွင် ဘဝကံ နိုင်၍ အိုဇာတာကောင်းပေမည်။

## မအာကာမိုးမြင့်

(၂၁-၅-၁၉၈၆၊ ၀း၃၀ နာရီ၊ ညောင်ပင်ကြီး)

၁။ *မည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်ဖြင့် အ ပေးမည်နည်း။*



www.burmeseclassic.com







(၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၁)တန့်တွင် ရပ်တည်၍ (၅)တန့်ရပ် ဖြကြာနှင့် အမြင်ကြုံနေသည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ အလှကုန်၊ အထည်၊ အချိုရည်၊ ရေသန့်လုပ်ငန်းထဲမှ အကျိုးပေးတတ်ပါသည်။

၂။ *ဘဝတွင် အိမ်၊ ခြံ၊ မြေဖြင့် နေရကိန်း ရှိ/မရှိ။*

(၄)တန့်သခင်ဂြိုဟ် ဖြကြာ (၅)တန့်တွင် ရပ်တည်သည်ကာ (၁၁)တန့်ရပ် (၃၊ ၁၀)သခင် အင်္ဂါပိုင် နက္ခတ်ကို စီးထားသည်။ ဘဝတွင် အိမ်ပိုင်၊ မြေပိုင်ဖြင့် နေရမည့်ကိန်း ရှိပါသည်။ အသက်(၄၁)နှစ်သို့ဝင်အပြီး စနေထူလ ဒသာအတွင်း အိမ်ပိုင်ကိန်း ရှိပေသည်။

၃။ *မိဘနှစ်ပါးအား ပြုစုစောင့်ရှောက်ခွင့် ရှိ/မရှိ။*

(၄)တန့်သခင်ဂြိုဟ် ဖြကြာ (၅)တန့်ဘာဝတွင် ရပ်တည်သည်ကို (၁၁)တန့်ရပ် (၃၊ ၁၀)သခင် အင်္ဂါဂြိုဟ်က မြင်ထားသည်။ (၉)တန့်သခင်ဂြိုဟ် ဖြကြာပင်ဖြစ်သည်။ မိဘများကို ကောင်းစွာထောက်ပံ့ခွင့် ကြုံပါမည်။

**မောင်ဖွဲ့ပြည့်စုံ**

**(၂၁-၆-၁၉၈၃၊ ၂၀း၃၀ နာရီ၊ ဆွာမင်းလမ်းရွာ၊ ရေတာရှည်မြို့)**

၁။ *မွေးရပ်မြေတွင် ရာသက်ပန် အခြေချရမည်လား။*

(၄)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင် ရပ်တည်၍ (၁၂)တန့်အား သမသတ်အမြင် ကြုံနေသည်။ (၈)တန့်သခင် ဒနေ့ဂြိုဟ် ရာဟုတို့နှင့်လည်း ပူးနေသည်။ မွေးရပ်တွင် ရာသက်ပန်အခြေချရဖို့ကား မရှိပါ။

၂။ *ရပ်ဟန်းဘောင်၌ ရာသက်ပန်နေနိုင်မည်လား။*

(၁၀)တန့်သခင် ၂လ်ာဂြိုဟ် (၉)တန့်ဘာဝ(တူရာသီ)တွင် စနေနှင့် ပူးယှဉ်ရပ်တည်၍ ရာဟုဂြိုဟ်၏ (၅)တန့်အမြင် ခံယူရခြင်း၊ ၂လ်ာနှင့်ပူးသော စနေက (၁၁)တန့်ဘာဝ (ဓနုရာသီ)ရှိ ကိတ်ဂြိုဟ်အား (၃)တန့်အထူးမြင်ကြုံနေခြင်းကြောင့် ရပ်ဟန်းဝတ်က ရာသက်ပန်မြဲနိုင်ပါသည်။

၃။ *အသက်ဘယ်လောက်ရှည်မလဲ။*

လဂ်သခင် စနေဂြိုဟ် (၉)တန့်ဘာဝ(တူရာသီ)တွင် (၇)တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်သည်။ အသက်(၆၅)နှစ်အထက် (၇၅)နှစ်အတွင်း နေရတတ်ပါသည်။

**ကံကောင်းကြပါစေ**

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄

**မေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်**

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လဂ်မှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၇]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလုဆင်လျှင် ကြည်လင်လှပ၊ နက္ခတ်ရှုတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးမှား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလက်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလက်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလက်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လက်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ ဇွန်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ခွဲ၊ လုံ့လ၊ ဝီရိယများ ယခင်ထက် ပိုကောင်းနေမည်။ ကျောင်းသူကျောင်းသား ပညာသင်လူငယ်များ ပညာရေးအတွက် တက်ကြွနေမည်။ ညီအစ်ကို [illegible]င်နှမများနှင့်လည်း ယခင်ထက် အဆင်ပြေနေမည်။ [illegible]င်းမှုတစ်ခု ပြုရတတ်၏။ ပင်ကိုဉာဏ်ရော မှတ်[illegible]ပါ အားကောင်းနေမည်။ စုငွေများ စုမိဆောင်းမိ[illegible]။ ရေသန့်လုပ်ငန်းရှင်များ၊ အဖျော်ယမကာလုပ်ငန်းရှင်များ ငွေရှင်မည်။ အချစ်ကို ကိုးကွယ်သူများ အချစ်ကြောင့် ဘေးတွေ့တတ်၏။ ပညာသင်လူငယ်များ အချစ်မှားတွေ့တတ်၍ အထူးသတိထားပါ။ ဥပဒေနှင့်မကင်းတဲ့ လုပ်ငန်းဖြင့် ဝင်ငွေကောင်းနေတတ်၏။ သားရေးသမီးရေး တွေးပူနေရမည်။ မနာလိုသူကြောင့် မထင်မှတ်ဘဲ ဂုဏ်သိက္ခာကျရတတ်၏။ လက်နက်ကိုင် ဝန်ထမ်းဆိုပါက တာဝန်မှ ရပ်စဲခံရခြင်း၊ အနားယူရခြင်း ရှိလာမည်။ အလုပ်အကိုင်ကတော့ ပြေလိုက် မပြေလိုက်ပါ။ ရသင့်ရထိုက်တဲ့ အခွင့်အလမ်းများ မရနိုင်သေးပါ၊

www.burmeseclassic.com

(၁၂)နှင့် (၁၀၊ ၁၁)ရက်များကိုဆောင်၊ (၃၊ ၄)နှင့် (၁၈၊ ၁၉)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄-၁-၆-၈-၃)ပါ။

**ယတြာ**

အိမ်ရှိဘုရားကို အမွှေးနံ့သာဖြင့် မျက်နှာသစ်ပြီး မိမိတတ်သလို မေတ္တာပို့သလိုက်ပါ။ အဆင်မပြေနိုင်သည်များ ပြေလည်သွားလိမ့်မည်။

## ပြိဿလဂ် (Taurus)



ရခါနီးမှ မရ၊ ဖြစ်ခါနီးမှ မဖြစ်၊ အဆင်ပြေခါနီးမှ မပြေဖြစ်နေတတ်၍ စိတ်ဓာတ်ကျနေတတ်ပါသည်။ မကျပါနှင့်။ ဘာသာရေးဆိုင်ရာ စည်းရုံးခြင်း၊ အတိုက်အခံလုပ်ခြင်းများ ရှောင်ပါလေ။ နိုင်ငံရေး စည်းရုံးပါက ဘေးဖြစ်တတ်ပါသည်။ စိတ်တိုင်းမကျချင်တဲ့ အိမ်အိုအိမ်ဟောင်း တစ်ခုသို့ ပြောင်းရွှေ့ရတတ်ပါသည်။ အကြွင်နာကိစ္စဆို သတိထားပါ။ အလှုပြင် အလှုဆင်၊ အလှုကုန် ရောင်းဝယ်သူများ အရင်းအနှီး လျှော့ထားပါ။ သစ်သီးပွဲရုံများ၊ သစ်လုပ်ငန်းရှင်များ၊ ရေမွှေး၊ နံ့သာတိုင်စတဲ့ အမွှေးနံ့သာ ထုတ်လုပ်သူများ ဟန်မပျက်ရုံသာ လုပ်ဆောင်ပါ။ တိုးမြှင့်လုပ်ဆောင်လျှင် အရှုံးများတတ်ပါသည်။ ပညာရေးကတော့ ကောင်းနေမည်။ ငွေကြေး၊ အချစ်ရေး ကောင်းနေမည်။ သားရေး,သမီးရေး စိတ်အေးရမည်။ တတိယပတ်ကစပြီး အိမ်ထောင်ရေး သတိထားပါ။ ပူးပေါင်းလုပ်ဆောင်ရမည့်အလုပ်များ အတတ်နိုင်ဆုံး ရှောင်ပါ။ ဘာပဲလုပ်လုပ် (၃၊ ၄၊ ၃၀)နှင့် (၁၃၊ ၁၄)ရက်များကိုဆောင်၊ (၂၀၊ ၂၁)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၂၊ ၅၊ ၉)ပါ။

**ယတြာ**

တံမြက်စည်း(၇)ချောင်းဝယ်ပြီး ကြည်ညိုရာ ဘုန်းကြီးကျောင်းကို လှူလိုက်ပါ။ အသုံ့အဆိုးများ ကင်းစင်ကာ ကောင်းကျိုးခံစားရလိမ့်မည်။

## မေထုန်လဂ် (Gemini)



အစပိုင်း သုံးရက်လောက် လာဘ်လာဘ ဝင်ငွေကောင်းနေပြီး ကျန်းမာရေး အနည်းငယ် ညံ့လာတတ်ပါသည်။ (၁၈)ရက်လောက်ထိ အရေးကြီးတဲ့ ကိစ္စများ၊ ရည်ရွယ်ချက်များ မလုပ်ဆောင်ပါလေနှင့်။ လုပ်ဆောင်လျှင် ပြီးခါနီး ပျက်စီးတတ်ပါသည်။ (၁၉)ရက်နောက်ပိုင်းမှ ရည်ရွယ်ချက်များကို စတင်အကောင်အထည်ဖော်ပါ။ နေအိမ်၊ နေရာဒေသနှင့်ပတ်သက်ပြီး စိုးရိမ်သောကများ တတိယပတ် နောက်ပိုင်းတွင် အဆင်တပြေ ဖြစ်သွားမည်။ အိမ်ထောင်ရေး၊ ဖက်စပ်လုပ်ငန်းများနှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာကျဆင်းတတ်၍ အထူးဆင်ခြင်ပါ။ သံရုံး၊ သံတမန်ဝန်ထမ်းများ အတိုက်အခံကြားမှာ ပြဿနာများနေတတ်ပါသည်။ ဘာသာခြား လူမျိုးခြားနှင့် ဆက်ဆံရတဲ့ အလုပ်ဟူသမျှ အထူးသတိပြု ဆင်ခြင်ကာ လုပ်ဆောင်ပါ။ နှမ်း၊ ပဲနှင့် အထည်အလိပ်ကုန်သည်များ အရင်းအနှီး လျှော့ထားနိုင်ပါမှ အရှုံးသက်သာမည်။ ရွှေကုန်သည်များ အထူးအောင်မြင်မည်။ (၁၅၊ ၁၆၊ ၁၇) သုံးရက်ကို ဆောင်ပါ။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၃၊ ၁၊ ၄၊ ၅၊ ၈)ပါ။

**ယတြာ**

ခိုကလေးတွေကို အစာကျွေးပြီး မိတ်ဆွေ သုံးယောက်ကို လက်ဖက်ရည်တိုက်လိုက်ပါ။

## ကရကဋ်လဂ် (Cancer)



အလုပ်အကိုင် အဆင်မပြေနိုင်ပါ။ အချစ်ရေးလည်း ထင်သလောက် အဆင်မပြေချင်ပါ။ ချစ်သူရှာနေသူများ ဒုတိယပတ်အတွင်း ချစ်သူတွေ့လိမ့်မည်။ ငွေကြေးကိစ္စ ပြောဆိုစရာရှိလျှင် လဆန်းပိုင်းတွင် ပြောဖြစ်အောင် ပြောပါ။ လခွဲကျော်မှ ပြောလျှင် ပြဿနာတွေ့တတ်ပါသည်။ သားသမီး ပညာရေး အကြောင်းပြုပြီး စိတ်ဆင်းရဲရတတ်၏။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး အဆင်ပြေလိုက် မပြေလိုက် ဖြစ်နေမည်။ ငွေကြေးအစုရှယ်ယာ ဝယ်သူများ အမြတ်နည်းမည်။ ကျင့်စဉ်ဘာဝနာ ပွားများသူများ အသိထူးရနိုင်သည့် ယခုလတွင် လို့လ၊ ဝီရိယလည်း တက်လိုက် ကျလိုက် ဖြစ်နေတတ်၏။ ပရဟိတဆောင်ရွက်သူများ ငွေသ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ဘဲ အပုပ်နံ့ထွက်နေမည်။ လယ်ယာလုပ်ငန်းရှင်များ လုပ်ငန်းရှေ့၊ ငွေကြေးပါ အခက်အခဲတွေ့နေမည်။ ကော်မှုသီးနှံဆိုင်ရာ ဝန်ထမ်းများ တာဝန်မှ ရပ်ဆိုင်းခံရတတ်၏။ စာရေးဆရာ၊ ဗေဒင်ဆရာများ ပျော်ရွှင်ရလိမ့်မည်။ (၈၊ ၉)နှင့် (၁၈၊ ၁၉)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၂၊ ၅၊ ၆၊ ၀၊ ၈)ပါ။

**ယတြာ** - မွေးနေ့တွင် ငါးခြောက်ဟင်းချက်ပြီး ဆွမ်းခံကိုယ်တော်များကို ဆွမ်းလောင်းပါ။ အညံ့အဆိုးများ ကင်းစင်ပြီး ကောင်းကျိုးချမ်းသာ ခံစားရလိမ့်မည်။

## သိဟ်လဂ် (Leo)



အလုပ်အကိုင် အဆင်ပြေနေမည်။ ပုံမှန်ဝင်ငွေ နည်းနေသော်လည်း ဟိုကဒီက လာဘ်လာဘရနေမည်။ ကိုယ်ပိုင်စည်းကမ်း ကိုယ်ကျင့်တရားများ ကောင်းမွန်နေမည်။ ကျန်းမာရေးကတော့ စိတ်တိုင်းကျ မဖြစ်နိုင်ပါ။ ခေါင်းခဏ,ခဏ မူးမော်နေတတ်ပါသည်။ ကျောင်းနှင့် စာရေးကိရိယာ ရောင်းဝယ်သူများ အထူးဝင်ငွေကောင်းနေမည်။ ဆေးဝါး၊ ဓာတုဆိုင်ရာ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ အားလုံး အဆင်ပြေနေမည်။ အချစ်ရေး၊ ပညာရေး သိပ်မထူးခြားသေးပါ။ နေအိမ်၊ နေရာဒေသ အပြောင်းအလဲ ဖြစ်သွားတတ်၏။ ... ဝယ်မိလျှင် ကားကြောင့် စိုးရိမ်သောက များနေရမည်။ အလုပ်ရှာနေသူများ လကုန်ခါနီး အလုပ်ရတတ်... သွေးထွက်သံယို ဖြစ်ရတတ်၍ သွားသတိ လာသတိ ... ရှိပါစေ။ အိမ်ထောင်ရေး သိပ်မသာယာနိုင်ပါ။ အိမ်... ဒေးရာသို့ ထွက်သွားချင်စိတ် ပေါ်ပေါက်နေမည်။ ... ပါနှင့်၊ မိမိအိမ်တွင် စိတ်တည်ငြိမ်အောင် ကြိုးစား... အဏ်အစုရှယ်ယာဝယ်သူများ အတော်အသင့် အဆင်... မည်။ စာပေအနုပညာလုပ်ငန်းဖြင့် အသက်မွေးသူများ ...ပြေမည်။ အခြေခံလူသုံးကုန်နှင့် အလှကုန်ရောင်း...သူများ အမြတ်အစွန်းရမည်။ ဘာပဲလုပ်လုပ် (၁၀၊ ...နှင့် (၂၀၊ ၂၁)ရက်များကိုဆောင်၊ (၁၃၊ ၁၄)ရက်များ ...ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (... ၈၊ ၃၊ ၄)ပါ။

**ယတြာ** - ဘုရားတွင် လျှပ်စစ်မီးအလှူတော် တတ်နိုင်သလောက် လှူပေးပါ။ အဆင်ပြေသွားလိမ့်မည်။

## ကန်လဂ် (Virgo)



ဘဝရည်မှန်းချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်လိုက်ပါ။ အောင်မြင်ပါလိမ့်မည်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်၏။ စိုးရိမ်စရာ မရှိပါ။ အချစ်ရေးမှာ ကိုယ့်ကြောင့် မပြေလည်ဖြစ်နေတတ်ပါသည်။ ပညာရေး စိုးရိမ်စိတ် အနည်းငယ်ဖြစ်နေရသည်ကလွဲလို့ အဆင်ပြေပါသည်။ ငွေကြေးကိစ္စ အလောတကြီး မပြောပါနှင့်။ ပြောမိလျှင် အဆင်မပြေတဲ့အပြင် ပြဿနာ ဖြစ်တတ်ပါသည်။ ဆေးဆရာ၊ ဒေါက်တာ၊ သူနာပြုများ ဝင်ငွေကောင်းနေမည်။ စစ်သည်တော်များ၊ ပြည်သူ့ရဲများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုက်ခိုက်ရတဲ့ အားကစားသမားများ အောင်မြင်မှုလည်းရ၊ လာဘ်လာဘလည်း ကောင်းနေမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာမည်။ အတုအယောင် ဟန်ဆောင်သူ၊ လိမ်ညာသူများ ဒုက္ခရောက်မည်။ အဆင်မပြေလျှင် ဖခင်အကြံဉာဏ်ကို ရယူပါ။ အောင်မြင်သွားလိမ့်မည်။ ဝါသနာပါရာကို ခဏတာမေ့ထားပြီး စေတနာပါရာကို လုပ်ပါလေ။ မထင်ထားသည်များ အောင်မြင်လိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၃၊ ၁၊ ၅၊ ၂)ပါ။

**ယတြာ** - စိတ်ပါပါ၊ မပါပါ တစ်နေ့ ပုတီးကိုးပတ်စီ စိပ်ပေးပါ။ အဆင်ပြေသွားလိမ့်မည်။

## တူလဂ် (Libra)



မနာလိုသူကြောင့် ထိခိုက်နစ်နာမည့် အနေအထားမှာ ကြာသပတေးသားသမီး ကူညီမှုကြောင့် မနစ်နာတဲ့ပြင် အောင်မြင်မှုပင် ရသွားလိမ့်မည်။ သင့်အိမ်ထောင်ပြုချင်နေသလား၊ ပြုဖြစ်သွားမည်။ အကျိုးတူပူးပေါင်းလုပ်ဆောင်သည့် ကိစ္စများ အထူးအောင်မြင်မည်။ အိုးအိမ်ဝန်ထမ်းများ စိတ်ချမ်းသာရမည်။ သစ်တော ရေးရာ ဝန်ထမ်းများ၊ သစ်လုပ်ငန်းရှင်များ၊ သစ်ကိုင်...

www.burmeseclassic.com

ရှင်များ ယခင်ထက် သိသိသာသာ အဆင်ပြေနေမည်။ အလုပ်ကုန် ထုတ်လုပ်သူများ၊ ဘာသာရေး အသုံးအဆောင် ပစ္စည်း ရောင်းဝယ်သူများ အထူးအောင်မြင်မည်။ ငွေကြေး စုမိဆောင်းမိ ဖြစ်ဖို့ကတော့ မလွယ်ပါ။ အောင်မြင်နေလျက်ပင် မလုပ်ချင်မကိုင်ချင် ဖြစ်လာတတ်၏။ ညာဘက်မျက်စိကို ဂရုစိုက်ပေးပါ။ ဟိတ်ဟန် မာန်မာန ဖြင့် လုပ်ဆောင်ခြင်းကို ရှောင်ပါ။ မြွေအစွယ်ချိုးခံရသကဲ့သို့ ရန်သူလက်စားချေခြင်းကို ခံရတတ်ပါသည်။ ဆွေမျိုးများ ရန်သူသဖွယ် ဆက်ဆံခြင်းကို ခံရတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၄၊ ၃၊ ၆၊ ၁)ပါ။

**ယတြာ** - သူငယ်ချင်းများကို ဖက်ထုပ်မုန့် ဝယ်ကျွေးလိုက်ပါ။ မကြာခင် ကံကောင်းလာလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



အမှုဟောင်း၊ ပြဿနာဟောင်း၊ အနာရောဂါဟောင်းများ ပြန်ပေါ်တတ်ပါသည်။ တည်ငြိမ်နေတဲ့အိမ်ထောင်ရေး ဖက်စပ်လုပ်ငန်းကြောင့် ပြဿနာတက်လာတတ်ပါသည်။ အဆင်ပြေမည်ထင်ခဲ့သော ရည်မှန်းချက်များ လောလောဆယ် ရပ်တန့်နေမည်။ ကျန်းမာရေးလည်း ညံ့နေတတ်ပါသည်။ စေ့စပ်ထားသူများ၊ လက်ထပ်ရန် ရည်ရွယ်ထားသူများ ပွဲနီးမှ ပျက်စီးသွားတတ်၍ ရေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောခြင်းမှ ရှောင်ပါ။ လူကြီးသူမစကားကို နားထောင်မိပါက မိမိလုပ်ငန်း ထိခိုက်နိုင်၍ ယခုလတွင် နားမထောင်ပါနှင့်။ လုပ်ငန်းစတင်ဖွင့်လှစ်မည့်သူများ ယုံချင်ယုံ၊ မယုံချင်နေ မိမိဆိုင်းဘုတ်ကို အရက်လောင်းပြီးမှ အမွှေးနံ့သာဖြင့် ပက်ဖျန်းလိုက်ပါ။ အထူးအောင်မြင်မည်။ စုငွေများကို ထုတ်ပြီး အရင်းအနှီးပြန်လုပ်သူများ ထူးထူးခြားခြား အောင်မြင်မည်။ မထင်မှတ်ဘဲ အမွေရလာတတ်ပါသည်။ အနုပညာရှင်များကတော့ အတိုက်အခံကြောင့် ပျက်စီးရတတ်၏။ ကိုယ်ပိုင်စည်းကမ်း ကိုယ်ကျင့်တရားများကတော့ ယခင်ထက် ကောင်းမွန်နေမည်။ ဝင်ငွေ လာဘ်လာဘလည်း ယခင်ထက် ပိုကောင်းနေမည်။ ပညာရေးကောင်းပြီး ငွေကြေး၊ အချစ်ရေးများ အဆင်တပြေရှိမည်။ ဘာပဲပြောပြော အရာရာမှာ တက်ကြွနေမည်။ ထို့ကြောင့် အောင်မြ[...] မှု ရနေမည်။ (၈၊ ၉)နှင့် (၁၈၊ ၁၉)ရက်များကိုဆော[...] (၅၊ ၆၊ ၇)ကို ရှောင်ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၂၊ ၈၊ ၉၊ ၆)ပါ။

**ယတြာ** - စိတ်ရောဂါ ဝေဒနာရှင်အား ပန်းသီး[...] ကျွေးလိုက်ပါ။ ထူးဆန်းစွာ အောင်မြင်လိမ့်မည်။

## ဓနုလဂ် (Sagittarius)



ငွေကြေး ရလိုက် စုလိုက် ပြန်[...] လိုက် ဖြစ်နေမည်။ အလုပ်အကိုင်[...] တော့ မတိုးတက် မဆုတ်ယုတ်[...] ပုံမှန် ရှိမည်။ အရင်းအနှီးကို မတိုး[...] ပါနှင့်။ ဂုဏ်သရေရှိ လူကြီးများနှင့် အကျိုးတူ[...] ပေါင်းလုပ်ဆောင်ခြင်းဖြင့် အကျိုးအမြတ် ခံစားရ[...] သို့သော် ရည်မှန်းချက် ကြီးကြီးမားမား မထား[...] အိမ်ထောင်ရေးက ပြဒါးတစ်လမ်း သံတစ်လမ်း [...] လမ်း ကိုယ်လျှောက်နေမည်။ မျက်နှာချင်းဆိုင်မိ[...] စိတ်မချမ်းသာရပေ။ ဒေါ်လာအရောင်းအဝယ်လုပ်[...] မြတ်စွန်းသော်လည်းပဲ မစုမိနိုင်ပါ။ ထိန်းနေတဲ့[...] သိက္ခာကျရတတ်၏။ စကားအပြောအဆို ဆင်ခြင်[...] ဖွဲ၊ လုံ့လ၊ ဝီရိယများ တွန့်ဆုတ်နေမည်။ ညီအစ်ကို[...] နှမများနှင့် သိပ်အဆင်မပြေချင်ပါ။ အလုပ်အကိုင် [...] နေသော်လည်း စိတ်ဝင်စားမှု အားနည်းနေတတ်[...] အလုပ်ရှာနေသူများ ပထမပတ်အတွင်း ရရှိမည်[...] များ တမြည့်မြည့်ကုန်နေမည်။ (၁၊ ၂)နှင့် (၂၀၊ [...] များကိုဆောင်၊ (၈၊ ၉)နှင့် (၂၂၊ ၂၃)ရပ်များကို [...] ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများက[...] ၁၊ ၅၊ ၃၊ ၆)ပါ။

**ယတြာ** - ဗုဒ္ဓေါ ဂုဏ်တော်ကို သတိရတိုင်း [...] လေ။ အဆင်မပြေသည်များ ပြေလည်သွားမည်[...]

## မကာရလဂ် (Capricon)



ဆေးရုံ၊ ဆေးခန်း ရောက်ရ[...] အိမ်နှင့် ဝေးရာသို့ ထွက်ခွာ[...] ဖြစ်နေမည်။ ငွေကြေးများ[...] ဆောင်းရ ခက်နေမည်။ [...]



www.burmeseclassic.com

www.burmeseclassic.com

ရာ ဘာသာရပ်တစ်ခုကို လေ့လာသင်ယူရမည်။ ပညာရေးကတော့ ကောင်းပါသည်။ ကျောင်းသူကျောင်းသားများ မိမိပညာကို စိတ်ဝင်တစား ရှိနေမည်။ သို့သော် မှတ်ဉာဏ်အားနည်းနေမည်။ သောကြာနံသင့်ပစ္စည်း ရောင်းဝယ်သူများ ဝင်ငွေကောင်းမည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားပြီး စည်းစိမ်ဥစ္စာများလည်း တိုးပွားနေမည်။ သားရေး၊သမီးရေး စိတ်အေးရမည်။ တပည့်တပန်း၊ အလုပ်သမား၊ အောက်လက်ငယ်သားများ အကျိုးပြုမည်။ သို့သော် ဒုတိယပတ်ကျော်လျှင် သားသမီး၊ တပည့်တပန်းများကို အယုံကြည် မလွန်ပါနှင့်။ ဖျားနာရောဂါ ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကြွေးတင်တတ်၏။ ယခုလတွင် အိမ်ထောင်ရေးကို အထူးဂရုစိုက်ပါ။ ဘာပဲပြောပြော ကျန်းမာရေး ကောင်းမွန်နေပြီး အရာရာ အက်တစ်ဖြစ်နေမည်။ မိမိရည်မှန်းချက်ကို မဖြစ်မနေ အကောင်အထည်ဖော်ပါ။ အောင်မြင်ပါလိမ့်မည်။ အချစ်ရေးအတွက် (၂၂၊ ၃)ရက်များကိုဆောင်၊ အလုပ်အကိုင်အတွက် (၅၊ ၆၊ ၇)ရက်များကို ဆောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၂၊ ၉၊ ၄၊ ၅၊ ၆)ပါ။

ယတြာ - ဗုဒ္ဓဟူးနေ့ ညနေတွင် ရာဟုထောင့် ဂြိုဟ်တိုင်ဘုရားကို ဆီမီး(၉)တိုင် ပူဇော်ပါလေ။

## [illegible]လဂ် (Aquarius)



အလုပ်အကိုင် သိပ်အဆင်မပြေချင်ပါ။ ဝင်ငွေလာဘ်လာဘလည်း ယခင်ထက် နည်းနေမည်။ ပညာရေးဝန်ဆောင်မှု လုပ်ငန်းရှင်များ ငွေဝင်ကောင်းနေမည်။ [illegible]သော် အပူသောက မကင်းပေ။ သားသမီးအရေး ပညာ[illegible] စိတ်အေးရသော်လည်း ငွေကြေးအတွက် ပူလောင်[illegible]ည်။ ဘဝနောင်ရေး တွေးတောပူပန်ပြီး အခြေခံ[illegible]န်းများ ကိုယ်တိုင် ရေးဆွဲနေလိမ့်မည်။ အချစ်ရေး[illegible]ပြေသည်ဟု ဆိုရသော်လည်း အုပ်ထိန်းသူကြောင့် [illegible]ပြေတပြေ ဖြစ်နေမည်။ ဖက်စပ်လုပ်ငန်းတစ်ခု[illegible] ငွေကြေးကိစ္စ ပြဿနာတက်နေတတ်၏။ ခွဲ၊ [illegible]ကြောင့် ဂုဏ်တက်နေမည့်ကာလဟု ဆိုရပေမည်။ [illegible]မြေ၊ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်သူများ [illegible]က် ကောင်းမည်။ အိမ်ထောင်ရေးပြဿနာ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နေတတ်၏။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့တတ်၏။ ဥပဒေမကင်းတဲ့ ဖက်စပ်လုပ်ငန်းများမှ အကျိုးထူး ခံစားရမည်။ ဘာပဲလုပ်လုပ် (၅၊ ၆၊ ၇) နှင့် (၁၅၊ ၁၆၊ ၁၇)ရက်များကိုဆောင်၊ (၁၃၊ ၁၄)ရက်များကို ရှောင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၃၊ ၁၊ ၉၊ ၄)ပါ။

ယတြာ - အိမ်နီးချင်း သက်ကြီးရွယ်အို အဘွားတစ်ဦးအား ခေါင်းလျှော်ပေးပြီး အုန်းဆီမွှေး လှူလိုက်ပါ။

## မိန်လဂ် (Pisces)



ရည်မှန်းချက်များ အောင်မြင်ရန် မလွယ်ကူနိုင်ပါ။ သို့သော် စွဲမလျှော့ပါနှင့်။ နောက်တစ်ကြိမ် ထပ်ကြိုးစားလိုက်က အောင်မြင်သွားမည်။ ကျန်းမာရေး ညံ့နေတတ်၏။ အထူးအားဖြင့် ဝမ်းဖောဝမ်းရောင် ဖြစ်တတ်ပါသည်။ အိမ်ထောင်ဖက်ကို အထူးဂရုစိုက်ပေးပါ။ သူများနှင့် ပူးပေါင်းလုပ်ရတဲ့အလုပ် မလုပ်ပါနှင့်။ ပြဿနာတက်တတ်ပါသည်။ ပညာရေးကတော့ ကောင်းနေမည်။ အချစ်ရေး၊ ငွေကြေးများလည်း အသင့်အတင့် ကောင်းနေပါသည်။ အလုပ်အကိုင် အဆင်မပြေနိုင်၊ လကုန်ခါနီးမှ မထင်မှတ်ဘဲ သိက္ခာကျ၊ အရှက်ရတတ်ပါသည်။ ဘဝကို ပြဇာတ်တစ်ပုဒ်လို သူ့အပိုင်းနှင့်သူ ကန့်သတ်ထားပြီး ပင်ကိုအလုပ်ကိုပဲ အားစိုက်ပါ။ စာရေးဆရာ၊ ဗေဒင်ဆရာ၊ ကျောင်းဆရာများ ဝင်ငွေကောင်းမည်။ ဘာသာရေး၊ နိုင်ငံရေးဆိုင်ရာများ လုံးဝမစည်းရုံးပါနှင့်။ အကျိုးမထွက်တဲ့အပြင် ဘေးသင့်တတ်ပါသည်။ ဘယ်အရေးပဲဖြစ်ဖြစ် စတင်မည်ဆိုလျှင် (၁၀၊ ၁၁၊ ၁၂)ရက်များတွင် စတင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၆၊ ၂၊ ၁၊ ၃)ပါ။

ယတြာ

စနေနံပါတဲ့ ဘုရားတစ်ဆူဆူတွင် စနေနံပါတဲ့ ပန်းကို ပူဇော်ပြီး လိုရာဆုတောင်းပါ။ အလိုဆန္ဒ ပြည့်ဝလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတေသီ)
☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ပါဆယ်ဘယ်တော့လက်ခံရရှိမလဲနှင့် ကေ.ပီ စနစ်

ဆရာရန်အောင်ဟိန်း(B.Sc)

နက္ခတ်ဗေဒင်ပညာတွင် အချိန်ပိုင်း(နာရီ၊ မိနစ်) ဟောကွက် မဆိုထားနှင့် လပိုင်း၊ ရက်ပိုင်းထိ ဟောပြောရသော ဟောကွက်မျိုးတို့သည် ခက်ခဲနက်နဲလှပေသည်။ နာရီပိုင်း၊ မိနစ်ပိုင်းထိ တိကျသော ဟောနည်းစနစ်များ ရှိသော်လည်း ခက်ခဲလှ၍ ပညာလိုက်စားသူအများ လက်မှိုင်ချခဲ့ကြရသည်။

ဆရာကြီးခရစ်ရှနားမူတီးက သူ၏ ကေ.ပီ စနစ် (ခေါ်) ခရစ်ရှနားမူတီးပဒ္ဓတိ နည်းစနစ်ကို ဖော်ထုတ်ခဲ့ရာတွင် ယင်းနာရီပိုင်း၊ မိနစ်ပိုင်းထိ တိကျစွာ ဟောနိုင်သော အချိန်ပိုင်း ဟောနည်းကို သိပ္ပံနည်းကျ ဖော်ထုတ်၍ ရှင်းပြခဲ့သည်။




ဆရာကြီးခရစ်ရှနားမူတီး၏ ရှင်းပြ[illegible] သော နည်းနာမှာ စိုးမိုးဂြိုဟ်များကို အသုံးပြုပြီး လွယ်ကူရှင်းလင်းရကား နက္ခတ်ပညာလိုက်စားသူများအတွက် အားတက်စဖွယ် ဖြစ်စေခဲ့ရသည်။

ယခုဆောင်းပါးမှာ (၂၀၁၇)ခုနှစ် ဖေဖော်ဝါရီလထုတ် K.P Ezine [illegible] ဖော်ထုတ်တင်ပြပေးကာ ဆီလျော်စွာ ဘာသာပြန်ဆို ဖော်ပြပေးလိုက်ရ[illegible]သည်။ မူရင်းဆောင်းပါးရှင်မှာ အ[illegible] ဗီ.ကေ ရှားမား ဖြစ်ပါသည်။

(၁၁-၁-၂၀၁၇) နံနက်(၁၂း[illegible] ၅၈)နာရီ အာဒီလိတ်၊ သြစတြေး[illegible] တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ [illegible] လာသူက အရေးကြီး ဆေးဝါးများ[illegible] အိန္ဒိယမှ ပို့ထားသည်မှာ (၂၀[illegible] ခုနှစ်၊ ဒီဇင်ဘာလထဲကဖြစ်၍ ဘယ်[illegible] တော့ လက်ဝယ်ရရှိမည်နည်း ဟူ[illegible]

ယင်းတွက်ချက်သော နေ့၊ ရက်[illegible] လ၊ နှစ်၊ အချိန်၊ နေရာအရ တွက်ချက်[illegible] ရရှိသော ဇာတာမှာ အောက်ပါအ[illegible] ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကေ·ပီ စနစ်အရ ဆုံးဖြတ်ခြင်း**

ကေ·ပီ ဖတ်စာ အမှတ်(၆) ဟူးရားနက္ခတ်ဗေဒင်ပညာတွင် စာမျက်နှာ(၁၃၂-၁၃၃)၌ ဆရာကြီးခရစ်ရှုနားမူတီးက 'ဆေးဝါးများ လက်ခံရရှိခြင်း'ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ပညာပေးဆောင်းပါးတစ်ပုဒ် ရှိပါသည်။ ယင်းဆောင်းပါးတွင် ဆေးဝါးများ လက်ခံရရှိခြင်းအတွက် (၄)တန့်ဘာဝနှင့် စိုးမိုးဂြိုဟ်များဖြင့် သုံးသပ်အဖြေရှာရမည်ဟု ဆိုထားပါသည်။ '(၄)တန့် ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ဝကြမသွားရ။ ဝကြသွားသော ဂြိုဟ်ပိုင်နက္ခတ်ကို မစီးရ။ (၄၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်ရမည်။ ယင်း(၄၊ ၁၁)တန့်ဘာဝ အကျိုးဆောင်ဂြိုဟ်များ ပူးတွဲဒသာကာလတွင် ဆေးဝါးများ လက်ခံရရှိမည်'

**လိုအင်ဆန္ဒ ပြည့်ဝခြင်း**

(၁၁)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ဝကြမသွားရ။ ဝကြသွားသော ဂြိုဟ်ပိုင်နက္ခတ်ကို မစီးရ။ (၄၊ ၁၁)တန့် ဘာဝများ၏ အကျိုးဆောင်ရပါမည်။ သို့မှသာ ဆေးဝါးများ လက်ခံရရှိလိုသောဆန္ဒ ပြည့်ဝပါမည်။

အထက်ပါ ဇာတာတွင် ကြည့်ပါ။

* (၄)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် စနေဖြစ်သည်။ စနေသည် (၁၁၊ ၁၂)တန့် သခင်ဖြစ်ပြီး (၉)တန့်ဘာဝတွင် ရပ်တည်နေသည်။ စနေသည် (၄၊ ၇)တန့်သခင်အဖြစ် (၉)တန့် ဘာဝတွင် ရပ်တည်နေသော ၄ဟူးပိုင် နက္ခတ်ကို စီးထားသည်။ စနေဂြိုဟ်ရော ၄ဟူးဂြိုဟ်ပါ ဝကြမသွားပါချေ။

(၄)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် စနေသည် (၁၁၊ ၄)တန့် ဘာဝများအတွက် အကျိုးဆောင်နေ၍ ပို့ထားသော ဆေးပစ္စည်းများ လက်ခံရရှိပါသည်။

* (၁၁)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၅တေးဖြစ်သည်။ ၅တေးဂြိုဟ်သည် (၁၊ ၁၀)တန့်သခင်အဖြစ် (၇)တန့်ဘာဝတွင် ရပ်တည်နေသည်။ ၅တေးသည် (၂၊ ၉)တန့်သခင်အဖြစ် (၁၂)တန့်တွင် ရပ်တည်သော အင်္ဂါဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။ အင်္ဂါနှင့် စနေတို့ အိမ်ချင်းလဲလှယ် ရပ်တည်နေကြသည်။ ယင်းသို့အားဖြင့် အင်္ဂါနှင့် စနေ ဆက်စပ်မှု(association) တစ်ရပ် ရှိထားသည်။ ထို့ပြင် အင်္ဂါဂြိုဟ်သည် စနေပိုင် ဘုတ္တိနက္ခတ်ကို စီးထားပါသေးသည်။

သို့ဖြစ်၍ နှောင့်နှေးမှု ကြုံရသည်မှတစ်ပါး ဆေးဝါးများ လက်ခံရရှိမည်ကို ဖော်ပြနေပါသည်။

* ဆေးဝါးများ လက်ခံရရှိမည့် နေ့ရက်ကို တွက်ချက်ဖော်ပြရန် ဆုံးဖြတ်တွက်ချက်ချိန် စိုးမိုးဂြိုဟ်များကို တွက်ချက်ရာ အောက်ပါအတိုင်း ရရှိပါသည်။

| | |
|---|---|
| နေ့သခင်ဂြိုဟ် | - ၄ဟူး |
| စန်းသခင်ဂြိုဟ် | - ၄ဟူး |
| စန်းစီးနက္ခတ်သခင်ဂြိုဟ် | - ရာဟု |
| လဂ်သခင်ဂြိုဟ် | - ၅တေး |
| လက်စီးနက္ခတ်သခင်ဂြိုဟ် | - စနေ |

(ရာဟုဂြိုဟ် သိဟ်ရာသီတွင် ရပ်တည်၍ ၁နွေဂြိုဟ် စိုးမိုးဂြိုဟ်တွင်းသို့ ပါဝင်လာသည်)

**ကောဇာတနက်ခ္ခေဂြိုဟ်**

ဖြစ်ရပ်သည် (ဝါ) ဆေးဝါးလက်ခံရရှိမည့် အချိန်သည် ရက်အနည်းငယ်အတွင်း ဖြစ်ပေါ်တော့မည်ဖြစ်ရာ ကောဇာတနက်ခ္ခေဂြိုဟ်ဖြင့် ရှာဖွေရန် ဆုံးဖြတ်ခဲ့ပါသည်။ ကောဇာ ၁နွေဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

သည် လက်ရှိတွင် ဓနုရာသီတွင် ရပ်တည်နေပြီး (၁၃/၁၄-၁-၂၀၁၇)တွင် မကာရရာသီသို့ ကောဇာပြောင်းလဲ ရောက်ရှိတော့မည် ဖြစ်ပါသည်။ ဆုံးဖြတ်သောနေ့ (၁၁-၁-၂၀၁၇)တွင် ကောဇာ ၁နေ့ဂြိုဟ်သည် ဓနုရာသီတွင်ရှိပြီး (၁၄-၁-၂၀၁၇)မှ (၁၂-၂-၂၀၁၇)ထိ စနေဂြိုဟ်ပိုင် မကာရရာသီတွင် ရောက်ရှိဖြတ်ကျော်နေပါမည်။

စနေသည် စိုးမိုးဂြိုဟ်တွင် လက်စီးနက္ခတ်သခင်ဂြိုဟ်အဖြစ် အားအကြီးဆုံးဖြစ်ကာ (၁၁)တန့် သခင်ဂြိုဟ်လည်းဖြစ်ပေရာ စနေပိုင် မကာရရာသီကို ကောဇာ ၁နေ့ဂြိုဟ် ဖြတ်ချိန်အား အဓိကထား ရွေးချယ်လိုက်ပါသည်။ စနေပိုင် မကာရရာသီတွင် ၁နေ့၊ ၂လဲ၊ အင်္ဂါပိုင် နက္ခတ်များ ရှိနေပါသည်။

စိုးမိုးဂြိုဟ်များထဲတွင် ယင်းနက္ခတ်များ တိုက်ရိုက်မပါပါချေ။ သို့သော် ၁နေ့ဂြိုဟ်ပိုင် ရာသီတွင် ရာဟု(စန်းစီးနက္ခတ်သခင်) ရပ်တည်၍ ၁နေ့သည် စိုးမိုးဂြိုဟ်တွင် ပါဝင်လာပါသည်။

သို့ဖြစ်ပါ၍ မကာရရာသီ ၁နေ့ပိုင်နက္ခတ်ပေါ် ကောဇာ ၁နေ့ဂြိုဟ် ဖြတ်သန်းချိန်တွင် ဆေးဝါးများ လက်ခံရရှိပေမည်။ ကောဇာ ၁နေ့ဂြိုဟ်သည် (၂၄-၁-၂၀၁၇)ထိ မကာရရာသီ ၁နေ့ပိုင် နက္ခတ်ပေါ်တွင် ရှိနေပေမည်။ သို့ဖြစ်၍ (၂၄-၁-၂၀၁၇)မတိုင်မီ ဆေးဝါးများ လက်ခံ ရရှိပါမည်။

**မကာရရာသီ**

| ရာသီသခင် | နက္ခတ်သခင် | ဘုတ္တိနက္ခတ်သခင် | အစ(အံ၊ လိ၊ ဝိ) | အဆုံး(အံ၊ လိ၊ ဝိ) |
|---|---|---|---|---|
| စနေ | ၁နေ့ | ရာဟု | ၀:၀:၀ | ၁:၁၃:၀ |
| | | ၅တေး | ၁:၁၃:၂၀ | ၃:၀၀:၀၀ |
| | | စနေ | ၃:၀၀:၀၀ | ၅:၀၆:၄၀ |
| | | ၄ဟူး | ၅:၀၆:၄၀ | ၇:၀၀:၀၀ |
| | | ကိတ် | ၇:၀၀:၀၀ | ၇:၄၆:၄၀ |
| | | ဖြကြာ | ၇:၄၆:၄၀ | ၁၀:၀၀:၀၀ |

အထက်တွင် မကာရရာသီ၌ ၁နေ့ပိုင် နက္ခတ်ပေါ်တွင် ရှိနေသည့် ဘုတ္တိနက္ခတ်များကို ယင်းတို့ ပိုင်ဆိုင်ရာ အံသာ၊ လိတ္တာ၊ ဝိလိတ္တာအရ ဇယားချပြထားပါသည်။

စိုးမိုးဂြိုဟ်များအရ ကောဇာ ၁နေ့ ဖြတ်ကျော်မည့် ဘုတ္တိနက္ခတ်ကို ဆုံးဖြတ်ရသော် ရာဟုကို ယူရပါမည်။ ရာဟုသည် ၁နေ့ပိုင်ရာသီတွင် ရပ်တည်၍ ၁နေ့အား လွှမ်းမိုးထား၍ ဖြစ်ပါသည်။ (၁နေ့သည် ဆေးဝါးကာရကဖြစ်ကြောင်း သတိပြုရန်)

(၁၄-၁-၂၀၁၇)တွင် ကောဇာ ၁နေ့ဂြိုဟ်သည် မကာရရာသီ ဝံ ၁'(၂၇ဝံ ၁')တွင် ရောက်ရှိမည်ဖြစ်ရာ ၁နေ့ပိုင်နက္ခတ်၊ ရာဟုပိုင် ဘုတ္တိနက္ခတ်ကို စီးထားပေမည်။ သို့ဖြစ်၍ ယင်း(၁၄-၁-၂၀၁၇)နေ့တွင် ဆေးဝါးများ လက်ခံရရှိပေမည်။

သို့ဖြစ်၍ မေးလာသူအား (၁၄-၁-၂၀၁၇)တွင် ဆေးဝါးများ လက်ဝယ်ရရှိမည်ဟု ဟော လိုက်ပါသည်။

နောက်ပိုင်းတွင် မေးမြန်းသူမှ ကျွန်ုပ်ဟောကြားခဲ့သည့်အတိုင်း (၁၄-၁-၂၀၁၇)တွင်ပင် ဆေးဝါးများ လက်ခံရရှိခဲ့ကြောင်း အကြောင်းကြားခဲ့ပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

နှလုံးသုခ(သွေးသန့်)
0601 Y 2128

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေး အဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေး အရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြောဝင်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေနာရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com



မင်းမပေါ်ညွှန့်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ

## (၂၀၁၇)ခုနှစ်၊ ဇွန်လအတွက် ဈေးကွက်ခန့်မှန်းချက်

မိဿရာသီ၌ ၄ဟူးဂြိုဟ် ရှိသဖြင့် ခြေလေးချောင်းသတ္တဝါ ရှားအံ့။ ရွှေမပေါမရှား ရှိအံ့။ ၄င်းမိဿရာသီ၌ သောကြာဂြိုဟ် တည်ရှိချိန်တွင် ဆန်စပါးရှားအံ့။ မိုးကောင်းအံ့။ ကျွဲ၊ နွား အသေအပျောက် ရှိအံ့။ ပြိဿရာသီ၌ ၄ဟူးဂြိုဟ်ရောက်ချိန်တွင် ကြောက်မက်ထိတ်လန့်ဖွယ် ဘေးဖြစ်တတ်သဖြင့် ဆင်ခြင်နေထိုင်သင့်သည်။ မေထုန်ရာသီတွင် ၁နွေဂြိုဟ် ရပ်တည်ခိုက်၌ ဝါဂွမ်း၊ နှမ်းဆီ၊ သစ်ဥ၊ သစ်မြစ်၊ ဆန်စပါး ရှားအံ့။ ၄င်းမေထုန်ရာသီ၌ ၃ဂါဂြိုဟ်နှင့် ၄ဟူးဂြိုဟ် ရပ်တည်နေခိုက် မိုးကောင်းတတ်၏။ ကန်ရာသီ၌ ၅တေးဂြိုဟ် ရှိနေချိန်တွင် ဆန်စပါး ပေါများ၍ ပြည်သူအများ ရောဂါကင်းတတ်၏။

### ၂-၆-၂၀၁၇ (သောကြာနေ့)

### (၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၈)ရက်



အလုံးစုံ အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရှာဖွေရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဆံရိတ်,ဆံသနှင့် အလှပြင်ရန်၊ ခရီးသွားလာရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ စက်ပစ္စည်းရောင်းဝယ်ရန်၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ရန်၊ အလှကုန်ပစ္စည်းသစ်များ ဈေးကွက်သို့ ဖြန့်ချိရောင်းချရန်၊ ဗျူတီပါလာဆိုင်သစ် ဖွင့်လှစ်ရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀) နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းအောင်ဦး၊ မသီတာအောင်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ လိမ္မော်ရောင် ဖြစ်သည်။

### ၅-၆-၂၀၁၇ (တနင်္လာနေ့)

### (၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်



ဘေးနှစ်ဖက်မြင်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန် ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်မင်္ဂလာ ကျင်းပရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အလှပြင်ရန် အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆွေ ပါတီ ဧည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ဆေး

www.burmeseclassic.com

www.burmeseclassic.com

ရေး စကားဆိုရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ဆွေဦး၊ မခိုင်စံပယ်ဦး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

## ၆-၆-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ရေတွင်း၊ ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အလှုပြင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အဆောက်အအုံပန္နက်ရိုက်ရန်၊ အုတ်မြစ်ချရန်၊ အစုရှယ်ယာဝင်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ဆိုင်ခန်းသစ် ဖွင့်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကျန်းမာရေး ဆေးဝါးကုသမှု ခံယူရန်၊ ရုပ်ရှင်၊ဗီဒီယိုလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်းခရီးသွားရန်၊ မေတ္တာရေးရာ စကားဆိုရန်၊ အိမ်၊ခြံ၊မြေနှင့်ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရေကာဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်မြင့်၊ မစန္ဒာမြင့်အောင်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

## ၇-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရှူးစမ်းရှာဖွေရန်၊ ရေတွင်း၊ရေကန်၊ မြောင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာဆိုင်ရာ အက၊သရုပ်ဆောင်ခြင်းများ စတင်ရန်၊ အလုပ်သစ် လျှောက်ရန်၊ ပညာစသင်ရန်၊ လူမှုရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဇော်ဟိန်း၊ မလင်းလက်သာ..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

## ၈-၆-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်



အမှုကိစ္စ ပြီးစီးအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ဘုရားတည်ရန်၊ ရှင်ပြုအလှူပွဲ ကျင်းပရန်၊ ကလေးအမည်ပေးကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ်ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှုပြင်ရန်၊ အဆောက်အအုံပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးစကား ဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းဆွေ၊ မမြသူဇာ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

## ၉-၆-၂၀၁၇ (သောကြာနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လပြည့်



ကံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်လုပ်ကိုင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ အချစ်ရေး၊ မေတ္တာရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ ခွဲစိတ်ကုသမှုခံယူရန်၊ အစ



www.burmeseclassic.com

www.burmeseclassic.com

ရှယ်ယာဝင်ရန်၊ ရေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းမြတ်၊ မသူဇာမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

## ၁၁-၆-၂၀၁၇ (တနင်္ဂနွေနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၂)ရက်



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီစသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ ဂီတအနုပညာဆိုင်ရာလုပ်ငန်း စတင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ နာမည်ပေး ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ၍ အလှပြင်ရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ သရုပ်ဆောင်လုပ်ငန်း စတင်ဆောင်ရွက်ရန်၊ ဥယျာဉ်၊လယ်ယာလုပ်ငန်း ဆောင်ရွက်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ ခရီးသွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်းဦး··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

## ၁၃-၆-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၄)ရက်



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အမိဋ္ဌာန်ဝင်ရန်၊ ကန်တော့ပွဲတင်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဂါထာ၊ မန္တန် မန်းမှုတ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ရေတွင်းတူးရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ အောင်ဘာလေထီထိုးရန်၊ ငွေကြေး ချေးငှားရန်၊ ရတနာရောင်းဝယ်ရန်၊ သစ်ပင်စိုက်ရန်၊ ပျိုးကြဲရန်၊ ခရီးသွားရန်၊ အနုပညာဖန်တီးမှုလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ခွေမင်းဇော်၊ မရွှေသူဟန်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

## ၁၅-၆-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၆)ရက်



ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ဝင်းထရံခတ်ရန်၊ ရတနာဝတ်ဆင်ရန်၊ အုတ်မြစ်ချ၊ အုတ်စီ၊ တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ သီးနှံဆွတ်ခူး ရိတ်သိမ်းရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်ဟိန်းဇော်၊ မမြသဲမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

## ၁၆-၆-၂၀၁၇ (သောကြာနေ့)

## (၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၇)ရက်



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ နာမည်ကင်ပွန်းတပ်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ စေ့စပ်ကြောင်းလမ်းရန်၊ ဆေးကုသမှု ခံယူရန်၊ လုပ်ငန်းသစ် စတင်ရန်၊ မိတ်ဆွေသစ်ဖွဲ့ရန်၊ ငွေကြေးချေးငှားရန်၊ သစ်ပင်စိုက်ရန်၊ အထည်ချုပ်ခိုင်းသစ် စတင်ရက်လုပ်ရန်၊ အိမ်သစ်တက်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံပင်များ ဆွတ်ခူး ရိတ်သိမ်းရန်၊ အထက်သို့ စာတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်း



www.burmeseclassic.com

www.burmeseclassic.com

(၁၂:၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းမြတ်၊ မသုခမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၁၈-၆-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၉)ရက်**



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ဆိုင်သစ်ဖွင့်၍ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူရန်၊ အိမ်တက်,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မြတ်ထွန်း၊ မအင်ကြင်းဦး..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၁၉-၆-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၁၀)ရက်**



မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ အလှုပြင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံညှိခံပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ထူး၊ မခင်ခင်ထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၂၀-၆-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ နယုန်လဆုတ် (၁၁)ရက်**



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဘုရားတည်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ စက်မှုပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ ကုမ္ပဏီထူထောင်ရန်၊ အချစ်ရေးစကားဆိုရန်၊ မိတ်ဆုံညှိခံပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေမင်းဇော်၊ မဆွေသူဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ ငွေရောင်ဖြစ်သည်။

**၂၆-၆-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်**



အထွတ်အမြတ်ဖြစ်စေသောယုဂ် ရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ဘုရားထီးတော်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ တိုင်ထူ,လှေကားထောင်ရန်၊ တိုက်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာတင်ပို့ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူး,ရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မခိုင်ခင်စိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ဝင်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၂၇-၆-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၄)ရက်**

အမှုကိစ္စ ပြီးစီးသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရတနာ တူးဖော်ရန်၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ စာပေကျမ်းဂန် ရေးသား ပြုစုရန်၊ ငွေကြေးချေးငှားရန်၊ ကျောက်သွေးရန်၊ စိုက်ပျိုးရေးဆေး ရောင်းဝယ်ရန်၊ အနုပညာသစ်များ ဖန်တီးထုတ်လုပ်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ ရေနံ၊ ဓာတ်သတ္တု တူးဖော်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်ဆွေမင်းဇော်၊ မဆွေသူဟန်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၂၈-၆-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်**

ကံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့



စေ့စပ်၊လက်ထပ်ရန်၊ ဘုရားစာည်၍ ထီးတော်တင်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ အိမ်ပြောင်း၍ အိမ်သစ်တက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ရောဂါကုသမှု ခံယူရန်၊ လယ်ယာသီးနှံပင်များ စိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဇော်ဟိန်း၊ မလင်းလက်သာ··ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ဝင်စေ၍ ယတြာအရောင်မှာ လိမ္မော်ရောင်ဖြစ်သည်။

မင်းမပျောက်ညွှန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

---


အဘဆရာကြီး **မင်းသိခ်** ၏ တပည့်ရင်း



ဆရာ **မိုးသစ်ခိုင်**

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါ

**တဲရော့** **ဗေဒ** **လက္ခဏာ**

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁ ၂၀၉




www.burmeseclassic.com

www.burmeseclassic.com




# သုခရတနာ

## ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ပါဠိတော်
- မာရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



**အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။**

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

**ဘိုးအဘ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ☎ ၀၉ ၄၂၈ ၃၁၇၂၉၉




www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၇)ခုနှစ်၊ ဇွန်လအတွင်း ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မှန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းကာလများအတွင်း မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်တော်များနှင့် အခြားလာဘ,ခနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားခြင်း၊ လာဘ,ခနဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးအားဖြင့် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် (၁၄-၆-၂၀၁၇) ညနေ(၄း၁၇း၀၈)နာရီမှ (၁၅-၆-၂၀၁၇) ညနေ(၅း၅၉း၂၆)နာရီ အတွင်း၌ ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းအားဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၁၄-၆-၂၀၁၇) ည(၁၀း၁၁း၁၂)နာရီမှ (၁၀း၅၇း၁၃)နာရီအတွင်း၌လည်းကောင်း၊ မှန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၅-၆-၂၀၁၇) နံနက်(၃း၅၀း၅၄) နာရီမှ (၄း၃၈း၃၆) နာရီအတွင်းတွင် လာဘ,ခနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားပူဇော်ခြင်း၊ လာဘ,ခနဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ဧကန်မုချ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဇွန်လအတွင်း

**နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လဂ်ပြတ်ဇယား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၃:၀၂:၁၉ | ၂၃:၄၈:၂၀ |
| ၂ | ၂၂:၅၈:၂၃ | ၂၃:၄၄:၂၄ |
| ၃ | ၂၂:၅၄:၂၇ | ၂၃:၄၀:၅၈ |
| ၄ | ၂၂:၅၀:၃၁ | ၂၃:၃၆:၃၂ |
| ၅ | ၂၂:၄၆:၃၅ | ၂၃:၃၂:၃၇ |
| ၆ | ၂၂:၄၂:၄၀ | ၂၃:၂၈:၄၁ |
| ၇ | ၂၂:၃၈:၄၄ | ၂၃:၂၄:၄၅ |
| ၈ | ၂၂:၃၄:၄၈ | ၂၃:၂၀:၄၉ |
| ၉ | ၂၂:၃၀:၅၂ | ၂၃:၁၆:၅၃ |
| ၁၀ | ၂၂:၂၆:၅၆ | ၂၃:၁၂:၅၇ |
| ၁၁ | ၂၂:၂၃:၀၀ | ၂၃:၀၉:၀၁ |
| ၁၂ | ၂၂:၁၉:၀၄ | ၂၃:၀၅:၀၅ |
| ၁၃ | ၂၂:၁၅:၀၈ | ၂၃:၀၁:၀၉ |
| ၁၄ | ၂၂:၁၁:၁၂ | ၂၂:၅၇:၁၃ |
| ၁၅ | ၂၂:၀၇:၁၆ | ၂၂:၅၃:၁၈ |
| ၁၆ | ၂၂:၀၃:၂၁ | ၂၂:၄၉:၂၂ |
| ၁၇ | ၂၁:၅၉:၂၅ | ၂၂:၄၅:၂၆ |
| ၁၈ | ၂၁:၅၅:၂၉ | ၂၂:၄၁:၃၀ |
| ၁၉ | ၂၁:၅၁:၃၃ | ၂၂:၃၇:၃၄ |
| ၂၀ | ၂၁:၄၇:၃၇ | ၂၂:၃၃:၃၈ |
| ၂၁ | ၂၁:၄၃:၄၁ | ၂၂:၂၉:၄၂ |
| ၂၂ | ၂၁:၃၉:၄၅ | ၂၂:၂၅:၄၆ |
| ၂၃ | ၂၁:၃၅:၄၉ | ၂၂:၂၁:၅၀ |
| ၂၄ | ၂၁:၃၁:၅၃ | ၂၂:၁၇:၅၄ |
| ၂၅ | ၂၁:၂၇:၅၇ | ၂၂:၁၃:၅၉ |
| ၂၆ | ၂၁:၂၄:၀၂ | ၂၂:၁၀:၀၃ |
| ၂၇ | ၂၁:၂၀:၀၆ | ၂၂:၀၆:၀၇ |
| ၂၈ | ၂၁:၁၆:၁၀ | ၂၂:၀၂:၁၁ |
| ၂၉ | ၂၁:၁၂:၁၄ | ၂၁:၅၈:၁၅ |
| ၃၀ | ၂၁:၀၈:၁၈ | ၂၁:၅၄:၁၉ |

## (၂၀၁၇)ခုနှစ်၊ ဇွန်လအတွင်း

**နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၄:၄၅:၅၆ | ၅:၃၇:၃၄ |
| ၂ | ၄:၄၂:၀၀ | ၅:၃၃:၃၈ |
| ၃ | ၄:၃၈:၀၄ | ၅:၂၉:၄၃ |
| ၄ | ၄:၃၄:၀၈ | ၅:၂၅:၄၇ |
| ၅ | ၄:၃၀:၁၃ | ၅:၂၁:၅၁ |
| ၆ | ၄:၂၆:၁၇ | ၅:၁၇:၅၅ |
| ၇ | ၄:၂၂:၂၁ | ၅:၁၃:၅၉ |
| ၈ | ၄:၁၈:၂၅ | ၅:၁၀:၀၃ |
| ၉ | ၄:၁၄:၂၉ | ၅:၀၆:၀၇ |
| ၁၀ | ၄:၁၀:၃၃ | ၅:၀၂:၁၁ |
| ၁၁ | ၄:၀၆:၃၇ | ၄:၅၈:၁၅ |
| ၁၂ | ၄:၀၂:၄၁ | ၄:၅၄:၁၉ |
| ၁၃ | ၃:၅၈:၄၅ | ၄:၅၀:၂၄ |
| ၁၄ | ၃:၅၄:၄၉ | ၄:၄၆:၂၈ |
| ၁၅ | ၃:၅၀:၅၄ | ၄:၄၂:၃၂ |
| ၁၆ | ၃:၄၆:၅၈ | ၄:၃၈:၃၆ |
| ၁၇ | ၃:၄၃:၀၂ | ၄:၃၄:၄၀ |
| ၁၈ | ၃:၃၉:၀၆ | ၄:၃၀:၄၄ |
| ၁၉ | ၃:၃၅:၁၀ | ၄:၂၆:၄၈ |
| ၂၀ | ၃:၃၁:၁၄ | ၄:၂၂:၅၂ |
| ၂၁ | ၃:၂၇:၁၈ | ၄:၁၈:၅၆ |
| ၂၂ | ၃:၂၃:၂၂ | ၄:၁၅:၀၀ |
| ၂၃ | ၃:၁၉:၂၆ | ၄:၁၁:၀၅ |
| ၂၄ | ၃:၁၅:၃၀ | ၄:၀၇:၀၉ |
| ၂၅ | ၃:၁၁:၃၅ | ၄:၀၃:၁၃ |
| ၂၆ | ၃:၀၇:၃၉ | ၃:၅၉:၁၇ |
| ၂၇ | ၃:၀၃:၄၃ | ၃:၅၅:၂၁ |
| ၂၈ | ၂:၅၉:၄၇ | ၃:၅၁:၂၅ |
| ၂၉ | ၂:၅၅:၅၁ | ၃:၄၇:၂၉ |
| ၃၀ | ၂:၅၁:၅၅ | ၃:၄၃:၃၃ |



www.burmeseclassic.com

www.burmeseclassic.com

# ဝဖြိုးခြင်း၊ အဝလွန်ခြင်းနှင့် အဝပြဿနာ အဖြေရှာ

ဟိန်း(ဘူမိ)

(ယခင်လမှအဆက်)

ဆေးအချို့ လီသီယမ်(Lithium)၊ ဝက်ရူးပြန်ရောဂါ (ဝါ) လေသင်တုန်းဖြတ်ခြင်းအတွက် ပေးသော ဆေးများသည် ကိုယ်အလေးချိန် မြင့်တက်စေတတ်သည်။ ဆေးကုသမှု ခံယူစဉ် ကိုယ်အလေးချိန် မြင့်တက်ခြင်းမှာ များသောအားဖြင့် ယာယီမျှသာ ဖြစ်တတ်ပြီး ဝဖြိုးခြင်းထိ ဖြစ်ခြင်းမျိုး မရှိတတ်ပါချေ။

**ကိုယ်ဝန်ဆောင်ခြင်း**

ကိုယ်ဝန်ဆောင်စဉ် ကျန်းမာ ပြည့်ဖြိုးသော သားသမီး အလိုရှိ၍ ကိုယ်အလေးချိန်တက်အောင် မိခင်လောင်းများ လုပ်ဆောင်တတ်ကြသည်။ သားသမီး ဖွားမြင်ပြီးနောက်တွင်မူ ကိုယ်အလေးချိန်ချရန် ခက်ခဲမှုနှင့် ကြုံရတော့သည်။ ယင်းကို 'ကိုယ်ဝန်ဆောင်ချိန် ကိုယ်အလေးချိန် မြင့်တက်ခြင်း' (pregnancy weight) ဟုခေါ်သည်။

**ကိုယ်အလေးချိန် များသူများအတွက် ကူညီရန် အချက်များ**

စာနယ်ဇင်းများ၊ သတင်းမီဒီယာများတွင် ဓာတ်စာစားနည်း အသစ်များ ပေါ်ထွက်လာလေ့ ရှိတတ်သည်။ သို့သော် အများအားဖြင့် ကုန်ကျစရိတ် မြင့်မားတတ်ပြီး ကံကောင်းထောက်မမှသာ ကိုယ်အလေးချိန် အလျင်အမြန် ကျသွားတတ်သည်။ သို့သော် အောင်မြင်မှု အနည်းငယ်မျှသာ ရှိတတ်ပြီး ကိုယ်အလေးချိန် တဖြည်းဖြည်း ချယူသည့် သဘာဝနည်းလမ်းမျိုးများသာ အသုံးပြုသင့်ပါသည်။

**ဆေးဝါးကုထုံး (Drug Treatment)**

ကိုယ်ခန္ဓာအလေးချိန် များခြင်းကို လျှော့ချရန်အတွက် အချို့သောသူများသည် စားချင်စိတ်ကို ထိန်းချုပ်ပေးသော ဆေးဝါးများကို အသုံးပြုတတ်ကြသည်။ ယင်းဆေးဝါး အတော်များများသည် နှလုံးခုန်နှုန်းကို မြင့်မားစေပြီး ပူပင်သောက များစေတတ်သည်။ အခြားသော ကျန်းမာရေး ပြဿနာများကိုလည်း ဖြစ်ပေါ်စေသည်။ သဘာဝထုတ်ကုန်ဟု အမည်တပ်ထားသော ဆေးများတွင်ပင် အက်ဖီဒရာ (ephedra) နှင့် အခြား ဘေးသင့်စေသည့် နှိုးဆွဓာတ်ပစ္စည်းများ ပါဝင်တတ်ပါသည်။ အဆုံးစွန်တွင် ခန္ဓာကိုယ်အား ထိခိုက်စေကာ သုံးစွဲမှု ရပ်ဆိုင်းလိုက်သည်နှင့် ကိုယ်အလေးချိန် ပြန်တက်လာတတ်သည်။

**စိတ္တဗေဒကုထုံး (Psychotherapy)**

သင့်ကိုယ်အလေးချိန် များလာသောအခါ စိတ်ခံစားချက် တစ်ရပ်နှင့် ဆက်စပ်လာတတ်သည်။ စိတ်ဓာတ်ကျခြင်းမျိုး၊ မိမိကိုယ်ကို စိတ်ပျက်ခြင်းမျိုး ဖြစ်လာတတ်သည်။ ထိုအခါမျိုးတွင် စိတ္တဗေဒကုထုံးကို ခံယူရန် လိုအပ်လာတတ်ပါသည်။ စိတ်ကို အပြုသဘောဆောင်ရန် ပြောင်းလဲစေအောင် ပြုပေးရမည်။

**လူနေမှုဘဝပုံစံ ပြောင်းလဲခြင်း**

ကိုယ်အလေးချိန် ချလိုသူအတွက် ပထမဆုံး ကုထုံးမှာ လူနေမှုဘဝပုံစံ ပြောင်းလဲပစ်ခြင်း ဖြစ်သည်။ နှစ်ရှည် ပြုမူခဲ့သည့် မကောင်းသော အမူအကျင့်များကို ပြောင်းလဲပစ်ရန်မှာ လွယ်ကူသော အလုပ်မျိုးတော့ မဟုတ်ပါချေ။ သို့သော် လူအများ တွေးထင်ထားသကဲ့သို့လည်း မရှုပ်ထွေးလှပါချေ။ ကျန်းမာစေမည့် လူနေမှုပုံစံကို ပြောင်းလဲကျင့်သုံးလိုက်သည်နှင့် သင့်ခန္ဓာကိုယ်သည် ကောင်းကျိုးများကို စတင် ခံစားလာရတတ်ပြီး ယခင်က ဘာ့ကြောင့် ဤသို့ မပြုမူခဲ့မိရသည်ကိုပင် အံ့အားတသင့် ဖြစ်နေမိပေလိမ့်မည်။ သင့်နေ့စဉ်ဘဝအတွက် အောက်ဖော်ပြပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာနိုင်ဖို့ကြိုးစားပါလေ။

- ကျန်းမာစေပြီး မျှတသော စားသောက်မှုပုံစံဖြင့် စားရမည်များကို သင့်တင့်မျှတစွာ စားသောက်ပါ။
- ပုံမှန် လေ့ကျင့်ခန်း အမြဲလုပ်ပါ။
- စားသောက်ဖွယ်ရာများကို အပြုသဘောနှင့် ကျန်းမာရေးရှုထောင့်ဖြင့် ချဉ်းကပ်စားသောက်ပါ။
- အစားအသောက်နှင့် ပတ်သက်သော စိတ်ကူးများကို သုံးသပ်ဆင်ခြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

လူနေမှုဘဝပုံစံကို ပြောင်းလဲရာတွင် အရေးကြီးသော အချက်မှာ ဖြည်းဖြည်းမှန်မှန် လုပ်ဆောင်တိုးတက်စေခြင်းဖြစ်ပြီး စိတ်ရှည်ရှည်ထားရန် ဖြစ်သည်။ အကျိုးရလဒ် ချက်ချင်းဖြစ်ရန် မလိုလားသင့်ပါချေ။

**သဘာဝကုထုံးများနှင့် ဖြေရှင်းနည်းများ**

ကိုယ်အလေးချိန်ကို ကျန်းမာရေးအား မထိခိုက်စေဘဲ ထိရောက်စွာ ကျစေနိုင်သည့် ရုက္ခမူလ (herbal) နှင့် ဟိုမီယိုပက်သီ ဆေးဝါးများ ရှိပါသည်။ ဂါစီနီယာကမ်ဘိုဂီယာ(Garcinia Cambogia)၊ ဒုဝေလီ (ခေါ်) ခြသေ့်သွား(Taraxacum Officinalis)၊ နွယ်ချို(Glycorrhiza Glabra)၊ ငရုတ်မီးမှော်(Capsicum Minimum) တို့သည် ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေပြီး အစာချေစနစ်ကို နှိုးဆွပေးသဖြင့် အစာစားချင်စိတ်ကို ဟန့်တားပေးရာတွင် အထောက်အကူပြုပေးပါသည်။

ထို့ပြင် ပင်လယ်ဟင်းသီးဟင်းရွက်ပင် ဖူးကပ်စ်ဗက်စီကူလောစစ်(Fucus Vesiculosis) တွင် အိုင်အိုဒင်းကဲ့သို့ သတ္တုဓာတ်များ ပါဝင်၍ သိုင်းရွိုက်ဟိုမုန်းများ ထုတ်လုပ်မှုအတွက် လိုအပ်သော အထောက်အကူကို ရကာ ခန္ဓာကိုယ်ရှိ ဆဲလ်များအားလုံးတို့၏ ဇီဝကမ္မ ဖြစ်စဉ်ကို ကျန်းခံ့အောင် ထိန်းသိမ်းပေးထားနိုင်ပါသည်။

ဟိုမီယိုပက်သီ ကုထုံးတွင် ကာလီယမ် ဖော့စ်ဖိတ် (Kalium Phosphate)၊ ကယ်လီယမ် ဖော့စ်ဖိတ်(Calcium Phosphate) နှင့် ကယ်စီယမ် ဖလူအိုရိုဒ်(Calcium Fluoride) ဆေးများက ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေကာ အစားအစာတွင်းမှ အဆီကို ချေဖျက်ရန် အထောက်အကူပြုပေးပါသည်။ ပုံမှန်အသုံးပြုပါက ယင်းသဘာဝထွက် ပစ္စည်းများက ခန္ဓာကိုယ်အလေးချိန် ကျစေ၍ အထောက်အကူပြုပေးသည့်အပြင် ခန္ဓာကိုယ်တွင် အဆီပိုအား မသင့်စေရန်လည်း အထောက်အကူ ပေးနိုင်ပါသည်။ အကျိုးရလဒ်အဖြစ် ခန္ဓာကိုယ်အလေးချိန် လျော့ကျ ပိန်သွယ်သွားပြီး ပိုမိုကျန်းမာကာ စွမ်းအင်ပြည့်ဝမှု ရှိလာပါလိမ့်မည်။

**မှန်မှန်စွာ စားသောက်ပြီး ကိုယ်အလေးချိန်ကျစေရန် လမ်းညွှန်ချက်များ**

* တစ်နေ့လျှင် အနည်းဆုံး ရေ(၈)ခွက် သောက်ပါ။ အစာစားတိုင်း ရေ(၁)ခွက် တွဲသောက်ပေးဖို့ ကြိုးစားပါ။ ယင်းအချက်က သင့်အတွက် တစ်နေ့တာ ထုတ်လွှတ်ရမည့် တစ်နေ့တာ အရည်ဓာတ် လုံလောက်စွာ ရစေပြီး စားချင်စိတ် အာသာဆန္ဒကို လျော့နည်းစေပါလိမ့်မည်။
* သကြားစားခြင်း ရပ်တန့်ပစ်ပါ။ ကျွန်ုပ်တို့သည် တစ်နေ့တာ သကြားလိုအပ်ချက်ထက် ပိုစားမိလေ့ရှိတတ်ကြသည်။ လက်ဖက်ရည်နှင့် ကော်ဖီများ သောက်တိုင်း သကြားမထည့်ဘဲ သောက်ပေးရမည်။ သင့်ဆန္ဒ ပြင်းပြပါက အစားထိုး အချိုတုကို သုံးနိုင်၏။ (ဆီးချိုသမားသုံး အချိုတုကို ဆိုလိုသည်။)
* သင်၏ မည်သို့မည်ပုံ ချက်ပြုတ်သည်ကို ဆန်းစစ်ပါ။ ဖုတ်၊ ကင်၊ ပြုတ်ခြင်းကို အကြော်၊ အလှော်ထက် ပို၍ကျင့်သုံးပါ။ အဆီနည်း စားဖွယ်ရာများ ရွေးချယ်စားသုံးပါ။ သံပရာရည်၊ ဆေးပင်များ (ဥပမာ-ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်း)ကို ထည့်သွင်း ချက်ပြုတ်ပေးနိုင်သည်။ နနွင်း၊ ငရုတ်သီးမှုန့်၊ မဆလာ စသည့် အရှေ့တိုင်းသုံး အစပ်နှင့် အမွှေးအကြိုင်များ ထည့်သုံးပေးနိုင်ပါသည်။ ဆားအသင့်အတင့် သုံးနိုင်သည်။ ဆားမများစေသင့်ပါ။
* သင့် အဓိကစားဖွယ်ရာများကို နေ့လယ်စာအဖြစ်





www.burmeseclassic.com

www.burmeseclassic.com

စားပေးသင့်၏။ သို့မှ အစာကြေရန် အခွင့်အလမ်း ရမည်။ အိပ်ရာမဝင်မီ (၄)နာရီအတွင်း အစာစား ခြင်းမျိုး မပြုသင့်ပါ။ အစာစားပြီး အိပ်ရာဝင်ပါက ကယ်လိုရီများ လောင်ကျွမ်းရန် အခွင့်မရတော့ပါ ချေ။

* စားသောက်မှုတွင် စီမံချက် ပုံစံချ၍ စားသောက်ပါ။ ကျန်းမာစေမည့် စားသောက်ဖွယ်ရာများကို ဦးစား ပေး စားသောက်ပြီး ကျန်းမာရေးနှင့် မညီညွတ် သည့် စားသောက်ဖွယ်ရာများကို အနည်းဆုံးဖြစ် အောင် ထိန်းချုပ်စားသောက်ပေးပါ။
* နေ့စဉ် စားသောက်မှုပုံစံကို မှတ်တမ်းပြုစုထားခြင်း မျိုးမှာ ကောင်းလှ၏။ သင့်အနေနှင့် မှားယွင်းသော စားသောက်မှုပုံစံမျိုး မဖြစ်စေအောင် စောင့်ထိန်းရာ ရောက်စေနိုင်၏။
* သင့်စားသောက်မှုပုံစံကို မှတ်တမ်းမတင်နိုင်ပါက အိပ်ရာမှ ထ၍ တစ်ခုခု လုပ်ဆောင်ပေးပါ။ ဥပမာ- လမ်းလျှောက်ခြင်း၊ မိတ်ဆွေများထံ သွားရောက် လည်ပတ်ခြင်း၊ စာရေး ခြင်း၊ သီချင်းတစ်ခုခု



ဖွင့်၍ ကခြင်း တစ်ခုခု လုပ်ပေးပါ။ အစားအစာ များနှင့် ဝေးဝေးနေပါ။

* ကယ်လိုရီများကို ရေတွက်ခြင်း၊ မည်မျှစားသည်ဟု ချိန်တွယ်ခြင်းနှင့် ကိုယ်ပေါင်ချိန်တိုင်း၍ စောင့် ကြည့်ခြင်းတို့ကို ရှောင်ကြဉ်ပါ။ ယင်းအချက်များ က စိတ်ဖိစီးမှုကို ဖြစ်စေပြီး စားချင်စိတ်ကို ပိုဖြစ် စေတတ်၏။
* ကိုယ့်ကိုယ်ကိုယ် လိမ်လည်လှည့်ဖြားခြင်း မပြုမိ ဖို့ အကောင်းဆုံး ကြိုးစားပါ။ ထိုသို့ ပြုမိလျှင် လည်း စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်း၊ ကိုယ့် ကိုယ်ကိုယ် အပြစ်တင်ခြင်း မပြုမိပါစေနှင့်။ သင် သည် လူသားတစ်ဦးသာဖြစ်၍ အမှားပြုမိနိုင်၏။ စိတ်သစ်ကို ပြန်မွေးယူပါ။
* ပန်းသီး၊ မုန်လာဥအစိမ်း၊ တရုတ်နံနံပင်ရိုးတံ၊ မှိုနှင့် သခွားသီးတို့ကို အလိုရှိသလောက် လွတ်လပ်စွာ အစိမ်းစားနိုင်သည်။
* အစားအစာများထက် အထက်ပါ လွတ်လပ်စွာ စား နိုင်သည်များကို များများစားပေးပြီး ကိုယ်အလေး ချိန်ကျခြင်း ဆုလာဘ်ကို ရယူပါ။
* နိုးနိုးကြားကြား လှုပ်လှုပ်ရှားရှား နေပေးပါ။ ကာယ လှုပ်ရှားမှုဖြင့် ပျော်ရွှင်နေပါလေ။ လေ့ကျင့်ခန်းလုပ် ရခြင်းကို နှစ်သက်ပါ။ ဘာလုပ်လုပ် ကိုယ့်ဘာသာ ထလုပ်ပါ။ ဇိမ်ခံနှပ်နေခြင်းမျိုး မပြုပါနှင့်။ တစ်နေ့ မိနစ်(၃၀)မျှ အချိန်သည်ပင် သင့်ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေနိုင်၏။
* သင့်ခန္ဓာကိုယ်ကို ချစ်ပါ။ မည်သူမျှ လုံးဝပြီးပြည့် စုံသည်ဟု မရှိပါ။ သင့်ကျန်းမာရေး ရှုထောင့်အ ကိုယ်အလေးချိန်ကို မှတ်သားထားပါ။ ထင်သည် ထက် အောင်မြင်မှု ရလွယ်ကြောင်း ကိုယ်တွေ့ကြုံ ယုံလာလိမ့်မည်။ အသက်ရှင် ရပ်တည်ဖို့ အစား ပါ။ နေဖို့ အစာမစားပါနှင့်။

**သဘာဝနည်းကျ ချဉ်းကပ်ခြင်း**

အနောက်တိုင်း ဆေးဝါးများမှာ များစွာသော ယဉ်ကျေးမှုများမှ ဆင်းသက်လာခြင်း ဖြစ်သည်။ မှာ ကုသခြင်းသက်သက်အတွက် မဟုတ်ပါချေ။ တိုင်း ဆေးပညာကို အယ်လိုပက်သစ်ဆေးပညာ



www.burmeseclassic.com

www.burmeseclassic.com

lopathic medicine) ဟုလည်း ခေါ်ဆိုတတ်ကြသည်။ ယင်းဆေးပညာစနစ်ကို များစွာသော ဆေးသိပ္ပံကျောင်းများတွင် သင်ကြားပေးနေပြီး များစွာသော ဆေးဝါးများနှင့် လူလုပ်ဆေးဝါးများကိုလည်း ထုတ်လုပ်ကာ ဈေးကွက်တင် ဖြန့်ဖြူးလျက် ရှိနေပေသည်။ အယ်လိုပက်သစ် ဆေးပညာကို တစ်ခါတစ်ရံ အများအယူနှင့် ညီညွတ်သော ဆေးပညာ(orthodox medicine) ဟုလည်း ခေါ်တတ်ကြသည်။

အနောက်ကမ္ဘာခြမ်းမှ လူအများသည် အယ်လိုပက်သစ် ဆေးပညာ၏ ကုသမှုအောက်တွင်သာ ကြီးပြင်းလာခဲ့ကြရသော လူ့အဖွဲ့အစည်း ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း၌ အပင်ထွက် ဆေးဝါးများ (ရုက္ခမူလဆေးဝါးများ)၊ ဟိုမီယိုပက်သီ ဆေးဝါးများနှင့် အခြားသဘာဝ ဆေးဝါးများကိုလည်း အသုံးပြုလာခဲ့ကြပြီး အယ်လိုပက်သစ် ဆရာဝန်များကပင် လွတ်လွတ်လပ်လပ် အသုံးပြုလာခဲ့ကြသည်။ သို့ဖြစ်၍ အယ်လိုပက်သစ် ဆေးပညာရှင်များနှင့် အခြား ဆေးပညာရှင်များကြားတွင် မည်သည့်ဆေးဝါးက ပိုမိုကောင်းမွန်ကြောင်း ခါးခါးသီးသီး ငြင်းခုံပြောဆိုကြမှုများ ဖြစ်လာခဲ့ရသည်။ ဆေးဝါးများအားလုံး သူ့ကဏ္ဍနှင့်သူ အစွမ်းထက်သည်ဟု အသိအမှတ်ပြုလာခဲ့ကြပြီး သဘာဝ ဆေးဝါးများကို ဆေးပညာဗဟုသုတ ပြည့်စုံလုံလောက်မှု မရှိသော ဆရာဝန်များက အထူးသဖြင့် မျက်မှန်းကျိုးစွာ ဆေဖန်ခဲ့ကြခြင်းမျိုး ရှိခဲ့ပါသည်။ သို့သော် အချို့သော ဆေးသိပ္ပံကျောင်းများတွင် ယင်းတို့၏ ဆေးပညာသင်ခန်းစာများတွင် သဘာဝဆေးဝါးများအကြောင်း ထည့်သွင်းလာခဲ့ကြပြီး အယ်လိုပက်သစ် ဆရာဝန်များအား ကုသမှုနယ်ပယ် ကျယ်ပြန့်စေအောင် လုပ်ဆောင်လာပြီ ဖြစ်သည်။ နိုင်ငံများစွာတွင် အထူးသဖြင့် ဥရောပ၊ အိန္ဒိယ၊ တရုတ် နိုင်ငံများတွင် သဘာဝဆေးပညာနှင့် ဟိုမီယိုပက်သစ် ဆေးပညာတို့ကို အယ်လိုပက်သစ် ဆရာဝန်များက အညွှန်းပြုပေးလာကြပြီး ဆေးဝါးဈေးကွက်တွင်လည်း ယင်းဆေးဝါးများ လွှမ်းလွှမ်းမိုးမိုး နေရာရလာခဲ့ပြီ။

သဘာဝကုထုံးနည်း (Naturopathy) မှာ ဆေးပညာ၏ အစိတ်အပိုင်းခွဲတစ်ရပ် (အယ်လိုပက်သစ်ဆေးပညာလည်း ဆေးပညာ၏ အစိတ်အပိုင်းခွဲ တစ်ရပ်ဖြစ်) ဖြစ်ပြီး ခန္ဓာကိုယ်သည် မိမိဘာသာ ပြန်လည်ကုသပေးနိုင်သော ပင်ကိုဗီဇစွမ်းရည် ရှိသည်ဟူသော ဒဿနပေါ်တွင် အခြေခံထားပါသည်။ သဘာဝဆေးပညာကို အော်လ်တာနေးတစ်ဆေးပညာ (alternative medicine) (သို့မဟုတ်) ကွန်ပလီမန်ထရီဆေးပညာ (complimentary medicine) ဟု ခေါ်ဆိုလေသည်။ ရွေးချယ်ပြောင်းလဲဆေးပညာ (သို့မဟုတ်) ချိုးမွမ်းအပ်သော ဆေးပညာဟု အဓိပ္ပာယ်ရသည်။ ယင်းဆေးပညာတွင် ကိုယ်ပိုင်အယူအဆအရ ဆေးဝါးကို လွတ်လပ်စွာ ရွေးချယ်ယူပြီး အခြေအနေအမျိုးမျိုးတွင် ကောင်းစွာကုသပေးနိုင်လေသည်။ သဘာဝဆေးပညာတွင် မတူကွဲပြားသော စည်းမျဉ်းများစွာရှိပြီး အပင်ထွက် ဆေးဝါးအယူအဆ (herbalism)၊ ဟိုမီယိုပက်သီ (homeopathy)၊ မွှေးရနံ့ကုထုံးနည်း (aromatherapy)၊ ဓာတ်အပ်စိုက်ကုထုံးနည်း (accupuncture) နှင့် အခြားနည်းစနစ်များ များစွာပါဝင်ပါသည်။ သို့ဖြစ်၍ ဘက်စုံပေါင်းစည်းကုထုံးနည်းဟု ဆိုလျှင် ပိုမိုသင့်လျော်ပါမည်။

သဘာဝဆေးပညာတွင် ယင်းတို့၏ လူနာများကို ဘက်ပေါင်းစုံမှ ချဉ်းကပ်နည်း (holist way) ဖြင့် ချဉ်းကပ်ကာ ရောဂါလက္ခဏာ လျော့ပါးသက်သာပြီး ကျန်း





www.burmeseclassic.com

www.burmeseclassic.com

မာရေးကောင်းမွန်လာစေရန်နှင့် အနာဂတ်တွင် ရောဂါဖြစ်မလာစေရန် ကာကွယ်ပေးသော ကုသနည်းပုံစံများစွာကို အသုံးပြုလေ့ရှိပါသည်။ သို့ဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (W.H.O) က (ကျန်းမာရေးသည် ရောဂါဝေဒနာကင်းခြင်းသက်သက်ထက် ပိုသော) အဓိပ္ပာယ်ရှိသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကျန်းမာရေးသည် ရုပ်,စိတ် ခံစားမှု၊ စိတ်နှင့် လူမှုရေး ဘက်ပေါင်းစုံမှ နေထိုင်ကောင်းခြင်း ဖြစ်သည်။ ယင်းမှာ ဘက်ပေါင်းစုံပေါင်းစည်းကုထုံးနည်း (holistic medicine) ဟု ခေါ်သော သဘာဝဆေးပညာ (natural medicine) ဟု ခေါ်သော အံ့ဖွယ်ညွှန်းဆိုမှုဖြစ်ပြီး ရောဂါဝေဒနာကို ကုသပယ်ရှင်းခြင်းထက် ရောဂါလည်း ပျောက်ပြီး ကာကွယ်ခြင်းလည်းဖြစ်သော သဘောကို ဆောင်ယူနေပါသည်။

အယ်လိုပက်သစ် ဆေးပညာသည် ပြီးခဲ့သော ရာစုနှစ်အတွင်း အင်အားကြီးမား လွှမ်းမိုးလွှမ်းခဲ့သော ကဏ္ဍတွင် ရှိခဲ့သော်လည်း မေးခွန်းထုတ်စရာများစွာလည်း ပေါ်ပေါက်ခဲ့သည်။ သဘာဝဆေးပညာမှာမူ ဘေးထွက်ဆိုးကျိုး နည်းပါးပြီး ဆေးဝါးများနှင့်ပတ်သက်၍ စွန့်စားရလွန်းခြင်းနှင့် ဆေးစွဲခြင်းမျိုးတို့လည်း နည်းပါးလှပါသည်။ ဆေးဝါးကို အညွှန်းပြုပေးရာတွင် မှန်ကန်သော



နည်းလမ်းများဖြင့် ထုတ်လုပ်ထားသော သဘာဝဆေးဝါးများသည် ရောဂါကို မြန်ဆန်စွာနှင့် စိတ်ချစွာ သက်သာစေနိုင်ပါသည်။

များစွာသော ရောဂါများတွင် ဆေးဝါးများ မထိရောက်ခြင်း ဖြစ်ရတတ်သည်။ ယင်းမှာ မှတ်တမ်းမှတ်ရာများအရ သက်သေမပြရသေးခြင်းနှင့် မစမ်းသပ်ရသေးခြင်းတို့ကြောင့် ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့်ကား သဘာဝဆေးဝါးများသည် အသုံးပြုမှုသမိုင်းကြောင်း အလွန်ရှည်လျားခဲ့ပြီး ယင်းတို့၏ ထိရောက်မှုနှင့် စိတ်ချရမှုတို့သည်လည်း ကာလရှည်ကြာစွာ စမ်းသပ်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ဆေးခန်းသုံး ထိရောက်သော ဆန်းစစ်သုတေသနပြုချက်များကို များစွာသော ဆေးပညာသင်ကြားရေး ဆေးရုံများနှင့် တက္ကသိုလ်များတွင် ထပ်မံတိုးချဲ့ပြုလုပ်နေချေပြီ။ သဘာဝဆေးဝါးများ၏ ထုံးတမ်းစဉ်လာနှင့် လက်တွေ့အထောက်အထားများစွာအတွက် ထောက်ခံချက်များစွာ ရရှိနေချေပြီ။

အပင်ထွက် ဆေးဝါးများ (herbal) နှင့် ဟိုမီယိုပက်သီ ဆေးဝါးများသည် အခြား ဆေးဝါးများကဲ့သို့ပင် နည်းမှန်လမ်းမှန် (correst way) ဖြင့် ထုတ်လုပ်ထားရမည်ဖြစ်ကြောင်းကား အထူးအရေးတကြီး သိရှိထားရန် လိုအပ်ပါသည်။ သတ်မှတ်ထားသော ထုတ်လုပ်မှု နည်းစဉ်နှင့် ထုတ်လုပ်မှု နည်းနာများကို လိုက်နာထုတ်လုပ်ထားကြောင်း သေချာမှသာ လုံခြုံစိတ်ချ၍ အထိရောက်ဆုံး ဖြစ်စေနိုင်ရန် သေချာပေမည်။ သဘာဝဆေးဝါးများကို လက်ခံအသုံးပြုသည့် လူဦးရေ တိုးမြင့်လာသည်နှင့် အမျှ ကုမ္ပဏီများစွာတို့သည် ဆေးဝါးဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြသည်။ ကံအကြောင်းမလှသည်ကား ယင်းဆေးကုမ္ပဏီ အားလုံးတို့သည် မှန်ကန်သော စံချိန်စံညွှန်းအရ ထုတ်လုပ်ထားသည် မဟုတ်ရကား ဈေးကွက်ထဲရှိ ဆေးဝါးများစွာကြောင့် သဘာဝကုထုံးနည်းမှာ နာမည်ပျက်ခဲ့ရပေသည်။

အချို့ဆေးကုမ္ပဏီများသည် ဈေးကွက်ဝေစု လက်ဝါးမှုရအောင် စံမီအပင်ထွက်ဆေးဝါး အနှစ်ထုတ်ဖြစ်ကြောင်းနှင့် သဘာဝဆေးဝါး ထုတ်လုပ်နည်းများကို ပိုမိုထက်မြက်အောင် စမ်းသပ်ထုတ်လုပ်ထားကြောင်း ဖော်ပြ၍ ဈေးကွက်တင်ခဲ့ကြသည်။ အမှန်တွင်ကား ထိုသို့ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါချေ။ စံမီထုတ်ကုန် သဘာဝဆေးဝါးသည် အညွှန်းပြု စံပမာဏအရ လုံခြုံစိတ်ချရ၍ ထက်မြက်မှု ရှိရပေမည်။ ယခု ဆန့်ကျင့်ဘက် ရလဒ်များပင် ထွက်ပေါ်လာခဲ့ရသည်ကို တွေ့ခဲ့ကြရသည်။ အပင်ထွက် ဆေးဝါးထုတ်ကုန်များမှာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ရသည်။ အချို့ကိစ္စများတွင် ဘေးထွက်ဆိုးကျိုးမှာ အသက် အန္တရာယ်ထိပင် ကြုံခဲ့ရပြီး ကာဗာ ကာဗာ (Kava Kava) စံမီအနှစ်ထုတ်ဆေးအချို့သည် အသည်းဆိပ်သင့်ခြင်းပင် ဖြစ်ပေါ်ခဲ့ရသည်။ ယခင် ရာစုနှစ်နှင့်ချီ၍ ဘေးထွက်ဆိုးကျိုးကင်းကာ စိတ်ချရသော ဆေးသည်ပင် နာမည်ပျက်ခဲ့ရတော့သည်။

သဘာဝနည်းကျ လိုက်နာထားသော သဘာဝဆေးဝါးများသည် စံအနှစ်ထုတ်နည်းကို လိုက်နာပါက ဆေးပင်တွင် ပါဝင်သော ဓာတ်များက အားလုံးအတွက် အကျိုးရှိစေပြီး ကုသမှုတွင် အပြည့်အဝ ထိရောက်စေကာ ဘေးထွက်ဆိုးကျိုးလည်း ကင်းဝေးပါသည်။

သင် ဘာကို ရွေးချယ်သည်ဖြစ်စေ စဉ်းစားဉာဏ်ကို ပညာသားပါပါ အသုံးပြု ရွေးချယ်ရပေမည်။ သုတေသနပြုခြင်းကား သင့်အတွက် အကောင်းဆုံးဖြစ်သည်။ သင့်တွင် နာတာရှည်ရောဂါ (ဝါ) အသက်ဘေး ထိစေနိုင်သော ရောဂါတစ်ခုခု ခံစားနေရလျှင် အပြောင်းအလဲမပြုမီ သင့်အခြေအနေကို ဆေးစစ်မှုများပြု၍ ဆရာဝန်နှင့်ပြသကာ ဆွေးနွေးရပါမည်။ ဆေးပညာရှင် တစ်ဦး၏ အကြံဉာဏ်နှင့် အထောက်အပံ့ရခြင်းမှာ လူနာတစ်ဦး၏ ကျန်းမာရေးအတွက် တန်ဖိုးမဖြတ်နိုင်ပါချေ။

## ဝခြင်းဟူသည် အဘယ်နည်း

ဝခြင်း (obesity) မှာ ကိုယ်အလေးချိန် ရှိသင့်သည်ထက် များရာမှ ခန္ဓာကိုယ်တွင် အဆီများ လိုအပ်သည်ထက် ပိုမိုစုပုံများပြားလာခြင်း ဖြစ်သည်ဟု အထက်တွင်ဆိုခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာတွင် အဝပြဿနာကား အတော်ပင်ကြီးမားလာချေပြီ။ အမေရိကန်ပြည်ထောင်စုတွင် သက်ကြီးပိုင်း၏ (၃၄)ရာခိုင်နှုန်းက ဝဖြိုးနေကြပြီ။ ဝခြင်းနှင့်ဆက်စပ်၍ စိတ်ပိုင်းဆိုင်ရာ ပြဿနာများ၊ လူမှုရေးပြဿနာများ၊ ကျန်းမာရေးပြဿနာများ တစ်နေ့တခြား မြင့်မားလာပေပြီ။

ခန္ဓာကိုယ်တွင် စွမ်းအင် (energy) အတွက် အဆီများကို သိုလှောင်ထားရန် လိုအပ်သော်လည်း အဆီများလိုအပ်သည်ထက် အလွန်များပြား ပိုလျှံလာသောအခါတွင် ပြင်းထန်သော ဝခြင်းကြောင့် ဖြစ်ပေါ်ရသည့် ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာခဲ့ကာ ယင်းနှင့် ဆက်စပ်သည့် သေဆုံးမှုနှုန်းလည်း မြင့်မားလာခဲ့ရပေသည်။

## ဝခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအကျိုးဆက်များ

ယနေ့ ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုတစ်ခုတည်း၌ပင် ဝခြင်းကြောင့် သေဆုံးရမှုမှာ နှစ်စဉ်သုံးသိန်းခန့်ထိ ရှိနေချေပြီ။ ဝမ်းဗိုက်ရွဲသည့် အတန်အသင့် အဆီပိုများသော အဆင့်သည်ပင် သေဆုံးမှုနှုန်း မြင့်တက်ရခြင်းနှင့် ဆက်စပ်နေပေသည်။ ဝသောသူများတွင် ရောဂါခံစားရပါက ရှုပ်ထွေးသော ပြဿနာမျိုးပါ တွဲဝင်နေတတ်သည်။ ဝခြင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးပြဿနာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ (အမျိုးအစား-၂)၊ ကော်လက်စထရောမြင့်မားခြင်း၊ သွေးတွင်းအောက်စီဂျင် ပမာဏ လျော့နည်းခြင်း၊ တက်စတိုစထရုန်း (testostrone) ပမာဏ လျော့နည်းခြင်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာပြွန်(လည်ချောင်း)ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ မမျိုးဥကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာကဲ့သို့ ကင်ဆာရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ အိပ်စက်စဉ် ဟောက်ခြင်း၊ အိပ်စက်စဉ် ကသိကအောက်ဖြစ်ခြင်း၊ ရေတိမ်စွဲခြင်း၊ ပန်းညိုးခြင်း၊ ပန်းသေခြင်း၊ လိင်စိတ်ကုန်ခန်းခြင်း၊ မြုံခြင်း၊ အမျိုးသမီးများ ရာသီသွေး မမှန်ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ ဖွားရခက်ခြင်း၊ စိတ်ကျရောဂါ၊ ဆီး,ဝမ်း မထိန်းနိုင်ခြင်း၊ နားအူ,နားဆူသောရောဂါ၊ အသည်းရောဂါ၊ ကိုယ်တွင်းခုခံအား ကျဆင်းသောရောဂါ၊ အဆစ်ရောင်ရမ်းခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အရိုးအဆစ်များ ဒဏ်ရာရလွယ်ခြင်း (အထူးသဖြင့် ခြေချင်းဝတ်၊ ဒူး၊ အရိုးများ)၊ ဂေါက်(Gout) ရောဂါ စသည်တို့ ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဟိန်း(ဘူမိ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည် အောင်ကျော်စိုးပါ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာမှာ နေပါတယ်။ ယခုအဖြစ်အပျက်ဟာ ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီအချိန်က ဖြစ်ပျက်ခဲ့တဲ့ ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်ပါပဲ။

ကျွန်တော် (၁၆)နှစ်သားအရွယ်မှာ အဖေ့ထံ ခွင့်တောင်းပြီး ရန်ကုန်မြို့က ဦးလေးတော်သူ ဦးဝင်းထံမှာ အလုပ်သွားလုပ်ပါတယ်။ ဦးလေး ဦးဝင်းဟာ မော်တော်ကားတွေပြင်တဲ့ အလုပ်ရုံတစ်ခု ထောင်ထားပါတယ်။ စစချင်းတော့ အလုပ်သင်ပေါ့။ ဒါပေမဲ့ မကြာခင်မှာပဲ ကျွန်တော့်ရဲ့ ဝါသနာနဲ့ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှုတို့ကြောင့် မော်တော်ကားမောင်းတဲ့ အတတ်နဲ့ မော်တော်ယာဉ် စက်ပြင်ပညာကို ကောင်းမွန်စွာ တတ်မြောက်ခဲ့ပါတယ်။

အဲဒီလို တတ်မြောက်တယ်ဆိုရင်ပဲ လက်ဖျား ငွေသီးပြီး သုံးချင်တိုင်း သုံးတော့တာပါပဲ။ အရွယ်ကလည်း လူပျိုပေါက်အရွယ်၊ ငွေကြေးဆိုတာကလည်း သုံးချင်တိုင်း သုံးနိုင်လေတော့ ပျော်စရာတွေ အလွန်ပေါတဲ့ ရန်ကုန်မြို့ကြီးဟာ ကျွန်တော့်အတွက်ကတော့ နတ်ဘုံနတ်နန်းကြီး ဖြစ်နေတော့တာပါပဲ။

ကျွန်တော် ရန်ကုန်မြို့မှာ ကားမောင်း၊ စက်ပြင် အလုပ် သွားရောက်ခါနီးမှာ အဖေ့ကို ထိုင်ကန်တော့တော့ အဖေက–

'ငါ့သား‥မင်းဟာ ရန်ကုန်မြို့ကြီးမှာ စီးပွားသွား

# ကြည်ဝင်း(ဟင်္သာတ)
# စိန္တာမဏိ လိုတိုင်းပြည့်





www.burmeseclassic.com

www.burmeseclassic.com

ရှာမှာ။ ရန်ကုန်မြို့ဆိုတာကလည်း သုံးဖြုန်းစရာ ငွေရှိလို့ကတော့ တကယ့်ကို ပျော်စရာကောင်းတဲ့ နေရာကြီးတစ်ခုပဲ။ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်လို့ကတော့ ပျက်စီးပြီး ရသမျှ ကုန်မှာပဲ။ ဒါကြောင့် အဖေမှာချင်တာကတော့ လူကလေးအနေနဲ့ ရတနာသုံးပါးကို မမေ့ပါနဲ့။ အရက်သေစာ သောက်စားခြင်းနဲ့ လောင်းကစားကို ရှောင်ပါ။ မိန်းမတွေနဲ့ပတ်သက်ပြီး တတ်နိုင်သမျှဆင်ခြင်ပါ။ ပျော်ပါးသုံးဖြုန်းမှုကို မပြုလုပ်ပါနဲ့'

'ဟုတ်ကဲ့ပါ အဖေ။ အဖေ့စကားကို ကျွန်တော်အမြဲမှတ်သားနာယူပါမယ်'

'အေး‥အေး‥လူကလေးဟာ အဖေမှာတဲ့အတိုင်း မမေ့မလျော့ လိုက်နာကျင့်သုံးမယ်ဆိုရင် ကြီးပွားထွန်းကားမှာ သေချာတယ်ကွယ့်'

အဖေ့စကားအတိုင်း ရိုးရိုးသားသားနဲ့ ကြိုးစားသင်ယူ လုပ်ကိုင်ခဲ့တာ ပညာပြည့်စုံရုံမျှသာမက ပစ္စည်းဥစ္စာလည်း အတော်အတန် စုဆောင်းမိခဲ့ပါတယ်။

တစ်နေ့မှာ ကျွန်တော်ဟာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ခဲ့ပါတယ်။ မိမိမွေးနံ တနင်္ဂနွေထောင့်မှာ ပန်း၊ ဆီမီး၊ ရေချမ်းတို့ကပ်လှူပူဇော်အပြီးမှာ စေတီတော်ကြီးကို လက်ယာရစ်လှည့် ဖူးမြော်ပြန်ပါတယ်။

အချိန်က နံနက်(၁၁း၀၀)နာရီလောက် ရှိနေပါပြီ။ ဘုရားဖူးအပြီး တောင်ဘက်စောင်းတန်းက ဆင်းမယ်အလုပ်မှာ တောင်ဝှေးတစ်ချောင်းနဲ့ လှေကားထစ်တွေကနေ အောက်ကို တုန်တုန်ချည့်ချည့်နဲ့ ဆင်းနေရှာတဲ့ အသက်(၈၀)ကျော် အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရပါတယ်။

ကျွန်တော်ဟာလည်း အောက်ဘက်ဆင်းဖို့ ခရီးကြုံနေလေတော့ အဘိုးအိုရဲ့လက်ကို အသာဝင်တွဲရင်း–

'အဘ‥အောက်ဆင်းမှာဆိုရင် ကျွန်တော်လိုက်ပြီး တွဲပို့ပေးပါရစေ'

အဘိုးအိုက ကျွန်တော့်ကို မော့ကြည့်ပြီး–

'အေး‥အေး‥သာဓုပါကွယ်၊ သာဓု‥သာဓု။ ငါ့မြေး ကျန်းမာပါစေ၊ အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေကွယ်'

ဘုရားအောက်ခြေကို ရောက်တော့ ကျွန်တော်က အဘိုးအိုကို–

'အဘ‥ထမင်းမသုံးဆောင်ရသေးရင် ကျွန်တော်ဝတ်ပြုပါရစေခင်ဗျာ'

'အေး‥လူကလေးရေ၊ အစာအာဟာရ ဒါနပြုတဲ့သူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ချမ်းသာကြီးခြင်း စတဲ့ အကျိုးစီးပွားတွေ ရတယ်ကွယ့်။ သာဓု‥သာဓု‥သာဓု'

ကျွန်တော်ဟာ အဘိုးအိုကို ထမင်းဆိုင်တစ်ဆိုင်မှာ ညွှဲ့ဝတ်ပြုပါတယ်။ ထူးခြားတာ တစ်ခုကတော့ အဘိုးအိုဟာ အသားလုံးဝမစားပါဘူး။ အသက်သတ်လွတ်တဲ့ အစာကိုသာ စားသုံးပါတယ်။ အသက်(၈၀)ကျော်နေပြီဖြစ်ပေမယ့် အဘိုးအိုရဲ့ မျက်လုံးအစုံဟာ ကလေးငယ်တွေရဲ့ မျက်ဝန်းလိုပဲ မည်းနက်ရွှန်းစို တောက်ပြောင်နေပါတယ်။

စားသောက်ပြီးလို့ ရေနွေးကြမ်း သောက်နေစဉ်မှာ အဘိုးအိုက ကျွန်တော့်ကို–

'ငါ့မြေးက ဘယ်မှာ နေတာလဲကွယ့်'

'ကျွန်တော်က ဟင်္သာတနယ်ဘက်ကပါ အဘ။ ရန်ကုန်မြို့မှာလာပြီး ကားမောင်း၊ စက်ပြင် သင်ရင်း စီးပွားလာရှာတာ လေး;ငါးနှစ်ရှိပြီ ဆိုပါတော့'

'တော်တော်ကလေး စုမိဆောင်းမိပြီလားကွယ့်'

'အတော်အတန်တော့ စုဆောင်းမိပါပြီ အဘ'

'အေး‥အေး‥ ခေတ်ကာလကလည်း သိပ်တော့မကောင်းဘူးကွယ့်။ မကြာခင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာနိုင်ကြောင်း နိမိတ်တွေ ပြနေသကွယ့်။ ဘေးအန္တရာယ်အခက်အခဲတွေ ကြုံတွေ့လာနိုင်တယ်။ အဲဒါ ငါ့မြေးအနေနဲ့ အခက်အခဲ ဘေးဒုက္ခတွေ ကြုံတွေ့လာရင် ကျော်လွှားနိုင်စေတဲ့ အဆောင်ကောင်းတစ်ခုရှိနေရင် မကောင်းဘူးလား'

'ကောင်းတာပေါ့ အဘရယ်'

'အေး‥အေး‥ထမင်းတစ်နပ် ကျွေးဖူးတဲ့ ကျေးဇူးကို ဆပ်တာလို့ မှတ်ပေါ့ကွယ်။ အလွန်အင်မတန် တန်ဖိုးကြီးတယ်ကွယ့်။ တန်ခိုးကြီးတယ်။ အန္တရာယ်အသွယ်သွယ်ကို ကာကွယ်ပေးတယ်။ တစ်ခုမှတ်ရမှာကတော့ အခု ရေတွင်းတူး အခု ရေကြည်သောက်ချင်လို့ကတော့ မရဘူး။ မိမိကိုယ်မှာ စွဲမြဲအောင် ထုံယူရတယ်။ အဲဒီလို

www.burmeseclassic.com

ထုံထားမှ အရေးကြုံရင် သက်လုံကောင်းတာကွယ့်'

'ဟုတ်ကဲ့ပါ အဘ၊ အဘပြောတဲ့အတိုင်း ကျွန်တော် စွဲနေအောင် ထုံထားပါ့မယ်'

အဘိုးအိုဟာ ကျွန်တော့်ကို စာရွက်နဲ့ ဖောင်တိန် ရှာစေပြီး စိန္တာမဏိဂါထာ သူ့နှုတ်က ရွတ်ပေးတာကို လိုက်လံရေးမှတ်စေပါတယ်။ အဲဒီအချိန်က ခဲတံ၊ ဖောင်တိန်တွေသာရှိပြီး ဘောပင်မပေါ်သေးပါဘူး။ ရတနာသုံးပါးကိုလည်း မမေ့မလျော့ ကိုးကွယ်ဆည်းကပ်ဖို့ ထပ်တလဲလဲ မှာပါတယ်။

အဘိုးအိုနှုတ်က ရွတ်ဆိုသင်ပြပေးခဲ့တဲ့ စိန္တာမဏိဂါထာတော်ရဲ့ အနက်အဓိပ္ပာယ်က အောက်ပါအတိုင်း ဖြစ်ပါတယ်။

**စိန္တာမဏိဂါထာတော်**

(၁) စိန္တာမဏိ ရတနာနိ
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။

(၂) စိန္တာမဏိ ရတနာနိ
ဓမ္မံ ဓမ္မ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။

(၃) စိန္တာမဏိ ရတနာနိ
သံဃံ သံဃ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ-ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ လိုတိုင်းရအောင် ပြည့်စုံနိုင်ကြကုန်သော ရတနာတို့သည်၊ သန္တိ-ရှိကြပေကုန်၏။

ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ-ဘုရား··ဘုရားဟု ထင်ရှားသော ရတနာတို့တွင်၊ ဗုဒ္ဓ-သစ္စာလေးတန် တရားမှန်ကို သယမ္ဘူဉာဏ်ဖြင့် ကောန်သိကြား သဗ္ဗညုမြတ်စွာဘုရားတည်းဟူသော ရတနာကို၊ သရဏံ ကရံ-ကိုးကွယ်ဆည်းကပ် အမြတ်ထားမှု အရိုအသေပြုခြင်းကို၊ ကရတိ-နေ့,ညမယုတ် ဆည်းကပ်ပြုလုပ်ပါ၏။

တဿမေ-ထိုသို့ နေ့,ညမပြတ် ဆည်းကပ်ပြုလုပ်သော အကျွန်ုပ်အား၊ ခိပ္ပမေဝ-မကြာမတင် ဆောလျင်စွာသာလျှင်၊ သမိဇ္ဈတု-ကောင်းကျိုးဟူသမျှ အဝဝတို့ကို စိတ်အလိုကျ လုံးဝဥဿုံ ပြည့်စုံစွာရရပါစေသတည်း။

စိန္တာမဏိ ရတနာနိ-ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ လိုတိုင်းရအောင် ပြည့်စုံနိုင်ကြကုန်သော ရတနာတို့သည်၊ သန္တိ-ရှိကြပါစေကုန်၏။

ဓမ္မံ ဓမ္မ ရတနာနံ-တရား··တရားဟု ထင်ရှားသော ရတနာတို့တွင်၊ ဓမ္မံ-မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မခန်ဟု ကိုးတန်ဆယ်ပါး တရားတည်းဟူသော ရတနာတို့ကို၊ သရဏံ ကရံ-ကိုးကွယ်ဆည်းကပ် အမြတ်ထားမှု အရိုအသေပြုခြင်းကို၊ ကရတိ-နေ့,ညမယုတ် ကိုးကွယ်ပြုလုပ်ပါ၏။

တဿမေ-ထိုသို့ နေ့,ညမယုတ် ကိုးကွယ်ပြုလုပ်သော အကျွန်ုပ်အား၊ ခိပ္ပမေဝ-မကြာမတင် ဆောလျင်စွာသာလျှင်၊ သမိဇ္ဈတု-ကောင်းကျိုးဟူသမျှ အဝဝကို စိတ်အလိုကျ လုံးဝဥဿုံ ပြည့်စုံစွာ ရရပါစေသတည်း။

စိန္တာမဏိ ရတနာနိ-ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ လိုတိုင်းရအောင် ပြည့်စုံနိုင်ကြကုန်သော ရတနာတို့သည်၊ သန္တိ-ရှိကြပေကုန်၏။

သံဃံ သံဃ ရတနာနံ-သံဃာ သံဃာဟု ထင်ရှားသော ရတနာတို့တွင်၊ သံဃံ-အပေါင်းသင်္ချာ သံဃာရတနာတို့တွင် သံဃာသမုတိမကျန် ရှစ်တန်အရိယာ သံဃာတော်မြတ်ရတနာကို၊ သရဏံ ကရံ-ကိုးကွယ်ဆည်းကပ် အမြတ်ထားမှု အရိုအသေပြုခြင်းကို၊ ကရတိ-နေ့,ညမယုတ် ပြုလုပ်ဆည်းကပ်ပါ၏။

တဿမေ-ထိုသို့ နေ့,ညမယုတ် ဆည်းကပ်ပြုလုပ်သော အကျွန်ုပ်အား၊ ခိပ္ပမေဝ-မကြာမတင် ဆောလျင်စွာသာလျှင်၊ သမိဇ္ဈတု-ကောင်းကျိုးဟူသမျှ အဝဝကို စိတ်အလိုကျ လုံးဝဥဿုံ ပြည့်စုံစွာ ရရပါစေသတည်း။

ကျွန်တော်ဟာ အဘိုးအိုပေးသွားတဲ့နေ့ကစပြီး စိန္တာမဏိဂါထာကို အရကျက်မှတ် အမြဲရွတ်ဖတ်ခဲ့ပါတယ်။ ရတနာသုံးပါးကိုလည်း မမေ့မလျော့ ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ ကျွန်တော်ဟာ ကျုံမငေးသူတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ သမီးကလေးတစ်ယောက် မွေးပြီးစမှာ ဒုတိယကမ္ဘာစစ်မီးကြီး ပျံ့နှံ့ကူးစက်လာပါတယ်။ ရန်ကုန်တစ်မြို့လုံး မှောင်ကျ၊ လုကြ ယက်ကြ ဖြစ်လာလို့ ရန်ကုန်မြို့ပေါ်ရှိ လူအများ တောရွာ



www.burmeseclassic.com

www.burmeseclassic.com

ကို ပြောင်းရွှေ့ကြပါတယ်။

ဂျပန်လေယာဉ်ပျံများ ရန်ကုန်မြို့ပေါ်မှာ တဝီဝီဝဲပျံ ဗုံးများ ချကြပါတယ်။ လူတွေသေ၊ အဆောက်အအုံတွေ ပျက်နဲ့ မီးတွေလောင်ပြီး ရန်ကုန်မြို့ကြီး ပျက်တော့တာပါပဲ။

ရန်ကုန်မြို့ကို ဗုံးများ မကျမီကတည်းက ကျွန်တော်ဟာ ဇနီးသည်နဲ့ သမီးငယ်ကို ကျုံမငေးပို့ထားပြီး ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကိုယ့်အလုပ်ကလည်း ရန်ကုန်မှာ ဖြစ်နေလေတော့ တစ်ကိုယ်တည်း ရန်ကုန်မြို့မှာ ကျန်နေခဲ့ခြင်း ဖြစ်ပါတယ်။ ခုတော့ ရန်ကုန်မြို့ပေါ်မှာ ဆက်လက်နေရန် မဖြစ်တော့တဲ့အတွက် ရှိသမျှ ပစ္စည်းပစ္စယများကို သိမ်းဆည်းပြီး ရန်ကုန်မြို့ကြီးကနေ ထွက်ခွာလာခဲ့ရပါတော့တယ်။

ရန်ကုန်ကနေ မအူပင်၊ မအူပင်ကတစ်ဆင့် ကျုံမငေးကိုသွားဖို့ သမ္ဗန်တစ်စင်း ငှားရပါတယ်။ နောက်တော့ သူငယ်ချင်း မောင်တာနဲ့အတူ ငှားရမ်းထားတဲ့ သမ္ဗန်ပေါ်ကို ကျွန်တော့်ပစ္စည်းများတင်ပြီး မအူပင်ကို ခရီးထွက်ခဲ့ကြပါတယ်။ သမ္ဗန်ပေါ်မှာတော့ သမ္ဗန်ခတ်သမားရယ်၊ ကျွန်တော်တို့နှစ်ယောက်ရယ် စုစုပေါင်း သုံးယောက်ပဲ ရှိပါတယ်။

မအူပင်ဆိပ်ကမ်းကိုရောက်တော့ ဆိပ်ကမ်းမှာ စစ်ပြေးဒုက္ခသည်တွေနဲ့ ဆူညံနေပါတယ်။ မအူပင်ဆိပ်ကမ်းမှာ မိုးစင်စင်လင်းတဲ့အထိ နေကြပြီး မိုးစင်စင်လင်းတဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့သမ္ဗန်ကို ဆိပ်ကမ်းက ခွာပြီး သံပုရာချောင်းအတိုင်း လှော်ခတ်လာခဲ့ကြပါတယ်။

ကျွန်တော်ဟာ ရန်ကုန်မြို့က ထွက်လာကတည်းက လမ်းတစ်လျှောက်လုံး ဒေသဆိုင်ရာနတ်တွေ၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တွေကို မေတ္တာပို့ရင်း စိန္တာမဏိဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့ပါတယ်။

နေမွန်းတည့်ချိန်မှာ သံပုရာချောင်းရွာကို ရောက်လာပါတယ်။ ကျွန်တော်နဲ့ ကိုတာတို့ဟာ ခရီးတစ်ထောက်နားပြီး ခရီးလမ်းပန်း အနေအထားကို မေးမြန်းစုံစမ်းရင်း အဲဒီရွာမှာ စားစရာတစ်ခုခု ဝယ်ယူစားသောက်ဖို့ စိတ်ကူးနဲ့ သမ္ဗန်ကို ဆိုက်ကပ်စေတာ ဖြစ်ပါတယ်။

လှေဆိုက်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဓား၊ လှံ၊ မှိန်း စသည်တို့ကို ကိုင်ဆောင်ထားတဲ့ လူလေးငါးခြောက်ယောက်ဟာ သမ္ဗန်အနားကို ရောက်လာကြပြီး–

'ဟေ့ လူတွေ၊ ခင်ဗျားတို့ ဘယ်ကလာကြတာလဲ'

ခေါင်းဆောင်ဖြစ်ဟန်တူဟဲ့ ဗလကောင်းကောင်း အသက်(၄၀)ခန့် လူတစ်ယောက်က လှမ်းမေးလိုက်ပါတယ်။

'ကျွန်တော်တို့ ရန်ကုန်က စစ်ပြေးဒုက္ခသည်တွေပါဗျာ။ ကျုံမငေးကို သွားမလို့ပါ။ ဒီမှာ စားစရာရလိုရငြား ဝင်လာတာပါ'

'ဟုတ်လား၊ ခင်ဗျားတို့တော့ ဒုက္ခပဲ'

'ဗျာ..ဘာကြောင့်လဲဗျ'

လူကြီးအသံ ကြားလိုက်ရတော့ ကျွန်တော့်ရင်ထဲ တုန်သွားပါတယ်။ ဓား၊ လှံကိုင် လူတစ်စုကလည်း ကျွန်တော်တို့ကို ဝိုင်းထားပါတယ်။

'ဒီသံပုရာချောင်းထဲ ဝင်လာတဲ့ မြို့ပေါ်က စစ်ပြေးဒုက္ခသည်မှန်သမျှ ဒီနေရာကစောင့်ပြီး ဓားပြတိုက်တဲ့နေရာဗျ။ ခင်ဗျားတို့ ကံဆိုးတာပဲ'

ကျွန်တော်တို့ နှစ်ယောက်မှာ ဘာစကားမှ မပြောနိုင်တော့ဘဲ လူကြီးကိုသာ မျက်နှာငယ်ကလေးများနဲ့ မော့ကြည့်လိုက်ကြပါတယ်။

ပြီးမှ အသနားခံ တောင်းပန်တဲ့ လေသံနဲ့–

'ကျွန်တော်တို့ ဒုက္ခသည်တွေပါဗျာ။ ရန်ကုန်မြို့မှာဆိုလည်း ဗုံးတွေကျ၊ မီးတွေလောင်၊ လူတွေသေလို့ ထွက်ပြေးလာရတာပါ။ အကူအညီပေးနိုင်ရင် ပေးကြပါဗျာ'

လူကြီးက ကရုဏာသက်တဲ့ မျက်နှာနဲ့ သက်ပြင်းတစ်ချက်ချပြီး ကျွန်တော်တို့ကို ကြည့်ပါတယ်။

'အေးလေ၊ ကျုပ်ကတော့ ခင်ဗျားတို့ကို ဒုက္ခ



www.burmeseclassic.com

မရောက်စေချင်ပါဘူး။ ဒါပေမဲ့ ကျန်တဲ့လူတွေက ရှိသေးတယ်'

'ကျွန်တော်တို့ ပါသမျှ ပစ္စည်းအားလုံးကို ယူပါဗျာ။ အသက်ကိုတော့ ချမ်းသာပေးပါ။ ကျွန်တော်တို့ လူချည်းပဲ သွားပါရစေ'

လူကြီးက စိတ်ဆိုးဖြတ်ချက်ချလိုက်ဟန်နဲ့-

'ကဲ..မိတ်ဆွေတို့၊ ခင်ဗျားတို့ သွားမယ့်ခရီး ဆက်သွားကြပေတော့'

သူတို့ထဲက တစ်ယောက်က-

'ဘယ်ဖြစ်မလဲဗျ။ ခင်ဗျားလွှတ်ပေမယ့် ကျုပ်တို့ မလွှတ်နိုင်ဘူး'

လူကြီးက-

'မလုပ်ကြပါနဲ့ကွာ။ သူတို့ခမျာ ဒုက္ခရောက်လာရှာတာ။ ပြီးတော့ ဒါဟာ ကိုယ့်မြန်မာနိုင်ငံ တိုင်းရင်းသား အချင်းချင်းပဲဟာ'

'ဒုက္ခသည်ရော ဘာဖြစ်လဲဗျ။ ကျုပ်ကတော့ ဘယ်သူ့မှ မညှာနိုင်ဘူး။ လူသတ်ပြီး ပစ္စည်းကို ယူရမှာပဲ'

'အောင်မာ..မင်းကများ ငါ့ကို ပြိုင်ချင်တယ်ပေါ့လေ။ ကဲကွာ'

လူကြီးက စကားလည်းဆုံး သူ့လက်ထဲက ဓားပြားနဲ့ ရိုက်ချလိုက်တာ အဲဒီလူ ရေထဲကို ဇွမ်းခနဲ ပြုတ်ကျသွားပါတော့တယ်။ ဆူညံနေတဲ့ လူစုဟာ ငြိမ်ကျသွားပါတယ်။

လူကြီးက-

'ကဲ..ဘယ်ကောင် ထောင်ထဦးမလဲ။ လာကြလေကွာ'

လူကြီးက စိန်ခေါ်လိုက်တော့ ငြိမ်နေတဲ့အထဲက လူတစ်ယောက်က မရဲတရဲ မျက်နှာနဲ့-

'ကိုကျွဲကြီး..စိတ်ထိန်းပါဗျာ၊ အချင်းချင်းတွေပဲ။ ခင်ဗျားပြောတာ မှန်ပါတယ်။ ဒါဟာ ကိုယ့်မြန်မာလူမျိုး အချင်းချင်းပဲ၊ မလုပ်သင့်ပါဘူး။ ကျွန်တော်တို့ သဘောပေါက်ပါတယ်'

'အေး..ရီးတီးယားတားတော့ မလုပ်နဲ့။ ဒီတစ်ခါဆို ဇက်ပြုတ်သွားမယ်'

'မလုပ်ပါဘူးဗျာ၊ မလုပ်ပါဘူး'

လူကြီးက ကျွန်တော်တို့ဘက် လှည့်ပြီး-

'ကဲ..မိတ်ဆွေတို့၊ အချိန်ရှိတုန်း ခရီးဆက်ကြပေတော့'

'ကျေးဇူးကြီးလှပါတယ်ဗျာ။ ကျွန်တော်တို့ အသက်ကို ချမ်းသာပေးတာ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီပစ္စည်းတွေ ယူပါဗျာ။ ကျွန်တော်တို့ လူချည်းပဲ သွားပါ့မယ်'

ရေထဲကျသွားတဲ့ လူကတော့ ရေထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေပါတယ်။ အရက်လည်း မူးနေတာ ဖြစ်ပါတယ်။

လူကြီးက ပြုံးပြုံးရွှင်ရွှင်နဲ့-

'အို..ကြံကြံဖန်ဖန်ဗျာ၊ ဒုက္ခရောက်နေတဲ့သူကို ကူညီရမှာ ကျုပ်တို့ တာဝန်တစ်ရပ်ပဲ။ ဘယ်ယူလို့ ဖြစ်ပါ့မလဲ။ ကျုပ် ခင်ဗျားတို့မျက်နှာ မြင်လိုက်တော့ ဘယ်လို ဖြစ်သွားသလဲမသိဘူး။ တော်တော့်ကို သနားသွားတယ်။ ခင်ဗျားတို့ ပစ္စည်းတွေ မဆုံးရှုံးရစေဘူး။ ကဲ..ကဲ..သွားကြပေတော့။ ဟေ့ကောင်တွေ၊ ဟိုကောင် အောင်မြတ် ကိုလည်း ရေထဲက ဆယ်လိုက်ဦး။ မူးမူးနဲ့ ရေနစ်သေနေ ဦးမယ်'

ကျွန်တော်တို့နှစ်ယောက်ဟာ အသက်သခင် ကျေးဇူး ရှင်ဖြစ်တဲ့ လူကြီးကို ရိုရိုသေသေ နှုတ်ဆက်ပြီး သ... ပေါ်တက် ခရီးဆက်ခဲ့ကြပါတယ်။

အဲဒီအချိန်က စပြီးတော့ ကျွန်တော်ဟာ စိန္တာမဏိ ဂါထာတော်ကို ပိုမိုယုံကြည်အားကိုးလာခဲ့ပါတယ်။ ယနေ့ ကျွန်တော့်အသက် (၉၀)ကျော်အထိ မမေ့မလျော့ မ... မကွက်ဘဲ စွဲမြဲယုံကြည်စွာ ရွတ်ဆိုပွားများခဲ့ပါတယ်။

ကျွန်တော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဟာ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ စိန္တာမဏိဂါထာတော်ရဲ့ တန်ခိုးတော်ဖြစ် ကြောင်း ယုံမှားသံသယဖြစ်စရာ အကြောင်းမရှိပါဘူး။

နောင်စစ်ကြီးပြီးလို့ ကျေးဇူးရှင် ကိုကျွဲကြီးကို ကျေး ဇူးဆပ်ချင်လို့ သွားရောက်ရှာဖွေပါသေးတယ်။ ဒါပေ... ကိုကျွဲကြီးကို ရှာဖွေမတွေ့ရှိခဲ့ပါဘူး။

ယနေ့ လူငယ်မောင်မယ်များအနေနဲ့ ရတနာမြတ်သုံး ပါးနဲ့ မိဘ,ဆရာသမားတို့အပေါ် ရိုသေမြတ်နိုး ... ထား ကြည်ညိုလေးစားနိုင်ကြပါရန် ကျွန်တော့်ဖြစ်ရပ်... တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ကြည်ဝင်း(...)



www.burmeseclassic.com

www.burmeseclassic.com

# စိုးယဉ်ထွန်း

## အကူမိသော ဘဝကြမ္မာ



အရိမဒ္ဒနာ ဒါမှမဟုတ် ပုဂါရာမ၊ နောက်တစ်မျိုး ပေါက်ကံရွှေပြည်၊ အဲဒီကမှ ပုဂံပြည်ကြီး ရွှေထီးနန်းစိုက် အနော်ရထာမင်းကြီး ပထမမြန်မာ နိုင်ငံတော်ဟု တည်ထောင်ခဲ့သည်။ မင်းကြီး နတ်ရွာစံပြီး သက္ကရာဇ်(၄၂၆)ခုနှစ်တွင် ကျန်စစ်သားမင်းသား ထီးလှိုင်ရှင်သည် ပုဂံပြည်၏ အရှင်သခင် ဖြစ်လာခဲ့သည်။ ပုဂံပြည်ကြီးသည် ပို၍စည်ကား ပြည့်ဖြိုးလာပြီး အနီးဝန်းကျင်နိုင်ငံများ လူမျိုးခြားနှင့် ကုန်သွယ်မှုပြု၍ ရင်းနှီးချစ်ခင် ဆက်ဆံမှုများပင် ပြုလာသည်။ ပုဂံပြည်၏ အရှေ့တွင် ရှမ်းတို့ပြည်၊ အနောက်ဘက်တွင် ပန္သရပြည်(ပဋိက္ကရားပြည်)၊ မြောက်အရပ်က ဂန္ဓာလရာဇ် တရုတ်ပြည်တို့နှင့် အဆက်အသွယ် အကူးအသန်း ရှိသည် ဖြစ်၏။

ထို့ကြောင့် အဆိုပါ အရပ်ဒေသတိုင်းသားတို့က ပုဂံပြည်သို့ ချစ်ကြည်ရေးအရလည်းကောင်း၊ ကုန်စည်

www.burmeseclassic.com

www.burmeseclassic.com

ဖလှယ် အရောင်းအဝယ်အဖြစ်ဖြင့် ရောက်ရှိလာကြသည်။ ခရီးလမ်းကြောင်းသည် ဧရာဝတီမြစ်ကြောင်းမှ ဖြစ်သည်။

လောကနန္ဒာမြစ်ဆိပ်သည် ပုဂံပြည်တွင် လှေ၊ ဖောင်နှင့် စက်သင်္ဘောတို့ အများဆုံးကပ်ရာ ဆိပ်ဖြစ်၍ စည်ကားသည်။ ပုဂံဈေးတွင် ကုန်ပစ္စည်းက အမျိုးစုံသည်။ လောကနန္ဒာဈေးသည်လည်း မြစ်ဆိပ်(ရေဆိပ်)နှင့်နီး၍ စည်ကားသလို လောကနန္ဒာစေတီတော်ကလည်း ကြည်ညိုဖွယ် ထီးတည်းမားမားဖြင့် အရပ်လေးမျက်နှာက လှမ်းမျှော်ကြည်ညို ဖူးတွေ့နိုင်သည်။ ပုဂံသူအလှတို့ ပေါင်းစုံရာ ကုန်သည်ဈေးရောင်းသူတို့က ယောက်ျားတို့သဘာဝ ဈေးလာသူ မိန်းမပျိုတို့ကို စိတ်မှန်းနှင့် ဘဝကြင်ဖော်ရွေး၍ အိမ်သူအဖြစ် ကြည့်ကြသည်။ အရပ်သူ အနီးအပါးနေပုဒ်သူ၊ သူဌေးသူကြွယ်တို့၏သမီး၊ အိမ်အစေအပါးတို့နှင့် နန်းတွင်းသူတို့ ပါပါသည်။ အသွင်အပြင်အလှတို့က ကွာခြား၍ မျက်စိပသာဒတွင် ထင်ထင်လင်းလင်း မြင်သာသည်။

လောကနန္ဒာဆိပ်တွင် တိုင်းတစ်ပါးအရပ်မှ စက်သင်္ဘော၊ စက်တပ်ရွက်လှေတို့ ဝင်သည့်နေ့ ရေဆိပ်မှာက အထုပ်အပိုး ပစ္စည်းပစ္စယတို့ကို စက်သင်္ဘောရွက်လှေတို့အပေါ်မှ ကုန်းပေါ်ကို ထမ်းပိုးသယ်ချသူ ပုဂံသား သူဆင်းရဲတို့နှင့် ကုန်သည်တို့ပါ ကမ်းညွှတ်အမျှ ရှိနေသည်။ ထို့အတူပင် ဈေး၏ လမ်းတို့တွင်လည်း အသွားအလာလူတို့နှင့် ပြည့်စည်နေသည်။ ဈေးလာသူ ဈေးပြန်သူတွေထဲတွင် အမှောင်ညမှာ လရောင်လင်းဖြာသလို ဝန်းကျင်တစ်ဝိုက် အလှလင်းရောင်တစ်ခုက ထင်ရှားစွာ ပေါ်ထွန်းလာသည်။ လူအများတို့က သမင်လည်ပြန် ကြည့်ကြသလို ခေါင်းငဲ့လည်ဆောင်း၍ ကြည့်ကြရသည့် အလှတစ်ခု။ သည့်ထက်ပို၍ ပြည့်စုံအောင် ပြောရလျှင် ပုဂံသူတွေဟာ လှကြပါသည်။

လှကြပါသည် ဆိုသည်များထက် ပို၍လှပြီး လှသူတို့ကပါ ပြန်ကြည့်ရသော အလှမိဖုရားတစ်ပါး။ အရပ်သူအသွင် အဝတ်အဆင်နှင့် ပိုးဖဲကတ္တီပါတို့ မပါပေမယ့် ...များ အလှထူးနေသည်လားပင် မသိပါ။ ဘေးအရံ ...မသူ အပျိုဖော်လေးယောက်နှင့် အရောင်းပစ္စည်းများကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကြည့်ရှုနေသော အချော ...ညဉ်စုတွေ သိမ်းကြုံးပိုင်ဆိုင်ထားသူလေး။

ထိုသို့ လှနေသူကို ဂရုစိုက်သတိထားမိသူတို့က ယောက်ျားသားများ ဖြစ်သည်။ အားလုံးထက် ပိုအလေးထားကြည့်မြင်နေသည်က တိုင်းခြားပြည်ရွာက ပဋိက္ကရားမင်းသား၏ အမတ်ငယ် ရာဇကဏ်တရာပင်ဖြစ်သည်။ အိုးသည်မိန်းကလေးက ပန္နရပြည်(ပဋိက္ကရား)သူတွေထက်လည်း သာ၏။ ကိုယ်ရည်ကိုယ်သွေး ကြန်အင်အသွင်ကလည်း သာမန်မိန်းကလေး မဟုတ်ပေ။ ကတော်အသွေးနှင့် ဘုန်းကံရှင်၏ သမီးမြတ်တစ်ယောက်ပင်။ ငါ့ရဲ့မင်းသားနဲ့ဆိုပါလျှင် ပတ္တမြားရွှေကွတ်သလို လိုက်ဖက်ပေမည်။

အမတ်ငယ် ရာဇကဏ်တရာက ရှေ့ကိုလွန်၍ သွားနေသော ပဋိက္ကရားမင်းသားကို အမီလိုက်၍ တိုင်းသားစကားနှင့် ပြောလိုက်သည်။ ပဋိက္ကရားမင်းသားငယ်ကလည်း အမတ်ငယ်ရာဇကဏ်တရာ၏ စကားနှင့်အတူ ခေါင်းကိုငဲ့စောင်း၍ ကြည့်လိုက်မိသည်။

'အို··လှလိုက်တာလို့ ငါပြောရင် လုံလောက်ပါ့မလား။ ဒီလိုမိန်းမမျိုးကို အခုမှမြင်ဖူးတာဟာ ပဋိက္ကရားမင်းသားလို့ ငါ့ကိုယ်ငါ ပြောရမှာ ရှက်ဖွယ်လိလိပဲ'

ပဋိက္ကရားမင်းသား၏ အတွေးနှင့် အကြည့်တို့က ခေတ္တကြာသွား၏။

ဒါကို အမတ်ငယ် ရာဇကဏ်တရာက-

'ဟယ်··ငါ ဒီမိန်းမလှကို ပြလိုက်မိတာ မှားချေပြီထင်ပါ။ မင်းသားရဲ့အဖြစ်က မယုံနိုင်စရာ ငေးငိုင်သွားတယ်'

အမတ်ငယ် ရာဇကဏ်တရာ၏ စိတ်အတွေးက စိုးရိမ်မှု ပါသွားသည်။ ငေးငေးငိုင်ငိုင်နှင့် အသက်မရှူမိ။ မျက်တောင်မခတ်တမ်း ကြည့်မိလိုက်သော ပဋိက္ကရား၏ ရင်ထဲမှ အသည်းပြင်ဝယ် ရွှေအိမ်သည်၏ ရုပ်ပုံလွှာက ဆေးမင်စုတ်ထိုးသလို စွဲစွဲထင်ထင် ဖြစ်သွားလေသည်။ ကြည့်မြင်၍မှ မဝသေးမီ မျက်စိရှေ့မှ ပြေးလွှားပျောက်ကွယ်သွားသော အလှရွှေစင်ရုပ်တုလေးကို ပဋိက္ကရားမင်းသားလေးက လှည့်ပတ်ရှာဖွေနေမိသည်။ ရွှေစင်ရုပ်သွင်လေး၏ ပျောက်ဆုံးမှုက ဈေးသူဈေးသားတချို့နှင့် ဈေးဝယ်သူ တချို့က ပုဂံပြည့်ရှင် မင်းကျန်စစ်၏သမီး တပင်... မြနန်းရှင် ရွှေမင်းသမီး ရွှေအိမ်သည်မှန်း သိသွား... အရိုအသေ အလေးဂရုပြုမှုကြောင့် ဈေးကို ...

www.burmeseclassic.com

မထင်မရှားနှင့် နောက်ပါရံရွှေတော် သုံး,လေးယောက်ကိုသာ ခေါ်လာခြင်းကြောင့် ခမည်းတော်၏ အမာန်အကြိမ်း အဆူအပူကို ခံရမည်စိုးသောကြောင့်ပင် ဖြစ်သည်။

◆ ◆ ◆

ရွှေရုပ်သွင်က ရင်မှ နှလုံးသားတွင် ထင်ဟပ်ပါလာပြီး ချစ်ခြင်းမေတ္တာသမုဒ္ဒယ၏ နှောင်ကြိုးက တုပ်ငင်ဆွဲလိုက်သဖြင့် မွေးရပ်မြေနေရင်း ပန္နရပြည် ပဋိက္ကရားပြည် နန်းဆောင်မှာ အခြွေအရံပျော်တော်ဆက်များ၏ ဖျော်ဖြေမှု၊ စားကောင်းသောက်ဖွယ် စုံလင်မှုရှိပေမယ့် ပေါက်ကံရွှေပြည်၊ ပုဂံသူအလှကို တမ်းတ၍ နောက်တစ်ကြိမ် ကုန်သွယ်သသော်နှင့် လိုက်ပါနိုင်ရေးကို အမတ်ငယ် ရာဝဏ်တရာနှင့်ပင် တိုင်ပင်မိလေသည်။

ပေါက်ကံရွှေပြည်(ပုဂံပြည်တွင်) အနော်ရထာမင်းကြီး ယုံကြည်ကိုးကွယ်ခဲ့သည့် ထေရဝါဒဗုဒ္ဓဘာသာက အိန္ဒိယကို အခြေခံခဲ့သည်။ မဟာယနဆိုသည့် ဗုဒ္ဓဘာသာအယူတစ်ခုလည်း ပျံ့နှံ့နေသည်။ နောက်တစ်မျိုးဖြစ်သော တန္တရနှင့် သတ္တိဝါဒသည်လည်း ဗုဒ္ဓဘာသာ ထွန်းကားပျံ့နှံ့သည့် တိုင်းပြည်များသို့ ရောယှက်ပါဝင် ရောက်ရှိသည်။ တန္တရနှင့် သတ္တိဝါဒတို့မှာ ဘာသာရေး ရောနှောထားသော မှော်အတတ်၊ ဂါထာ၊ မန္တရား၊ အင်း၊ အိုင် မန်းမှုတ်ခြင်း၊ ရွတ်ဖတ်ခြင်းနှင့် ဂမ္ဘီရပညာရပ်ဟု သာမန်လူတို့ နားလည်ရန် လိုက်မီရန်ခက်သော အတတ်ပညာဖြစ်သည်။ ထိုပညာရပ်ကို အရိမဒ္ဒနာ ခေါ်တွင်သည့် ပုဂါရာမ၊ တစ်နည်း ပေါက်ကံပြည်မည်သော ပုဂံရွှေပြည်တွင် ထင်ပေါ်ကျော်ကြားခဲ့သော အရည်းကြီးတို့က တိတ်တဆိတ် သင်ယူလေ့ကျင့်ခဲ့ကြသည်။ ထိုမှပျံ့နှံ့၍ ကျန်ခဲ့သည်တွင် အနော်ရထာမင်းကြီးက အရည်းသာသနာကို ရှင်းလင်းပြီး ဗုဒ္ဓသာသနာထွန်းကားစေသော်လည်း တန္တရနှင့် သတ္တိဝါဒခံ ဂမ္ဘီရပညာ၊ မှော်အတတ် ဂါထာ အတတ်တို့က တစ်ဆင့်တိုး၍ ကျန်ရှိခဲ့သည်။

တိုင်းတစ်ပါးသားတို့က ရောက်ရာ အရပ်ဒေသနိုင်ငံတို့၏ အသွင်ဓလေ့စရိုက်၊ ကိုးကွယ်ယုံကြည်မှုများကို ရသလို လေ့လာကြသည်။ ပန္နရပြည် ပဋိက္ကရားပြည်သား ပဋိက္ကရာမင်းသားကလည်း ဘာသာကွဲ၊ လူမျိုးကွဲ ဖြစ်တော့ ပုဂါရာမ(ပုဂံပြည်)ကို ပထမအကြိမ် ရောက်စဉ်က လှည့်လှည်ကြည့်ရှုလေ့လာသည်။ ဒုတိယအကြိမ်ရောက်တော့ ပုဂါရာမ၏ အရည်းထွက် အဂ္ဂိရတ်ပညာရှင်နှင့် အလွမ်းသင့် အကြောင်းသင့်ခဲ့သည်။

ငယ်ပေါင်း အမတ်ငယ် ရာဝဏ်တရာကို ပုဂံရွှေပြည် ပုဂါရာမကို ထပ်သွားရန် တိုင်ပင်သည်တွင် ကုန်သည်အချို့နှင့် ပေါင်းစည်း၍ တိုင်းပန္နရပြည် ပဋိက္ကရားထွက် ပိုးဖဲကတ္တီပါ၊ ကော်ဇောတို့ကို ယူဆောင်၍ ကုန်သည်အသွင်ဖြင့် သွားသင့်သည်ဟု အကြံပေးသည်။ ပဋိက္ကရားမင်းသားက ဝမ်းမြောက်ဝမ်းသာဖြင့် ဈေးထဲမှ ရွှေရုပ်လှရှင်လေးကို ရှာရမည်။ ပုဂံရွှေပြည်မှာလည်း ရက်လကြာကြာ နေနိုင်ရေး၊ နေရရေးအတွက် ကျွန်စစ်သားမင်းကြီးကိုလည်း ကော်ဇော၊ ကတ္တီပါစတို့ကို လက်ဆောင်ပေးဝင်ရောက်ခစားမယ်လို့ပါ ကြံစည်စိတ်ကူးလိုက်သည်။

ပဋိက္ကရားမင်းသားက ကုန်သည်စက်သဘော်ရှင်တို့ကို ဆက်သွယ်ရာ ကုန်သည်တို့က ပြည့်ရှင်မင်း၏သားမင်းသားကိုယ်တိုင် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် လက်ဆောင်များနှင့် လိုက်မည်ဆိုခြင်းကြောင့် ဝမ်းပန်းတသာကြိုဆိုလက်ခံကြသည်။

နိုင်ငံကူးကုန်သည်တို့က သည်တစ်ခေါက် ပုဂံရွှေပြည်က လောကနန္ဒာဆိပ်တွင် ကုန်ပစ္စည်းများရောင်းချ ပိုမိုတင်ဆောင်လာကြသည်။ ဒါကလည်း ပဋိက္ကရားမင်းသား ပါလာ၍ပင်ဖြစ်သည်။ အပြန်ကုန်အတွက်လည်း ပြည့်ပြည့်ဝဝ ဝယ်ယူတင်ဆောင်နိုင်ကြမည်ဟု ရွှင်မြူးကြသည်။ ပုဂံပြည် လောကနန္ဒာဆိပ်ကမ်းတွင် ကုန်သဘော်များ ဆိုက်ကပ်လာသည်နှင့် မင်းမှုထမ်းများ အကောက်ဆိပ်ဝန်ထမ်းများ၊ ကုန်သည်များပါ ရောက်လာကြသည်။ ပဋိက္ကရားမင်းသားနှင့် အမတ်ငယ် ရာဝဏ်တရာအပါအဝင် နောက်ပါလူပျိုသားတို့နှင့် ကုန်းပေါ်တက်လာသည်။ အခြွေအရံတို့ကို အမတ်ရာဝဏ်တရာကြီးကြပ်ပြီး ကော်ဇောများ၊ ကတ္တီပါစ အလိပ်များကို ထမ်းယူစေသည်။

နန်းဝတွင် စောင့်နေသော အစောင့်အကြပ်တို့ကို အမတ်ငယ် ရာဝဏ်တရာကပင် ပဋိက္ကရားမင်းသားကိုယ်စား အိန္ဒိယတိုင်း၊ ပန္နရပြည်(ပဋိက္ကရား)ပြည်ထွက် ကော်ဇောနှင့် အထည်အဝတ်တို့ကို ပြ၍-

'ရဲမက်တို့..ဒါဟာ ပန္နရပြည် အိန္ဒိယတိုင်းထွက်များ ဖြစ်ပါတယ်။ မင်းကြီးကျွန်စစ်ကို လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဆက်သရန် ပဋိက္ကရားမင်းသားကိုယ်တိုင်ပင် ပါရှိပြီး ချစ်ကြည် ဧည့်များ ဖြစ်ပါတယ်'

'အသင်ကရော အဘယ်သူ ဖြစ်ပါအံ့'

'ကျွန်ုပ်ကား ပဋိက္ကရားမင်းသား၏ ငယ်ပေါင်းရဲရွှေ အမတ်ငယ် ရာဝဏ်တရာပင် ဖြစ်ပါတယ်'

မင်းချင်းတစ်ယောက် နန်းဆောင်အတွင်း ဝင်ရောက်သံတော်ဦးတင်ပြီး ပြန်ထွက်လာ-

'တစ်နိုင်ငံမင်းသားနှင့် အပေါင်းပါတို့..မင်းတရားကြီးက ဝင်ရောက်ခွင့်ပြုလိုက်ပါတယ်'

ပဋိက္ကရားမင်းသားနှင့် အမတ်ငယ် ရာဝဏ်တရာ ဦးဆောင်သည့် မင်းမှုထမ်းများက ကော်ဇောအလိပ် အဝတ်အထည်ပိတ်စများနှင့် နန်းတွင်းဧည့်ဆောင်တော်ကို ဝင်ကြသည်။ ကျန်စစ်သားမင်းနှင့် မိဖုရားလေးပါးမှ အပယ်ရတနာ မိဖုရားနှင့် သမီးတော် ရွှေအိမ်သည်တို့က ဧည့်ခန်းဆောင်တွင် စံမြန်း၍ ဧည့်သည်တို့ကို တွေ့ဆုံလေသည်။

ပဋိက္ကရားမင်းသားက သူ့အတွက် ထားပေးသော နေရာတွင် ဝင်ထိုင်ရင်း ဧည့်ဆောင်တော်ကို မျက်လုံးဝေ့ဝဲကြည့်ရင်း ကျန်စစ်မင်းကြီးကို အရိုအသေပြုပြီး မင်း၊ မိဖုရားနှင့် ကျန်သူကို ကြည့်လိုက်ရာ-

'အဘား..ငါ ဈေးထဲမှာ တစ်ခါ တွေ့လိုက်တဲ့ အလှရှင်က မင်းကြီးရဲ့သမီး။ အိုကွယ်..လှလိုက်ပါဘိလား'

တဒင်္ဂ အငေး,အငေး နှစ်ခုက ပြိုင်သွားသည်။ ထောတွင်ပင် ကျန်စစ်မင်းကြီးနှင့် နှစ်နိုင်ငံအကြောင်းများ၊ ပြည်သူပြည်သား အကြောင်းများကို အမတ်ငယ် ရာဝဏ်တရာကတစ်လှည့်၊ ပဋိက္ကရားမင်းသားကတစ်လှည့် ပြောဆိုလျှောက်ထားကြသည်။ ပုဂံ၏ အကြောင်းများကို ပုဂံနန်းတွင်း အမတ်ငယ် ကြံသိုင်းက ပြောဆိုရှင်းပြသည်။ အမတ်ကြံသိုင်းနှင့် ရာဝဏ်တရာတို့က အသက်ရွယ်တူ အမတ်ရာထူးလည်း တူကြသူများဖြစ်၍ လွန်စွာမှ ခင်မင်သွားကြသည်။ ပြန်ချိန်တန်၍သာ ပြန်လာရသည်။

ပဋိက္ကရားမင်းသားက-

'ရာဝဏ်ငယ်..ငါ ဘယ်လိုကြံရမလဲ။ ရွှေအိမ်သည် မင်းသမီးကို ရဖို့အရေး အကြံပေးပါဦး'

'မင်းသားရယ်..ဒါများ မခဲယဉ်းပါဘူး။ အမတ်ကြံသိုင်းနဲ့ပဲ ပြီးလောက်ပါတယ်။ အမတ်ကြံသိုင်း သွားနေကျ ဆရာသခင်ဆီကို လိုက်သွားတာပေါ့'

'အေးပါ ရာဝဏ်ရယ်၊ မင်းအကြံအတိုင်း ငါလုပ်ပါမယ်။ ရွှေအိမ်သည် နီးစပ်ရင် တော်ပါပြီ။ ဖခမည်းတော်(အပါ)ကိုလည်း ဖွင့်ပြောတောင်းခိုင်းလို့လည်း မရလောက်ဘူးလေ'

'ကဲပါ မင်းသားရယ်၊ ရာဝဏ် လုပ်ပါမယ်'

နောက်တစ်နေ့တွင် ပဋိက္ကရားမင်းသားနှင့် အမတ်ငယ် ရာဝဏ်တရာတို့က အမတ်ကြံသိုင်း ထွက်လာသည့်အနောက်မှ လိုက်လာကြသည်။ အမတ်ကြံသိုင်းက ရှေ့ရှုသွားနေသည့်နေရာမှာ ပဋိက္ကရားမင်းသားနှင့် အမတ်ရာဝဏ်တို့နှင့် ရင်းနှီးသော ဂမ္ဘီရဆရာသခင်ဖြစ်သည်။ ဖိုရုံထဲတွင် အဂ္ဂိရတ်ဖိုထိုးနေသော ဆရာသခင်ဆီကို အမတ်ကြံသိုင်းကဝင်၍ အရိုအသေပြုပြီး ထိုင်လိုက်သည်။

'ဆရာသခင်..ကျန်းမာရဲ့လား'

'အိမ်း..မင်းသားငယ်၊ ကျန်းမာပါရဲ့။ လာကွယ့်၊ လာကြ'

'ဟုတ်ပါ့ ဆရာသခင်'

'အသင်မင်းသား..ဒီဘက်ကိုကြွပါ။ အမတ်ရာဝဏ်လည်း လာပါ။ ဆရာသခင်နဲ့ ရင်းနှီးကြတာကိုး'

'ဟုတ်ပါတယ် ကြံသိုင်းအမတ်.. ဆရာသခင်အတွက် ခဲ၊ ပြဒါးများ ကူညီမှု ပေးနေကျပါ'

'ဟာ..ကောင်းတာပေါ့ မင်းသားရယ်'

ခေတ္တပြောဆို နေထိုင်ကြပြီး ဆရာသခင်ကို နှုတ်ဆက်ပြီး အရိုအသေပြု၍ ပြန်လာကြသည်။ အပြန်တွင် အမတ်ကြံသိုင်းကို လောကနန္ဒာရေဆိပ်မှ ကုန်သင်္ဘောဆီ ခေါ်သွားပြီး ကော်ဇောနှင့် ပိုးပိတ်တို့ကို လက်ဆောင်ပေးလေသည်။ အစားအသောက်များနှင့်ပါ ကျွေးမွေးဧည့်ခံလိုက်သည်။ ရွှေအိမ်သည်အတွက် ပိတ်စများ၊ ရေမွှေးများပါ လက်ဆောင်ထည့်ပေး၍ စကားလက်ဆောင်ပါးလိုက်သည်။

နှလုံးသားရင်ပြင်မှာ တစ်ခဏအမြင်က ထာဝရလည်း ဖြစ်နိုင်သည် ဆိုသည်။ ရွှေအိမ်သည်အတွက်ရော ပဋိက္ကရားမင်းသားအတွက်ပါ မှန်နေသည်ပင်။ ကြားမှ အမတ်ကြံသိုင်းကလည်း ကူပံ့သည်။ ဒါကြောင့် နှစ်ကိုယ်နီးဖို့ အရေးက အခွေးမဖက် ရှေးရေစက်လို့ပဲ [illegible] မလား။

www.burmeseclassic.com

www.burmeseclassic.com

လောကနန္ဒာ ရေဆိပ်ကို ရွှေအိမ်သည်မင်းသမီးက ရောက်လာတတ်သလို ဈေးရပ်ကို ပဋိက္ကရားမင်းသားက ကြို၍ရောက်တတ်ပြီး အမတ်ကြီးသိုင်း၏ အိမ်ခြံဝင်း ဒန်း ပုခက်ပေါ်မှာလည်း ချစ်တင်းနှောလို့ သစ္စာတိုင် မခွဲရေး ကို ပြောကြဆိုကြသည်။

'ရွှေအိမ်သည်··မောင်က မခွဲနိုင်လို့ အပါ(ဖခမည်း တော်)ကို ပြောဆိုနိုင်းချင်နေပြီ'

'အို··နှမတော်ရယ်၊ နှစ်ပြည် တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ဖို့က နိုင်ငံရပ်ခြား ဖြစ်နေတယ်လေ'

'အဲဒီအရေးကြောင့် မောင်ကလည်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေရတယ်။ မောင်က ရွှေအိမ်သည်ကို မခွဲနိုင်ဘူးလေ'

ရွှေအိမ်သည်နှင့် ပဋိက္ကရားမင်းသားတို့၏ ချစ်ခရီး လမ်းက လူမျိုးဘာသာတရားတွင်မဟုတ်၊ ရေမြေပါ ခြား နေ၍ ယိုင်နဲ့သောအခြေ မျက်ရည်မိုးဆွေရသည်က ရွှေ အိမ်သည်ပင် ဖြစ်သည်။

တွေ့ဆုံပြီးခေတ္တ ကြည်နူးမှုရဲ့နောက်က သောကအပူ ကို ရင်မှာ ပိုက်ထားရသည့် ချစ်သူနှစ်ဦးမှာ အချိန်တွေ



ကုန်၍ ရက်တွေ ကုန်သွားသည်။ ကုန်ရောင်းကုန်ဝယ်တို့ စက်သင်္ဘောများပင် နောက်တစ်ခေါက် ရောက်လာကြ သည်။ ကုန်သွယ်သင်္ဘောတစ်စင်းနှင့် လိုက်ပါလာသော ပန္နရပြည်(ပဋိက္ကရားပြည်)မှ မင်းမှုထမ်းတို့က ပဋိက္ကရား မင်းသားကို ပြန်လည်ခေါ်ဆောင်ရန် ဘုရင်ကြီး၏အမိန့် ပါလာသည်။

'အရှင်မင်းသားနဲ့ အမတ်ရာဇဏ်တရာပါ နိုင်ငံကို ပြန်လိုက်ခဲ့ဖို့ အမိန့်ပါလာပါတယ်'

'အေးလေ၊မောင်မင်းတို့ ငါရော အမတ်ငယ် ရာဇဏ် ရော နောက်ပါတို့ပါ ပြန်လိုက်ပါ့မယ်။ အခု ဆရာသခင် ကို နှုတ်ဆက်ပါရစေ'

ပဋိက္ကရားမင်းသားကို ချစ်ခင်ကြသည်။ မင်းမှုထမ်း တို့က အမတ်ငယ် ရာဇဏ်တရာနှင့် လောကနန္ဒာသင်္ဘော ရေဆိပ်ကပင် စောင့်နေကြသည်။ ပဋိက္ကရာမင်းသားက အတွေးတစ်ခုနှင့် ဆရာသခင်ရှိရာကို ထွက်လာခဲ့သည်။

'အိမ်း··မင်းသားငယ်၊ မျက်နှာလည်း မရွှင်မပျနဲ့။ ဘာသောက ရောက်နေလဲ'

'မှန်ပါတယ် ဆရာသခင်။ ပါပါ(ဖခမည်းတော်)က ပြန်လာဖို့ လူလွှတ်ခေါ်လို့ပါ'

'အိမ်း··မင်းသားငယ်က ဒီပုဂံမြေမှာ ပျော်လို့လား။ သံယောဇဉ်တွယ်မိလို့လား'

'မှန်ပါတယ် ဆရာသခင်။ ပျော်မွေ့တာရော သံ ယောဇဉ်ပါ နှောင်တဲမိနေလို့ပါ'

'အိမ်း··အိမ်း··ကဲ··အဲဒါဆိုလည်း လိုအပ်တဲ့ အခါ မှာ သုံးဖို့ ဆရာသခင်က ဒီပြဒါးရှင်လုံးကို ပေးလိုက် မယ်။ ပါးစပ်ထဲကို ထည့်ငုံရင် လိုရာခရီးကိုရောက်တယ်။ လက်ထဲမှာ ဆုပ်ကိုင်ထားရင် ရန်ကင်းပြီး ချမ်းသာနဲ့ ပြည့်စုံတယ်ကွယ့်'

'ဟုတ်ကဲ့ ဆရာသခင်၊ ကျေးဇူးကြီးပါတယ်။ တစ် ခါတည်း နှုတ်ဆက်ခဲ့ပါတယ် ဆရာသခင်'

'အိမ်း··အိမ်း'

ပဋိက္ကရားမင်းသားက ဆရာသခင်ကို နှုတ်ဆက်၍ ပေးလိုက်သော ပြဒါးရှင်လုံးကိုယူပြီး ပြန်ခဲ့သည်။

◆◆◆

ကျန်စစ်သားမင်းသည် အမြော်အမြင်ကြီး၍ သမီး တော် ရွှေအိမ်သည်နှင့် တိုင်းတစ်ပါးသား ပဋိက္ကရား



www.burmeseclassic.com

www.burmeseclassic.com

မင်းသားတို့ နှစ်သက်စုံမက်နေသည်ကို သိထား၍ ပုဂံပြည်ဖွား စောယွမ်းမင်းသားနှင့် စုလျားရစ်ပတ် ထိမ်းမြားပေးရန် အကြောင်းကြောင်းကိုတွေး၍ ဆုံးဖြတ်ချက်ချလိုက်သည်။ စောယွမ်းမင်းသားသည် စောလူးမင်း၏ သားတော်ဖြစ်သည်။ တစ်ချိန်က စောလူးမင်းသားအထံတွင် ကျန်စစ်သားက မင်းမှုထမ်းပြုရင်းမှ ရန်သူတော် ငရန်မန်၏ လက်တွင်းမှ ကယ်တင်သော်လည်း စောလူးမင်း၏ အမြင်မကြည် မယုံစားမှုကြောင့် ကျန်စစ်သားမှာ စောလူးမင်းကို ငရန်မန်၏ လက်တွင်း၌ ထားခဲ့ရသည်။ စောယွမ်းငယ်က အနော်ရထာမင်းကြီး၏မြေးတော် ကျန်စစ်မင်းက အနော်ရထာမင်း၏ ကျေးဇူးတွေကို အောက်မေ့လိုက်သည့်အတွက် ခြေတစ်ဖက်မသန်သော စောယွမ်းမင်းသားနှင့် သမီးတော် ရွှေအိမ်သည်ကို စုလျားရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။

ပဋ္ဋိက္ကရားမင်းသားမှာ တိုင်းပြည်ကို ပြန်ရောက်ပြီး နှလုံးမရွှင် မပျော်မွေ့ဘဲ နေနေရသည်။ စိတ်က ပုဂံရွှေပြည်မှ ရွှေအိမ်သည်၏အထံတွင် ရစ်ဝဲနေသည်။ အချိန်ရလျှင် ပုဂံရွှေမြို့တော်ကို ပြန်သွားရေးကိုပဲ ကြံစည်စဉ်းစားနေသည်။

ရက်ပေါင်း အတော်ရှည်ကြာခဲ့ပြီ။ ပဋ္ဋိက္ကရားမင်းသားမှာ နန်းတွင်းရှိ အခြွေအရံတို့၏အလစ် ဖခမည်းတော်ကြီး၏ အမှုမဲ့အမှတ်မဲ့ အချိန်ကို စောင့်နေရသည်။

ယနေ့တော့ အားလုံးက အကြောင်း,အကြောင်းတွေပေါ်နေကြ၍ ပဋ္ဋိက္ကရားမင်းသား၏ အဆောင်တွင် မင်းမှုထမ်းများရော အခြွေအရံများပါ ရှိမနေကြပေ။ ပဋ္ဋိက္ကရားမင်းသားက ဆရာသခင်ပေးလိုက်သော ပြဒါးရှင်လုံးကို ပါးစပ်ထဲ ထည့်ငုံပြီး အဆောင်တံခါးကိုဖွင့်၍ ကောင်းကင်ခရီးကိုတက်ပြီး ပုဂံပြည်ဘက်ကို ရှေးရှုပြီး ပျံလာခဲ့သည်။

ပဋ္ဋိက္ကရားမင်းသားအတွက်က မြင်မြင်သမျှတွေက ထူးဆန်းအံ့ဘနန်းပင် ဖြစ်ရသည်။ မြေပြင်ကို ကောင်းကင်ပေါ်မှ ကြည့်မြင်ရသဖြင့်လည်း ကြည်နူးမှု ဖြစ်ရသည်။ မြစ်ရေပြင်တွင် လှေ၊ စက်သင်္ဘော၊ ရွက်လွှင့်ရထဲသွားသည့် ဖောင်ကအစ တောတောင်ကိုပါ မြင်ရသောကြောင့်ပင် ဖြစ်သည်။ အတော်ပင် ခရီးပေါက်ပြီး ပုဂံပြည်ကိုပင် ရောက်လာခဲ့သည်။ ကောင်းကင်မှပင် ရွှေနန်းတော်ကြီးကို တစ်ပတ်ပြည့်အောင် လှည့်ပတ်၍ ကြည့်ပြီး နန်းရင်ပြင်မှာ လူစုလူဝေးနှင့် စည်ကားနေသည်ကိုကြည့်ပြီး မြို့ရိုး၏အလွန် ကျုံးနံဘေး ညောင်ပင်ကြီးအနီးတွင် ဆင်းရပ်လိုက်သည်။

မြို့တွင်းမှ ထွက်လာကြသော ရဟန်းတော် သုံး,လေးပါးကို တွေ့သဖြင့် အနားကို လျှောက်သွားပြီး-

"အရှင်ရဟန်းတို့..ဘယ်က လာကြပါသလဲ"

"မြို့တွင်း နန်းတော်ကြီးက လာတာပဲ တပည့်သားရေ"

"သြော်..အင်း..အင်း"

ပဋ္ဋိက္ကရားမင်းသားက ပါးစပ်ထဲမှထုတ်၍ ကိုင်ထားသော ပြဒါးရှင်လုံးကို ပါးစပ်ထဲကို ပြန်ထည့်ပြီး ခြေအစုံက မြေပြင်နှင့်လွတ်ပြီး လေအရှိန်နှင့် ပျံတက်လိုက်သည်။

ရဟန်းတို့က ပဋ္ဋိက္ကရားကိုကြည့်ပြီး ဘာတန်ခိုးနှင့် မိုးပေါ် ပျံနိုင်တာလည်း စဉ်းစားရင်း-

"အေး..မိုးပေါ်ပျံနိုင်တဲ့ တစ်ပြည်သားရေ၊ နန်းရင်ပြင်မှာ ကျင်းပနေတဲ့ ဘုရင်ကြီးကျန်စစ်မင်းရဲ့သမီးတော် ရွှေအိမ်သည်ရဲ့ မင်္ဂလာပွဲကို ရောက်အောင် သွားလိုက်ပါလား"

မြေပြင်မှ လှမ်းအော်ပြောလိုက်သော ရဟန်းတို့၏ စကား ကြားလိုက်သော ပဋ္ဋိက္ကရားမင်းသားမှာ ရဟန်းတို့ကို ငုံ့ကြည့်လိုက်ပြီး နှုတ်မှ ဟိုက်ဟု အသံမြည်သွားပြီး ပါးစပ်ထဲမှ ငုံထားသော ပြဒါးရှင်လုံးမှ ထွက်ကျသွားပြီး လူခန္ဓာကိုယ်ကပါ ကျွမ်းထိုးမှောက်ခုံ ခြေလွတ် လက်လွတ်နှင့် အောက်မှာရှိသော ဝါးရုံတောထဲကို ကျသွားရာ ဝါးပင်ညပ်၍ ငြိမ်သက်သွားလေသည်။

ပဋ္ဋိက္ကရားမင်းသားမှာ အဖိုးတန်သိဒ္ဓိပြီးသော ပြဒါးရှင်လုံးကို ရရှိပိုင်ဆိုင်ထားသော်လည်း အချစ်၏ ဇာကြောင့် အသက်ပါ ဆုံးရှုံးရသောအဖြစ်ကို ရောက်ရှိသွားသည်ကို ရွှေအိမ်သည်မင်းသမီးလေးကဖြင့် မသိနိုင်ဘဲ ချစ်သူနှင့် ကွေကွင်း၍ မချစ်မနှစ်သက်သော စောယွမ်းမင်းသားနှင့် ပေါင်းဖက်ရသည့် သောကများနှင့် ဘဝကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရပေတော့မည်။

**စိုးယဉ်ထွန်း**

*(မှန်နန်းရာဇဝင် ဓာတ်တော်ကြီးကို ဖတ်၍ သမိုင်းနောက်ခံယူပြီး ရေးဖွဲ့ပါသည်။)*

www.burmeseclassic.com

# ကိုကိုလတ် (ဆည်မြောင်း)

# လူစကားပြောသော ကြောင်





ကျွန်တော့်ဘဝတွင် ကိုယ်တွေ့ကြုံခဲ့ဖူးသည့် ထူးခြားဆန်းကြယ်သော အတွေ့အကြုံများ များစွာရှိသည့်အနက် ဤအတွေ့အကြုံသည် အလွန်ရှားပါးပြီး တစ်သက်တွင် တစ်ကြိမ် ကိုယ်တွေ့ကြုံရန် ခဲယဉ်းပါလိမ့်မည်။ စာရှုသူ မိတ်ဆွေလည်း တွေ့ကြုံဖူးမည် မထင်ပါ။ ကျွန်တော် ရှားရှားပါးပါး တွေ့ကြုံခဲ့သည်မှာ လူစကားပြောသော ကြောင်တစ်ကောင် ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မီးလောင်လုနီးအချိန်က မြန်မာစကားတတ်သော ကျီးတစ်ကောင် ပေါ်ခဲ့ဖူးသဖြင့် မြန်မာ့အသံမှပင် အသံလွှင့်ခဲ့ဖူးကြောင်း၊ ထို့ပြင် ဦးဘဆိုသူအား "ဦးဘ ဘယ်လဲ" ဟု သုံးခွန်းတိတိ လှမ်းမေးသော ကြောင့် ဦးဘလည်း နွားက လူစကားပြော

ကို ထိတ်လန့်ပြီး မကြာမီ ကွယ်လွန်သွားသည်

ကြားဖူးကြောင်း၊ ထီးချိုင့်မြို့ တည်တောဆရာတော်

ကြီးက လူစကားပြောသော တိရစ္ဆာန်များ ဆောင်

ဖော်ပြထားသည်ကို ဖတ်ရှုဖူးပါသည်။

www.burmeseclassic.com

ဘုရားရှင်လက်ထက်ကလည်း တိရစ္ဆာန်များ၊ လူတို့ဘာသာစကားကို ပြောကြားခြင်း မရှိခဲ့ကြပါ။ မြေခွေး၊ ဆိတ်၊ သမင် စသည်တို့ လူ့ဘာသာပြောသည်ဟု ကျမ်းနိပါတ်လာသည်မှာ နှစ်ပေါင်းကုဋေသိန်းသန်းမကလွန်မှ တစ်ခါတစ်ရံ မဖြစ်ဖူးမြဲဖြစ်သော အစ္ဆရိယအဗ္ဘူလဓမ္မ အံ့ဩဖွယ် ဆန်းဆန်းကြယ်ကြယ်ဖြစ်ခြင်းဟု မှတ်သားဖူးပါသည်။ ထို့ပြင် ဤကဲ့သို့ ပြောဆိုသည့် ဖြစ်ခြင်းမျိုးနှင့် ဤကဲ့သို့ ဖြစ်ခြင်းသည် ရှေးကသာမဟုတ်ဘဲ ယခုကာလ၌ဖြစ်ကြောင်း သတပဒီကပုစ္ဆာဝိသဇ္ဇနာကျမ်းတွင် ပါရှိကြောင်းကိုလည်း ဆရာတော်ရဝေထွန်း၏ ဆောင်းပါး၌ ဖတ်ဖူးပါသည်။

ထိုသို့ နှစ်ပေါင်းများစွာကြာပြီး တစ်ခါတစ်ရံမှသာ ဆန်းဆန်းကြယ်ကြယ် ဖြစ်တတ်သော အံ့ဩဖွယ်ဖြစ်ရပ်တစ်ခုကို ကျွန်တော်ကိုယ်တိုင် လွန်ခဲ့သော(၁၄)နှစ်က တွေ့ကြုံခဲ့ဖူးသည်ဆိုလျှင် စာဖတ်သူ ယုံကြည်နိုင်ပါမည်လော။

မယုံမရှိပါနှင့် မိတ်ဆွေ။ ၄င်းဖြစ်ရပ်မှာ ထိုအချိန်က မန္တလေးအနီးတစ်ဝိုက်တွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပြီး ယနေ့တိုင် ၄င်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ရာ အရပ်ဒေသ၌ ကိုယ်တွေ့ကြုံခဲ့သူများ ရှိနေကြသေးသဖြင့် အရပ်ဒေသ အတိအကျ ရေးသားဖော်ပြလိုက်ပါသည်။ ထို့အပြင် ထိုစဉ်က ကျွန်တော်နှင့်အတူ လိုက်ပါ၍ ၄င်းကြောင်အား ကိုင်တွယ်ကြည့်ရှုစစ်ဆေးခဲ့သူမှာလည်း ယနေ့တိုင် သက်ရှိထင်ရှား တပ်မတော်၌ တာဝန်ထမ်းဆောင်လျက် ရှိနေသေးသဖြင့် ၄င်းပုဂ္ဂိုလ်၏ (ထိုစဉ်က) ရာထူးနှင့် အမည်များအတိုင်း အထောက်အထားခိုင်လုံစေရန်အတွက် ရေးသားဖော်ပြအပ်ပါသည်။

အခန်း(၁)

(၁၉၉၄)ခုနှစ်က မန္တလေး ကျုံးတော်ကြီးအား နှစ်ပေါင်း(၁၀၀)ကျော်အတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုဖြင့် အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ ဗျူဟာမှူး (ထိုစဉ်က) ဗိုလ်မှူးကြီးသန်းထွန်း (ယခု အမတ်ကြီး)က ဦးစီး၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်က ရွှေနန်းတော်ကြီး တည်ဆောက်ရေးစီမံကိန်းတွင် ပစ္စည်းရှာဖွေစုဆောင်းရေး တာဝန်ခံအဖြစ် ဆောင်ရွက်နေသော ကျွန်တော်သည် မန္တလေး ကျုံးတော်ကြီး ပြန်လည်တူးဖော်ရေး စီမံကိန်းတွင်လည်း ဘိလပ်မြေ၊ ကျောက် စသည်များအား တာဝန်ခံ၍ ရှာဖွေပေးရသည့် ပစ္စည်းရှာဖွေစုဆောင်းရေး တာဝန်ခံအဖြစ် ပူးတွဲတာဝန်ယူ၍ ဆောင်ရွက်ပေးရပါသည်။

မန္တလေး ကျုံးတော်ကြီးကို (၁၉၉၄)ခုနှစ်၊ ဧပြီလမှ စတင်၍ တူးဖော်ခဲ့ပါသည်။ အပိုင်း(၄)ပိုင်းခွဲ၍ တူးဖော်ခဲ့ရာ နိုဝင်ဘာလလောက်အထိ တူးဖော်ခဲ့ရပါသည်။ ၄င်းကျုံးတော်ကြီး တူးဖော်ရေးလုပ်ငန်းတွင် ဘေးဆလံများ ကျောက်ကြီးစီခြင်း လုပ်ငန်းအတွက် လိုအပ်သော ဘိလပ်မြေကို စစ်ကိုင်းတံတားအနီးရှိ ရွှေကြက်ယက်ဆိပ်ကမ်းမှ သွား၍ သယ်ယူရပါသည်။

တစ်ရက်။ ရက်စွဲကိုတော့ အတိအကျ မမှတ်မိတော့ပါ။ (၁၉၉၄)ခုနှစ်၊ ဩဂုတ်လလောက်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ကျွန်တော်သည် ဘိလပ်မြေအိတ်များတင်ရန် ကားကြီး(၅)စီးဖြင့် ရွှေကြက်ယက်ဆိပ်ကမ်းသို့ ထွက်လာခဲ့ရာ ရွှေကြက်ယက်ရွာထဲရှိ ရွာလမ်းမကြီးပေါ်၌ ကားငယ်လေးများ အစီး(၂၀)ခန့် ရှေ့ဆင့်နောက်ဆင့် တန်းစီပြီး ရပ်နေကြသဖြင့် လမ်းပိတ်နေပါသည်။ ကားများရပ်၍ တပည့်တစ်ဦးအား သွားရောက်စုံစမ်းစေသောအခါ ရွှေကြက်ယက်ကျေးရွာရှိ စစ်ကိုင်းတံတားအနီး တဲအိမ်တစ်အိမ်တွင်ရှိသော လူစကားပြောသည့် ကြောင်အား လာ၍ကြည့်ကြသည့် အနယ်နယ်အရပ်ရပ်မှ ကားများဖြစ်ကြောင်း၊ ရှေ့တွင်လည်း ကားများ ရှိနေသေးသဖြင့် အလှည့်ကျကြည့်ရှုရကြောင်း၊ ကျွန်တော်တို့ကားများ (၁) နာရီခန့် စောင့်ရဦးမည်ဖြစ်ကြောင်း သိရ၍ ကျွန်တော် အလွန်အံ့ဩသွားပါသည်။ ကြောင်က လူစကားပြောသည်ဆို၍ ကျွန်တော် လုံးဝမယုံကြည်ပါ။ သို့သော် ၄င်းကြောင်ကိုကြည့်၍ ပြန်လာသူများထံ စုံစမ်းကြည့်သောအခါ မှန်ကန်ကြောင်း ၄င်းတို့က ပြောနေကြသဖြင့် ကျွန်တော့်မှာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေပါသည်။

ထိုနေ့ ညက အမှတ်(၂)စစ်ဗျူဟာအဖွဲ့ အစည်းအဝေးခန်းမတွင် အစည်းဝေးပွဲပြီးစီးပြီးနောက် အာလာပသလ္လာပ စကားပြောဆိုနေကြစဉ် ကျွန်တော်က ရွှေကြက်ယက်ကျေးရွာ၌ ကြားသိခဲ့ရသော ကြောင်သတင်းအား ဖြန့်လိုက်ပါသည်။

www.burmeseclassic.com

ထိုအခါ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ ထိုစဉ်က ဗိုလ်ကြီးဇော်မြင့်ဦးက-

'ကျုပ်တော့ မယုံဘူးဗျ။ ဘယ့်နှယ် ကြောင်က လူစကား ပြောရတယ်လို့။ ခင်ဗျား ယုံလား'

ဟု ကျွန်တော့်အား ပြန်၍မေးနေသဖြင့် ကျွန်တော်က-

'ကျွန်တော်လည်း မယုံပါဘူး ဗိုလ်ကြီးရာ။ ဒါပေမဲ့ ယုံတဲ့လူတွေ သွားလာနေကြတာ ဟိုမှာ ဈေးတန်းတောင် ဖွင့်ထားတယ်တဲ့။ လာတဲ့လူတွေ စားကြသောက်ကြရအောင် မုန့်ဆိုင်တို့ အအေးဆိုင်တို့ ဖွင့်ထားသတဲ့။ နောက်ပြီး လာနေကြတဲ့ လူတွေကလည်း ကျွန်တော့်မျက်စိအောက်မှာကို မနည်းဘူးဗျ။ ကားတွေကို တန်းစီပြီး စောင့်နေရတာ' ဟု ပြောလိုက်ပါသည်။

ထိုအခါ ဗိုလ်ကြီးဇော်မြင့်ဦးက-

'ကိုင်း..ဒါဆိုရင် မနက်ဖြန် ခင်ဗျားနဲ့ ကျွန်တော် မနက်ပိုင်းလောက် အဲဒီကြောင် သွားကြည့်မယ်ဗျာ။ ခင်ဗျား အိမ်ကစောင့်နေ။ ကျုပ် ခင်ဗျားဆီ လာခဲ့မယ်' ဟု ပြောပြီး ကျွန်တော်တို့ ထိုညက စကားဖြတ်ခဲ့ကြပါသည်။

## အခန်း(၂)

နောက်တစ်နေ့ နံနက်(၁၀)နာရီခန့်တွင် ဗိုလ်ကြီးဇော်မြင့်ဦး အရပ်ဝတ်ဖြင့် သူ့ကားလေးကို ကိုယ်တိုင်မောင်းပြီး ကျွန်တော့်အိမ်ကို ရောက်လာပါသည်။ အရန်သင့်စောင့်နေသော ကျွန်တော်က သူရောက်ရောက်ချင်း ကားပေါ်သို့ တက်လိုက်သည်။ ထို့နောက် ကျွန်တော်တို့ ရွှေကြက်ယက်ကျေးရွာသို့ ရောက်သောအခါ စစ်ကိုင်း တံတားဘက်သို့ ဆက်၍မောင်းရပါသည်။

တွေ့ပါပြီ။ ရှေ့နားမှာ လူအုပ်ကြီး၏ရှေ့တွင် ငှက်ပျောပင်စိုက်၊ သဲဖြူခင်းပြီး ရာဇမတ်ကာထားသည့် မဏ္ဍပ်လေးတစ်ခု၊ မဏ္ဍပ်အတွင်း၌ ခုတင်တစ်လုံးခင်းထားပြီး ၎င်းပေါ်တွင် ငှက်ပျောပွဲ၊ အုန်းပွဲများ တင်ထားသည်။ မဏ္ဍပ်၏နောက်တွင် တဲငယ်တစ်လုံးရှိသည်။ ကန်တော့ပွဲအနီးတွင် ငွေစက္ကူများ ပြန့်ကျဲနေသည်။ ၎င်းငွေစက္ကူများအား အသက်(၁၅)နှစ်အရွယ်ခန့် ကောင်မလေးတစ်ယောက်က လိုက်လံကောက်ယူပြီး ငွေဖလားကြီးထဲသို့ ထည့်နေသည်။ လူအုပ်ကြီးကလည်း များသည်။ အချို့မှာ မတိုးနိုင်သဖြင့် လူရှင်းမှကြည့်ရန် ရည်ရွယ်ချက်ဖြင့် ဘေး မှ အအေးဆိုင်များ၊ စားသောက်ဆိုင်များတွင် ထိုင်နေကြ သည်။ ကျွန်တော်နှင့် ဗိုလ်ကြီးတို့နှစ်ဦး တိုးဝှေ့ဝင်ရောက်ပြီး ရှေ့ဆုံးသို့ ရောက်လာကြသည်။ ကြောင်ကို အနီးကပ် မြင်ရပြီ ဖြစ်သည်။

ကြောင်မှာ အဝါရောင်ဖြစ်ပြီး အသက်တစ်နှစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းပါသည်။ အထီးလား၊ အမလား အသေ အချာ မမှတ်မိတော့ပါ။ အထီးဟု ထင်ပါသည်။ (၁၅)နှစ် အရွယ် ကောင်မလေးက ကြောင်ကို ပွေ့ထားပါသည်။ ကျွန်တော်တို့နှစ်ယောက် ကြောင်နှင့် အနီးဆုံးနေရာသို့ ရောက်ရှိနေစဉ် လူအုပ်ထဲမှ အသက်(၂၅)နှစ်ခန့်ရှိသော လူငယ်တစ်ယောက် ထွက်လာပြီး ငွေစက္ကူနှစ်ရွက်ကို လက်တစ်ဖက်စီ ခွဲကိုင်၍ ကြောင်အား ပြကာ 'ဟေ့ ကောင်..ရာတန်နဲ့ နှစ်ဆယ်တန် ဘယ်ဟာယူမလဲ' ဟု မေးလိုက်ရာ ကြောင်က 'အာ..အန်' ဟု လူများ စကား မပီတပီပုံစံမျိုးဖြင့် အော်၍ပြောရာ လူများ ဝိုင်း၍ရယ်ကြ ပြီး ထိုလူငယ်က ကြောင်အား ဆုချသွားပါသည်။

ထိုလူငယ် မေးပြီးနောက် အသက်(၄၀)ခန့်ရှိသော ဘုန်းကြီးတစ်ပါး ရှေ့သို့ တိုးထွက်လာပြီး ကြောင်အား လှမ်းမေးပါသည်။

'ဟေ့ကောင်..ဘုန်းဘုန်းကို ဘုရားရှိခိုးပြစမ်း' ဟု ပြောလိုက်ရာ ကြောင်ကိုပွေ့ထားသည့် ကောင်မလေး ကြောင်ကို ခုတင်ပေါ်သို့ ချပေးလိုက်ပါသည်။

ခုတင်ပေါ်တွင် ကြောင်က ငုတ်တုတ်ကလေးထိုင် ရင်း လက်နှစ်ချောင်းကို ပူးထားကာ ကန်တော့ပွဲဘက် ကြည့်၍-

'အော..အာ..အ' (သြကာသဟု ဆိုလိုပါသည်)

'အော..အာ..အ'

'အော..အာ..အ' ဟု လူသံနှင့် အနီးစပ်ဆုံးတူ သံစဉ်သုံးခုကို ဆိုပြသွားရာ ပရိသတ်မှ လက်ခုပ်သြ များပေးပြီး ဆုချကြပါသည်။

ကျွန်တော်နှင့် ဗိုလ်ကြီးဇော်မြင့်ဦးတို့လည်း တ လျှင် တစ်ရာစီ ဆုချလိုက်ပါသည်။ ဤကြောင် ကြောင့် ရသည့်ငွေများဖြင့် ကြောင်ပိုင်ရှင်သည် တဲအိမ်လေးကို ပြင်၍ဆောက်မည်ဟု သိရှိခဲ့ရပါ အလှူငွေများလည်း အတော်ရရှိနေပြီဟု သိရှိရပါ



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကြောင်အား ထိုဘုန်းကြီးကပင် ဆက်ပြီး မေးသဖြင့် လာကြည့်ရှုသူအားလုံး ပွဲကျသွားသည့် မေးခွန်းကို မှတ်မိနေပါသေးသည်။ ကြောင်က ဘုရားရှိခိုးပြီးနောက် ဘုန်းကြီးက ဆုချပြီး ထပ်မေးသည်။

'ဟေ့ကောင်··မင်း မှန်မှန်ဖြေကွာ'

'ဘုန်းဘုန်းနဲ့ ရုပ်ရှင်မင်းသားရန်အောင်နဲ့ ဘယ်သူ ပိုချောလဲ'

ဟု မေးလိုက်ရာ ကြောင်က ချက်ချင်းပင်–

'ညောင်··အောင်'ဟု ဖြေလိုက်ရာ ဝါးခနဲ အားလုံး ပွဲကျသွားသည်။

ဤနေရာ၌ ကြောင်က ညောင်အောင်ဟု ကြောင် အော်သံဖြင့် အော်လိုက်သော်လည်း လူလို ရန်အောင်ဟု ပြောလိုက်သည့်နီးပါး လူသံနှင့် တူသည်ကို ကျွန်တော် သတိထားလိုက်မိပါသည်။ ပရိသတ်အားလုံးကလည်း သဘောကျသွားသည်။ ကျွန်တော်တို့ ဆုချလိုက်ကြပြန် သည်။

ထိုအချိန်တွင် ကြောင်ကို ထိန်းသိမ်းသည့်သူ ရောက် ရှိလာပြီး နေ့လယ်ပိုင်းနားချိန်ဖြစ်၍ ကြောင်ကို အနားပေး မည်ဖြစ်ကြောင်း၊ ဤတဲထဲတွင် ကြောင်ကို အနားပေး ထားပါက တစ်ဦးပြီးတစ်ဦး လာ၍မေးနေကြသဖြင့် ရွာထဲ ရှိ တိုက်တစ်လုံးပေါ်တွင် သွားရောက်အနားယူမည်ဖြစ် ကြောင်း၊ ညနေ(၄)နာရီကျမှ ပြန်လည်ယူထားပြီး ပြသ မည်ဖြစ်ကြောင်း ပရိသတ်ကြီးအားပြော၍ ကြောင်ကို ပွေ့ကာ ကားတစ်စီးဖြင့် ခေါ်ဆောင်သွားပါသည်။

ထိုနေ့က အပြန်တွင် ကျွန်တော့်အား ဗိုလ်ကြီးဇော် မြင့်ဦးက သူသံသယဖြစ်နေသော စကားတစ်ခု ပြောပါ သည်။

'ဟေ့လူ··ကျုပ်စိတ်ထဲ ဒီကြောင်ကို သံသယရှိနေ တယ်ဗျ။ ဒီကောင်တွေ ကြောင်ရဲ့ဗိုက်ထဲမှာ စကားပြော စက် အသေးလေးတွေ ဘာတွေများ ထည့်ထားသလား လို့။ ဒါမှမဟုတ် ပြင်ပကနေ ဆက်သွယ်နိုင်တဲ့ ကျုပ်တို့ မသိနိုင်တဲ့ ပစ္စည်းတစ်ခုခုများ ထည့်ထားမလားလို့ ကျုပ် စဉ်းစားနေတာ'

ထိုအခါ ကျွန်တော်က–

'ကျွန်တော်လည်း စဉ်းစားရ အတော်ကျပ်တယ်ဗျ။ ဒီ ဗိုလ်ကြီးနဲ့ ကျွန်တော့်မျက်စိအောက်တင်ပဲ လူတွေ အများကြီးရှေ့မှာ ရာတန်ကို အာ··အန်လို့ အော်ပြတယ်၊ သြကာသသုံးခါကို အော··အာ··အလို့ လူနဲ့ အနီးစပ်ဆုံး အသံနဲ့ သုံးခါအော်ပြတယ်။ ရန်အောင်ကို ညောင်အောင် လို့ အော်ပြတယ်။ ဒါတွေဟာ ကြိုတင်သင်လို့ မရတဲ့ စကားလုံးတွေလို့ ကျွန်တော်ထင်တယ်။ ကြောင်ကို ငုတ် တုတ်ထိုင်ရင်း လက်အုပ်ချီတာကို လက်(၂)ခုပူးပြီး ပြတာ ကို သင်ပေးလို့ရတယ် ထားဦး၊ ကြောင်ကို ဘုရားရှိခိုး ရွတ်ခိုင်းလိမ့်မယ်လို့ ဘယ်သူထင်မလဲဗျာ။ မေးသူက ဘုန်းကြီးမို့ သူ့လိုင်းနဲ့သူ ဘာသာရေးလိုင်းကို မေးသွား တာ။ မေးတော့လည်း ဘာလို့ အော··အာ··အလို့ စကား လုံး(၃)လုံးကို သုံးကြိမ်ဆက်ပြီး အော်ပြရတာလဲ။ ဒါတွေ ကျတော့ ကြုံရာကျပန်းမေးတဲ့ မေးခွန်းတွေဗျ။ တိရစ္ဆာန် တစ်ကောင်အနေနဲ့ ချက်ချင်းဖြေနိုင်ဖို့ မလွယ်ဘူး။ မေးတဲ့ လူတွေက စိတ်ထဲ ပေါ်လာတဲ့ မေးခွန်းတွေကို မေးနေကြ တာ ဗိုလ်ကြီးအမြင်ပဲ။ ဒါတောင် အခုအချိန်ခဏလေး အတွင်း မေးတာနော်။ ကျွန်တော်တို့ မရောက်ခင် လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ဘာတွေမေးကြလဲမသိဘူး။ လိမ်တာဆိုရင်လည်း ခုလောက်ဆိုရင် ပေါ်ပြီးလို့ ကြောင် ပိုင်ရှင်လည်း အဖမ်းခံရလောက်ပြီပေါ့ဗျာ။ စဉ်းစားရ တော့ ကျပ်သားဗျ'

ဟု ကျွန်တော်က ပြောပြရာ ဗိုလ်ကြီးဇော်မြင့်ဦးက မကျေနပ်သေးဘဲ–

'ကျုပ် သိပ်ဘဝင်မကျဘူးဗျ။ ဒီတော့ မနက်ဖြန် နေ့လယ်ပိုင်း ကြောင်ကို အနားပေးထားတဲ့အချိန်ကို ကျုပ် တို့ တစ်ခေါက်သွားကြည့်ရအောင်။ ကြောင်ကိုလည်း ကျုပ် စစ်ဆေးကြည့်ချင်တယ်။ မနက်ဖြန်နေ့လယ် ခင်ဗျား အိမ်ကပဲ စောင့်နေ။ ကျုပ် ယူနီဖောင်းဝတ်ပြီး လာခဲ့ မယ်'ဟု ပြောပြီး ကျွန်တော့်အား အိမ်သို့ လိုက်ပို့ကာ ပြန်သွားပါသည်။

နောက်တစ်နေ့ နေ့လယ်(၂)နာရီခန့်တွင် ဗိုလ်ကြီးဇော် မြင့်ဦးသည် စစ်ယူနီဖောင်းဖြင့် ကျွန်တော့်အိမ်သို့ ရောက် လာပြီး ရွှေကြက်ယက်ကျေးရွာသို့ သူ့ကားလေးဖြင့် သွား ကြသည်။ ၎င်းကျေးရွာသို့ ရောက်သောအခါ ကျေးရွာလူ ကြီးနှင့် သွားရောက်တွေ့ဆုံပြီး ကြောင်ထားသည့်နေရာ သို့ လိုက်ပို့ခိုင်းပါသည်။ ကျေးရွာလူကြီးမှလည်း ကျွန် တော်တို့နှစ်ဦးအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အတွင်း

www.burmeseclassic.com

(၂)စစ်ဗျူဟာအဖွဲ့မှဟု သိရသဖြင့် တလေးတစားဖြင့် ဧည့်ခံကြိုဆိုပြီး ကြောင်ထားသည့်နေရာသို့ ခေါ်သွားပါသည်။

ကြောင်ထားသည့်နေရာမှာ နံကပ်တိုက်တစ်လုံး ဖြစ်ပါသည်။ နံကပ်တိုက်ပိုင်ရှင်မှာ အိန္ဒိယအမျိုးအနွယ်ဟု ၎င်းကိုယ်တိုင် ပြောပြသဖြင့် သိရသည်။ ၎င်းပုဂ္ဂိုလ်၏ အဘိုး၊ အဘွားတို့မှာ ဤစစ်ကိုင်းတံတားကြီး ဆောက်လုပ်စဉ်က အိန္ဒိယပြည်မှ မြန်မာပြည်သို့ ပါလာကြသော မြေတူးသမားများဖြစ်ကြောင်း ရှင်းပြရင်း ကျွန်တော်တို့ (၂)ဦးအား အအေး၊ မုန့်များဖြင့် ဧည့်ခံပါသည်။

အအေးသောက်ပြီးနောက် အိမ်အပေါ်ထပ်သို့ ခေါ်သွားပြီး အိမ်ခန်းတစ်ခုထဲမှ ကြောင်လေးကို ပွေ့ယူလာကာ ကျွန်တော့်အား လှမ်းပေးပါသည်။ ကျွန်တော်မှတစ်ဆင့် ဗိုလ်ကြီးဇော်မြင့်ဦးအား ပေးလိုက်ပါသည်။ ဗိုလ်ကြီးဇော်မြင့်ဦးသည် သူ့လက်ထဲသို့ ကြောင်ရောက်သည်နှင့် ကြောင်ဝမ်းဗိုက်နေရာအနှံ့အပြားအား လိုက်နှိပ်ပြီး စမ်းသပ်နေပါသည်။

ထိုသို့ ကြောင်ဗိုက်ကို ဗိုလ်ကြီးက စမ်းသပ်နေသည်ကိုကြည့်၍ တိုက်ပိုင်ရှင် ကုလားကြီးက ကုလားသံဝဲဝဲဖြင့် "ကြောင်ဗိုက်ထဲမှာ ဘာမှမရှိပါဘူး ဗိုလ်ကြီး။ ဟိုရက်ကလည်း အာဏာပိုင်အဖွဲ့အစည်းတစ်ခုက ကြောင်ဗိုက်ထဲမှာ ပစ္စည်းတစ်ခုခု ထည့်ထားတယ်လို့ သံသယရှိပြီး ဓာတ်မှန်ရိုက်မယ်ပြောလို့ ကျွန်တော်တို့ ကြောင်ကိုယူသွားပြီး ဓာတ်မှန်ရိုက်ပေးခဲ့ရသေးတယ်" ဟု ပြောလိုက်ရာ ကျွန်တော်တို့လိုပင် အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကလည်း လိမ်လည်သည်ထင်၍ အမျိုးမျိုး စမ်းသပ်စစ်ဆေးပြီးကြောင်း ကြားသိရပြီးနောက် ကျွန်တော်တို့(၂)ဦးစလုံး သံသယစိတ်များကို လျှော့ချ၍ မန္တလေးသို့ ပြန်လာခဲ့ကြပါသည်။

အပြန်ခရီး၌ ကျွန်တော့်စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာခဲ့ပါသည်။ ၎င်းအတွေးမှာ အချို့ဖြစ်ရပ်ဆန်းများသည် တစ်ခါတစ်ရံ ယုံကြည်ရခက်ခဲတတ်ကြောင်းနှင့် ပြောမယုံ ကြုံမှ သိနိုင်ပါလားဟူ၍ ဖြစ်ပါသည်။

ကိုကိုလတ်(ဆည်မြောင်း)

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး ဒေးစွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

❖ ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။

❖ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။

❖ ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆



www.burmeseclassic.com

www.burmeseclassic.com

## ဝတ်ပါယ်ထဲက
## ဗဟာဝန္ဒာရှိခရီးသည်

လှည်းအုပ်ကြီး ဖြတ်သန်းမှုကြောင့် ပတ်ဝန်းကျင်တွင် ဟဲ့သံ၊ ငေါက်သံ၊ ခြူသံတွေက ဆူညံနေသည်။ လှည်းများသည် မနက်သုံးနာရီလောက်ကတည်းက ရွာမှ ထွက်လာကြခြင်း ဖြစ်သည်။ ပွဲစားကြီး ဦးထွန်းဖေသည် လှည်းဦးစီး မောင်ချစ်နှင့်အတူ ရှေ့ဆုံးလှည်းတွင် လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

'မိုးမချုပ်ခင် နတ်ကြီးရောက်မှ မောင်ချစ်ရေ၊ လမ်းခရီး စိတ်မချရဘူး'

'ရောက်နိုင်ပါတယ် အဘရဲ့'

'အေးကွာ·· ခေတ်ကြီးကလည်းမကောင်း၊ တောကြောင်တွေက ပေါသနဲ့။ ဈေးရောင်းစားရတာလည်း တယ်မလွယ်ဘူးကွ'

'ဟုတ်ပါ့ဗျာ။ အင်္ဂလိပ်မင်းလည်း မနိုင်ပါဘူးဗျာ'

ဦးထွန်းဇံသည် တောလိုက်မုဆိုးဘဝမှ အကျွတ်တရားရကာ သမ္မာအာဇီဝကျကျ ကုန်သည်ပွဲစားလုပ်ရင်း ကြီးပွားလာသူ ဖြစ်သည်။ သူသည် သုဝဏ္ဏဘူမိ၊ တိုက်ကုလားမြို့ဟောင်း အရက်သမရွာသားဖြစ်သည်။ ရှေးကရက်ကန်းခတ်သောရွာဖြစ်၍ အရက်သည်မဟု ခေါ်ရာမှ အရက်သမဟု ခေါ်ဆိုနေကြခြင်း ဖြစ်သည်။ သူသည် မုဆိုးဘဝမှ ယခုလို ကောင်းရောင်းကောင်းဝယ်ဖြင့် ကြီးပွားချမ်းသာနေရခြင်းကလည်း ကေလာသတောင်ပေါ်တွင် ဖူးတွေ့ရသော အရှင်မြတ်တစ်ပါးကြောင့် ဖြစ်သည်။

'နံနက်စာအမီ ဘီးလင်းအရောက် မောင်းပေဟ့ မောင်ချစ်'

ဘီးလင်းမြို့သည် ဘီးလင်းချောင်း (ခေါ်) ဒုံသမိမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။ မုတ္တမ၊ ဟံသာဝတီ၊ တောင်ငူ၊ ဒဂုံမြို့တို့သို့ ၄င်းမြို့အနီးမှ ဖြတ်သန်းသွားရသည်။ ရှေးက ရွာငယ်လေးဖြစ်သည်။ မုတ္တမမြို့သည် မြစ်ကမ်းနှင့်နီးသည်။ ထို့ကြောင့် မုတ္တမမြို့စားဥဇနာသည် အင်္ဂလိပ်တို့၏ မီးသင်္ဘောမှ ဗုံးအမြောက်ဒဏ်ကို ခံနိုင်ဖို့ ကုန်းတပ်ချင်း ရင်ဆိုင်နိုင်ရန် တောင်ကုန်းဝန်းရံသော အရပ်တွင် ဘီးလင်းမြို့ကို မြို့ရိုးအခိုင်အလုံနှင့် ကောင်းမွန်စွာ ရပ်ခံသောမြို့အဖြစ် တည်သည်။

(၁၈၅၂) ရန်ကုန်သို့ အင်္ဂလိပ်တပ်ရောက်စဉ် စစ်သူကြီးဥဇနာသည် ဘီးလင်းမှ တပ်ချေမဖျက်ဘဲ ကြံ့ကြံ့ခံခဲ့သည်။ ဥဇနာသည် မဟာဗန္ဓုလကဲ့သို့ စစ်သူကြီးတစ်ဦးဖြစ်သည်။ ယခုကား အင်္ဂလိပ်မြို့အုပ်မင်းတို့ ရုံးစိုက် ရာမြို့ဖြစ်နေလေပြီ။

'ဆရာအရှင်မြတ်နဲ့ မတွေ့ရတာ ဘာလိုလိုနဲ့ ဆယ်နှစ်ဆယ်မိုးတောင် ရှိပါပကော။ နောက်တစ်ခါ ဖူးခွင့်ရရင်လည်း အရှင်မြတ်နောက်ပါးက တစ်ဖဝါးမခွာလိုက်ပြီး ထူးသုတ်တော့မှပဲလေ'

ဆရာအရှင်ကို သတိရသွားသဖြင့် ရည်မှန်းပြီး လက်အုပ်ချီကန်တော့လိုက်သည်။ မျက်စိကိုမှိတ်ထားရင်း သူနဲ့ဆရာအရှင် ဆုံတွေ့ခဲ့ရပုံတွေကို တရေးရေး ပြန်စဉ်းစားရင်း သတိရနေလေသည်။

◆◆◆

'လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ငါ့အဖေ ဒီကေလာသတောင်ကြောပေါ်မှာ အမဲလိုက်ရင်း ချုံတွေကြားမှာ ကန့်ပျက်၊ ဂူပျက်တွေနဲ့ တောင်ထိပ်မှာ စေတီကြီးတစ်ဆူ ဖူးတွေ့ခဲ့ရတယ်ကွ'

ဦးဖိုးကွန်းက ကေလာသတောင်ထိပ်ပေါ်တွင် အံ့ဖွယ်ဘနန်း ထူးဆန်းသော စေတီတော်တစ်ဆူကို သူ၏ဖခင် ဦးပေါက်ကျိုင်း တွေ့ရှိခဲ့ဖူးသည်ဟု တစ်ခါက ပြောပြခဲ့ဖူးသည်။

ထိုစဉ်က သူက-

'ဒီလိုပဲ ပြောနေကြတာပဲဗျာ။ ခုထိ ဘယ်သူမှ လက်တွေ့ မမြင်ကြသေးပါဘူးဗျာ။ ဘကြီးပေါက်ကျိုင်းကရော နောက်ထပ် မရှာဘူးလား'

'ရှာပါသေးတယ်ကွ။ သစ်ပင်တွေကိုတောင် ဓားနဲ့ထစ်ခဲ့ပါသေးတယ်။ ပြန်လာတော့ သူကြီးကိုလည်း ပြောပြတယ်။ သူကြီးက မြို့အုပ်မင်းဦးသာညိုကို ပြောပြတော့ မြို့အုပ်မင်းလည်း လူကြီးလူကောင်းတွေနဲ့အတူ ဖူးမြော်ဖို့ ရှာတာပေါ့'

'တွေ့ရောလား'

'ဘယ်တွေ့လိမ့်မလဲ။ ဓားထစ်ရာ အမှတ်အသားတွေပါ ပျောက်နေတယ်'

'ဘာဖြစ်လို့ မတွေ့တာလဲဗျာ'

'ဆရာတော်က ပြောတယ်။ ဖူးချိန်မတန်သေးလို့ နတ်တွေက ဝှက်ထားတာတဲ့။ သာသနာထက်ဝက်ကျော်ရင်တော့ ကေလာသတောင်ဟာ စည်ကားဦးမှာတဲ့'

ဦးဖိုးကွန်း ပြောပြသော ပျောက်ကွယ်နေသည့် စေတီများကို ခုနေ ငါဖူးခွင့်ရရင် သိပ်ကောင်းမှာပဲဟုတွေးရင်း ဒေါင်းမြီးခွက် ကျောက်ဖျာကြီးအောက်တွင် မောမောနှင့် ထိုင်ချလိုက်ကာ လေးနှင့်မြားကိုချပြီး ရေဘူးထဲကရေကို မော့သောက်ရင်း အပန်းဖြေလိုက်သည်။

ယခုတစ်ခေါက် ကေလာသတောင်၊ နာဂပဗ္ဗတတောင်၊ သောဏ္ဍာရတောင်၊ တိုက်ကုလားတောင်ဟူသော

www.burmeseclassic.com

ဤတောင်များတစ်ဝိုက်တွင် သူအမဲလိုက်ဖို့ ထွက်လာခဲ့သည်မှာ သုံးရက်မြောက်ပြီဖြစ်သည်။ သူ၏ မုဆိုးသက်တမ်းတွင် သားကောင်ကို ဤမျှကြန့်ကြာသည်အထိ ဖမ်းဆီးရဖို့ မရှိ။ ဤတောတောင်တွင် ကျား၊ ဆင် စသော သားကောင်ကြီးများ သိပ်မတွေ့ရသော်လည်း တစ်ခါတစ်ရံ ကျိုက်ထီးရိုးတောင်ပေါ် ပေါင်းလောင်းတောင်တန်းမှ နယ်ကျွံပြီး ရောက်လာတတ်သည်။ တောဝက်၊ မျောက်၊ ဝက်ဝံ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် မြွေကြီးများ အလွန်ပေါသည်။

ခေတ္တမျှ အနားယူလိုက်ပြီး အမောပြေတော့ ဘူးသီးခြောက်ရေဘူးကို ရေဖြည့်ရန် အနီးရှိ စမ်းချောင်းလေးသို့ ထွက်လာခဲ့သည်။ ရေခပ်ရင်း ကောင်းကင်သို့ အမှတ်တမဲ့ မော့ကြည့်လိုက်ရာ ခပ်ဝေးဝေးကောင်းကင်ရှိ ဖြူဖွေးသော တိမ်တိုက်များကြားတွင် အမည်းစက်ကလေး တစ်စက်ကို တွေ့သည်။ ထိုအစက်ကလေးသည် ကြည့်နေရင်းမှ တဖြည်းဖြည်း ကြီးလာကာ ရဟန္တာတစ်ပါး ဈာန်ဖြင့် ကြွလာသည့်သဏ္ဍာန် ပီပြင်လာသည်။

'ဟင်··ဒါ ရဟန္တာတစ်ပါးပဲ။ ငါ ဖူးခွင့်ရပြီ'

သူ ကောင်းကင်ကိုကြည့်ရင်း လက်အုပ်ချီ ဖူးမြော်၍ မဝခင် ထိုရဟန်းတော်သည် ဒေါင်းမြီးခွက်သဏ္ဍာန် ကျောက်ဖျာထက်သို့ ဆင်းသက်လိုက်သည်။ ကြေးနီရောင်အသားအရေ၊ ယောက်ျားပီသသော အသွင်အပြင်နှင့် ကျောက်ဖျာထက်မှ ဣန္ဒြေရရ မြေပြင်သို့ ဆင်းသက်လာသော အရှင်မြတ်၏ ခြေရင်းသို့ သူ ပြေးလွှားကာ ထိုင်ချပြီး ဦးချလိုက်သည်။ မထေရ်မြတ်သည် တုန်လှုပ်ဟန်မပြဘဲ သူ ဘာမှမပြောခင် သပိတ်ကို သူ့အား ကမ်းပေးလိုက်ပြီး ရှေ့မှ ကြွသွားသည်။ သူလည်း သပိတ်ကိုပိုက်ကာ နောက်မှ ဆိတ်ဆိတ်ပင် လိုက်သွားရင်း အရှင်မြတ်သည် သက်တော်အားဖြင့် သုံးဆယ်ခန့်သာ ရှိဦးမည်ဟု ခန့်မှန်းမိလေသည်။

ဤတော ဤတောင်တွင် သူ မသွားဖူး၊ မရောက်ဖူးသည့်လမ်း မရှိသော်လည်း ယခု အရှင်မြတ် ဦးဆောင်လျက် သွားနေသောလမ်းကိုမူ သူ တစ်ခါမှ မရောက်ဖူးပေ။ ကွေ့ကာဝိုက်ကာသွားရင်း ကျောက်လှေကားတစ်ခုသို့ ရောက်သွားသည်။ ကျောက်လှေကားသည် လိပ်သဲကျောက်တုံးများကို ညီညီညာခင်းထားသည်။ ထိုမှဆက်တက်သွားရာ မကြာခင် တောင်ထိပ်သို့ ရောက်လေသည်။

◆◆◆

တောင်ထိပ်ပေါ်တွင် အရှင်မြတ်သီတင်းသုံးရာ အုတ်တိုက်ကလေးမှာ သန့်ရှင်းသပ်ရပ်လှသည်။ အနီးအပါးတွင်မူ ချုံများဖြင့် အုံ့ဆိုင်းနေသည်။ မထေရ်မြတ်အနီးတွင် သပိတ်ကိုချပြီး ခေတ္တအနားယူနေစဉ် အရှင်မြတ်သည် နေရာထိုင်၌ ငြိမ်သက်စွာ စံနေသည်။

နှစ်ဦးသား စကားမဆိုကြဘဲ တိတ်ဆိတ်ငြိမ်သက်နေစဉ် မထေရ်မြတ်က-

'ဒကာကြီး··စေတီတော်မြတ်ကြီးကို ဆွမ်းကပ်လှူကြရအောင်'

ပတ်ဝန်းကျင်တွင် စေတီတော်နှင့်တူတာ ဘာမှမမြင်သဖြင့်-

'အရှင်ဘုရား··စေတီက ဘယ်မှာမို့လဲဘုရား'

'ပတ်ဝန်းကျင်ကို အသေအချာ လှေ့လာကြည့်ပါဦး ဒကာကြီး'

ဆရာတော် မိန့်ကြားသည့်အတိုင်း အုတ်တိုက်အပြင်ထွက်ကာ ချုံပုတ်များကြား ချောင်းကြည့်လိုက်ရာ ချုံပုတ်များနောက်တွင် အင်္ဂတေနံရံတစ်ခုရှိနေပြီး အပေါ်သို့ မော့ကြည့်လိုက်ရာ ချုံပုတ်များကိုကျော်လျက် ကောင်းကင်တွင် ငွားငွားစွင့်စွင့် ထိုးထွက်နေသော စေတီတော်မြတ်ကြီးကို သူ ဖူးတွေ့လိုက်ရလေသည်။

'အဲဒါ သုဝဏ္ဏဘူမိခေတ်က တည်ထားတဲ့ ဘုရားရှင်ရဲ့ ဆံတော်မြတ်စေတီကြီးပဲ။ ဘုရားရှင် သုဝဏ္ဏဘူမိကို ဒေသစာရီကြွချီတော်မူစဉ်က ကေလာသတောင်မှာ သီတင်းသုံးနေတဲ့ တိလရသေ့ တောင်းပန်လို့ ဆံတော်(၆)ဆူ ပေးသနားတော်မူခဲ့တယ်။ တိလရသေ့ဟာ သုဝဏ္ဏဘူမိ သထုံအစိုးရတဲ့ အာယာဝနမင်းနဲ့တိုင်ပင်ပြီး ဆံတော်တွေကို စေတီ(၆)ဆူ ပြုလုပ်ပြီး တည်ထားကိုးကွယ်ခဲ့တယ်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း(၂၃၀)အကြာမှာ ပါဋ္ဌလိပုတ်ပြည်ဘုရင် သီရိဓမ္မာအသောကရာဇာ လက်ထက်မှာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ရဲ့ တပည့်ဖြစ်တဲ့ သောဏနဲ့ ဥတ္တရ မထေရ်နှစ်ပါး သာသနာပြုရောက်လာတယ်။ သထုံဘုရင် သီရိမာသောကမင်းနဲ့တိုင်ပင်ပြီး တိမ်မြုပ်နေတဲ့ စေတီ(၆)ဆူကို ဖော်ထုတ်...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်။ စေတီ(၆)ဆူကို ရွှေစေတီကြီးအဖြစ် တည်ထားကိုးကွယ်ခဲ့တယ်။ ခေတ်အဆက်ဆက်မင်းတွေက ငုံပြီး ပြုပြင်ခဲ့တာ အခုဆို နှစ်ပေါင်း(၂၃၀၀) ကျော်ခဲ့ပြီပေါ့'

'အရှင်ဘုရား··အဲဒီစေတီကြီး ရှိနေတာကို တပည့်တော်တို့ ကြားသာ ကြားဖူးတယ်၊ တစ်ခါမှ မဖူးတွေ့ကြရဘူးဘုရား'

'ဘယ်သိပ့်မလဲ။ ဒီစေတီအပြင် အခြားသော ဆံတော်ရှင်ဘုရားတွေ ရှိမှန်းလည်း သိပ်မသိကြဘူး။ ခေတ်ကြီးက အင်္ဂလိပ်မိစ္ဆာဒိဋ္ဌိမင်း အုပ်စိုးတဲ့ခေတ် မဟုတ်လား။ သာသနာညှိုးနွမ်းတဲ့ ခေတ်ဆိုတော့ မသမာသူတွေ ဖျက်ဆီးနိုင်တာကြောင့် နတ်တွေက ကွယ်ထားကြတယ်။ နောင်သာသနာထက်ဝက်ကျော်တဲ့အခါ သာသနာဖွင့်မယ့် မင်းကောင်းမင်းမြတ်တွေ ပေါ်ထွက်လာရင် ဖူးခွင့်ရကြဦးမှာပေါ့'

မထေရ်မြတ်က ရှင်းပြသဖြင့် အတိုင်းမသိ ပီတိဖြစ်ကာ စေတီတော်မြတ်ကြီးကို ဦးချလိုက်သည်။

'အရှင်ဘုရား··ဒီနေ့ဟာ တပည့်တော်အတွက် အလွန်ပဲ ကုသိုလ်ထူးပါတယ်ဘုရား။ တိမ်မြုပ်နေတဲ့ ဆံတော်ရှင် စေတီတော်မြတ်ကြီးနဲ့အတူ ရဟန်းထူး ရဟန်းမြတ်ကိုပါ ဖူးတွေ့လိုက်ရပြီဘုရား'

'ဦးပဇ္ဇင်းဟာ ဘုရားရှင်ရဲ့ ဆံတော်ဓာတ် ကိန်းအောင်းရာ သုဝဏ္ဏဘူမိဆံတော်ရှင်တွေမှာ လှည့်လည်ပြီး အဓိဋ္ဌာန်ပြုကာ ရဟန်းတရားတွေကို အားထုတ်နေဆဲပါပဲ'

'ဟင်··ဒါဖြင့် အရှင်ဘုရားဟာ'

'ဒကာကြီး ပြောချင်တာကို ဦးပဇ္ဇင်း သိနေပါတယ်။ ကသိုင်းလေးဆယ်ထဲက တစ်ပါးပါးကို ပွားများထားရင် အဝေးက အသံတွေ၊ ရုပ်တွေကို ကြားနိုင်၊ မြင်နိုင်တယ်။ တစ်ယောက်တည်းက အယောက်ရာထောင်ကို ဖန်ဆင်းနိုင်တယ်။ မြေလျှိုးမိုးပျံနိုင်တယ်။ ကိုယ်ပျောက်နိုင်တယ်။ အဲဒီ သိဒ္ဓိထူးတွေ ရတယ်။ ဒါတွေဟာ လောကီစျာန်တရားမို့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ပါဘူး။ ဘယ့်နှယ်ရချင်ဘူးလား ဒကာကြီး'

'ရချင်ပါတယ်ဘုရား'

'လိုချင်ရင် မုဆိုး မလုပ်နဲ့။ သီလဆောက်တည်၊ ကမ္မဋ္ဌာန်းတရားကိုကျင့်'

အရှင်မြတ်က သူ့အား ကမ္မဋ္ဌာန်းတရား အားထုတ်နည်းကို တစ်ပတ်ခန့် သင်ကြားပြသပေးခဲ့သည်။ အရှင်မြတ်က သူ့အား ရွတ်ဆိုရန် ဂါထာတစ်ပုဒ်ကို သင်ကြားပေးသည်။

ထိုဂါထာမှာ-

သုဝဏ္ဏဘူမိ ဂန္ဓာန၊ သောဏုတ္တရ မဟိဒ္ဓိကာ
ပိသာစေ၊ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလမဒေသယျုံ··

ဟူသော သုဝဏ္ဏဘူမိ ဂါထာတော်ကြီးပင် ဖြစ်လေသည်။

အမြဲမပြတ် ရွတ်ဆိုခြင်းဖြင့် ကျန်းမာရေး၊ စီးပွားလာဘ်လာဘနှင့်တကွ ဣဒ္ဓိဝိဓအဘိဉာဏ်အမျိုးမျိုးတို့ကို နိုင်နင်းပြီးမြောက် ဝသီမြောက်၍ အန္တရာယ်ကင်း ဘေးရှင်းနိုင်သည်ဟု ဆိုသည်။

တစ်ပတ်ခန့်အကြာ အရှင်သူမြတ်က သူ့အား ဒေါင်းမြီးခွက်သဏ္ဌာန် ကျောက်ဖျာအနီးသို့ လိုက်ပို့သည်။

'တပည့်တော် အရှင်ဘုရားဆီ နောက်တစ်ခေါက် လာဖူးတွေ့ပါရစေ'ဟု ရှိခိုးဦးချရင်း သူ လျှောက်လိုက်သည်။

'မလာနဲ့တော့ ဒကာကြီး၊ ဦးပဇ္ဇင်းကို တွေ့မှာမဟုတ်ဘူး။ ဒီနေရာကိုလည်း ရောက်လာမှာ မဟုတ်ဘူး။ ဦးပဇ္ဇင်းလည်း တခြားဆံတော်ရှင်တွေမှာ တရားအားထုတ်ဖို့ ကြွတော့မယ်။ အဓိဋ္ဌာန်မပြီးမြောက်သေးဘူး။ ကောင်းရောင်းကောင်းဝယ် သမ္မာအာဇီဝအလုပ်နဲ့ အသက်မွေးပြီး မိမိကိုယ်ကို ဖြူစင်အောင် ကျင့်ပါ။ သင်ထားပေးတဲ့ ဂါထာကိုလည်း ပုတီးစိပ်ပါ။ သိဒ္ဓိစွမ်းအားတွေ တိုးတက်ပြီး ကြီးပွားလာလိမ့်မယ်'

အရှင်မြတ်နှင့် ခွဲခွာခဲ့ပြီးနောက် စေတီတော်ကြီးနှင့် မထေရ်မြတ်အား ဖူးတွေ့ဖို့ သူ အကြိမ်ကြိမ်ကြိုးစားရှာဖွေခဲ့ပါသော်လည်း ရှာ၍မတွေ့တော့။ အရှင်မြတ်ပြောသည့် အတိုင်း သာသနာဖွင့်မည့် မင်းကောင်းကိုသာ မျှော်ရပေတော့မည်။ ယခုတော့ မုဆိုးအလုပ်ကို စွန့်လွှတ်လျက် ကောင်းရာကောင်းဝယ် ကုန်သွယ်ခြင်းဖြင့် သူ ကြီးပွားတိုးတက်နေပြီ ဖြစ်လေသည်။

'ကုသိနာရုံကိုရောက်ပြီ ဦးလေး'

မည်မျှကြာအောင် တွေးတောနေသည်မသိ၊ ဒေါင်ချစ် သတိပေးလိုက်မှ သူတို့လည်းတွေ ကုသိနာရုံစေတီတော်

www.burmeseclassic.com

ရှင်ခြေရင်းသို့ ရောက်နေမှန်း သိတော့သည်။

'ကဲ..အဲဒီ ဘုရားခြေရင်းမှာပဲ လှည်းတွေ ဖြုတ်နားပြီး ထမင်းစားကြစို့'

ကုသိနာရုံသည် ဆံကေသာစာတုဝင်ဆံတော် ဖြစ်သည်။ ဘီးလင်းမြို့မြောက်ဘက် သုံးတိုင်အကွာတွင် ရှိသည်။ နွားများကို မြက်ကောင်းရာတောတွင် ခေတ္တလွှတ်ထားကြပြီး ထမင်းစားကြသည်။ နေချိုတော့ လှည်းတပ်ပြီး ဆက်ထွက်ခဲ့ရာ ဘီးလင်းချောင်းဖျား နတ်ကြီးကျေးရွာကြီးသို့ မိုးမချုပ်ခင် ရောက်ကြလေသည်။

◆ ◆ ◆

'ဒီကအပြန် ငါ ရွှေများများလေး ဝယ်သွားချင်တယ်ကွ။ ကုလားကုန်သည်လှေတွေ ကပ်တုန်းက ငါ့ကို မှာထားတာရှိတယ်'

မနုဟာမင်း ပုဂံကို ပါသွားပြီး၊ သုဝဏ္ဏဘူမိပျက်ပြီးကတည်းက ပင်လယ်ဆိပ်ကမ်းကောသွားကာ ကုလားကုန်သည်လှေများ ဆိပ်ကမ်းသို့ လာမကပ်တော့သည်မှာ နှစ်ပေါင်းရာချီ ကြာခဲ့ပြီဖြစ်သော်လည်း ယခု ပင်လယ်ရေစီးကြောင်း ပြောင်းလဲမှုကြောင့် ပင်လယ်က ရွာနားကပ်လာပြန်၍ လှေအချို့ ရောက်လာတတ်သည်။ ၎င်းတို့နှင့် ဆက်သွယ်၍ ကုန်များဖလှယ်ရောင်းချရသဖြင့် ဦးထွန်းဇံ မမျှော်လင့်ဘဲ ချမ်းသာသွားသည်။

'အထက်ချောင်းဖျားရွာမှာ ရွှေကျင်တဲ့သူတစ်ဦးတော့ ရှိတယ်။ သူ့ဆီမှာ အတော်များများ ရနိုင်တယ်'

သုဝဏ္ဏဘူမိသည် ရွှေမြေဖြစ်သလို နတ်ကြီးနယ်သည် သုဝဏ္ဏဘူမိ၏ ရွှေအဓိကထွက်ရာနယ် ဖြစ်သည်။ ဒေသခံ ကရင်တိုင်းရင်းသားများအချို့မှာ အလုပ်အားလျှင် ရွှေကျင်ကြသည်။ မြို့နှင့် အလှမ်းဝေးသဖြင့် ရောင်းချရန် ခက်ခဲသောကြောင့် အချို့မှာ မရောင်းချသေးဘဲ မီးဖိုအောက်တွင်လည်းကောင်း၊ မြေကြီးထဲတွင်လည်းကောင်း၊ ဝါးဆစ်ဘူးများဖြင့်ထည့်ကာ မြှုပ်နှံသိမ်းဆည်းထားတတ်ကြသည်။ ဦးထွန်းဇံတို့လို ကုန်သည်များက ဝယ်ယူကြသည်။ ၎င်းတို့ လိုအပ်သော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ အဝတ်အထည် စသည်တို့နှင့် လဲလှယ်ကြသည်။

'အဲဒီကို အတော်လေး သွားရသလား စောထူးရဲ့'

'သိပ်မဝေးပါဘူး။ တစ်နာရီလောက်တော့ သွားရတယ်။ ကျုပ်တို့မှာ လှေရှိပါတယ်။ လှေနဲ့ ဆန်တာပေါ့'

'သူ့နာမည် ဘယ်လိုခေါ်သလဲ'

'မသိဘူးဗျ၊ ဦးပဍ္ဍင်းလို့ပဲခေါ်တယ်။ ဘုန်းကြီးလူထွက်ပဲ။ ဒီနယ်က မိန်းကလေးနဲ့ အိမ်ထောင်ကျပြီး အဲဒီမှာ ရွှေလာကျင်စားနေတာ'

ရွာခံစောထူး၏ အကူအညီဖြင့် လှေဖြင့် ဆန်တက်ခဲ့ရာ မကြာမီ ထိုရွာသို့ ရောက်သည်။ ရွာတွင် အိမ်ခြေနှစ်ဆယ်၊ အစိတ်ခန့် ရှိသည်။ ဦးပဍ္ဍင်း၏အိမ်တွင် ဦးပဍ္ဍင်းကို မတွေ့ရ။ သူ၏ မိန်းမဟုဆိုသော ကရင်မချောချောဖြူဖြူ တစ်ဦးနှင့် အမယ်အိုတစ်ဦးသာ ရှိသည်။ သူတို့က ကရင်ဘာသာစကား မတတ်၍ စောထူးနှင့်သာ ပြောဆိုနေကြသည်။ ဦးပဍ္ဍင်းဆိုသူ မကြာခင် ပြန်လာမည်ဟု စောထူး ပြန်ပြောပြ၍ စောင့်နေလိုက်သည်။ မကြာမီ သျှောင်တစောင်းနှင့် အသားညိုညို လူကောင်ထွားထွား ယောကျ်ားပီသသော အမျိုးသားတစ်ဦး အိမ်ပေါ်တက်လာသည်။

'အဲဒါ ဦးပဍ္ဍင်းပဲ'

စောထူးက သူ့ကို မြန်မာလိုပြောပြီး ရွှေဝယ်မည့် အကြောင်းကို ဦးပဍ္ဍင်းအား ကရင်လို ပြန်ပြောပြလိုက်သည်။

'ဩော်..ရွှေဝယ်မလို့လား'

ဦးပဍ္ဍင်းက မြန်မာလို ပြောလိုက်သဖြင့် တအံ့တသြဖြစ်ကာ ဦးပဍ္ဍင်းမျက်နှာကို သူကြည့်လိုက်မိသည်။ နှစ်ဦးသား အကြည့်ချင်း ဆုံသွားကြသည်။

'ဟင်..မုဆိုးကြီး၊ ကေလာသတောင်က မုဆိုးကြီးမဟုတ်လား'

သူ၏ လေသံဟန်ပန်နှင့် ရုပ်ရည်ကို ဦးထွန်းဇံ ရုတ်ခြည်းမှတ်မိသွားသည်။

'ဟင်..ဦးပဍ္ဍင်း၊ ကေလာသဘုရားမှာ တရားအားထုတ်နေတဲ့ ဦးပဍ္ဍင်းပါလား'

'ဟုတ်ပါတယ်ဗျာ'

'ဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေ။ တပည့်တော် အံ့ဩ ကျုပ် ဘယ်လိုမှ ဒီလိုမတွေးမိဘူး။ ဘယ်လိုဖြစ်ရတာလဲ ဦးပဍ္ဍင်းရယ်'

သူ အလွန်ဖူးမြင်ချင်နေသော ဆရာအရှင်ကို မျှော်လင့်သည့် အသွင်ဖြင့် တွေ့လိုက်ရသဖြင့် အံ့ဩရသည်နှင့်မြောက်သစိတ်ဖြင့် ကြေကွဲဝမ်းနည်းမှုကိုပါ ခံစားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် မျက်ဝန်းမှ မျက်ရည်များပင် စို့လာလေသည်။

‘ဒီလိုပေါ့ဗျာ။ ကျုပ်ရထားတဲ့ လောကီချာန်တရားဆိုတာ မမြဲပါဘူး။ ကိလေသာတဏှာဆိုတဲ့နွံမှာ ရုန်းမထွက်နိုင်တော့ သံသရာကို ချုံ့ဖို့ မကြိုးစားမိဘဲ သံသရာကို ချဲ့ထွင်မိသွားတာပေါ့ဗျာ။ ကျုပ်နဲ့ ခင်ဗျား တွေ့ကြချိန်မှာ ကျုပ်ဟာ ဆံတော်ရှင်စေတီတွေမှာ လှည့်လည်အမိဋ္ဌာန်ရင်း သိဒ္ဓိတန်ခိုးတွေကိုပဲ တိုးပွားဖို့ ကျင့်ကြံနေခဲ့တယ်။ အဲဒီမှာ သာယာရင်း ဝိပဿနာဆိုတာ မေ့လျော့နေတော့ ဉာဏ်စဉ်မတက်နိုင်ဘူးပေါ့ဗျာ’

‘သိဒ္ဓိတန်ခိုးနဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူးလား ဦးပဥ္စင်းရဲ့’

‘မပြုနိုင်ဘူး။ ဝိဇ္ဇာမိုရ်အတတ်ဆိုတာ ရှေးက အိန္ဒိယပြည် ဂန္ဓာရတိုင်းကလာလို့ ဂန္ဓာရီအတတ်လို့ ခေါ်တယ်။ ဂန္ဓာရတိုင်း ရသေ့က စီရင်တာ။ သူက စူဠဂန္ဓာရီမန္တန်နဲ့ မဟာဂန္ဓာရီမန္တန်တွေကို မင်းညီမင်းသား သူဌေးသူကြွယ်တွေရဲ့ သားတွေကို ဂန္ဓာရတိုင်းတက္ကသိုလ်မှာ သင်ပေးခဲ့တာက စတင်ထွန်းကားလာတဲ့ အတတ်ပညာပဲ။

အမှန်တော့ တန်ခိုးဣဒ္ဓိဆိုတာ လောကအမှုကိစ္စကို အကျိုးပြီးပြည့်စုံစေတာကို ခေါ်တာ။ ဘယ်လိုအကျိုးလဲဆိုတော့ အဘိညာဣဒ္ဓိဆိုတဲ့ အနီးအဝေးကို မြင်နိုင် ကြားနိုင်တယ်။ အဓိဋ္ဌာနဣဒ္ဓိ တစ်ယောက်တည်းက အယောက်ရာထောင် ဖန်ဆင်းနိုင်တယ်။ ဝိကုဗ္ဗနာဣဒ္ဓိ နဂါး၊ ဂဠုန်သဏ္ဌာန် ဖန်ဆင်းနိုင်ခြင်း မနောမယဣဒ္ဓိ ပကတိကိုယ်ကို မစွန့်ဘဲ အခြားကိုယ်တစ်ခုကို ဖန်ဆင်းခြင်း ဉာဏဝိပ္ဖာရဣဒ္ဓိ၊ အရဟတ္တမဂ်ဉာဏ် ဖြစ်သည်မှ ရှေ့အဖို့၌လည်းကောင်း၊ နောက်အဖို့၌လည်းကောင်း အဲဒီဉာဏ်ရဲ့ အာနုဘော်ကြောင့် ဖြစ်ရတဲ့ အရဟတ္တမဂ်ရဲ့တန်ခိုး။

နောက်ပြီး ရှိသေးတယ်။ သမာဓိဝိပ္ဖာရဣဒ္ဓိ၊ အပ္ပနာသမာဓိရဲ့ ရှေ့အဖို့မှာဖြစ်ဖြစ် နောက်အဖို့မှာဖြစ်ဖြစ် ဝင်စားဆဲခဏမှာ သမာဓိအာနုဘော်တော်ကြောင့်ဖြစ်တဲ့ တန်ခိုး၊ အရိယာဣဒ္ဓိ နှစ်သက်ဖွယ်ဖြစ်စေ၊ မနှစ်သက်ဖွယ်ဖြစ်စေ လက္ခဏာရေးသုံးပါးကိုတင်ပြီးလျှင် လျစ်လျူရှုနိုင်တဲ့ အရိယာဣဒ္ဓိပဲ။ ကျုပ်ဟာ အဲဒီအရိယာဣဒ္ဓိတန်ခိုးကို မဆင်ခြင်၊ လက္ခဏာရေးသုံးပါးကိုမတင်တော့ အရေးကြုံတွေ့ချိန်မှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာဆိုတဲ့ အင်္ဂါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အမှန်အတိုင်း နှလုံးမသွင်းနိုင်ဘဲ ဝိတက်နဲ့ ယှဉ်တဲ့စိတ်က မကောင်းတဲ့အာရုံကို ကြံစည်မိတာကိုးဗျ။ သတိတရား လက်ကိုင်မထားနိုင်ခဲ့လို့ ရပြီးသာဈာန်တရား လျှောကျပျက်စီးခဲ့ရတာပေါ့ဗျာ’

‘နှမြောလိုက်တာ။ ကျုပ် နှမြောလိုက်တာ ဦးပဥ္စင်းရယ်’

‘မနှမြောပါနဲ့ဗျာ။ ဈာန်အဘိညာဉ်ရတဲ့ ဘုရားလောင်း ဟာရိတရသေ့ဆိုတဲ့ ပညာရှိကြီးတောင် မုဒုလက္ခဏာမိဖုရားကြီးကို မောဟဖိစီးတော့ အဘိညာဉ်တန်ခိုးတွေပျောက်ပြီး လှျံဝါနန်းလုံးဝင်ဝင်းတည်း ဖြစ်သွားတယ်။ အနုသယမောဟဆိုတာ သန့်ရှင်းတဲ့စိတ်ဓာတ်မှာ ကိန်းဝပ်နေတာ။ ရုတ်တရက် ထကြွလာပြီး ပရိယုဋ္ဌာနမောဟဖြစ်သွားရင် ဘာမှမဆင်ခြင်နိုင်တော့ဘူး။ ကျုပ်လည်း ဒီလိုပဲပေါ့ဗျာ။ အဲဒီမကောင်းစိတ်သာ ဝင်မလာရင် သူက ကြည်ကြည်ဖြူဖြူ ခွင့်ပြုတာတောင် ပြုမှာမဟုတ်ဘူး။ အခုတော့ ကျုပ်လည်း ကရင်မျိုးဟော့ တို့ဗမာဖြစ်သွားရတာပေါ့ဗျာ’

လျှောကျသွားတဲ့ ဈာန်သမာပတ်ကို ပြန်ရဖို့ မခက်ပါဘူး။ ဣဒ္ဓိတန်ခိုးတွေပြန်ရဖို့၊ ဆန္ဒိဒ္ဓိပါဒေါဆိုတဲ့ ဆန္ဒဓာတ်၊ စိတ္တိဒ္ဓိပါဒေါဆိုတဲ့ စိတ်ဓာတ်၊ ဝိယိဒ္ဓိပါဒေါဆိုတဲ့ ဝီရိယဓာတ်၊ ဝိမံသိဒ္ဓိပါဒေါဆိုတဲ့ ပညာစိတ်ဓာတ်ဆိုတဲ့ အခြေခံလေးပါးနဲ့ ညီညွတ်ဖို့ပဲ လိုပါတယ်။ ဒါပေမဲ့ ကိလေသာကျွန်ဘဝက ရုန်းထွက်ဖို့ကတော့ အတော်ခက်တယ်နော်။ တစ်နေ့နေ့တော့ အကြောင်းညီညွတ်ရင် မုဆိုးကြီးဆီ ကျုပ် အရောက်လာခဲ့မယ်။ မုဆိုးကြီးကသာ အလွတ်ရုန်းထွက်နိုင်ဖို့ စိတ်ကိုတင်းထားပါလေ။ အဘိဉာဏ်ဝိပဿနာ အစွမ်းရမှ ကိစ္စပြီးမယ်’

ဦးထွန်းဖံ၏ အပြန်ခရီးကား တိတ်ဆိတ်လွန်းလှသည်။ တစ်နေ့ အကြောင်းညီညွတ်၍ ဦးပဥ္စင်းသည် သူ့ထံ ဆိုက်ဆိုက်ရောက်လာခဲ့သော် လောဘဦးစီးနေတဲ့သူ အဖို့ ဦးပဥ္စင်းနောက်လိုက်ဖို့ အဆင်မှပြေပါ့မလား။

ဦးပဥ္စင်းကရော ကိလေသာနွံထဲက ရုန်းထွက်နိုင်ပါ့မလားဆိုတာ အပြန်ပြန်အလှန်လှန် တွေးတောရင်း အတွေးဝင်္ကပါထဲမှာ ချာချာလည်နေတော့သည်။

သျှင်ရဲထွဋ်(တောင်ငူနွမ်း)



www.burmeseclassic.com

www.burmeseclassic.com

# ပန်းအာဆိပ်

(၁)

မိုးမလင်းသေးချေ။ နံနက်(၄)နာရီခန့် ရှိပြီဖြစ်၏။

ကျော်မိုးဦးသည် ပန်းခြံတံခါးကို ဖွင့်လိုက်၏။ ပန်းရနံ့များက လေအငွေ့တွင် ပါလာကာ သူ့နှာခေါင်းထဲ မွှေးသွားလေသည်။ ပန်းခြံအတွင်း ပန်းမျိုးစုံ စိုက်ပျိုးထားရာ ပန်းများပွင့်နေကြသဖြင့် ပန်းခင်းကြီးသည် လှချင်တိုင်း လှနေလေသည်။ ပန်းခင်း၏ အလှအပကို နေရောင်ခြည် မရောက်သေး၍ ကောင်းစွာ မမြင်ရသော်လည်း မည်မျှသာယာလှပကြောင်း သူသိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးဦးသည် ပန်းခူးရန်အတွက် လက်ထဲတွင် တံစဉ်ကို ကိုင်ထားလေသည်။ ပြီးတော့ ဦးထုပ်ဆောင်းထား၏။ ဘောင်းဘီကိုလည်း ဝတ်ထားသဖြင့် ပန်းခင်းအတွင်း ဝင်ရန် လွယ်ကူလေသည်။

သူသည် အမေဖြစ်သူ ဒေါ်အုန်းခင်နှင့် အတူနေ၏။ သူ့တွင် ဇနီးဖြစ်သူ နွယ်နွယ်နှင့် သမီးကလေး မိုးမိုးတို့ ရှိလေသည်။ ဖခင်ဖြစ်သူမှာ ပြီးခဲ့သောနှစ်က ပန်းခင်းအလွန် မြက်ခင်းထဲတွင် မြက်များရှင်းရာမှ ပိုးထိ၍ ဆုံးပါးသွားခဲ့ပြီ ဖြစ်လေသည်။ သမီးဖြစ်သူမှာ (၆)တန်းတွင် ပညာသင်ကြားနေလေသည်။

ကျော်မိုးဦးတွင် နှလုံးအားနည်းသော ရောဂါရှိ၍ မကြာခဏ ဆေးရုံသို့ သွားပြနေရလေသည်။ နွယ်နွယ်နှင့် မိုးမိုးတို့သည် အိပ်ရာမှ မနိုးကြသေးချေ။ နွယ်နွယ်သည် (၅)နာရီခန့်မှ နိုးလာမည်ဖြစ်ပြီး ပန်းခင်းအတွင်း လိုက်လာမည် ဖြစ်လေသည်။

ကျော်မိုးဦးတွင် နှလုံးရောဂါရှိသဖြင့် ပန်းပင်များ ပြုစုပျိုးထောင်သည့်လုပ်ငန်းကို လုပ်ကိုင်ရန် အလုပ်သမားတစ်ဦး ငှားရမ်းထားလေသည်။ သူသည် နံနက်(၆)နာရီခန့်မှ ရောက်လာမည်ဖြစ်၏။ ပန်းခူးသောလုပ်ငန်းကိုတော့ ပင်ပန်းခြင်း မရှိသဖြင့် သူကိုယ်တိုင်ပင် လုပ်ကိုင်လေသည်။ ယခုလည်း ကျော်မိုးဦးတစ်ယောက်တည်း တံစဉ်ကိုင်ကာ ပန်းခင်းထဲသို့ ဝင်လာခြင်း ဖြစ်လေသည်။

ယနေ့သည် သစ္စာပန်းခင်းများကို ပိုမိုခူးယူရမည့်နေ့ ဖြစ်လေသည်။ ပန်းခင်းထဲတွင် ပန်းမျိုးစုံလင်စွာ စိုက်ပျိုးထား၏။ သစ္စာပန်းများသည် တစ်ခင်းလုံး ရောင်စုံအပွင့်များဖြင့် လှပနေလေသည်။ အဖြူရောင်၊ အဝါရောင်၊ ပန်းရောင်၊ ခရမ်းရောင်၊ အနီရောင် စသည်ဖြင့် အကန့်လိုက် စိုက်ပျိုးထားလေသည်။

အခြားပန်းများမှာ မေမြို့ပန်းရောင်စုံ၊ စိန်ခြယ်ပန်း၊ နှင်းမာပန်းရောင်စုံ၊ ဂမုန်းပန်း စသည်ဖြင့် သူ့နေရာနှင့်သူ စိုက်ပျိုးထား၏။ အချို့ပန်းများမှာ ရာသီအလိုက် ပွင့်ကြသော်လည်း ကျော်မိုးဦးတို့ ခြံထဲတွင် အဝီစိရေတွင်းတူးထားပြီး ရေကို ဖောဖောသီသီ လောင်းထားသဖြင့် ပန်းများသည် ရာသီမရွေး ပွင့်နေကြခြင်း ဖြစ်လေသည်။

ကျော်မိုးဦးတို့အိမ်သည် ပန်းခြံနှင့် ကပ်လျက်တည်ရှိပြီး သွပ်မိုးပျဉ်ကာ ပျဉ်ခင်း (၃)ပင်အိမ်ကလေး ဖြစ်လေသည်။ လျှပ်စစ်မီးရှိသဖြင့် အလင်းရောင် နေ့ညမရွေး ရနေသည့်ပြင် ပန်းခြံအတွင်း ရေတင်ရာတွင်လည်း စက်ဖြင့် တင်သည့်အတွက် လူမပင်ပန်းဘဲ ရေကို လိုသလောက်ရရှိနေခြင်း ဖြစ်လေသည်။

ကျော်မိုးဦးသည် သစ္စာပန်းပင်များကို အရင်းမှကပ်ကာ တံစဉ်ဖြင့် ရိတ်၏။ ရိတ်ပြီးသောအခါ ပန်းများကို အနီးရှိ ခုံတန်းရှည်ကလေးပေါ်တွင် စီ၍ပုံထားလေသည်။ ခုံတန်းရှည်ကလေးပေါ်တွင် သစ္စာပန်းများ ပြည့်သွားချိန်တွင် နွယ်နွယ်သည် လက်ထဲတွင် ရေပန်းကရားကလေးကိုင်ကာ ပန်းခြံအတွင်းသို့ ဝင်လာလေသည်။ ရေပန်းကရား၏ နှုတ်သီးဝတွင် ရေနွေးငွေ့များ တထောင်းထောင်း ထွက်နေလေသည်။

'ရေနွေးမဆူသေးလို့ စောင့်နေရတာ ကိုရေ။ ရေနွေးတည်ထားတုန်း မီးကလည်း ပြတ်သွားသေးတယ်။ ကဲ‥ ဘယ်အပုံကို လောင်းရမလဲ ပြပါဦး'

ကျော်မိုးဦးက ခုံတန်းရှည်ပေါ်က သစ္စာပန်းများကို လက်ညှိုးညွှန်ပြရင်း-

'အဲဒီပန်းတွေကို အရင်လောင်း၊ အရင်းပိုင်း (၂) လက်မလောက် ရေနွေးဖျန်းပေးလိုက်'

သူပြောသည့်အတိုင်း နွယ်နွယ်က သစ္စာပန်းများ အရင်းပိုင်းကို ရေနွေးဖျန်းလိုက်လေသည်။ ခုံတန်းရှည်တစ်ခုလုံးတင်ထားသော ပန်းများကို ရေနွေးဖျန်းပြီးသောအခါ မိုးအနည်းငယ် လင်းလာလေပြီ။

ကျော်မိုးဦးသည် ပန်းများအတွက် ရည်ရွယ်၍ လုပ်ထားသော ဓားမပြတ်ပြတ် တစ်ချောင်းကိုယူကာ သစ္စာပန်းများအား ရေနွေးဖျန်းထားသော အရင်းပိုင်းကို (၁) လက်မခန့် တိတိရိရိဖြစ်အောင် လိုက်၍ ခုတ်ဖြတ်လေသည်။

ဓားနှင့်ခုတ်၍ ပြတ်သွားသော အပိုင်းကလေးများကို ကျော်မိုးဦးသည် တံမြက်စည်းရှည်ဖြင့် သိမ်းပစ်လေသည်။

အားလုံးလုပ်ကိုင်ပြီးသောအခါ နွယ်နွယ်က ပန်းများကို ဖက်များနှင့်ထုပ်ကာ ကြိုးစည်းပြီး အစီအရီချထားလေသည်။

အခြားပန်းများကိုလည်း ထိုနည်းအတိုင်း အရင်းပိုင်းကို ရေနွေးဖျန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဒေါ်အုန်းခ ရောက်လာပြီး-

'လူလေး..ပန်းတွေကို ဘာလုပ်နေတာလဲ။ ဟင်..ဒီမှာလည်း ရေပန်းကရားက အငွေ့တွေ တထောင်းထောင်း ထွက်လို့'

ဖြစ်စဉ်ကို ဒေါ်အုန်းခ သိလိုက်လေပြီ။

'လူလေးရယ်..မလုပ်ကောင်း လုပ်ကောင်းတွေ လုပ်ရသလား။ ပန်းတွေ ဒီအတိုင်းဆိုတော့ ဘုရားမှာ ကြာကြာလှူရတာပေ့ါ။ လူလေးက ပန်းတွေကို အောက်ခြေက ရေနွေးထိထားတော့ တင်ထားတဲ့ ဘုရားပန်းအိုးတွေထဲမှာ ခံလှရင် (၃)ရက်ပေါ့'

'ဟုတ်တယ် အမေ။ အဲဒီရည်ရွယ်ချက်နဲ့ လုပ်တာ။ ဒါမှ သားတို့ပန်းတွေ ပိုရောင်းရမှာ။ သားတို့က ခုမှ ဒါကိုလုပ်တာ ရက်ပိုင်းပဲ ရှိသေးတယ်။ တခြားပန်းခင်းတွေ ဒီလိုလုပ်နေတာ ကြာလှပြီ အမေရဲ့'

'ဘုရား..ဘုရား..ဘုရားလှူမယ့် ပန်းတွေတော့ နွမ်းကုန်တော့မှာပဲ'

'လောလောဆယ်တော့ မနွမ်းသေးပါဘူး အမေရဲ့။ (၃)ရက်လောက်ကြာမှ နွမ်းမှာပါ'

ဒေါ်အုန်းခသည် ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဘုရားသာ တ,နေရတော့သည်။

'အဲဒီမကောင်းမှုတွေလုပ်လို့ ဖြစ်ရမယ်။ တချို့ပန်းခြံတွေက ခြံရှင်တွေဆို ဖျားပြီး သေရတာနဲ့၊ လေဖြတ်ပြီး မသန်မစွမ်းတွေ ဖြစ်သွားရတာနဲ့'

'ဒါကတော့ သူတို့ရောဂါနဲ့ သူတို့ပါ။ ပန်းတွေကို ဒီလိုလုပ်လို့ ဖြစ်တာလို့ ပြောမရပါဘူး။ တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ် အမေ'

ဒေါ်အုန်းခသည်-

'ငါ့သားလေး ဒီလိုလုပ်မှုတွေကြောင့် ရောက်ရှိလာမယ့် ဘေးအန္တရာယ်တွေကို မခံစားရပါစေနဲ့'ဟု စိတ်တွင်းမှ ဆုတောင်းလိုက်၏။

ဒေါ်အုန်းခသည် တရားမိတ်ဆွေများဖြင့် ဖားအောက်တောရစခန်းတွင် .တရားစခန်းဝင်နေရာ အချိန်အတော်ကြာသွားပြီး တရားစခန်းမှ မနေ့ကမှ ပြန်လည်ရောက်ရှိလာသဖြင့် ဤသို့သော လုပ်ရပ်များကို သားဖြစ်သူ လုပ်ကိုင်နေခြင်းကို မသိခြင်း ဖြစ်လေသည်။

ဤအချိန်တွင် ပန်းဖောက်သည်ယူမည့်သူများသည် ဆူညံ,ဆူညံဖြင့် စကားပြောရင်း ကျော်မိုးဦးတို့ ပန်းခြံအတွင်း ဝင်လာကြလေသည်။

မိုးလင်းသွားသောအခါ အလုပ်နားမည်ကြံရုံရှိသေးသည် ရွာတောင်ပိုင်းမှ မနှင်းရီ ရောက်ရှိလာလေသည်။ မနှင်းရီသည် ဖားအောက်တောရစခန်းသို့ လိုက်လိုသော်လည်း မလိုက်နိုင်သဖြင့် အမှတ်တရအဖြစ် ပုတီးတစ်ကုံး ဝယ်ခဲ့ပါရန် ဒေါ်အုန်းခကို မှာလိုက်သူ ဖြစ်လေသည်။

(၂)

'မောင်လေးရေ..မမကို သစ္စာပန်းအဖြူရောင်တွေ ချည်း အခိုင်(၁၅၀)လောက်ရအောင် ခူးပေးစမ်းပါ။ ဒီနေ့ မမရဲ့ မွေးနေ့လေ။ ဘုရားမှာ ရေသပ္ပာယ်ရင်း ပန်းလှူမလို့။ ဘုရားမှာ ရုပ်ပွားတော်တွေကများတော့ စေ့စေအောင်လှူရင် အဲဒီလောက်ရမှ ဖြစ်မှာ'

'စိတ်ချပါ မမနှင်းရီ၊ ရအောင် လုပ်ပေးမယ်။ ခဏ စောင့်နော်'

ကျော်မိုးဦးသည် သစ္စာပန်းအဖြူရောင်များကိုရွေး၍ အခိုင်(၁၅၀၊ ၂၀၀)ခန့်မှန်း၍ တံစဥ်ဖြင့် ဖြတ်၏။ ထို့နောက် ထုံးစံအတိုင်း အရင်းပိုင်းကို ရေနွေးဖျန်းရန်မှာ ပန်းဝယ်သူရှေ့တွင်လုပ်ရန် အခက်တွေ့နေ၏။

'မောင်လေး..အန့်တီဒေါ်အုန်းခ ပြန်ရောက်ပြီဆို'

'ဟုတ်ကဲ့ မမနှင်းရီ၊ အမေ အိမ်ပေါ်မှာရှိမယ်'

'အေး..အေး..ငါ တက်သွားလိုက်မယ်'

မနှင်းရီသည် ဒေါ်အုန်းခကို မှာလိုက်သော ပုတီး မပါ မေးမြန်းရန် အိမ်ပေါ်သို့ တက်သွားလေသည်။

ကျော်မိုးဦးသည် ယခုမှ သက်ပြင်းချနိုင်ကာ ရေနွေး ထည့်ထားသော ပန်းကရားကိုယူ၍ လက်ကျန်ရေနွေး ပန်းပင်ခြေရင်းများကို ပက်ဖျန်းလိုက်လေ့သည်။

ပြီးသောအခါ ဓားမဖြင့် တိတိရိရိဖြစ်အောင် ဖြ မည်ဟု ကြံရွယ်ကာ ဓားမကိုရှာ၏။ ဓားမကို မတွေ့ သူ့ဇနီး နွယ်နွယ်သည် ထင်းခွဲရန်အတွက် ဓားမကို အိ ခေတ္တယူသွားခြင်း ဖြစ်၏။

ကျော်မိုးဦးသည် ဓားမကို မတွေ့သောအခါ သူ့သ မိုးမိုး စက္ကူဖြတ်ရန် စာကြည့်စားပွဲတွင်ထားရှိသော က ကြေးကိုယူ၍ သစ္စာပန်းများ၏ ရေနွေးထိထားသော အရင်းပိုင်းများကို (၁)လက်မခန့် ဖြတ်လေ၏။

သစ္စာပန်းအပင်(၁၅၀)ဆိုသော်လည်း လိုလိုပိုပို



www.burmeseclassic.com

www.burmeseclassic.com

(၂၀၀)ခန့်ဖြတ်ပြီး ကတ်ကြေးကို စာကြည့်စားပွဲပေါ်သို့ ပြန်တင်ထားလိုက်လေသည်။ ကတ်ကြေးတွင် သစ္စာပန်း အပင်(၂၀၀)ခန့်၏ အစေးများ ပေကျံနေသည်ကို သတိ မထားမိချေ။

'မမနှင်းရီ..ပန်းတွေရပြီ။ လာယူတော့'

မနှင်းရီက မှာထားသော ပန်းများအတွက် ကျသင့် ငွေကိုရှင်းပြီး ပြန်သွားလေသည်။

(၃)

'ဘွားဘွား..သမီး ကျောင်းသွားတော့မယ်'

မိုးမိုးသည် လွယ်အိတ်၊ ထီးတို့ကိုယူကာ ကျောင်း သွားရန်အတွက် ပြင်ဆင်လေသည်။ ဒေါ်အုန်းခသည် မိုးမိုး စားရန်အတွက် ဘိန်းမုန့်များကို ဝယ်ယူထားလေ သည်။

'သမီး..ဘိန်းမုန့်တွေ စားသွားဦး။ မနက် ထမင်း ကြမ်းလည်း မစားရသေးဘူး မဟုတ်လား'

'ဟုတ်ကဲ့ ဘွားဘွား'

မိုးမိုးသည် စာကြည့်စားပွဲပေါ်တင်ထားသော ကတ် ကြေးဖြင့် ဘိန်းမုန့်များကို တစ်လုတ်စာစီ စားလို့ရအောင် အတုံးကလေးများအဖြစ် ညှပ်ထားလေ၏။

ထိုကတ်ကြေးသည် ကျော်မိုးဦး စောစောက ယူသွား ပြီး သစ္စာပန်းပင်များ ဖြတ်ထားသော ကတ်ကြေးဖြစ်သည် ကို မိုးမိုးမသိချေ။ ပို၍ဆိုးသည်မှာ ထိုကတ်ကြေးတွင် သစ္စာပန်းပင်၏အစေးများ ရွှဲရွှဲစိုနေခြင်းကို မသိခြင်းဖြစ် ပေတော့သည်။

မိုးမိုးသည် တစ်စုံတစ်ခုကို သတိရကာ-

'ဘွားဘွား..သမီးမေ့နေတယ်။ သမီး ဒီနေ့ နေရတာ နေ့င်ထဲမှာ ပြည့်နေသလိုပဲ။ အဲဒါကြောင့် စားနေကျ ထမင်း ကြမ်းတောင် မစားတာ။ အခု ဘိန်းမုန့်ကိုလည်း မစား တော့ဘူး။ ကော်ဖီတစ်ခွက်ပဲ ဖျော်သောက်လိုက်တော့ မယ်'

မိုးမိုးသည် ပြောပြောဆိုဆိုနှင့် ကော်ဖီဖျော်ရန် မီးဖို ဆောင်ထဲသို့ ဝင်သွားတော့သည်။

ကျော်မိုးဦးသည် ခြေ၊လက်ရေဆေးကာ အိမ်အတွင်း ဝင်လာပြီး မိုးမိုးညှပ်ထားသော ဘိန်းမုန့်များကို တစ်တုံး ပြီးတစ်တုံး ယူစားလေ၏။

'တစ်လုတ်စာလေးတွေ ညှပ်ထားတော့ စားရတာ



အတော်ပဲ'

ကျော်မိုးဦးသည် ဝယ်ထားသော ဘိန်းမုန့်များကို ဆာဆာနှင့် ကုန်အောင်စားပစ်လိုက်၏။ ထို့နောက် ရေနွေး ကြမ်း တစ်ခွက်ငှဲ့၍ သောက်လေသည်။

မကြာမီ ကျော်မိုးဦးသည် ရင်ဘတ်ကို လက်နှင့်ဖိ ကာ တစ်ကိုယ်လုံး ချွေးပြန်လာပြီး မျက်လုံးပြူးလာကာ တဝေါ့ဝေါ့ဖြင့်အန်ပြီး သတိလစ်သွားလေသည်။

နွယ်နွယ် သိသောအခါ နောက်ဖေးမှ ပြေးထွက်လာ ပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းကာ ကျော်မိုးဦး ကို ဆေးရုံသို့ အမြန်ပို့လေ၏။

(၄)

ဆေးရုံရောက်သောအခါ တာဝန်ကျ ဆရာဝန်၊ ဆရာမများသည် စားထားသော အစာများကို အစာအိမ် တွင်းမှ စုပ်ထုတ်ပစ်ခြင်း၊ လိုအပ်သောဆေးများသွင်းခြင်း စသော လုပ်ငန်းများကို အမြန်ဆောင်ရွက်ကြလေသည်။

မကြာမီတွင် ကျော်မိုးဦး သတိရလာလေသည်။

ဆရာဝန်က-

'ကံကောင်းလို့ မသေတယ်။ အဲဒီပန်းပင်က အစေး တွေက အဆိပ်ဖြစ်တာဗျ။ အချိန်မသင့်ရင် သေသွားနိုင်


www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအပင်ရဲ့ဥကို စားမိရင်လည်း သေနိုင်တယ်။ ပြီးတော့ လူနာက နှလုံးအားနည်းတဲ့ရောဂါ အခံကလည်း ရှိတယ်လေ'

ကျော်မိုးဦး၏ အမေသည် ရင်ဘတ်ကို လက်ဖြင့်ဖိကာ-

'ဘုရား··ဘုရား··ကံကောင်းလို့ပါလား သားလေးရယ်'

ဤအချိန်တွင် ရွာထဲမှ အသက်အကြီးဆုံးဖြစ်သော ဦးဖိုးဖြူသည် လူနာမေးရန် ဆေးရုံသို့ရောက်လာကာ ဒေါ်အုန်းခ ပြောလိုက်သော စကားများကိုကြားပြီး အောက်ပါအတိုင်း ပြောလေသည်။

'ကံကောင်းဆို သူက ဒီအလုပ်လုပ်နေပေမယ့် ရတဲ့ပိုက်ဆံတွေထဲက တချို့ကို စုထားတာဗျ။ အဲဒါ ခင်ဗျားတို့ မသိဘူး။ သူ ဘယ်သူ့ကိုမှ မပြောဘူး။ ဒါပေမဲ့ ကျုပ်ကိုတော့ ပြောပြထားတယ်။ သူလိုချင်တဲ့ အတိုင်းအတာတစ်ခုရရင် အခု မြို့က သုံးထပ်ကျောင်းမှာ ရှေးခေတ်က ဘုရားကြီးကို ဖြိုဖျက်ပြီး ဘုရားတစ်ဆူ တည်နေတယ်။ ဌာပနာပိတ်ပွဲမှာ သူ ဘုရားရုပ်ပွားတော်တစ်ဆူ လှူမလို့ ကျုပ်ကို ပြောထားတယ်။ တကယ်တော့ ပန်းပင်က အဆိပ်က သူ့ကို သေသည်အထိ ဒုက္ခမပေးတာ အဲဒီရည်မှန်းထားတဲ့ ကုသိုလ်ကြောင့်ဗျ'

ထိုအချိန်တွင် ကျော်မိုးဦးသည် ဦးဖိုးဖြူ ပြောသမျှကို ဆေးရုံခုတင်ပေါ်မှ ငြိမ်ပြီးနားထောင်နေရာမှ အောက်ပါအတိုင်း ဝင်ပြောလိုက်လေတော့သည်။

'ဟုတ်တယ် အမေ။ သား ပိုက်ဆံတွေ စုထားတာတော်တော်ရနေပြီ။ ဘုရားတစ်ဆူ ပူဇော်နိုင်လောက်တဲ့အထိ ပြည့်နေပါပြီ။ ဒီရက်ပိုင်းအတွင်း သုံးထပ်ကျောင်းမှာ တည်နေတဲ့ဘုရားမှာ ဌာပနာပိတ်ပွဲ ကျင်းပတော့မှာ။ သားလည်း ဘုရားတစ်ဆူ လှူနိုင်ပါပြီ။ အဲဒါပြီးသွားရင် သားလည်း ဒီလိုလုပ်တာတွေကို ရပ်ပါတော့မယ်။ သား ပန်းခြံကထွက်တဲ့ ပန်းတွေကို အရှိအတိုင်းပဲ ရောင်းတော့မှာမို့ ဘုရားမှာ ပန်းလှူတဲ့လူတွေ စိတ်ချမ်းသာကြတော့မှာပါ အမေ'

မင်းသန့်ကျော်(ဖီးကုန်း)


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်
Ph.D (Hon - Doctor of Astrology)

(နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ)

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်

**အခန်း(၄)၊ အနောက်ဘက်မုစ်၊ ခြေသုံးနစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇**



# ဒေါက်တာယတြာဇေဝဒီ
Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်···

**ဖြိုဖင်**

**ရှစ်ချိန်းလှည်း**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ...**




www.burmeseclassic.com

www.burmeseclassic.com


ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂန္ဓာရီ ဆရာလှမျိုး (B.Sc)

**အောင်ကောင်းမြဲ (သာကေတ)**

**ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်**

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
**ကြံတိုင်းအောင် စာပေနှင့် ဟောခန်း**

**ဟောပြောအချိန်** နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** | **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊
**ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကဆိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊
ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်အခါက ရုပ်ရှင်သမားများ၊ ဗီဒီယိုသမားများ အနေဖြင့် တောတွင်းကား သိုက်သမိုင်းဇာတ်ကားများ ရိုက်ကူးမည်ဖြစ်ဆိုလျှင် ပဲခူး-ဒေးစွန်ပါအရပ်သို့ သွားရောက်ရိုက်ကူးလေ့ရှိကြ၏။

ဒေးစွန်ပါတောရိပ်တောင်ရိပ်တို့၏ရှုခင်း (လိုကေးရှင်း)သည် ရုပ်ရှင်သမားများ မျက်စိကျရာနယ်မြေ ဖြစ်နေသောကြောင့် ဖြစ်သည်။

အချို့က ဥစ္စာစောင့်များ ရှိသည်၊ မြေကြမ်းသည်၊ မြွေပေါသည် ဆိုလင့်ကစား ရုပ်ရှင်ဗီဒီယိုသမားများကမူ ဇာတ်ဝင်ခန်းနှင့် လိုက်ဖက်မည်ဆိုလျှင် ထိုအရပ်ဆီသို့ သွားရောက်ရိုက်ကူးကြစမြဲသာ ဖြစ်၏။

ဇမ္ဗူအေးရုပ်ရှင်မှ မင်းသား ဇော်ခင်၊ တက်သစ်စ မင်းသား ဇေယျာနှင့် ကုမ္ပဏီမှ မြှောက်စားလိုသည့် ခင်မိုးလှိုင် မင်းသမီးအသစ်တင်သော (ရွှေတစ်တင်း) အမည်

# သူမ လာပြောသည်

## ဂမ္ဘီရ ညုမော်



www.burmeseclassic.com

www.burmeseclassic.com




ရှိသည့် ဓာတ်ကားရိုက်ကူးရန် ဒေးစွန်ပါသို့ ထွက်ခဲ့ကြ၏။ ဓာတ်လမ်းကို တက္ကသိုလ်ထွန်းထွန်း ရေး၍ နိုင်ဝင်းနိုင် ဓာတ်ညွှန်းခွဲပြီး ဒါရိုက်တာညီမော်လင်း ရိုက်ကူးမည် ဖြစ်သည်။

အဖွဲ့သားများ ရန်ကုန်မှ နံနက်စောစော ထွက်လာနိုင်ခဲ့ကြသော ကြောင့် ဒေးစွန်ပါသို့ (၉)နာရီသာသာ၌ ရောက်ခဲ့ကြ၏။

www.burmeseclassic.com

ရှုတင်ကားလေးများ ဒေးစွန်ပါမှုန်ဦးဘုန်းကြီးကျောင်းသို့ ဆိုက်လိုက်သည်နှင့် ဆရာတော် ဦးအာဒိစ္စဝံသသည် ကျောင်းဝမှ ထွက်လာ၏။

'မင်းတို့ ရောက်လာကြပြန်ပြီ။ ငါ့ကျောင်းမှာ လာရိုက်တာ (၃)ကားရှိသွားပြီ မဟုတ်လား' ဟု မေးသဖြင့် ရှုတင်မန်နေဂျာ သန်းထူးက 'ဟုတ်ပါတယ်ဘုရား' ဟု ဖြေလိုက်ရ၏။

'ဒါရိုက်တာဇော်မော်လင်း လာရိုက်တဲ့ သိုက်ဆိုတဲ့ ဇာတ်ကားတုန်းက ငါ အများကြီး ကူညီလိုက်ရတယ်။ သိတယ်မဟုတ်လား'

'သိပါတယ်ဘုရား'

'ကန်တော့ပွဲပေးတာ လမိုင်းပွဲ အချိုးမပြေလို့ ဥစ္စာစောင့်က မင်းသမီး သူဇာမော်လင်းကို ဝင်ပူးပြီး ပွဲပျက်အောင် လုပ်တာကြောင့် နောက်ထပ်လမိုင်းပွဲအသစ် ထပ်လုပ်ပေးလိုက်မှ အဆင်ချောသွားတာ။ တောင်ခြေက သိုက်ဆရာ မသိန်းလည်း ပါတယ်'

'တပည့်တော်လည်း ပါပါတယ်' ဟု ဒါရိုက်တာညီမော်လင်းက ဝင်လျှောက်လိုက်ရ၏။

'နောက်ဆုံး အဲဒီသိုက်ဆိုတဲ့ ဇာတ်ကားကို ထိုက်လို့ အမည်ပြောင်းလိုက်ရတဲ့အထိ ဖြစ်သွားခဲ့တယ်'

'မှန်ပါတယ်ဘုရား'

'အခု ရွှေတစ်တင်းဆိုတာ သိုက်ဇာတ်ကားပဲလား'

'သိုက်ကားတော့ မဟုတ်ပါဘူးဘုရား။ သိုက်ဆန်ဆန် ရေးထားတဲ့ ဇာတ်လမ်းလေးပါ'

'အေး..ဘာပဲဖြစ်ဖြစ်ပေါ့။ အဲဒီဇာတ်ကားအတွက်လည်း လမိုင်းပွဲတစ်ပွဲ ထပ်တိုးပြီး ကန်တော့ပွဲပေးဖို့လိုတယ်'

'ထိုးပေးပါ့မယ်ဘုရား'

ဒေးစွန်ပါသို့ ဇာတ်ကားများ သွားရိုက်ကူးကြသောအခါ ရန်ကုန်တွင် ကန်တော့ပွဲ မပေးဘဲ ဒေးစွန်ပါမှုန်ဦးကျောင်းရောက်မှသာ သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံနှင့် စက်အဖွဲ့အစုံအညီဖြင့် ကန်တော့ပွဲပေးကြ၏။

ဆရာတော်၏ လမိုင်းပွဲတစ်ပွဲ ထပ်တိုးပေးရမည်ဆိုသော အမှာစကားကြောင့် ဘုရားကြီးဈေးသို့ အပြေးအလွှားသွား၍ မွန်းမလွဲခင် ကန်တော့ပွဲ ပေးလိုက်ကြရ၏။ အဖွဲ့သားများလည်း (၁၂)နာရီကျော်မှသာ ထမင်းစားကြရတော့သည်။

ညီမော်လင်းသည် လက်ပတ်နာရီကို ကြည့်လိုက်ပြီး 'ခင်မောင်အေးရေ..(၂)နာရီပဲ ရှိသေးတယ်။ စလိုက်ကြရအောင်။ နေလည်း ပွင့်နေတယ်ကွ' ဟု ကင်မရာမင်းကို အသိပေးလိုက်၏။

'ရပါတယ် ဆရာ'

'မင်း ဘာအခွေနဲ့ ရိုက်မှာလဲ'

'NTSC နဲ့ ရိုက်မယ်'

'ကောင်းပါတယ်ကွာ။ (Natrual Tone Seven Colour) သဘာဝနှစ်ရောင်ကို ခွဲခြားနိုင်တဲ့ တိပ်ခွေပဲ'

'ကျွန်တော် (၃၆)လမ်း ဒေါ်ကြည်ကြည်ဆိုင်က ဝယ်လာခဲ့တာ။ စိတ်ချရပါတယ် ဆရာ'

'အသံဖမ်း ဘယ်သူလဲ'

'အေဝမ်းစိုးတင့်(ဒုတ်)'

'ကဲ..အခုပဲ ထွက်မယ်ကွာ'

'ဆရာကတော့ လုပ်ပြီ'

'ဟ..မလုပ်လို့ မရဘူးလေကွာ။ မင်းသားဇော်ခင်ကဒီကားရိုက်ရဖို့ (၄)ရက်ပဲပေးထားတာ။ အဲဒါတောင် ဓမ္မအေးရုပ်ရှင် မမြင့်ရဲ့ မျက်နှာကြောင့် ရတာကွ။ မင်းသားဇေယျာက ကိစ္စမရှိဘူး။ အချိန်ပေးနိုင်တယ်။ ကိုဇော်ခင်ကိုပဲ ရိုက်မှာလေ'

ခင်မောင်အေးသည် 'ရပါတယ် ဆရာ' ဟုဆို၍ ကင်မရာအဖွဲ့သားများနှင့် စက်အဆိုင်းကို ပြင်ဆင်လိုက်ရ၏။

'သင်ပုန်းတောရမှာ ရိုက်မယ်။ အဲဒီမှာ နတ်စင်နဲ့ နတ်ရုပ်တွေလည်း ရှိတယ်။ ဇာတ်ဝင်ခန်းနဲ့တော့ ဒိုက်ကိုက်ပဲကွ။ မင်းတို့ လိုက်ခဲ့ကြနော်' ဟု ခေါ်ပြီး သရုပ်ဆောင်များရှိရာသို့ ထွက်သွား၏။

'ကိုဇော်ခင်ရေ..မောတယ်ပန်းတယ် သဘောမထားနဲ့ဗျာ။ စလိုက်ကြရအောင်'

'ရပါတယ်။ ဘာရိုက်မှာလဲ'

'အောင်ကောင်းတို့ ရွှေကျင်တဲ့အဖွဲ့ တောထဲ ထွက်လာတာ ကိုဇော်ခင်နဲ့ နတ်ကွန်းရှေ့မှာ ဆုံကြပြီး ဘာညာဘာညာ ပြောမယ့်အခန်း'

'ကျွန်တော်က ရွှေကျင်တဲ့လူလား'

'မဟုတ်ဘူးဗျ။ ရွာမှာ ကာလသားခေါင်းဆောင်လူပျိုကြီးပါ။ အိမ်နေ အဝတ်အစားဆို ရတယ်။ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဖို့ ခမောက်ကို သံလိုက်ပေးလိမ့်မယ်'

'သိပြီ၊ သိပြီ'

ညီမော်လင်းသည် မင်းသားဇော်ခင်နှင့် ဇာတ်ပို့ဇာတ်ရံအချို့ကို ဦးဆောင်၍ မုခ်ဦးကျောင်းနှင့်ကပ်လျက်ရှိသော သင်ပုန်းတောရကျောင်းဘက်ဆီသို့ ထွက်လာခဲ့၏။

နတ်စင်များ ရှိသည့်နေရာသို့ ရောက်သောအခါ မင်းသား ဇော်ခင်သည် ရိုက်ကွင်းကို ကြည့်လိုက်ပြီး 'ညီမော်လင်းက လိုကေးရှင်းတော့ ကြည့်တတ်သားပဲ'ဟု ဆိုလိုက်၏။

'ကျွန်တော်တို့က ဒေးစွန်ပါမှာ ကားလာလာရိုက်နေတော့ ဘယ်နေရာမှာ ဇာတ်ကားနောက်ခံ လိုကေးရှင်း ရှိတယ်ဆိုတာ သိတာပေါ့ဗျာ'ဟု ပြောနေသည်ကို နားထောင်ရာမှ သူနှင့်လိုက်ဖက်မည့် ဇာတ်ဝင်ခန်း အဝတ်အစားကို လဲဝတ်နေ၏။

စက်အဖွဲ့သားများ ရောက်လာသည်နှင့် ထုံးစံအတိုင်း မင်းသားဇော်ခင်ပါသော အခန်းကျော်ကို စတင်ရိုက်ကူးလေ၏။

မော်နီတာကိုကြည့်ပြီး မှားသော ရိုချက်ကဒ်များကို ပယ်၍ ထပ်ခါ၊ထပ်ခါ သူ့အကြိုက်ရအောင် ရိုက်ယူနေ၏။

အုံ့အုံ့ဆိုင်းဆိုင်းရှိနေသော နေရာဖြစ်နေသဖြင့် အလင်း မပေါက်သော နေရာအချို့ကို မှန်ချပ်များထိုး၍ ရသမျှ အရုပ်များကို ရိုက်ယူပြီး မုခ်ဦးကျောင်းသို့ ပြန်လာခဲ့ကြလေသည်။

မုခ်ဦးကျောင်းသို့ ရောက်သောအခါ ညီမော်လင်းသည် မှတ်တမ်းမောင်ညွန့်နှင့် မော်နီတာကြည့်၍ ကတ်ကျွန်များကို စစ်ဆေးနေရာမှ ကင်မရာမင်း ခင်မောင်အေးကို လှမ်းခေါ်လိုက်၏။

'ခင်မောင်အေးရေ..ညနေ စားသောက်ပြီးရင် (၇) နာရီလောက် နိုက်ဆင်းရိုက်မယ်ကွာ'

'ဆရာကလည်း လုပ်ပြန်ပြီ'

'ကပါကွာ၊ မင်းမှာ ဆန်းဂမ်းတွေ ပါတယ်မဟုတ်လား'

'ပါပါတယ်။ မီးစက်တော့ လိုမယ်နော် ဆရာ'

'ဝမ်းဘဲအင်းက ဝင်းမြင့်ဆီမှာ ရှိတယ်'

'ဒေးစွန်ပါနဲ့ ကားလမ်းပဲ ခြားတာ။ သူ့ဆီက ဘဲဥနဲ့ ဘဲသားကို တို့ဝယ်စားနေတာလေကွာ'

'ရှင်ပြီးတာပါပဲ ဆရာရယ်'

ညီမော်လင်းသည် 'သံလိုက်..လာဦးကွာ'ဟု ထပ်ခေါ်လိုက်ပြီး 'မင်း အတုပစ္စည်းတွေ အသင့်ပြင်တော့'ဟု ပြောလိုက်သဖြင့် သံလိုက်သည် ရန်ကုန်မှ အတုပြုလုပ်လာခဲ့သော ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ရွှေမန်ကျည်းသီးတောင့်နှင့် ရွှေအတုံးအခဲလေးများကို ထုတ်ပြလိုက်၏။

'အေးကွ၊ ရွှေတစ်တင်း ဆိုတော့လည်း ရွှေတွေက အဲဒီလောက်များမှ သဘာဝကျမှာလေကွာ။ တောင်းကို အောက်ခံထားပြီး အပေါ်ယံမှာ ကြည့်ကောင်းအောင် ရွှေတွေကို ပုံထားပေးနော်'

'သိပါတယ် ဆရာရယ်။ ရိုက်ကွင်းကျတော့ ကြည့်လိုက်ပါ။ အိုကေစေရမယ်။ ကျွန်တော် သံလိုက်ပါဗျာ'

'သိပ်ကြွားမနေနဲ့ ဟဲ့ကောင်၊ မင်းသမီးကို အဝတ်အစားဆင်ပေးဖို့ မိတ်ကပ်ကြည်ပြာကိုပြော၊ သန်းထူးဆီက မင်းသမီးအဝတ်အစားဝတ်စုံ တောင်းပေးလိုက်'

'ဟုတ်ကဲ့'

'ဟိုသံဇု အရူးရဲ့ အဝတ်အစားကလည်း စုတ်စုတ်ချာချာဖြစ်မှ ကောင်းမှာကွ'

'ဒါများ ရေလဲပုဆိုးနဲ့ အင်္ကျီစုတ်ကို ဝတ်ပေးလိုက်ရုံပဲ။ ဟား..ဟား..ဟား..အင်္ကျီအကောင်းကို ဖြတောင်ပေးလိုက်ဦးမှာ။ ဟဲ..ဟဲ'

အဖွဲ့သားများ ထမင်းစားနေကြ၏။

'သန်းထူး'

'ဗျာ'

'ဝမ်းဘဲအင်းမှာ ဒီဇယ်ဝယ်လို့ရတယ် မဟုတ်လား'

'ရပါတယ်။ ဘာလုပ်ဖို့လဲ ဆရာ'

'နိုက်ဆင်းရိုက်မှာလေကွာ။ မီးစက်အတွက် ဒီဇယ်လိုတယ်။ သွားရိုက်မယ့်နေရာက လှမ်းတော့ မီးစက်ဆရာတစ်ယောက်လည်း ပါမှဖြစ်မှာ။ (၇)နာရီလောက် စချင်တယ်ကွာ။ မင်း ဝင်းမြင့်ဆီ သွားပါ'

'ဟုတ်ကဲ့'ဟု ဆို၍ သန်းထူးသည် လက်သုတ်ပြီး ထထွက်သွား၏။

သံလိုက်သည် အတုပစ္စည်းများကို စစ်ဆေးနေသော်လည်း မိတ်ကပ်ကြည်ပြာသည်လည်း ခင်မိုးလှိုင်ကို အသေ

www.burmeseclassic.com

ပြင်ဆင်ပေးနေ၏။

'ကဲ..ပြီးရင် ထွက်ကြရအောင်'ဟုခေါ်ရင်း ညီမော်လင်းသည် အဖွဲ့သားများနှင့် နွားဝှေ့တောင်ဆီသို့ ထွက်ခဲ့ကြလေ၏။

ယခင်ကပင် ကြည့်ထားပြီးသော လိုကေးရှင်းနေရာဖြစ်သောကြောင့် နွားဝှေ့တောင်၏ ကမ်းပါးယံဂူအကွယ်မှနေ၍ မြစိမ်းရှင်မင်းသမီး ထွက်လာပြီး အရူးသာဓုကို ရွှေတစ်တင်းပေးမည့် အခန်းရိုက်ရန် ပြင်ဆင်နေကြ၏။

သန်းထူး မီးစက်နှင့် ရောက်လာပြီး 'ခင်မောင်အေးရေ..ဒီမီးစက် ဘယ်နေရာမှာ ထားရမှာလဲ'ဟု မေးသဖြင့် 'ဝေးလေ ကောင်းလေပဲ။ ဗိုင်ယာကြိုးရှည်သလောက် နောက်ဆုတ်ထားပါ'ဟု ခင်မောင်အေးက ပြောလိုက်၏။

'ဟေ့..ဟေ့..အခုရိုက်မည့်အခန်းဟာ ဒိုင်ယာလော့ စကားပြောမပါဘူးကွ။ ဆိုင်းလင့်ဂူ အသံတိတ်ရိုက်မှာကွ။ လွတ်တဲ့နေရာမှာ ထားလို့ရတယ် သန်းထူး'ဟု ညီမော်လင်းက ဝင်ပြောပေးလိုက်၏။

ဆန်းဂမ်းကိုင်သော မီးထိုးသမား ဂဲဖာလေးများသည် တောင်ကမ်းပါးယံ ဂူပေါက်ဝရှိရာသို့ အလင်းအမှောင် သဘာဝကျစေရန် ကွက်ကျား,ကွက်ကျား မီးဖြန့်ကြက်၍ ထိုးပေးနေကြ၏။

'ခင်မောင်အေးရေ..ငါလိုချင်တာက မြစိမ်းရှင်မင်းသမီး အကွယ်နောက်က ထွက်လာတာနဲ့ မင်းကင်မရာကို



သူ့နောက် ဖော်လိုလိုက်ပြီး ရွှေတွေပုံထားတဲ့နေရာရောက်မှ ကဒ်မယ်နော်။ အသားပေးချင်တာက ရွှေပုံပဲကွ။ ရွှေပုံကို ဖိုးကရောင်းရအောင် ယူပြီးရိုက်'

'ဟုတ်ကဲ့'

'သိပြီနော်'

'သိပြီ ဆရာ၊ ရီဟာဇယ်လုပ်ကြည့်ရအောင် ဆရာ'

'ဟေ့..ရီဟာဇယ်ရိုက်မယ်ဟေ့'ဟု ညီမော်လင်း အော်ပြောလိုက်သဖြင့် မှတ်တမ်းမောင်ညွန့်သည် မြစိမ်းရှင်မင်းသမီးထွက် ရီဟာဇယ် ဝမ်း၊ တူး၊ သရီး၊ ဖိုး၊ ဂိုးဟူသော ကလက်အသံ အော်ပေးလိုက်၏။

ခင်မိုးလှိုင်သည် သင်ပေးထားသည့်အတိုင်း အကွယ်နောက်မှထွက်၍ တစ်လှမ်းချင်း ဆင်းလာ၏။

ညီမော်လင်းက မော်နီတာကြည့်နေ၏။

ပန်းနုရောင်မင်းသမီး ဝတ်စုံလေးဖြင့် မိတ်ကပ်ခြယ်ထားသော ခင်မိုးလှိုင်သည် လှပစွာ ကြွကြွရွရွလေး လျှောက်လှမ်း၍ ဆင်းလာသည့် အမူအရာကြောင့် စိတ်ကြိုက်ရသွားသော ညီမော်လင်းသည် ကဒ်ဟု အသံပေးလိုက်၏။

'ရပြီလား ဆရာ'

'အိုကေတယ်ကွ'

'ဒါဆို ကျွန်တော်ရိုက်တော့မယ်နော်'ဟု ပြော၍ ခင်မောင်အေးသည် ဆန်းဂမ်းမီးထိုးသမား ဂဲဖာအချို့ကို နေရာပြောင်းရွှေ့၍ ထိုးစေပြီး မောင်ညွန့်ကို အချက်ပြလိုက်၏။

မောင်ညွန့်လည်း 'ဆင်းတွမ်တီဖိုက် ကဒ်ဝမ်း၊ မြစိမ်းရှင် မင်းသမီးထွက်၊ ဝမ်း တူး သရီး ဖိုး ဂိုး'ဟု ကလက်အသံ အော်ပေးလိုက်သောကြောင့် ခင်မိုးလှိုင်သည် အကွယ်မှ ပထမအမူအရာအတိုင်း ဆင်းလာ၏။

'ဟိုး..ဟိုး..ကဒ်၊ ကဒ်'ဟု အော်သံကြားလိုက်ရသဖြင့် ကင်မရာမင်း ခင်မောင်အေးသည် ညီမော်လင်းကို လှမ်းကြည့်လိုက်၏။

'အရှပ်မပေါ်ဘူးကွ မော်နီတာမှာ။ စကက်ထင် အဆင်းတွေပဲ ဆင်းလာပြီး ဘလက်အောက်ဖြစ်သွားပြီ'

'ဗျာ'

ခင်မောင်အေးသည် သူ့ကင်မရာကိုကြည့်၍ ဝေ ဇဝါဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

'ထပ်ရိုက်မယ် ဆရာ'

'ရိုက်လေကွာ'

ထုံးစံအတိုင်း မောင်ညွန့်သည် 'ဆင်းတွမ်တီဖိုက် ကဒ် တူး၊ မြစိမ်းရှင်မင်းသမီးထွက်'ဟု အော်လိုက်သဖြင့် ခင်မိုးလှိုင်သည် ဆင်းလာ၏။

ခင်မောင်အေး သူ၏ကင်မရာ ခရောပင်ဘောင်ကို အတိယူ၍ လိုက်ရိုက်နေစဉ် 'ဟိုး..ဟိုး..ကတ်၊ ကတ်ကွာ'ဟု ညီမော်လင်း အော်သံကြောင့် ရပ်လိုက်ရပြီး ဘေးပတ်ဝန်းကျင်ဆီသို့ လှော်ကြည့်နေ၏။

'ထပ်ရိုက်ကွာ ခင်မောင်အေး'ဟု ညီမော်လင်းသည် လေသံတင်းတင်းမာမာဖြင့် ပြောလိုက်၏။

'ဟုတ်ကဲ့'

မောင်ညွန့်က လက်သံကျယ်ကျယ် အော်ပေးလိုက်၏။

ခင်မိုးလှိုင်လည်း အမူအရာမပျက် အကွယ်မှ ဆင်းလာ၏။

ခင်မောင်အေးလည်း အမိအရ လိုက်ရိုက်နေ၏။

'ဟိုး..ဟိုး..ကဒ်..ကဒ်..ကဒ်။ ဟာကွာ၊ ဘာဖြစ်တာလဲ။ အရုပ်မပေါ်ပြန်ဘူး'ဟု ညီမော်လင်း၏ အသံကြောင့် အဖွဲ့သားများသည် မော်နီတာရှိရာသို့ လှမ်းကြည့်နေကြ၏။

ခင်မောင်အေးသည် မကျေမနပ်ဖြင့် ကင်မရာအဖုံးကိုဖွင့်၍ စစ်ဆေးနေသည်မှာ အတန်ကြာသွား၏။

မီးစက်လည်း ပျက်သွား၏။

'ဟင်း..ဒီည ဘယ်လိုဖြစ်တာလဲ။ အဆင်မပြေပါဘူးကွာ'ဟု ညီမော်လင်းသည် ညည်းညူလိုက်၏။

မီးစက်ဆရာ၏ ကြိုးစားပမ်းစား အားထုတ်မှုကြောင့် မီးပြန်လင်းလာသဖြင့် 'ဟေ့..ဟေ့..ရိုက်မယ်၊ ရိုက်မယ်' ဟု ညီမော်လင်းကိုယ်တိုင် ကလက်အသံ အော်ပေးလိုက်သောကြောင့် ခင်မိုးလှိုင်သည် အကွယ်မှထွက်၍ ဆင်းလာသည်ကို ခင်မောင်အေးသည် သတိကြီးစွာဖြင့် ဖော်လိုက်ရိုက်ယူနေ၏။

'ဟိုး..ဟိုး..ဟိုး..ကဒ်..ကဒ်'

ထိုအသံကို ကြားလိုက်ကြသော အဖွဲ့သားများသည် ညီမော်လင်းကို လှမ်းကြည့်လိုက်ကြပြန်၏။

'ခင်မောင်အေး'

'ဗျာ'

'မင်းကင်မရာ ဘာဖြစ်တာလဲကွ'ဟု မေးသဖြင့် ခင်မောင်အေးသည် အဖြေမပေးသေးဘဲ ကင်မရာကိုသာ ပြန်ကြည့်နေ၏။

'မဟုတ်သေးပါဘူးကွာ။ မင်းကင်မရာ ကြောင်သွားပြီနဲ့တူတယ်'

'နေ့လယ်တုန်းက အရုပ်ထင်သားပဲ ဆရာ။ အခု အရုပ်မပေါ်လို့ ပြောနေတာပေါ့ကွ'

'ကျွန်တော်လည်း အပြောရခက်နေတယ်'ဟု ပြောနေစဉ် မီးက ထပ်ပျက်သွားပြန်၏။

ခင်မောင်အေးသည် မီးဆရာရှိရာသို့ လှမ်းကြည့်ရာမှ 'ဒီမီးကလည်း တစ်မျိုး'ဟုပြော၍ သူ့ကင်မရာကို ဖင်ပြန်ခေါင်းပြန် စစ်ဆေးကြည့်နေလေ၏။

အဖွဲ့သားများလည်း မီးပြန်လာနိုး လာနိုးဖြင့် စောင့်ခဲ့ကြသည်မှာ ည(၁၁)နာရီသို့ပင် တိုင်ခဲ့၏။

ညီမော်လင်းသည် နာရီကိုကြည့်လိုက်ပြီး ည(၁၂)နာရီကျော်သည်နှင့် စက်အဖွဲ့ကို နောက်ထပ် တစ်ဂျူတီစာ ပိုက်ဆံထပ်ပေးရမည်ဖြစ်သောကြောင့် ရှုတင်ကို ဘရိတ်လုပ်လိုက်ရတော့၏။

ဇမ္ဗူအေးရုပ်ရှင်မှနေ၍ (၇)ဂျူတီ (၇)ရက်နှင့် အပြီးရိုက်ကူးရန် ကန်ထရိုက်စနစ်ဖြင့် ရိုက်ခိုင်းလိုက်သောကြောင့် နောက်ထပ်ကုန်ကျမည့်ငွေသည် ညီမော်လင်းသာ စိုက်ရမည်ဖြစ်၍ 'ကဲ..သိမ်းကြတော့ကွာ' ပြောလိုက်သဖြင့် အဖွဲ့သားများသည် ပစ္စည်းများသိမ်းပြီး ရိုက်ကွင်းမှ ပြန်လာခဲ့ကြ၏။

ကျောင်းသို့ ရောက်သောအခါ ညဉ့်နက်ပြီဖြစ်၍ အဖွဲ့သားများ အလျှိုလျှိုဝင်အိပ်ကြသော်လည်း အိပ်မရသူမှာ ကင်မရာမင်း ခင်မောင်အေးနှင့် ညီမော်လင်းသာဖြစ်၏။

'ခင်မောင်အေးရေ..မနက်ကျ ရန်ကုန်ပြန်ပြီး ကင်မရာအသစ်တစ်လုံးလဲဖို့ပဲ လုပ်တော့ကွာ။ မင်းကင်မရာ ဒုက္ခပေးနေပြီ'

'ဟုတ်တယ် ဆရာ၊ အသစ်လဲမှ ဖြစ်တော့မယ်။ ကျွန်တော်လည်း မပြင်တတ်ဘူး'

'ဟုတ်ပါပြီ။ ကဲ..မနက်စောစော ရန်ကုန်ပြန်ပါ'

'မော်ဒယ်ကောင်းကောင်း ရှာယူခဲ့နော်။ သန့်ဘက်ဆိုရိုက်နိုင်ဖို့ အရေးကြီးတယ်ကွ။ စားစရိတ်က အေ..ောင်း

www.burmeseclassic.com

တော့မယ်။ ဘက်ထရီအပိုတစ်တောင့်လည်း အပိုယူလာခဲ့'

'ဟုတ်ကဲ့'

ညီမော်လင်းသည် စိတ်ပျက်လက်ပျက်ဖြစ်လျက် မုခ်ဦးကျောင်းဝ ဆင်ဝင်အောက်ရှိ ပက်လက်ကုလားထိုင်တွင် သွားထိုင်၍ ထွေရာလေးပါး စဉ်းစားကြည့်နေလေ၏။

သည်ဇာတ်ကား ရိုက်ကူးရေးထက် စားစရိတ် သောက်စရိတ် ပို၍ကုန်ကျရတော့မည့်အရေးကို တွေးရာမှ မှေးခနဲ အိပ်ပျော်သွား၏။

ဝုန်းဆိုသော အသံနှင့်အတူ ကုလားထိုင်ကို ခလုတ်ဝင်တိုက်လိုက်ပြီး လှုပ်ခါသွားသည့်အဖြစ်ကြောင့် မျက်လုံးဖွင့်၍ ဟိုဟိုဒီဒီသို့ လိုက်ကြည့်သော်လည်း မည်သည့်အရိပ်အယောင်ကိုမှ မတွေ့ရဘဲ ရှိနေ၏။

ခြေရင်းတွင် အိပ်နေသော ခွေးနှစ်ကောင်သည်လည်း မလှုပ်မယှက် အိပ်မြဲအိပ်နေသည်ကို တွေ့ရသဖြင့် ပြန်မှေးလိုက်ရ၏။

စူးစူးရှရှအနံ့အသက်တစ်မျိုးသည် သွေးနှာခေါင်းထဲသို့ တိုးဝင်လာပြန်၏။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မုခ်ဦးကျောင်းအရှေ့၌ သစ်ရွက်ခြောက်များ လေတိုက်ရာ လွင့်နေသည်ကို တွေ့ရသောကြောင့် ပြန်မှေးလိုက်ပြန်၏။

မှေးလိုက်ရုံသာ ရှိသေးသည်။ စူးစူးဝါးဝါးအသံများနှင့်အတူ 'ဟဲ့..ခင်မိုးလှိုင်၊ မသွားနဲ့၊ မသွားနဲ့။ နင်ဘယ်သွားမလို့လဲ။ နင် ဘာဖြစ်တာလဲ။ သတိထား၊ သတိထား'ဟု ကျယ်ကျယ်လောင်လောင် အော်ပြောသံများကြားလိုက်ရသဖြင့် အသံများကြားရာဆီသို့ လှမ်းကြည့်လိုက်၏။

ဇာတ်ပို့ဇာတ်ရံ မြဒေါင်းညိုသည် အပြေးအလွှားရောက်လာပြီး 'ဆရာ..ဆရာ..လုပ်ပါဦး။ ခင်မိုးလှိုင်ဘာဖြစ်မှန်းမသိဘူး။ ကယောင်ချောက်ချားနဲ့ ထအော်ပြီး အခန်းထဲက ထွက်ပြေးနေလို့ ဝိုင်းဆွဲထားရတယ်။ လာပါဆရာရယ်၊ လိုက်ခဲ့ပါ'ဟု ဆွဲခေါ်သောကြောင့် ညီမော်လင်း ထလိုက်သွားခဲ့ရ၏။

အခန်းဝတွင် ခင်မိုးလှိုင်ကို ဇာတ်ပို့ မိုးသီတာမိုးက ချုပ်ကိုင်ထားသည်ကို တွေ့ရပြီး အဖွဲ့သားအချို့လည်း ရောက်နေကြ၏။

မြဒေါင်းညိုသည် ခင်မိုးလှိုင်၏ပါးကို ပုတ်လိုက်ပြီး 'ဟဲ့..နင် ဘာဖြစ်တာလဲ။ ပြောလိုက်လေ'ဟု မေးနေသော်လည်း ခင်မိုးလှိုင်သည် ငူးငူးဝါးဝါးသာ ဖြစ်နေ၏။

အဖွဲ့သားတစ်ယောက်က 'ဒီဒေးစွန်ပါနယ်မြေက ကြမ်းတယ်။ ခင်မိုးလှိုင် အမှားတစ်ခုခု လုပ်ခဲ့လို့ပဲ ဖြစ်မယ်။ ရေတစ်ခွက်ယူတိုက်လိုက်ပါလား'ဆိုသဖြင့် မိုးသီတာမိုးသည် ဘုရားစင်မှ သောက်တော်ရေကို သွားယူလိုက်၏။

ညီမော်လင်းသည် တည်တည်ငြိမ်ငြိမ်မျက်နှာထားဖြင့် 'ဟဲ့..ခင်မိုးလှိုင်၊ နင် ဘာဖြစ်တာလဲ'ဟု မေးနေရာ မိုးသီတာမိုး ယူလာပေးသော သောက်တော်ရေကို တိုက်လိုက်၏။

သောက်ပြီးသည်နှင့် ခင်မိုးလှိုင်သည် 'ဟင်း..ဟင်း' ဆိုသောအသံဖြင့် သက်ပြင်းရှည်ကြီးချ အဖွဲ့သားများကို ကြောင်၍လိုက်ကြည့်နေ၏။

'ခင်မိုးလှိုင် နင့်ကို ဆရာညီမော်လင်း မေးနေတယ်။ နင် ဘာဖြစ်တာလဲ။ ပြောလိုက်လေ'ဟု မြဒေါင်းညို၏ အသိပေးစကားကြောင့် ခင်မိုးလှိုင်သည် ညီမော်လင်းကို ကြည့်လိုက်ပြီး 'သူ..သူ..သူ..သမီးကို လာပြော တယ်'ဟု ဖြေလိုက်၏။

'ဟဲ့..သူဆိုတာ ဘယ်သူလဲ'ဟု ညီမော်လင်းသည် လေသံမာမာဖြင့် ဟိန်းဟောက်မေးလိုက်၏။

'အစိမ်းရောင်ဝတ်ထားတဲ့ မင်းသမီး'

ခင်မိုးလှိုင် စကားသည် အဖွဲ့သားများ မည်သို့ လည်ရမှန်းမသိ ဖြစ်ရလေ၏။

'နေပါဦး၊ နင့်ကို သူက ဘာတွေလာပြောတာလဲ' ညီမော်လင်းသည် ခက်ထန်ထန် ထပ်မေးကြည့်လိုက်၏။

'ညတုန်းကရိုက်တဲ့အခန်းက မှားနေတယ်တဲ့ ဆရာ မြစိမ်းရှင်မင်းသမီးဟာ အစိမ်းရောင်ကိုပဲ ဝတ်ဆင် ဆရာ။ သမီးဝတ်တဲ့ ပန်းရောင်ဝတ်စုံကို သူ မကြိုက် တဲ့ဆရာ။ သမီး အစိမ်းရောင်ဝတ်စုံကို ပြန်ပြောင်း ရိုက်ပါလို့ ပြောသွားတယ် ဆရာ'

'ဟော'

ညီမော်လင်း ပဟေဠိဖြစ်သွားရသကဲ့သို့ အဖွဲ့သား များလည်း ပြောသွားသူမှာ မြစိမ်းရှင်ဖြစ်နေ အထင်ရှိကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးလှိုင် အိပ်မက်ဆိုးမက်၍ ကယောင်ချောက်ချား ပြောနေသည်ဟု ဆိုနိုင်သော်လည်း ထိုအခန်းရိုက်ကူးစဉ် အခါက မော်နီတာတွင် အရုပ်မထင်ခြင်း၊ မီးစက်ပျက်သွားခြင်းတို့ကို ကိုယ်တိုင်ကြုံတွေ့လိုက်ရသော ညီမော်လင်းသည် ခင်မိုးလှိုင် ကျေနပ်သွားစေရန် ‘ကဲ··ကဲ·· နောက်နေ့ရိုက်ရင် သမီးကို အစိမ်းရောင်ဝတ်စုံ ပြောင်းပြီး ရိုက်ပေးပါမယ်ကွာ’ ဟု နှစ်သိမ့်ပေးလိုက်သဖြင့် ခင်မိုးလှိုင်သည် ကြောက်စိတ်များ ပြေသွားရသကဲ့သို့ ရှိသွားတော့၏။

မိုးလင်းသည်နှင့် ညီမော်လင်း ရွှေတင်မန်နေဂျာ သန်းထူးဆီသို့သွား၍ ‘သန်းထူး··မင်း ခင်မောင်အေးနဲ့ ရန်ကုန်လိုက်သွားပါ’ ဟု ပြောလိုက်သောကြောင့် ‘ဆရာကလည်း ဗျာ··ကျွန်တော်လိုက်စရာ မလိုပါဘူး။ ခင်မောင်အေး တစ်ယောက်တည်းနဲ့မဲ့ ရပါတယ်’ ဟု ပြန်ပြောနေ၏။

‘ကင်မရာကိစ္စ မဟုတ်ဘူးကွ။ အစိမ်းရောင်မင်း သမီး ဝတ်စုံတစ်စုံ ရအောင်ထပ်ငှားခဲ့ဖို့ လိုနေလို့ မင်း လိုက်သွားပါလို့ ငါ မင်းကို ပြောနေတာ’

‘ဘာဖြစ်လို့လဲ ဆရာ။ ပန်းရောင်ဝတ်စုံကို ပိုက်ဆံပိုပေးပြီး ငှားလာခဲ့ရတာ။ ကားထဲမှာ ဘယ်လောက်ကြည့်ကောင်းသလဲ။ ခင်မိုးလှိုင် ပိုတောင် လှသွားသေးတယ်’

‘မင်းမသိပါဘူး သန်းထူးရာ။ အစိမ်းရောင်မင်းသမီး ဝတ်စုံကို ရအောင် ရှာငှားလာခဲ့စမ်းပါ’

‘ဆရာ ပိုက်ဆံအပိုထပ်ကုန်မှာစိုးလို့ ပြောတာပါဗျာ’

‘ကုန်လည်း မတတ်နိုင်ဘူးလေကွာ။ ကားရိုက်တာ အဆင်ပြေဖို့က ပိုအရေးကြီးနေတယ် မဟုတ်လား’

‘ဆရာ့သဘောပါ’

‘ခင်မောင်အေးက ကင်မရာကိစ္စ လုပ်ရဦးမှာဆိုတော့ သူ့ကို မင်း စောင့်မနေနဲ့။ အစိမ်းရောင်မင်းသမီးဝတ်စုံ ရတာနဲ့ မင်းပြန်လာခဲ့’

‘ဟုတ်ကဲ့’

အဖွဲ့သားများ ထမင်းစားနေကြ၏။

‘ဒီနေ့တော့ အားလုံးနားနေလို့ရပြီ။ အေးအေးဆေးဆေးပေါ့ကွာ။ ရွှေတင်မန်နေဂျာ ရန်ကုန်သွားတယ်ဆိုတော့ ည,မနက် ဘဲဉနဲ့ပဲ နှစ်ပါးသွားကြရမှာပဲ’

‘ရပါတယ်ဗျာ။ ဝမ်းဘဲအင်းရွာက နိုင်ငံခြားမျိုး ဘယ်ရီဘရီဘဲတွေက အကောင်လည်းထွားတယ်၊ ဖင်ကြီးတော့ ဥကလည်း အကြီးကြီးပဲဗျ။ စားလို့ကောင်းပါတယ်’ ဟု မင်းသားဇော်ခင်က နောက်လိုက်သဖြင့် အဖွဲ့သားများ ဝိုင်းရယ်နေကြ၏။

‘နောက်ရက်မှ ဘဲသားစားကြပေါ့’

‘ဒါဆို ဒီညနေ ကျွန်တော် အရိုးမကိုက်ရတော့ဘူးပေါ့လေ’

‘ဒါများ ဒေးစွန်ပါတောင်ခြေ သိုက်ဆရာမ(ဒေါ်သိန်း)ဆိုင်က ခေါင်း၊ ခြေထောက်၊ အတောင်ပံဟင်း တစ်ခွက် ဝယ်လိုက်ရုံပဲပေါ့ဗျာ။ ကျွန်တော်လည်း အရိုးကိုက်မှာနော် ကိုဇော်ခင်။ နှစ်ယောက်အတွက် ဂျမ်းဂဲ (ချက်တော) နှစ်လုံးထောင်မယ်လေ။ ဘယ့်နှယ်လဲ’

‘အိုကေ’

ကိုရင်ကြီးသာဂရ ရောက်လာသဖြင့် စကားဝိုင်းကို ဖြတ်တောက်လိုက်ရပြီး ညီမော်လင်းသည် ဘာကိစ္စများ ရှိလို့ပါလဲဟု မေးလိုက်သဖြင့် ဆရာတော်က သူ့ဓာတ်ခန်းကိုလာရန် ခေါ်နေသည်ဟု ကိုရင်ကြီးက ပြောလေ၏။

‘ကဲ··ဆရာတော်ရဲ့ဓာတ်ခန်းကို မရောက်ဖူးသေးတဲ့ လူတွေ လိုက်ခဲ့ကြ’ ဟုဆို၍ ညီမော်လင်းသည် အဖွဲ့သားအချို့နှင့်အတူ ကိုရင်ကြီးနောက်မှ လိုက်ခဲ့ကြ၏။

ဆရာတော်၏ ဓာတ်ခန်းထဲသို့ ဝင်လိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဒေးစွန်ပါဘိုးဘိုးကြီးရုပ်တု၊ အဘဘိုးမင်းခေါင်ရုပ်တုနှင့် ဒေးစွန်ပါနှင့် ယှက်နွယ်မှုရှိသော အခြားသော ရုပ်တုကား များကို တွေ့ကြရ၏။

ဆရာတော်သည် အဖွဲ့သားများအား စေ့စေ့ငငကြည့် လိုက်ပြီး 'ကဲ..မင်းတို့ ညတုန်းက ဘာဖြစ်ကြတာလဲ'ဟု မေးလိုက်၏။

'ခင်မိုးလှိုင် အိပ်ရာကထပြီး ကယောင်ချောက်ချားနဲ့ ပြောဆိုနေတာကြောင့် တပည့်တော်တို့ ရေသွားတိုက်ပေး တာပါဘုရား'

'သူက ဘာတွေပြောနေတာလဲ'

'ကားရိုက်တာ မှားနေတယ်တဲ့။ အစိမ်းရောင်ကိုပဲ ဝတ်ဆင်ရမယ်လို့ သူ့ကို လာပြောနေတယ်လို့ ပြောနေပါ တယ်ဘုရား'

'ဘယ်သူက လာပြီးပြောတာလဲ'

'တပည့်တော်လည်း ဘယ်လိုပြောရမှန်း မသိပါဘူး ဘုရား။ အဖွဲ့သားတွေကတော့ မြစိမ်းရှင်မင်းသမီး လာ ပြောသွားတာပဲ ဖြစ်နိုင်တယ်လို့ ထင်ကြေးပေးနေကြတာ ပဲဘုရား'

'ဒါမျိုးတွေက ဒေးစွန်ပါမှာ ရိုးနေပါပြီ။ ဒါပေမဲ့ အကြောင်းတွေ ရှိရလိမ့်မယ်။ မင်းတို့ ဘယ်မှာသွားရိုက် ကြတာလဲ'

'နွားတေ့တောင်မှာပါဘုရား'

'အဝေးကြီးတောင် သွားရိုက်ကြတာပဲကို'

'ဟုတ်ပါတယ်ဘုရား။ ဇာတ်ဝင်ခန်းအရ မြစိမ်းရှင် မင်းသမီးအခန်းကို သွားရိုက်ရတာပါဘုရား'

'နေပါဦးကွ။ အဲဒီမြစိမ်းရှင်မင်းသမီးဆိုတာ တကယ် ရောရှိလို့လား ညီမော်လင်း'

'ရှိ၊မရှိတော့ တပည့်တော်လည်း မသိဘူး။ ဇာတ် လမ်းထဲမှာ ထည့်ရေးထားတာကြောင့် သဘာဝကျတဲ့ အဲဒီနေရာကိုရွေးပြီး သွားရိုက်ရတာပါဘုရား'

'ထားပါတော့လေ။ မေးကြည့်ရတာပါ။ ဒေးစွန်ပါနဲ့ ရွှေစွန်ပါအကြားမှာရှိတဲ့ နွားတေ့တောင်ရဲ့ အဲဒီဝန်းကျင် မှာက ဥစ္စာစောင့်တွေ ပေါတယ်။ ညအချိန် လူသူအသွား အလာ မလုပ်ကြဘူး'

'တပည့်တော်တို့ရိုက်တာ အဆင်မပြေတာနဲ့ လှည့် ပြီး ပြန်လာခဲ့ကြရပါတယ်ဘုရား'

'အင်း..ဥစ္စာစောင့်နဲ့ပတ်သက်ပြီး မင်းတို့ မြစိမ်း ဆိုတာ ကြားဖူးကြမှာပေါ့။ အဲဒီဥစ္စာစောင့်အနွယ်တွေဟာ အစိမ်းရောင်ကို ကြိုက်နှစ်သက်ကြတယ်'

'ဘယ်လိုကြောင့်များပါလဲဘုရား'

'အဲဒါ ဘယ်လိုအစွဲအလမ်းမျိုးလဲဆိုတာတော့ ငါ လည်း မပြောတတ်ဘူးကွ။ ရှေးတုန်းကတည်းက ပန်းပု ဆရာတွေ၊ ပန်းချီဆရာတွေဟာ ဥစ္စာစောင့်ရုပ်တုတွေမှာ အစိမ်းရောင်ကိုပဲ ခြယ်ခဲ့ကြတယ်။ ဒါလည်း အကြောင်း ရှိလို့နေမှာပေါ့လေ။ အဓိပ္ပာယ်တော့ ရှိလိမ့်မယ် ညီမော် လင်းရဲ့။ ဟိုမှာကြည့်ပါလားဟုဆိုရင်း အစိမ်းရောင်ခြယ် ထားသည့် ရုပ်တုလေးကို ပြလိုက်သဖြင့် ကြည့်လိုက်ကြ ၏။

'အဲဒါ မြစိမ်းအနွယ်မှာ လှသိမ့်များတဲ့ မြနန်းနွယ်ရုပ် တုလေးပဲ။ ဒေးစွန်ပါမှာ လူတကာ သိကြတယ်'

ထိုရုပ်တုလေးကိုလည်း အစိမ်းရောင်ခြယ်ထားသည် ကို တွေ့ကြရ၏။

'ခင်မိုးလှိုင်ကို လာပြောသွားတာ မြစိမ်းရှင်မင်းသမီး မဟုတ်ဘူး ညီမော်လင်းရဲ့'

'ဒါဆို ဘယ်သူများလဲဘုရား'

'မြနန်းနွယ်'

'ဘုရား'

'ဒေးစွန်ပါမှာက သူပဲရှိတာပဲ မဟုတ်လားကွာ'

'ဩော်'

'မင်း စဉ်းစားကြည့်လေ ညီမော်လင်း'

'ဒါဆို ခင်မိုးလှိုင်ကို လာပြောသွားတာ မြနန်းနွယ် ပေါ့။ ဟုတ်လားဘုရား'

'အေးလေ၊ ဟုတ်တယ်'

အဖွဲ့သားများသည် အစိမ်းရောင်ခြယ်ထားသော ရုပ်တုလေးကို ဝိုင်း၍ကြည့်နေကြလေ၏။

## ဂမ္ဘီရလှူ

ဒေးစွန်ပါ မုခ်ဦးကျောင်းဆရာတော် ဦးအာဒိစ္စ သည် ရုပ်ရှင်အဖွဲ့များနှင့် တွေ့သောအခါ မင်းတို့ အသုံးအနှုန်းဖြင့် ပြောဆိုလေ့ရှိပြီး ဥစ္စာစောင့်များ နင်တို့ဟူ၍ ပြောဆိုလေ့ရှိကြောင်းကို နောင်သော် ကြားသိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကြောင်ကျောက်ကို ငွေဖြင့် ကွပ်ထားသည့် ကျွန်တော်၏ အဆောင်လက်စွပ်မှာ ပျောက်ဆုံးသွားပြီ ဖြစ်ပါသည်။ လွန်ခဲ့သော လေးလခန့်ကတည်းက မချွတ်ဘဲ အမြဲဝတ်ထားသော လက်စွပ်မှာ ဝတ်ထားရင်း ပျောက်ဆုံးသွားခြင်း ဖြစ်ပါသည်။ ကျွန်တော် မနက်ကပင် သတိထားမိသေးသည်။ ကြို့ပင်စု သစ်ထုတ်လုပ်ရေးစခန်းသို့ ကျွန်တော်ဦးစီး တပ်စုတစ်စုသည် နံနက်(၆)နာရီကပင် ဟီးနိုးရိန်းဂျားကားကြီးဖြင့် လုပ်အားပေးသွားခဲ့သည်။

လုပ်အားပေးမှ နံနက်(၁၁)နာရီ ပြန်လည်ရောက်ရှိ၍ အိမ်အပြန် လမ်းတစ်ဝက်ကျမှ လက်ကိုပွတ်မိရင်း လက်စွပ်ပျောက်ဆုံးသွားကြောင်း သိရသည်။ ကျွန်တော်နှင့် မထိုက်လို့ဘဲဟု သတ်မှတ်၍ စိတ်ဖြေရတော့သည်။

အမှန်မှာ ဤလက်စွပ်သည် ကေအင်ယူသောင်းကျန်းသူ ဆက်ကြေးတာဝန်ခံ ဗိုလ်စောထူး၏ လက်စွပ်ပင် ဖြစ်ပါသည်။ ဗိုလ်စောထူးမှာ ယင်းလက်စွပ်တစ်ကွင်းသာ မဟုတ်ဘဲ ဘယ်ဘက်လက်မောင်းတွင် လက်ဖွဲ့တစ်ခုနှင့် စလွယ်သိုင်းလက်ဖွဲ့ တစ်ခုပါ ရှိသေးသည်။ ဗိုလ်စောထူးထံမှ လက်ဖွဲ့နှစ်ခုကို ရဲဘော်နှစ်ဦးက တစ်ယောက်တစ်ခုစီယူသွားပြီး ကျွန်တော့်ကိုတော့ ကြောင်လက်စွပ်ကို

ထိုက်သူဆောင်



www.burmeseclassic.com

ပေးအပ်ခဲ့သည်။ ဘာရယ်လို့မဟုတ်ဘဲ ဝတ်ထားကြခြင်းသာ ဖြစ်ပါသည်။

ဤပစ္စည်းများ ရရှိပုံမှာ..။

(၂)

ညနေ(၃)နာရီ (၃၀)မိနစ်။

'ပလောက်..ပလောက်..ပလောက်'

'တောက်..တောက်..တောက်'

'ဒက်..ဒက်..ဒက်'

'ကြားသလားဟေ့၊ ဘယ်နေရာလောက်ကလဲ'

'ကျခတ်တန်းဘက်က ပစ်ခတ်သံ ကြားရပါတယ်' ဟု ကျွန်တော်က စစ်ကြောင်းမှူးကို သတင်းပို့လိုက်သည်။

စစ်ကြောင်းမှူးက မြေပုံကို ထောက်ရင်း-

'ဒါဆို ထိုစခန်းနဲ့ ဂရစ်ကွက်တစ်ကွက် ကိုက်(၁၀၀၀)လောက်ပဲ ဝေးတာပေါ့။ ပိန္နဲဆိပ်၊ ရောက်ချောင်း၊ ကျခတ်တန်းဆိုတော့ ဒါ တို့ကို မခန့်လေးစားလာလုပ်တာပဲ။ ဂရုမစိုက်တဲ့ သဘောပဲ။ လက်နက်ငယ်သံက M 16 နဲ့ စတင်းဂန်း အသံပဲ။ ဗိုလ်ကြီးတေဇအောင်၊ မောင်ရင် ဦးစီးပြီး တပ်စိတ်နှစ်စိတ်နဲ့ အခုပဲ သွားရှင်း။ ငါးမိနစ်အတွင်း ထွက်နိုင်အောင်လုပ်။ နီးနီးလေးပဲ' ဟု ညွှန်ကြားလိုက်သဖြင့် ကျွန်တော် တပ်စိတ်နှစ်စိတ်ကို ဦးစီးပြီး ကားလမ်းတိုင်း သေနတ်ဘယ်မြှင့် အပြေးတက်ဖြင့် ထွက်လာခဲ့သည်။

ကျခတ်တန်းရွာသည် အိမ်ခြေ(၇၀)ခန့်ရှိသည့် ကားလမ်းဘေးလယ်ကွင်းထဲရှိ ရွာတန်းရှည်ဖြစ်သည်။ ကျခတ်တန်းရွာနှင့် တစ်ဆက်တည်း ရောက်ချောင်း၊ ပိန္နဲဆိပ်ရွာများရှိသည်။ ရွာရောက်ခါနီး ကိုက်(၁၀၀)ခန့် အကွာလောက်တွင် ရွာထဲမှ ထပ်မံပစ်ခတ်သံများ ကြားရ၍ ဆရာညွှန့်သန်း တပ်စိတ်ကို ထွက်လမ်းအား ပိုင်းပတ်တိုက်ခိုက်ရန် ရွာထိပ်ဘက်သို့ အမြန်စေလွှတ်လိုက်ပြီး နှစ်မိနစ်ခွာပြီးနောက် ကျန်တပ်စိတ်ကို ကျွန်တော် ဦးဆောင်၍ ရွာထဲသို့ ရင်ပေါင်တန်း ဖြန့်ဝင်ခဲ့ရာ ကိုက်(၇၀)လောက် အရောက်တွင် ရန်သူမှ ဆီးကြိုပစ်ခတ်ခြင်းကို ခံရသည်။

'ဒိုင်း..ရှီး..တောက်..တောက်..တောက်'

သောင်းကျန်းသူများက ရွာစပ်ရှိ သစ်ပင်များ၊ သစ်တုံးများကို အကာအကွယ်ယူ၍ ပစ်နေရာ ရန်သူ့အင်အား (၇)ဦးလောက်သာ ရှိမည်ဟု ထင်ရသည်။

'အုန်း..ဂျိန်း..ဒိုင်း..ဒိုင်း..ဒိုင်း'

ကျွန်တော်က M-79 လောင်ချာဖြင့် နှစ်ချက်ဆက်တိုက် ပစ်ခိုင်းလိုက်သည်။ တပ်စိတ်မှ လက်နက်ငယ်များ (G3, G4 ) ၏ အသံများက ဆူညံသွားသည်။ ရန်သူမှ ကာပစ်,ပစ်၍ ရွာထိပ်ဘက်သို့ ဆုတ်သွားရာ ဆရာညွှန့်သန်း၏ တပ်စိတ်နှင့်တွေ့ပြီး သေနတ်သံများ ပွက်လောရိုက်သွားကာ တိတ်သွားတော့သည်။

ကျွန်တော် ရွာဘေးဆေးရိုးပင်ကြီးအောက် သွားချိန်တွင် ရန်သူနှစ်ယောက် လဲနေသည်ကို တွေ့ရပြီး တစ်ယောက်မှ ဗိုက်ပွင့်သွားပြီး အသက်မရှိတော့ချေ။ တစ်ယောက်မှာ ဗိုလ်အဆင့်ယူနီဖောင်းဖြင့် ရင်ဘတ်တွင် တစ်ချက်၊ ခြေထောက်တွင် တစ်ချက် ထိထားသည့် စောထူးဖြစ်နေသည်။ စောထူး၏ M16 သေနတ်ကို ကျည်ရှင်းရာ ပြောင်းရင်းတွင် ကျည်ခွံကန့်လန့်ခံနေသည်ကို တွေ့ရသည်။ စောထူးမှာ ပါးစပ်တွင် အမြှုပ်တွေထွက်ပြီး မျက်လုံးပြူးပြီး တက်နေသည်။

တိုက်ပွဲပြီးချိန်တွင် ရန်သူအလောင်း(၃)လောင်း၊ ဒဏ်ရာနှင့်(၁)ဦး၊ M16 (၄)လက်၊ ကျည်အိမ်(၈)ခု၊ (၅.၅၆) ကျည်(၁၈၂)တောင့်၊ လက်ပစ်ဗုံး(၂)လုံးနှင့် ငွေရှစ်သောင်းကျပ် ရရှိသည်။ ကျခတ်တန်းသူကြီးကို စစ်ဆေးကြည့်ရာ သောင်းကျန်းသူများက စစ်သားစုဆောင်းပေးရန် တာဝန်ပျက်ကွက်သူ ရွာသားနှစ်ဦး ထွက်ပြေးရာသို့ လိုက်လံပစ်ခတ်ဖမ်းဆီးနေကြောင်း အရက်လည်းမူးနေကြောင်း ပြောသည်။ ကျွန်တော်တို့ဘက်က အထိအခိုက် အကျအဆုံး မရှိချေ။

စောထူးသည် ကျွန်တော်တို့ တပ်စိတ်အား ဦးစွာ အနီးကပ် ပစ်ခတ်ခဲ့သော်လည်း သူ၏သေနတ်မှာ ကျည်တစ်တောင့်သာထွက်ပြီး ကျည်ခွံကန့်လန့်ခံနေ၍ ကျည်မထွက်သည်ကို (Shock) ရှော့ဖြစ်ကာ တက်နေ... ထိမှန်ခံရခြင်း ဖြစ်သည်။ စောထူးအား စခန်းသို့ ... တီးစည်းပြီး သယ်လာသော်လည်း စခန်းမရောက်ခင် ... ဆုံးသွားသဖြင့် လယ်ကွင်းထဲတွင် မြှုပ်ခဲ့ရသည်။ အ... ရသည့် သောင်းကျန်းသူအလောင်း(၃)လောင်းအား ရွာသားများအား မြှုပ်ခိုင်းခဲ့ရသည်။

တိုက်ပွဲဖြစ်စဉ် အသေးစိတ်ကို စစ်ကြောင်း...



www.burmeseclassic.com

www.burmeseclassic.com

တင်ပြသတင်းပို့ပြီး စစ်ကြောင်းမှူးမှတစ်ဆင့် အထက်သို့ ဆက်လက်သတင်းပို့ခဲ့လေသည်။

(၃)

တပ်သားရွှေတင်နှင့် တပ်သားကျော်ခင်တို့ နှစ်ယောက်သည် ကျွန်တော် ညစာစားပြီးချိန်တွင် ရောက်လာပြီး ဗိုလ်စောထူး၏ ငွေသားနှင့် ကွပ်ထားသည့် ကြောင်လက်စွပ်ကို ပေးသဖြင့် အမှတ်တရအနေဖြင့် ကျွန်တော်လည်း ယူပြီး ဝတ်ထားလိုက်မိသည်။ သူတို့နှစ်ယောက်လည်း အဆောင်လက်ဖွဲ့တစ်ခုစီကို ယူထားကြောင်း ပြောသည်။

တစ်ပတ်ခန့်အကြာတွင် ကေအင်ယူရောင်နီဦးစီးအင်အား(၅၀)ခန့် လှုပ်ရှားနေသည့် ဆိတ်ဖူးခွင်သို့ ကျွန်တော့်တပ်ခွဲအား ချေမှုန်းရန် လွှတ်ခဲ့သည်။ တစ်ရွာပြီးတစ်ရွာ သတင်းယူ၊ ကင်းပုန်းဝတ်၊ လှည့်ကင်း၊ တိုက်ကင်းများဖြင့် ဆိတ်ဖူးခွင်တစ်ခွင်လုံး ကွက်ပြည့်ရှင်းလင်းလျက်ရှိရင်း ကျောက်တောင်ရွာ ဘုန်းတော်ကြီးကျောင်း၌ ကျွန်တော့်တပ်ခွဲ စခန်းချခဲ့သည်။ ကျောက်တောင်ဆရာတော်မှာ သက်တော်(၈၀)ခန့်ရှိပြီး ကြည်ညိုဖွယ်အလွန်ကောင်းသဖြင့် နံနက်(၁၀)နာရီခန့်တွင် ကျွန်တော်ကိုယ်တိုင် ဆွမ်းကပ်ပြီး တိုက်ခိုက်ရေးရိက္ခာထဲမှရသည့် နို့ဆီ၊ သကြား၊ ဘီစကွတ်၊ ယိုဘူးတို့ကို ဆက်ကပ်ခဲ့ရာ ဆရာတော်က ကျွန်တော်ဝတ်ထားသည့် စောထူးလက်စွပ်ကိုကြည့်ရင်း–

'ဒကာကြီး‥ဒီလက်စွပ်ကို ဘယ်ကရတာလဲ'

ဟု မေးသဖြင့် ကျွန်တော်က စောထူး၏လက်စွပ်ဖြစ်ကြောင်းနှင့် ဖြစ်စဉ်အခြေအနေကို ဆရာတော်အားလျှောက်ထားလိုက်ရာ ဆရာတော်က–

'အင်း‥စောထူး‥စောထူး၊ သစ္စာပျက်တော့ ကံနိမ့်တော့တာပဲ။ သစ္စာစူးတော့ သေရတာပါပဲကလား'ဟု ညည်းတွားရင်း စိတ်မကောင်းစွာဖြင့် ပြောလေသည်။

ကျွန်တော်က–

'ဆရာတော်ဘုရား‥‥စောထူးအကြောင်း သိရင် တပည့်တော်ကို မိန့်ကြားပါဘုရား'

ဟု လျှောက်ထားခဲ့ရာ–

'စောထူးဟာ ဒီကျောင်းမှာပဲ ဘုန်းကြီးကျောင်းသားလုပ်ခဲ့တယ်။ အဲဒီတုန်းက ဘုန်းကြီးက အသက်(၅၀)လောက်ပေါ့။ စောထူးက ကျိုးကျိုးနွံနွံနဲ့ ဖင်ကလည်းပေါ့၊ အလိုက်ကလည်းသိတော့ ကျောင်းသားတွေ၊ ကိုရင်တွေ၊ ဦးပဥ္စင်းတွေကလည်း ချစ်ကြတယ်။ ဘုန်းကြီးမှာ ဘိုးဘွားလက်ထက်ကရတဲ့ ကြောင်သဝဏ်လို့ခေါ်တဲ့ အခု ဒကာကြီးဝတ်တဲ့ လက်စွပ်ကို ဘုန်းကြီးနဲ့ မအပ်စပ်လို့ သူ့ကို ပေးခဲ့တယ်။ ဒီကြောင်ကျောက်ဟာ အဝါပုပ်ရောင်ထဲမှာ ကြောင်မျက်လုံးလို ရှည်ရှည်နဲ့ မီးခိုးရောင်မျက်လုံးတစ်လုံး ပါတယ်။ အခိုးတွေကလည်း လည်ပတ်နေတယ်။ ဒီကြောင်သဝဏ်ကျောက်ကို ဆောင်ထားရင် မီးပေါက်၊ သေနတ်၊ မိုးကြိုးတို့ကို ကာကွယ်ပေးနိုင်တယ်လို့ အဆိုရှိတယ်။ သူတစ်မျိုးတည်းတင်မကဘူး။ ဘုန်းကြီး ငယ်ငယ်က အဂ္ဂိရတ်တို့၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့လည်း လိုက်စားလေ့ကျက်ဖူးတော့ လက်မောင်းမှာ ချည်တဲ့ လက်ဖွဲ့အဆောင်ရယ်၊ စလွယ်လက်ဖွဲ့ရယ် လုပ်ပေးခဲ့တယ်။ ဒီအဆောင်လက်ဖွဲ့တွေက တုတ်ပြီး၊ ဓားပြီးလည်း အစွမ်းရှိတော့ သူ့ကိုပဲ စွန့်ခဲ့တာ။ သူကျောင်းကထွက်ပြီး သောင်းကျန်းသူထဲ ဝင်သွားပြီးမှ တစ်ခါမှ မတွေ့ရတော့ဘူး။

ဒီအဆောင်တွေ ပေးတုန်းက ဆုံးမသတိပေးပြီး အထူးသဖြင့် ကာမေသုမိစ္ဆာစာရကံကို ရှောင်ဖို့ သစ္စာဆိုခိုင်းခဲ့တယ်။ နောက်တော့ စောထူးဟာ မိန်းမနှစ်ယောက် ယူထားတယ်လို့ ကြားရပြန်တယ်။ သားမှတ်မှတ် မယားမှတ်မှတ်ဆိုရင် ယူပေါ့လေ။ ဒါပေမဲ့ သူများသားပျို၊ သမီးပျိုကို မဖျက်ဆီးရဘူးလို့ သစ္စာဆိုခဲ့ပြီးမှ သူကြိုက်တဲ့သူ တွေ့ရင် သူများမယားလည်း မရှောင်၊ တစ်ခုလပ်၊ မုဆိုးမလည်း မရှောင် ကျူးလွန်ခဲ့တာ မကြားချင် အဆုံးပဲ။ အရက်ကလည်း အလွန်သောက်၊ မူးတော့ ရမ်းကား၊ ရမ်းကားတော့ မှားပြီပေါ့ ဒကာကြီး။ အခုကံကလည်းနိမ့်၊ သစ္စာလည်းစူးလေတော့ အကုသိုလ်က အကျိုးပေးပြီလေ။ သူ့တရား သူစီရင်သွားတာပဲလေ'ဟု စောထူးအကြောင်းကို ဆရာတော်က စိတ်မချမ်းမြေ့စွာဖြင့် ပြောပြလေသည်။

ကျွန်တော်လည်း ကျွန်တော်နှင့်မထိုက်သည့် ကြောင်သဝဏ်လက်စွပ်အား ထိုက်တန်သည့်သူ ရရှိပါစေ၊ တွေ့သွားပါစေဟုသာ မုဒိတာပွားရင်း အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

တစ်မိုးအောင်

www.burmeseclassic.com

'အ··အ··အား··အမယ်လေး··သေပါပြီတော့'

'ညှစ်ထား၊ ညှစ်ထား၊ မြနွယ်··ညှစ်ထား။ ညှစ်ထား၊ ညှစ်ထား မြနွယ်'

'အမယ်လေး··အမေ ကယ်ပါဦး။ ကဖိုးလူ၊ ကျွန်မ··ကျွန်မ၊ အား··အ··အား··နာတယ်။ တော်ရေ့··နာတယ်၊ ကဖိုးလူ ကယ်ပါဦး'

အထက်ပါ အသံတို့သည် ညဥ့်ယံကို ချောက်ချားစွာ ဖောက်ခွဲလိုက်သော မြနွယ်၏ အော်ဟစ်ညည်းညူသံများ ဖြစ်ကြလေ၏။

လက်သည်ဝမ်းဆွဲဆရာမ ဒေါ်တုတ်သည်ပင် မြနွယ်၏ အော်ဟစ်ညည်းညူသံနှင့်အတူ ဗိုက်အနေအထားကို ကြည့်ပြီး ဘာလုပ်၍ဘာကိုင်ရမှန်း မသိအောင်ကို ဖြစ်၍နေတော့၏။

မြနွယ်၏ ခင်ပွန်းသည်လင်ယောကျ်ား ကိုဖိုးလူတစ်ယောက်မှာလည်း အိမ်ရှေ့ ဘုရားကျောင်းဆောင်တော်ရှေ့၌ထိုင်၍ လက်အုပ်ကလေးချီကာ အင်္ဂုလိမာလသုတ်တော်ကို တတ်သလောက် မှတ်သလောက် ရွတ်ဆိုလျက်ရှိ၏။ မီးဖွားရ ခက်နေလျှင် မွေးရဖွားရ လွယ်သည်ဟု ကြားဖူးနားဝ ရှိထားသောကြောင့် ရွတ်ဆိုနေခြင်း ဖြစ်လေသည်။

ပရိတ္တံ ယံ ဘဏာန္တဿ
နိသိန္န ဋ္ဌာန စောဝနံ
ဥဒကမ္ပိ ဝိနာသေတိ
သဗ္ဗမေဝ ပရိဿယံ
သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ
ယဉ္စသာစေတိ တင်္ခဏေ။

ဒါရိုက်တာ

# မျိုးဇော်အောင်

## မဟာမြိုင် ဆရာခိုင်နှင့် မြနွယ်တို့ ညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးလူ၏ ရွတ်ဖတ်သံကို မမြနွယ် ကြားသည်၊ မကြားသည်တော့မသိ ကိုဖိုးလူ၏ ရွတ်ဆိုသံတို့မှာ အသံလှိုင်းထ၍ တုန်ခါနေရုံတင်မက တစ်ခါတစ်ရံ အသံတို့ပင် တိမ်ဝင်၍ သွားတတ်လေသည်။

တစ်ချက်,တစ်ချက် မမြနွယ်၏ အော်ဟစ်ညည်းညူသံကို ကြားလိုက်ရသောအခါ ကိုဖိုးလူ၏ ပရိတ်တော်ရွတ်ဆိုသံတို့သည်ပင် ပျောက်ပျောက်သွားတတ်လေ၏။ ထိုအခါ ကိုဖိုးလူတစ်ယောက် အစကပြန်၍ ထပ်ရွတ်ရလေ၏။

'အမယ်လေး..ကယ်ကြပါဦး။ နာလွန်းလို့ သေတော့မယ်။ အဖေ၊ အမေ၊ သမီးကို ကယ်ပါဦး။ ကဖိုးလူ..ကဖိုးလူ..ရှင် ကျွန်မကို မကယ်နိုင်တော့ဘူးလား။ အမယ်လေး..အား..အား..နာလိုက်တာ၊ နာတယ်။ ကျွတ်..ကျွတ်..ကျွတ်'

မမြနွယ်၏ မချိမဆံ့ အော်ဟစ်ညည်းညူလိုက်သံက ကိုဖိုးလူ၏နှလုံးသားကို တိုက်ရိုက်ထိခိုက်ခံစားစေလေ၏။

'အရှင်ဘုရား..တပည့်တော်ရဲ့မိန်းမ မမြနွယ်ကို စောင့်ရှောက်ကယ်မတော်မူပါဘုရား' ဟု ဆုတောင်းရသည်မှာလည်း ကိုဖိုးလူအဖို့ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါမြောက်မှန်းပင် မရေမတွက်နိုင်တော့။

ရောဝတီမြစ်တစ်ဖက်ကမ်းက ညီမလေး မမြသွယ်က ကိုဖိုးလူ၏ ခယ်မတော်စပ်သူ မမြနွယ်၏ညီမလေးဖြစ်သည်။ သူ့ကို အကြောင်းကြားခဲ့ရာ ခုထိ ကိုဖိုးလူတို့အိမ်သို့ ရောက်မလာခဲ့သေးပေ။ အိမ်ရှေ့ထွက်စောင့်မျှော်ရသည်မှာလည်း ကိုဖိုးလူအတွက် အလုပ်တစ်ခု ပင်ပန်းဆင်းရဲလိုက်ရသည်ဖြစ်ခြင်း၊ စိတ်မောလူမောဖြစ်လိုက်ရသည်ဖြစ်ခြင်း။ မီးနေဆောင် အတွင်းမှာတော့ အော်သံဟစ်သံ ညည်းညူသံများက နားမဆံ့အောင် ကြားနေရလေ၏။ မမြနွယ် အော်ဟစ်ညည်းညူသံ ဖြစ်လေသည်။

တစ်ဖက်က အရပ်လက်သည် ဝမ်းဆွဲဆရာမ ဒေါ်...၏ 'မြနွယ်..ညှစ်ထား။ ညှစ်ထား ထွက်တော့မယ်။ ...တော့မယ်' ဟူသော အားပေးသံတို့ကလည်း ကိုဖိုးလူ...သည်ကို မကြာခဏဆိုသလို လာရောက်ရိုက်ခတ်လျက်...ပေတော့၏။

ထိုအချိန်မှာ ရောဝတီတစ်ဖက်ကမ်းက မမြသွယ်နှင့် ကိုအောင်မောင်းတို့ လင်မယားတို့မှာလည်း သားလေးမောင်ရွှေမောင်းကို အိမ်နီးနားချင်း ကြီးမေတို့ လင်မယားဆီ အပ်နှံထားခဲ့ပြီး လှေတစ်စင်းနှင့် သည်မှာဘက်ကမ်း အစ်မမမြနွယ်တို့ရှိရာအိမ်သို့ အရောက်လှော်ခတ်၍ လာနေချိန်မှာ အချိန် ည(၉)နာရီကျော် (၁၀)နာရီခန့်ရှိပေလိမ့်မည်။ မြစ်ကလည်း ကျယ်သည်။ သည်ကြားထဲ မိုးတွေလေတွေက ရွာလိုက် တိုက်လိုက်သေး၏။

'မြသွယ်..လှေနံနှစ်ဖက်ကို မြဲမြဲကိုင်ထား။ မိုးနဲ့လေက အရမ်းတိုက်နေတယ်' ဟု မိုးသံလေသံတွေကြားထဲက ယောကျ်ားဖြစ်သူ အောင်မောင်းက မိန်းမဖြစ်သူ မြသွယ်ကို မကြာခဏဆိုသလို သတိလှမ်းလှမ်းပေးသည်။

အောင်မောင်းကိုယ်တိုင်လည်း သတိမြဲမြဲစွာထားလျက် အားစိုက်ကာ လှေကို လှော်ခတ်နေရ၏။ မိုးလေပြင်း၍ တစ်ဖက်ကမ်းကိုပင် ကောင်းစွာမမြင်ရတော့ပေ။

မြသွယ်မှာလည်း လှေနံနှစ်ဖက်ကို မြဲစွာကိုင်လျက် ဘုရားစာများကို နှုတ်မှ တတ်သလောက် မှတ်သလောက် တတွတ်တွတ်ရွတ်၍နေလေ၏။

မြနွယ်နှင့် မြသွယ်တို့ ညီအစ်မနှစ်ယောက်မှာ လွန်စွာ သံယောဇဉ်ကြီးကြလျက် ချစ်ခြင်းမှာလည်း သူများနှင့်မတူ ပို၍ချစ်ကြလေ၏။ မိဘနှစ်ပါး ဆုံးပါးသွားပြီးနောက်၌ မြနွယ်နှင့် မြသွယ်တို့ ညီအစ်မနှစ်ယောက် အတူလုပ်ကိုင် စားသောက်နေရာမှ ညီမဖြစ်သူ မြသွယ် အသက်(၁၉)နှစ်အရွယ်အရောက်မှာ အောင်မောင်းနှင့် အကြောင်းပါ၍ လင်နောက်ဆံထုံးပါ ဆိုသကဲ့သို့ လင်ခေါ်ရာ ရောဝတီတစ်ဖက်ကမ်းသို့ အတူလိုက်ပါသွားခဲ့ရလေ၏။ မြနွယ်မှာမူ မိဘလက်ငုတ်လက်ရင်းဖြစ်သော အိမ်နှင့်ခြံကို ဆက်လက်ထိန်းသိမ်းရင်း ကျန်ခဲ့ရရှာလေ၏။

မြသွယ်တို့ လင်မယားသည် ယခင်ကဆိုလျှင် အစ်မရှိရာ ရောဝတီသည်မှာဘက်ကမ်းကို နှစ်လတစ်ခါ သုံးလတစ်ခါဆိုသလို လာရောက်လည်ပတ်တတ်လေ၏။ အစ်မမြနွယ်အိမ်သို့ရောက်လျှင် သုံး,လေးရက်လောက် အတူနေထိုင်ပြီးမှ ပြန်လေ့ရှိလေ၏။

မြနွယ်သည် အသက်(၃၀) အပျိုဟိုင်းကြီး အရွယ်ရောက်မှ တစ်ရွာတည်းနေ ကိုဖိုးလူဆိုသောလူနှင့် အိမ်ထောင်ကျ၏။ ကိုဖိုးလူဆိုသူမှာလည်း အသက်(၃၅)နှင့်ကျော် (၄၀)တွင်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြသွယ်သည် အတိတ်က အဖြစ်အပျက်များကို တွေးလာရင်း ရုတ်တရက် မိုးလေပြင်းစွာတိုက်ခိုက်၍ လှေလူးသွားသောကြောင့် အတွေးပြတ်သွားလေ၏။

'မြသွယ်‥သတိထားနော်။ လေအရမ်းတိုက်နေတယ်'ဟု အောင်မောင်း အဆက်မပြတ် သတိပေး အော်ပြောသည်။ မိုးနှင့်လေသံတို့က တဝေါဝေါ ဆူညံနေသောကြောင့် အောင်မောင်းအသံကို မြသွယ် ကောင်းစွာမကြားမိပေ။

မြစ်လယ်သို့ လှေကား လူးကာလိမ့်ကာဖြင့် ရောက်လာ၏။ အောင်မောင်းနှင့် မြသွယ်တို့၏ မြင်ကွင်းအနေအထားက ထိတ်လန့်ချောက်ချားဖွယ် ကောင်းနေချိန်ဝယ် သည်မှာဘက်က ဧရာဝတီသည်မှာဘက်ခြမ်း ကိုဖိုးလူနှင့် မြနွယ်တို့၏ လူမှုဒုက္ခကလည်း မသေးလှပေ။

မီးနေတွင်းခန်းဆောင်အတွင်း၌ အော်ဟစ်ညည်းညူသံတို့၊ အားပေးနှစ်သိမ့်သံတို့ကလည်း ငရဲတွင်းကျနေသကဲ့သို့ ချောက်ချားဖွယ်၊ ထိတ်လန့်ဖွယ် ကောင်းလှပေတော့၏။

မြနွယ်၏ တစ်ကိုယ်လုံးမှာ ရေနှင့်ပက်ဖျန်းထားသကဲ့သို့ ချွေးတို့ဖြင့် နစ်လျက်ရှိလေ၏။ အော်ဟစ်ညည်းတွားသံနှင့်အတူ အံကိုတင်းတင်းကြိတ်လျက် မီးဖွားနိုင်ရန် အားကုန်ညှစ်ထုတ်နေရ၏။

'အီး‥အီး‥အား‥အား'

မြနွယ် တစ်အားကုန်ညှစ်ထုတ်နေသလို တစ်ဖက်က လက်သည်ဒေါ်တုတ်၏ အကူအညီကလည်း ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် ဂရုတစိုက်ဖြင့် ဆောင်



ရွက်ပေးလေ၏။

အူဝဲဟူသော ကလေးငိုသံနှင့်အတူ မမြနွယ်၏ နာကြင်မှု၊ ညည်းညူမှု၊ အော်ဟစ်သံတို့သည်လည်း ဆိတ်သွားလေတော့၏။

ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် သည်မှာဘက်ကမ်းဆီမှ မြနွယ်တို့ရှိရာသို့ လှော်ခတ်လာသော မြသွယ်တို့၏ လှေငယ်လေးမှာလည်း မိုးဒဏ် လေဒဏ် လှိုင်းဒဏ်တွေကြား၌ ဝဲမိပြီး လှေလေးက မှောက်သွားလေတော့၏။

'အား'

'မြသွယ်‥မြသွယ်'

'ကိုအောင်မောင်း‥ဖူး‥ဖလူး'

လှိုင်းနှင့် ရေစီးကြောင်းအတိုင်း မျောပါနစ်မြုပ်သွားရင်းမှ မြသွယ်၏ နောက်ဆုံးအသံ ရေမွန်းသံနှင့် ခေါ်သံကို အောင်မောင်း ကြားလိုက်ရသော်လည်း မိုးဒဏ် လေဒဏ်နှင့် အမှောင်ထုကြားဝယ် မမြင်စွမ်းနိုင်တော့။ အောင်မောင်းကိုယ်တိုင်လည်း ဝဲဂယက်ထဲ နစ်မြုပ်သွားလေတော့၏။

မိုးနှင့်လေကား သဲကြီးမဲကြီးရွာမြဲ၊ တိုက်ခိုက်ဆဲပင်ရှိနေလေသတည်း။

'အူဝဲ‥အူဝဲ‥အူဝဲ'

ကလေးငိုသံက ကျယ်လောင်လှသောကြောင့် ပရိတ်ရွတ်နေသော ကိုဖိုးလူ၏ ပရိတ်ရွတ်သံတို့မှာ ဆိတ်၍သွားလေ၏။

'ကဖိုးလူရေ‥ယောကျ်ားလေး၊ သားလေးတော့'ဟူသော လက်သည်ဒေါ်တုတ်၏ အသံကြောင့် ကိုဖိုးလူ၏ မျက်နှာကြီး လန်းရွှင်သွားလိုက်သည်မှာ မပြောပါနှင့်တော့။ လမင်းကြီးတောင် ကိုဖိုးလူမျက်နှာလောက် အောမြမည် မထင်ပေ။

'ဒေါ်တုတ်‥မြနွယ်ရဲ့ ကျန်းမာရေး ဘယ့်နှယ်ဗျာ။ ကောင်းတယ် မဟုတ်လား'ဟု အပြင်ဘက်မှနေ၍ ကိုဖိုးလူ ဒေါ်တုတ်ကို လှမ်းမေးသည်။

'ကောင်းတယ်၊ ကောင်းတယ်။ ကလေးရော မိခင်ရော ကျန်းမာတယ်ဟေ့ ကဖိုးလူ'ဟု ဒေါ်တုတ်က အားပြန်၍ ပြလေ၏။

'ဝမ်းသာလိုက်တာဗျာ'ဟု ကိုဖိုးလူက မြနေမိ

www.burmeseclassic.com

www.burmeseclassic.com

ထခုန်မတတ် ပျော်ရွှင်လန်းဆန်း တက်ကြွလျက်နေတော့၏။

◆◆◆

မြနွယ်နှင့် ကိုဖိုးလူတို့၏ အပြောအဆို အဆက်အဆံများ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ အထူးခြားဆုံးက မြနွယ်တစ်ယောက် ကိုဖိုးလူကို စကားကောင်းကောင်း ပြောဆိုဆက်ဆံခြင်း မပြုတော့ခြင်းပင် ဖြစ်လေသည်။

သားလေး တစ်နှစ်သားအရွယ် ရောက်သည်အထိ မြနွယ်နှင့် ကိုဖိုးလူ တစ်အိပ်ရာတည်း အတူအိပ်ခွင့်မရခြင်းက ကိုဖိုးလူအတွက် ပို၍ထူးခြားလေ၏။

'မြနွယ်..ဒီမယ် မြနွယ်၊ မင်း ငါ့ကို အရင်ကလို ဘာလို့မဆက်ဆံတော့တာလဲ။ ငါ့မှာ ဘာအပြစ်တွေများ ရှိလို့လဲ။ ပြောစမ်းပါဦးဟာ။ ငါ့မှာ နေ့စဉ်နှင့်အမျှ ခံစားနေရတယ်'

ဟု ကိုဖိုးလူက မေးတိုင်း-

'ရှင့်မှာ ဘာအပြစ်မှ မရှိပါဘူး။ ဒါပေမဲ့ အို..ကျွန်မလေ..ကျွန်မ ရှင်နဲ့အတူ အိပ်လို့မရဘူး'ဟုသာ မြနွယ်က ပြန်၍ဖြေကြားလေ့ရှိလေ၏။

ကိုဖိုးလူ မကျေနပ်ချက်က အဲသည်တစ်ချက်ကို ပို၍ မကျေမနပ်ဖြစ်ရလေ၏။

တစ်ခါတစ်ရံ ကိုဖိုးလူစိတ်ထဲ ငါ့မိန်းမ မြနွယ်တစ်ယောက် စိတ်မှ မှန်သေးရဲ့လား။ မီးဖွားပြီးကတည်းက ခပ်တန်းတန်း နေလာခဲ့တာဆိုတော့ မိန်းမတွေဖြစ်တတ်တဲ့ မီးယပ်ရောဂါမျိုးက အတွေးတွေက ဝင်မိလေ၏။ တစ်ခါမှာတော့ ထမင်းလက်ဆုံစားကြသောနေ့က မြနွယ်၏ပြုမူချက်က ကိုဖိုးလူအတွက် အထူးအဆန်း ဖြစ်မိလေ၏။

ထမင်းစားပွဲဝိုင်းပေါ်မှာ ဟင်းပန်းကန် အားလုံးကို သူတစ်ယောက်တည်း အကုန်စားပစ်လိုက်ခြင်းပင် ဖြစ်လေ၏။ ကိုဖိုးလူ လုံးဝမစားလိုက်ရပေ။ အထိအကိုင်ပင် မပြုလိုက်ရပေ။ ငေး၍သာ ကြောင်တက်ကြည့်နေရ၏။

မီးဖိုဆောင်တာဝန်ကို ယခင်ကတည်းကပင် ကိုဖိုးလူက တာဝန်ယူထားသူ ဖြစ်၏။ ဈေးဝယ်သည်ကအစ ထမင်းချက် ဟင်းချက်အဆုံး ကိုဖိုးလူ တာဝန်ယူထားခဲ့သည်မှာ မြနွယ်နှင့် အိမ်ထောင်ကျစကတည်းကပင် ဖြစ်လေ၏။

ကိစ္စမရှိ။ မြနွယ် ကျန်းမာလို့ စားတာပဲ၊ ခံတွင်းတွေ့လို့ စားတာပဲ၊ စားကောင်းလို့ စားတာပဲ။ စားပါစေလေ။ ငါက အပြင်ထွက်စားလို့ရတာပဲဟု ကိုဖိုးလူ စိတ်ကို ဖြေသိပ်ရလေ၏။

တစ်နေ့သ၌ မြနွယ်ညီမ မြသွယ်ယောကျ်ား အောင်မောင်းတစ်ယောက် အိမ်သို့ ပေါက်ချလာလေ၏။ ထိုအချိန်က မြနွယ်နှင့် သားလေးတို့က အပြင်သို့ထွက်ကာ ရွာထဲ လျှောက်လည်နေကြ၏။ အိမ်၌ မရှိကြပေ။

အောင်မောင်းနှင့် ကိုဖိုးလူတို့ ဆုံကြတော့ ကိုဖိုးလူကပင် ဦးစွာစတင်၍ အောင်မောင်းကို အပြစ်ဆိုလေ၏။

'အောင်မောင်း..မင်းတို့ကွာ၊ ငါ့မိန်းမမြနွယ် မီးဖွားရေးကိစ္စမှာ မင်းတို့ကို အကြောင်းကြားထားလျက်နဲ့ မင်းတို့ ပေါ်မလာကြဘူး။ တော်တော်စိမ်းကားတဲ့လူတွေ။ မင်းတို့ လင်မယားနှစ်ယောက်စလုံးကို ငါ လုံးဝမကျေနပ်ဘူး အောင်မောင်း။ တစ်နှစ်လောက်ကြာပြီးမှ ခုလို ရောက်လာတာ ဘာအကြောင်းထူးမှာလဲ အောင်မောင်း'

ဟု ဆူဟောက် ကရုဏာဒေါသဖြင့် မာန်မဲပြောဆိုလေ၏။

ထိုအခါ အောင်မောင်းမှာလည်း ဘာမှမပြောမဆိုဘဲ မျက်ရည်များ ဝဲကျလာလေ၏။ ငိုရှိုက်သံတို့သည်လည်း တိုးညှင်းစွာဖြင့် အောင်မောင်းက ဖြစ်ကြောင်းကုန်စင် ရှင်းပြလေတော့၏။

'မင်းတို့ဆီကို ငါတို့လင်မယားနှစ်ယောက် လှေနဲ့ လာရင်း လမ်းမှာ မုန်တိုင်းဒဏ် လေဒဏ် မိုးဒဏ်ကြောင့် မြစ်လယ်မှာ ဝဲမိပြီး ငါတို့ လှေမှောက်သွားတယ်။ မြသွယ်လည်း ဝဲထဲ ပါသွားသလား၊ ရေထဲ မျောပါသွားသလား တောင် မသိလိုက်ရပါဘူးကွာ။ မှောင်နဲ့မည်းမည်းကလည်း ဖြစ်နေလို့ ငါတောင် မသေလို့ မင်းတို့နဲ့ ခုပြန်တွေ့ရတာ။ ငါ့ခေါင်းမှာလည်း ဒဏ်ရာက ရထားပြီး သတိရတစ်ချက် မရတစ်ချက် ဖြစ်နေချိန်မှာ အောက်ပိုင်းက တံငါငါးဖမ်းသမားတွေ ငါ့ကိုတွေ့ပြီး ကယ်လိုက်လို့ သူတို့နေတဲ့ရွာကို ရောက်သွားတယ်။ အဲဒီမှာ ငါ့ခေါင်းဒဏ်ရာနဲ့ လက်က ဒဏ်ရာတွေကို ဆေးဝါးတွေနဲ့ ကုသရင်း အချိန်တွေ ကြာသွားခဲ့တယ်။ သူတို့ကြောင့် ငါ အသက်ပြန်ရှင်လာတာပါပဲ။ အခု မင်းတို့နဲ့ ပြန်တွေ့လို့ အဲဒီအကြောင်းတွေကို ငါပြန်ပြောပြနိုင်တာ'ဟု အောင်မောင်းက ပြောပြလေ၏။

ကိုဖိုးလူလည်း အောင်မောင်းပြောစကားအဆုံး ...

www.burmeseclassic.com

ရခက် မယုံရခက် ဖြစ်ရလေ၏။

အောင်မောင်းကတော့ မျက်ရည်ကို သုတ်၍-

'ငါ အခုလာတာ မြသွယ် မင်းတို့ဆီ ရောက်နေသလားလို့ ငါလာစုံစမ်းတာ'ဟု ဆက်ပြောလေ၏။

ထိုအချိန်မှာပင် မြနွယ်နှင့် ကလေးတို့ ပြန်ရောက်လာကြလေ၏။

အောင်မောင်းကို မြနွယ် မြင်လျှင် မြင်လိုက်ချင်း တက်ကြွရွှင်လန်းသော မျက်နှာဖြင့်-

'ကိုအောင်မောင်း··ရှင် ဘယ်ရောက်နေတာလဲ။ ကျွန်မကိုပစ်ပြီး နောက်တစ်ယောက်နဲ့ နှစ်ပါးအတူကြည်နေကြတယ်ပေါ့။ ဟုတ်လား။ ပြောစမ်းပါဦးရှင့်'ဟု ရောက်မဆိုက်ပင် မြနွယ် စွပ်စွဲပြောဆိုကာ သဟောင့်သဟန့်လုပ်လေတော့၏။

သည်တွင် အောင်မောင်းရော ကိုဖိုးလူပါ မြနွယ်ပြောစကားများကြောင့် အူတူတူ ကြောင်တောင်တောင်ဖြစ်၍ သွားကြပြီး မြနွယ်ကို သေချာစိုက်ကြည့်ပြီး ကိုဖိုးလူက သံသယအတွေးများဖြင့်-

'မြနွယ်··နင် အောင်မောင်းကို ဘာတွေလျှောက်ပြောနေတာလဲ'ဟု ဝင်ဟန့်လေ၏။

မြနွယ်က 'ရှင့်ကိစ္စ မဟုတ်ဘူး။ ကျွန်မယောကျ်ား အောင်မောင်းနဲ့ စကားပြောနေတာ။ ရှင် ဝင်မပါနဲ့။ ရှင် အသာနေ'ဟု မြနွယ်က ပြောလိုက်လေ၏။

'ဘာ··အသာနေ၊ ဒီမယ် မြနွယ်၊ ငါက ဘာဖြစ်လို့ အသာနေ၊ စကားမပြောရမှာလဲ။ မင်းက ငါ့မိန်းမလေ။ အောင်မောင်းမိန်းမ မဟုတ်ဘူး'

'ရှင် ပါးစပ်ပိတ်ထား။ ကျွန်မက ရှင့်မိန်းမ မဟုတ်ဘူး။ အောင်မောင်းမိန်းမမှ အောင်မောင်းမိန်းမအစစ်'ဟု ဆိုလေ၏။

'တော်စမ်း၊ မင်း ဘာမှမပြောနဲ့။ လင်ကြီးငုတ်တုတ်ရှိနေတာတောင် မင်းမို့လို့။ တောက်··ကလေးတစ်ယောက်ရနေတာတောင်'

'ဟော့··ဟော့··နေကြစမ်း၊ တိတ်ကြစမ်း။ မင်းတို့တွေက တစ္ဆေမနဲ့ အငြင်းအခုံ လုပ်မနေကြနဲ့။ ပြောမနေကြနဲ့။ ပြဿနာက ရှင်းမှာမဟုတ်ဘူး။ ဒီကိစ္စ ငါကိုယ်တိုင်ရှင်းမှ ဖြစ်မှာ'ဟုဆို၍ မမြင်ဖူး၊ မတွေ့ဖူးသော ပုဂ္ဂိုလ်တစ်ဦး ကိုဖိုးလူအိမ်ရှေ့သို့ ရောက်ရှိလာလေ၏။

၎င်းပုဂ္ဂိုလ်မှာ ထူးဆန်းလှပေ၏။ ၎င်းကိုင်ဆောင်ထားသော တောင်ဝှေးမှာ ၎င်းပုဂ္ဂိုလ်၏အရပ်ထက် တစ်ပြန်လောက်ရှည်ကာ တောင်ဝှေးထိပ်တွင် နဂါးကို ဂဠုန်သုတ်ချီထားသော ဂဠုန်ပါးစပ်တွင်လည်း ခတ်လုံးသဏ္ဍာန် ငုံထားသော ရုပ်တုဖြစ်၍ ဆန်းနေသည်။ ထိုပုဂ္ဂိုလ် ဝတ်ဆင်ထားသော အဝတ်အစားတို့မှာလည်း မြန်မာလူမျိုးတို့ ရှေးခေတ်က ဝတ်ခဲ့သော သင်တိုင်းရှည်နီညိုရင့်ရောင်ကြီးကို ဝတ်ရုံထားလေ၏။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့မှာလည်း ဖြူဆွတ်လျက် ရှည်လျားနေလေ၏။

'ဒီမယ်··ဒီမယ် ကိုယ့်လူတို့၊ မင်းတို့ အခုထင်နေတဲ့ ဒီမိန်းကလေးက အဘယ်လူသားစစ်စစ် မဟုတ်ဘူးကွယ့်၊ ဝိညာဉ်ပူးကပ်နေတာ။ ကဲ··မင်းတို့နှစ်ယောက်စလုံး ရှင်းသွားအောင် ငါ သူ့ကို မေးပြမယ်'

ဟုဆိုကာ ၎င်း၏ တောင်ဝှေးရှည်ကြီးကို မြနွယ်၏ ခေါင်းပေါ်သို့ တင်၍-

'မင်း မှန်မှန်ပြောပြစမ်း။ အဘကိုလိမ်ရင် မင်း အပါယ်ရောက်သွားလိမ့်မယ်။ ဖြစ်စဉ်အမှန်ကို သူတို့သိအောင် အဘရှေ့မှာ ခုပြောပြစမ်း။ ပြောပြစမ်း'ဟု အမိန့်ပေးလိုက်ရာ ဝိညာဉ်ပူးကပ်နေသော မြနွယ်မှာ မနေသာတော့ဘဲ မျက်ရည်များ ပေါက်ပေါက်ကျကာ ရှိုက်ကြီးတငင်ဖြင့် ဖြစ်ကြောင်းအမှန်ကို အောက်ပါအတိုင်း ပြောပြလေတော့သတည်း။

'ကျွန်မက အစ်မမြနွယ် မဟုတ်ပါဘူးရှင်။ ကျွန်မ ညီမပါ။ ကျွန်မနာမည်က မြသွယ်လို့ ခေါ်ပါတယ်။ ဒီ ကိုအောင်မောင်းရဲ့ မိန်းမပါ။ ကျွန်မတို့လင်မယား အစ်မ မြနွယ်တို့ဆီအလာ လှေမှောက်ပြီး ကျွန်မ သေဆုံးခဲ့ တယ်။ အစ်မမြနွယ် မီးဖွားကလေးမွေးပြီး သွေးတ သေဆုံးသွားတဲ့အခါ ကျွန်မကလည်း စိတ်ဇောစွဲလမ်း အစ်မဆီ ရောက်လာပြီး အစ်မမြနွယ်ခန္ဓာကိုယ်ထဲ အ ဝင်နေလိုက်ပါတယ်။ ကျွန်မမှာလည်း ယောကျ်ားဖြ ကိုအောင်မောင်းနဲ့ ပြန်တွေ့ချင်လွန်းလို့ ခုလိုဝင်ပူးကပ် နေလိုက်တာပါ။ အခု ကျွန်မ ကိုအောင်မောင်းနဲ့ ပြ ရလို့ ကျေနပ်ပါပြီရှင်။ အစ်မမြနွယ်ကို ချစ်တဲ့စိတ် အောင်မောင်းကို ချစ်တဲ့စိတ်နဲ့ ခုလို ဖန်တီးယူလိုက် ပါရှင်။ ဒီကြားထဲ ကျွန်မခဲအို ကိုဖိုးလူကိုလည်း အ



www.burmeseclassic.com

www.burmeseclassic.com

ပြီး တောင်းပန်ပါတယ်နော်။ ခု ကျွန်မနေရာ ကျွန်မပြန်ပါတော့မယ်။ မပြန်ခင် ကိုအောင်မောင်းကို မှာခဲ့ချင်တာလေးရှိလို့ ကိုအောင်မောင်းကို မှာခဲ့ပါရစေ။

ဒီမှာ ကိုအောင်မောင်း..ရှင်နဲ့ကျွန်မ ရထားတဲ့ သားလေး မောင်ရွှေမောင်းကို တာဝန်ယူပြီး စောင့်ရှောက်ပေးပါနော်။ အရေးကြီးတာက ကျွန်မနှင့် ရှင်နဲ့ စုထားတဲ့ ငွေကို ကျွန်မသားလေးကို ရှင်ပြပေးပါ။ ကျွန်မအတွက်၊ မမမြနွယ်အတွက်ပါ ရည်စူးပြီး ကုသိုလ်ဒါနပြုပေးပါ။ ရေစက်ချပြီး အမျှဝေပေးပါနော်။ စိတ်ချပါရစေ ကိုအောင်မောင်းရယ်'

ဟု အောင်မောင်းကိုကြည့်၍ ပြောလိုက်ရာ အောင်မောင်းလည်း မျက်ရည်များ ပြည့်လျှံပြီး ယူကျုံးမရ ကြေကွဲဆို့နင့်စွာဖြင့် -

'မြသွယ်..မြသွယ်..စိတ်ချပါကွယ်။ မင်း ကျေနပ်အောင် ငါ အကုန်လုံး လုပ်ပေးပါ့မယ် မြသွယ်ရယ်' ဟု ပြောလိုက်လေတော့၏။

ထိုအချိန်မှာပင် မြနွယ်ခန္ဓာကိုယ်ထဲ ဝင်ပူးကပ်နေသော ညီမမြသွယ်၏ဝိညာဉ်သည် ထိုထူးဆန်းသော မှတ်ဆိတ်ရှည်ကြီးနှင့် ပုဂ္ဂိုလ်ကြီးအား ဦးချကန်တော့လိုက်လျှင် လိုက်ခြင်းပင် ဖြုတ်ခနဲ အရုပ်ကြိုးပြတ်သကဲ့သို့ မြေပြင်တွင် ပုံလျက်ကျသွားလေတော့၏။ ဆွေးမြည့်စပြုနေသော မမြနွယ်၏ ရုပ်အလောင်းကို အားလုံးမြင်တွေ့လိုက်ရလေ၏။

'ကိုင်း...ညီမမြသွယ်ကတော့ ဝိညာဉ်အဖြစ်နဲ့ သူ့နေရာသူ ပြန်သွားပြီ။ အခုတွေ့နေရတဲ့ ရုပ်အလောင်းကတော့ မီးတွင်းမှာ မွေးဖွားပြီး သေဆုံးခဲ့ရရှာတဲ့ အစ်မမြနွယ်ရဲ့ အလောင်းအမှန်ပဲ။ ကိုရင်တို့ သူ့ကို ကောင်းကောင်း သင်္ဂြိုဟ်ပေးလိုက်ကြပါကွယ်။ ငါက..လမ်းကြုံလို့ ဝင်ဖြေရှင်းပေးတဲ့ မဟာမြိုင်က ဆရာခိုင်ပါ။ လူသားအားလုံး သတ္တဝါအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကွယ်။ သွားပြီဟေ့' ဟု ဆုပေးပြောဆိုကာ တောင်ဝှေးရှည်ကြီးကို မြေပေါ် တဒေါက်ဒေါက်ဖြင့် ထောက်၍ သွားလေတော့သတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**




# ရွှေမြင်း®

(အမှတ်တံဆိပ်)

## ကျုံးပေါင်းလိမ်းဆေး



**သုံးစွဲနိုင်သောရောဂါများ**

လည်ပင်းကျုံးပေါင်း၊ ပခုံးဆစ်ကျုံးပေါင်း၊ ခြေဆစ်လက်ဆစ်၊ ဒူးဆစ်ကျုံးပေါင်းတက်ခြင်းနှင့် အဆစ်လွဲ၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ အုံးလွဲခြင်းဝေဒနာများ၊ အရိုးအက်နာ ရောင်ရမ်းခြင်း၊ ဒူးနာ၊ ခါးနာ၊ ဇက်ကြောထိုးခြင်းနှင့် ထုံကျင်ကိုက်ခဲခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

*(မှတ်ချက်) ။ ။ အညောင်းထိုင်သူများ၊ တရားထိုင်သူများနှင့် အားကစားသမားများအတွက် "အကြောပြေ ဒဏ်ကြေလိမ်းဆေး" အဖြစ်လည်း အသုံးပြုနိုင်ပါသည်။*

သုံးစွဲကြည့်ပါ၊ ထူးခြားကောင်း
ပေါက်တွေ့ခံစားရမည်။
**"အမှန်ကန်ဆုံးရွေးချယ်မှု"**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 010304 (0216)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၂/၂၀၁၁၊တဆထလ/ဓိုး(၁၁၈၅)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း) ၀၉၈/၁၀၁၃

တိရစ္ဆာန်အဆီ၊ အရက်နှင့်
ငှင်းတို့နှင့်ဆက်စပ်သောပစ္စည်းများ
(လုံးဝ)မပါဝင်ကြောင်းအာမခံပါသည်။

**ဆေးလက်ကားရရှိနိုင်သည့်ဆေးဆိုင်ကြီးများ**

ကိုလှစိုး (သိမ်ကြီးဈေး)၊ အာရောဂျ (၂၄လမ်းထိပ်၊ သိမ်ကြီးဈေး)၊ ဆန်းဦးအောင်ဆေးဆိုင် (သိမ်ကြီးဈေး)၊ မင်္ဂလာဈေးရှိ သုခချမ်းသာဆေးဆိုင်၊ မင်းသားဆေးဆိုင်၊ အာရောဂျဆေးဆိုင်၊ တျေးဖူးရှင်ဆေးဆိုင်၊ ကိုသက်နိုင်ဆေးဆိုင် နှင့် ပြည်တော်သာဆေးဆိုင် (ဗိုလ်ချုပ်ဈေးသစ်) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - 09 49 255192

www.burmeseclassic.com



# လူလော
# နာနာဘာဝလော
# ခင်မောင်အေး(မန္တလေး)

ဖော်ကြီး ကျွန်တော်၏ တိုက်ခန်းလေးသို့ ရောက်လာသည့်အချိန်တွင် မိုးချုပ်လုပြီ။ ဝန်းကျင်တွင် ဆည်းဆာ၏ အလင်းတန်းများ ကျန်နေဆဲပင်။ ကျွန်တော်တို့က ညစာ နောက်ကျမှ စားတတ်ကြသဖြင့် စွန်းပူခုန်းမျောက်မင်း ဇာတ်လမ်းကို အေးအေးဆေးဆေး ထိုင်၍ ကြည့်နေကြဆဲဖြစ်ပါသည်။

'ဟာ‥ဖော်ကြီး၊ လာဟေ့။ မင်း ထမင်းမစားရသေးဘူး မဟုတ်လား။ တို့လည်း မစားကြသေးဘူး။ အတော်ပဲ။ စွန်းပူခုန်းဇာတ်လမ်းတွဲ ခုပဲ ပြီးတော့မှာ။ လာ‥ထိုင်ဦး'

ခင်ဖော်က ကျွန်တော့်ညီတစ်ဝမ်းကွဲ ဖြစ်ပါသည်။ ဝမ်းကွဲဟုသာ ဆိုရသည်၊ ကျွန်တော့်ကို အစ်ကိုအရင်းပမာ ချစ်ခင်အားကိုးသည်။ အကြောင်းကိစ္စ ကြီးငယ်မ[illegible] ကျွန်တော့်ထံ လာရောက်တိုင်ပင်သည်။ အကူအညီလို[illegible] လည်း ကျွန်တော်ကဖြစ်စေ၊ သူကဖြစ်စေ အပြန်အလှန် ကူညီကြပါသည်။ ဒီကောင်ကြီး သူ့အိမ်သို့မပြန်ဘဲ ရန်ကင်းတိုက်ခန်းသို့ ရောက်လာပုံထောက်[illegible] အကြောင်းကိစ္စ တစ်ခုခုတော့ ရှိခြိမ့်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဇော်ကြီးက ဧည့်ခန်းရှိ ဆက်တီခုံတစ်ခုပေါ် ဝင်ထိုင်လိုက်သည်။ စွန်းဂူခုန်းဓာတ်လမ်းက ကြော်ငြာဝင်လာသည်နှင့် ကျွန်တော်က Volume ကို လျှော့ချလိုက်သည်။

'ဆိုစမ်း ငါ့ညီ၊ မင်း ဘာကိစ္စ ထူးလာပြန်ပြီလဲ။ မင်း မော်တော်ကား ဘာဖြစ်လို့လဲ။ အသစ်စက်စက်ကြီး၊ ဝယ်ထားတာမှ ဘာမှမကြာသေးဘူး'

'မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော့်ကားက ဘာမှ မဖြစ်ဘူး။ အော်ဒါပါသွားရင်း အပြန်မှာ ထူးထူးဆန်းဆန်း တွေ့ခဲ့ကြုံခဲ့ရလို့'

'ဒါဖြင့် ငါ့ညီလေး အိမ်ကို ပြန်မရောက်သေးဘူးပေါ့'

'ဟုတ်တယ် အစ်ကိုကြီး၊ အိမ်တော့ ပြန်မရောက်သေးပါဘူး။ အစ်ကိုကြီးဆီက အပြန်မှ မိန်းမအတွက် ခေါက်ဆွဲတစ်ထုပ်လောက် ဝယ်ပြီးမှ ပြန်မှာပါ'

'မဟေသီအတွက် ဘယ်တော့မှ မမေ့ဘူးနော်'

'ဟဲ..ဟဲ..အစ်ကိုကြီးကလည်း ဘဝတူတွေပဲဟာဗျာ'

'အောင်မယ်ကွာ၊ မင်းဘာသာမင်းပဲ မင်းဘဝထဲမှာနေပါ။ ငါ့ကိုတော့ သေဖော်မညှိပါနဲ့'

ဇော်ကြီးက ယနေ့ မော်ဘီမှအပြန် သူတွေ့ခဲ့ ကြုံခဲ့ရသော ဖြစ်ရပ်ဖြစ်စဉ်ကို ပြောပြသည်။ ဇော်ကြီးက သူ့ကားကလေး ယနေ့ အော်ဒါရသည်။ ရန်ကုန်မှ မော်ဘီ၊ မော်ဘီမှ တိုက်ကြီး၊ တိုက်ကြီးမှ မော်ဘီဖြစ်သည်။ ဈေးနှုန်းကလည်း စိုစိုပြေပြေပေးထားသည်။ ဇော်ကြီးကလည်း အသွားအပြန် တစ်ကြောင်းတည်းနှင့် ပို့ဆောင်ပေးရခြင်းဖြစ်၍ ကျေနပ်အားရစွာ ပို့ဆောင်ပေးခဲ့ပါသည်။ မိတ်ဆွေဖြစ်သော ဦးထွန်းအေးတို့ကို စိုက်ပျိုးရေးအထူးဇုန်တွင် တိုက်ကြီးမှအပြန်တွင် ချထားပေးခဲ့ပြီး မော်ဘီဈေးအတွင်း ဝင်ခဲ့၏။ ဈေးအတွင်းမှာ ဈေးဆိုင်တွေ မသိမ်းကြသေးဘဲ အချို့ ဆက်ရောင်းနေကြဆဲ။ မော်ဘီတွင် လွန်ခဲ့သော သုံးလေးနှစ်ခန့်က ပန်းစိုက်ပျိုးရင်း နေထိုင်ခဲ့စဉ်က သိကျွမ်းရင်းနှီးခင်မင်ခဲ့သည့် ငါးဒိုင်ကိုစိန်မြင့်နှင့် ဒေါ်ငြိမ်းငြိမ်းတို့ဆီ ခေတ္တခဏ ဝင်ရောက်နှုတ်ဆက်လို၍ ဖြစ်သည်။

သည့်အပြင် ဈေးရှေ့ ချန်စိန်ခေါက်ဆွဲဆိုင်နှင့် ဘေးချင်းကပ်အခန်းတွင် နေထိုင်သည့် ကြီးတော်ဒေါ်ဒေါ်မြင့်ဆီလည်း ဝင်ရောက်ကန်တော့ဦးမည်ဟု စိတ်ကူးထားသည်။ ဒေါ်ဒေါ်မြင့်က အမေ့အစ်မကြီးဖြစ်သည်။ တပ်မတော်(လေ)မှ တပ်ကြပ်ကြီးဦးတင်မောင် (ကျဆုံး)၏ဇနီး ဖြစ်ပါသည်။ တပ်ကြပ်ကြီးဦးတင်မောင်က Flight Sergeant တာဝန်ဖြင့် တပ်မတော်(လေ)မှ ဒါကိုတာ လေယာဉ်တစ်စင်းတွင် တာဝန်ထမ်းဆောင်ရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းဒေသတွင် လေကြောင်းမှ ရိက္ခာချပေးသော တာဝန်ထမ်းဆောင်ပြီး ရှေ့တန်း လေတပ်စခန်းသို့ အပြန်ရာသီဥတု ဆိုးရွားသဖြင့် ပျက်ကျသွားသည့် လေယာဉ်နှင့်အတူ ပါဝင်သွားသဖြင့် ကျဆုံးစာရင်းဝင် ဖြစ်သွားရပေသည်။

ဇော်ကြီးက ဈေးရှေ့ မြတ်ဆုမွန် စတိုးဆိုင်တွင် ရွှေပုဇွန်ကိတ်မုန့်နှစ်လုံး၊ နန္ဒင်းမကင်းငါးဆယ်သား ဝင်ဝယ်လာသည်။ ကြီးတော် ဒေါ်ဒေါ်မြင့်အား အိမ်ရှေ့ဧည့်ခန်းတွင်ပင် အဆင်သင့်တွေ့လိုက်ရသဖြင့် ဝယ်ယူလာခဲ့သော မုန့်များဖြင့် ကန်တော့ကာ ဂါရဝပြုသည်။

'ငါ့သား ဇော်ကြီး..သက်ကြီးရွယ်အို ကြီးတော်ကိုခုလို ကန်တော့ရသော အကျိုးအားကြောင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ထာဝရပြည့်စုံပါစေ။ နှလုံးစိတ်ဝမ်း အေးငြိမ်းချမ်းသာ လိုအင်ဆန္ဒအဝဝနှင့် ပြည့်စုံပါစေ'

ဒေါ်ဒေါ်မြင့်က သည်ကဲ့သို့ ဆုပေးသည်။

စင်စစ် မော်ဘီနှင့် ရန်ကုန်က ခရီးမကွာလှပါ။ အနီးကလေးဖြစ်သည်။ သို့ပင်ဖြစ်စေကာမူ မိမိမှာ နိစ္စဓူဝ ဝမ်းစာအရေး ရှန်းရကန်ရ လှုပ်ရှားကုန်းရုန်း ရှာဖွေနေရသည်မို့ ကြီးတော်ထံ တစ်ခါတစ်ခေါက် ရောက်ဖို့ရန် အရေး နှောင့်နှေးခဲ့ရသည်ပဲလေ။ ယခု ကြီးတော်ထံသို့ နှစ်နှစ်ကြာတော့မှ ရောက်လာဖြစ်သည်။ မိမိရောက်လာပြီး ယခုလို ကန်တော့ဖြစ်သဖြင့် ဒေါ်ဒေါ်မြင့်လည်း အတော်ကြီး ဝမ်းသာအယ်လဲ ဖြစ်သွားသည်။

'ငါ့သားဇော်ကြီး ဒေါ်ဒေါ်ဆီ ခုလို ကိုယ်တိုင်ကိုယ်ကျလာပြီး ကန်တော့တာ ဒေါ်ဒေါ်ဖြင့် ဝမ်းသာလို့မဆုံးပါဘူးကွယ်။ ဒေါ်ဒေါ်ဆီကို တကူးတက ဘယ်သူမှ မရောက်ဖြစ်ကြဘူးလေ။ ဆွေမျိုးသားချင်းတွေကလည်း ကိုယ့်အလုပ် ကိုယ့်အကိုင်နဲ့ လုံးပန်းနေရကြရတယ်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လား။ ကိုင်း ဖော်ကြီး၊ ရောက်တုန်းရောက်ခိုက် မင်းကို ဒေါ်ဒေါ် ထမင်းတစ်နပ်လောက် ကျွေးလိုက်ချင်ပါတယ် ကွယ်။ စားသွားပါ သားရယ်နော်'

ဒေါ်ဒေါ်ကြီးခမျာ ကိုယ့်တူ ကိုယ့်သားအား ထမင်း ကျွေးချင်တာကိုပင် ခဲယဉ်းယဉ်းပြောနေရ၏။ သားထောက် သမီးခံမရှိ၊ တစ်ကိုယ်ရေတစ်ကာယဖြစ်သဖြင့် မုဆိုးမ တစ်ယောက်တည်း အထီးကျန်နေရပြီး ယခုကဲ့သို့ သား ချင်းဆွေမျိုး တစ်ဦးတလေကို တွေ့ရ မြင်ရသောအခါ ဝမ်းမြောက်ပျော်ရွှင်သွားသည်မှာ အဆိုးမဆိုသာပေ။

ဖော်ကြီးက နှစ်နှင့်ချီကာ ကွဲကွာနေခဲ့ရသည့် ကြီး တော်ကြီး ယခုလိုကြုံဆုံရသဖြင့် နှစ်သိမ့်ဝမ်းသာရလေ သည်။ ကြီးဒေါ်ကလည်း တူကလေးအား ကြုံတောင့်ကြုံ ခဲ စိတ်ပါလက်ပါ ချက်ပြုတ်ကျွေးမွေးရှာလေသည်။ စေ တနာအပြည့်အဝ အစွမ်းကုန်သုံးပြီး ချက်ကျွေးသည့် ထမင်းဟင်းများကလည်း အရသာပြည့်ဝလှ၏။ တူဝရီး နှစ်ယောက် မတွေ့ဖြစ်တာ ကြာလှပြီဖြစ်ရကား ဆွေမျိုး တွေအကြောင်း၊ သားအကြောင်း၊ သမီးအကြောင်း၊ အလုပ်အကိုင်အကြောင်း ပြောကြရင်း ညစာကို မြိန်ရေ ရှက်ရေ စားသောက်ပြီးချိန်တွင် ညခုနစ်နာရီ ထိုးခါနီး နေပြီ။ ဒေါ်ကြီး၏ အရသာရှိလှသောညစာကို ချီးမွမ်း လျက် ကျေးဇူးတင်စကားကို ပြောဆိုနှုတ်ဆက်ကာ မော် တော်ကားကို မောင်းပြီး ထွက်ခွာလာခဲ့၏။

အလုပ်တွေ သိမ်းကုန်ကြပြီ။ လမ်းပေါ်မှာ အသွား အလာတွေလည်း ကျဲပါးကုန်ပြီ။ ခရီးသည်တင်ကားများ၊ ကုန်ကားကြီးများသာ ရံဖန်ရံခါ ဖြတ်သွားဖြတ်လာ ရှိ သည်။ ဖော်ကြီး၏ ကားက တပ်ကြီးကုန်း၊ အထူးဇုန်၊ သန္တပင် စသည်တို့ကို ဖြတ်ကျော်လာခဲ့သည်။ တင့်ကား တပ်ရင်းရှေ့မှ ဖြတ်ကျော်မောင်းနှင်လာပြီးနောက် မကြာမီ လမ်းတစ်ဖက်တစ်ချက် ခြံဝင်းကျယ်ကြီးများရှိသော နေရာ သို့ ရောက်ရှိလာသည်။ လမ်းမီးရောင်များ ရှိလင့်ကစား ထိန်ထိန်လင်းလင်း ရှိမနေပေ။ မလင်းတလင်း မှေးမှေး မှိန်မှိန်မျှသာ မြင်ရသည်။

ဖော်ကြီးက လမ်းညာဘက်တွင် ကားကို တားနေ သည့် လူသဏ္ဍာန်နှစ်ခုကို ရုတ်တရက် မြင်လိုက်ရ၏။ တစ်ယောက်က လမ်းပေါ်သို့ထွက်ကာ လက်တားနေ သည်။ တစ်ဦးက နောက်နားကျကျမှာ ရပ်စောင့်နေပုံရ သည်။ ထိုလူနှစ်ဦးအပေါ်သို့ ကပ်၍ ရပ်လိုက်သည့်အခါ ကားကို တားသူတွေက အမျိုးသမီးနှစ်ယောက်။ ညကြီး မိုးချုပ် ဘယ်ကလာလို့ ဘယ်သွားကြမလို့လဲ။ ဖော်ကြီး စိတ်အတွေးဝင်သွားသည်။

'မင်္ဂလာဒုံအထိ သွားချင်လို့ပါရှင်။ လိုက်လို့ရမလား လို့ပါ'

သာသာယာယာ တိုးတိုးညင်းညင်းအသံကို ကြား လိုက်ရသည်။

'ရပါတယ်ဗျာ။ ကျုပ်ကားကလည်း ရန်ကုန်အထိ ပြန်မယ့်ကားပါ။ တက်ကြ၊ တက်ကြပါ'

မော်တော်ကားနောက်ခန်းတံခါးကို အမျိုးသမီးနှစ် ဦးက ဖွင့်လျက် ကားအတွင်း ဝင်ရောက်ထိုင်လိုက်ကြ၏။ ရုတ်တရက် ဖော်ကြီးဦးခေါင်းထဲက်မှ ဆံပင်တွေ ထောင် သွား၏။ ကြက်သီးမွေးညင်းတွေလည်း ဖြန်းဖြန်းထသွား သည်။ ကားကို ဆက်လက်မောင်းလာရသည့်တိုင်အောင် ဖော်ကြီး ရင်တွေတုန်၊ နှလုံးက အခုန်ပင် မြန်လာနေ သည်။

ထောက်ကြန့်လမ်းဆုံသို့ ဝင်လာသည့်အခါ သင်း သင်းမွှေးမွှေး ဒေါနပန်းရနံ့လိုမျိုး အနံ့တစ်ခု ရှူရှိုက်မိ၏။ သူ့ကားကို ငှားရမ်းစီးနင်းကြသူများမှာ အမျိုးသမီးတွေ တော်တော်များများ ပါဝင်ပါသည်။ အမျိုးသမီးတွေ လိမ်း ကျံလာသော မိတ်ကပ်ရနံ့၊ သနပ်ခါးရနံ့၊ ရေမွှေးရနံ့တွေ တော်တော်များများ စုံစုံလင်လင် ရှူရှိုက်ခဲ့ဖူးသည်။ ကား အတွင်း လေအေးပေးစက်ကို ဖွင့်ပေးထားခဲ့ခြင်းကြောင့် သည်လို သင်းသင်းမွှေးမွှေးရနံ့တွေကို ရရှိနေခြင်း ဖြစ်ပါ သည်။

သို့ပင်ဖြစ်စေကာမူ ယခုတစ်ကြိမ် ဖော်ကြီး၏ ကား အတွင်းမှာ သင်းပျံ့မွှေးကြိုင်လှိုင်နေသည့် ရေမွှေးနံ့လိုမျိုး တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့စဖူး။ အမွှေးနံ့က တော်တော် ပင် ထူးခြားသည်။ စံပယ်လိုလည်းမဟုတ်၊ ခရေလိုလည်း မပြင်း၊ ဒေါနလောက်လည်းမစူး။ ချိုချိုအီအီ ပြင်းရှရှ ခေါင်းထဲမှာ မူးဝေနောက်ကျိုလာလေသည်။

ထောက်ကြန့်လမ်းဆုံကိုကျော်၍ ရန်ကုန်ဘက်သို့ ကွေ့ချိုးဝင်လာပြီးနောက် မကြာမီ ဋ္ဌယ်ခွေ၊ ရွှေညောင်ပင် တို့ကို ကျော်လာသည်။ ရန်ကုန်မြို့၏ နယ်နိမိတ်အတွင်း ဝင်လာသည်ဖြစ်ရကား လမ်းမီးရောင်တွေ ထိန်ထိန်လင်း



www.burmeseclassic.com

www.burmeseclassic.com

လာသည်။

'အစ်ကို‥ရှေ့က အရွက်တွေဖားဖားနဲ့ ခရေပင်ကြီး အောက်မှာ ရပ်ပေးပါရှင်။ ကျွန်မတို့ အဲဒီမှာ ဆင်းတော့ မယ်'

သို့ဖြစ်၍ ဖော်ကြီးက ကားကို လမ်းနံဘေးသို့ ကပ်၍ ရပ်ပေးလိုက်၏။ မိမိဘာသာဆိုလျှင် ခရေပင်လား၊ ဘာပင်လဲ သိမည်မဟုတ်တာ သေချာသည်။

'ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။ ညကြီးမိုးချုပ် အစ်ကို့ကားနဲ့သာ မတွေ့ရင် ကျွန်မတို့ ရွာလည်နေကြရဦးမှာ။ ဒီမှာ ကျွန်မတို့ကားခ'

အမျိုးသမီးနှစ်ယောက် ကားပေါ်မှဆင်းကြပြီး ကားတံခါးကို ပိတ်သည်။ ပြီးနောက် တစ်ယောက်က လက်ပွေ့အိတ်အတွင်းမှ ငါးရာတန်ငွေစက္ကူ သုံးရွက်ကိုထုတ်လျက် ဖော်ကြီးအား လှမ်းပေးသည်။ ထို့နောက် ခရေပင်အောက်သို့ လျှောက်သွားကြ၏။ စောစောက ကားအတွင်းမှာ သင်းပျံ့မွှေးကြိုင်ရနံ့တွေ လှိုင်နေခဲ့သည့် ချိုချိုအီအီ မွှေးရနံ့က ထောင်းခနဲ ထလာပြန်လေသည်။

သည်အခါတွင်လည်း ဖော်ကြီးက ကြက်သီးမွှေးညင်းတွေ တဖြန်းဖြန်းထသွားရပြန်လေသည်။ စိတ်တွင်းက တစ်စုံတစ်ခုကို ကြောက်လန့်လာမိသလိုလိုဖြစ်ကာ ကားကို ထိုနေရာမှ အလျင်စလို မောင်းထွက်လာမိခဲ့၏။ ကားကို အမြန်ဆုံးမောင်းလာမိကာ ချော်တွင်းကုန်းမီးပွိုင့်သို့ ရောက်လာပြီး မီးရောင်တွေ တထိန်ထိန်မြင်ရတော့မှပင် အရှိန်ကို လျှော့နိုင်ပေသည်။

လမ်းဆုံရှိ မီနီမားကက်စတိုးဆိုင်တစ်ခုရှေ့တွင် ကားကို ရပ်လျက် ဆိုင်အတွင်းသို့ဝင်ကာ ရေသန့်ဘူးတစ်ဘူး၊ စနီးတာဝါတစ်ထုပ် ဝယ်ယူလိုက်၏။ ရေသန့်ဘူးကို ချက်ချင်း ဖွင့်ဖောက်ကာ တစ်ဝကြီးသောက်ပစ်လိုက်တော့မှပင် နှလုံးတွေခုန်နေတာ ငြိမ်သွားသည်ဟု ထင်မိ၏။ စနီးတာဝါထုပ်ကိုလည်း ဖောက်ပြီး မျက်နှာတစ်ခုလုံး သုတ်သိုက်မှပင် ရင်တွင်းမှ ပူလောင်နေတာတွေ ငြိမ်းအေးသွားသည်။ ရေသန့်ဘူးနှင့် စနီးတာဝါဖိုးပေးရန် စောစောက အမျိုးသမီးနှစ်ဦး ကားခပေးသွားသည့် ငါးရာတန်သုံးရွက်ကို ရုပ်အင်္ကျီအိတ်တွင်းမှ နှိုက်ယူလိုက်သည်။

ဖော်ကြီးက သူ့မျက်စိနှစ်လုံးကိုပင် သူ မယုံနိုင်လောက်အောင် ဟင်ခနဲ ဖြစ်သွားခဲ့ရ၏။ သူကိုယ်တိုင်သူ့အိတ်ထောင်အတွင်း ထည့်ခဲ့သည့် ကျပ်ငါးရာတန် ငွေစက္ကူ သုံးရွက်။ ယခုနှိုက်ထုတ်လိုက်တော့ ဗာဒံရွက်ကလေးသုံးရွက် ဖြစ်နေလေသည်။ ဆိုင်ရှင်က တောထင်တောင်ထင် မထင်မိစေရန် ကပျာကသီ ဘောင်းဘီအိတ်အတွင်းမှ ဦးထွန်းအေး ပေးသွားသည့် ငွေစက္ကူများအထဲမှ ရေသန့်ဘူးနှင့် စနီးတာဝါ ကျသင့်ငွေကို ဣန္ဒြေမပျက် ပေးချေလိုက်ရ၏။

ဖော်ကြီး ဦးနှောက်တွေ ထွေပြားသွားပြီ။ ဘာတွေများ ဖြစ်ကုန်တာလဲ။ သူ မတွေးတတ်တော့ပါ။ တစ်ခုခုကတော့ မှားနေတာဖြစ်မည်။ ပုံမှန်မဟုတ်တာကတော့ အသေအချာပင်။ သူ့ကားကို လမ်းခုလတ်မှ ညကြီးမိုးချုပ် တားစီးလာကြသည့် အမျိုးသမီးနှစ်ယောက်က လူမှဟုတ်ရဲ့လား၊ နာနာဘာဝတွေလား။ သူ ဝေခွဲမရတတ်နိုင်။ ညလည်းနက်လှပြီမို့ သူက အိမ်သို့ သူ ဖြေရှင်းခြင်းငှာ မတတ်နိုင်သည့် ပဟေဠိတစ်ခုနှင့် ပြန်မသွားလိုပေ။ သို့ဖြစ်သောကြောင့် ရန်ကင်းရှိ အစ်ကိုကြီး၏ တိုက်ခန်းသို့ ကားကို မောင်းလာခဲ့ခြင်း ဖြစ်ပါချေသည်။ အစ်ကိုကြီးကတော့ သူ့အား အဖြေတစ်ခုခုတော့ ပေးနိုင်လိမ့်မည်မုချ။

'သိလား အစ်ကိုကြီး၊ ကျွန်တော့်ကို အမျိုးသမီးနှစ်ယောက် ကားခဆိုပြီး ပေးသွားတုန်းက လမ်းက မီးရောင်အောက်မှာ ကျွန်တော် သေသေချာချာကြီးကို ကြည့်လိုက်မိတယ်။ ငါးရာတန်အသစ်စက်စက် သုံးရွက်ပါ။ ကျွန်တော် အသက်လေးဆယ် ရှိလာပေမယ့် မျက်စိမမှုန်သေးလို့ မျက်မှန်တောင် မတပ်ရသေးပါဘူး။ ဒါပေမဲ့



www.burmeseclassic.com

ခုတော့ ဒီမှာ အစ်ကိုကြီး တွေ့လား၊ ဗာဒံရွက်ကလေး သုံးရွက် ဖြစ်နေတယ်ဗျ'

ကျွန်တော်ကလည်း ဖော်ကြီး ထုတ်ပြသော ဗာဒံရွက်ကလေး သုံးရွက်ကို သေသေချာချာ စစ်ဆေးကြည့်လိုက်မိပါသည်။ ဗာဒံပင်မှ လောလောလတ်လတ် ခူးယူလာသည့်ပမာ လတ်ဆတ်စိမ်းစိုနေဆဲ ဖြစ်ပါသည်။ သစ်ရွက်စိမ်းနံ့ပင် မပျောက်သေးဘဲ ရှိနေပါသည်။

လောကမြေမဟီတွင် ကျွန်တော်တို့ကဲ့သို့ အတွေးတိမ်တိမ်နှင့် တွေးတတ်သူများ မည်မျှရှိနေသေးသည်လည်း မပြောတတ်နိုင်။ သိပ္ပံပညာဖြင့် ဖြေရှင်းခြင်းငှာ မတတ်နိုင်စွမ်းသည့် ပဟေဠိများလည်း မရေမတွက်နိုင်။ လျှို့ဝှက်နက်နဲသော ဂမ္ဘီရဖြစ်စဉ်ဖြစ်ရပ်များ အမြောက်အမြား ရှိနေပေလိမ့်ဦးမည်။

ဖော်ကြီး၏ကားကို သန္တေပင်အကျော် လမ်းခုလတ်မှ ညကြီးမိုးချုပ်အချိန်ကျမှ တားလျက် ငှားရမ်းစီးနင်းလာသည့် အမျိုးသမီးများမှာ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ။ လူပင်လေလား၊ နာနာဘာဝပေလား ကျွန်တော်တို့စောကြောမသိတတ်နိုင်။

'ဒီမှာ ငါ့ညီ၊ မင်း အစ်ကိုကြီးတို့နဲ့အတူ ညစာစားပြီးရင် အိမ်ကိုပြန်တော့။ အိမ်ကို ပြန်ရောက်တဲ့အခါမှာလည်း မင်းအိမ်က ဘုရားစင်မှာ အိပ်ရာမဝင်ခင် ဘုရားကို သေသေချာချာ ရှိခိုးကန်တော့ပြီးမှအိပ်။ နောက်တစ်နေ့ မနက်ကျရင် ရွှေတိဂုံစေတီတော်ကြီးပေါ် အရင်တက်ပြီးရင် ကနေ့ ငါ့ညီ ရလာခဲ့တဲ့ ဗာဒံရွက်ကလေး သုံးရွက်ကို ဘုရားမှာ ကပ်လှူပူဇော်လိုက်ပါ။ ငါးပါးသီလကိုလည်း အဲဒီနေ့အတွက် ခံယူပြီး လုံအောင် စောင့်ထိန်း၊ ဘုရားရှိခိုးပြီးရင်တော့ ဝေနေယျသတ္တဝါအားလုံး မေတ္တာပို့။ နောက် အမျှသုံးကြိမ် ဝေလိုက်ပေတော့။ ကြားလား ငါ့ညီ။ လုပ်ဖြစ်အောင်သာ လုပ်လိုက်ပါကွာ။ ဟုတ်ပြီလား'

**ခင်ဖမောင်အေး(မန္တလေး)**

*(ညီလေးမောင်ခင်ဖော်၏ ကိုယ်တွေ့ခံစားချက်ကို ရေးဖွဲ့ထားပါသည်။)*


# ဆရာကြီးရာဇာဖော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း, စသည့် နာမည် ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲ မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသား လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာ ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည် သော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ် ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဆက်လိုက်ပါ။

**အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ)** ☎ (01)394727, (01)399426, 09 7300 9994, 09 51 5




www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ဗေဒင်ဟောကိန်းဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ စာတမ်းဂိုဏ်ဓာတ်ဆင်ယတြာပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

တူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)၊

သွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုတင်ရက်ချိန်းယူပါ




www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် တရားကို အမြန်ဆုံးရချင်လို့ပါ ဆရာ။ ကျွန်တော့်အတွက် နေရဖို့ရက်က ရက်ပိုင်းလောက်သာ ကျန်တော့လို့ပါ'

ခင်မောင်ချို၏ စကားကိုကြားရ၍ အံ့သြမိပါသည်။ ခင်မောင်ချိုကို အင်းလျားမြိုင်တရားရိပ်သာသို့ရောက်မှ မြင်ဖူးသော်လည်း သူ့ကို ခင်မင်နေမိသည်။ ခင်မောင်ချိုမှာ အသက်သုံးဆယ်ခန့် လူချောကလေးဖြစ်သော်လည်း သူ့မှာ နေရဖို့ရက် မကျန်တော့ဟု ပြောသဖြင့် ထူးဆန်းနေပါသည်။ ကျွန်တော်သည် ထိုတရားစခန်းတွင် လစဉ် တရားဝင်ဖြစ်ခဲ့ရာ ယခုတစ်ပတ်တွင်မှ ရောက်လာသော ခင်မောင်ချိုနှင့် တစ်ခန်းတည်း အတူနေခွင့်ရခဲ့သည်။

ခင်မောင်ချိုမှာ တရားရရန် အလွန်ကြိုးစားအားထုတ်နေသည်ကို တွေ့ရသည်။ တရားပြဆရာ၏ ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာနိုင်ပြီး တရားချိန်တိုင်း မပျက်မကွက် အပြည့်အဝ တရားရှုမှတ်ရုံသာမက တရားချိန်စေ့၍ ခေတ္တအနားပေးချိန်မှာပင် နေရာက မထဘဲ ဆက်တိုက် တရားရှုမှတ်နေလေ့ရှိပါသည်။ တစ်နေကုန် တရားရှုမှတ်ရသဖြင့် ညဘက် အိပ်စက်အနားယူချိန်များတွင်ပင် အိပ်ရာပေါ်၌ လှဲနေခြင်းမရှိဘဲ တရားမှတ်နေသည်ကိုသာ တွေ့ရသည်။ နံနက်စောစော ကျွန်တော် အိပ်ရာထချိန်တွင် သူ့ကို တရားမှတ်နေဆဲဖြစ်ကြောင်း နေ့စဉ် တွေ့ရတတ်သည်။ တစ်ညလုံး သူ အိပ်မှ အိပ်ပါ့မလားဟု သံသယရှိမိပါသည်။ နေ့စဉ်ဆက်တိုက် တရားမှတ်လျက် တွေ့ရသဖြင့် မနေနိုင်၍ သူ့ကို ဖွင့်ဟမေးလိုက်မိပါသည်။

'ဟုတ်တယ် ဆရာ၊ ကျွန်တော့်အဖြစ်က ကြားရသူတိုင်း မယုံချင်ကြဘူး။ ကျွန်တော် အသက်ရှင်ခွင့်က ရက်ပိုင်းလောက်သာ လိုတော့တာ။ ဒါကြောင့် မသေမီ တရားရသွားချင်တာပါ'



'မောင်ခင်မောင်ချိုမှာ သေလောက်တဲ့ရောဂါ ရှိလို့လား'

ကျွန်တော်က သူ့ကို ထပ်မံမေးလိုက်မိသည်။

'အဲဒါကြောင့် အံ့သြစရာကောင်းတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောတာပေါ့ ဆရာ။ အထူးကုဆရာဝန်ကြီးတွေနဲ့ စမ်းသပ်ကြည့်တာမှာလည်း ဘာရောဂါမှ မတွေ့ရဘူး။ ဆရာ့အမြင်ပဲလေ။ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ။ ဒါပေမဲ့ မကြာခင် ရက်ပိုင်းလောက်မှာ သေရတော့မယ်ဆိုတာ အလိုလို သိနေတယ်လေ။ ရှမ်းပြည်က အကြားအမြင်ရ ဗေဒင်ဆရာကြီး ဦးထိပ်ခေါင်က ဟောလိုက်တာပါ'

'ဟာကွာ၊ မောင်ရင်က ခေတ်ပညာတတ်ဖြစ်ပြီး ဗေဒင်ကို ယုံသလား'

'အရင်ကတော့ ဗေဒင်ကို အယုံအကြည် မရှိခဲ့ပါဘူး။ အခုတော့ မယုံလို့ မရတော့ဘူး။ ယုံရတော့မယ့်



အခြေအနေ ရောက်နေပါပြီ။ ဒီအကြောင်းတွေကို အရင်က ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးပါဘူး။ အခုတော့ ဆရာက စာရေးဆရာဆိုတော့ ဖြင့်ကြောင်းကုန်စင် ပြောပြချင်ပါတယ်'

'ဒါဆို ပြောပြပါ။ နားထောင်ကြည့်ရတာပေါ့'

ခင်မောင်ချိုက သူ့အဖြစ်ကို ပြောပြပါသည်။ သူ့အဖြစ်မှာ အလွန်ထူးဆန်းအံ့ဩဖွယ် ဂမ္ဘီရဇာတ်လမ်းဖြစ်သဖြင့် သူပြောပြသည့်အတိုင်း ရေးသားတင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ချိုသည် ပဲခူးဇာတိဖြစ်ပြီး ငယ်စဉ်ကပင် မိခင်ကွယ်လွန်ခဲ့သဖြင့် ဖခင်နှင့် ကြီးပြင်းခဲ့ရသည်။ ဖခင်မှာ ပန်းထိမ်ဆရာတစ်ယောက်ဖြစ်၍ ကြွယ်ဝချမ်းသာခြင်း မရှိသော်လည်း သားကို ပညာတတ်ဖြစ်စေလိုပါသည်။ ခင်မောင်ချို ဆယ်တန်းအောင်သည်နှင့် ရန်ကုန်တက္ကသိုလ်သို့ပို့ကာ အသိဘုန်းကြီးကျောင်းတွင် နေစေပြီး ပညာသင်ရန် စီစဉ်ပေးပါသည်။ ခင်မောင်ချိုကလည်း ဖခင်၏ စေတနာကို နားလည်သဖြင့် စာကြိုးစားခဲ့ရာ လေးနှစ်အကြာတွင် ဘွဲ့ရခဲ့သည်။ ခင်မောင်ချိုမှာ ဖခင်ကို ပြန်လည်လုပ်ကျွေးရန် အလုပ်ရှာခဲ့သော်လည်း အလုပ်မရသဖြင့် သူငယ်ချင်းတစ်ဦး၏ တက္ကစီကိုမောင်းရင်း ငွေရှာခဲ့သည်။ ပဲခူးရှိ ဖခင်ကြီး ကျန်းမာရေးမကောင်းသဖြင့် ပဲခူးမှအိမ်ကိုရောင်းကာ တာမွေတွင် တိုက်ခန်းငှား၍ အဖေနှင့် အတူနေခဲ့သည်။ နှစ်နှစ်ခန့် တက္ကစီမောင်းရာ စားဝတ်နေရေး အဆင်ပြေလာခဲ့သည်။

တက္ကစီမောင်းရင်း တစ်နေ့ မမျှော်လင့်ဘဲ တက္ကသိုလ်တက်စဉ်က အချစ်ဆုံးသူငယ်ချင်း မြတ်ကောင်းနှင့် ဆုံတွေ့လိုက်သည်။ မြတ်ကောင်းမှာ ရှမ်းပြည်တောင်ပိုင်းမှာ စိုက်ပျိုးရေးလုပ်ကိုင်နေသူဖြစ်သည်။ မြတ်ကောင်းကို အိမ်သို့ခေါ်လာပြီး အိမ်မှာ တည်းခိုစေခဲ့သည်။ မြတ်ကောင်းက ရှမ်းပြည်သို့ အလည်ခေါ်သဖြင့် မရောက်ဖူးသေးသော ရှမ်းပြည်သို့ လိုက်ချင်နေသည်။ မကြာမီ သင်္ကြန်ရက်ရောက်တော့မည်မို့ နားအေးပါးအေး နေချင်သည့် ဆန္ဒရှိသည်။ ဖခင်ကြီးကလည်း ကျန်းမာရေးကောင်းနေချိန်ဖြစ်၍ မြတ်ကောင်း အပြန်တွင် ရှမ်းပြည်သို့ လိုက်ခဲ့သည်။ ရှမ်းပြည်သို့ရောက်ပြီး ရှမ်းဗေဒင်ဆရာကြီး ဦးထိပ်ခေါင်နှင့် တွေ့လိုက်ရမှ အံ့သြဖွယ်ရာ ဂမ္ဘီရကိစ္စရပ်များ ကြုံရ ကြားရပါတော့သည်။

မြတ်ကောင်းသည် ပင်းတယတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သူဖြစ်၍ ပြန်ရောက်သည်နှင့် သူ့စိုက်ပျိုးရေးခြံသို့ သုံးရက်ခန့် လုပ်ငန်းများ စီစဉ်နေခဲ့သည်။ မြတ်ကောင်း အလုပ်များနေစဉ် ခင်မောင်ချိုက ပင်းတယ ရွှေဥမင်ဘုရားနှင့် အခြားထင်ရှားသော နေရာများကို လှည့်လာနေခဲ့သည်။ မြတ်ကောင်း အလုပ်အားသည်နှင့် ဆိုင်ကယ်နှင့် နှစ်ယောက် တောင်ကြီးသို့ သွားကြသည်။ မြတ်ကောင်း၏ ဆိုင်ကယ်အနောက်မှ ထိုင်၍လိုက်ရင်း ရှမ်းပြည် တောတောင်ရှုခင်းများ၏ အလှကို ခံစားရင်း လိုက်ခဲ့သည်။

တောင်ကြီးမှတစ်ဆင့် နာမည်ကျော် မွေတော်ကက္ကူ ဘုရားသို့ ရောက်ခဲ့ကြသည်။ တောင်ကြီးမှ (၂၄)မိုင်ကွာဝေးပြီး ဘုရားပေါင်းတစ်ထောင်ကျော် တစုတဝေး ဖူးမြင်ရပါသည်။ ဆုတောင်းပြည့်စေတီကိုဖူးပြီး ဘုရားပေါင်းတစ်ထောင်ကျော်ကို လှည့်လည်ဖူးကြသည်။ အရပ်လေးမျက်နှာရှိဘုရားများ လှည့်လည်ဖူးပြီး နေရိပ်ရှိသည့် သစ်ပင်ကြီးတစ်ပင်ဆီသို့ နှစ်ယောက်အတူ လျှောက်ခဲ့ကြသည်။

သစ်ပင်ကြီး တစ်ပင်အောက်တွင် အသက်(၇၀)ခန့် ယောဂီရောင်ဝတ်စုံနှင့် အဘိုးကြီးတစ်ဦးကို မြင်ရသည်။ အဘိုးကြီးမှာ ပုတီးကုံးကြီးကို လည်ပင်းတွင် ဆွဲလျက် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးရှည်ရှည်နှင့် ထူးခြားသော အသွင်ရှိပါသည်။ အဘိုးကြီးမှာ သူတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် မိတ်ဟောင်းဆွေဟောင်းများကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသကဲ့သို့ ဝမ်းသာအားရ အသံကျယ်ကျယ်နှင့် နှုတ်ဆက်လိုက်ပါသည်။

'ဟေး..မောင်ရင်တို့ ရောက်လာကြပြီကိုး။ ကျုပ်က ဒီနေ့ တောင်ကြီးသွားဖို့ရှိတာ။ မောင်ရင်တို့ လာမှာသိလို့ တမင်စောင့်နေခဲ့တာ။ လာကြ..သာကြ'

ခင်မောင်ချိုမှာ မြတ်ကောင်းနှင့်သိ၍ နှုတ်ဆက်သည် ထင်၍ ကြည့်နေရာ မြတ်ကောင်းမှာလည်း သိဟန်မတူဘဲ အံ့သြစွာ လှည့်ကြည့်နေခဲ့ပါသည်။

'လာကြပါကွယ်။ ဒီမှာထိုင်ကြပါ။ တိုက်တိုက်ဆိုင်ဆိုင် မောင်ရင်တို့ နှစ်ယောက်နဲ့ တွေ့ရတုန်း ကျုပ်က ဟောချင် ပြောချင်တာ ပြောရတော့မှာပေါ့'

ယခုမှ ဗေဒင်ဆရာကြီးတစ်ဦး ဖြစ်ဟန်ရှိ၍ ဗေဒင်ဟောချင်၍ ဖိတ်ခေါ်နေကြောင်း စဉ်းစားလိုက်မိကြသည်။

'ကျွန်တော်တို့က ဗေဒင်မေးရအောင် လာတာမဟုတ်ပါဘူး'

မြတ်ကောင်းက အဘိုးကြီးကိုကြည့်၍ ပြောလိုက်သည်။

'သိတယ်လေ။ မောင်ရင်တို့နှစ်ယောက် ဗေဒင်မေး ကြဘူး မဟုတ်လား'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်မထားဘဲ နှစ်ယောက်လုံးနှုတ်မှ ထွက်သွားပါသည်။

'အေး··ဗေဒင်မယုံတဲ့လူတွေကိုမှ ကျုပ်က ဟောချင်တာ။ ကျုပ်ဟောလိုက်ရင် မောင်ရင်တို့ ဗေဒင်ကို ယုံကြည်သွားစေရမယ်။ ကျုပ်က မောင်ရင်တို့ကို အခကြေးငွေယူပြီး ဟောမှာမဟုတ်ပါဘူး။ ကျုပ်တို့သုံးဦးက ကံတူအကျိုးပေး ပဋ္ဌာန်းဆက်တွေဖြစ်လို့ စေတနာနဲ့ ဟောတာပါ'

'ဘယ်လိုကံတူအကျိုးပေးတာလဲ အဘ'

မြတ်ကောင်းက မေးလိုက်ခြင်း ဖြစ်သည်။

'မောင်ရင်တို့က ဗေဒင်ပညာကို မယုံကြည်ဘူးဆိုတော့ ကျုပ်ကလည်း ကျုပ်မြင်တာ ကျုပ်ပြောမယ်။ ဒီကနေ့ကစပြီး နောက်ငါးနှစ်ကြာရင် ကျုပ်တို့သုံးယောက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြတော့မှာပါ'

'ဒါ မဖြစ်နိုင်တာဘဲ'

မြတ်ကောင်း၏ ငြင်းဆိုချက်ကို ဗေဒင်ဆရာကြီးက ချက်ချင်းပြန်ပြောပါသည်။

'ကျုပ်က ဗေဒင်ဆရာဆိုပေမယ့် ခုတွေ၊ လတွေ၊ ရက်တွေမေးပြီး ဟောတဲ့ ဆရာမျိုးမဟုတ်ဘူး။ ရုပ်လက္ခဏာကိုကြည့်ပြီး ဟောတာပါ။ ကျုပ်တစ်သက် ဟောခဲ့ပေါင်း များပြီ။ တစ်ခါမှ မှားတာ မရှိသေးဘူး'

'ဒါဆို နောက်ငါးနှစ်ကြာရင် ကျွန်တော်တို့ တကယ်သေရတော့မှာပေါ့'

ခင်မောင်ချိုက စိတ်လှုပ်ရှားစွာ ပြန်မေးလိုက်သည်။

'ဟောဒီလူရွယ်က စိတ်ဝင်စားလာပြီ။ ဒီလိုမှပေါ့။ မောင်ရင့်နာမည် ပြောပါဦး'

'ခင်မောင်ချိုပါ'

'ဟုတ်ပြီ မောင်ခင်မောင်ချို။ မင်းက ကျုပ်ပညာကို ယုံကြည်သွားရမယ့်လူပဲ'

'ဘယ်လိုယုံကြည်သွားမှာလဲ'

'ကျုပ်တို့သုံးယောက်မှာ မောင်ရင်က နောက်ဆုံးမှ သွားရမယ့်လူလေ။ ဒီတော့ ရှေ့ကသွားတဲ့လူတွေကြည့်ပြီး ကျုပ်ပညာကို ယုံမယ့်လူပေါ့။ ဒါပေမဲ့ ဗေဒင်ပညာကို ယုံပြီးရင် မောင်ရင်လည်း လိုက်ရမှာပါ။ ကဲ··ဒီဘက်က မောင်ရင့်နာမည်ပြော'

'မြတ်ကောင်းပါ'

'စိတ်တော့မကောင်းပါဘူး။ မောင်မြတ်ကောင်းက အရင်ဆုံးသွားရမယ့် လူပဲ။ မောင်ရင်ပြီးတော့ ကျုပ်အလှည့်။ ခင်မောင်ချိုက နောက်ဆုံးလူပဲ။ ဒီကနေ့ကစပြီး တွက်ရင် နောက်ငါးနှစ်အကြာ အခုလို ဧပြီလထဲမှာ ရက်ပိုင်းသာခြားပြီး သုံးယောက်လုံး ဘဝကူးကြရမှာပါ'

'လပိုင်းနဲ့ ဟောလိုက်တာ တိကျလှချည်လား ဆရာကြီး'

'မသေချာဘဲ ကျုပ် မဟောပါဘူး။ မောင်မြတ်ကောင်းက မယုံသေးဘူး ထင်တယ်။ ဒါ့ထက် သေချာအောင် ဟောရရင် မသေခင် မောင်ရင် ထောင်ကျရဦးမယ်။ ထောင်ကလွတ်မှ သေရမှာပါ'

'ဗျာ··ထောင်ကျဦးမယ်။ အဘက ရယ်စရာအပြောကောင်းလှချည်လား'

'ယုံတာ၊ မယုံတာ မောင်မြတ်ကောင်းရဲ့ ကိစ္စပါ။ မောင်ရင် ထောင်ကျဖို့ကလည်း သုံးလလောက်ပဲလိုတော့တယ်။ ကဲ··ဒီဘက်က မောင်ခင်မောင်ချိုကရော ဘာသိချင်သေးသလဲ'

'မယုံကြည်ပေမယ့် တစ်ခုတော့မေးချင်တယ်။ ကျွန်တော်ကရော မြတ်ကောင်းလို ထောင်ကျဦးမှာလား'

'မောင်ခင်မောင်ချိုက သူနဲ့ ဆန့်ကျင်တာပဲ။ မောင်ရင်က မကြာခင် အလွန်ကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက် ဖြစ်တော့မှာ'

'မြတ်ကောင်းပြောသလို အဘက ရယ်စရာအပြောကောင်းတာပဲ။ ကျွန်တော့်လို တက္ကစီမောင်းစားတဲ့လူက စားဖို့တောင် အနိုင်နိုင်ရယ်။ ဘယ်လိုသူဌေးကြီး ဖြစ်နိုင်မှာလဲ'

'ကျုပ်က အချိန်ရရင် နေ့စွဲနဲ့ အချိန်အတိအကျ ပြောဆိုလိုက်ချင်ပါတယ်။ အချိန်မရလို့ အကြမ်းသဘော ဟောလိုက်တာပါ။ သေသေချာချာတော့ မှတ်သွားကြနော်။ တိုက်ဆိုင်တာက မောင်မြတ်ကောင်း ထောင်ကျတဲ့နေ့မှ ခင်မောင်ချိုရဲ့အဖေ ကွယ်လွန်မယ်။ နောက်ခြောက်လအကြာမှ မောင်ခင်မောင်ချို အိမ်ထောင်ကျမယ်။ ဇနီးနဲ့ သုံးနှစ်ပေါင်းပြီးရင် ဇနီးကွယ်လွန်ပြီး မောင်ခင်မောင်ချို ဒုက္ခရောက်ပြီ။ မောင်မြတ်ကောင်း ထောင်ကလွတ်ပြီး ဧပြီလထဲမှာ ကွယ်လွန်မယ်။ သူ ကွယ်လွန်ပြီး ကျုပ် အလှည့်။ နောက်ဆုံး မောင်ခင်မောင်ချိုပဲ။ [illegible]

www.burmeseclassic.com

မှာ သုံးယောက်လုံး ဓာတ်သိမ်းကြရမှာပဲ'

မြတ်ကောင်းမှာ စိတ်ပျက်လက်ပျက်နှင့် ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်သည်နှင့် ခင်မောင်ချိုကလည်း ဆိုင်နောက်က တက်လိုက်သည်။ ဆိုင်ကယ်မထွက်မီ မြတ်ကောင်းက အော်၍ပြောလိုက်သည်။

'အဘပြောတဲ့ပုံပြင်က နားထောင်လို့တော့ ကောင်းပါတယ်။ ကျွန်တော်တို့က ပင်းတယရောက်အောင် ပြန်ရမှာဆိုတော့ သွားပြီ အဘ ဗေဒင်ဆရာကြီး ဦးထိပ်ခေါင်ရေ'

မြတ်ကောင်း၏စကားကြောင့် ဦးထိပ်ခေါင်ကလည်း အော်၍ ပြောလိုက်သည်။

'မောင်ရင်တို့က အတွေ့အကြုံ နုနယ်သေးတာရယ်၊ ကျုပ်အကြောင်း မသိသေးတဲ့ လူရွယ်တွေဖြစ်လို့ ကျုပ်ဟောတာ မယုံကြည်သေးဘူးဆိုရင် ကျုပ်ခွင့်လွှတ်နိုင်ပါတယ်။ နောက်ဆုံးမှာချင်တာက ဗေဒင်အညွှန်းကို ယတြာလုပ်ပေးနိုင်ပါတယ်။ ကျုပ်ဟောပြောချက်ကို ယုံကြည်လာတဲ့တစ်နေ့ ယတြာလိုချင်ရင် လာခဲ့ပါ။ ကျုပ်ကူညီပါ့မယ်။ ယတြာဆိုတာ ရာနှုန်းပြည့် မအောင်မြင်သည့်တိုင်



အထိုက်အလျောက် သက်သာနိုင်တယ်။ ဒါပေမဲ့ သေကိန်းကတော့ ဘယ်ယတြာမှ လုပ်လို့မရဘူး။ ဘုရားတောင်မှ မလွန်ဆန်နိုင်တဲ့ ကိစ္စဆိုတော့ ဘယ်သူမှ မကယ်နိုင်တဲ့ တရားပါ'

ဗေဒင်ဆရာ၏ စကားဆုံးသည်နှင့် မြတ်ကောင်းက ဆိုင်ကယ်ကို အရှိန်ဖြင့် ထွက်ခဲ့သည်။ ခင်မောင်ချိုသည် ဆိုင်ကယ်နောက်က ထိုင်လိုက်ရင်း တောတောင်ရှုခင်းများကိုပင် အာရုံမခံစားနိုင်တော့ဘဲ ဗေဒင်ဆရာ၏ ဟောပြောချက်များကို တွေးတောရင်း စိတ်လှုပ်ရှားလျက် ရှိနေပါတော့သည်။ ဗေဒင်ဟောချက်အရ သူ့ဘာဝသည် သူဌေးကြီး ဖြစ်ရဦးမည်ဆိုသော စကားကို သူက ရယ်ချင်နေသည်။ အဖေကွယ်လွန်မည်ဆိုသော စကားကိုမူ အသက်အရွယ်အရ သူလက်ခံနိုင်သေးသည်။ အိမ်ထောင်ကျဖို့က မဖြစ်နိုင်ပါ။ သူ့တွင် ချစ်သူဝေး၍ မိန်းကလေးအသိပင်ရှိသူ မဟုတ်ပါ။ အားလုံးခြုံကြည့်ပါက ဗေဒင်ဟောချက်များမှာ သူ့ဘာဝနှင့် လုံးဝမနီးစပ်သဖြင့် မှန်နိုင်ခြေမရှိဟု ဖြေသိမ့်ရပါတော့သည်။

တောင်ကြီးသို့ ရောက်သည့်အခါ မြတ်ကောင်းမှာ သူ့ညီ မြတ်သောင်း၏ အိမ်သို့ဝင်ကာ ခင်မောင်ချိုကို မြတ်သောင်းနှင့် မိတ်ဆက်ပေးပါသည်။ မြတ်ကောင်းက ညစာကျွေးသဖြင့် ညစာစားပြီးမှ ပင်းတယသို့ ပြန်ခဲ့ရာ ညပိုင်းမှ ပြန်ရောက်ပါသည်။ ပင်းတယတွင် တစ်ပတ်ခန့် နေပြီးမှ ရန်ကုန်သို့ ပြန်ခဲ့သည်။ ရန်ကုန်ရောက်၍ တက္ကစီမောင်းရင်း ဗေဒင်ဆရာကြီး၏ ဟောပြောချက်များကို အမှတ်ရလျက်ရှိနေပါသည်။

တစ်နေ့ ကားမောင်းရင်း နေဝင်စပြုပြီဖြစ်၍ ကားသိမ်းရန် အိမ်သို့ပြန်ခဲ့သည်။ အလုံမှအပြန် ဗားကရာလမ်း တစ်နေရာတွင် အသက်ခြောက်ဆယ်ခန့် အဘိုးကြီးတစ်ဦးနှင့် အသက်နှစ်ဆယ်ကျော် အမျိုးသမီးတစ်ဦးက ကားတားသဖြင့် ရပ်ပေးလိုက်သည်။ အင်းလျားလမ်းသို့ ကားငှားသဖြင့် နှစ်ထောင်ဖြင့် ဈေးတည့်ကြသည်။ အဘိုးကြီးက ရှေ့ခန်းတွင်ထိုင်ပြီး အမျိုးသမီးက နောက်ခန်းတွင် ထိုင်မိသည်နှင့် ကားထွက်ခဲ့သည်။ ရွှေမန်းရုပ်ရှင်ရုံအလွန် မြေနီကုန်းမီးပွိုင့်တွင် ရုတ်တရက် မီးနီပြသဖြင့် ကားရပ်လိုက်ရသည်။

ကားရပ်စောင့်နေစဉ် ပါဂျဲရိုးကားတစ်စီးက ယ



www.burmeseclassic.com

www.burmeseclassic.com

ရပ်လာပြီး ကားမောင်းသူက ခေါ်သဖြင့် ရှေ့ခန်းတွင် ထိုင်နေသော အဘိုးကြီးက ကားခနှစ်ထောင်ရှင်းပေးပြီး ကားပေါ်ကဆင်းကာ နောက်က မိန်းကလေးကို ကားပြောင်းရန်ပြောပြီး ပါဂျဲရိုးကားသို့ ပြောင်းသွားကြပါသည်။ မီးစိမ်းသည်နှင့် ပါဂျဲရိုးက အမြန်မောင်းထွက်သွားသဖြင့် ခင်မောင်ချိုကလည်း နောက်က လိုက်ခဲ့ပါသည်။ ဘာမွေသို့ ရောက်သည်နှင့် ကားအပ်နှံရန် ဂိုဒေါင်တွင် ကားကို အပ်ခဲ့ပြီးမှ အိမ်သို့ ပြန်ခဲ့သည်။

နောက်နေ့တွင် မနက်ခြောက်နာရီတိတိ ကားမောင်း၍ ထွက်ခဲ့သည်။ လမ်းထောင့်က သောက်နေကျ ကော်ဖီဆိုင်တွင် ကော်ဖီသောက်ပြီး ကားဆီသို့ပြန်ခဲ့သည်။ ကားရှေ့မှန်က ဖုန်များကိုသုတ်ရင်း နောက်ခန်းသို့ အမှတ်မထင်ကြည့်လိုက်ရာ မိန်းမကိုင်လက်ကိုင်အိတ်အပြာ တစ်လုံးကို တွေ့လိုက်ရသည်။ လက်ကိုင်အိတ်ကို ဖွင့်ကြည့်လိုက်ရာ မြင်လိုက်ရသော ပစ္စည်းများကြောင့် တုန်လှုပ်သွားပါသည်။ တစ်သောင်းတန်သုံးခေါက် တန်ဖိုးသုံးသိန်းနှင့်အတူ ဘူးအနီလေး တစ်လုံးကို တွေ့လိုက်ရသည်။ ဘူးနီကို ဖွင့်ကြည့်လိုက်ရာ အရောင်တလက်လက် ပြိုးပြိုးပြက်ပြက် ထွက်နေသော စိန်၊ ကျောက်၊ ပတ္တမြား မခွဲတတ်သော ရတနာပစ္စည်းများကို တွေ့လိုက်ရသည်။

ထိုပစ္စည်းများကိုကြည့်ရင်း ရှမ်းပြည်က ဗေဒင်ဆရာကြီးကို ချက်ချင်းသတိရတော့သည်။ ထိုပစ္စည်းများကိုသာ ရမည်ဆိုပါက သူဌေးကြီးဖြစ်နိုင်သဖြင့် ဗေဒင်ဟောချက် မှန်တော့မည် ဖြစ်ပါသည်။ သူစဉ်းစားမိသည်မှာ ထိုပစ္စည်းများကို မြင်လိုက်သည်နှင့် ရင်ခုန်ရသဖြင့် ပစ္စည်းပိုင်ရှင် မည်မျှခံစားရမည်ကို တွေးကြည့်နေမိသည်။ ထိုပစ္စည်းများကို ပိုင်ရှင်ထံ ပြန်ပေးမှဖြစ်တော့မည်။ ပြန်ပေးလိုက်ခြင်းဖြင့် သူ၏စာရိတ္တကိုလည်း မထိခိုက်နိုင်။ ပိုင်ရှင်မှာလည်း ဝမ်းသာမည်ဖြစ်ပြီး ဗေဒင်ဟောချက်မှာလည်း မှန်နိုင်တော့မည် မဟုတ်ပါ။ အထူးသဖြင့် ဗေဒင်မှန်ခွင့်မရအောင် ပိုင်ရှင်ကိုရှာဖွေပြီး ပြန်ပေးရန် ဆုံးဖြတ်လိုက်ရသည်။ ပြန်ပေးလိုသော်လည်း ပိုင်ရှင်ကို မည်သို့ ရှာရမည်ကို စဉ်းစားရတော့သည်။ နောက်ဆုံး ကားငှားသူများမှာ အင်းလျားလမ်းက အဘိုးကြီးနှင့် မိန်းမပျိုတို့ ဖြစ်သည်။ အမျိုးသမီး၏အိတ်ကို လှန်လှောကြည့်ရာ အလှပြင်ပစ္စည်းအချို့နှင့် လိပ်စာကတ်ပြားလေး တစ်ခုကို တွေ့လိုက်ရသည်။ လိပ်စာကို ကြည့်လိုက်သည်၊

'ခင်လပြည့်၊ အမှတ်(…)၊ အင်းလျားလမ်း၊ ဖုန်း (…)'ဟု တွေ့လိုက်ရသည်။ ခင်မောင်ချိုသည် ကားကို အင်းလျားလမ်းသို့ မောင်းခဲ့သည်။ အဖိုးတန်ပစ္စည်းများ လက်ဝယ်ထားခြင်းမှာ အန္တရာယ်ရှိသဖြင့် ပိုင်ရှင်ထံ အမြန်ပြန်ပေးရန် အရေးကြီးနေပါသည်။ လမ်းတွင် ကားတားသူများရှိသော်လည်း ရပ်မပေးဘဲ မောင်းခဲ့ရာ လိပ်စာအရ တိုက်အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။ ခြံကျယ်ကြီးနှင့် ခန့်ညားသော တိုက်ကြီးတစ်လုံးရှေ့တွင် ကားကိုရပ်လိုက်သည်။ ဝင်းတံခါးကြီးမှာလည်း ဟိတ်ဟန်ကြီးလှပါသည်။ တံခါးအနီးတွင် လုံခြုံရေးဝန်ထမ်းတစ်ဦးကို တွေ့ရပြီး သူက ထွက်လာပါသည်။

'ဘယ်သူ့ကို တွေ့ချင်လို့ပါလဲခင်ဗျာ'

'ခင်လပြည့်နဲ့ တွေ့ချင်လို့ပါ'

'အစ်ကို့နာမည် ပြောပါဦး'

'နာမည်ပြောလို့ သူသိမှာမဟုတ်ဘူး။ တက္ကစီသမားတစ်ယောက်က တွေ့ချင်လို့ ရောက်နေတယ်လို့သာ ပြောပေးပါ'

လုံခြုံရေးဝန်ထမ်းက အိမ်ဆီသို့ ပြေးသွားကာ ချက်ချင်းပြန်ပြေးလာပါသည်။ ခြံတံခါးကို ဖွင့်ပေးသဖြင့် ခင်မောင်ချိုက ကားကို ခြံထဲသို့ မောင်းဝင်ခဲ့ပါသည်။ အိမ်ရှေ့တွင်ကားရပ်ပြီး ကားပေါ်က ဆင်းလိုက်သည်နှင့် မနေ့က တွေ့ခဲ့ရသော အဘိုးကြီးနှင့် မိန်းမပျိုကို ကြိုဆိုလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

'ဦး…ကျွန်တော့်ကို မှတ်မိပါရဲ့လား။ ကျွန်တော့်နာမည် ခင်မောင်ချိုပါ။ မနေ့က ကားပေါ်မှာ မခင်လပြည့်ရဲ့ ပိုက်ဆံအိတ် ကျန်ခဲ့တာ ဒီမနက်မှတွေ့လို့ ပြန်ပေးရအောင် လာခဲ့တာပါ'

'လာ…လာ…မောင်ခင်မောင်ချို၊ ဧည့်ခန်းကို လာခဲ့ပါ'

ခင်မောင်ချိုသည် လူကြီး၏နောက်က လိုက်ခဲ့သည်။ ဧည့်ခန်းတွင် သုံးယောက်ထိုင်မိမှ ခင်မောင်ချိုက စတင်ပြောပါသည်။

'မခင်လပြည့်ရဲ့ ပစ္စည်းတွေ စစ်ကြည့်ပါဦး'

ခင်လပြည့်ကလည်း အိတ်ကိုယူပြီး အမြန်စစ်ဆေးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးတင်လိုက်တာရှင်။ ပစ္စည်းအားလုံး ပြည့်စုံပါတယ်'

'ဟုတ်ကဲ့၊ အခုမှ စိတ်အေးရပါတယ်။ ဘာပစ္စည်းမှ ယူမထားပေမယ့် ပစ္စည်းစစ်နေတုန်းက ရင်ထိတ်နေရတယ်။ တစ်ခုခုများ လျော့နေရင် ဒုက္ခပဲလို့'

'မဟုတ်တာဘဲ မောင်ရင်ရယ်၊ အခုလို ပစ္စည်းတွေ လာပေးတဲ့လူက မဟုတ်တာ လုပ်ပါ့မလား။ မောင်ရင်ရဲ့ ရိုးသားမှုကို အသိအမှတ်ပြုပြီးသားပါ။ ကဲ··သမီး၊ မောင်ခင်မောင်ချိုကို နေ့လယ်စာ ကျွေးပြီးမှ ပြန်ပါစေကွယ်။ ကျုပ် ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားလို့ ဖုန်းဆက်ပြီး ပြန်ရုပ်သိမ်းလိုက်ဦးမယ်'

ထိုနေ့က သူကြီး ဦးသူတော်၊ သမီးခင်လပြည့်တို့နှင့် ရင်းနှီးခွင့်ရခဲ့သည်။ နေ့လယ်စာစားပြီး ရင်းနှီးမှုကြောင့် ခင်လပြည့်က တောင်းဆိုမှုပြုပါသည်။

'ကိုခင်မောင်ချို တက္ကစီမောင်းတာ တစ်နေ့ တစ်သောင်းလောက် ရတယ်ဆိုတော့ မနက်ဖြန်ကစပြီး အိမ်ကကားကို မောင်းပေးပါလား။ တစ်နေ့ နှစ်သောင်းပေးပါ့မယ်။ ရိုးသားတဲ့ ဒရိုင်ဘာရှာနေတာ ကြာပြီ။ ဒီအိမ်မှာ အထွေအထူးသွားစရာ မရှိပါဘူး။ တစ်ခါတစ်ရံ နှစ်နာရီလောက်ပဲ သွားစရာရှိပါတယ်။ လစာနည်းရင်လည်း တိုးပေးပါ့မယ်'

ထိုနေ့မှစ၍ ခင်မောင်ချိုသည် ခင်လပြည့်၏ ဒရိုင်ဘာ ဖြစ်ခဲ့သည်။ နေ့တိုင်း ခင်လပြည့်အား သူသွားချင်ရာ လိုက်ပို့ပေးရသည်။ အတူစား အတူသွားရင်း သုံးလအကြာတွင် ချစ်သူဖြစ်သွားကြသည်။ ချစ်သူဘဝ ပျော်မဆုံးဖြစ်နေချိန် ဝမ်းနည်းစရာ ကိစ္စနှစ်ရပ် ကြုံရသည်။ ခင်မောင်ချို၏ဖခင် ကွယ်လွန်ခြင်းနှင့် မြတ်ကောင်းထောင်ကျသွားခြင်းဖြစ်သည်။ မြတ်ကောင်းသည် ခြံလုပ်ငန်းရှင်ချင်း စကားများ ရန်ဖြစ်ရာမှ အုပ်စုလိုက် ရန်ဖြစ်ပြီး လူသေမှုနှင့် ထောင်ငါးနှစ်ကျသွားကြောင်း မြတ်သောင်းထံမှ စာရောက်လာသည်။

ခင်မောင်ချိုမှ ခင်လပြည့်အိမ်တွင် အမြဲရှိနေသဖြင့် အိမ်သားတစ်ဦးပမာ နေသားကျလျက်ရှိပါသည်။

တစ်နေ့ ဦးသူတော်နှင့် အိမ်တွင် နှစ်ယောက်တည်း ရှိခိုက် ဦးသူတော်က စကားစတင်ပါသည်။

'ဦး ပွင့်ပွင့်လင်းလင်း ပြောချင်တယ်။ မောင်ချိုနဲ့ ဦးရဲ့သမီးတို့ မေတ္တာမျှနေကြတာ ဦး သိပါတယ်။ ဦးအနေနဲ့ ဘာမှပြောစရာမရှိပါဘူး။ ဦးပြောချင်တာက ဦးရဲ့ကျန်းမာရေးဟာ ယိုင်နေပြီ။ မောင်ချိုနဲ့ သမီးရဲ့ မင်္ဂလာပွဲကို မြန်မြန်စီစဉ်ချင်တယ်။ သမီးအတွက် အရင်က ဦး ရင်လေးနေရပေမယ့် အခု မောင်ချို့လက်ကို အပ်ချင်နေပြီကွယ်'

ဦးသူတော်၏ဆန္ဒအရ ခင်မောင်ချိုတို့ လက်ထပ်ပွဲကို ဟိုတယ်ကြီးတစ်ခုတွင် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါသည်။ လက်ထပ်ပြီး တစ်လအကြာတွင် ဦးသူတော် ကွယ်လွန်ခဲ့သဖြင့် ခင်မောင်ချို သူဌေးကြီးဖြစ်ခွင့်ရခဲ့တော့သည်။ ယခုအချိန်အထိ သူ့ဘဝ၏ ဖြတ်သန်းမှုများကို သုံးသပ်ကြည့်ပါက ဗေဒင်ဆရာကြီး၏ ဟောပြောချက်များ တိကျမှန်ကန်နေပါသည်။ ယခုမှ ဗေဒင်ဆရာကြီး၏ ပညာကို ဦးခိုက်မိပါတော့သည်။ ဆရာကြီး၏ ဟောကွက်သာ ဆက်လက်မှန်မည်ဆိုပါက မြတ်ကောင်း ထောင်က လွတ်လျှင် ဇနီးကွယ်လွန်ပြီး မိမိဒုက္ခရောက်ရတော့မည်။ စိုးရိမ်စရာကောင်းသည်မှာ ဗေဒင်က ဤမျှမှန်ကန်နေပါက ဒုက္ခရောက်ပြီး ကွယ်လွန်ရချိန် နီးကပ်လာပြီ ဖြစ်သည်။

ခင်မောင်ချိုက သူတစ်ယောက်တည်း ကြိတ်၍ စိတ်ပူနေရသကဲ့သို့ ခင်လပြည့်မှာလည်း ဒုက္ခရောက်နေခဲ့သည်။ ခင်လပြည့်၏ ဒုက္ခရောက်နေမှုကို ခင်မောင်ချို တစ်စ,တစ်စ သိလာရသည်။

ခင်လပြည့်က သူသွားချင်သည့် အပေါင်းအသင်း အိမ်သို့ နေ့စဉ် ပို့ပေးနေရသော်လည်း အကြောင်းရင်း သိခွင့်မရပါ။ ယခုသိရှိသောအခါ နှောင်းနေပြီဖြစ်ကြောင်း သတိထားမိပါတော့သည်။ ခင်လပြည့်သည် အပေါင်း အသင်းများနှင့် ဖဲကစားခြင်း ဖြစ်သည်။ ခင်လပြည့် ကစားခြင်းမှာလည်း သူ့တစ်သက်တာတွင် မကြားဖူးသော ကြေးများ ဖြစ်ပါသည်။ အလောင်းအစားဟူသည် ကောင်းသည့်အခါ အနိုင်ရ၍ ကံမလိုက်သည့်အခါ ပေါ်တင်မြဲဖြစ်သည်။ ခင်လပြည့်မှာ ကံဆိုးသော ကြုံနေပုံဖြစ်သည်။ နေ့စဉ် အရှုံးများလာသောအခါ မပျော် စားမဝင်တော့ဘဲ ရောဂါဝင်လာပြီး စိတ် နေချိန်ဖြစ်သည်။ သူ့ဘဝကို ခင်မောင်ချို မ ဖုံးကွယ်ထားရသဖြင့် ပို၍ပင်ပန်းနေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ချိုကလည်း ခင်လပြည့်၏ဘဝကို အားလုံး သိထားပြီးဖြစ်ကြောင်း အားပေးရသည်။

'ခင်ရယ်‥ဒါလောက် စိတ်ဓာတ်မပျက်ပါနဲ့။ ကြာရင် ခင့်ကျန်းမာရေးထိခိုက်နေပါ့မယ်။ ငွေမျှောရင် ငွေနဲ့လိုက် ဆိုတဲ့စကား အရှိသားပဲ။ ခင့်အတွက် ကိုချို ငွေရှာပေးနိုင်ပါတယ်'

'ခင် ခံစားနေတာကို ကိုချို သိနေတယ်နော်။ ကိုချို သတိပေးတုန်းက ခင် ရပ်နိုင်ခဲ့ရင် ကောင်းမှာနော်။ အခုမှ နောင်တ,ရလို့ ဘာအကျိုးရှိတော့မှာလဲ။ အခုတော့ ခင်တို့ ဘဝပျက်ရတော့မယ်။ ခင်ရှုံးခဲ့တာ ငွေတင်မကဘူး ကိုချို၊ ကို ပြောသလို ငွေမျှောကို ငွေနဲ့လိုက်ရင်း မကြာခင် ဒီတိုက်ပေါ်က ဆင်းပေးရတော့မယ်'

'တိုက်နဲ့ခြံ မရှိပေမယ့် မပူပါနဲ့ ခင်ရယ်။ ကိုချို ကားမောင်းပြီး ကျွေးပါ့မယ်'

ခင်လပြည့်မှာ ကိုချို၏ရင်တွင် မျက်နှာအပ်၍ တသိမ့်သိမ့်ရှိုက်နေတော့သည်။ နောက်ဆုံး တိုက်နှင့်ခြံကို ဆုံးရှုံးခဲ့ရသည်။ မြို့ပြင်တစ်နေရာတွင် တိုက်ခန်းငှားနေခဲ့ပြီး ခင်မောင်ချိုက တက္ကစီမောင်းခဲ့ရသည်။ ငွေကြေးဆုံးရှုံးသည်က အကြောင်းမဟုတ်သော်လည်း ခင်လပြည့်မှာ ကျန်းမာရေးပြန်ကောင်းမလာတော့ပါ။ အထူးကုဆရာများနှင့် ပြသသော်လည်း အိပ်ရာထဲက မထနိုင်တော့ဘဲ နောက်ဆုံး လောကကြီးကို ကျောခိုင်းသွားခဲ့ရသည်။ ခင်လပြည့် ကွယ်လွန်ချိန်မှာ လက်ထပ်ပြီး သုံးနှစ်ကာလ အတိအကျ ဖြစ်နေသည်ကို တွေ့ရသည်။

ခင်မောင်ချိုမှာ တက္ကစီမောင်းရင်း ဖြတ်သန်းခဲ့ရသော ဘဝကို ပြန်လည်ဖြေသိမ့်နေရသည်။ တစ်နေ့ မမျှော်လင့်ဘဲ မြတ်သောင်းထံက စာရသည်။ မြတ်ကောင်းထောင်က လွတ်လာသော်လည်း တစ်စုံတစ်ရာကို ထိတ်လန့်နေပုံရကြောင်း၊ သူ့ စိတ်ကို မထိန်းနိုင်၍ ရဟန်းဘောင်သို့ ဝင်သွားပြီဖြစ်ကြောင်း စာတွင် ဖတ်လိုက်ရသည်။

မြတ်ကောင်း ရဟန်းဘဝနှင့် တရားရပါစေ၊ အသက်ရှည်ပါစေဟု နေ့စဉ်ဆုတောင်းနေခဲ့ရသည်။ မြတ်ကောင်း အသက်ရှည်မှုဖြစ်မည်။ ခင်မောင်ချိုသည် မြတ်ကောင်း ဖြစ်သကဲ့သို့ ဖြစ်လာသည်။ မတ်လသို့ ရောက်သည်နှင့် အသက်ရှင်ရန် ရက်သိပ်မကျန်တော့ကြောင်း သိလာရ



သဖြင့် စိတ်ချောက်ချားလျက်ရှိပါသည်။

မိတ်ဆွေတစ်ဦးက သင်္ကြန်ရက်တွင် တရားစခန်းဝင်ရန် ဖိတ်ခေါ်သဖြင့် ပဲခူး ဆယ်မိုင်ကုန်းတွင် စခန်းဝင်ခဲ့သည်။ စိတ်မငြိမ်သဖြင့် တရားမရခဲ့ပါ။ တရားစခန်းပြီး၍ အိမ်သို့ ပြန်ရောက်သည့်နေ့တွင် မြတ်ကောင်း၏ နာရေးကို သတင်းစာတွင် ဖတ်လိုက်ရသည်။ အိမ်တွင် မနေဝံ့တော့သဖြင့် အင်းလျားမြိုင်တရားရိပ်သာသို့ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ခင်မောင်ချို၏ ပြောပြချက်မှာ ဤမျှသာ ဖြစ်ပါသည်။ သူ့အကြောင်း ကြားရ၍ စိတ်မကောင်းဖြစ်ရပြီး သူ့ကို အားပေးခဲ့ရပါသည်။ နောက်လတွင် တရားရိပ်သာသို့ ပြန်လာရန် အကြိမ်ကြိမ်မှာကြားလိုက်ရပါသည်။ သူ့ကို နောက်တစ်ကြိမ်ပြန်လည်တွေ့ချင်ပါသေးသည်။ သို့သော် ကျွန်တော်၏ဆန္ဒ မပြည့်ဝတော့ပါ။ သူ ပြန်လာနိုင်ခြင်း မရှိတော့ပါ။ နောင်လည်း သူ့ကိုတွေ့ရန် မဖြစ်နိုင်တော့ပါ။

ဧပြီလ (၃၀)ရက်နေ့ထုတ် သတင်းစာတွင် ခင်မောင်ချို၏ နာရေးကြော်ငြာကို နောက်ဆုံးတွေ့လိုက်မိပါသည်။

**ကောင်းသော်**

www.burmeseclassic.com

www.burmeseclassic.com



# သူရဲကောင်းနှင့် ဝိညာဉ်တစ္ဆေ

(တစ်)

သက္ကရာဇ်(၇၈၂) ဟံသာဝတီရွှေနန်းရှင် ရာဇာဓိရာဇ်သည် မော်ရာတောတောတွင် တောကစားစဉ် တောဆင်ရိုင်းအုပ်နှင့် တိုးရာမှ အစွယ်ကောက်သော တောဆင်ပေါက် တစ်ကောင်ကို လွှန်ကျော့၍ ပစ်တော်မူရာ ဆင်၏ခြေတွင် ကျော့ကွင်းစွပ်မိ၍ ဆင်ပေါက်က တစ်အားရုန်းကာ ထွက်ပြေးစဉ် လွန်ကြိုးကို လက်ဖြင့် တုန့်ဆွဲလျက် ဆင်ထက်ကကျပြီး ပေါင်သားထက်တွင် လွန်ခြ

ရှနာရာမှရသော ဒဏ်ရာဖြင့် ကံတော်ကုန်လေရာ ဟံ

ဝတီ ထီးနန်းအား သားတော်ကြီး ဗညားကျန်းက သ

မွေ့ရာဇာဓိရာဇ်ဘွဲ့ကို ခံယူပြီး စိုးစံစဉ်ကာလ ဖြ

ဆောင်းအကုန် နွေအကူးပေမို့ မြူခိုးလိုလို နှင်

တို့သည် ရွာတွေဆီမှ ထွက်ပေါ်လာသော ထင်းမီး

နှင့် ရောယှက်ကာ စိမ်းညို့နေသည့် ရွာစဉ်တန်

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပေါ် မှိုင်းညို့ရစ်သိုင်းလို့နေလေ၏။

မြေနီလမ်းမကြီး၏ ဝဲယာနှစ်ဖက်ရှိ ယာခင်းပြင်တစ်ကြောတွင် ရိတ်သိမ်းပြီးစ ရိုးပြတ်များ လုံးကာ,လုံးကာ စုပုံထားသည့် ပဲကတ္တီပါ၊ ပဲထောပတ် စသည့်နှယ်ပဲပင်ခြောက်တခြောက်များကို တလင်းဆီ ရွှေ့ပြောင်းဖို့ တချို့နှားလှည်း၊ ဘုံတောင်များပေါ် ဝါးထောက်ခွများဖြင့် တပုံတပင် တင်နေကြဆဲ။ တစ်ချက်,တစ်ချက် တဟဲ့ဟဲ့ငေါက်လိုက် နှင်တံကိုမြှောက်လိုက်၊ ခါးကြားက ပလွေတိုကိုပြန်ကာတစ်လှည့် သီကျူးလိုက်နှင့် ရေကြည်ရာမြက်နုရာတို့တွင် တစ်နေ့တာ လှန်ပြီး ကျောင်းပြီး၍ ရွာဆီသို့ပြန်လာနေကြသော ကိုရွှေအမောင်တို့နှင့် ကျွဲအုပ်၊ နွားအုပ်များအပေါ် နေဝန်းနီနီက ဖျော့တော့သောအလင်းကိုဆောင်၍ အလယ်ရိုးမကိုမေးတင်ကာ နှုတ်ဆက်ကာလှုပြုလို့နေသည်။

www.burmeseclassic.com

ထိုထိုဤဤ ပန်းချီကားတမျှ ပတ်ဝန်းကျင်အလှ တရားတို့ကို တရိပ်ရိပ်ဖြတ်သန်းလျက် မြင်းနီမန်ကျည်းစေ့ ကိုစီးကာ ခရီးနှင်နေသူတစ်ဦးကား ဟံသာဝတီ၏ သူရဲ ကောင်းတစ်ဦးဖြစ်သူ သမိန်ဗရမ်းပါတည်း။ နေ့စဉ်နံနက် မိုးသောက်သည်နှင့် သူစားရသည့် ဒုန်းဝန်းမှ ဟံသာဝတီ ရွှေမြို့တော်ကြီးရှိ ရွှေနန်းရှင်ထံပါး လာရောက်အခစား ဝင်ရပြီး ယခုလို ညနေချမ်းအချိန်မှသာ မိသားစုရှိရာ ဒုန်ဝန်းသို့ပြန်ရကာ တာဝန်ထမ်းရသည်က သမိန်ဗရမ်း၏ နေ့စဉ်ပြုရသည့် ဝန်တာပင်။

သူသည် သွေးသောက်မြင်းနီ မန်ကျည်းစေ့ကြီးကို ကြော့ကြော့လေးနှင်နေရာမှ ယမန်နေ့ ညချမ်းက ဇာတာ တော် မသန့်၍ သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိ ဖြင့် ဆင်ခြင်သင့်ကြောင်း ပညာရှင်တို့ သတိပေးပြော စကားကို ပြန်လည်ကြားယောင်လာမိ၏။ သည်ခရီးတာ အတွင်းမှာတော့ သူ့ကို ရန်ဘက်ပြု အနိုင်ယူနိုင်သူ မရှိ နိုင်ရာ။ သတိဆိုသည်ကလည်း ပိုသည်မရှိ။ ညဉ့်ဦးယံသို့ ရောက်သွားက အမှောင်ထုတွင် မထင်မှတ်သော အဖျက် အမှောင့်များလည်း ဖြစ်လာနိုင်ပေသည်မို့ မြင်းနီမန်ကျည်း စေ့၏ ဇက်ကြိုးကို ခပ်ဆတ်ဆတ်လေး တစ်ချက်တင်း လိုက်သည်တွင် တရိပ်ရိပ်နှင့် သခင့်အလိုကျ ခပ်သွက် သွက်လေး ကဆုန်စိုင်းလေတော့၏။ သမိန်ဗရမ်း၏ စိတ် အစဉ်တို့ကား ကောင်းကင်ပြာထက်မှ တိမ်တောင်ဖြူလွှ လွှများနှယ် ဟိုမှသည်မှ လေနှင်ရာပျံ့လွင့်လို့နေလေ၏။

**(နှစ်)**

သက္ကရာဇ်(၇၇၃)။

သိန္နီစော်ဘွားသည် အင်းဝအရှင်ဘုရင်မင်းခေါင်ကို ပုန်စားသဖြင့် သားတော် မင်းရဲကျော်စွာ ဦးစီးပြီး ပုန်စား သူများကို နှိမ်နင်းရန် သိန္နီသို့ စစ်ချီသွားနေစဉ် ဟံသာဝတီ ဘုရင် ရာဇာဓိရာဇ်သည် ပဲခူးမှပြည်သို့ စစ်ချီ၍ လုပ်ကြံ တော်မူလေသည်။ ပြည်မြို့အား တစ်လခွဲခန့် ဝန်းရံထား သော်လည်း ပြည်မြို့အတွင်းသို့ မဝင်နိုင်ဖြစ်နေ၏။ ထိုစဉ် ကာလတွင် မုတ္တမကို ယိုးဒယားနှင့် ရှမ်းတို့ လာရောက် ထိပါးတိုက်ခိုက်ကြပြန်သည်ဖြစ်ရာ ဘုရင်ရာဇာဓိရာဇ် သည် သားတော် ဗညားပုသိမ်အား ဗိုလ်မင်းအရာခန့်၊ သမိန်အဲဗြရဲကို စစ်ကဲကြီးအရာထား၊ သမိန်သံကြယ်၊ ဥပါကောင်း၊ သံလှစ်၊ သမိန်လောက်နရဲ၊ သမိန်လောက် နရိန်၊ သမိန်လောက်ပင်၊ သမိန်စက်ရတ်၊ သမိန်ဥဒိန်၊ ဆင်နှစ်ရာ၊ မြင်းလေးရာ၊ ဗိုလ်ငါးသောင်းတို့နှင့် ပြည်မြို့ ကို ဆက်လက်ဝိုင်းရံ လုပ်ကြံရန် ထားခဲ့ရပြီး မုတ္တမသို့ စစ်လမ်းကြောင်း ပြောင်းရလေ၏။

ရာဇာဓိရာဇ်ဘုရင် မုတ္တမတွင် ထိပါးလာသော ရန် သူများကို နှိမ်နင်းအောင်မြင်တော်မူပြီး၍ ဟံသာဝတီမင်း နေပြည်တော်သို့ ပြန်တော်မူခဲ့ရာ ပဲခူးအရောက် ပြည်မြို့ ကို ဝိုင်းရံထားရစ်ခဲ့သော သားတော် ဗညားပုသိမ် ရိက္ခာ ပြတ်၍ ငတ်မွတ်နေကြောင်း ကြားသိရလျှင် စစ်ကြောင်း ကို ပြည်သို့ ပြန်လှည့်စေကာ မည်တစ်လုံးဆိပ်အရောက် ချီတော်မူ၏။

ထိုစစ်အတွင်း၌ ရာဇာဓိရာဇ်၏ လက်ဝဲရံသူရဲကောင်း တစ်ဆူသဖွယ်ဖြစ်သော သမိန်ဗြဗ္ဗသည် နာမကျန်းဖြစ်ကာ လွန်တော်မူခဲ့ပြီး လက်ယာရံသူရဲကောင်းသဖွယ်ဖြစ်သော လဂွန်းအိမ်သည်လည်း သိန္နီမှ အင်းဝသို့ ပြန်လည်ရောက် ရှိ၍ ပြည်မြို့ကို ဟံသာဝတီသားတို့ လုပ်ကြံရန် ဝိုင်းရံ ထားသည် ကြားသဖြင့် ချီလာသော မင်းရဲကျော်စွာတပ် မှ လှေတော်သားတို့နှင့် လှေတစ်စင်းချင်း စီးချင်းထိုး ရန် သဘောတူညီမှုဖြင့် ယှဉ်ပြိုင်ရာမှ အင်းဝဘက်က အကောက်ကြံ၍ လှေတော်လေးစင်းဖြင့် ဝိုင်းဝန်းလုပ်ကြံ သဖြင့် ကျဆုံးရပြန်လေသော် စစ်ရေးစစ်ရာတွင် တစ်ဖက် က အင်အား လျော့နည်းလာသည်က တစ်ကြောင်း၊ ဇာ တာတော်မသန့်၍ တပ်ဆုတ်သင့်ကြောင်း မှူးကြီးမတ်ရာ တို့ တွက်ချက်တင်ပြ လျှောက်ထားလာသည်တို့လည်း ရှိ၍ တစ်ကြောင်း ကြည်းကြောင်းမှ တပ်ပြန် နုတ်လေ ဥပါယ်ပြုကာ ရေကြောင်းမှ စုန်ဆင်းပြီး ဟံသာဝတီသို့ ဆုတ်ခွာလေသည်။

ထိုသို့ တပ်နုတ်ဆုတ်ခွာစဉ် ကြည်းကြောင်း သားတော်ကြီး ဗညားကျန်းကို ဗိုလ်မင်းခန့်၊ သားတော် ရာဇာဒနုကို ရှေ့ပြေးတပ်မင်းခန့်၊ သမိန်ဗရမ်းကို နောက် ခံတပ်မင်းခန့်၍ ညဉ့်သုံးချက်တီးတွင် တပ်ကို မီးသင့် တိုက်ပြီး ဟံသာဝတီသို့ ကြည်းကြောင်းမှ ဆုတ်ခွာ ဟန်ပြုခဲ့ရာ မြန်မာတို့က ကြဉ်းတပ်ကို အပိုင်တိုက် မလွဲဖြစ်၍ အချင်းချင်းကူညီပြီး သူတို့တပ်ကွဲအောင် ကြမည်ဟု တပ်မင်းသုံးယောက်တို့ စိတ်တူညီစွာ ကာ ကြံ့ကြံ့ခံတိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုတိုက်ပွဲကား ပြင်းထန်လှ၏။ သမိန်ဗရမ်းသည် ဆင်ဖြူတော်ဆဒ္ဒန်ကိုစီးလျက် အင်းဝဆင်စီးသူရဲများကို လိုက်လံထိုးခုတ်တိုက်ခိုက်လေသည်။ သို့စဉ် ဆင်ဖြူတော်သည် တွင်းနက်တစ်ခုအတွင်းကျကာ တွင်းနက်မှ အထက်သို့ မတက်နိုင်တော့ဘဲ သမိန်ဗရမ်းလည်း မင်းရဲကျော်စွာ၏ ဖမ်းဆီးခြင်းကို ခံရလေတော့သည်။ သူရဲကောင်းမြတ်နိုးသော အင်းဝဘုရင်မင်းခေါင်လည်း သမိန်ဗရမ်းအား သစ္စာခံစေ၍ သူကောင်းပြုရန် အကြံဖြင့် မသတ်မူဘဲ အင်းဝအချုပ်တွင် သံခြေကျင်းဖြင့် ထားလေ၏။

သမိန်ဗရမ်း အင်းဝအချုပ်တွင် ကျခံနေရစဉ်ကာလတွင် စိန့်ပြည့်ရှင်ဇကရာဇ်မင်းသည် ကြည်းတပ်အင်အားကြီးမားစွာဖြင့် ရတနာပူရအဝသို့ စစ်ချီတော်မူလာ၏။ စိန့်ပြည့်ရှင်မင်း၏ စစ်တပ်ကြီးသည် စည်မောင်းသံ တည်ညံဖြင့် ဒလဟောချီလာရာ အင်းဝနှင့် နီးလတ်သော် တပ်စခန်းချ၍ နေတော်မူ၏။ ထို့နောက် အင်းဝဘုရင်ထံ ၎င်း၏သူရဲကောင်း ဗိုလ်ဂါမဏိနှင့် သူရဲကောင်းချင်း စီးချင်းစစ်ထိုးသည်ကို မျက်မှောက်ပြုလျက် ရှုစားလိုကြောင်း၊ အင်းဝဘက်မှ မြင်းစီးသူရဲကောင်း ရှုံးခဲ့လျှင် အင်းဝကို ကြည်သာစွာဖြင့် ၎င်းလက်သို့အပ်ရန်၊ အကယ်၍ စိန့်သူရဲကောင်း ဗိုလ်ဂါမဏိ ရှုံးခဲ့ချေသော် စိန့်ပြည်သို့ ဆုတ်ပြန်မည့်အကြောင်း၊ ရာဇသံစာနှင့် လက်ဆောင်ပဏ္ဏာများကို အင်းဝအရှင်ဘုရင်မင်းခေါင်ထံ ပေးပို့လာခြင်းသည် သမိန်ဗရမ်းအတွက် စိန့်သူရဲကောင်း ဗိုလ်ဂါမဏိနှင့် စစ်ထိုးရန် အကြောင်းဖန်လာခဲ့ခြင်းပါတည်း။

သမိန်ဗရမ်း စဉ်းစားသည်မှာ ငါသည် ထောင်တွင်း၌ ကြာမြင့်စွာ ဒုက္ခခံနေခဲ့ရသည်။ ဆင်စီး၍လည်းကောင်း၊ မြင်းစီး၍လည်းကောင်း ခြေလက်ကို မဆန့်တန်းရသည်မှာ ကြာလှပြီဖြစ်၍ ငါပူပန်ပါ၏။ စိန့်သူရဲကောင်း ဗိုလ်ဂါမဏိကို အနည်းငယ်မျှ ငါမကြောက်။ သူ့ကို အနိုင်ယူဖို့ မည်သို့မျှ မခက်ခဲ။ သည်တာဝန်ကို ငါယူခဲ့သော် အရှင်နှစ်ပါးတို့၏အမှုကို ငါ့ပခုံးနှစ်ဖက်ဖြင့် ထမ်းသလိုဖြစ်တော့မည်။ သည်ကဲ့သို့ပြုဖို့ မသင့်တင့်ပါတကားဟူ၍ ဖြစ်၏။

ထိုပြင်တစ်ဝ အင်းဝမြို့သည် ပဲခူးမြို့သို့ချီရန် လမ်းစဖြစ်၍ အင်းဝသည် ဟံသာဝတီ၏ မုခ်ဝနှင့်လည်း တူ၏။ ယခု စိန့်ပြည့်ရှင် ဇကရာဇ်မင်းသည် သူရဲကောင်းချင်း မြင်းစီး၍ စစ်ထိုးသည်ကို ရှုစားလိုသောဆန္ဒဖြင့် စစ်ချီလာခြင်းဖြစ်သည်။ ဂါမဏိကို ခံဝံ့သူ အင်းဝတွင် မရှိပါက သူ့ဆန္ဒ ပြည့်ဝမည်မဟုတ်။ အင်းဝကို ရပြီးသော် ဟံသာဝတီကို ဆက်လက်ချီတက်ပေဦးမည်။ ငါ့မှာလည်း ထောင်တွင်း၌ ကြာမြင့်စွာ နေခဲ့ရပြီ။ သည်စစ်ကို ငါတာဝန်ယူထိုက်မှ တော်တော့မည်။ စိန့်ပြည်၏ စစ်ကို ဟံသာဝတီသို့ မစုန်စေတော့ပြီဟုလည်း စိတ်တွင် စဉ်းစားဆင်ခြင်ပြီး စိန့်ပြည့်ရှင်၏ သူရဲကောင်း ဗိုလ်ဂါမဏိအား စီးချင်းထိုးတိုက်ရန် ဆုံးဖြတ်လိုက်ကာ အင်းဝဘုရင်ထံမှ ၎င်းစိတ်ကြိုက် မြင်းကောင်းတစ်စီး ရှာပေးပါရန် တောင်းခံလေသည်။

အင်းဝဘုရင်မင်းခေါင်လည်း သမိန်ဗရမ်းစိတ်ကြိုက် မြင်းကောင်း တစ်စီးကို မရ,ရအောင် ရှာဖွေစေ၍ ပေးအပ်သည်တွင် သမိန်ဗရမ်းသည် ၎င်းစိတ်ကြိုက်မြင်းကို ရသည်နှင့် မြင်းနှင့်ရင်းနှီးရန် စစ်ထိုးတတ်ရန် မြင်းအား လေ့ကျင့်ခွင့်တောင်း၍ မြင်းကို ဒုန်းစိုင်းနှင်ကာ မြို့ပြင်သို့ထွက်ပြီး စိတ်တိုင်းကျ လေ့ကျင့်လေ၏။ နေစောင်း၍ သုံးချက်တီးအချိန်တွင် မြင်းကို အလှစီးလျက် မြို့တွင်းသို့ ပြန်ဝင်လာခဲ့ပြီး ရွှေနန်းသခင်ထံ ဝင်ရောက်ရှိခိုးလျက် "ကျွန်ုပ်စိတ်တိုင်းကျ မြင်းကို လေ့ကျင့်ပြီးပါပြီ။ ဂါမဏိဦးခေါင်းသည် ကျွန်ုပ်၏လက်က မလွတ်တော့ပြီ။ ရွှေနန်းသခင်ထံ အရဆက်သပါမည်။ သို့ဖြစ်၍ သံခြင်းတစ်ခုကို ကျွန်ုပ်လိုပါသည်။ ဂါမဏိခေါင်းကိုဖြတ်ပြီး မြေသို့မကျမီ ချွန်းဖြင့်ချိတ်၍ သံခြင်း၌ထည့်ကာ ရွှေနန်းသခင်အား ဆက်သပါမည်"ဟု လျှောက်ထားလေ၏။



www.burmeseclassic.com

ဘုရင်မင်းခေါင်လည်း အဆင်တန်ဆာများနှင့် သမိန်ဗရမ်းစိတ်တိုင်းကျ စစ်ထိုးရန်ပစ္စည်းများကို ပေးအပ်စေပြီးနောက် စိန့်ဇေကရာဇ်ထံ ရာဇသံစာနှင့် လက်ဆောင်ပဏ္ဏာများဖြင့် စစ်ထိုးမည့်အချိန်ကာလ ချိန်းချက်ပြုတော်မူလေ၏။

ထို့နောက် အင်းဝမြို့ မုခ်ဝအရှေ့ဘက် ကျုံးနားတွင် အနံ့ဆယ်ဇေကမျှ ကျယ်ပြန့်သော စစ်ကွင်းကို စီစဉ်ပြင်ဆင်စေ၏။ စစ်ကွင်း၏ တစ်ဖက်စီတွင် သာလာယံဇရပ်များကို ဆောက်လုပ်၍ အသီးသီး မွမ်းမံကြလေသည်။

စီးချင်းထိုးမည့်နေ့ ရောက်လေသော် စိနဘုရင်နှင့် ဘုရင်မင်းခေါင်တို့သည် ဆိုင်ရာဇရပ်များထက်တွင် တစ်ဖက်စီ တစ်ဖက်စီမှ ထွက်တော်မူကြပြီး မှူးမတ်၊ သေနာပတိ၊ ဗိုလ်ပါ သူရဲသူခက်များလည်း တစ်ဖက်တစ်ချက်စီတွင် အသီးသီးနေရာယူကြလေသည်။

အချိန်စေ့ရောက်သော် ရွှေဖြင့်ပြီးသော ချပ်ဝတ်တန်ဆာကိုဝတ်၊ ရွှေခါးစည်းစီးကြိုးကိုချည်၊ မြင်းစီးချင်းတိုက်ရာ၌ သုံးရသည့် လက်နက်များကိုလွယ်လျက် စိန့်သူရဲကောင်း ဗိုလ်ဂါမဏိသည် မြင်းထက်သို့တင်ကာ စစ်ပွဲရှုမည့် ပရိသတ်ထု၏ အလယ်ဗဟိုသို့ ထွက်လို့လာလေသော် မိန်ညိုအင်္ကျီကိုသာဝတ်၊ ရွှေစလွယ်ကိုသိုင်း၊ ရွှေဖြင့်မွမ်းမံထားသော ခေါင်းပေါင်းအနီကိုပေါင်း ရွှေဆွဲကြိုး၊ ရွှေလက်ကြပ်၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်များနှင့် လက်သန်းတွင် နဝရတ်ကိုးပါးလက်စွပ်တစ်ခြည်ကိုဝတ်ဆင်ကာ သမိန်ဗရမ်းလည်း ဓားရှည်ကိုလွယ်ပြီး မြင်းထက်သို့တက်၍ မင်းပရိသတ်တို့၏ အလယ်ဗဟိုသို့ မြင်းကို ကလျက် ထွက်လေ၏။

သူရဲကောင်းနှစ်ဦးတို့ ဆုံမိကြသည်တွင် ဂါမဏိသည် ချပ်ဝတ်တန်ဆာကို အပြည့်ဝတ်ထားသည်။ လျှင်မြန်ပေ့ပါးသည်။ မြင်းနှစ်စီးမှာလည်း အင်အားတူမျှသည်။ ထိုးခုတ်ဖို့ နေရာကိုရှာရန် သူ့အား ပရိယာယ်ပြု၍ က,စေမှ တော်မည်။ မြင်းတို့မည်သည် ကခုန်ရသဖြင့် အင်အားလျော့လာချေမည်။ သို့မှသာ အနိုင်ယူ ထိုးခုတ်ဖို့ လွယ်ကူမည်ဟု သမိန်ဗရမ်း စဉ်းစားဆင်ခြင်ကာ-

'ငါတို့နှစ်ဦးသည် အခြားသော သူရဲကောင်းများထက် ဂုဏ်ထူးဝိသေသနှင့် ပြည့်ဝသော သူရဲကောင်းများဖြစ်ကြသည်။ ယခု ငါတို့နှစ်ဦးသည် အဝသာန်(အဆုံး)ကာလအဖြစ် သေရေးရှင်ရေးအတွက် စစ်ထိုးကြခြင်းဖြစ်လေသည်။ ငါတို့၏ ကျော်ကြားမည့်အမည်ကို ရာဇဝင် တွင်ရစ်အောင် အဆုံးကာလရောက်သည်အထိ တည်ရှိစေလိုသည်။ ယခု ငါတို့သည် အနိုင် အရှုံးကို တစ်ခါတည်း ဆုံးဖြတ်ရန် တိုက်ခိုက်လိုက်ပါက စစ်ထိုးသည့်ပုံပန်းသဏ္ဌာန် ဟန်အမူအရာအားလုံးကို ပရိသတ်များ မြင်ရမည်မဟုတ်။ ငါတို့သည် တစ်ဦးကိုတစ်ဦး အန္တရာယ်မပြုကြနှင့်ဦး။ အဆွေတော်သည် မြင်းထက်တွင် လက်နက်ကိုင်၍ သီချင်းသီဆိုလျက် ကဟန်ရှိသမျှ ကပြပါ။ အဆွေတော် ကပြသလို ငါလိုက်၍ ကမည်။ နောက်တစ်ဖန် ကဟန်အမျိုးမျိုးဖြင့် ငါ ကပြမည်။ ငါကသလို တစ်ဖန် တူအောင် အဆွေတော် လိုက်ကစေလိုသည်။ မင်းဇေကရာဇ် နှစ်ပါးနှင့် မှူးမတ်၊ သေနာပတိ၊ ဗိုလ်ပါများအား ပြသရန်ဖြစ်သည်။ ငါတို့သူရဲ ကောင်းနှစ်ဦးသည် ကဟန်ရှိသမျှ ကုန်စင်အောင်ကပြပြီးသော် အနားယူလိုက အနားယူကြမည်။ ထိုအခါကျမှ အနိုင်အရှုံးကို ယူရန် အစွမ်းကုန် တိုက်ခိုက်ထိုးခုတ်ကြစေလိုသည်၊ အဆွေတော် သဘောတူလျှင် သည်အကြောင်းကို နှစ်ဦးနှစ်ဖက်သော မင်းဇေကရာဇ် နှစ်ပါးတို့ထံ အကြောင်းကြားစေမည်'ဟု သမိန်ဗရမ်းဆိုသည်ကို ဂါမဏိကြားလျှင် ဝမ်းသာ၏။

သင့်လျော်ပါပေသည်ဟုဆိုပြီး ဓား၊ လှံ၊ ဒိုင်း၊ လွှား တို့ကိုကိုင်၍ မြင်းကိုနှင်ကာ သီဆိုကခုန်သည်။ သမိန် ဗရမ်းလည်း ဂါမဏိကသလို တူအောင် လိုက်ပြီးက၏။ ဂါမဏိကသည်ကို ကြည့်ပြီး သမိန်ဗရမ်း ကသည်ကို ကြည့်ရသည်မှာ ကြည့်ရှု၍ အလွန်ကောင်း၏။ လျှင်မြန် ဖျတ်လတ်၍ သွက်လက်ချက်ချာသည်။ ဇေကရာဇ်မင်း နှစ်ပါးနှင့် မင်းပရိသတ်ဗိုလ်ပုံအလယ်တွင် နတ်မြင်းသည် တော်များ၊ ဇော်ဂျီဝိဇ္ဇာဓိုရ်များ လက်နက်စုံညီစွာဖြင့် လှ တင့်တယ်စွာ ကပြနေကြသကဲ့သို့ ဖြစ်တော့၏။ ရှုချင်ဖွယ် ရှုကွင်းရှုကွက် ကောင်းလွန်း၍ မျက်စိတစ်ခွန် ဆိုရလောက်ပေ၏။

ဂါမဏိ ကဟန်ကုန်လျှင် သမိန်ဗရမ်းသည် ကဟန် အမျိုးမျိုးဖြင့် ကပြပြန်သည်။ လက်နှစ်ဖက်ကို ဆန့် ၍စီးသည်။ ဂါမဏိ၏ ချပ်ကြိုးအချိတ်အဆက်ကို သာအောင် ပရိယာယ်လုပ်၍ ကသည်။ ဓား၊ လှံ၊ ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွှားတို့ကိုကိုင်လျက် လက်ဝဲလက်ကို လက်ယာသို့ချ၍ လက်ယာလက်ကို အထက်သို့ မြှောက်တန်းသည်။ လည်ကို ကိုင်း၍ ချသည်။ ပက်လက်လှန်၍လည်းကောင်း၊ မှောက်လျက်လည်းကောင်း၊ လက်ယာလက်ကို ဝဲဘက်သို့ ချ၍ လက်ဝဲလက်ကို အထက်သို့ ဆန့်တန်း၍လည်းကောင်း၊ လည်ကို ဘယ်ပြန်ညာပြန်လှည့်၍လည်းကောင်း၊ မော့၍လည်းကောင်း၊ နောက်ကျောသို့လည်းကောင်း အမျိုးမျိုးအဖုံဖုံ ပြုလုပ်၍ စီးပြ၏။

ဂါမဏိသည် သမိန်ဗရမ်း၏ ပရိယာယ်ကို မသိ။ မြန်မာတို့၏ ကပ္ပာန်ပင်ဖြစ်မည်မှတ်ယူကာ အနည်းငယ်မျှ သံသယမရှိဘဲ သမိန်ဗရမ်းကသမျှ တစ်စမကျန် တူအောင် တု၍ ကပြလေ၏။ ဂါမဏိလက်ကို အထက်သို့ မြှောက်၍ ကပြစဉ် ချိုင်းကြားနှစ်ဖက်တွင် ချပ်ကြိုးအဆက်ပြတ်၍ ဟနေသည်ကိုလည်းကောင်း၊ လည်ကို အထက်သို့မော့စဉ် ချပ်ကြိုးအထပ်ထပ် ပြုလုပ်ထားသည်ကိုလည်းကောင်း၊ လှံဖြင့်ထိုး၍ မားရှည်ဖြင့် ခုတ်နိုင်သည်တို့ကို သမိန်ဗရမ်းသည် လျှပ်တစ်ပြက်မှတ်သားလိုက်ပြီး ကပ္ပာန်ကုန်ပြီဟု ဆိုကာ ရုတ်တရက် အနားယူလိုက်၏။

ထို့နောက် "ငါတို့သည် ကပ္ပာန်အမျိုးစုံကို ကပြပြီးပြီ။ ယခုအချိန်မှစ၍ အရှုံးအနိုင်ကို ဆုံးဖြတ်ရန် ငါတို့အစွမ်းရှိသလောက် ထိုးခုတ်တိုက်ခိုက်ကြပါစို့"ဟု သမိန်ဗရမ်း ဆိုလေလျှင် ဂါမဏိလည်း "ကောင်းပြီ၊ တိုက်မည်"ဟုဆို၍ မြင်းကိုနှင်ကာ သမိန်ဗရမ်းထံ ဝင်လာ၏။

သမိန်ဗရမ်းလည်း ထွက်၍ခံနှင့်၏။ အမျိုးမျိုးအဖုံဖုံ ထိုးခုတ်တိုက်ခိုက်ကြသော်လည်း ချက်ကောင်းမရကြပေ။

သို့စဉ် သမိန်ဗရမ်း ကြံ၏။ သည်လိုသာ ထိုးခုတ်တိုက်ခိုက်နေလျှင် သူ့ကို နိုင်ဖို့ခက်သည်။ သူ့မြင်းမှာ အင်အားမလျော့သေး။ သူ့မြင်းကို အင်အားလျော့အောင် ပြုပြီးမှ သူ့ကို ထိုးခုတ်ရန် လွယ်တော့မည်။ ထို့နောက် ပြေးလေဟန် ဆုတ်၍ပြေး၏။ ဂါမဏိလည်း သမိန်ဗရမ်း ပြေးလျှင် ဒုန်းစိုင်း၍တိုက်၏။ တစ်ချီ,တစ်ချီတွင် သမိန်ဗရမ်း ရုတ်ခြည်းလှည့်၍ တိုက်ခိုက်၏။ ထို့နောက် ပြေးပြန်၏။ ထို့နောက် လှည့်၍ တိုက်ခိုက်ပြန်၏။ ယင်းသို့ ပြေးတစ်ချီ တိုက်တစ်လှည့်ဖြင့် ပြေးရင်းလွှားရင်းပင် ရုတ်ခြည်းလှည့်၍ ထိုးခုတ်ပြန်သည်။

ကြာသော် သမိန်ဗရမ်း၏ ပရိယာယ်ကြောင့် ဂါမဏိ၏ မြင်းအင်အားမှာ ပျော့ညံ့လို့လာတော့၏။ ဂါမဏိလည်း မောပန်းလို့လာ၏။ သို့ဖြစ်ရာ သမိန်ဗရမ်း၏ အလှည့်ကို ဂါမဏိ အလျင်မီအောင် မလိုက်နိုင်တော့ပေ။

သို့စဉ် ဂါမဏိလက် အထက်သို့ မြှောက်လိုက်သည့် အခွင့်ကောင်းပေါ်သည်နှင့် သမိန်ဗရမ်းလည်း ဂါမဏိ၏ ချိုင်းကြားကို ဖြန်းဒိုင်းဆို လှံဖြင့် ထိုးလိုက်၏။ တစ်ဖက်သို့ စောင်း၍ကျသွားစဉ် ဂါမဏိ၏လည်တိုင်ကို မားရှည်ဖြင့် ခုတ်ဖြတ်လိုက်ရာ ဂါမဏိ့ဦးခေါင်း ထက်ပိုင်းပြတ်ကာကျလေ၏။ ဦးခေါင်းပြတ် မြေသို့မကျမီ သံချွန်ဖြင့် ဖျင်းခနဲ ချိတ်ယူလိုက်ပြီး သံခြင်း၌ထည့်ကာ အော်ဟစ်သီဆိုကခုန်လျက် ပရိသတ်ဗိုလ်ပုံအလယ်မှ ဖြန်းခနဲခွာ၍ ဘုရင်မင်းခေါင်ရှိရာ သာလာယံဇရပ်ရှေ့သို့ မြင်းကို နှင်လေတော့၏။

စိန့်ပြည့်ရှင်မင်းနှင့်တကွ မျူးမတ်သေနာပတိဗိုလ်ပါများသည် မမျှော်လင့်ဘဲ ဂါမဏိ ကျဆုံး၍ သမိန်ဗရမ်းနိုင်သည်ကိုမြင်လျှင် ဖျပ်ဖျပ်လန့်မျှ အံ့သြကြကာ ဂါမဏိအလောင်းကို သိမ်းဆည်း၍ သင့်လျော်သောနေရာ၌ မြှုပ်နှံကြပြီး တပ်စခန်းသို့ အသီးသီးပြန်ကြလေ၏။ စိန့်နိုင်ငံသား ဗိုလ်မင်းတပ်မင်းများသည် သူတို့၏ သူရဲကောင်း ဂါမဏိ ကျဆုံးသဖြင့် လွန်စွာမကျေမနပ်ဖြစ်ကြ၍ အင်းဝ



www.burmeseclassic.com

www.burmeseclassic.com

ကို တိုက်ခိုက်သိမ်းယူလိုကြသော်လည်း စိန့်ပြည့်ရှင်မင်းက-

ဂါသည် မြင့်မြတ်သော ခတ္တိယမင်းတစ်ပါး ဖြစ်သည်။ သစ္စာစကားဆိုထားပြီးလျက်ကို ပြန်လည်ဖျက်ပစ်ရန် လားလားမျှမတော်ပေ။ မင်းတို့အလိုအတိုင်း ငါလိုက်ခဲ့သော် နောင်ကို မြန်မာတို့က စိန့်နိုင်ငံသားတို့သည် သစ္စာမရှိ၊ ကတိမတည်ဟု ကဲ့ရဲ့ပြောဆိုကြချေမည်။ ငါသည် လူ့စည်းစိမ်သမ္ပတ္တိ၊ ရွှေငွေဥစ္စာပစ္စည်းကို မဆိုထားနှင့်ဦး၊ သိကြားမင်း၊ နတ်မင်း၏ ဒိဗ္ဗသမ္ပတ္တိ ဥစ္စာပစ္စည်းထက် သစ္စာတရားကို ပို၍ချစ်သည်ဟု မိန့်တော်မူပြီး မှူးမတ်ဗိုလ်ပါ သေနာပတိများနှင့် စစ်တပ်ကြီးကို နှတ်၍ စိန့်ပြည်သို့ ပြန်တော်မူလေသည်။

ရတနာပူရ အင်းဝရွှေနန်းထက်တွင်လည်း ဘုရင်မင်းခေါင်သည် ညီလာခံသို့ထွက်တော်မူလျှင် သမိန်ဗရမ်းအား ၄င်း၏ရာဇဓိတာ သမီးကညာကို အပ်နှင်း၍ မဟာဥပရာဇာအဖြစ် ထားတော်မူမည့်အကြောင်း မိန့်တော်မူရာ သမိန်ဗရမ်းသည် ဦးခိုက်လျက်ဖြင့်-

အရှင်မင်းကြီး၏ ခြေဖဝါးတော်အောက်တွင် ကျွန်ုပ်ခစား၍ သည်တစ်ကြိမ် အမှုတော်ကို ထမ်းဆောင်ပေးသည်မှာ ဆန္ဒလေးပါးရှိပါသည်။ (၁) ကျွန်ုပ်သည် သုံ့ပန်းအဖြစ် သံခြေချင်းခတ်ထားသည့်ဒုက္ခမှ လွတ်မြောက်လိုသည့် ဆန္ဒတစ်ပါး၊ (၂) အဝသာန်အဆုံးကာလတိုင်အောင် ကျွန်ုပ်၏ ကိတ္တိယသ ကျော်စောမှုကို တည်တံ့စေလိုသည့် ဆန္ဒတစ်ပါး၊ (၃) ကျွန်ုပ်အား ကွပ်မျက်စေလိုသည့် ဆန္ဒတစ်ပါး၊ (၄) သို့မဟုတ် ကျွန်ုပ်အား ဟံသာ



ဝတီပြည်သို့ ပြန်ခွင့်ပြုစေလိုသည့် ဆန္ဒတစ်ပါး ပေါင်းဆန္ဒလေးပါး ဖြစ်ပါသည်။ ယခု အရှင်မင်းကြီးသည် ရာဇဓိတာ သမီးကညာပေး၍ မဟာဥပရာဇာ အိမ်ရှေ့မင်းအရာဖြင့် ချီးမြှင့်တော်မူမည်ဟု မိန့်တော်မူသည်မှာ မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူးပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ် လက်မခံပါရစေနှင့်။ အရှင်မင်းကြီး ပေးသည့်ဆုကို အရှင်မင်းကြီးအား ပြန်လည်ဆက်သပါသည်ဟု လျှောက်ထားလေသည်။

ဘုရင်မင်းခေါင်လည်း သမိန်ဗရမ်းသည် သူ့သခင်နှင့် သစ္စာမြဲမြံလွန်းသည်။ ငါ့သမီးတော်နှင့် ထိမ်းမြား၍ အိမ်ရှေ့အရာပေးသည်ကို လက်မခံ။ သူ့ကို ကွပ်မျက်စေလိုသည်။ သို့မဟုတ်လျှင် ဟံသာဝတီသို့ ပြန်ခွင့်ပေးရန်တောင်းဆိုသည်။ သင်းကို ငါနမြောလှသည်။ သင်းလိုသူရဲကောင်းမျိုးကို နောက်ထပ်ရဖို့ ခဲယဉ်းသည်။ ငါပေးသည့် စည်းစိမ်သမ္ပတ္တိကို သင်းလက်ခံယူလေအောင် ပသို့ပြုရမည်နည်းဟု အဂ္ဂမဟေသီမိဖုရားခေါင်ကြီးနှင့် တိုင်ပင်တော်မူလေရာ မိဖုရားခေါင်ကြီး၏ ဥပါယ်တံမျဉ်အစီအစဉ်ဖြင့် သမိန်ဗရမ်းအား ရွှေနန်းပြာသာဒ်ထက်၌ နံနက်စာ စားသုံးရန် ခေါ်စေတော်မူသည်။ သမိန်ဗရမ်းလည်း တက်ရောက်ပြီး သင့်တင့်စွာ နံနက်စာကို သုံးဆောင်၏။

ထို့နောက် ရွှေနန်းသခင်အား ခစားနေစဉ် ဘုရင်မင်းခေါင်က-

မြင့်မြတ်သော ခတ္တိယမင်း တစ်ပါးဖြစ်သည့် ငါသည် အသက်ကို မနမြော။ အသက်ထက် သစ္စာ အဆတစ်ရာမက ချစ်သည်။ မဟာဥပရာဇာရာထူး ငါ့သမီးကညာကို ဆုလာဘ်အဖြစ် မင်းကို ပေးမည် ငါ့နှုတ်ကကတိ ရှိခဲ့သည်။ ရာဇဓိရာဇ်အား မင်း သ အောက်မေ့၍ လက်မခံလိုဟု ဆိုသော်လည်း မရရအောင် ငါပေးရမည်။ ငါ့ကတိကို မပျက်ပါစေနှင့်။ အခြား ဖက်မှာလည်း နောင်ကို ပြည်သူပြည်သားများက သ ဗရမ်းသည် အင်းဝနိုင်ငံ၏ ထီးဖြူနန်းလျာကို တ ခိုင်မြဲအောင် တာဝန်ယူ၍ စစ်ထိုးခဲ့သော်လည်း မ ဆုလာဘ်ကိုမျှ မခံစားရပါတကားဟု စေတ ပြောကြားကြချေမည်။ နောင်ကို သူပုန်၊ သူကန်၊ ခါးပြ ထ၍သော်လည်းကောင်း၊ စစ်ဖြစ်၍သော ကောင်း၊ ရန်သူကို တာဝန်ယူ နှိမ်နင်းပေးရန် သ



www.burmeseclassic.com

www.burmeseclassic.com

ရဖို့ ခက်ချေတော့မည်' ဟု မိန့်တော်မူ၏။

သမီးကညာအားလည်း သမိန်ဗရမ်းကို ရွှေကွမ်းခွက်တည်စေရာ လှပတင့်တယ် ရှုချင်ဖွယ် ကျက်သရေမင်္ဂလာ ကောင်းခြင်းလက္ခဏာ အဖြာဖြာတို့ဖြင့် ပြည့်စုံသော ရွှေရုပ်သွင်မင်းသမီး အလှပဂေးကို ငေးမောကြည့်ရင်းပင် သမိန်ဗရမ်းသည် မိမိကိုယ်ကို နဂိုမူလပကတိအတိုင်း ဣန္ဒြေဆည်ထားရန် သတိလစ်သွားသည်မှာ မင်းသမီး ထွက်လာသည်မှစ၍ ဝင်သွားသည့်တိုင်အောင် ဖြစ်တော့၏။

နောက်တစ်နေ့ ညီလာခံသဘင်တွင် ဘုရင်မင်းခေါင် သမိန်ဗရမ်းအား ထပ်မံ၍ မိန့်ကြားလေသည်မှာ-

'အင်းဝနိုင်ငံကို သမိန်ဗရမ်း ကယ်တင်ခဲ့ကြောင်း နိုင်ငံနှင့်အဝန်းပင် ကျော်စောထင်ရှားသည်မှာ အဆုံးကာလတိုင် ဖြစ်ပေမည်။ သို့သော် ငါချီးမြှင့်သည့် ဆုလာဘ်ကို နင်မခံယူလိုသည်ဟု ဆိုသည်ကို ငါ မကျေနပ်။ ငါ၏ ကျော်စောမှုကို ပျက်စီးပျော့ညံ့အောင် နင်ပြုသည်နှင့်တူသည်။ တစ်ပါးမင်းများက ငါ့အား စောဒနာစကားဖြင့် ပြုစုအောင် စောင်းမြောင်းပြောဆိုကြပေမည်။ နင် ကောင်းစွာ စဉ်းစားလေ' ဟု ဆိုပြန်ရာ-

သမိန်ဗရမ်း စဉ်းစား၏။ သူ့အမှုတော်ကို ငါထမ်းဆောင်သည်မှာ ငါ့ရပ်ဌာနီသို့ ပြန်လိုသောဆန္ဒကြောင့်ဖြစ်သည်။ ယခုမူကား ဘုရင်မင်းခေါင်သည် ငါ့အား ပြန်ခွင့်မပြု။ သည်ကဲ့သို့ ငါ့အား ဆွဲငင်ထားလျက်နှင့် ထွက်ပြေးပါကလည်း သစ္စာတရား ပျက်ပြားတော့မည်ပါတကား။ သို့ဖြစ်လျှင် သူ့အလိုဆန္ဒအလျောက် ငါလိုက်ရတော့မည်။ ရွှေနန်းရှင်၏ သမီးကညာကို ငါ ယူမှတော်တော့မည်။ မြန်မာမင်းသမီးနှင့် ပေါင်းသင်းရသည့် အရသာထူးကိုလည်း ငါသိလိုသည်။ မွန်မင်းသမီးထက် ချိုဆိမ့်သည့် အရသာ ပို၍ရှိလေသလားမသိ။ ငါ၏ ကုသိုလ်ကံရှိပါက ငါ၏ ခိုင်မြဲသော သစ္စာတရားအရ နောင်ကို ဟံသာဝတီပြည်သို့ ငါ ပြန်ခွင့်ရဦးမည်ပင်ဟု။

ထို့နောက် ရွှေနန်းသခင်အား လျှောက်ထားလေ၏။

'အရှင်မင်းကြီးသည် ကျွန်ုပ်အား မဟာဥပရာဇာ အိမ်ရှေ့မင်းရာထူးဖြင့် ချီးမြှင့်မည်ဟု မိန့်ကြားသည်ကို ကျွန်ုပ်သည် ရုတ်တရက် မခံယူဘဲနေသည်မှာ အရှင်မင်းကြီး၌ သားတော်ရှိသေး၍ဖြစ်သည်။ အခြားအကြောင်းတစ်ရပ်မှာလည်း ကျွန်ုပ်သည် ဘာသာစကားကွဲပြားသော အနွယ်ခြားသူဖြစ်သည်။ ငှက်ဆိုးဒီးဒုတ်နှင့် တူတော့သည်။ ငှက်ဆိုးဒီးဒုတ်တို့မည်သည် အင်အားကြီးသော်လည်း နေ့ခင်းအချိန်တွင် ကျီးတို့အလယ်၌ ကျနေဘိသကဲ့သို့ ဖြစ်တော့မည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ရာဇာ့အရေးကိစ္စအဝဝကို ပသို့ဆောင်ရွက်စီရင်နိုင်အံ့နည်း။ အကယ်၍ အရှင်မင်းကြီး ချီးမြှင့်သည့်ဆုလာဘ်ကို ကျွန်ုပ် မခံယူခဲ့သော် အရှင်မင်းကြီး၏ ပဝေသဏီအစဉ်အလာထုံးတမ်းကို ကျွန်ုပ် ဖျက်ရာရောက်တော့မည်။ အရှင်မင်းကြီး၏ သူရဲကောင်းအဖြစ် ကျွန်ုပ်သည် အမှုတော်ကို ထမ်းဆောင်ပါတော့မည်ဟု စိတ်ကို ယခုဆုံးဖြတ်လိုက်ပါပြီ။ သို့သော် အရှင်မင်းကြီးထံမှ ခြွင်းချက်နှစ်ရပ်ကို တောင်းခံလိုပါသည်။ ပထမအချက်ကား မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်အား ကျွန်ဟု မခေါ်စေရ။ ယင်းသို့ ကျွန်ုပ်အား ကျွန်ဟုခေါ်သံကို ကျွန်ုပ်ကြားရပါမူ ကျွန်ုပ်သည် ဟံသာဝတီပြည်သို့ အလိုအလျောက် ပြန်နိုင်ခွင့် ရှိစေရမည်။ ဒုတိယအချက်မှာ မည်သည့်အချိန်ကာလမဆို အင်းဝသို့ ရာဇမိရာဇ်သည် စစ်ချီခဲ့ပါမူ ကျွန်ုပ်သည် မည်သည့်ဘက်ကိုမျှ စစ်မပြုလိုပါ၍ ကြားနေခွင့်ပြုနိုင်စေရမည်။ အကယ်၍ ဟံသာဝတီပြည်မှတစ်ပါး အခြား၊အခြားသော နိုင်ငံမှ အခါမရွေး စစ်ချီခဲ့သည်ရှိသော် ကျွန်ုပ်သည် အသက်ပေး၍ သေသည့်တိုင် တာဝန်ယူ တိုက်ခိုက်တွန်းလှန်ပါမည်။ သည်အချက်နှစ်ရပ်ကို အရှင်မင်းကြီး ခွင့်ပြုတော်မူလျှင် အရှင်မင်းကြီးပေးသည့် ဆုလာဘ်ကိုခံယူ၍ အရှင်မင်းကြီးနှင့်အတူ ကျွန်ုပ်နေပါတော့မည်'

သမိန်ဗရမ်း၏ လျှောက်ထားချက်ကို ကြားလျှင် ဘုရင်မင်းခေါင်သည် ဟူးရားပုရောဟိတ်ဆရာတို့ဖြင့် အချိန်ကောင်း အခါကောင်းကို ရွေးစေ၍ ဉာတိဝံသ ဆွေတော်မျိုးတော်များအား စုံညီစွာဖိတ်ခေါ်ပြီး ပဝေသဏီ အစဉ်အလာထုံးတမ်းအလျောက် မင်္ဂလာအခမ်းအနားကို ကျင်းပပေးတော်မူလေသည်။ သမိန်ဗရမ်းအား အိမ်ရှေ့စံ မဟာဥပရာဇာအဖြစ် တင်မြှောက်တော်မူပြီး အထွတ်အထိပ်နေရာအတွက် လိုအပ်သော ထင်ရှားသည့် အဆောင်အယောင် ကိရိယာတန်ဆာများကို ပေးတော်မူလေသည်။

မင်္ဂလာပွဲပြီး၍ သုံးလလွန်လတ်သော် ရွှေနန်းသခင်

www.burmeseclassic.com

ဘုရင်မင်းခေါင်၏ သမီးတော်တွင် ဂဗ္ဘတည်၍ မပေါ့မပါး ကိုယ်လေးလက်ဝန် ရှိလာလေသည်။ ဆယ်လပြည့်သော အခါ သားယောကျ်ားတစ်ပါး . ထွန်းကားလေသည်။

ဘုရင်မင်းခေါင်သည် မြေးတော်ကို အလွန်ချစ်ခင် တော်မူ၏။ မြေးတော်အား ကိုယ်တော်တိုင် လက်ဖြင့် ချီတော်မူ၏။ ကလေးအသက် တစ်နှစ်မြောက်၍ လမ်း လျှောက်သင်စ အရွယ်တွင် ဘုရင်မင်းခေါင်သည် မြေး တော်ကိုချီလျက် ညီလာခံသို့ ထွက်လေ့ရှိသည်။ မြေးတော် အား ရင်ခွင်ပိုက်၍ မှူးမတ်သေနာပတိများနှင့် တိုင်ပင် ဆွေးနွေးမြဲဖြစ်သည်။ ညီလာခံတွင် အိမ်ရှေ့စံ သမိန်ဗရမ်း လည်း အမြဲပင် ခစားရလေသည်။

တစ်နေ့တွင် ကလေးငယ်သည် ငယ်ရွယ်သူဖြစ်၍ လူကြီးသူမမှန်း မသိ။ စကားလည်း နားမလည်သေး။ အငြိမ်မနေဘဲ ဆော့ကစားလိုသဖြင့် ဘိုးတော်ဘုရင်မင်း ကြီး၏ ပေါင်ထက်မှထကာ ဘိုးတော်၏ပခုံးကို လက် တစ်ဖက်ကကိုင်၍ အခြားလက်တစ်ဖက်ဖြင့် ဘိုးတော်၏ ဆံကေသာကို ဆွဲလေ၏။

ဘုရင်မင်းကြီးလည်း နာကျင်တော်မူသဖြင့် ရုတ် တရက် နှုတ်တော်မှ 'ဟယ် ..စိတ်ကြမ်းခက်ထန်သည့် သည်ကျွန့်သားကတော့ ကြာလျှင် မင်းရဲ့ကျော်စွာရဲ့နေရာ ကို ယူချေဦးမည်' ဟု ဖျတ်ခနဲမိန့်တော်မူလျက် မြေးတော် ကို ဆွဲချတော်မူသည်။

ထိုစဉ် အပါး၌ သမိန်ဗရမ်း ခစားနေသည်ဖြစ်ရာ ကြားလျှင် လွန်စွာဝမ်းနည်းလေ၏။

သည်တစ်ကြိမ် အင်းဝမှာ ငါနေဖို့ အချိန်ကာလ ကုန်ဆုံးခဲ့ပြီ။ သစ္စာတရားအရ ဟံသာဝတီသို့ပြန်ဖို့ ငါ့ အတွက် အခွင့်အရေးလမ်းစပေါ်ခဲ့ရပြီဟု သမိန်ဗရမ်းစိတ် ၌ စဉ်းစားမိလေသည်။

ထို့နောက် သမိန်ဗရမ်းသည် ဘုရင်မင်းခေါင်အတွက် စာတစ်စောင်နှင့် ချစ်မယားအတွက် စာတစ်စောင်တို့ကို တိတ်တဆိတ်ရေးကာ မင်းသမီးအတွက် စာကို ခေါင်းအုံး အောက်၌ထား၏။ ရွှေနန်းသခင်အား ပေးရန်စာကို ပုဆိုး ခါးပိုက်တွင် ထည့်ထားလေသည်။

ည လူခြေတိတ်သော် မင်းသမီးနှင့် သားငယ်တို့ အိပ်စက်နေစဉ် သမိန်ဗရမ်းသည် အိမ်ရှေ့စံနန်းထက်မှ ဆင်းကာ ခွာပြီး ဂါမဏိနှင့် စစ်ထိုးခဲ့သည့် မြင်းနီမန်ကျည်းစေ့ကို ရွေ့ကာတင်ကာ သူရဲကောင်းဝတ်ရုံကိုဆင်မြန်း၊ လှံနှင့် ဓားရှည်တို့ကိုလွယ်လျက် ဖျတ်ခနဲ ထွက်ပြေးလေ၏။

အင်းဝရွှေမြို့တော်မှထွက်၍ မြင်းကို အပြင်းနှင်လျက် မြို့စောင့်သူရဲများက သေနာပတိအား အကြောင်းကြား လေရာမှ ဘုရင်မင်းခေါင်အား သေနာပတိမှ ချက်ချင်း ဝင်ရောက်လျှောက်ထားသဖြင့် ဘုရင်မင်းခေါင်သိလျှင် သမိန်ဗရမ်းအား လိုက်လံဖမ်းဆီးရန် မြင်းတပ်တစ်ထောင် ကို စီရင်စေ၍ အပြင်းလိုက်စေ၏။

ကျေးစွန်နယ်ဖျားရောက်သော် သမိန်ဗရမ်းသည် ရွှေ နန်းသခင်ဘုရင်မင်းခေါင်အတွက် ရေးသားထားသောစာ အား ခါးပိုက်မှထုတ်ကာ တိုင်ထိပ်တစ်ခု၌ ညှပ်ခဲ့ပြီး မြင်းတပ်ဗိုလ်အား လက်ဖြင့်ညွှန်ပြကာ မြင်းကို ဒုန်းစိုင်း နှင်၍ ဟံသာဝတီသို့ ပြေးခဲ့လေ၏။

မြင်းတပ်သူရဲများလည်း တိုင်ထိပ်၌ သမိန်ဗရမ်း ထားရစ်သော စာကိုယူ၍ အင်းဝသို့ ပြန်လှည့်ခဲ့ကြပြီး ရွှေနန်းသခင်ထံ စာကို ဆက်သကြလေသည်။

အကြောင်းယုတ္တိမှန်ကို သိရှိတော်မူရန် ကျွန်တော် သမိန်ဗရမ်း ရှိခိုးနားတော်လျှောက်ဝံ့ပါသည်။ ကျွန့်ပ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ဟူ၍ မခေါ်စေရ၊ ခေါ်ခဲ့သော် တစ်ဆွေလုံး တစ်မျိုးလုံးကို ရာဇဒဏ်ပေး၍ ခေါင်းဖြတ်သတ်ပစ်တော်မူမည်ဟုဆိုပြီး ရွှေနန်းသခင် သည် ကျွန်ုပ်နှင့် ကတိသစ္စာ ပြုထားခဲ့ပေသည်။ ယ[illegible] သော် အရှင်မင်းကြီးသည် သတိလစ်ဟင်းလျက် ကျွန်ုပ် အား ကျွန်ဟူ၍ ကိုယ်တော်တိုင် ညီလာခံတွင် နှုတ်တော် မှ ရုတ်ခြည်းခေါ်ဆိုခဲ့ပေသည်။ အရှင်မင်းကြီးနှင့် ဆက် လက်၍ ကျွန်ုပ်နေခဲ့ပါမူ ပဝေသဏီ အစဉ်အလာ ပျက် ချေတော့မည်။ ရွှေနန်းရှင်သည် ခြွင်းချက်ထားတော်မူ သည့် ကတိသစ္စာကို တည်တံ့ခိုင်ခံ့အောင် မထားနိုင်သည် ဖြစ်သဖြင့် ဟံသာဝတီသို့ ပြန်သွားရန် ကျွန်ုပ်အား ခွင့်ပြု တော်မူပါမည့်အကြောင်း ရှိခိုးကန်တော့လိုက်ပါသည်။ အရှင်မင်းကြီးသည် ရာဇသမ္ဘတ္တိမင်းစည်းစိမ်ကို ချမ်းသာ သုခနှင့် ပြည့်ဝစွာ ခံစားနိုင်ပါစေ။ ရွှေနန်းသခင်၏ သမီး တော်နှင့် မြေးတော်တို့အား ရွှေဖဝါးတော်အောက်၌ အပ်နှံထားရစ်ခဲ့ပါသည်။ မြေးတော်သည် အသက်အရွယ် ကြီးပြင်းလာသောအခါ အရှင်မင်းကြီး၏ ကျေးဇူး တော်ကို ကျွန်ုပ်ကိုယ်စား ဆက်လက်၍ ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

ပါစေသတည်း။

စာကိုဖတ်ပြီးသော် ဘုရင်မင်းခေါင်သည် ယူကျုံးမရ ဝမ်းနည်းပက်လက် ဖြစ်တော်မူ၏။

သမိန်ဗရမ်း ထွက်ပြေးသည့်အချိန်တွင် မင်းသမီးသည် အိပ်ပျော်နေစဉ်ဖြစ်၍ မသိလိုက်ပေ။ အိပ်ရာမှ နိုးလာသည်နှင့် မဟာဥပရာဇာ ထွက်ပြေးကြောင်း အထိန်းတော်များက တင်လျှောက်ကြသဖြင့် ဥပရာဇာ၏ အခန်းသို့ဝင်၍ စိတ်ထင်ရာ မွှေနှောက်ရှာဖွေလတ်သော် ခေါင်းအုံးအောက်၌ စာတစ်စောင်ကို တွေ့ရလေ၏။

နှမတော်နှင့် မောင်တော်တို့နှစ်ဦးသည် ချမ်းသာသုခ အပြည့်အဝဖြင့် ချစ်ခင်ယုယစွာ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုမူ ရွှေနန်းသခင်နှင့် ကတိသစ္စာတရား ပျက်ပြားခဲ့ရသဖြင့် မောင်တော့်အား စိတ်ဆင်းရဲဒုက္ခ မရောက်ပါစေနှင့်တော့။ မောင်တော်သည် ကတိသစ္စာစကားအရ အင်းဝတွင် ဆက်လက်နေထိုင်၍ မရတော့သဖြင့် ဟံသာဝတီသို့ ခွာခဲ့ရပေသည်။ သားတော်တစ်ပါးကို နှမတော်ထံ အပ်နှံထားရစ်ခဲ့ပါသည်။ သည်ဘဝမှာ သည်မျှသာ နှမတော်နှင့် မောင်တော်တို့သည် တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာ ပွားများလျက်နှင့် ခွဲခွာကွေကွင်းခဲ့ရပါပြီ။ နိဗ္ဗာန်သို့ မရောက်မီစပ်ကြား နောင်လာမည့် အနာဂတ်ဘဝဆက်တိုင်းတွင် နှမတော်နှင့် နဖူးစာဆုံ၍ ချစ်ခင်စွာ ပေါင်းသင်းရပါစေဟူ၍ မောင်တော်သည် ဘုရားမှာ ထာဝစဉ် ဆုတောင်းလျက်နေပါမည်။

သမိန်ဗရမ်း၏ဇနီးသည် ရာဇဓိတာလည်း ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ ပဲခူးတွင် သမိန်ဗရမ်း ပြန်လည်ရောက်ရှိကြောင်းသတင်းကို ကြားသိရသော ဟံသာဝတီတိုင်းသူပြည်သားများသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သမိန်ဗရမ်းအား ချီးကျူးထောပနာပြုကြရာ သေနာပတိတို့ ကြားသိကြပြီး သမိန်ဗရမ်းလည်း သေနာပတိများနှင့်အတူ သူ့ရှင်ရာဇဓိရာဇ်ထံ ဝင်ရောက်ဦးခိုက်၍ အစမှ အဆုံးတိုင် အရေးအရာကိစ္စ ဟူသမျှကို တစ်လုံးမကျန် တင်လျှောက်လေရာ ရာဇဓိရာဇ်လည်း ပီတိသောမနဿ ဖြစ်တော်မူ၍ သမိန်ဗရမ်းအား ဥပဘောဂ၊ ပရိဘောဂ ဆိုင်ရာ လာဘ်လာဘပဏ္ဏာကာရ ပစ္စည်းများစွာ ချီးမြှင့်တော်မူ၏။

ဝမ်းသာသောအားဖြင့် ပွဲသဘင်ကို ခုနစ်ရက်ကြာမျှ ကျင်းပစေပြီး သမိန်ဗရမ်းအား ဒုန်းဝန်းမြို့ကို စားစေတော်မူသည်။ သမိန်ဗရမ်း အင်းဝမှ ဟံသာဝတီသို့ သက္ကရာဇ် (၇၇၉)ခုနှစ်တွင် ပြန်လည်ရောက်ရှိခဲ့လေသည်။

(သုံး)

အချိန်ကာလအားဖြင့် နှစ်နှစ်ဝန်းကျင်မျှ စုံဖက်လို့ ရွှေလက်တွဲခဲ့ရသော အင်းဝအရှင့်သမီးတော်နှင့် သားတော်တို့ကို လွမ်းမိသည့်စိတ်ဖြင့် အတွေးရေယဉ်ကြောတွင် စီးမျောနေမိသော သမိန်ဗရမ်း၏ မျက်ဝန်းအိမ်မှ မျက်ရည်စတို့သည် ပါးပြင်ထက်ဆီသို့ တလိမ့်လိမ့် စီးဆင်းလို့လာကြလေ၏။

ထိုစဉ်အခိုက် 'ဟယ်..သမိန်ဗရမ်း၊ နင့်မြင်းကို ငါလည်းစီးချင်လို့ ငါ့ကိုလည်း တင်သွားပါ' ဟု စူးရှစွာကြားလိုက်ရသည့် ထူးဆန်းအံ့သြဖွယ်အသံကြောင့် အင်းဝကို လွမ်းဆွတ်နေမိရာက ကြက်သီးမွေးညင်းတို့ ဖြန်းခနဲ ဖြန်းခနဲ ဖြစ်ပေါ်လို့လာ၏။

သူ့ရဲ့မြင်းနီကြီး မန်ကျည်းစေ့သည်လည်း ဟီခနဲ အော်မြည်ကာ ပတပ်ကိုရပ်၏။ မြင်းတပ်ကိုတုန့်လျက် ပတ်ပတ်လည်ကြည့်ရင်း သည်တောထဲမှာ ငါ့နာမည်တပ်ပြီး မည်သူတစ်ဦးတစ်ယောက်က မထီလေးစား ခေါ်လိုက်ပါသနည်းဟုတွေးလျက် သူ၏ မျက်စိ၊ နားတို့ကို အစွမ်းကုန် ဖွင့်ကာ စွင့်ကာဖြင့် ရှာလေ၏။



အမှောင်ရိပ်က ကြီးစိုးစပြုနေပြီမို့ မှုန်ဝါးဝါးအလင်း ဖျော့ဖျော့အောက်တွင် သမိန်ဗရမ်း တွေ့လိုက်ရသည်ကား ဣဿယဂါမ နီညိုရောင်အောက်ခံပေါ်တွင်


www.burmeseclassic.com

www.burmeseclassic.com

အဝါရောင် စာလုံးဖြင့် ရေးသားထားသော ရွာအမည်ကို ရေးထိုးထားသည့် တလံသာသာ ကျွန်းပြားကြီးနှင့် ထွာစိုင်ခန့်ရှိ ကျွန်းတိုင်ကြီး။ ဘာတဲ့ ဣဘာယဂါမ။

သမိန်ဗရမ်း ဖျတ်ခနဲ သတိရလိုက်၏။ သည်ရွာပေပဲ။ ရွာကို ဓားပြဝင်တိုက်သဖြင့် ဓားပြဗိုလ်အား ရွာက အမိဖမ်း၍ ညှဉ်းပန်းနှိပ်စက်ကာ ရင်ကိုခွဲ တံကျင်သိပြီး ဆုံးမလိုက်တဲ့ရွာ။ လူသူများလည်း မြင်စေလို၊ လူဆိုး ဓားပြများလည်း နောင်ကြဉ်စေလို၍ ပြုပြီးလေသော ဓားပြဗိုလ်ရဲ့ အလောင်းကို ရွာပြင် တောလမ်းနံဘေးမှာ ချိတ်ဆွဲလို့ ထားကြသည်တဲ့။

ဟော·· တွေ့ပါပြီ၊ တံကျင်သိထားသည့် ဓားပြ အလောင်းကောင်။ သည်ဓားပြဗိုလ် အလောင်းကောင်ရဲ့ ဝိညာဉ်တစ္ဆေက မိမိအား ခြောက်လှန့်ခဲ့ပြီကော။ သူရဲကောင်း သမိန်ဗရမ်းရဲ့ ဒေါသတို့ အထွတ်အထိပ်သို့ တဖြန်းဖြန်းတက်လေပြီ။

'ဟယ်··ဓားပြဆိုး၊ နင့်ရင်ကို သူတို့ခွဲလိုက်လို့ နင်သေနေပြီ။ ဘာကြောင့် နင်မသွားသေးဘဲ ငါ့ကို ခြောက်လှန့်ရသနည်း'ဟု နှုတ်ကလည်း အော်ငေါက်၊ လက်ကလည်း ဓားရှည်ကိုဆွဲထုတ်လျက် ဓားပြဦးခေါင်းကို ထစ်ခနဲ ခုတ်ဖြတ်လိုက်လေသည်။

ဓားပြဦးခေါင်း မြေသို့မခမီ ဆံရှည်ကိုဆွဲ၍ မြင်းနီကြီးရဲ့ ဇာတ်နံဘေးမှာချိတ်ကာ တစ်ဟုန်ထိုး ထွက်ခွာလို့ သွားလေ၏။ မြင်းကို ဒုန်းစိုင်းနှင်သောအခါ ဓားပြမသာ၏ ဦးခေါင်းပြတ်ကြီးက ရှေ့နောက်လူးလာခတ်လို့နေလေ၏။ မကြာမတင်မှာတော့ သူရဲကောင်း သမိန်ဗရမ်း၏ ဒူးခေါင်းဆီမှ ဒုတ်ခနဲမြည်သံနှင့်အတူ စူးခနဲ အောင့်သက်သက်ဝေဒနာကြောင့် ခရီးနှင်ရင်း လက်ဖြင့်စမ်းကာ ကြည့်လိုက်တော့ ဓားပြမသာရဲ့ ဦးခေါင်းပြတ်ကြီးက လှုပ်ရှားမှု အလျှင်းမရှိတော့ဘဲ သူ့ရဲ့ ကွေးညွတ်ထားသည့် ဒူးခေါင်းကို ပါးစပ်ဖြင့်ကိုက်လျက်သားဖြင့် ငြိမ်သက်လို့ ပါလာ၏။

သမိန်ဗရမ်းသည် ဒူးခေါင်းဆီက ခိုးလိုးခုလုဝေဒနာကြောင့် မြင်းကို အရှိန်သတ်ကာ ရပ်လိုက်ပြီး သူ၏ ဒူးခေါင်းထက်မှ ဓားပြမသာ၏ ဦးခေါင်းပြတ်ကြီးကို အမျိုးမျိုးဆွဲကာဖြုတ်၏။ မရ။ ဤမျှ သွေးထွက်သံယို ထိခိုက်မှု၊ နာကျင်ခံစားရမှုတို့ကား သူ့အတွက် အမှုထားရန်မရှိ၊ အပရိကမျှသာ။ သူကား သူရဲကောင်းတစ်ဦး။ တိုက်ပွဲပေါင်းများစွာကို ဆင်ဦးကင်းထက်မှနေ၍ အစွယ်ချင်း ယှက်ပြီးလည်း တိုက်ခဲ့ဖူးပြီ။ မြင်းကုန်းနှီးထက်မှနေ၍ လုံးထွေးသတ်ပုတ်ခဲ့ရသည့် တိုက်ပွဲပေါင်းကား ရေတွက်၍ ရအံ့မထင်။ ဆင်စီးချင်း၊ မြင်းစီးချင်းလည်း သူ့ရသတ္တိကို ပြခဲ့ဖူးပေါင်း များလှပြီ။

ယခုမူကား သက်ရှိလူသား မဟုတ်တော့သည့် ဓားပြမသာ၏ ဦးခေါင်းပြတ်က သူ့ရဲ့ဒူးခေါင်းကို မလွှတ်တမ်း ကိုက်ခဲလို့ထားလေသည်။ အကြိမ်ကြိမ် ဆွဲကာ ဖြုတ်သော်လည်း မကျွတ်။ သမိန်ဗရမ်း၏ ဒေါသကို ဆွကာ,ဆွကာပေးသလိုဖြစ်ရချေပြီ။

'တောက်··ကဲဟာ'

ပြင်းထန်လှသည့် တက်ခေါက်ကြိမ်းမောင်းသံနှင့်အတူ လက်သုံးတော်ဓားအိမ်ဖြင့် ဒူးခေါင်းထက်ဆီက ဓားပြမသာရဲ့ ဦးခေါင်းပြတ်ကြီးကို တစ်အားလွှဲကာ ရိုက်ချလိုက်လေတော့၏။ ဖောင်းခနဲမြည်သံနှင့်အတူ ဓားပြမသာ၏ ဦးခေါင်းပြတ်ကြီးကား သူ၏ဒူးခေါင်းဆီမှ လွင့်စဉ်ပြေးထွက်လို့သွားလေတော့၏။ သို့သော် သူ့ရဲ့ဒူးခေါင်းထက်တွင် ခိုးလိုးခုလုနှင့် မြမြစွာ စူးနစ်စိုက်ဝင်လျက် ကျန်ရစ်သည်ကား ဓားပြမသာ၏ သွားသုံးချောင်းပါတည်း။

မကြာမတင်မှာပင် သူရဲကောင်း သမိန်ဗရမ်းလည်း ၄င်းအား စားခွင့်ပြုထားသည့် ဒုန်းဝန်းသို့ ရောက်ခဲ့ပေပြီ။ ဆေးဆရာသမားတော်များ ခေါ်စေ၍ ချက်ချင်းကုသမှု ခံယူ၏။

သမားတော်ကြီးများ ကြိုးစားပမ်းစား ကုသကြသော်လည်း အနာမှာ အဆိပ်အတောက်ဖြစ်သဖြင့် မသက်သာတော့ပေ။ သုံးရက်မြောက်သည့်နေ့တွင်တော့ ဟံသာဝတီမှာသာမက အင်းဝရဲ့ သူရဲကောင်းဖြစ်ခဲ့သော သမိန်ဗရမ်းသည် လူ့အန္တ လူ့ဗာလ ဓားပြတစ်ယောက်၏ ဝိညာဉ်တစ္ဆေတစ်ကောင် ကျီစယ်ခြောက်လှန့်ရာမှ ရန်ပြုခြင်းခံခံရပြီး သူချစ်လှစွာသော ဟံသာဝတီပြည်ကြီး အရှင်နှင့် သူ့ရဲ့ မိသားစုများကို ထာဝရကျောခိုင်းလို့ သွားခဲ့ရှာလေတော့သည်။

**မျိုးကြီး(အမရပူရ)**

*(ဆရာနိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံမှ ထုတ်နုတ်ခံစားတင်ပြပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရပ်ကွက်၌ ရှေ့မီနောက်မီ အသက်(၇၀) အရွယ်ရှိ ဦးရဲရင့်ဆိုသော လူတစ်ယောက် ရှိလေသည်။ လူကြီးပိုင်းအရွယ်ဆိုသော်လည်း လူငယ်တစ်ယောက်ကဲ့သို့ သွက်သွက်လက်လက် ကျန်းမာရေးကောင်းသူဖြစ်၏။

# ရှင်ထွေးအောင်

## ငပြေလျှောက်ဝိတ္ထုရှူး



မနက်တိုင်း အိပ်ရာက (၄)နာရီထ၍ မျက်နှာသစ်၊ သွားတိုက်ပြီးသည်နှင့် လမ်းလျှောက်ထွက်သော ဘောင်းဘီ၊ စပို့ရှပ်၊ ကင်းဘတ်ဖိနပ် စသည်တို့ကို ဝတ်ဆင်စီးနင်းပြီးနောက် နံနက်(၄း၃၀)တွင် အိမ်ကထွက်၍ စတင်လမ်းထွက်လျှောက်တော့၏။ ဒါက နိစ္စဓူဝ မနက်တိုင်း သူလုပ်



www.burmeseclassic.com

www.burmeseclassic.com

နေကျအလုပ် ဖြစ်လေသည်။ နာရီဝက်ကျော်ကျော် တစ်နာရီနီးပါး လမ်းလျှောက်ပြီးသည်နှင့် ဘုရားထဲက ဖိုးလပြည့် လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ အီကြာကွေးနှင့် လက်ဖက်ရည် မှာသောက်သည်။ ဒါလည်း သူ့အကျင့်၊ သူလုပ်နေကျ အလုပ်ပင်။ ခြောက်နာရီခွဲ (၇)နာရီထိုးလျှင်တော့ အိမ်သို့ လမ်းလျှောက်ပြန်တော့၏။

ကျွန်တော်တို့နှင့် တွေ့ဆုံချိန်ကတော့ ညနေပိုင်းဖြစ်သည်။ ညနေ(၅)နာရီကျော် (၆)နာရီလောက်ဆိုရင် ကျွန်တော်တို့ဆီကို ပုံမှန်ရောက်လာ၏။ ကျွန်တော်တို့ကလည်း သူ့အလာကို မျှော်တလင့်လင့်ဖြင့် စောင့်ကြိုနေတတ်လေ၏။

သူလာလျှင် ကျွန်တော်တို့ ပျော်ကြသည်။ ဗဟုသုတလည်း ရသည်။ စာစုံဖတ်သူမို့ ဗဟုသုတပြည့်သူ ဖြစ်လေ၏။

ကျွန်တော်တို့က သူ့ကို အဘဟုခေါ်လျှင် မကြိုက်။

"ဟေ့ကောင်တွေ၊ ငါက အဘအရွယ် မရောက်သေးဘူးကွ။ မင်းတို့ခေါ်ချင်ရင် ငါ့ကို ဦးလေးလို့ခေါ်။ မင်းတို့က အဘ··အဘနဲ့ခေါ်တော့ ငါ့မှာ ရေဝေးနဲ့ နီးသွားသလို ခံစားရတယ်။ မခေါ်နဲ့။ ရေဝေးဆိုတဲ့အတိုင်း အဝေးကြီးမှာ ထားထားလိုက်" ဟု ပြန်၍ပြောဆိုတတ်လေသည်။

ဦးရဲရင့်သည် အပြောင်အပြက် အရွှန်းလည်း ပြောတတ်သောကြောင့် ကျွန်တော်တို့ လူငယ်များသည် ဦးရဲရင့်ကို ပို၍ခင်မင်ချစ်ခင်ကြလေသည်။

"ဦးလေးရဲ··ကော်ဖီလား၊ လက်ဖက်ရည်လား ကြိုက်တာပြော။ မှာလိုက်မယ်"

ကျွန်တော်တို့ လူငယ်အဖွဲ့ထဲမှ အံ့ဇော်က မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် အညာသား လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကျဖြစ်သည်။ သူများဆိုင်ထက် ဈေးနှုန်းသက်သာသည်။ လက်ရာလည်း ကောင်းသောကြောင့် ပရိသတ် များသည်။ လူကျ၏။

အညာသားဆိုင်တွင် ရှယ်လက်ဖက်ရည် တစ်ခွက် (၁၅၀)ကျပ်။ တခြားဆိုင်တို့တွင် ရှယ်(၂၅၀)ကျပ်၊ (၃၀၀)ကျပ်ထိ ရှိ၏။ မုန့်ဟင်းခါးအလွတ်တစ်ပွဲ (၂၀၀)ကျပ်၊ အကြော်ပါလျှင် (၃၀၀)။ တခြားဆိုင်တွင် အကြော်ပါ (၄၀၀)ကျပ်၊ (၅၀၀)ကျပ်ထိ ရှိသည်။ ဤသို့ကွာခြားမှု ရှိသောကြောင့် အညာသားဆိုင်တွင် လူစည်ကား၏။

သောက်သုံးစားသုံးသူ များကြ၏။ စကိုင်းနက်မှ ရုပ်ရှင်လည်း ကြည့်ရသည်။ ဘောလုံးပွဲဆိုလျှင် ဆိုင်တွင် လူပြည့်ရုံတင်မက ဆိုင်အပြင်ဘက်သို့တိုင် လျှံထွက်နေတတ်လေသည်။

"အံ့ဇော်··ငါ ဘာကြိုက်တယ်ဆိုတာ နင်သိတယ်။ နင်ပဲ မှာလိုက်"

ဟု ဦးရဲရင့်က အံ့ဇော်ကို တာဝန်ပေးလိုက်သောကြောင့် -

"ကိုအညာသားရေ··တို့ဦးလေးဆရာကြီးအတွက် ချိုပေါ့တစ်ခွက်ဟေ့" ဟု အညာသားကို ကြားအောင်အော်၍ ပြောလိုက်လေ၏။

"ရမယ် ဆရာ" ဟု အညာသားကလည်း ရောင်းသူဝယ်သူ အသံတူပင် ပြန်ကြားလေ၏။

"ဦးလေး··ဒီနေ့ ကျွန်တော်တို့ကို ဘာအကြောင်းအရာ ပြောမလဲ။ ပြောပြီးမှ ပြန်ရမှာနော်" ဟု အံ့ဇော်က ကြိုတင်အစီရင်ခံ၍ ထားလိုက်လေ၏။

"ငါ ဘယ်တုန်းကများ မပြောဘဲ ပြန်ဖူးလို့လဲ။ အပိုတွေ ပြောမနေနဲ့ အံ့ဇော်" ဟု ဦးရဲရင့်က ပြော၍ ရေနွေးတစ်ခွက် ငှဲ့သောက်သည်။

ထိုစဉ် အရှုးဇော်ဝင်း ဆိုင်ထဲဝင်လာတာ မြင်၍ ကျွန်တော်က "အံ့ဇော်··အရှုးဇော်ဝင်း ဆိုင်ထဲ ဝင်လာပြီ သတိထား" ဟု အံ့ဇော်ကို လက်တို့၍ သတိပေးလိုက်၏။ အံ့ဇော် သဘောပေါက်သည်။

"ငါ မြင်တယ်။ ဒီကောင်လာရင် စကားဝိုင်းပျက်တော့မယ်" ဟု အံ့ဇော်က ဇော်ဝင်းကို တစ်ချက်ဝေ့ကြည့်ပြီး ကျွန်တော့်ကို ပြောသည်။

"မင်းတို့က ဇော်ဝင်းကို လျှော့တွက်နေတယ်။ ဒီကောင်က တကယ်ရူးတာ မဟုတ်ဘူး။ ရူးချင်ယောင်ဆောင်နေတာ" ဟု ဦးရဲရင့်က လေသံနိမ့်ပြီး ကျွန်တော်တို့ဘက် လှည့်ပြောသည်။

"ဇော်ဝင်းက တကယ်ရူးတာ မဟုတ်ဘူးလား။ တစ်ရပ်ကွက်လုံးက သူ့ကို အရူးလို့ သတ်မှတ်ထားတာပဲ" ဟု ကျွန်တော်က ဦးရဲရင့်ကို ပြန်ပြောသည်။

ထိုအခါ ဦးရဲရင့်က "ဇော်ဝင်းအကြောင်း မသိလို့ ပြောကြတာပါကွာ။ ဇော်ဝင်းအကြောင်း ငါ ကောင်းကောင်းသိတာပေါ့။ အေးကွာ၊ တိုက်ဆိုင်လာတော့...



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဝင်းအကြောင်းကို အကြောင်းအရာ တစ်ခုအနေနဲ့ မင်းတို့သိအောင် ငါပြောပြမယ်။ မင်းတို့က စိတ်ဝင်စားစရာဆိုရင် ဂမ္ဘီရအကြောင်းအရာတို့၊ တစ္ဆေသရဲအကြောင်းအရာတို့ဆို သိပ်သိချင်၊ ကြားချင်ကြတယ် မဟုတ်လား’ ဟု ပြောလိုက်လေ၏။

‘ကြားချင်တာပေါ့ ဦးလေးရဲ့။ ဇော်ဝင်းအကြောင်းက ဘာစိတ်ဝင်စားစရာကောင်းလို့လဲ’

ဟု အောင်ဇော်က မေးလိုက်ရာ ဦးရဲရင့်က-

‘စိတ်ဝင်စားစရာကောင်းလို့ ကောင်းတယ်လို့ ပြောတာပေါ့ကွ’

ဟု ပြောပြီး-

‘အညာသား မေ့သွားတယ်နဲ့တူတယ်။ လက်ဖက်ရည်လည်း ရောက်မလာသေးပါလားကွ’ ဟု ကျွန်တော့်ဘက် လှည့်ကာ ဆက်၍ပြောလိုက်လေ၏။

‘ကိုအညာသား··ဦးလေးရဲအတွက် ချိုပေါ့လေ။ မှာထားတာ ကြာပြီ’

‘လာပြီ ဆရာ’

အညာသားစံငြိမ်း အသံပေး၍ စားပွဲထိုးကို လှမ်းခေါ်သည်။ စားပွဲထိုး ချာတိတ်လေးက ကမန်းကတန်း လက်ဖက်ရည်ခွက်ကို သွားယူပြီး ကျွန်တော်တို့ဝိုင်းကို လာချပေးလေ၏။

‘ဦးလေးရဲ··ဘာမုန့်စားမလဲ။ မှာပေးမယ်’

ဟု ကျွန်တော်က မေးရာ ဦးလေးရဲက-

‘ဒါနဲ့လည်း လုံလောက်ပါတယ်။ မမှာနဲ့’ ဟု ဆိုကာ လက်ဖက်ရည်ခွက်ကို မ,၍ သောက်လေ၏။

ကျွန်တော်တို့ လူငယ်အဖွဲ့က သုံးယောက်ဖြစ်သည်။ ကျွန်တော်အပါအဝင် အံ့ဇော်နှင့် အောင်ဇော်တို့ ဖြစ်ကြသည်။

‘မင်းတို့ အရူးလို့ထင်နေတဲ့ ဇော်ဝင်းက ပေါ့သေးသေး မဟုတ်ဘူးကွ။ တက္ကသိုလ်က ဘွဲ့ရပြီး ဂေ ၂ဝင်းပြီးသားတဲ့ကောင်ကွ။ သူ့မိဘတွေလည်း ချမ်းသာတယ်။ အစကတော့ ဇော်ဝင်းရဲ့ မိဘတွေကလည်း ဇော်ဝင်းကို ရူးတယ်ထင်ပြီး ရူးသာကြီးကို ပို့သေးတယ်။ ဆရာတွေက ဇော်ဝင်းကို အမျိုးမျိုးစမ်းသပ်ပြီးမှ ခင်ဗျားသား ရူးဘူး။ ကျွန်တော်တို့မေးတာ အကုန်မှန်အောင် ဖြေနိုင်တယ်။ ပြီးတော့ ခင်ဗျားသားက ကျွန်တော် ရှုံးချင်ယောင်ဆောင်နေတာ။ သုံးလလောက်နေပြီးမှ အရင်ပုံမှန်အတိုင်း နေသွားမှာပါလို့ ပြောတယ်။ အဲဒီတော့ ခင်ဗျားသားကို ပြန်ခေါ်သွားပါလို့ ပြောလို့ ဇော်ဝင်းရဲ့ မိဘတွေက ဇော်ဝင်းကို ဆေးရုံကနေ အိမ်ခေါ်သွားကြတာ။ မင်းတို့ အဲဒီအကြောင်း မသိကြဘူးမဟုတ်လား’ ဟု ဦးရဲရင့်က ပြောပြီး စကားကို အဆုံးသတ်ကာ လက်ဖက်ရည်ကို ဆက်၍ သောက်လေ၏။

ကျွန်တော်က-

‘ဦးလေးရဲက ဇော်ဝင်းအကြောင်းကို ဘယ်လိုလုပ်အခုလို သိနေတာလဲ’

ဟု မေးလိုက်ရာ ဦးလေးရဲက-

‘ငါနဲ့ ဇော်ဝင်းမိဘတွေက မိတ်ဆွေတွေပဲ။ အင်မတန် ရင်းနှီးကြတာကလား။ သူတို့က ကိုးရပ်ကွက်မှာ နေကြတာ။ တစ်ပတ်တစ်ခါ သူတို့အိမ်ကို ငါ အမြဲရောက်တယ်။ ဇော်ဝင်းက ငါနဲ့ဆို စကားကောင်းကောင်းပြောတယ်။ တခြားလူတွေနဲ့ဆို မင်းတို့ပြောသလို စကားဝိုင်းပျက်အောင် တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောတာပဲ။ ဒါကြောင့် ခက်မသိတဲ့လူတွေက ဇော်ဝင်းကို ရူးတယ်လို့ ထင်ကြတာ’ ဟု ပြောလေ၏။

ကျွန်တော်လည်း-

‘ဇော်ဝင်းနဲ့ စကားပြောဖူးတယ်။ ကျွန်တော့်ကို အစ်ကို့အဖေက တိုနီကားတစ်(စ်) မဟုတ်လား။ အမေက မွန်ရိုးလေ။ ကျွန်တော်ပြောတာ မှန်တယ် မဟုတ်လားလို့ ပြောလို့ ဇော်ဝင်းကို ကျွန်တော် ရူးတယ်လို့ ယုံကြည်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မိဘတွေက သူပြောတဲ့ နာမည်တွေ မဟုတ်ဘူး။ ကျွန်တော့်အဖေက ဦးလှ၊ အမေက ဒေါ်စိန်၊ ဘာမှမဆိုင်ဘူး။ တိုနီကားတစ်(စ်)နဲ့ မွန်ရိုးဆိုတာက ဟောလီးဝုဒ်က ရုပ်ရှင် မင်းသား၊ မင်းသမီးတွေ။ ဇော်ဝင်း ရူးလို့ ထင်ရာမြင်ရာတွေ ပြောတာပဲလို့ ထင်တာ။ ဦးလေးက ဇော်ဝင်း မရူးဘူးဆိုတော့ စဉ်းစားစရာဖြစ်နေပြီ ဦးလေးရေ’ ဟု အောင်ဇော်က သူ့အတွေ့အကြုံ တစ်ခုကို ထိုသို့ပြောပြလေ၏။

‘မင်းတို့ ထင်မယ်ဆိုလည်း ထင်စရာပဲ။ လောကမှာ မင်းတို့ ငါတို့ မမြင်အပ်တဲ့အရာတွေ အများကြီးရှိတယ်ကွ။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ အဘဘိုးဘိုး အောင်တို့၊ အဘအောင်မင်းခေါင်တို့၊ ယက္ကန်းစင်အောင်

www.burmeseclassic.com

ဆရာတော်ဘုရားတို့ကို မင်းတို့ မြင်ဖူးလား’

ဟု ဦးရဲရင့်က မေးလိုက်ရာ ကျွန်တော်တို့ တစ်ဖွဲ့သားလုံးက ‘မမြင်ဖူးဘူး’ ဟု တစ်ပြိုင်တည်း ဖြေကြားလိုက်လေ၏။

‘အေး‥အဲဒါပဲ။ တကယ်တော့ ငါလည်း မြင်ဖူးတာတော့ မဟုတ်ဘူး။ စာပေတွေထဲက ဖတ်သားမှတ်သားဖူးလို့ ပြောပြတာ။ အခု ဇော်ဝင်းဟာလည်း ငါတို့ သာမန်မျက်လုံးတွေနဲ့ မမြင်နိုင်တဲ့ ဓာတ်သဘောတွေ သူ့ကိုယ်ထဲမှာ ကိန်းနေတယ်လို့ ငါထင်တယ်’ ဟု ဦးရဲရင့်က ဆက်ပြောလေ၏။

‘ဘာဓာတ်တွေလည်း ဦး’ ဟု အံ့ဇော်က မေးလိုက်၏။

‘ဝိဇ္ဇာဓာတ်တွေ ကိန်းနေတယ်လို့ပြောတာ။ ဘာဖြစ်လို့လဲဆိုတော့ ဇော်ဝင်းဟာ သက်သတ်လွတ် ရာသက်ပန်စားတဲ့ကောင်ကွ။ ပြီးတော့ ပုတီးကလည်း လက်ကမချဘူး။ တစ်နေကုန် ပုတီးပဲ စိပ်နေတာ။ ဘယ်ဘုရားသွားကြည့်ကြည့် အမြဲတမ်း သူ့ကို မြင်ရတယ်၊ တွေ့ရတယ်။ သမထအား အရမ်းကောင်းတာ။ ဒီနေ့တော့ ဇော်ဝင်း အကြောင်းပဲ ငါပြောပြတော့မယ်။ နောက်နေ့တွေကျတော့မှပဲ တခြားအကြောင်း ပြောကြတာပေါ့’ ဟုဆို၍ ဦးရဲရင့်က ဇော်ဝင်းအကြောင်း ဆက်၍ပြောလေတော့၏။

‘အမှန်တော့ ဇော်ဝင်းဟာ ရူးတာ မဟုတ်ဘူးကွ။ အထက်ပုဂ္ဂိုလ်တွေ ခိုင်းတာ။ မလုပ်ဘဲ ငြင်းဆန်လို့ အထက်ပုဂ္ဂိုလ် ဝိဇ္ဇာတွေက သူ့ကို ဒဏ်ခတ်လိုက်တာ’

ဟု ဦးရဲရင့် ကပြောလိုက်ရာ ကျွန်တော်က-

‘ဝိဇ္ဇာတွေဒဏ်ခတ်တာ ရူးတတ်လို့လား ဦးလေးရဲ’

‘ရူးတတ်တာပေါ့။ ဝိဇ္ဇာအပိုင်းမှာလည်း ဌာနဆိုင်ရာလူတွေလိုပဲကွ။ အဆင့်အတန်း ရာထူးတွေနဲ့ ဖွဲ့စည်းထားကြတာ။ မန်နေဂျာချုပ်က မန်နေဂျာကို နိုင်သလို မန်နေဂျာကလည်း သူ့အောက်က စာရေးစာချီတွေကိုနိုင်၊ စာရေးစာချီတွေကလည်း အောက်လက်ငယ်သား မင်းစေကို နိုင်သလိုမျိုးပေါ့။ ဝိဇ္ဇာတွေမှာလည်း အဲသလိုရှိနိုင်တာပေါ့။ သမထအခြေခံ နည်းသေးတဲ့ ဇော်ဝင်းကိုလည်း သူ့ထက် သမထအခြေခံကောင်းတဲ့ ဝိဇ္ဇာပေါက်လေးက ပညာပေးလိုက်တာမျိုးလည်း ဖြစ်နိုင်တာပဲကွ။ ဝိဇ္ဇာတိုင်းလည်း သိပ်အထင်မကြီးနဲ့။ ဝိဇ္ဇာနှာဘူးတွေလည်း ရှိတယ်ငါ့ကောင်ရဲ’ ဟု ဦးရဲရင့်က ပြောလိုက်ရာ ကျွန်တော့်မှာ ထိုစကားကြောင့် အံ့သြ၍သွားလေ၏။

‘ဦးရဲကတော့ လုပ်ပြီ။ ဝိဇ္ဇာနှာဘူးဆိုတာ ကျွန်တော် မကြားဖူးပါဘူး’ ဟု ကျွန်တော်က ပြောလိုက်လေ၏။

‘မင်းက စာအားနည်းလို့ပါ။ တာနောယက္ခဘီလူးငုံထားတဲ့ ရွှေကြုတ်ထဲက မိန်းမကို ဝိဇ္ဇာမိုရ်ဝင်ပြီး သမသွားတဲ့အကြောင်း ရာဇဝင်မှာရှိတယ်။ ဝိဇ္ဇာတွေက အမယ်များတယ်ကွ။ အမှန်ဝိဇ္ဇာစစ် ဝိဇ္ဇာမှန်ဆိုတာ ဓမ္မဝိဇ္ဇာ၊ အရိယာဝိဇ္ဇာတွေပဲ ဂိတ်ချရတာ။ ခုခေတ်ဝိဇ္ဇာတွေ၊ ဘိုးတော်တွေကတော့ မချောင်ဘူး။ ဆွဲစိ ဆွဲစား အကြံအဖန်တွေ များတယ်။ အေး‥ဇော်ဝင်းကတော့ အမှန်အကန်လို့ ယူဆတယ်’

‘ဦးလေးရဲက ဘာပေတံနဲ့တိုင်းပြီး အမှန်အကန်လို့ ပြောနိုင်ရတာလဲ’

ဟု ကျွန်တော်က မေးလိုက်ရာ ဦးရဲရင့်က-

‘မင်းတို့သိအောင် ငါလက်တွေ့ပြမယ်’ ဟု ပြောပြီး ဇော်ဝင်းကို လှမ်းခေါ်လိုက်လေ၏။

‘မောင်ဇော်ဝင်းရေ‥ငါ့ဆီ ခဏလာဦး’

ဟု ခေါ်လိုက်ရာ ဇော်ဝင်း ဦးရဲရင့်ဆီ တစ်ချက်လှမ်းကြည့်ပြီး-

‘ကျွန်တော် မလာတော့ဘူး ဦးလေး။ ကျွန်တော့်ကို ဦးလေးက လက်တွေ့စမ်းသပ်ပြီး သူတို့ကို ယုံကြည်အောင် လက်တွေ့လုပ်ပြခိုင်းမလို့ မဟုတ်လား။ ကျွန်တော် သိတယ်။ သူတို့ယုံတာ၊မယုံတာ ကိစ္စမရှိဘူး။ မနက်ဖြန် ကျွန်တော် ဝိဇ္ဇာဒဏ်ခတ်မှုက လွတ်ပြီ။ နောင်ဆိုရင် ကျွန်တော် ဝိဇ္ဇာခိုင်းရင် မငြင်းတော့ဘူး။ ခု ငြင်းလို့ ခံခဲ့ရပြီးပြီ။ နောင်လည်းကျဉ်သွားပြီ။ နောင်တလည်း ရသွားပြီ။ မနက်ဖြန် ကျွန်တော် ပုံမှန်အတိုင်း ဝတ်စားပြီး ဦးလေးကို့ဆီ ကျွန်တော်လာခဲ့မယ်။ အခုတော့ အရူးဓာတ် တစ်ရက်ကျန်သေးလို့ မြေလျှောက်ဝိဇ္ဇာအရူး လုပ်လိုက်ဦးမယ် ဦးလေး’ ဟု ပြောဆိုကာ အညာသား လက်ဖက်ရည်ဆိုင်မှ ထွက်ခွာသွားလေတော့၏။

◆◆◆

နောက်တစ်နေ့ ညနေပိုင်းအချိန်သို့ရောက်တော့ ကျွန်တော်တို့ဝိုင်းသို့ ဦးရဲရင့် ရောက်လာလေ၏။

ဦးရဲရင့်ရောက်လာပြီး သိပ်မကြာခင်မှာပင် ဇော်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာလေ၏။

ကျွန်တော်တို့ ဇော်ဝင်းကိုကြည့်ပြီး အံ့သြနေကြလေ၏။ အဘယ်ကြောင့်ဆိုသော် ဇော်ဝင်းသည် ဖိုသီဖတ်သီ ဖရိုဖရဲဖြစ်နေသော ယခင်အဝတ်အစားနေရာတွင် ယခု လူကောင်းသူကောင်းများ ဝတ်ဆင်လေ့ရှိသည့် လည်ကတုံး ရှပ်လက်ရှည်အဖြူနှင့် ကချင်လုံချည်ကို ခန့်ခန့်ရန့်ရန့် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ပြီး ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့သောကြောင့်ဖြစ်သည်။

ဦးရဲရင့်ကိုလည်း-

"ဦးလေး··ကျွန်တော် ဝင်္ကကျွတ်သွားပြီ။ ခဏရှုံးသွားတဲ့ကိစ္စ ဦးလေးကို တောင်းပန်ပါတယ်။ ဖေဖေနဲ့ မေမေကလည်း ဦးလေးကို အိမ်ကို ကြွခဲ့ပါလို့ မှာလိုက်လို့ ဦးလေးကို လာခေါ်တာ။ အိမ်ရောက်ရင် ဖေဖေနဲ့ မေမေက ဦးလေးတရားကို နာချင်လို့တဲ့။ ဦးလေး အိမ်ရောက်ရင် အရင်ဟောပြောနေကျအတိုင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မသံဝေဂနဲ့ သြဝါဒကထာများကို ကြားနာချင်လို့တဲ့" ဟူ၍ ပြောလိုက်ရာ ကျွန်တော်တို့သည် ဝတ်စားဆင်ယင်မှု ယဉ်ကျေးသိမ်မွေ့၍ ဥပမိရုပ်ကောင်းသော လူချောလူခန့် ဇော်ဝင်း၏ စကားအသွားအလာကို နားထောင်ကြည့်လိုက်သောအခါ ကျွန်တော်တို့သည် လွန်စွာဗဟုသုတကြွယ်ဝသော ဦးရဲရင့်၏ စကားဗဟုသုတတို့ကို လက်ခံယုံကြည်သွားရုံတင်မက ဦးရဲရင့်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူကိုပါ ရှိသေလေးစားအထင်ကြီး၍သွားမိလေတော့သတည်း။

ဇော်ဝင်းနှင့်ပတ်သက်၍ ကျွန်တော့်၏ စိတ်ထဲမှာ စကားအပြောအဆိုရော ရုပ်ဆင်းသဏ္ဌာန်ပါ ပြောင်းလဲသွားသော ဇော်ဝင်းကိုကြည့်၍ အံ့သြနေမိလေ၏။ မနေ့က သူပြောသွားခဲ့သော နောက်ဆုံးစကားလေး၏ နိဂုံးအပိုင်းလေးကို ပြန်၍အမှတ်ရနေမိတော့၏။

"ကျွန်တော် ပုံမှန်အတိုင်း ဝတ်စားပြီး ဦးလေးတို့ဆီ ကျွန်တော်လာခဲ့မယ်။ အခုတော့ အရူးစိတ် တစ်ရက်ကျန်သေးလို့ မြေလှျောက်ဝိဇ္ဇာအရူး လုပ်လိုက်ဦးမယ် ဦးလေး" ဟူသော စကားထူး စကားဆန်းပင် ဖြစ်ပေတော့သတည်း။

**ရှင်ထွေးအောင်**


**ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ**

အထူးအမိန့်ဖြင့် သာသနာပြုလျက်ရှိသော

# ဆရာမကြီး အေးမိုးမိုး



**စိတ်မနော၊အာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

တတ်နိုင်ဘ်မာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည့်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၉၅၂ ၅၂၀ ၊ ၀၉ ၄၂၀၂၀ ၂၁၆၈


www.burmeseclassic.com

www.burmeseclassic.com

## သက်နိုင် (ကိုကြော့)

# အရိပ်ပေလား အတိတ်တစ္ဆေလား



ရယ်။ ငွေသဲကရ ရေထဲမှာကုန်

ဆိုသလို မော်တော်နှစ်စင်း ဓားပြ

တိုက်ခံရလို့ စီးပွားရေးပျက်ခဲ့ရပြီ။ သားတွေကို ရှင်ပြု

ပေးမလို့ စုဆောင်းထားတဲ့ ငွေကြေးတွေတောင် ပါသွား

သေးတယ်။ ငါ့သားတွေကို သင်္ကန်းတစ်စုံ၊ ဆွမ်းတစ်

အုပ်နဲ့ ဘုန်းကြီးကျောင်းတက်ပြီး ရှင်ပြုပေးခဲ့ရတယ်'

ထုံးစံအတိုင်း အမေက စကားကို ရှည်ရှည်ဝေးဝေး

ပြောပြီး မျက်ရည်တစမ်းစမ်း ဖြစ်လာသည်။

'ကိုကြီး၊ ကိုလတ်နဲ့ ညီလေးကို ရှင်ပြုပွဲလုပ်ပြီး

သင်္ကန်းဆီးပေးနိုင်ခဲ့ပြီပဲ အမေရယ်'

'ဟဲ့..ငါ့မှာ သားလေးယောက် ရှိတာလေ။ နင်က

အဝေးမှာနေလို့ ရှင်ပြုပွဲမှာ မပါခဲ့ဘူး။ ငါက သားတွေ

အားလုံးကို ပွဲလုပ်ပြီး သင်္ကန်းဝတ်ပေးချင်တာ'

ရင်မှဖြစ်သောသားကို သင်္ကန်းဝတ်နှင့် မြင်တွေ့ချင်

သည်က မိဘတိုင်း၏ဆန္ဒ ဖြစ်ပေမည်။ အဖေနှင့်အမေ

သက်ရှိထင်ရှားရှိစဉ်သူတို့ လိုအင်ကို ဖြည့်ဆည်းပေး

သင့်လျော်ပေမည်။

'ကျွန်တော် ရွာပြန်ရောက်လာပြီလေ။ အခွင့်အရေး

သင့်ရင် ဆယ်ရက်လောက် သင်္ကန်းဆီးကြတာပေါ့'

'တကယ်ပြောတာလား ပေါက်စလေး။ ဒါဆိုရင်

သားကို အမေ ပဉ္စင်းတက်ပေးမယ်'

'ကောင်းတယ် အမေ၊ ဒီတစ်ခါ မဒေးတော်ကျွန်း

(၁)

'ဟင်..ပုစွန်တွေက အရှင်တွေပါလား'

ပုစွန်ခေါင်းချိုးသည့်နေရာသို့ ရောက်လာသော အမေ

က အလိုမကျဟန်ဆိုသည်။

'တစ်ကောင်တလေ ပါတာပါ အမေရယ်'

အပြင်သို့ ခုန်ထွက်သွားသော ပုစွန်ကို ကောက်ပြီး

ခေါင်းချိုးကာ ခြင်းအတွင်းသို့ ပစ်ထည့်လိုက်သည်။

'တစ်ကောင်မှာလည်း အသက်ရှိတာပဲ သားရယ်။

အင်း..အကုသိုလ်အလုပ်နဲ့ မကင်းနိုင်ကြပါလား'

'ကိုယ်တိုင် ပင်လယ်ထဲဆင်းပြီး ဖမ်းတာ မဟုတ်

ဘူးလေ အမေရဲ့'

'အေး..ဒီလိုဆင်ခြေမျိုးနဲ့ နင်တို့အဖေကလည်း စက်

လှေတွေထောင်ပြီး ငါးဖမ်းခဲ့တယ်။ အကုသိုလ်အလုပ်နဲ့

ရှာဖွေလို့ရတဲ့ ငွေကြေးက ပူလောင်လွန်းပါတယ် သား



www.burmeseclassic.com

www.burmeseclassic.com

မှာ သက်န်းဝတ်ကြမယ်'

မဒေးတောင်မှာ လုံးသာဘက်အခြမ်းတွင် တည်ရှိသည်။ ပစောက်ပုံသဏ္ဍာန် သဗြုချိုင်ပင်လယ်အော်အတွင်းသို့ ထိုးထွက်နေသော တောင်တစ်လုံးဖြစ်သည်။ မတ်စောက်ပြီး သစ်ပင်ကြီးငယ်များ ထူထပ်စွာပေါက်ရောက်လျက်ရှိ၏။ တောနက်သလို လူသူအရောက်အပေါက်နည်းလှသည်။

အရှေ့ဘက်တွင် သဗြုန်ချိုင်ဟုခေါ်သော ပင်လယ်ကွေ့တစ်ခုရှိသည်။ အနောက်ဘက်ခြမ်းရှိ နတ်မော်တောင်နှင့် မောင်ရွှေလေးတောင်ကိုလွန်သော် အပြာရောင် ပင်လယ်ကြီးကို မျက်စိတစ်ဆုံး လှမ်းမြင်ရသည်။ ဂျပန်ခေတ်က သင်္ဘောပစ်အမြောက်ကြီးများ ထားခဲ့သည်ဟု ပြောကြသည်။ တောင်ထိပ်မှ ကမ်းစပ်တောင်ခြေသို့ ဆင်းသည့် ဂျပန်လမ်းတစ်ခုကို ယခုတိုင် တွေ့နိုင်သည်။

တောင်ကြောတစ်လျှောက် ဆွမ်းချက်ဆောင်၊ ယောဂီအမျိုးသမီးဆောင်၊ ရေကန်၊ တရားပြရာ ပင်မအဆောက်အအုံ၊ ကျောင်းထိုင်ဆရာတော်နှင့် ဦးပဉ္စင်းများ သီတင်းသုံးသည့် ကျောင်းဆောင်၊ ဆွမ်းစားဆောင်၊ စေတီငယ်တစ်ဆူနှင့် တောင်စွယ်ထိပ်၌ နိုင်ငံခြားသားများ တရားအားထုတ်နေထိုင်ရန် သီးသန့်ကျောင်းဆောင်ရှိသည်။ ထိုမှတစ်ဖန် အရှေ့ဘက်ခြမ်း တောင်ကမ်းပါးယံ၌ သဗ္ဗာန်ချိုင် ပင်လယ်ကွေ့ကို မျက်နှာမူလျက် အလိုတော်ပြည့်ဆရာတော်ဘုရားကြီး သီတင်းသုံးနေထိုင်ရန် သီးသန့်အဆောင်တစ်ခု နားနေဆောင်နှင့် ယောဂီယောကျ်ားများအတွက် ကျောင်းဆောင်နှစ်ဆောင် ရှိသေးသည်။ အေးချမ်းစွာ တရားအားထုတ်လိုသူများအတွက် အသင့်လျော်ဆုံး နေရာတစ်ခုဟု ပြောရပေမည်။

(၂)

ရှင်ပြုရဟန်းခံပွဲကို ကျွန်တော်၊ အစ်ကိုကြီး၏သားနှင့် ယောက်ဖ၊ ညီမလေး၏ သားအပြင် ဦးရေမပြည့်သဖြင့် ိုက်လိုက်နေသူ တစ်ယောက်ကိုပါ သင်္ကန်းဆီးပေးခဲ့သည်။ တူနှစ်ယောက်က ကိုရင်ဝတ်ပြီး ကျွန်တော်အပါအဝင် အိမ်ထောင်သည် သုံးယောက်က ဒုလ္လဘရဟန်းခံကြသည်။

သံဃာတော်ဆွမ်းအတွက် ငါးဟင်းအမယ်စုံကို အိမ်မှာပင် ချက်ပြုတ်ကြသည်။ လှူငါးဆယ်စာအတွက် ခန့်မှန်းပြီး ကြက်၊ ဝက်၊ ငါးစိမ်း၊ ငါးခြောက်နှင့် အသီးအရွက်များကို တောင်ပေါ်သို့ယူကာ ညဦးကပင် ချက်ပြုတ်ကြသည်။ ချက်ပြုတ်အဖွဲ့ဝင်များ အိပ်ချင်ပြေအဖြစ် ဗီဒီယိုကို ညလုံးပေါက် ပြသထား၏။ မှောင်နှင့်မည်းမည်းရှိသည့်တောင်မှာ လျှပ်စစ်မီးရောင်ဖြင့် လင်းထိန်နေတော့၏။ ကျွန်တော်သည်လည်း မအိပ်ဘဲ သူတို့ကို ဝိုင်းကူရင်း မိုးစင်စင်လင်းခဲ့ရ၏။

မနက်ရောက်တော့ အိပ်ချင်စိတ်ကို အတင်းဖျောက်ကာ ဆံချ၊ ရေချိုး၊ သင်္ကန်းဆီးပြီး သိမ်ဝင်ရသည်။ ဆရာတော်များ၏ ကမ္မဝါရွတ်ဖတ်သံများက နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက် လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်နေရင်း လဲပြိုမကျအောင် အထူးသတိထားနေရ၏။ သိမ်ဝင်ပွဲပြီးသောအခါ ဆွေမျိုးအသိုက်အဝန်းများ၊ အသိမိတ်ဆွေများက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

တဖွဲဖွဲရောက်လာသည့် ဧည့်ပရိသတ်မှာ မှန်းထားသည်ထက် များနေခဲ့၏။ မိဘနှစ်ပါးစလုံး အပြုံးကိုယ်စီနှင့် ဖြစ်နေကြသည်။ လာရောက်နှုတ်ဆက်ကြသော မိတ်ဆွေများကို ဧည့်ခံရင်း တစ်နေ့တာ ကုန်ဆုံးသွားခဲ့သည်။ လူမှာလည်း ပင်ပန်းနွမ်းရိကာ အိပ်ချင်စိတ်ကို တားမရအောင် ဖြစ်လာသည်။ သို့ဖြင့် ကျောင်းထိုင်ဆရာတော် သတ်မှတ်ပေးထားသည့် ယောကျ်ားယောဂီဆောင်ရှိရာ အရှေ့ဘက် တောင်ကမ်းပါးယံသို့ တစ်ပါးတည်း ဆင်းလာခဲ့သည်။ အဆင်းအတက်လမ်းကို ကွေ့ကာဝိုက်ကာ ခပ်ပြေပြေဖောက်လုပ်ထားသဖြင့် သွားလာရ အဆင်ပြေလှ၏။

စမ်းငယ်တစ်ခုအား ဖြတ်ပြီးခင်းထားသော တံတားကို လွန်သည်နှင့် ပြောဆိုဆူညံသံများ မကြားရတော့။ သစ်ရွက်ခြောက်များပေါ်မှ ဖြတ်သန်းပြေးလွှားနေသည့် သတ္တဝါလေးများ၏ ခြေသံကိုသာ ကြားရသည်။ ကျေးငှက်တို့က အိပ်တန်းဝင်ကုန်ကြပြီ။ ယခင်က ကျင်လည်ကျက်စားနေခဲ့ကြသည့် တောဝက်၊ မြွေဆိုးမြွေဟောက်လို သတ္တဝါများမှာ လူသူကင်းဝေးရာ တောတောင်များသို့ ကူးပြောင်းသွားကြပြီ။

တောင်ပိန္နဲပင်ကြီးအောက်သို့ရောက်စဉ် ကျောထဲမှ စိမ့်ခနဲဖြစ်သွား၏။ ထိုအပင်မှာ ယောကျ်ားယောဂီဆောင်၏ အပေါ်တည့်တည့်တွင် ရှိသည်။ တောရိပ်တောင်ရိုင်

www.burmeseclassic.com

ကြောင့် ဖြစ်မယ်လေဆိုပြီး ဆရာတော်ဘုရားကြီး၏ သီးသန့်ဆောင်ရှိရာသို့ သွက်သွက်လှမ်းလိုက်သည်။ ထိုအဆောင်သို့ရောက်ပြီး လမ်းအတိုင်း ဂငယ်ကွေ့ ပြန်ကွေ့ကာ အစွန်ဆုံးအဆောင်ရှိရာသို့ ဦးတည်လိုက်၏။

ကျောင်းဆောင်သို့ ရောက်သည်နှင့် ကိုယ်လက်သန့်စင်ပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲနာကျင်လို့နေပြီ။ နေ့လယ်က အပျော်စိတ်ကြောင့် တက်ကြွနေခဲ့သော်လည်း ခေါင်းချလိုက်သည်နှင့် အိပ်ချင်စိတ်ကို တားမရတော့။ စိတ်အလိုလိုက်လို့ မဖြစ်ချေဘူးလေ ဆိုသည့်အသိကြောင့် ဝင်လေ ထွက်လေကို နှာသီးဖျားမှာတင်ပြီး သတိထား ရှုမှတ်နေလိုက်၏။

လူသံကင်းမဲ့ပြီး အေးချမ်းလိုက်သည့်ဖြစ်ခြင်း။ တိတ်ဆိတ်မှုကြောင့် ကျောင်းခေါင်မိုးနှင့် သရက်ရွက်များ၏ ပွတ်တိုက်သံတရှဲရှဲကို ကြားရသည်။ ပိုးကိုက်ခံသရက်သီးအကင်းများ မြေပြင်သို့ တဖုတ်ဖုတ် ကြွေဆင်းနေကြသည်။ ခေါင်မိုးပေါ် ကြွေလာသည့် သီးကင်းများကမူ သံဖြူပေါ် တလိမ့်လိမ့်ပြေးလွှားပြီး အသံပေးလျက် ရှိနေသည်။

တရားမှတ်ရင်း တစ်ချက်တစ်ချက် ငိုက်မျဉ်းသွားသည့်စိတ်ကို အတင်းနှိုးဆွနေရသည်။ ညဉ့်နက်လာသည်နှင့်အမျှ လေကအေးမြပြီး ချမ်းစိမ့်စိမ့်ပင်ဖြစ်လာသည်။ သို့ဖြင့် ကိုယ်ရုံသင်္ကန်းအား ပခုံးအထိ ဆွဲတင်လိုက်ရသည်။

(၃)

'ဘုန်း' ကျယ်လောင်လွန်းသည့် အသံကြောင့် မျက်လုံးကို အတင်းဖွင့်ကြည့်မိသည်။ ကျောင်းခေါင်မိုးထုပ်တန်းကို ခိုပြီး တရွေ့သွားနေသော ဖြူဖြူအကောင်ကြီးတစ်ကောင်။ အလုံးအရပ်ကို မှန်းလို့မရ။ ဘယ်ဟာခေါင်းဖြစ်သည်၊ ဘယ်ဟာ ခြေဖြစ်သည်ကို မဝေခွဲနိုင်။ ပုဝိုင်းဝိုင်းနှင့် ဝါဂွမ်းစိုင်တစ်ခုနှယ်။

အန္တရာယ်ပေးမည့် အကောင်ပေလောဟု တွေးပြီး ထိတ်လန့်စိတ် ခိုဝင်လာ၏။ အကယ်၍ တိုက်ခိုက်လာပါက မည်သို့ခုခံရမည်နည်း။ တုတ်၊ ဓားလို လက်နက်မျိုး အနားမှာမရှိ။ ညရေးညတာ ရေငတ်ပါက အဆင်သင့်သောက်နိုင်ရန် ရေသန့်တစ်ဘူးသာ ယူလာခဲ့သည်။ ထိုဘူးနှင့် ခုခံတိုက်ခိုက်ဖို့ မဖြစ်နိုင်။ စဉ်းစားရင်း ဖောခွျေးပြန်လာသည်။ ဆေးလိပ်ပြာခွက် ရှိသေးတာပဲဟု တွေးမိသည်။ ဖန်ခွက်ဖြစ်၍ အတော်အသင့်အလေးချိန်ရှိသည်။ လက်နက်မရှိတာထက်စာရင် မဆိုးလှ။

ဖြူဖြူအကောင်ကြီးကို မမှိတ်မသုန်စိုက်ကြည့်နေပြီး ယာဘက်သို့ စမ်းလိုက်၏။ မတွေ့။ ဝဲဘက်မှာရှိနေမလားဟု ဘယ်လက်ဖြင့် စမ်းကြည့်ပြန်သည်။ ခုခုခံခံရှိသည့် တွေ့ထိမှုမျိုး မရ။ ခန္ဓာကိုယ်ကို ရွှေ့ပြောင်းပြီးရှာမည်ဟု စိတ်ကူးပြီးမှ လက်လျှော့လိုက်သည်။ လှုပ်ရှားမှုကို ဖြူဖြူအကောင်ကြီး သတိပြုမိသွားလို့မဖြစ်။

အနီးအပါးတွင် လူရှိနိုးဖြင့် ဦးခေါင်းကို အသာစောင်းငဲ့ကြည့်မိပြန်သည်။ ခေါင်းအုံးနှင့် စောင်များသာ အစီအရီချထားသည်ကို တွေ့ရသည်။ တစ်စုံတစ်ဦးမျှ ရှိမနေ။ ဒီတစ်ခါဖြင့် ခက်ချေပြီးဟု တွေးပြီး ဖြူဖြူအကောင်ကြီးရှိရာသို့ ပြန်လှည့်လိုက်သည်။ ဘသားချောက မိမိအပေါ်တည့်တည့်သို့ပင် ရောက်နေပြီ။

ရန်မူလာပါက လက်ဗလာဖြင့် တုံ့ပြန်ဖို့ မဖြစ်နိုင်။ တစ်ခုခုရှိအောင် လုပ်ရမည် အတွေးဖြင့် ဆေးလိပ်ပြာခွက်ကို ကမန်းကတန်း လျှောက်စမ်းလိုက်သည်။ လှုပ်ရှားသံကြောင့် ခေတ္တငြိမ်သွားပြီး အကောင်အထည်ပိုမိုကြီးထွားလာ၏။ ထို့နောက် ကျောင်းခေါင်မိုးထုပ်တန်းမှ ခုန်ချလိုက်သည်။

လေးလံလွန်းသည့် ဝန်ထုပ်ကြီးတစ်ခု ခန္ဓာကိုယ်ပေါ် ပိကျလာသလို ခံစားရသည်။ ခြေ၊ လက်များမှာ တုပ် နှောင်ခြင်းခံရသလို လှုပ်ရှားမရတော့။ ကိုယ်က ရုန်းလေ သူ၏အလေးချိန် ပိုများလေ ဖြစ်နေသည်။ ရုန်းကန်နေ သဖြင့် မောဟိုက်နွမ်းနယ်ကာ ရင်တစ်ခုလုံး ဖားဖိုထိုးသလို ဖြစ်လာသည်။ တစ်ယောက်ယောက်ကြားအောင် အော် ဟစ်လိုက်ပြန်သည်။ လည်ပင်းကိုပါ ဖိညှစ်ထားသလို ဖြစ်နေသဖြင့် တအစ်အစ်အသံသာ ထွက်လာ၏။ ကြာ မရသည့်အဆုံး မှတ်မိသမျှ ဘုရားစာများကို ရွတ်ဆိုရင်း အားကုန်ညှစ်ကာ ကန်ကျောက်တွန်းထိုးပစ်လိုက်သည်။

တွန်းထုတ်ကန်ကျောက်မှုကြောင့်လော၊ သို့တည်း မဟုတ် ဘုရားစာ၏ အစွမ်းသတ္တိပေကြောင့်လော မ တတ်။ ခန္ဓာကိုယ်က ရုတ်ခြည်းပေါ့ပါးသွားသည်။ နေရာမှ ချက်ချင်းထိုင်လိုက်ပြီး ဖြူဖြူအကောင်ကြီး ကြည့်မိသည်။ ကျောင်းဆောင်လှေကားမှ ဒရောမော

www.burmeseclassic.com

www.burmeseclassic.com

ပြေးဆင်းသွားသည်ကို တွေ့ရ၏။

'ဟော..ကိုယ်တော်က မအိပ်သေးဘဲကိုး။ ချွေးတွေလည်းနစ်လို့၊ ဘာဖြစ်တာလဲ ကိုယ်တော်'

လှေကားမှ အစီအရီတက်လာကြသော ကိုယ်တော်လေးပါးကိုတွေ့သည်။

တူတော်မောင်များဖြစ်သည့် ကိုရင်နှစ်ပါး ထိတ်လန့်သွားမည်စိုးသဖြင့် -

'ဘာမှမဖြစ်ပါဘူး ကိုယ်တော်ကြီးရယ်။ ပူလွန်းလို့ထိုင်နေတာပါ'

ယနေ့ညအဖို့ ဆက်ပြီးအိပ်ရန် မဖြစ်နိုင်တော့ပြီ။

(၄)

'ဆယ်ရက်နေမယ်ဆိုပြီး သုံးရက်တည်းနဲ့ လူထွက်လာပါလား ပေါက်စရ၊ ဘာလဲ၊ မင်းတူတွေ ထွက်လို့တစ်ခါတည်း ထွက်လာတာလား'

အိမ်သို့ရောက်မဆိုက် ကိုကြီးက လှမ်းမေးသည်။

'ပုစွန်ဒိုင်ကို စိတ်မချလို့ ကိုကြီးရေ။ နောက်ပြီး...'

'နောက်ပြီး ဘာဖြစ်လဲ'

ပထမဦးဆုံးနေ့က ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြလိုက်သည်။

'အင်း..မင်းတို့ ကြောက်မှာစိုးလို့ ငါမပြောဖြစ်ခဲ့တာ။ တစ်နှစ်က သဖြုချိုင်ကိုသွားတဲ့ မော်တော်တစ်စင်းမြုပ်လို့ လူတွေ သေခဲ့တယ်။ လူသေအလောင်းတွေက သဖြုနှဲချိုင်မှာ တင်ကျန်ခဲ့တယ်လေ။ နောက်တော့...'

မိမိမသိခဲ့သည့်အကြောင်း သိချင်စိတ်ကြောင့် ကိုကြီး၏ စကားကို နားထောင်လိုက်သည်။

'ဆိုတော့'

'ကပ္ပိယကြီး ပြောစကားအရ မကျွတ်မလွတ်တဲ့ အကောင်တစ်ကောင်က ကျောင်းထိုင်ကိုယ်တော်ဆီမှာ နေရာတောင်းသတဲ့။ ဒါနဲ့ တောင်ပိန္နဲပင်ကြီးမှာ နေရာပေးခဲ့တယ်လို့ ဆိုတယ်။ အဲဒီအကောင်ကြီးများ ဖြစ်နေမလား'

ကျွန်တော့်အနေဖြင့် တစ္ဆေသရဲကို ယုံကြည်စိတ် မရှိသော်လည်း...။

သက်နိုင်(ဂျီတွော)


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သော်ကရေး မခက်ပါ။

မကုသခင် လာရောက်ဆွေးနွေးပါ။

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

လဆန်း(၉)ရက်နေ့ည။

အုန်းခြံထဲက လှူသွား လမ်းကလေးပေါ် လရောင် ဖြာကျနေသည်။ ကောလီသည် မောင်သံတိုင်၏ အခြေအနေကို အကဲခတ်ကာ စကားစမေး လိုက်၏။

'ငါ့တူလေး၊ ဟိုအရင် တစ်ပတ်လောက်က မြိတ်မြို့ကို ရောက်သေးလား'

ခြေလှမ်းတုံ့သွားပြီး ကောလီကို လှည့်ကြည့်၏။

'ဟုတ်ကဲ့၊ ရောက်ပါတယ်'

'အဲဒါကြောင့် တူလေးကို အံပေါင်း အိမ်ရှေ့မှာ မြင်မိ လိုက်တာကိုး။ အံပေါင်းအိမ် ငါ့တူ ဘာသွားလုပ်ပါလိမ့်'

'ကျွန်းပိုင်လေးက မိကျောင်းဆေး ဝယ်ဖို့ လွှတ်လိုက်လို့လေ ဦး'

'ဟုတ်လား၊ အံပေါင်းက မိကျောင်းဆေးရောင်းလို့ လားကွ။ ဘယ်လို မိကျောင်းဆေးပါလိမ့်'

'မိကျောင်းဆေး ပြောတာပဲ ဦး။ ကျွန်တော်လည်း မသိဘူး။ ကျွန်းပိုင်လေးက မိကျောင်း မွေးတော့ မိကျောင်းဆေးပေါ့'




'ဟိုတစ်နေ့က ဦး သူ့မိကျောင်းအိုင်ထဲ ရောက်ပြီးပါပြီ'

ကောလီခေါင်းထဲ အတွေးတွေ ရှုပ်ယှက်ခတ်သွား သဖြင့် စကားခဏပြတ်သွား၏။

မောင်သံတိုင်အား မည်သို့ဆက်မေးခွန်းထုတ်ရမည်ကို

www.burmeseclassic.com

www.burmeseclassic.com

တွေးရ၏။ ကောင်လေးမှာ ရိုးသားသဖြင့် သူသိလျှင်တော့ အမှန်ပြောလိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့်-

'မင်းက ငါ့တူမို့ပါ။ မင်းသွားဝယ်တာ မိကျောင်းဆေးမဟုတ်ဘဲ ဘိန်းတွေဘာတွေများ ဖြစ်နေမလားကွ။ ကျွန်းပိုင်လေးက ဘိန်းရှုတတ်လို့လား'

မောင်သံတိုင်က ဘာကိုသဘောကျသွားသည် မသိ၊ တခစ်ခစ် ရယ်လိုက်ပြီး-

'ဦးကလည်း ကြံကြံဖန်ဖန် ကျွန်တော်တို့ဆီက ပုလဲငုပ်သမားတွေဆီမှာ ဘိန်းကို ကျွန်တော်မြင်ဖူးပါတယ်။ ဘိန်းက အမည်းပဲ'

'ခု မိကျောင်းဆေးက ဘယ်လိုအရောင်လဲကွ။ အဖြူလား၊ အချိုမှုန့်လိုလား'

'အထုပ်နဲ့ဆိုတော့ အရောင်မမြင်ရဘူးလေ ဦး။ ကျွန်းပိုင်လေးက ဘိန်းစားမှမဟုတ်တာ။ မိကျောင်းဆေးပါဆို'

'ဦးကလည်း ကိုယ့်တူမို့ မေးကြည့်တာပါ။ ဦးတို့ကြားတာကတော့ အံပေါင်းက ဘိန်းလည်း ရောင်းတယ်လို့ သိုးသိုးသန့်သန့် ကြားဖူးလို့ပါ။ အဲဒီဆေးတွေက မိကျောင်းဆေးဆိုတာ ငါ့တူ ဘယ်လိုလုပ်သိလဲ'

သူ့ကျွန်းပိုင်လေးကို ထိခိုက်ပြောသည် ထင်သဖြင့် မောင်သံတိုင်က အသံနည်းနည်း ဆတ်လာရာ ကောလီက လေပျော့လေးနှင့် မေးရ၏။

'သိတာပေါ့ ဦး၊ အဲဒီဆေးမှုန့်တွေကို ကျွန်းပိုင်လေးက အမဲသား၊ ကျဲသားတွေထဲ ခွဲမြှုပ်ပြီး မိကျောင်းတွေကို ကျွေးတာလေ ဦး။ အဲဒါ ကျွန်တော်မျက်မြင်ပါ'

ကောလီ ခေါင်းရှုပ်သွား၏။ မိကျောင်းတွေကို ဘိန်းကျွေးတာတော့ ဘယ်လိုမှမဖြစ်နိုင်။ သူသည် မိကျောင်းမွေးမြူရေးသုတေသန လုပ်နေသူပီပီ စိန်ပီတာမိကျောင်းများကို ကျွေးသောဆေးသည် တကယ်ပင် မိကျောင်းဆေးသာ ဖြစ်နိုင်၏။ သို့ဆိုလျှင် ထိုမိကျောင်းဆေးသည် ဘယ်လိုဆေးပါလိမ့်။ ကောလီ တွေးမရ။

'အေးကွ၊ ဦးတို့တော့ မကြားဖူးပါဘူး။ ဒါနဲ့ အဲဒီမိကျောင်းဆေးရော နည်းနည်းပါးပါး မရနိုင်ဘူးလား'

'ဦးက ဘာလုပ်မှာလဲ'

'တို့က မပဟီဘက်မှာ မိကျောင်းဖမ်းပြီး ကျွန်းပိုင်လေးကို လာရောင်းနေကျဆိုတော့ မိကျောင်းလေးတွေ မသေမပျောက်အောင် နည်းနည်းတွေးစမ်းကြည့်ချင်လို့ပါ။ နို့မို့ တချို့ကောင်လေးတွေက ဖမ်းတုန်းကပင် နာလာတော့ လမ်းမှာ သေသွားတာတွေလည်း ရှိတယ်လေ။ မင်း ကျွန်းပိုင်လေးက အသေဆို ဈေးကောင်းမှ မပေးတာ'

'အဲဒီဆေးကို ကျွန်းပိုင်လေးက ဘယ်သူ့မှ မကိုင်ရဘူး ဦး။ သွားဝယ်ဖို့ကိုလည်း ကျွန်တော်တစ်ယောက်တည်းကိုပဲ ယွှတ်တယ်။ မိကျောင်းတွေကို ကျွေးတာလည်း သူ့အချိန်အဆနဲ့ သူကိုယ်တိုင်ပဲ ကျွေးတယ်။ ဦးကို ယူလာပေးဖို့ ဘယ်လွယ်မလဲဗျ'

'နည်းနည်းပါးပါး တစ်မှုန့် နှစ်မှုန့်ပေါ့ကွာ။ နမူနာလောက်ရရင် ဖြစ်ပါတယ်။ များများမလိုပါဘူး'

'ကျွန်းပိုင်လေး လွှင့်ပစ်ထားတဲ့ အိတ်ခွံလေးတွေမှာ တစ်မှုန့်၊ နှစ်မှုန့် အကတ်အသတ်တွေရှိမလား။ ကျွန်တော် ကြည့်ပါဦးမယ် ဦးရယ်'

'အေးပါ၊ ငါ့တူ လုပ်စမ်းပါကွာ။ တို့တူဝရီးတွေလည်း စမ်းကြည့်ကြတာပေါ့'

ထိုအချိန်တွင်ပင် စိန်ပီတာအိမ်ပေါ်မှ ကက်ဆက်သီချင်းသံ ထွက်ပေါ်လာ၏။ အိမ်ကြီးနှင့် နီးလာသဖြင့် ကောလီက စကားရပ်လိုက်သည်။ အိမ်ပေါ်တွင် ထိန်ထိန်လင်းနေသော မီးချောင်းတွေကိုလည်း မြင်နေရ၏။

'ကဲ..ငါ့တူ၊ ဦး မင်းအဘိုးဆီ ပြန်လိုက်ဦးမယ်။ ရအောင်တော့ ကြိုးစားပေးပါကွနော်။ သြော်..ဒါနဲ့ တူလေး၊ မင်း ထမင်းဘယ်မှာစားလဲ'

'ဧည့်သည်တွေမရှိရင် ကျွန်းပိုင်လေးနဲ့ အတူတူစားပါတယ်'

'အေး..အေး..ကောင်းပြီ။ ဦး သွားမယ်။ ငါ့တူ မင်း မိကျောင်းဆေး တစ်မှုန့်၊ နှစ်မှုန့်ရအောင်တော့ လုပ်စမ်းပါကွာ'

'ဟုတ်ကဲ့ပါ ဦး'

ကျွန်းပိုင်လေး သင်ပြထား၍ ဟုတ်ကဲ့ပါ၊ ကျွန်တော်နှင့် ယဉ်ယဉ်ကျေးကျေး ပြောတတ်နေသော မောင်သံတိုင်လေးကို နောက်ခိုင်းကာ ကောလီ ဦးရွှေဖန်ကြီး အိမ်ပြန်လာသည်။

နောက်တစ်နေ့ သူ့အဘိုးက သူ့မျက်နှာကို တစ်နေ့တစ်ခါ လာကြည့်ဖို့ ပြောထား၍လားမသိ၊ ခဏရောက်

www.burmeseclassic.com

လာ၏။ မိကျောင်းဆေး မရသေးဘူးဟု ပြောသွား၏။ နောက်တစ်နေ့ ရနိုင်သည်ဟု ပြောသွားသဖြင့် ကောလီ ဝမ်းသာနေသည်။ အဘိုးကြီး ဦးရွှေဇန်နှင့်လည်း မြစ်ထဲ ဆင်း၍ ငါးအတူရှာကြ၏။ လိပ်ထိုးသမားများဆီသွား၍ လည်း စိန်ပီတာ သတင်းတစ်လုံး၊ တစ်ခြမ်းရ စုံစမ်းရ သည်။

မောင်သံတိုင်က မိကျောင်းဆေး ရမည်ဟု ပြောသော နေ့ကို ရောက်လာ၏။ ကောလီ မောင်သံတိုင်ကို မျှော်နေ သည်။ မောင်သံတိုင်ကား ပေါ်မလာ။ ပေါ်လာသူမှာ ကျွန်းပိုင်လေးဆီတွင် မိကျောင်းငယ်များကို အစာကျွေး ပေးရသော ဆလုံအမျိုးသားကြီး ဖြစ်နေ၏။

သူက ကောလီကို မြင်မြင်ချင်း-

'ဧည့်သည်တွေ ရောက်လာကြတာနဲ့ ခင်ဗျား သိပ် ကံကောင်းသွားပြီ။ ကျွန်းပိုင်လေးက သူ့ဧည့်သည်တွေကို ဒီနေ့ပဲ သူ့မိကျောင်းတွေကို ကျွေးထားတာ ပြမလို့တဲ့။ အဲဒါ ခင်ဗျားကြည့်ချင်ရင် ခု ကျုပ်နဲ့ လိုက်ခဲ့'

ကောလီသည် အဘိုးကြီးကို နှုတ်ဆက်ကာ ချက် ချင်း ထလိုက်လာ၏။

မိကျောင်းအိုင်နား သူတို့ ရောက်သွားကြသောအခါ စိန်ပီတာ၊ မောင်သံတိုင်နှင့် ဧည့်သည် မိန်းမ ယောက်ျား သုံး၊လေးယောက်ကို တံတားပေါ်၌ တွေ့ရသည်။ စိန် ပီတာ က ဧည့်သည်များကို ဦးဆောင်ပြီး မိကျောင်းကြီး သုံးကောင်ရှိသော အိုင်ကြီးဘက် ခေါ်သွားသည်။ သဲခုံနား ရောက်သောအခါ အားလုံးမတ်တတ်ရပ်ပြီး မိကျောင်းကြီး သုံးကောင်ကို ငုံ့ကြည့်နေကြသည်။

'ခင်ဗျားတို့ကို ကျုပ်ပြောတာ ဒီသုံးကောင်ပဲဗျ'

စိန်ပီတာက ဧည့်သည်များကို ပြောရင်းက ကောလီ တို့ဘက် လှည့်ကြည့်၏။

'ဒါ ကျွန်တော့်ညီပါ ကျွန်းပိုင်လေး။ မဟီဘက်မှာ မိန်းမ ရနေတယ်။ ခု မိကျောင်းရောင်းဖို့ စနည်းနာလာရင်း က ကျွန်းပိုင်လေး မိကျောင်းကျွေးတာနဲ့ ကြုံလို့ မြင်ဖူး တယ်ရှိအောင် ကျွန်တော် ခေါ်လာတာပါ'

စိန်ပီတာက ကောလီက စူးစူးစိုက်စိုက် တစ်ချက် ကြည့်ပြီး-

'သြော်..တစ်နေ့က မိကျောင်းရောင်းဖို့ လာပြောတာ ခင်ဗျားနော်' ဟု အသံမနိမ့်မမြင့်နှင့် မေး၏။

'ဟုတ်ကဲ့ပါ ကျွန်းပိုင်လေး'

ကောလီက ကျိုးကျိုးနွံနွံ လေးလေးစားစားပင် ပြန် ပြောရ၏။

'အေးဗျာ..ကြည့်ရပါတယ်၊ လိုက်ကြည့်ပေါ့။ ခင် ဗျားတို့ မဟီဘက်တော့ ရှမ်းကြီးတွေ လာဝယ်လို့ မိ ကျောင်းတွေလည်း ကုန်ပြီထင်ပါတယ်။ ရသေးရင်တော့ ကျုပ်ဆီ လာရောင်းပါ'

'ဟုတ်ကဲ့ပါ။ နောက်တစ်ခေါက်ရရဆို ကျွန်တော်လာခဲ့မှာ ပါ။ ခုတော့ ကျွန်းပိုင်လေး မိကျောင်းကျွေးတာ မမြင်ဖူး လို့ ကြည့်သွားပါရစေ'

'ကြည့်ပါ..ကြည့်ပါ၊ ရပါတယ်'

သည်လိုနှင့် လုပ်ငန်းစကြသည်။

ပထမဦးဆုံး ကောလီအား ခေါ်လာသော ဆလုံကြီး က မိကျောင်းအိုင်ထဲက သဲခုံပေါ် ခုန်ဆင်းသွားသည်။ သို့သော် သောင်ပြင်ပေါ် တက်အိပ်နေကြသော မိကျောင်း ကြီး သုံးကောင်ကား တုတ်တုတ်မျှမလှုပ်ကြသေး။ တိတ် ဆိတ်စွာ ငြိမ်နေကြတုန်း။ မိကျောင်းကြီး သုံးကောင်မှာ နှစ်လံနီးပါး ရှည်သော်လည်း ဆလုံကြီးက ကြောက်ရွံ့ပုံ မရ။ သောင်ပြင်တွင် စီချထားသော ဝါးလုံးလှောင်အိမ် သုံးလုံး၏ နောက်ပိုင်း တံခါးတွေကို ဖွင့်သည်။ အနေ အထားမှန်သွားအောင် ဟိုဟိုသည်သည် ရွှေ့၏။ ရွှေ့ပြီး သည်နှင့် ရေအိုင်အစနား လျှောက်သွား၏။ ပြီးတော့ ပြန်လျှောက်လာ၏။ အပေါ်က တန်းထိုးထားသော ဝါးလုံး တံတားပေါ် လက်တစ်ဖက် တွယ်ကိုင်ပြီး မိကျောင်းကြီး သုံးကောင်ရှိရာဘက် ကြည့်နေ၏။

စိန်ပီတာက မောင်သံတိုင်ဆီက ပလတ်စတစ်ခြင်းကို လှမ်းယူသည်။ အထဲက အသားတွေမှာ ကျွန်းပေါ်က ကျွဲရိုင်းသားတွေမှန်း ကောလီ အကဲခတ်လိုက်မိသည်။ အသားတုံးကြီး သုံးတုံးကို စိန်ပီတာ ယူလိုက်သည်။ ပြီး ကောလီ အဖော်အမျိုးသားဆီ ပေးလိုက်သည်။

ဆလုံအမျိုးသားသည် အသားတုံးသုံးတုံးကို ယူသွား ပြီး ဝါးလှောင်အိမ်အတွင်း ထိပ်တွင်တစ်တုံးစီ သွားထည့် လိုက်၏။ ပြီး သူက မူလနေရာသို့ ပြန်လာသည်။

ကောလီမှာ သူတို့ လုပ်ကိုင်နေကြသည်ကို မျက်စိ ဒေါက်ထောက်ကြည့်နေရ၏။

စိန်ပီတာသည် သောင်ပြင်တွင် အိပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းကြီးသုံးကောင်ကို ခဲလုံးနှင့် လှမ်းပေါက်၍-

'ဟေ့ကောင်တွေ၊ ထကြစမ်း..ထကြစမ်း။ ပင်လယ်ကို ထွက်မယ်'ဟု အကြိမ်ကြိမ်အော်ပြောနေ၏။

စိန်ပီတာ လှမ်းပေါက်လိုက်သော ခဲလုံးတွေ ထိသွားသောအခါ မိကျောင်းသုံးကောင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။

လှုပ်ရှားလာကြသော မိကျောင်းများဆီ စိန်ပီတာက အသားတုံးလေး သုံးလေးတုံးကို ပစ်ချလိုက်၏။ မိကျောင်းကြီး သုံးကောင်သည် သူ့ထက်ငါဦး အသားတုံးလေးတွေကို လုကောက်ပြေးဟပ်စားကြသည်။ အာမစွပ် လျှာမစွပ်ဖြစ်သွားသော မိကျောင်းကြီးသုံးကောင်သည် အသားနှံ့ခံပြေးတွားပြီး ဝါးလှောင်အိမ်ထဲ လုဝင်ကြပြန်၏။ ဝါးလှောင်အိမ်မှာ တစ်ကောင်ဝင်သာရုံသာ ရှိသဖြင့် သုံးကောင်စလုံး ဝါးလှောင်အိမ်ထဲ ရောက်သွားကြသည်။

ကောလီကို ခေါ်လာသူက ဝါးလှောင်အိမ်များရှိရာသို့ ပြေးသွားပြီး တစ်ခုစီ၏ လှောင်အိမ်တံခါးတွေကို ပိတ်လိုက်သည်။ စိန်ပီတာကို လက်တစ်ဖက် ထောင်ပြ၏။ မိကျောင်းကြီးသုံးကောင်မှာ အသားတုံးတွေကိုမျိုပြီး ငြိမ်နေကြသည်။ လူယဉ်နေပုံရသည်။ ရန်းကန်လှုပ်ရှားမှု လုံးဝမရှိ။

အားလုံး မိကျောင်းအိုင်ထဲ ဆင်းကြသဖြင့် ကောလီလည်း ဆင်းလိုက်ပါလာ၏။ လှောင်အိမ်ထဲ ပိတ်မိထားသော မိကျောင်းကြီး သုံးကောင်ကို ဝါးလှောင်အိမ်နှင့်အတူ ချောင်းရေစီးအတိုင်း အောက်ဘက်ကို ဆွဲလာကြသည်။ အိမ်နားက မော်တော်နားကို ရောက်သောအခါ မောင်သံတိုင်က မော်တော်ကုန်းပတ်အောက်ရှိ အဖုံးကို ဖွင့်ပေးထားသည်။

ဆလုံအမျိုးသားကြီးနှင့် စိန်ပီတာတို့က မိကျောင်းလှောင်အိမ်တစ်ခုစီကိုဖွင့်ပြီး လှောင်အိမ်ထဲက မိကျောင်းကြီး သုံးကောင်ကို မော်တော်ဝမ်းခေါင်းထဲ ပစ်ထည့်လိုက်ကြသည်။ မိကျောင်းတွေ မရှိတော့သော လှောင်အိမ်သုံးခုကို ချောင်းဘေး ပစ်ထားခဲ့ကြ၏။

'ကဲ..အားလုံး မော်တော်ပေါ် တက်ကြပါ'

စိန်ပီတာ၏ စကားအဆုံးမှာ အားလုံး မော်တော်ပေါ် တက်လိုက်ကြ၏။ မောင်သံတိုင်နှင့် ဆလုံအမျိုးသားကြီးတို့မော်တော်ကိုမောင်းကာ ချောင်းအတိုင်းစုန်ပြီး ပင်လယ်ဘက် ထွက်လာကြသည်။

◆◆◆

'ဟိုရှေ့က မြင်နေရတဲ့ ငှက်သိုက်ကျွန်းဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရေပိုင်နက်အဆုံးပဲဗျ။ အဲဒီတော့ တကယ်လို့ ရဲက ယူပီဘုတ်တွေ ဗားမားနေဗီတွေနဲ့ စောင့်ဖမ်းရင် ကျွန်တော်က မော်တော်ဝမ်းဗိုက်အောက်က အံ့ငှက်ကိုဖွင့်ပြီး မိကျောင်းတွေကို ပင်လယ်ထဲ လွှတ်ထားခဲ့ရုံပဲ။ ကျွန်တော့်ဆီမှာ လက်ပူးလက်ကြပ် ဘာမှမမိဘူး။ မော်တော်ပေါ်မှာ ဝါးပိုက်တွေပဲ တွေ့ရမယ်။ အဲဒီတော့ ကျွန်တော် ပင်လယ်ထဲ လွှတ်ထားခဲ့တဲ့ မိကျောင်းတွေနဲ့ ခင်ဗျားတို့ ပစ္စည်းတွေက ဘယ်ရောက်သွားမယ် ထင်လဲ'

'ရှင့်စကားအရဆို ရှင့်မိကျောင်းအိုင်ထဲပဲ ပြန်ရောက်လာမယ်ဆို'

'အောရိုက်၊ ခင်ဗျားတို့ပစ္စည်းတွေ တစ်လုံးတစ်ဖွဲ့မှ မပျောက်သလို ကျွန်တော့်မိကျောင်းကြီးတွေလည်း တစ်ကောင်တစ်မြီးမှ မပျောက်ဘူး။ ဒါ ကျွန်တော်တာဝန်ယူတယ်။ ဘယ့်နှယ်လဲ ရှမ်ရှမ်'

မသင်္ကာသလိုနှင့် သူ့အား စိုက်ကြည့်နေသော အမျိုးသမီးငယ်ကို စိန်ပီတာက ရဲရဲဝံ့ဝံ့အပြုံးနှင့်ကြည့်၍ ပြန်ပြောလိုက်၏။

'ကိုစိန်ပီတာ ခင်ဗျားကို ကျွန်တော်တို့တော့ ချီးကျူးမကုန်ဘဲဗျ။ အဏ္ဏဝါဗေဒပညာရပ်နဲ့ ဘွဲ့ရလာတဲ့ကောင်တွေ ကျုပ်တို့ မြိတ်မြို့မှာ ဖို့သတ်လို့တောင် မကုန်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လုပ်ငန်းနဲ့ပတ်သက်လို့ ခင်ဗျားလို ဘယ်သူမှ မစွမ်းဆောင်နိုင်။ အေး..အိပ်မက်တောင် မက်ဖူးတဲ့ကောင် ရှိမှာမဟုတ်ဘူး။ တကယ်ချီးကျူးပါတယ်။ ဖြစ်ရင်ပေါ့ဗျာနော်။ ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်'

စိန်ပီတာနှင့် ရွယ်တူလောက်ရှိသော မြိတ်သားတစ်ယောက်က ပြော၏။

'ကျွန်တော့်ရဲ့ အပြောနဲ့အလုပ်သာ ဘယ်လိုလဲဆိုတာ ခင်ဗျားတို့ ညနေကျ မြင်ကြရမှာပေါ့ဗျာ။ ဒါလည်း ခင်ဗျားတို့ မယုံသေးဘူးဆိုရင်တော့ ရှမ်ရှမ်နှလုံးသားမှာ ကျွန်တော်က ယုန်ရုပ် ရေးပြရလိမ့်မယ်။ ဟဲ..ဟဲ'

'ယုံပါပြီတဲ့ ရှင်ရယ်၊ ဒီအိုင်ဒီယာမျိုး ကြံစည်တွေး


www.burmeseclassic.com

www.burmeseclassic.com

ခေါ်တတ်တဲ့ ပရော်ဖက်ဆာကြီး ရှင့်ကို စောစောက ကိုမောင်မောင် ပြောသလို ချီးကျူးမကုန်ပါဘူးတဲ့ ရှင် ရယ်'

'ဟား..ဟား'

အမျိုးသမီးငယ်၏ စကားကို စိန်ပီတာက တဟားဟား ရယ်နေလိုက်သည်။

'ကျွန်တော့်ကို သိပ်လည်း အထင်ကြီးမနေနဲ့ဦး။ ဒီအိုင်ဒီယာက ရှမ်ရှမ်တို့ရှမ်းကြီးတွေဆီက ကျွန်တော် ရတာဗျ'

'ဟင်..ဟုတ်လား။ ပြောပါဦးရှင့်။ ရှမ်ရှမ်တို့ဆီက ဘယ်လို,ဘယ်လို လုပ်ရတာလဲ။ ရှမ်ရှမ်တို့တော့ မကြားဖူးပေါင်'

'ရှမ်ရှမ်ကတော့ ဟိုဘက်ကမ်းကမို့ ကြားမိချင်မှ ကြားမိမှာပါ။ ကိုမောင်မောင်တော့ သတိထားမိလား မသိဘူး'

'ဘာကိုပါလိမ့် ကိုစိန်ပီတာ'

'လွန်ခဲ့တဲ့ ခုနစ်ဆယ်ဝန်းကျင်လောက်က ရှမ်ရှမ်တို့ဆီက ထောက်လှမ်းရေးလုပ်ခိုင်းလိုက်တဲ့ ခိုငှက်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံထဲ နေရာအတော်များများကို ရောက်လာဖူးတယ်။ အင်မတန်သေးငယ်တဲ့ ကင်မရာတွေ ခိုတိုင်းမှာ ပါတယ်။ အဲဒီခိုတွေဟာ သူတို့လွှတ်လိုက်တဲ့ အရှင်သခင်တွေဆီ ပြန်လာနိုင်အောင် သူတို့ရဲ့ အရှင်သခင်တွေက ဘာလုပ်ပေးထားလဲ သိလား'

'ဘယ်သိပါ့မလဲရှင့်'

ထိုအမျိုးသမီး မသိသလို ကောလီလည်း စဉ်းစားမရဖြစ်သွား၏။

'ဘိန်းပေါ့ဗျ၊ ဘိန်းပေါ့။ ဘိန်းကို လူသားတွေသာ မဟုတ်ဘူး။ သက်ရှိတို့ရဲ့ဆန္ဒတိုင်း ကြိုက်ကြတယ်။ စွဲကြတယ်။ သူရာမေရိယ ဆိုတာက ငှက်တွေဟာ သစ်ခွထဲက ပန်းပေါင်းရည်တွေကိုသောက်ပြီး ငှက်တွေ ပျော်မြူးနေကြတာကို ရသေ့တစ်ပါး မြင်တာကစပြီး လူတွေဖန်တီးတဲ့ မူးယစ်ဆေးဆိုတာ ပေါ်လာတယ်လို့ ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ ရှိတယ်လေ'

'ထားပါတော့။ ဒါ ရှမ်ရှမ်တို့ နားဝေးလို့။ ရှင့်လိုသုတေသီမဟုတ်တော့ မသိပါဘူး။ ကဲ..ခိုတွေကို ဘယ်လိုလုပ်လဲဆိုတာသာ ပြောစမ်းပါ'

'ခိုတွေကို ဘိန်းရေ တိုက်လွှတ်တာလေ။ တခြားနေရာတွေမှာ ဘိန်းရေမသောက်ရတော့ ဘိန်းရေ သောက်ရတဲ့နေရာ ပြန်လာကြတဲ့သဘော။ ဒါ မဆန်းပါဘူးနော် ကိုမောင်မောင်။ အစွဲအလမ်းပေါ့ဗျာနော်။ ဟဲ..ဟဲ'

'ကိုစိန်ပီတာကတော့ လုပ်ချလိုက်ပြီ'

ကိုမောင်မောင်၏ စကားမဆုံးမီ နောက်အမျိုးသမီးတစ်ယောက်က ကျွန်းပိုင်လေး၏ ကျောကုန်းကို လှမ်းထုသည်။ စိန်ပီတာနှင့်တကွ အားလုံးရယ်မောနေကြ၏။

'ကဲ..ကဲ..ကျုပ် မြန်မာပြည်က ထုတ်လုပ်တဲ့ သက်ရှိ ဆတ်မရိုန်းတွေကို ထုတ်လွှတ်လိုက်တော့မယ်နော်။ ကဲ..ညီလေး မောင်သံတိုင်ရေ'

'ဟုတ်ကဲ့'

မောင်သံတိုင်၏ အသံနှင့်အတူ မော်တော်ဝမ်းထဲက အသံတစ်ခု မြည်သွား၏။ စိန်ပီတာ ငုံ့ကြည့်နေသော မော်တော်ဘေးတစ်ဖက်ခြမ်းကို အားလုံးနှင့်အတူ ကောလီလည်း ငုံ့ကြည့်လိုက်ရာ ကြည်လင်နေသော ပင်လယ်ရေ ငန်ထဲတွင် မော်တော်ဝမ်းခေါင်းထဲက ထွက်သွားကြသော မိကျောင်းကြီးသုံးကောင်ကို အထင်အရှား မြင်လိုက်ကြရလေသည်။

အားလုံး အံ့သြတကြီးနှင့် မိကျောင်းကြီး သုံးကောင်ကို လိုက်ကြည့်ကြ၏။ ခဏအတွင်းမှာပင် မိကျောင်းကြီးသုံးကောင်သည် ပင်လယ်ရေထဲ၌ ပျောက်ကွယ်သွားလေသည်။

'ဘယ်ရောက်သွားကြပြီလဲဟင်'

ရှမ်ရှမ်ဆိုသော အမျိုးသမီးငယ်က စိန်ပီတာ၏မျက်နှာကိုကြည့်၍ မေး၏။

'ဘယ်မှမရောက်ဘူး။ ညနေကျရင် ကျုပ် မိကျောင်းကန်ထဲပဲ ပြန်ရောက်နေကြမှာ တွေ့ကြရမှာပါ။ ကဲ..ခင်ဗျားတို့အတွက် ဒီထက်စိတ်ချရတာ ရှိဦးမလား။ ဟုတ်လား ကိုမောင်မောင်'

'အောရိုက်၊ အိုကေ၊ ကွန်ဂရက်ကျူလေးရှင်းပါ ကိုစိန်ပီတာ'

'မော်လီတို့ကတော့ မအောရိုက်သေးဘူးနော်။ ညနေကျမှ ဟုတ်,မဟုတ် စောင့်ကြည့်ပြီး ကွန်ဂရက်ကျူလေးရှင်းလုပ်နိုင်မယ်ရှင့်'

'မော်လီက ခုထိ ကျွန်တော့် ဆတ်မရိုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com

မယုံသေးဘူးကိုး။ စိတ်ချ၊ ညနေကျရင် ဒီမိကျောင်းကြီး သုံးကောင်ကို ကျွန်တော့်မိကျောင်းအိုင်ထဲမှာ မုချတွေ့ရပါစေမယ်ဗျာ။ ကျွန်တော် ရဲရဲကြီး အာမခံရဲပါတယ်'

အမှန်မှာ မော်လီသာမဟုတ်၊ ကောလီကလည်း မယုံချင်သေး။ အပြောကျယ်လှသော ကပ္ပလီပင်လယ်ထဲ ပစ်ချထားခဲ့သော မိကျောင်းကြီးသုံးကောင်သည် မလိကျွန်းကြို ကျွန်းကြားထဲက စိန်ပီတာ၏ မိကျောင်းမွေးမြူရေးအိုင်ထဲ ပြန်ရောက်လာကြမည် ဆိုသည်မှာ မကြံကောင်း မစည်ရာ လုပ်ရပ်ပင် မဟုတ်ပါလား။

သည်လိုနှင့် သူတို့သည် ပင်လယ်ထဲက မလိကျွန်းဘက် ပြန်လာကြ၏။ လမ်းတွင် ကျွန်းပိုင်လေး စိန်ပီတာက မိကျောင်းတွေ၏ သဘာဝနှင့် သူ၏ မိကျောင်းသုတေသနအကြောင်း ဟောပြောလာသည်။

'ကျွန်တော်တို့ ဒီအတွင်းပိုင်း မလိမှာ ဟိုတုန်းကဆို မိကျောင်းတွေ သိပ်ပေါတယ်။ လူတွေကို ကိုက်သတ်တာလည်း တစ်နှစ် တစ်နှစ် မနည်းဘူးဗျ။ ကျုပ်တို့ဆလုံအမျိုးသမီးတွေကို ငါးဖမ်း၊ ကနုကမာဒုပ်ရတာ ဖမ်းကိုက်သွားပြီး စားပစ်ကြတယ်။ သုံးလေးနှစ်ကြာလို့ အဲဒီမိကျောင်းကိုရရင် မိကျောင်းဗိုက်ထဲမှာ ငွေဆွဲကြိုး၊ ငွေလက်ကောက်၊ ရွှေလက်ကောက်၊ ကျောက်ပုတီးတွေကို ပြန်ရတတ်ကြတယ်။ ခင်ဗျားတို့ပစ္စည်းတွေကို ကျုပ်ဟိုဘက်ကမ်းအရောက် သယ်ပေးပါမယ်လို့ ရဲရဲကြီးအာမခံရဲတာလည်း အဲဒီက အိုင်ဒီယာရတာပဲ။ မိကျောင်းဆိုတာက အဆီပိတ်သတ္တဝါဗျ။ သူ့ဗိုက်ထဲကို ကျောက်ခဲတွေလည်း အကြီး၊ အသေးကိုလိုက်ပြီး မျိုထားတတ်တယ်။ သူတို့ဗိုက်ထဲ ကျောက်ခဲတွေ မျိုမထားရင် ရေထဲကြာကြာငုပ်မနေနိုင်ကြဘူး။ ရေအောက်မှာလည်း ကြာကြာသွားလာလို့မရဘူး။ အဲဒါကြောင့် မိကျောင်းတွေဟာ ဘာခေါ်လေ။ သူတို့ သဘာဝအသိ (Instincit) ဗီဇစိတ်နဲ့ ကျောက်ခဲတွေကို မျိုထားလေ့ရှိကြတယ်။ ကျုပ်တို့ ဆလုံတွေကတော့ ချောင်းတစ်ချောင်းကို ဝင်ရင် မိကျောင်းတစ်ကောင်က ကျောက်တစ်လုံးစီကို မျိုတတ်တဲ့အလေ့ ရှိတယ်။ မိကျောင်းတစ်ကောင်ရလို့ ဗိုက်ခွဲကြည့်ရင် ကျောက်တစ်လုံးတွေ့က ဒီမိကျောင်းဟာ တစ်ချောင်းပဲ ပိုင်သေးတယ်။ နှစ်လုံးတွေ့ရင် နှစ်ချောင်းပိုင်၊ သုံးလုံးတွေ့ရင် သုံးချောင်းပိုင်တဲ့ မိကျောင်းကြီးလို့လည်း ဆလုံတွေက အယူရှိကြတယ်။ အဲဒါကြောင့် သဘာဝမိကျောင်း အကြီး၊ အသေးတွေကိုလိုက်ပြီး မိကျောင်း ဗိုက်ထဲ ကျောက်ခဲတွေ တွေ့ရတတ်တယ်။

'မိကျောင်းကြီးတွေ မစင်စွန့်လို့ ကျွန်မတို့ပစ္စည်းတွေ မစင်ထဲ ပါသွားရင်ရော'

မော်လီဆိုသော အမျိုးသမီးက မယုံသလိုနှင့် ဝင်ထောက်၏။

'မော်လီက သဘောမပေါက်သေးဘူး။ မိကျောင်းဆိုတဲ့ သတ္တဝါက အဆီပိတ်သတ္တဝါပါဆို။ ဘယ်မစင်စွန့်တယ်ဆိုတာ ရှိမလဲ။ အဲဒါကြောင့် ခင်ဗျားတို့ ကျောက်သံပတ္တမြားတွေ တစ်လုံးတစ်ဖဲ့မှ မပျောက်စေရပါဘူးလို့ ကျုပ် ရဲရဲကြီးအာမခံရဲတာပေါ့ မော်လီရယ်။ မိကျောင်းစားသမျှ အစားအစာဆိုတာ ပုပ်ပျော်ပြီး အဆီအဖြစ်နဲ့ ကိုယ်တစ်ကိုယ်လုံးက ပျံ့နှံ့ထွက်သွားကြတာ။ ဗိုက်ထဲကျန်မှာက ကျောက်သံပတ္တမြားတွေပဲလေ။ အဲဒါ တကယ်လို့ ရေတပ်နေဗီ၊ ရဲဘုတ်တွေနဲ့ လွတ်သွားရင် ဟိုဘက်ကမ်းမှာ ခင်ဗျားတို့ပစ္စည်း ခင်ဗျားတို့ယူ။ ကျုပ်က မိကျောင်းသားသရေရောင်း။ တကယ်လို့ မလွတ်မကင်းရင်လည်း စောစောက ကျွန်တော်ပြောသလိုပဲ မိကျောင်းတွေကို ပင်လယ်ထဲ လွှင့်ပစ်ခဲ့ကြရုံပဲလေ။ ကျုပ်ပြောတာ သဘောပေါက်ပါတယ်နော်'

'အေးဗျာ၊ ခင်ဗျားတို့တော့ ကျွန်တော်တို့ တကယ်ချီးကျူးမကုန်ပါဘဲ။ အောင်မြင်သွားရင် ပြောထားတာထက် ခင်ဗျားကို ကျုပ်တို့က ပိုပေးမှာပါ'

ကိုမောင်မောင်က ပြောသည်ကို စိန်ပီတာက-

'စိတ်ချ၊ ဖြစ်ကိုဖြစ်ရမယ်။ ကျုပ် အခါခါစမ်းသပ်ပြီး သေချာလို့ ကတိပေးရဲတာပေါ့ဗျ' ဟု ပြောလိုက်သည်။

သည်လိုနှင့် ပင်လယ်ထဲက အပြန်မှာ မလိကျွန်းတစ်ကျွန်းပေါ် တက်ပြီး မျောက်တွေ လျှောက်ပစ်ကြသည်။ မျောက်တွေလျှောက်ပစ်ရင်း စိန်ပီတာသည် သူ့လက်က နာရီကို ကြည့်၏။ ပြီး-

'ဒီအချိန်လောက်ဆို ကျုပ်တို့လွှတ်လိုက်တဲ့ ဆတ်မရှိန်းတွေဟာ သဘော်ကျင်းတောင် ပြန်ရောက်နေကြပြီထင်တယ်။ ပြားမျောက်ကြီးကလည်း သုံးကောင်တောင် ရပြီပဲ။ ပြန်ကြမယ်။ ညနေကျရင် ဆတ်မရှိန်းတွေ အောင်မြင်မှု အထိမ်းအမှတ်နဲ့ ရှမ်ရှမ်တို့၊ မော်လီတို့ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com

မျောက်ချေးခါးဟင်းရော၊ အကင်ရော၊ အဖုတ်ရော၊ ဟင်းချိုရော အကုန်အစုံ ကျုပ်က ဧည့်ခံဦးမှာဗျ။ ဟဲ··ဟဲ'

သည်လိုနှင့် ကျွန်းပိုင်လေးကျွန်းကို ပြန်ရောက်လာကြသည်။ ရောက်ရောက်ချင်း မိကျောင်းအိုင်ထဲ ချက်ချင်းသွားကြည့်ကြ၏။ အားလုံး အံ့သြကုန်နိုင်ဖွယ် ဖြစ်သွားကြသည်။

ကပ္ပလီပင်လယ်ပြင်ထဲ ပစ်ချထားခဲ့ကြသော မိကျောင်းကြီး သုံးကောင်သည် စိန်ပီတာ၏ မိကျောင်းအိုင်သောင်ပြင်ပေါ်တွင် တရွေ့ရွေ့တွားသွားကာ အစာရှာနေကြသည်။

'ကဲ··ကျုပ် ဆတ်မရိုန်းတွေကို ဆီဖြည့်ပေးလိုက်ဦးမယ်'ဟုပြောပြီး စိန်ပီတာသည် မိကျောင်းကြီးသုံးကောင်ကို အသားတုံးတွေ ပစ်ချပေး၍ အစာကျွေး၏။

'အံ့သြစရာပဲ။ ဒါဆို ဒီမိကျောင်းတွေက ဘိန်းစွဲနေကြတာပေါ့နော်'

'သိပ်ဟုတ်တာပေါ့ ရှမ်ရှမ်။ အဲဒါကြောင့်လည်း ကပ္ပလီပင်လယ်ထဲမှာ ဘယ်နေရာ ပစ်ထားခဲ့ ပစ်ထားခဲ့ ဒီနေရာကိုပဲ အရောက်ပြန်လာကြတာလေ။ ဒီနေရာရောက်မှ ဒီအစာ စားကြရတော့မယ်ဆိုတာ သူတို့သိနေကြတယ်လေ။ ဟဲ··ဟဲ'

စိန်ပီတာ၏ ရယ်မောလိုက်သံသည် မလိကျွန်းတစ်ခုလုံးကိုပင် ဘောင်ဘင်ခတ်သွားသလား ထင်လိုက်ရလေသည်။

◆◆◆

ကောလီ၏ စကားကို ကြားလိုက်ရသောအခါ စခန်းမှူးဦးကျော်ခိုင်က မတ်တတ်ထရပ်လိုက်ပြီး-

'တော်လိုက်တဲ့ စိန်ပီတာ၊ မင်းပြောသလိုဆိုရင်တော့ ဒီအမှုကို စိန်ပီတာရဲ့ ဆတ်မရိုန်းစီမံကိန်းကြီးလို့တောင် စွဲချက်တင်ရမလို ဖြစ်နေပြီကွ။ တို့က ဒီကောင်ကို မိကျောင်းမွေးမြူရေး အကြောင်းပြပြီး မူးယစ်ဆေးဝါးမှောင်ခိုသမားပဲ ထင့်ထားကြတာကိုး။ လက်စသတ်တော့ တစ်ဖက်ကမ်းက ကျောက်မှောင်ခိုသမားတွေနဲ့ပါ ပေါင်းပြီး အကြံကြီးနေတဲ့ ရတနာဂိုဏ်း ခေါင်းဆောင်ပဲ'

'မှန်ပါတယ်။ ဒီအတိုင်းပါပဲ ဆရာ'

'ကောင်းပြီလေ။ အရေးကြီးတာက မောင်သံတိုင်နော်၊ သူက တို့ လိုပြသက်သေ နံပါတ်တစ်ကွ'

'ဟုတ်ကဲ့ဆရာ၊ မောင်သံတိုင်လေးက ရှိးပါတယ်။ အမှန်အတိုင်း ထွက်ဆိုမှာပါ။ မောင်သံတိုင်လေး အားငယ်နေမှာစိုးလို့ ကျွန်တော် သူ့ကိစ္စ စီစဉ်လိုက်ပါဦးမယ်'

'အေး··မင်းလည်း နားဦးကွာ။ ကျန်တာတွေ ဆရာတို့ ဆက်လုပ်လိုက်မယ်။ ဪ··ဒါနဲ့ ဆရာတင်ချစ်ကိုလည်း မှူးကြီး ငါ့ဆီ ခဏကြွပါလို့ ပြောခိုင်းလိုက်ဦး'

'ဟုတ်ကဲ့ပါ ဆရာ'

ကောလီသည် စခန်းမှူးရုံးခန်းထဲက ပေါ့ပါးစွာထွက်လာလေသည်။

◆◆◆

'ဟဲ့··ဆလုံလေး၊ နင့်ကို ကျွန်းပိုင်လေးဆီ သုံး၊လေးရက်ပဲ လွှတ်မိတာ တို့မှာ ကျောက်ကပ်ရောဂါသည်တွေ ဖမ်းမကုန် ဖြစ်နေပါပေါ့လားဟ။ ဟား··ဟား··ကျွန်းပိုင်လေး စိန်ပီတာလိုပဲ နင်လည်း ခိုင်းကြေးအများကြီး ရဦးမယ်။ တို့ဆရာသမားတွေကိုလည်း မမေ့နဲ့ဦးကွနော် ဆလုံလေး'

ကောလီကို ရဲအုပ်ကြီး ဦးမြမင်းက လှမ်းပြောသည်။ ကောလီသည် ရဲအုပ်ကြီးကို ဆလုရိုက်ကာ မဟီတရားရုံးဘက် ထွက်လာ၏။ ဤနေ့သည် အရေးကြီးသောလိုပြသက်သေ မောင်သံတိုင် အစစ်ခံမည့်နေ့ မဟုတ်ပါလား။

◆◆◆

'ကျွန်တော် မိကျောင်းဆေးတွေကို မြိတ်မြို့က ဦးအဲ ပေါင်းဆီမှာ တစ်လတစ်ခါ၊ နှစ်လတစ်ခါ သွားယူရပါတယ်'

'မင်းကို ဘယ်သူက ခိုင်းလို့လဲ'

'ကျွန်းပိုင်လေးက ခိုင်းပါတယ်'

တရားသူကြီး အမေးကို မောင်သံတိုင်က အသံတုန်တုန်ယင်ယင်နှင့် ဖြေ၏။

'အဲဒီဆေးတွေဟာ မူးယစ်ဆေး ဘိန်းဖြူဆိုတာ မောင်သံတိုင် သိလား'

'ကျွန်··ကျွန်တော် လုံးဝမသိပါဘူးခင်ဗျာ။ မိကျောင်းတွေကို ကျွေးတဲ့ဆေးလို့ပဲ ကျွန်းပိုင်လေးက ပြောပါတယ်'

လက်နှိပ်စက်ရိုက်သံနှင့်အတူ တရားသူကြီးသမျှ မောင်သံတိုင်က အမှန်အတိုင်း အစစ်ခံ၏



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် လုံးဝမသိပါဘူးခင်ဗျာ။ မိကျောင်းတွေကို ကျွေးရတဲ့ဆေးလို့ပဲ ကျွန်းပိုင်လေးက ပြောပါတယ်။ မြိတ်–မော်လမြိုင်ဘက်က ရောက်လာတဲ့လှူတွေရဲ့ကျောက်တွေကို ကျွဲသားတုံးထဲထည့်ပြီး ကျွန်းပိုင်လေးက မိကျောင်းတွေကို ကျွေးပါတယ်။ အဲဒီမိကျောင်းတွေကို မော်တော်နဲ့ ဟိုဘက်ကမ်းယူသွားဖို့ စီစဉ်ရပါတယ်။ ခု ဟိုဘက်ကမ်းမရောက်မီ ရဲမော်တော်တွေ အနားကပ်လာတော့ ကျွန်းပိုင်လေးက အံဖုံးဖွင့်ပြီးတော့ မိကျောင်းတွေကိုလွှတ်ဖို့ သတိနဲ့နေ ပြောပါတယ်။ ပင်လယ်ထဲမှာ စက်သံလှိုင်းသံနဲ့ဆိုတော့ ကျွန်းပိုင်လေး အံဖုံးဖွင့်ခိုင်းလိုက်သံကို မကြားမိလိုက်ပါဘူး။ မော်တော်ပေါ် ဝရုန်းသုန်းကား ဖြစ်ကြပြီး အဖမ်းခံရပါတယ်'

'ကောင်းပြီ ကျွန်းပိုင်လေးက မိကျောင်းဗိုက်ထဲ ကျောက်တွေထည့်ပြီး ဟိုဘက်ကမ်း ပို့ပေးနေတာ ဘယ်နှစ်ခေါက်လောက်ရှိပြီလဲ။ မောင်သံတိုင် မှတ်မိသလောက်ပြောပါ'

'သုံး,လေးခေါက် ရှိပါပြီ'

'ဒီလှူနှစ်ယောက်ကိုရော မောင်သံတိုင် သိလား'

'သိပါတယ်'

'ဘယ်လှူတွေလဲ'

'ကျွန်းပိုင်လေးနဲ့ ကို··ကိုမောင်မောင်ပါ'

'ဒီနှစ်ယောက်ကရော'

'ရှမ်ရှမ်နဲ့ မော်လီပါ'

'ခု ဟိုဘက်ကမ်းကို ပို့မယ်လုပ်ကြတဲ့ ကျောက်တွေက ဘယ်သူ့ဟာလဲ'

'ကျွန်တော် မသိပါ'

'ကျွန်းပိုင်လေး အရင်ဆုံးခေါက် ဟိုဘက်ကမ်းပို့ပေးတဲ့လှူတွေက ခု ဒီမှာရှိနေတဲ့ လှူတွေလား'

'မဟုတ်ပါဘူး'

'အရင်လှူတွေကိုမြင်ရင် မောင်သံတိုင် မှတ်မိမလား'

'မှတ်မိပါတယ်'

သို့နှင့် ထိုနေ့အတွက် တရားခွင်နားလိုက်သည်။

❑

ဖိုးကျော့


စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း၊ ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368


www.burmeseclassic.com

www.burmeseclassic.com

မြတ်သူထိုက် ဖေ့(စ်)ဘုတ်ကို ပိတ်လိုက်သည်။ ပလူပုံ နေသော နိုတီဖစ်ကေးရှင်း(Notification) များ၊ အနီရောင် သင်္ကေတပြနေသော မက်ဆေ့ရှ်ဘောက်(message box) များ၊ ဘယ်သူဘယ်ဝါမှန်း မသိနိုင်သော (friend cofirm) များကို လျစ်လျူရှုထားလိုက်သည်။ အလုပ်အလွန်များသော မြတ်သူထိုက်အဖို့ ထိုအရာများကို ကြည့်ရှုရန် အချိန်မပေး နိုင်သေးပေ။ ယခု facebook ပေါ်သို့ တက်လာခဲ့ရခြင်း အကြောင်းရင်းက အချက်အလက်များ ရှာဖွေရန်အတွက် သက်သက်။ မိမိအလိုရှိရာများကို ရှာဖွေ၍ ပြီးခဲ့ပြီမို့ ဖေ့(စ်)ဘုတ်ကို ပိတ်လိုက်ပြီ။ လုပ်လက်စအလုပ်ကို ဆက် လုပ်ရဦးမည်။

'အင်း..ဒီနေ့တော့ အလုပ်ရှုပ်မှာ သေချာတယ်။ ဒါ ပေမဲ့လည်း ဝါသနာအတွက်ပဲလေ၊ လုပ်ရမှာပေါ့'

ဒေါင်းလုပ်(down load) ဆွဲထားသော စာမျက် နှာများကို ဖွင့်ကြည့်ရင်း မြတ်သူထိုက် ထိုသို့ ခပ်တိုးတိုး ရေရွတ်လိုက်၏။

ကိုယ့်ကိုယ်ကိုယ် စကားဆိုလိုက်ခြင်းဖြစ် သည်။ အလုပ်များသည့်အခါတိုင်း၊ စိတ်ညစ်ညူး သည့်အခါတိုင်း ထိုကဲ့သို့ တစ်ကိုယ်တည်း စကားပြောလေ့ရှိသည်။ ဒါဟာ မြတ်သူထိုက် အတွက် စိတ်ထွက်ပေါက်ရစေသည့် အပြု အမူတစ်ခုဆိုလည်း မမှား။ မွန်းကျပ်မှု၊ စိတ်ဖိစီးမှုများကို လျော့ပါးသွားစေသည်။ စိတ်ခွန်အား တိုးမြှင့်နည်းတစ်ခုဟု ဆိုရမည်။

စိတ်သက်သာစေရန် တိုးဖွဖွ ညည်းဆိုရင်း ကွန်ပျူတာကို



အသည်းအသန်ကြည့်နေသည်။ ဒေါင်းလုပ်ဆွဲထားသော စာများကို ဖတ်ရှုနေခြင်း ဖြစ်သည်။

မြတ်သူထိုက်က ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုကို လေ့လာနေခြင်းပါ။ တချို့သော ရာဇဝင် ဇာတ်လမ်းများ၊ ထုံးတမ်းစဉ်လာများနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံမှနေ စာအုပ်ဝယ်ယူရန် မဖြစ်နိုင်သဖြင့် ယခုလို အွန် လိုင်းမှ ရှာဖွေကာ ဖတ်ရှုနေရခြင်းဖြစ်သည်။ တိုင်းတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

# ဂါဒီဦးနှန်းကို ဂုဏ်သိက္ခာအတွက် လူသတ်ခြင်း




၏ ယဉ်ကျေးမှုအကြောင်းအရာများကို ဖတ်ရှုရသည်မှာ စိတ်ဝင်စားစရာပင်။ အချက်အလက်တိုင်းက မြတ်သူထိုက်၏ စိတ်နှလုံးကို သိမ်းယူဆွဲဆောင်လျက်ရှိသည်။

ထိုအခိုက် 'ရှုပ်..ရှုပ်..ရှုပ်' ဟူသော မြည်သံက ညှော်ခန်းဆီမှ တိုးလျှလျှထွက်ပေါ်လာသည်။ လူသေကောင်လို ငြိမ်သက်နေသော ပတ်ဝန်းကျင်ကို ထိုအသံက ဂယက်ထလိုက်ဆူသွားစေခဲ့ပြီ။ အစပိုင်းတွင် လေချွန်သံကဲ့သို့ တိုးဖွဖွဖြစ်သော်လည်း တဖြည်းဖြည်းနှင့် ကျယ်လောင်လာ၍

စာဖတ်နေရင်းမှ မြတ်သူထိုက် ခေါင်းထောင်သွားသည်။ အသံလာရာကို နားစွင့်လိုက်သည်။

'ဘာသံပါလိမ့်'

စာရွက်လှန်သံလိုလို၊ ကြီးကြောင်နေသော စန္ဒရားသံလိုလို နားစွင့်ကြည့်လိုက်တော့ အသံက အခြားမှမဟုတ်ဘဲ ညှော်ခန်းဆီက ထွက်ပေါ်နေခြင်းဆိုတာ အသေအချာ။

◆◆◆

မြတ်သူထိုက်က ပေ(၆၀)ပတ်လည်ခန့် ကျယ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

သည့် ခြံတစ်ခြံထဲရှိ တိုက်အိမ်တစ်လုံး၌ တစ်ယောက်တည်း နေထိုင်သူ ဖြစ်သည်။ နေအိမ်တွင် မြတ်သူထိုက်မှလွဲ၍ သက်ရှိဆိုလို့ ခွေးတစ်ကောင် ကြောင်တစ်မြီးပင် မရှိသဖြင့် အသံထွက်ပေါ်စရာ တခြားအကြောင်း မရှိနိုင်ပါ။ သို့ကြောင့်လည်း စိတ်ထဲ စနိုးစနောင့်ဖြစ်သွားမိသည်။

'အိမ်ထဲမှာ ငါတစ်ယောက်တည်းလေ။ ဘယ်က အသံထွက်နေတာလဲ။ သူခိုးဓားပြဆိုလည်း အသံထွက်စရာ အကြောင်းမှ မရှိဘဲ။ ဘာသံလဲကွာ'

တွေးနေခိုက်မှာပင် အသံက တိုးရာမှ ကျယ်လာသည်။ တရှပ်ရှပ် တချွမ်ချွမ် အသံပေါင်းစုံ မြည်လာသည်။ မဟုတ်တော့၊ ဘယ်က အသံတွေလဲ။ အိမ်နီးချင်းတွေဆီက ပျံ့လွင့်လာသလား မပြောတတ်တော့ပါ။ သို့သော် ပေယျာလကံတော့ သဘောမထားနိုင်။ ဘယ်ကလာသည့် အသံလဲဆိုတာကို သိရမှဖြစ်မည်။ သို့ကြောင့် စာကြည့်စားပွဲကနေ ကမန်းကတန်းထကာ စာဖတ်ခန်း၏ တစ်ဖက်ရှိ ဧည့်ခန်းဆီသို့ ပြေးသွားလိုက်၏။ အခန်းချင်းကပ်လျက်ဖြစ်သဖြင့် စက္ကန့်ပိုင်းမျှသာ ကြာသည်။

'ဟင်'

ဧည့်ခန်းသို့ ရောက်သည့်အခါ ဘာမျှမရှိ၊ ဘာကိုမျှ မတွေ့ရ။

တိုက်တိုက်ဆိုင်ဆိုင် မြတ်သူထိုက် ဧည့်ခန်းဆီသို့ ရောက်လာသည်နှင့် အသံကလည်း ရုတ်ခြည်းတိတ်ဆိတ်သွား၏။ စက္ကန့်ပိုင်းမျှ ကာလအတွင်း စောစောက ဆူပွက်လျက်ရှိသော တရှပ်ရှပ် တချွမ်ချွမ် အသံတို့သည် ရုတ်တရက် ဆန်းကြယ်စွာ ပျောက်ကွယ်သွားကြပြီ။

ဘယ်လိုလဲဟ။ စောစောက သေချာကြားနေရတာပါ။ တရှပ်ရှပ်နဲ့ မြည်နေတဲ့အသံ။ ဘာသံများဖြစ်မလဲ။ အဲဒီအသံက ဘယ်ကထွက်လာတာလဲ။ အခု ဘယ်ပျောက်သွားတာလဲ။

ထိုအတွေးများဖြင့် ဧည့်ခန်းအလယ်သို့ ဆက်လျှောက်လာလိုက်သည်။ စိတ်ထဲမှာတော့ နားမလည်နိုင်ခြင်းများစွာဖြင့် မေးခွန်းသံတို့ ဆူညံနေပြီ။ ဘယ်ရောက်သွားသလဲ တရှပ်ရှပ် တချွမ်ချွမ် အသံတွေ။

ပတ်ဝန်းကျင်သည် ပကတိတိတ်ဆိတ်နေသည်။ ပြတင်းပေါက်နှင့် တံခါးများအားလုံးကို ပိတ်ထားသဖြင့် လေတိုးသံကိုလည်း ကြားရစရာအကြောင်း မရှိပါချေ။ တခြားက ပျံ့လွင့်လာသံဟု ယူဆရအောင်ကလည်း ခြံတွေက ကျဉ်းကျဉ်းမြောင်းမြောင်းမဟုတ်။ တစ်ခြံနှင့်တစ်ခြံက ခပ်လှမ်းလှမ်းရယ်။ ဒါဆို စောစောက ဘာသံများလဲ။ စဉ်းစားကျပ်စွာဖြင့် မြတ်သူထိုက် နံရံဆီသို့ ငေးကြည့်လိုက်မိ၏။

နံရံပေါ်၌ လှပခမ်းနားစွာ နေရာယူထားသည်က မည်းပြောင်ဝင်းလက်နေသော ဓားရှည်တစ်ချောင်း။ ဘယ်နှစ်ခါကြည့်ကြည့် မရိုးနိုင်သည့် အလှတရား။ တင့်တယ်လှစွာသော ရှေးဟောင်းဓား။ သို့ပေမဲ့ ဘာကြောင့်လဲ မပြောတတ်။ ထိုဓားရှည်ကို စိုက်ကြည့်မိသည့်အခိုက် မြတ်သူထိုက်၏ရင်ထဲ လှပ်ခနဲ ခံစားလိုက်ရကာ ကြက်သီးများပင် ဖြိုးဖြိုးဖြန်းဖြန်း ထသွားသည်။ ဓားရှည်က မိမိကို ပြုံးတုံ့တုံ့ သရော်တော်တော် စိုက်ကြည့်နေသည်ဟု ခံစားလိုက်ရသောကြောင့်။

မဟုတ်သေးပါဘူး။ ငါတော့ အိပ်ရေးပျက်တာ များနေပြီ ထင်ပါရဲ့။

နေအိမ်သို့ မနက်ကမှ ရောက်ရှိလာခဲ့သော ထိုဓားရှည် အပေါ် ကြောက်ရွံ့စိတ်ဝင်မိသည့် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ဖြစ်မိသည်။ တော်ရုံဖြင့် ကြောက်တတ်သူ မဟုတ်သော မိမိက ဘာလို့များ ဤသက်မဲ့ဓားကို ကြောက်ရွံ့နေရမှာလဲ။ အသက်မပါသော ဓားတစ်ချောင်းက ဘာမှ အန္တရာယ်မပေးနိုင်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း စိတ်ပြေရာပြေကြောင်း နှစ်သိမ့်လိုက်သည်။

ဟုတ်လည်း ဟုတ်တာပါပဲလေ။ မြတ်သူထိုက်က ညဉ့်နက်မှ အိပ်စက်သူပဲကိုး။ တစ်ခါတစ်ရံ သန်းခေါင်သန်းလွဲအထိ အိပ်ချင်မှအိပ်သည်။ မိုးလင်းပေါက် စာဖတ်ချင်ဖတ်နေတတ်သူ။ သည်တော့ ဘယ်အရာကြောင့်မှမဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် အိပ်ရေးပျက်လွန်း၍ ရင်တုန်နေခြင်းဖြစ်ပါလိမ့်မည်။ စောစောကအသံနှင့်ပတ်သက်ပြီး ဘာကိုမျှ ထူးထူးခြားခြား မတွေ့ရသဖြင့် နားကြားမှားသည်ဟု ယူဆကာ မြတ်သူထိုက် စာဖတ်ခန်းထဲသို့ ပြန်လာလိုက်သည်။ ညနေတောင်စောင်းတော့မည်။ အလုပ်မပြီးမည်စိုးသဖြင့် ဖတ်လက်စစာကို ဆက်ဖတ်နေလိုက်တော့၏။

◆ ◆ ◆

မြတ်သူထိုက်က Future Life ဂျာနယ်တွင် သတင်းဆောင်းပါးရေးသူတစ်ဦးဖြစ်သည်။ အသက်အားဖြင့် (၂၈) နှစ်ဝန်းကျင်ခန့်သာ ရှိသေးပေမယ့် အလုပ်ကို ကျားကုတ်ကျားခဲ ကြိုးစားသူဖြစ်၍လည်း ငယ်ငယ်ရွယ်ရွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သိမျှား အောင်မြင်လျက်ရှိသော စာရေးဆရာတစ်ဦးလည်း ဖြစ်၏။ နောက်ပြီး ဂျာနယ်တိုက်၏ ဖူးဖူးမှုတ် အလိုလိုက်ခြင်းကိုလည်း ခံယူနေရသူ။ အသားဖြူဖြူ အရပ်ရှည်ရှည် သွယ်လျလျကိုယ်ဟန်ရှိသော မြတ်သူထိုက်ကာ နာမည်နှင့် လိုက်အောင် မြင့်မြတ်သူသာလျှင် ထိုက်တန်မည်ထင်။ ယခုအရွယ်သို့ရောက်သည့်တိုင် ချစ်သူရည်းစား မရှိသေးချေ။

ဘဲဥပုံသဏ္ဍာန် သွယ်ဝန်းသော မျက်နှာကျပေါ်၌ ထူထဲထဲမျက်ခုံး၊ ဝိုင်းစက်စက်မျက်လုံး၊ ကော့ညွတ်ညွတ်မျက်တောင်၊ မမြင့်မနိမ့်နှာတံနှင့် ပါးလှပ်လှပ်နှုတ်ခမ်းလေးများက ပန်းချီဆွဲထားသလို လှပချောမောလျက် ပြေပြစ်တင့်တယ်သော မြတ်သူထိုက်ကို ချစ်ကြိုက်ချင်သူများမှာ တစ်ပုံတပင်ကြီး ရှိသည်မှန်သော်လည်း သူမကိုယ်တိုင်က ထိုကိစ္စကို စဉ်းစားရန် အချိန်မပေးဘဲ အလုပ်အကြောင်းသာ တစ်ချိန်လုံးတွေး တစ်ချိန်လုံး ပြောနေတတ်သူ။ သူမ ဝါသနာပါသော အကြောင်းအရာများကို လေ့လာမှတ်သားနေရမည် ဆိုပါက တကယ့်ကို ထမင်းမေ့ ဟင်းမေ့။

မြတ်သူထိုက်က နိုင်ငံတကာမှ အဖြစ်အပျက်များအပေါ် လေ့လာစူးစမ်းရခြင်းကို ဝါသနာထုံသည်။ သို့ကြောင့် ပြည်တွင်း၊ပြည်ပ သတင်းစာများ၊ ဂျာနယ်များကို မပြတ်ဖတ်ရှုကာ ဘယ်နိုင်ငံမှာ ဘာဖြစ်နေသလဲ၊ ဘယ်နိုင်ငံမှာ ဘာတွေတီထွင်ဖွံ့ဖြိုးနေပြီလဲ အစရှိသည်တို့ကို စောင့်ကြည့်လေ့လာသလို တစ်ဖက်မှာလည်း နိုင်ငံအသီးသီးက ရှေးယဉ်ကျေးမှု အစဉ်အလာများကို ရှာဖွေမှတ်သားကာ ထိုသို့စုဆောင်းရရှိသော အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆောင်းပါးများ ရေးသားသည်။ ကျမ်းများ ပြုစုသည်။

ယခု မြတ်သူထိုက် အလုပ်ရှုပ်နေရခြင်း အကြောင်းရင်းက နိုင်ငံရပ်ခြားမှ ယဉ်ကျေးမှုတစ်ရပ်ကြောင့်ဟု ဆိုနိုင်သလို ငယ်သူငယ်ချင်း မင်းမော်ဖြိုးကြောင့်ဟုဆိုလည်း မမှား။ နေအိမ်သို့ ထိုသူငယ်ချင်း အလည်ရောက်လာ၍ ယခုကဲ့သို့ ဆောင်းပါးရေးရန် အကြောင်းပေါ်ခဲ့ရခြင်း မဟုတ်ပါလား။ ကိစ္စက ဤသို့ဤပုံ..။

◆◆◆

မင်းမော်ဖြိုးနှင့် မြတ်သူထိုက်တို့က ငါးတန်းနှစ်ကတည်းက ခင်မင်လာခဲ့သော သူငယ်ချင်းနှစ်ယောက်။ အထက်တန်းကျောင်းအပြီးမှာ တစ်ယောက်နှင့်တစ်ယောက် မကြာခဏတွေ့ဆုံခြင်း မရှိတော့ပေမယ့် ဆရာကန်တော့ပွဲ ရောက်လျှင်တော့ သူငယ်ချင်းတွေ ဆုံဖြစ်ကြသည်။ ငယ်က အကြောင်းများ ပြန်ပြောဖြစ်ကြသည်။

တက္ကသိုလ်ပြီးဆုံးသွားသည့်အခါ မြတ်သူထိုက်က စာအုပ်စာတမ်းအမျိုးမျိုးကို လေ့လာဖတ်ရှုကာ ဗဟုသုတရဖွယ်ရာဆောင်းပါးများ ရေးသားသည့် စာရေးဆရာတစ်ယောက်၏ဘဝကို ရွေးချယ်ခဲ့သည်။ မင်းမော်ဖြိုးကတော့ ရေကြောင်းတက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် နိုင်ငံခြားသင်္ဘောတစ်စင်းတွင် လိုက်ပါသွားခဲ့သည်။ ထိုစဉ်ကတည်းက သူငယ်ချင်းနှစ်ယောက် အပြင်မှာ မဆုံဖြစ်ကြတော့။ မတွေ့ဖြစ်ကြသည်မှာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ လေးနှစ်ကျော်မျှ ပျောက်ကွယ်သွားခဲ့သော မင်းမော်ဖြိုးတစ်ယောက် လွန်ခဲ့သော(၁၀)နာရီခန့်က မြတ်သူထိုက်ထံသို့ ရောက်ရှိလာခဲ့သည်။

မြန်မာပြည်သို့ ခဏရောက်နေခြင်း ဖြစ်သည်ဟုဆိုကာ ပစ္စည်းတစ်ခုကို မြတ်သူထိုက်အား ပေးလေသည်။ အဝတ်ဖြင့် သေချာထုပ်ပိုးထားသောအရာဖြစ်၏။ ဘာမှန်းညာမှန်း မသိ၍ မင်းမော်ဖြိုးပေးသည့်ပစ္စည်းကို မြတ်သူထိုက်က မယူသေးဘဲ 'ဟဲ့..မင်းမင်း၊ အဲဒါက ဘာလဲ'ဟု အရင်မေးလိုက်သည်။

ငယ်ကျင့်အတိုင်း စကားကို ခပ်မာမာပြောတတ်သော မြတ်သူထိုက်၏ပုံစံကြောင့် မင်းမော်ဖြိုး ပြုံးစိစိဖြစ်သွားသည်။ မမြင်တာကြာ၍ပဲလား၊ (သို့မဟုတ်) ပင်လယ်ပြင်မှာ အနေများ၍ ဦးနှောက်ပဲ ချောင်လာ၍လား မပြောတတ်။ မြတ်သူထိုက်ကို ပိုလှလာသည်ဟု မင်းမော်ဖြိုး ခံစားမိ၏။ အသားတို့ ပိုဖြူလာကာ ခန္ဓာကိုယ်ဖွံ့ထွားလာသော မြတ်သူထိုက်ကို ယခင်က လှသည်ဟုပင် မထင်ခဲ့မိသော်လည်း ယခုများကျ မြင်မြင်ချင်းပဲ ရင်ခုန်သလိုလို ဘာလိုလို။ သို့ပေသိ ငယ်သူငယ်ချင်းများဖြစ်နေ၍ ထုတ်ဖော်မချီးကျူးဝံ့။ ထိုကိစ္စနှင့်ပတ်သက်ပြီး စကားပင် မဟဝံ့။ ပြောမိပါက ဟားတိုက်ရယ်မည်။ အလှောင်ခံထိမည်မဟုတ်လား။ သို့ဖြစ်၍ လာရင်းကိစ္စကိုပဲ စကားစလိုက်သည်။

'နင့်အတွက် လက်ဆောင်ယူလာတာလေ'

'အေးပါ၊ ဟုတ်ပါပြီ။ ဘာပစ္စည်းလဲဆိုတာ အရင်ပြောပါဦး'

'ခန့်မှန်းကြည့်ပေါ့'

မင်းမော်ဖြိုးက ကလေးတုန်းကလိုပဲ ဂျစ်တွန်း..တွန်း

www.burmeseclassic.com

www.burmeseclassic.com

နေ၍ မြတ်သူထိုက် အာရုံနောက်သွားသည်။ ဘာဘာညာညာ ဆိုတာကို တစ်ခါတည်း ပြောမပြဘဲ ပဟေဠိဖွက်နေသေး။ ပြုံးစိစိလုပ်နေသည့် မင်းမော်ဖြိုးကို မြတ်သူထိုက် မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး အဝတ်နက်ပတ်ထားသော ထိုအရာကို သေသေချာချာ စိုက်ကြည့်နေမိ၏။

ပစ္စည်းက အလျားရှည်ပြီး အနံကျဉ်းသည်။ အလျားနှစ်တောင်နီးပါး ရှည်သော်ငြား အနံကမူ တစ်ထွာပင်မပြည့်ချင်။ ရှည်မြောမြောအရာတစ်ခု ဖြစ်သည်။

'ဩော်··စာရေးဆရာမကြီးရယ်၊ အသည်းအသန်တွေးကြည့်မယ့်အစား ကိုင်ကြည့်လိုက်ပါလား။ ရော့··သေချာကိုင်ပြီး ခန့်မှန်းကြည့်'

မင်းမော်ဖြိုးက အသက်သာ ကြီးလာသည်။ လူကမူ ငယ်ကအတိုင်း ဆိုးဆိုးဆတ်ဆတ်။ သူ့လက်ထဲက ထိုအရာကို မြတ်သူထိုက်၏လက်ထဲသို့ အတင်းထည့်ပေးလိုက်သည်။ မြတ်သူထိုက်လည်း မယူချင့်ယူချင်နှင့် လက်ခံလိုက်ရသည်။ လက်ထဲသို့ရောက်လာသည့်အခါမှ ထိုအရာဟာ ဘာဆိုတာကို မြတ်သူထိုက် ခန့်မှန်း၍ ရသွားသည်။ သို့သော် ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်ကာ မျက်ခုံးကျုံ့လိုက်မိ၏။

'ဟဲ့··နေ··နေဦး မင်းမင်း။ နင့်လက်ဆောင်က ဓားတော့ မဟုတ်ပါဘူးနော်'

'အမယ်··တော်လှချည်လား။ နင် ခန့်မှန်းမိလိမ့်မယ်လို့ ငါ လုံးဝမမျှော်လင့်ထားဘူး။ အရမ်းလေးစားသွားပြီကွာ။ ငါ့သယ်ရင်းလေးက ဒါကြောင့် နာမည်ကျော်စာရေးဆရာမကြီး ဖြစ်နေတာကိုး'

'တော်စမ်းပါ၊ အပိုတွေ။ ငါက ဒီဓားကြီးကို ဘာလုပ်ရမှာတုံး။ မိန်းကလေးသူငယ်ချင်းအတွက် လက်ဆောင်ဝယ်လာတာ ဓားဝယ်ရလား။ Laptop လေး ဝယ်လာရင်တောင် ကျေးဇူးတင်ဦးမယ်'

'ဟင်··မသိဘဲ စွတ်အပြစ်တင်နေပြန်ပြီ။ ဒီဓားက နယ်နယ်ရရဓား မဟုတ်ဘူး၊ ရှေးဟောင်းဓား။ သိန်းချီပြီး ပေးဝယ်လာရတာနော်။ နေဦး၊ ငါ အရင်ထုတ်ပြမယ်။ ဓားကိုမြင်ရင် နင် ခိုက်သွားမှာ သေချာတယ်'

မင်းမော်ဖြိုးက ပြောပြောဆိုဆိုနှင့် မြတ်သူထိုက်၏ လက်ထဲကပစ္စည်းကို ဆွဲယူကာ အပေါ်မှာ လိပ်ပတ်ထားသော အဝတ်နက်ကို ခွာလိုက်သည်။ ဘယ်လိုဓားရည်မျိုးမို့များ ဒီလောက်အမွှမ်းတင်နေရပါလိမ့်ဟူသောအတွေးဖြင့် မြတ်သူထိုက်ကိုယ်တိုင်လည်း အဝတ်နက်အောက်မှဓားကို စိတ်ဝင်စားလျက်ရှိသည်။

'ဟယ်'

အဝတ်နက်ကို ဖယ်ရှားလိုက်သည့်အခိုက် မြတ်သူထိုက်၏ နှုတ်ခမ်းပါးမှ မရည်ရွယ်ပါဘဲ ခပ်တိုးတိုး ထွက်ကျသွားသောစကား။ ထိုသို့ အာမေဋိတ်သံပြုမိလောက်အောင်လည်း အဝတ်နက်အောက်မှအရာက ဆွဲဆောင်အားပြင်းနေသည်ပဲကိုး။

အပေါ်မှ အဝတ်နက်ကို ဖယ်လှပ်လိုက်သည့်အခါ အနက်ရောင်မည်းပြောင်နေသော ဓားအိမ်တစ်ခုကို တွေ့မြင်လိုက်ရသည်။ အနက်ရောင်ဟု လွယ်လွယ်ဆိုလိုက်ရပေမယ့် အမှန်တကယ်ကျ နက်ပြာရောင်တောက်တောက်လို၊ စိမ်းနက်နက်အရောင်လို ဘယ်လိုအရောင်ဟု ခွဲခြားရန် မလွယ်ကူသည့် အဆင်းသဏ္ဌာန်ရှိသော ဓားအိမ်တစ်ခုကို မြတ်သူထိုက် တွေ့လိုက်ရ၏။ မြင်မြင်ချင်းပဲ နှစ်ခြိုက်သွားကြောင်း ဝန်ခံရမည်။ မင်းမော်ဖြိုးက အပေါ်မှ အဝတ်နက်များကို လုံးလုံးဖယ်ရှားလိုက်ပြီဖြစ်၍ ဓားအိမ်၏ပုံစံကို ရှင်းလင်းတွေ့မြင်လိုက်ရပါပြီ။

◆◆◆

တော်တော်လှတာပဲ။

မြတ်သူထိုက်၏ စိတ်ထဲမှ တိုးဖွဖွ ဆိုညည်းလိုက်မိသည်။ သို့သော် ပါးစပ်ကတော့ ထုတ်မပြော။ ထုတ်ပြောလျှင် လက်ဆောင်ပေးသူ မင်းမော်ဖြိုးတစ်ယောက် သွေးနားထင်ဆောင့်နေဦးမည်ပဲလေ။

ရုပ်ရှင်ဇာတ်ကားများထဲ၌ တွေ့မြင်ဖူးခဲ့သော ဓားအိမ်ပုံဖြစ်သော်လည်း ဤဓားအိမ်က တစ်မျိုးတစ်ဖုံ ထူးခြားနေသလိုပင်။ အရောင်အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း လုံးလုံးလျားလျားကြီး ကွာခြားခြင်း မရှိသော်လည်း ရှုမြင်ရသည့် ခံစားမှုမှာတော့ အနည်းငယ်ကွဲပြားသည်။ အလျား(၃၅)လက်မခန့် အနံ(၂)လက်မခွဲခန့် ရှိနိုင်မည်ဖြစ်သော ထိုဓားအိမ်သည် ပြောင်လက်ချောမွေ့လျက်ရှိပြီး ပတ်ပတ်လည်တွင် ပုံဖော်ထားသော ဘာဆေးရေးပန်းချီမှု မရှိ။

'ဘယ်လိုလဲ၊ ကြွေသွားပြီမဟုတ်လား။ သဘောကျတယ်ဟုတ်'

'အင်းပါ··ငါ့အတွက် အသုံးမဝင်ပေမယ့် နင်က လက်ဆောင်ပေးနေတော့လည်း သဘောကျရတော့မှာပေါ့'

www.burmeseclassic.com

စိတ်ထဲက နှစ်ခြိုက်နေပြီဖြစ်သော်လည်း မင်းမော်ဖြိုး ဆောင့်ကြွားဖြစ်မည်စိုး၍ ခပ်ကြောကြော ပြောလိုက်၏။ သို့ပေသိ သူငယ်ချင်းအရင်းအချာကြီးတွေဖြစ်၍ တစ်ယောက်စိတ်ကို တစ်ယောက်က သိနေသည်။

မင်းမော်ဖြိုးက မြတ်သူထိုက်ကို မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်လိုက်ပြီး-

'အမယ်လေး··စိတ်ထဲကဖြင့် လိုချင်လို့ သေမလို ဖြစ်နေတာကိုများ မသိဘူး ထင်နေလား။ စေတနာပျက်အောင် မလုပ်နဲ့နော်'

'အေးပါဟယ်၊ သိရင်လည်း ပြီးတာပဲကို။ ကျေးဇူးတင်တာ တော်တော်ခံချင်နေတယ်။ ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်၊ ရပြီလား။ ကဲ··ပေးတော့။ ငါ ကိုင်ကြည့်ချင်လှပြီ'

'ဟွန်း··စောစောကဖြင့် ဘာလဲ ညာလဲနဲ့။ ခုကျ ဖြစ်ပျက်နေလိုက်တာ။ ရော့'

မင်းမော်ဖြိုးက မြတ်သူထိုက်ထံသို့ ဓားရှည်ကို ကမ်းပေးလိုက်သည်။

ဓားရှည်ကို လက်ခံယူလိုက်သည့်အခိုက် မြတ်သူထိုက်၏စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ထိုခံစားချက်ကို ဘယ်သောအခါမျှ မေ့ဖျောက်နိုင်လိမ့်မည်မထင်။ နှစ်သက်ခြင်း၊ မြတ်နိုးခြင်း စသော ခံစားမှုတို့နှင့်အတူ ချောက်ချားခြင်း၊ စိုးရွံ့ထိတ်လန့်ခြင်း စသည့် ဝေဒနာများကိုပါ ရောထွေးစွာ ခံစားလိုက်ရခြင်း ဖြစ်၏။ ဒါကလည်း ဆန်းတော့မဆန်း၊ မြတ်သူထိုက်က အနုပညာသမားပီပီ စိတ်နုနယ်သည်ပဲကိုး။ သည်တော့ လိုချင်သည့် ပစ္စည်းတစ်ခုကို ပိုင်ဆိုင်လိုက်ရသည့်ခဏ စိတ်လှုပ်ရှားသွားခြင်းပဲ ဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့သာ ယူဆလိုက်သည်။

ဓားကို ဆုပ်ကိုင်လိုက်သည့်အခိုက် ရုတ်တရက် ခံစားလိုက်ရသော စိတ်လှုပ်ရှားမှုကို လျစ်လျူရှုကာ မင်းမော်ဖြိုး လက်ဆောင်ပေးသော ဓားရှည်ကိုသာ အားပါးတရ စိုက်ကြည့်နေမိ၏။ မိန်းကလေးတန်မဲ့ လက်နက်ခဲယမ်းများ အပေါ် ထူးထူးခြားခြား နှစ်သက်တတ်သူ မြတ်သူဝှိုက်က လက်ဆောင်ရပစ္စည်းကို ငေးစိုက်ကြည့်နေစဉ် မင်းမော်ဖြိုးကမူ ပြုံးဖြဲဖြဲမျက်နှာကြီးနှင့် ပီတိဖြစ်နေ၏။

မင်းမော်ဖြိုးက တည်တည်ခန့်ခန့်နေလျှင် ကြည့်ကောင်းပြီး ခံ့ညားသော ရုပ်ရည်ပိုင်ရှင်မျိုးဖြစ်ပေမယ့် ငယ်သူငယ်ချင်းများရှေ့ရောက်တိုင်း အကျင့်ပါနေသော မျက်နှာက အပိုးသတ်မရ။ အမြဲတမ်း သည်လိုပဲ ပြုံးစိစိ စပ်ဖြီးဖြီး။

သို့မို့ထင် မြတ်သူထိုက်၏စိတ်ထဲ သူ့ကိုဆို မျက်နှာရှုံ့ငပေါ်ဟုသာ အမြဲမြင်သည်။ ဤသည်မှာလည်း ငယ်သူငယ်ချင်း အများစုတွင် ဖြစ်ပေါ်တတ်သည့် သဘောထားပင် မဟုတ်ပါလား။

'ဒါနဲ့ နေပါဦး။ ဒီဓားကို ဘယ်က ဝယ်လာတာလဲ'

'ဘယ်ကဖြစ်ရမှာလဲ။ ဂျပန်က ဝယ်လာတာပေါ့။ နင်ကလည်း ညံ့ပါ့။ ဓားကို မြင်ကတည်းက ဂျပန်က ဝယ်လာမှန်း သိသင့်တယ်။ နင်ဂျာဇာတ်ကားတွေထဲမှာ ဒီလောက်ပါတတ်တဲ့ ဓားမျိုးကိုများ နင်က မသိဘူးလား'

'ဟဲ့··ရုတ်တရက်တော့ ငါလည်း ဘယ်သိပါ့မလဲ။ တရုတ်ကားထဲမှာလည်း ဒီလိုဓားမျိုးတွေ ပါနေတာပဲဥစ္စာ။ နောက်ပြီး ငါက နင့်လို အားနေတာမဟုတ်ဘူး။ စာတွေဖတ်နေရတယ်။ နိုင်ငံပေါင်းစုံက ထွက်သမျှ ရုပ်ရှင်တွေ ထိုင်မကြည့်အားဘူး'

'ဟင်··ရုပ်ရှင်ကြည့်ရင်လည်း ဗဟုသုတရတာပဲဥစ္စာ'

'မတူဘူးဟ။ ရတဲ့အရာချင်း၊ အနှစ်သာရချင်းက လုံးဝမတူဘူး။ ရုပ်ရှင်က မက်ဆေ့ချ်ကို ဒဲ့ပေးတာများတယ်။ တစ်ခါတလေမှ အတွေး(thinking) ပိုင်းကို ပေးတာ။ စာကျတော့ အတွေးက အဓိက။ ဒါကြောင့် စာဖတ်မှ အတွေးအခေါ် ရင့်သန်တာ။ ထားပါတော့၊ နင့်လို ကလေးတွေက ပြောလည်း နားလည်တာမှ မဟုတ်တာ။ လေကုန်တယ်၊ မောတယ်'

'ဩော်··မှတ်တောင်ထားရဦးမယ်'

'ဟုတ်တယ်၊ သေချာမှတ်ထား။ ချရေးထား'

နှစ်ယောက်လုံးက သက်လတ်ပိုင်းသို့ပင် ချဉ်းကပ်လုပြီဖြစ်သော လုပ်ငန်းခွင်အသီးသီး၌ အောင်မြင်လျက်ရှိသည့် ပညာရှင်များ ဖြစ်စေကာမူ ယခုအချိန်မှာတော့ ပီဘိကလေးများလို တစ်ယောက်ကိုတစ်ယောက် စလိုက်နောက်လိုက်နှင့် လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနေကြသည်။

လုပ်ဖော်ကိုင်ဖက်များ၊ စာချစ်သူ ပရိသတ်များရှေ့၌ အမြဲတမ်း တည်တည်တံ့တံ့ နေထိုင်တတ်သော စာရေးဆရာမလေး မြတ်သူထိုက်ဆိုတာက လက်ရှိအခိုက်အတန့်မှာတော့ ပျောက်ဆုံးလျက်ရှိပြီ။ ထိုနည်းတူ သတ္တဗေဒ ဆရာလေး မင်းမော်ဖြိုးဆိုတာကလည်း ငယ်သူငယ်ချင်းများရှေ့သို့ ရောက်လျှင်တော့ ကျောင်းတုန်းကအတိုင်း မျက်နှာရှုံ့ပါပဲ။

www.burmeseclassic.com

ငယ်သူငယ်ချင်းများပီပီ မင်းမော်ဖြိုးက မြတ်သူထိုက်၏အကြောင်းကို တော်တော်များများသိသည်။ မြတ်သူထိုက်က မိန်းမဆန်ဆန်ဘဲ ငယ်စဉ်ကတည်းက ငါး၊ လုံး၊ သေနတ်များကို စိတ်ဝင်စားတတ်သူမှန်းသိ၍ ဂျပန်နိုင်ငံသို့ ရောက်သည့်အခါ မျက်စိကျရာ ဓားရှည်တစ်လက်ကို လက်ဆောင်ဝယ်လာခဲ့မိခြင်းဖြစ်သည်။ အပြန်အလှန်အနေဖြင့် မြတ်သူထိုက်ကလည်း မင်းမော်ဖြိုးအတွက် စာအုပ်များကို လက်ဆောင်ပြန်ပေးလေ၏။

'ဟဲ့··ချောင်ထိုးမထားနဲ့နော်၊ ကုန်အောင်ဖတ်။ ငါ viber ကနေ, လှမ်း check မှာနော်'

'အမလေးလေး··လက်ဆောင်ပေးတာကလည်း ကြိမ်လုံးသံကြီးနဲ့ပါလားကွ။ အင်းပါလေ··စာဂျပိုးကိုမှ သူငယ်ချင်းတော်မိခဲ့တာကိုး။ ဒီလောက်တော့ ရှိမှာပေါ့။ ဒါနဲ့ နင့်ကို သတိပေးရဦးမယ်'

'ဘာကိုလဲ'

'နင် စာအုပ်တွေချည်း ဖတ်မနေနဲ့။ တော်ကြာ ဒုက္ခရောက်နေဦးမယ်'

'ဘာရယ်··မကြားဖူးပေါင်။ စာအုပ်တွေဖတ်လို့ ဒုက္ခရောက်ရတယ် ဆိုတာမျိုး'

'သြော်··တကယ်ပါဆိုနေ။ နင် နေ့နေ့ညည စာအုပ်တွေ ဖတ်နေတာမဟုတ်လား။ နောက်ပြီး ဘယ်သွားသွား ဘယ်လာလာ စာအုပ်ပဲ ဖတ်နေတယ်ဟုတ်'

'အင်းလေ··ဘာလဲ၊ မျက်စိထိခိုက်မယ်လို့ ပြောချင်တာလား။ မပူနဲ့၊ ငါက လေ့ကျင့်ခန်းလည်း လုပ်တယ်။ မျက်စိအားတိုးဆေးလည်း သောက်တယ်'

'မဟုတ်ဘူး၊ ငါပြောတဲ့ ဒုက္ခရောက်မယ်ဆိုတဲ့ အကြောင်းက ဒီလိုလေ။ နင်က ဘယ်သွားသွား ဘာလုပ်လုပ် စာအုပ်ကိုချည်း စိတ်ရောက်နေတော့ ဘယ်စွံမလဲ။ အဲဒီလိုနဲ့ အသက်ကြီးသွားရင် အိုမင်းမစွမ်းဖြစ်မှ နင်ဒုက္ခရောက်နေဦးမယ်လို့ ပြောတာ။ ဟဲ··ဟဲ'

'ကောင်စုတ် မဟုတ်တာတော့ပြောပြီ။ သူများ မပြောပါနဲ့။ နင်ကရော ဘယ်လောက်စွံနေလို့တုံး'

'အမယ်··ဘာလို့ မစွံရမှာလဲ။ ငါက စတားပါနော်။ ကောင်မလေးတွေက ငါ့ကို ဝိုင်းကြိုနေကြတာ'

'တော်စမ်းပါ။ လက်ဆုပ်လက်ကိုင်တော့ ပြစရာမရှိဘူးမဟုတ်လား။ အတူတူနဲ့ အနူနူကိုများ'

'အေးနော်··ဒါဖြင့်လည်း မထူးပါဘူး။ နင်နဲ့ ငါပဲ ယူလိုက်ကြတာပေါ့။ မကောင်းဘူးလား'

'အောင်မာ··ကောင်စုတ်နော်။ မဟုတ်တာတွေ မပြောနဲ့'

'စတာပါဟာ။ ဟီး··ဟီး'

မင်းမော်ဖြိုးက ပြောမိပြီးမှ သူ့စကားသူ မလုံမလဲဖြစ်ကာ အရှက်ပြေပြောရင်း ထရယ်သည်။ မြတ်သူထိုက်ကလည်း သူငယ်ချင်း၏ အရွတ်အနောက် စကားများကြောင့် မျက်နှာပူသလို ဖြစ်သွားမိ၍ မင်းမော်ဖြိုးနှင့်အတူ လိုက်ရယ်နေမိသည်။ နောက်တော့ အလုပ်အကြောင်း၊ ဆရာကန်တော့ပွဲတုန်းက အကြောင်းများကို စပ်မိစပ်ရာပြောကြရင်း စောစောက စကားများကို မေ့ဖျောက်လိုက်တော့၏။

မင်းမော်ဖြိုး ပြန်သွားပြီးနောက် သူလက်ဆောင်ပေးသော ဓားရှည်ကို ဧည့်ခန်းနံရံပေါ်တွင် ကျကျနန ချိတ်ဆွဲထားလိုက်သည်။ အဖြူရောင်ကိုမြတ်နိုးသော မြတ်သူထိုက်က ဧည့်ခန်းတစ်ခုလုံးကို အဖြူရောင်လွှမ်းစေလို၍ လိုက်ကာစမှအစ ကော်ဇောအဆုံး အဖြူရောင်ချည်း အလှဆင်ထားခဲ့ရာ ထိုအဖြူရောင်ဧည့်ခန်းလေးသည် နံရံပေါ်မှ အနက်ရောင်ဓားကြောင့် တစ်မျိုးတစ်ဖုံ တင့်ဆန်းသွားသည်။

Black & White ပေါ့။ အမြင်လေး ဆန်းသွားပြီ။

သူငယ်ချင်း၏ ကျေးဇူးဖြင့် ရှခင်းပြောင်းသွားသော ဧည့်ခန်းလေးကို တစိမ့်စိမ့်ကြည့်ကာ မြတ်သူထိုက် ကျေနပ်သွားသည်။ ထိုမြင်ကွင်းကို စိုက်ကြည့်ရင်း မြတ်သူထိုက်၏စိတ်ထဲ ဆောင်းပါးတစ်ပုဒ် ရေးသားရန် အကြံဖြစ်ပေါ်လာသည်။ ရေးသားမည့် ဆောင်းပါးက ဂျပန်ဓားရာဇဝင်၊

◆◆◆

မင်းမော်ဖြိုးက ဂျပန်ဓားရှည်တစ်ချောင်း လက်ဆောင်ပေးသဖြင့် ထိုဆောင်းပါးရေးရန် စိတ်အကြံဖြစ်ပေါ်ခဲ့ခြင်းဖြစ်၍ ယခု အလုပ်ရှုပ်နေရခြင်းက မင်းမော်ဖြိုးကြောင့်ဟု ဆိုလျှင်လည်းမမှား။ ရာနဝင်လာသည်နှင့် အချိန်ရွှေ့ဆိုင်းခြင်းမရှိဘဲ ကြိုးစားပမ်းစား လုပ်ဆောင်တတ်သော မြတ်သူထိုက်၏ ဖွဲနပဲအတိုင်း အွန်လိုင်းပေါ်သို့တက်ကာ ဂျပန်လူမျိုးတို့နှင့်ပတ်သက်သည့် ရာဇဝင်များကို ရှာဖွေလေ့လာသည်။

ဖေ့(စ်)ဘုတ်(facebook) နှင့် ဂူဂဲ(လ်)(google) တို့မှ လိုအပ်သည်များကို ရှာဖွေကာ ဂျပန်ဓားရှည်၏ သမိုင်းကြောင်းများကို စုဆောင်းသည်။ လိုအပ်သော အချက်အလက်များကို ဒေါင်းလုပ်(down load) ဆွဲပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရာများကို သေသေချာချာ ဖတ်ရှုရင်း ဆောင်းပါးရေးသားရန်အတွက် ဗဟုသုတရှာမှီးနေလေ၏။ ဟိုမှသည်မှ အတွေးအခေါ် အယူအဆများကို ချိန်ထိုးညှိနှိုင်းသည်။ ခေါင်းရှုပ်စရာ မှန်ပေမယ့် ဒါဟာ ဝါသနာပါရာ အလုပ်ဖြစ်၍ မြတ်သူထိုက်အတွက်တော့ ပင်ပန်းစရာမဟုတ်ပါ။ စိတ်ဝင်စားဖွယ်ရာ ဗဟုသုတများစွာကို သိရှိလိုက်ရသဖြင့် အကျိုးထူးလှသည်။ စာကြည့်စားပွဲပေါ် ခေါင်းစိုက်ရင်း အချိန်တို့ မည်သို့ကုန်ဆုံးသွားသလဲပင် မသိလိုက်။

◆◆◆

'ရွှစ်··ရွှစ်··ရွှစ်'

တရွှစ်ရွှစ် တရှုပ်ရှုပ် မြည်သံများက ဧည့်ခန်းဆီမှ ပျံ့လွင့်လာသဖြင့် မြတ်သူထိုက် လန့်နိုးသွားသည်။ ဘာသံတွေလဲဟု တွေးမိပေမယ့် လူက အိပ်ချင်မူးတူးဖြစ်နေ၍ အိပ်မက်လိုလို အမှန်လိုလို။ နံဘေးမှနာရီကို ကြည့်မိတော့ ည(၂)နာရီ (၄၄)မိနစ်။ ညဦးနက်သည်အထိ စာများကို ဖတ်ရှုနေမိရင်း စားပွဲပေါ်မှာပဲ အိပ်ပျော်သွားခဲ့ရာ ယခုမှသာ ထူးထူးဆန်းဆန်း ထိုအသံကြောင့် လန့်နိုးလာခဲ့ခြင်းဖြစ်၏။

'ဟင်··ဒါ ညနေက ကြားလိုက်မိတဲ့ အသံပဲ။ တရွှစ်ရွှစ် တရှုပ်ရှုပ်နဲ့ ဘာသံပါလိမ့်'

ထိုအတွေးဖြင့် မြတ်သူထိုက်၏အာရုံတို့ လှုပ်ခတ်ကုန်သည်။ အိပ်ချင်စိတ်တို့ပြယ်ကာ ဝင်စားမှုများ ရှန်းကြွလာသည်။

သန်းခေါင်ယံချိန်ကြီး ဖြစ်နေသော်လည်း မြတ်သူထိုက်၏ အရွတ္တထဲမှာ ကြောက်ရွံ့မှုမရှိ။ နောက်ပြီး နဂိုကတည်းက ကြောက်သွေးနည်းသူပဲကိုး။ သတင်းသမား၊ စပ်စုပိုးကောင်ပီပီ ဘာအထူးအဆန်းများဖြစ်မလဲဟုသာတွေးရင် ဝင်စားနေမိသည်။ သူခိုး၊ဓားပြဟူ၍တော့ မထင်မိ။ မြတ်သူထိုက်၏နေအိမ်က သူစိမ်းဝင်ရန် မလွယ်ကူသလို တံခါးများကလည်း အဆင့်ဆင့်မို့ သူခိုး၊ဓားပြ မဖြစ်နိုင်ပါ။ ဒါဆို အဲဒါ ဘာသံလဲ။

သိချင်စိတ်တို့ဖြင့် ဧည့်ခန်းဆီသို့ ဖြည်းညင်း၄ာ တိုးကပ်သွားလိုက်သည်။ ညနေစောင်းတုန်းကလို အလျင်စလိုမသွား၊ ခြေသံကြားအောင် မသွား။ ထိုသို့သွားပါက အသံပျောက်ကွယ်သွားမည်စိုး၍ ကိုယ့်အိမ်ထဲမှာဆိုပေမယ့် သူခိုးတစ်ယောက်လိုမျိုး ခြေဖော့နင်းပြီး ဧည့်ခန်းဆီသို့ တိုးကပ်သွားလိုက်သည်။ ထိုတရွှစ်ရွှစ်အသံမှလွဲပြီး တစ်အိမ်လုံးသုသာန်တစပြင်ကဲ့သို့ ငြိမ်ဝပ်နေပုံက သာမန်လူအဖို့ သွေးပျက်ချင်စရာ၊ တွေးကြောက်ချင်စရာ။ သို့သော် ကြောက်စိတ်ကင်းသူ မြတ်သူထိုက်အတွက်တော့ ဘာကိုမျှ တွေးတောစိုးရွံ့ခြင်း မဖြစ်မိပါ။

'ရွှစ်··ရွှစ်··ရွှစ်'

အသံနှင့် တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ။ စာဖတ်ခန်း၏အပြင် ဧည့်ခန်း၏ အဝင်ဝသို့ မြတ်သူထိုက် ရောက်ရှိနေပြီပဲလေ။

စိတ်လှုပ်ရှားစွာဖြင့် ဧည့်ခန်းဆီသို့ ဝင်ရောက်ရန် ခြေလှမ်းလိုက်စဉ်-

'ဟာ'

ရုတ်တရက် မှောင်အတိကျသွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမည်းမှောင်သွားသည်။ ဘာကိုမျှ မမြင်ရတော့။ မျက်လုံးတို့ မှိတ်လိုက်သလိုမျိုး၊ မျက်စိတို့ကန်းသွားသလို မှောင်မည်းနက်ရှိုင်းသွားခြင်း ဖြစ်သည်။

'ကျွတ်··သေစမ်း၊ မီးကလည်း အချိန်ကောင်း အခါကောင်းဆို ပျက်ပြီ။ အမြဲပဲ။ မပြောလိုက်ချင်ဘူး'

စိတ်ထဲက ထိုသို့ ခပ်တိုးတိုး အပြစ်ဆိုရင်း မြတ်သူထိုက် ဘာဆက်လုပ်ရမည်မသိ တွေဝေသွားရပြီ။ တရွှစ်ရွှစ် အသံကမူ မီးပျက်သွားသည့်တိုင် ပျောက်ကွယ်သွားခြင်း မရှိသေးပါ။ ဒါဟာ မြတ်သူထိုက်၏စိတ်ကို တွန်းအားပေးသကဲ့သို့ရှိသည်။ သိချင်စိတ်တို့က ခန္ဓာကိုယ်အနှံ့ ပြန့်



www.burmeseclassic.com

ပွားကာ မရိုးမရွဖြစ်လာစေသည်။

မီးပျက်သွားသဖြင့် အိမ်နောက်ဘက်ကိုသွားကာ မီးစက်နှိုးရမည်ဖြစ်သော်လည်း ထိုအလုပ်ကို အရင်မလုပ်သေးဘဲ ဧည့်ခန်းဆီသို့ တိတ်တဆိတ်သွားရန်ကိုပဲ မြတ်သူထိုက်ရွေးချယ်လိုက်သည်။ ထိုတရှစ်ရှစ်အသံက ဘာသံလဲဆိုတာ မြတ်သူထိုက် သိရမှဖြစ်မည်။ ယခင်နေ့များက မကြားခဲ့ဖူး၊ ယနေ့ ညနေကမှ စတင်ကြားယောင်ရသည့် ထိုတရှစ်ရှစ်အသံက မင်းမော်ဖြိုးပေးသည့်ခွေးနှင့်များ ဆက်စပ်နေလေမလား။ မဆီမဆိုင် လျှောက်တွေးမိသေးသည်။ အတွေးစတို့ကို ဖြတ်တောက်ကာ ခပ်လှမ်းလှမ်းစားပွဲပေါ်၌ အမြဲဆောင်ထားလေ့ရှိသော ဓာတ်မီးကို စမ်းတဝါးဝါးဖြင့် လှမ်းယူလိုက်သည်။ သို့သော် အသုံးမပြုသေး။

မီးပျက်နေပေမယ့် မှန်ချပ်များ ကာရံထားသော ဧည့်ခန်းပြတင်းပေါက်များစွာမှနေ အလင်းရောင်များ ဝင်ရောက်နေမည်မှာ အသေအချာ။ လသာသည့် ညတစ်ညပဲကိုး။ သို့ဖြစ်၍ ထိုတရှစ်ရှစ်အသံ၏ လက်သည်တရားခံကို မြတ်သူထိုက် တွေ့မြင်ရနိုင်သည်။ မီးစက်သွားနှိုးလိုက်ပါက ထိုအသံပိုင်ရှင်ကို ထွက်ပြေးအောင် သတိပေးလိုက်သလိုဖြစ်သွားလိမ့်မည်။ အသိုက်လာဆောက်သော ငှက်တစ်ကောင်ကောင်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့လော၊ သို့လော အတွေးများကြောင့် ခေါင်းရှုပ်မခံလိုသော မြတ်သူထိုက်အဖို့ ထိုအသံ၏လားရာကို သိရမှဖြစ်မည်။ သို့ကြောင့် တွေဝေတုံ့ဆိုင်းမနေတော့ဘဲ ခြေလှမ်းများကို ဧည့်ခန်းထဲသို့ ဦးတည်ပစ်လိုက်၏။

◆◆◆

'ဟာ'

တွေ့မြင်လိုက်ရသည့်မြင်ကွင်းက လုံးဝမျှော်လင့်မထားသော မြင်ကွင်းဖြစ်နေ၍ မြတ်သူထိုက်၏နှုတ်ဖျားမှ အာမေဋိတ်သံက ဗလုံးဗထွေး ထွက်ကျသွားခဲ့သည်။ ချက်ချင်းဆိုသလို ပါးစပ်ကို လက်ဖြင့်ပိတ်ရင်း မြင်ကွင်းကို မမှိတ်မသုန်စိုက်ကြည့်နေမိသည်။ မြင်သာမြင်နေရပေမယ့် ယုံနိုင်စရာမရှိ။ မိမိ၏အိမ်ထဲမှာ သူစိမ်းတစ်ယောက်။ နောက်ပြီးတစ်မူခြားနားသည့် သူ့ပုံစံ။ သူစိမ်းက သူခိုး၊ ဓားပြ ဟုတ်ပုံလည်းမရ။

တွေ့မြင်နေရသည်က ဧည့်ခန်းထဲမှာ လူတစ်ယောက်။ သို့သော် တွေ့နေမြင်နေကျ လူနှင့်တော့မတူ။ ဆိုလိုသည်မှာ ထိုလူ၏ပုံသဏ္ဌာန်သည် ထူးခြားနေသည်။ အသားအရောင်က ဖြူဆွတ်နေပြီး အဝတ်အစားကလည်း ညဝတ်အင်္ကျီလိုပုံစံမျိုး။ ဆံပင်ကိုလည်း ဆံထုံး၊ ထုံးထားသေးတော့ မိန်းမတစ်ယောက်ဟု ယူဆချင်စရာရှိသော်ငြား အမှန်တကယ်က အမျိုးသားတစ်ယောက်။ အသေအချာကြည့်မှ ရှေးခေတ်အခါက ဂျပန်လူမျိုးတစ်ယောက်၏ အပြင်အဆင်နှင့်တူနေကြောင်း သတိပြုမိသည်။ အသက်အားဖြင့် (၅၀)ကျော် (၆၀)ဝန်းကျင်ခန့်ရှိမည့် ယောကျာ်းကြီးတစ်ယောက်။ ထိုသူက မြတ်သူထိုက်၏ ဧည့်ခန်းထဲမှာ ဓားရေးပြနေခြင်းဖြစ်လေ၏။

'ဒီ..ဒီလူကြီးက ဘယ်ကရောက်လာတာလဲ'

အစ၌ သူစိမ်းတရံကိုတွေ့လိုက်ရ၍ တုန်လှုပ်သွားမိသည်မှန်သော်လည်း မြတ်သူထိုက်က ခေသူတစ်ယောက်မဟုတ်သဖြင့် လူလူချင်းကို ကြောက်တတ်လှသူမဟုတ်။ ဂျူဒိုသင်ဖူး၍ တစ်ယောက်ချင်းချင်း ချဲ့ပါသည်။ သို့သော် သူ့လက်ထဲမှာက ဓားကြီးနှင့် မည်သို့လုပ်ရပါမလဲ။ နောက်ပြီး သူက ဘယ်သူလဲ။ ဘယ်လိုဘယ်ပုံဖြင့် အိမ်ထဲ ရောက်နေသလဲ။ ဒါကိုလည်း မြတ်သူထိုက် သိချင်မိသေး။

မိမိအိမ်ထဲသို့ ရောက်ရှိနေခြင်းဖြစ်သောကြောင့် သူစိမ်းကို အိမ်အပ်ပြီး အခြားသို့ ထွက်ပြေးသွားရလောက်အောင်လည်း မြတ်သူထိုက် သွေးမနည်းချင်ပါ။ လူစိမ်းကို စိုက်ကြည့်ရင်း ထိုသို့အတွေးဝင်ပါလည်နေစဉ် တစ်စုံတစ်ခုကို သတိပြုလိုက်မိ၏။

'ဟင်..နေပါဦး၊ အဲ..အဲဒါ မင်းမင်းပေးတဲ့ဓားမဟုတ်လား။ ဒါဆို..ဒါဆို..ဒီလူကြီးက'

ဓားရေးပြနေသော ထိုလူကြီးကိုစိုက်ကြည့်ရင်း မြတ်သူထိုက် တစ်စုံတစ်ရာကို တွေးလိုက်မိသည်။ ထိုသို့တွေးမိ[illegible]ပဲ လုံးလုံးလျားလျား သွေးပျက်သွားရပြီ။ အတွေးနှင့်အတူ ကြောက်ရွံ့စိတ်တွေက မြတ်သူထိုက်၏ နှလုံးအိမ်ထဲ ခ[illegible] ပေါက်ပြေးဝင်လာသည်။ ဒီရေအလား တစ်ရှိန်ထိုး ပြေး[illegible] ဆောင့်တက်လာခြင်းဖြစ်၏။

ကစ်အိမ်လုံးရှိ တံခါးများကို သေချာစွာပိတ်ခတ်ထား သည့်ကြားမှ ဧည့်ခန်းထဲသို့ ထူးဆန်းစွာ ရောက်ရှိနေသော ထိုပုဂ္ဂိုလ်သည် သက်ရှိလူသားတစ်ယောက်တော့ မဖြစ်နိုင် ပေ။ ထိုအချက်ကို စောစောကတည်းက တွေးမိပေမယ့် သံသယစိတ်များဖြင့် မရေမရာဖြစ်နေသေးသည်။ သို့သော် ယခုများမှ ပို၍သေချာသွားပြီ။ သူ့လက်ထဲ၌ နံရံပေါ်က[illegible] နှင့် တစ်ထေရာတည်းတူသည့် ဓားတစ်လက် ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com

ဤအတိုင်းဆိုလျှင်-

တစ္ဆေသရဲကို အယုံအကြည်ရှိလှသူ မဟုတ်သော်လည်း မျက်စိရှေ့၌ အထင်ကရတွေ့မြင်နေရပြီမို့ ထို့ထက်သေချာသည့်သက်သေကို ရှာဖွေရန် မလိုတော့ပြီ။ ကိုယ့်ကိုယ်ကိုယ် မကြောက်တတ်သူဟု ရဲရဲဝံ့ဝံ့ လက်ခံထားခဲ့မိပေမယ့် အမှန်တကယ် နဖူးတွေ့ဒူးတွေ့ ကြုံဆုံလာရသည့်အခါကျ ချောက်ချားတုန်လှုပ်စိတ်တို့က ထိန်းချုပ်မရ။ ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့ကာ တစ်နေရာသို့ ထွက်ပြေးသွားချင်စိတ်ပင်ပေါက်သည်။ အံ့သြခြင်း၊ တုန်လှုပ်ခြင်းတို့က မြတ်သူထိုက်၏ တစ်ကိုယ်လုံးကို တုန်ခါသွားစေပြီ။ ညှော့ခန်းတစ်ခုလုံးလည်း တရှစ်ရှစ် တရှပ်ရှပ် အသံများဖြင့် သောသောညံနေဆဲ။

မီးပျက်နေသည်မှာ ဆယ့်ငါးမိနစ်ခန့်သာ ကြာသည်။ သို့သော် ထိုအခိုက်အတန့်သည် မြတ်သူထိုက်အဖို့ တစ်သက်မမေ့နိုင်သော ကမ္ဘာရှည်ကြီးတစ်ခုပမာ။ လျှပ်စစ်မီး ဖျတ်ခနဲပြန်လာသည်နှင့်တစ်ပြိုင်နက် မားရေးပြနေသော ထိုပုံရိပ်သည်လည်း ဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ ထိုအခါမှပဲ တစ်ကိုယ်လုံး ချွေးတို့နှစ်ကာ တုန်ယင်နေသော မြတ်သူထိုက်တစ်ယောက်လည်း တံခါးချောင်မှ ကတုန်ကယင် မတ်တတ်ထရပ်နိုင်တော့၏။ စိတ်ထဲကမူ တစ္ဆေဝင်ခိုအောင်းနေသော မားရှည်ကို လက်ဆောင်အဖြစ်လာရောက်ပေးအပ်သူ မင်းမော်ဖြိုးကို နုပ်နုပ်စဉ်းပစ်ချင်နေပြီ။

◆◆◆

'နင် ငါ့ကို လုပ်ကြံတာပေါ့လေ၊ ဟုတ်လား မင်းမင်း'

ဖြစ်ကြောင်းကုန်စင်ကို ပြောပြအပြီး မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ရင်း အော်လိုက်သည့် မြတ်သူထိုက်၏ စကားသံ။ ပန်းခြံထဲရှိ အခြားစုံတွဲများပင် သူတို့နှစ်ယောက်ကို လှည့်ကြည့်ကြသည်။ ဘာများဖြစ်သလဲပေါ့။

မျက်နှာကြီးနီမြန်းလျက် ဒေါသချောင်းချောင်းထွက်နေသော မြတ်သူထိုက်၏ အမူအရာကြောင့် မင်းမော်ဖြိုးမှာ ရယ်ရခက် ငိုရခက်။ မနေ့ညက တစ္ဆေအခြောက်ခံရသည်ဟုဆိုကာ လက်ဆောင်ဝယ်ပေးမိသောမားကို ပြဿနာရှာနေသော သူငယ်ချင်းမ၏ စကားများကြောင့် မင်းမော်ဖြိုး၏ အာရုံတို့ ရှုပ်ထွေးသွားရပါပြီ။

'ဟာ..ပေါက်တတ်ကရတွေ။ ဘယ်လိုလုပ် သရဲရှိရမှာတုန်း ထိုက်ထိုက်ရယ်။ သရဲပူးနေတဲ့မားရယ်လို့ တစ်ခါမှ မကြားဖူးဘူး။ နောက်ပြီး သရဲက ဘယ့်နှယ်လုပ်ပြီး Oversea အထိ လာခြောက်နိုင်မှာလဲ။ သူ့မှာ ဗီဇာပါပါ့မလား။ နင် စာတွေဖတ်ပြီး ကြောင်သွားတာပဲဖြစ်လိမ့်မယ်။ ဒါမှမဟုတ် ဆောင်းပါးအတွက် ရာဇဝင်ဇာတ်ကြောင်းတွေ ရှာဖတ်ရင်း စိတ်ကူးအယဉ်လွန်သွားတာပဲဖြစ်မယ်'

'အောင်မာ..နင်ကပဲ ငါ့ကို ပြန်လွဲချချင်သေးတယ်။ ဒီမှာ ငါ့မျက်စိနဲ့ သေချာမြင်ခဲ့တာ။ ပထမတစ်ခေါက်က အသံပဲကြားလို့ ထားလိုက်တော့။ နောက်တစ်ခေါက်က အကောင်အထည်ကြီးကို မြင်ရတာ။ ဂျပန်ကြီးတစ်ယောက် မားရေးလေ့ကျင့်နေတာများ ထင်ထင်ရှားရှားကြီး'

မင်းမော်ဖြိုး၏ သံသယအမေးကြောင့် မြတ်သူထိုက် ဒေါသပိုထွက်သွားသည်။ သေသေချာချာ မြင်တွေ့ခဲ့ရကြောင်းကို ရှူးရှူးရှဲရှဲ ပြန်ပြော၏။

'ဟင်..စောစောကပြောတော့ မီးပျက်နေတာဆို'

'အေးလေ..ဟုတ်တယ်လေ။ ဒါပေမဲ့ ပြတင်းပေါက်က ဝင်လာတဲ့ အလင်းရောက်အောက်မှာ သူ့ကို ငါ ထင်ထင်ရှားရှားကို မြင်နေရတာ'

'အဟ..အဲဒီမှာကတည်းကလွဲပြီ။ လရောင်မှုန်တိမှုန်ဝါးနဲ့ ဘယ်လိုလုပ် ထင်ရှားမှာလဲ။ လိုက်ကာရဲ့အရိပ်တွေကို တစ္ဆေလို့ ထင်ယောင်ထင်မှား ဖြစ်တာပဲနေမှာပေါ့။ ငါ အကြံပေးချင်တာကတော့ နင် အိပ်ရေးဝအောင် အိပ်လိုက်။ အင်း..နောက်ပြီး မိန်းကလေးတန်မဲ့ တစ်အိမ်လုံးမှာ တစ်ယောက်တည်းနေတာ မကောင်းပါဘူးဟာ။ ညီအစ်မတစ်ယောက်ယောက်ဖြစ်ဖြစ်၊ မိန်းမဖော်တစ်ယောက်ယောက်ဖြစ်ဖြစ် ခေါ်အိပ်ပါလား။ တစ်ယောက်တည်းနေတော့ ဒီလိုပဲ ကြောက်စရာတွေ တွေးမိမှာပေါ့'

'ဘာ..မင်းမင်း၊ နင်..နင် အရမ်းလွန်နေပြီနော်။ ငါ ဘာသာ ငါနေတုန်းက ဘာတစ္ဆေမှ မခြောက်ဘူး။ ဘာမှလည်း တွေးမကြောက်ဘူး။ ခုဟာက နင့်ကြောင့်'

'ဩော်..သိပြီ။ ငါရောက်လာတော့ ငါ့ကို အားကိုးချင်တဲ့စိတ်နဲ့ တစ္ဆေကြောက်တတ်သွားတာပေါ့၊ ဟုတ်လား။ ဟီး'

'တော်စမ်း၊ အပိုတွေမပြောနဲ့။ နင့်မားကြီး နင်ပြန်ယူသွား။ နင့်ကို မတရားစိတ်ဆိုးတယ်'

မြတ်သူထိုက်၏ပုံစံက အတော့်ကို ဒေါသထွက်နေဟန်ရှိ၍ မင်းမော်ဖြိုး မနောက်ဝံ့တော့။ တော်ကြာ အခြေအနေ ပိုဆိုးသွားနိုင်သည်။ ထို့ကြောင့် ပြေရာပြေကြောင်း [illegible]

www.burmeseclassic.com

သူမပြောသွားသော အကြောင်းအရာကို ပြန်တွေးသုံးသပ်ကြည့်သည်။

ဂျပ်နီတစ္ဆေတဲ့။ နည်းနည်းမှ ယုတ္တိမရှိသည့်ဖြစ်ရပ်။ နောက်ပြီး တစ္ဆေက ပြူးတူးပြဲတဲမခြောက်ဘဲ ဓားရေးလေ့ကျင့်နေသတဲ့။ အော်ရယ်ချင်စိတ်တောင် ပေါက်သွားသည်။ သို့ပေမယ့် မရယ်ရဲ။ တော်ကြာ ပိုပြီးစိတ်ဆိုးသွားဦးမည်။ မြတ်သူထိုက် ကျေနပ်သွားအောင် လက်ဆောင်ပေးလိုက်သည့်ဓားကို ပြန်ယူလိုက်ရကောင်းမလားဟု တွေးမိသည်။ သို့ပေမယ့် အဲသည့်လိုလည်း မလုပ်ချင်ပါ။ သူမကို လက်ဆောင်ပေးချင်၍ နယ်မြေရပ်ခြား ရှေးဟောင်းပစ္စည်းဆိုင်ကနေ တကူးတက ဝယ်ယူလာခဲ့ခြင်း မဟုတ်လား။

'ဒီမယ်··မင်းမင်း၊ နင် ငါ့စကားကို မယုံဘူးလား'

သူငယ်ချင်းကို ဘယ်လိုချွေးသိပ်ရကောင်းမလဲဟု မင်းမော်ဖြိုး အကြံထုတ်လျက်ရှိစဉ် မြတ်သူထိုက်က စိတ်မြန်လက်မြန်ဖြင့် မေးလိုက်သည်။ မြတ်သူထိုက်၏ အမေးကို မင်းမော်ဖြိုး ဘယ်လိုဖြေရမှန်းမသိ၍ ပြူးကြောင်ကြောင်ပြန်ကြည့်နေမိ၏။

'အမှန်အတိုင်း ဖြေလိုက်စမ်းပါ။ ပြော၊ နင် ငါ့စကားကို မယုံဘူးဟုတ်။ တစ္ဆေခြောက်တယ်ဆိုတာကို နင် မယုံဘူး မဟုတ်လား မင်းမင်း'

မြတ်သူထိုက်က တစ်မေးတည်း မေးနေပြီ။ အမှန်အတိုင်း မဖြေလျှင်လည်း စိတ်ဆိုးဦးမည်။ အမှန်အတိုင်းဖြေလျှင်လည်း ဒေါသထွက်ဦးမည်။ သို့သော် မဖြေလျှင် အခြေအနေပိုဆိုးမည်စိုး၍ မင်းမော်ဖြိုးလည်း မတင်မကျဖြေလိုက်ရသည်။

'ဟို··နင်ကလည်းဟာ၊ စိတ်မဆိုးပါနဲ့။ ငါက မယုံတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ဟာ နင်ပဲ စဉ်းစားကြည့်လေ။ နင်သာ ငါ့နေရာဆိုရင်ရော ဘယ်လိုတွေးမလဲ။ ဟိုယုတ္တိမှမရှိဘူးလို့တော့ တွေးမိမှာပဲမဟုတ်လား'

စိုးစိုးရွံ့ရွံ့ဖြေရင်း မြတ်သူထိုက်၏မျက်နှာကို သောကပွေစွာ စိုက်ကြည့်နေမိသည်။ မိမိ၏စကားကြောင့် မြတ်သူထိုက် ဒေါသပုံထတော့မလားဟုတွေးကာ မင်းမော်ဖြိုး စိုးရိမ်နေမိပေမယ့် မြတ်သူထိုက်ကတော့ ဒေါသထွက်ခြင်းမရှိတော့ဘဲ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေသည်။

'ဟုတ်ပါတယ်။ နင်ပြောတာ မှန်တယ်။ ငါသာဆိုလည်း အဲဒီလိုပဲ တွေးမိမှာ။ ငါလည်း အရင်က တစ္ဆေသရဲဆိုတာကို အယုံအကြည်မရှိခဲ့ဘူး။ ကိုယ်တိုင်ကြုံမှပဲ ယုံတော့တယ်။ ဒီတော့ ပြောမယ့် ကြုံဖူးမှသိဆိုတဲ့ စကားအတိုင်း နင်ကိုယ်တိုင် ကြုံဖူးရင် သိသွားလိမ့်မယ်'

'ဘာလဲ၊ နင်က ငါ့လက်ဆောင်ကို ပြန်ယူသွားဖို့ ပြောချင်နေတာလား။ အဲဒီလိုကျပြန်တော့လည်း ငါ စိတ်မကောင်းဘူးဟာ။ ငါက နင့်အတွက် ရည်စူးပြီး သေချာရှာဝယ်လာရတာဟ။ ခုလို ပြန်ယူသွားရမယ်ဆိုတော့ ငါ အရမ်းဝမ်းနည်း··'

'တော်ပါတော့။ နင်ဟာလေ မိန်းမကြီးကျနေတာပဲ၊ အရမ်းအရစ်ရှည်တယ်။ ဒီလိုလုပ်။ ဒီနေ့ည နင် ငါ့အိမ်မှာ လာအိပ်'

'ဘာ··မသင့်လျော်ပါဘူးဟာ။ ငါက ကမ္ဘာပတ်နေတဲ့ကောင်ဆိုပေမယ့် မြန်မာ့ထုံးတမ်းအစဉ်အလာတွေကို မြတ်နိုးတဲ့သူဟ။ လက်မထပ်ခင်မှာ ပတ်သက်တာမျိုးက မကောင်းပါဘူးကွာ။ အဲဒီလို အဆင့်ကျော်တာကို ငါ မကြိုက်ဘူး'

'ဟဲ့··နင် ဘာတွေပြောနေတာလဲ။ ငါပြောချင်တဲ့သဘောက ဒီနေ့ည နင် ငါ့အိမ်ကိုလာပြီး အဲဒီတစ္ဆေခြောက်၊မခြောက် လာကြည့်ဖို့ပြောတာ။ နောက်ပြီး နင်နဲ့ငါ နှစ်ယောက်တည်း မဟုတ်ပါဘူး။ အိမ်နီးချင်းအဒေါ်ကြီးကိုလည်း ငါခေါ်ထားပါ့မယ်'

'သြော်··အဲဒီလိုလား။ မသိပါဘူးဟယ်။ ဟီး··ငါက ငါ လိုရာဆွဲတွေးပစ်လိုက်တာ'

'ဟွန်း··ကောင်စုတ်'

မင်းမော်ဖြိုး၏ ရှတ်နောက်စကားကြောင့် မြတ်သူထိုက်က မျက်စောင်းနင့်နင့်ထိုးလိုက်သည်။

မြတ်သူထိုက်က ဘယ်လောက်ပဲဆူဆူဆဲဆဲ မင်းမော်ဖြိုးကမူ ထုံးစံအတိုင်း မျက်နှာကြီးစပ်ဖြဲဖြဲ။ နှစ်ယောက်အတူရှိနေရမည့်ညကို လှမ်းမျှော်တွေးမိရင်း အပျော်တို့ ပြည့်လျှံတက်လာကာ မင်းမော်ဖြိုး၏ရင်တွေ တဒိန်းဒိန်း။ ဘင်ခရာတီးဝိုင်းပမာ ခုန်မြန်နေရပါပေ့။ ညမြန်မြန်ရောက်ပါစေဟုသာ ဆုမွန်ခြွေမိတော့၏။

ညရောက်ခဲ့ပြီ။ အမှောင်သည် သူ့ပင်ကိုအရောင်ကို တောက်ပသည်ထက် တောက်ပအောင် အနက်ရောင်သုတ်လိမ်းရင်း ည၏သဘာဝကို လှသထက်လှအောင် ဆေးရောင်ခြယ်နေသည်။ မည်းမှောင်ပင် အရောင်တင်ပါစေ အမှောင်သည် လျှပ်စစ်မီးရောင်၏ အလင်းကိုတော့ အနိုင်မတုနိုင်။ မြတ်သူထိုက်၏ နေအိမ်လေးသည် ညကာလအောက်တွင် အလင်း

www.burmeseclassic.com

www.burmeseclassic.com

ရောင်တို့ ထွန်းတောက်လျက်သား။ မီးမပျက်သရွေ့ ခေါင်းမော့နေနိုင်မည့် အနေအထားပင်။

အိမ်ထဲ၌ ရင်ခုန်သံတို့ ညံလျက်ရှိသည်။ မြတ်သူထိုက်က ယနေ့ည တစ္ဆေကို အထူးတလည် စောင့်ကြည့်ရမည်ဖြစ်၍ စိတ်လှုပ်ရှားကာ ရင်ခုန်လျက်ရှိသလို မင်းမော်ဖြိုးကလည်း မိန်းကလေးတစ်ယောက်နှင့်အတူ ညနက်ချိန်ကြီး အတူရှိနေရသည့်အတွက် သွေးဆူလျက် ရင်အခုန်မြန်နေလေပြီ။ ဆယ်တန်းတုန်းကတော့ ဤသူငယ်ချင်းမနှင့် ည (၂)နာရီအထိ စာအတူကျက်ခဲ့ဖူးသော်လည်း ထိုအချိန်က သူငယ်ချင်းဆိုသော အသိကလွဲ၍ ဘာကိုမျှ မတွေးခဲ့ဖူး။ ယခုတော့ အတွေးတွေက မတူညီတော့။ သူမကို လှပသော မိန်းမပျိုလေးအဖြစ် မြင်တတ်နေပြီ။ ခံစားတတ်နေပြီ။ ယခုမှပဲ တိတိကျကျ သိတော့သည်။ မြတ်သူထိုက်ကို မင်းမော်ဖြိုး ချစ်မိနေပြီ။

အချိန်တို့က ကုန်ခဲလှသည်။ သူတို့နှစ်ယောက်တည်း ရှိနေလျှင် မသင့်လျော်သဖြင့် အိမ်နီးချင်း အဒေါ်ကြီးကို အဖော်ခေါ်ထားရပေမယ့် ထိုအဒေါ်ကြီးက တစ္ဆေဖမ်းပွဲမှာ မပါဝင်။ ထိုကိစ္စကို မသိစေချင်သောကြောင့် သူမကို အပေါ်ထပ်အိပ်ခန်းတွင် စောစီးစွာ အိပ်ရာဝင်စေခဲ့သည်။ မြတ်သူထိုက်နှင့် မင်းမော်ဖြိုးကတော့ အောက်ထပ် စာဖတ်ခန်းထဲမှာ တိတ်ဆိတ်စွာနေရင်း ဧည့်ခန်းဆီသို့ နားစွင့်နေမိသည်။

'ဒါ နင်စာရေးတဲ့အခန်းပေါ့ ဟုတ်လား'

'အင်း..ဟုတ်တယ်။ စာဖတ်ခန်းလို့ပြောရင် ပိုမှန်ပါတယ်ဟာ'

'ဟိုအရုပ်တွေက ဘယ်ကောင်လေး ပေးတာတုံး ဟင်..ပြောပါဦး'

'အမယ်လေး..ဘယ်ကောင်လေးမှ ပေးတာမဟုတ်ပါဘူးဟယ်။ မရိုးမသားပေးရင်လည်း ငါက ယူမှာမဟုတ်ပါဘူး။ အဲဒါတွေက ငါ့ကိုချစ်တဲ့၊ ငါ့စာအုပ်တွေကို အားပေးတဲ့ နယ်ကအစ်မကြီးတစ်သိုက်က လက်ဆောင်ပို့ပေးတာ'

'ဩော်..အဲဒီလိုလား။ တော်သေးတာပေါ့'

'ဘာကိုတော်သေးရတာတုံး။ နင့်စကားကလည်း'

မင်းမော်ဖြိုးက လာရင်းကိစ္စကို အာရုံထဲထည့်မထား။ သူငယ်ချင်းဖြစ်သူ မြတ်သူထိုက်အပေါ် စိတ်ဝင်စားနေကြောင်းကို ဝန်ခံရန်သာ စဉ်းစားနေသည်။ တစ္ဆေဖမ်းပွဲနှင့် ပတ်သက်ပြီး နဂိုကတည်းက အယုံအကြည်မရှိ။ မနေ့ညက 'တစ္ဆေအခြောက်ခံခဲ့ရသည်'ဟူသော မြတ်သူထိုက်၏ စကားကို စိတ်ထင်ယောင်ထင်မှားဖြစ်ခြင်းဟုသာ သဘောထားခဲ့သည်။ ယခုလည်း သူမ စိတ်ကျေနပ်အောင် လာရောက်ခဲ့ခြင်းဖြစ်သည်။ နောက်ပြီး ဤကဲ့သို့ အခွင့်အရေးမျိုးကို လက်လွှတ်ခံရလောက်အောင် မင်းမော်ဖြိုး မတုံးမအသေးပါ။

မြတ်သူထိုက်က အနက်ရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီအနက်နှင့် ဘောင်းဘီတိုအနက်ကို ရိုးစင်းစွာ တွဲဝတ်ထားခြင်းဖြစ်၏။ ပါးနှစ်ဖက်တွင် ပါးကွက်လေးများလည်း ကွက်ထားသေးသည်။ တကယ့်ကို ချစ်စရာ။ သူမကို ငေးကြည့်ရင်း မင်းမော်ဖြိုး၏ရင်ထဲ မရိုးမရွဖြစ်လာသည်။ ကလိကလိဖြစ်လာသည်။ လက်မောင်းနှစ်ဖက်ကို ဆွဲကိုင်ဖျစ်ညှစ်ကာ ပါးနှစ်ဖက်ကို နမ်းကြူပစ်လိုက်ချင်သည်။ သို့သော် ထိုသို့အတင့်ရဲ၍ မဖြစ်မှန်း သိသည်။ ငယ်သူငယ်ချင်း၏ လက်သံကို မင်းမော်ဖြိုး အသိဆုံးပဲမဟုတ်လား။ ထို့ကြောင့် ချစ်မိနေသည့်အကြောင်း ရင်ဖွင့်ရန်ပင် မဝံ့မရဲ။

'ဟိုလေ..ငါ နင့်ကို ပြောစရာရှိတယ်။ နင် စိတ်မဆိုးပါနဲ့နော်'

'အာ..အရေးထဲမှ ဒီလူနဲ့ဒီလူ မေးနေစရာလား။ ပြော၊ တိုးတိုးပြော။ တော်ကြာ ဟိုက ငါတို့အသံကိုကြားလို့ မလာဘဲနေဦးမယ်'

မြတ်သူထိုက်က ဧည့်ခန်းကိုသာ အာရုံစိုက်နေသည်။ မနေ့ညကလို တစ္ဆေရောက်မလာမည်ကို စိုးရိမ်စိတ်ဝင်နေမိခြင်းဖြစ်သည်။ ရောက်မလာလျှင် မိမိပြောသမျှ အလကားဖြစ်သွားမှာပဲဟုတွေးကာ မြတ်သူထိုက် စိတ်ပူနေမိသည်။ တစ္ဆေမြန်မြန်ရောက်လာပါစေ။ မင်းမော်ဖြိုး သွေးပျက်လောက်အောင် ခြောက်လှန့်သွားပါစေဟု စိတ်ထဲ၌ ကြိတ်ဆုတောင်းနေမိ၏။

'ဟီး..မထူးပါဘူး။ ဝေ့ဝိုက်နေလည်း ဒီစကားပဲ။ တည့်တည့်ပြောလည်း ဒီစကားပဲ။ ဒီတော့ ငါ တည့်တည့်ပဲ ပြောလိုက်တော့မယ်ဟာ။ အချင်းချင်းတွေပဲ ရှက်မနေတော့ပါဘူး။ ငါလေ၊ ဟီး..ငါလေ'

မင်းမော်ဖြိုးက အခွင့်အရေးကို အသုံးချသည့်အနေဖြင့် မြတ်သူထိုက်ကို ရင်ဖွင့်ရန် ကြိုးစားလိုက်သည်။ ပြောမည်ဟု ဆုံးဖြတ်လိုက်ပေမယ့် လက်မခံဘဲ အဆဲခံရမည်ကို ကြောက်သည့်စိတ်ကြောင့် စကားက ရှေ့မရောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အ,ထစ် အ,ထစ် ဖြစ်နေသည့်အခိုက်-

'ရှစ်··ရှစ်'

တရှစ်ရှစ်မြည်သံက တိုးမှျင်းစွာ ထွက်ပေါ်လာလေ၏။

◆ ◆ ◆

'ရှူး··တိုးတိုး··ဟော··ကြားလား မင်းမင်း'

မြတ်သူထိုက်က တိုးဖွဖွလေသံဖြင့်မေးသည်။ မင်းမော်ဖြိုးလည်း ပြောရင်း စကားကိုရပ်ကာ အသာနားစွင့်လိုက်တော့ ဟုတ်ပ။ တရှစ်ရှစ်အသံက ဧည့်ခန်းဆီမှ ပျံ့လွင့်လာသည်။ စောစောက မကြားရဘဲ ရုတ်တရက်ထွက်ပေါ်လာသောအသံ။ ပထမတွင် တိုးတိုးမှျင်းမှျင်း ဖြစ်သော်လည်း တဖြည်းဖြည်းနှင့် ကျယ်လောင်လာ၏။ ဓားရေးပြနေသောအသံမျိုး ဖြစ်နိုင်သည်။ ဒါ ဘာသံများဖြစ်မလဲ။ မင်းမော်ဖြိုး စိတ်ဝင်စားသွားပြီ။

အသံကို နားစွင့်နေမိစဉ် မြတ်သူထိုက်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။ ထိုင်နေရာမှ ဖြည်းညင်းစွာ မတ်တတ်ထရပ်ကာ တံခါးဆီသို့ လက်ညှိုးထိုးပြပြီး ပါးစပ်နားသို့ လက်ညှိုးကပ်ကာ မျက်ရိပ်ပြသည်။ သဘောမှာ တံခါးဆီသို့ တိတ်ဆိတ်သွားရန်ဖြစ်၏။ မင်းမော်ဖြိုးလည်း သူမပြောသည့်အတိုင်း ခြေသံမကြားအောင် လျှောက်လာလိုက်သည်။ စာဖတ်ခန်းနှင့် ဧည့်ခန်းက ကပ်လျက်ဖြစ်၍ စင်္ကြန်ပိုင်းအတွင်းမှာပဲ ဧည့်ခန်းဆီသို့ သူတို့နှစ်ယောက်လုံး ရောက်ရှိသွားခဲ့သည်။

'ဟာ'

ဧည့်ခန်းသို့အရောက် တွေ့မြင်လိုက်ရသည့်မြင်ကွင်းက အံ့အားသင့်စရာ ကောင်းလွန်းသောကြောင့် မင်းမော်ဖြိုး၏ ပါးစပ်မှ တအံ့တဩ ရေရွတ်သံထွက်သွားသည်။ မြတ်သူထိုက်က မင်းမော်ဖြိုး၏ပါးစပ်ကို လက်တစ်ဖက်နှင့် လှမ်းပိတ်ကာ တိတ်တိတ်နေရန် အမူအရာပြသည်။ မြတ်သူထိုက် သတိပေးလိုက်မှ မင်းမော်ဖြိုးလည်း ပစ္စုပ္ပန်ကို သတိရကာ တံခါးချောင်တွင် သူမနည်းတူ ထိုင်ချရင်း မြင်ကွင်းကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေမိ၏။

ဂျပန်အဘိုးကြီးမှ ဂျပန်အဘိုးကြီးအစစ်။ ဝတ်စားထားပုံက ဆာမူရိုင်းဇာတ်ကားများထဲက အဝတ်အစားမျိုးဖြစ်ပြီး ရုပ်ရှင်ဇာတ်လမ်းထဲကလိုပဲ ဓားရေးပြနေခြင်း ဖြစ်သည်။ ဘယ်လိုကြီးပါလိမ့်။ မြတ်သူထိုက်က မိမိကို ကျီစယ်နောက်ပြောင်ရန်အတွက် သရုပ်ဆောင်တစ်ယောက်ကိုများ အခကြေးပေး ခေါ်ထားလေသလား။ ထိုသို့စဉ်းစားမိပေမယ့် မဖြစ်နိုင်မှန်း သိနေ၍ ခေါင်းကို ခါလိုက်မိသည်။

'ဒါဆို သူက ဘယ်သူလဲ၊ ဘာလဲ'

သေချာတာက ထိုဂျပန်အဘိုးအို၏လက်ထဲမှ ဓားကတော့ မိမိလက်ဆောင်ပေးခဲ့သောဓားဖြစ်နေသည်မှာ အမှန်။ နားလည်ရခက်ပါဘိ။ ဓားရှည်က နံရံမှာ ချိတ်လျက်အနေအထားရှိပါလျက်နှင့် ဘယ်လိုဖြစ်ပြီး အဘိုးအို၏လက်ထဲမှာ နောက်တစ်ချောင်း ရှိနေရတာလဲ။ ထိုကိစ္စကို မင်းမော်ဖြိုး တွေးမရ။

ဝင်္ကပါကဲ့သို့ ရှုပ်ထွေးပွေလီသော အခြင်းအရာတို့ကို မင်းမော်ဖြိုး စဉ်းစားခန်းဖွင့်လျက်ရှိသည့်အခိုက် မထင်မှတ်သည့် အဖြစ်အပျက်များက ဆက်တိုက်ဆိုသလို ဖြစ်ပွားသွားခဲ့သည်။ လူလား မြတ်သူထိုက်ပြောသကဲ့သို့ပဲ တစ္ဆေလား ဆိုတာကို မင်းမော်ဖြိုး ခွဲခြားမရသဖြင့် ထိုဂျပန်အဘိုးအိုကို မလွတ်တမ်းစောင့်ကြည့်နေစဉ်တွင် အဘိုးအိုက သူတစ်ဦးတည်း စိတ်လွတ်ကိုယ်လွတ် ဓားရေးပြနေရာမှ သူတို့နှစ်ယောက် ရှိရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

'အမယ်လေးလေး··ကြက်သီးထချင်စရာ'

ပါးစပ်က ယောင်ယမ်းပြီး အော်မိမတတ် ဖြစ်သွားသည်။ သိန်းငှက်တစ်ကောင်၏ မျက်လုံးများလို တောက်ပပြီး သွေးအေးရက်စက်သည့် ထိုအကြည့်တစ်စုံကြောင့် မင်းမော်ဖြိုး ထိတ်လန့်သွားမိသည်။ မိန်းကလေးဖြစ်သူ မြတ်သူထိုက်သာဆို မပြောနှင့်တော့။ ကုန်းပတ်ပေါ် ပစ်တင်ခံရသည့် ငါးလို ပါးစပ်ဟာစိ,ဟာစိဖြစ်ကာ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေလေပြီ။

အဘိုးအိုသည် သူတို့ရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး ဘာမျှမပြောဆိုဘဲ လက်ထဲမှဓားကို မြှောက်လိုက်သည်။ ငါတို့ကို လာခုတ်တော့မှာလားမသိ။

ထိုအတွေးများနှင့်အတူ စိုးရိမ်သွားမိပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com

ယောက်လုံး ထွက်မပြေးမိ။ နေရာမှာပဲ ဆက်ထိုင်ကာ ကျောက်ရုပ်လို ငြိမ်သက်နေသည်။ မင်းမော်ဖြိုးခမျာ လှုပ်လည်း မလှုပ်ဝံ့။ မျက်တောင်လည်း မခတ်ဝံ့၍ အဘိုးအိုကိုသာ စိုက်ကြည့်နေမိပြီ။ ထိုအခိုက် လေထဲမှဓားသည် အောက်သို့ အရှိန်ဖြင့် ပြေးဆင်းလာကာ အသားစိုင်များကို ထိုးခွဲလိုက်သည်ကို တွေ့မြင်လိုက်ရ၏။ ဓားရှည်သည် အဘိုးအို၏ ဝမ်းဗိုက်ထဲသို့ စူးနစ်စွာ စိုက်ဝင်သွားပါပေ့။

'အမယ်လေး'

မြတ်သူထိုက်ထံမှ ဆူလှိုက်စွာ ထွက်ပေါ်လာသည့် ဟစ်အော်သံ။ မင်းမော်ဖြိုးကိုယ်တိုင်လည်း တုတ်တုတ်မျှ မလှုပ်ရဲသေး။

အဘိုးအိုက သူတို့ကို သည်းထိတ်ရင်ဖိုဇာတ်ကား ပြသနေသည်ဟု သဘောမှတ်ထင်ထားသလား မပြောတတ်။ သူ့ဗိုက်သူ ဓားနှင့်ထိုးခွဲပြရုံဖြင့် အားမရသေး။ ဓားကို ပြန်ဆွဲထုတ်လိုက်၏။ သွေးတို့က အပြင်သို့ ပန်းခနဲ ဖြာထွက်လာရာ ကြမ်းခင်းဖြူဖြူတစ်ခုလုံး သွေးတို့ဖြင့် ခြင်းခြင်းနီသွား၏။ အဘိုးအိုက သူတို့နှစ်ယောက်၏စိတ်အား မည်သို့သောအငြိုးဖြင့် ညှဉ်းပန်းနှိပ်စက်ရန် ဆုံးဖြတ်ထားသလဲ မသိ။ သွေးတို့ တဖွက်ဖွက်စီးကျနေသော ဒဏ်ရာကြီးကို လျစ်လျူရှုကာ ဗိုက်အကွဲကြီးထဲမှ ထွက်ကျလာသောအူတို့ကို အပြင်သို့ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

'အား'

ထိုမြင်ကွင်းများကို ရှုမြင်လိုက်ရသည့်တစ်ခဏ မြတ်သူထိုက်ခမျာ သွေးပျက်ချောက်ချားမှုတို့ အထွတ်အထိပ်သို့ ရောက်ရှိသွား၍ထင် အားခနဲ တစ်ချက်အော်ကာ ခွေလဲပြိုကျသွားသည်။ အသက်ဝိညာဉ်ကို ဆွဲယူပယ်နုတ်ခံလိုက်ရသလို လုံးဝဥသုံ ယိုင်လဲပြိုကျသွားသော မြတ်သူထိုက်၏ ခန္ဓာကိုယ်ကို မင်းမော်ဖြိုး လှမ်းပွေ့ထားလိုက်သည်။ ထိုခဏမှာပဲ ဂျပန်အဘိုးအို၏ပုံရိပ်သည် လုံးလုံးလျားလျား ကွယ်ပျောက်သွားခဲ့လေပြီ။

ဒါတွေအားလုံး တစ္ဆေခြောက်ခြင်းမျှသာ။ အဘိုးအို ပျောက်ကွယ်သွားပြီးနောက် အရာအားလုံး မူလအတိုင်း ပကတိပြန်လည်တည်ငြိမ်သွား၏။ ကြမ်းခင်းပြင်ပေ သွေးစွန်းခြင်းမရှိ။ စောစောကအတိုင်း ဆွတ်ဆွတ်ဖြူလို့။

အံ့ဩစရာ၊ သွေးပျက်စရာ၊ စိုးရိမ်ပူပန်စရာတို့ကို တစ်ပြိုင်နက်ဆိုသလို ခံစားလိုက်ရ၍ မင်းမော်ဖြိုးခမျာ စိတ်နှင့်ကိုယ်မကပ်သလို ဖြစ်နေသည်။ လက်ထဲမှ မြတ်သူထိုက်ကို လှုပ်ခေါ်နိုးရန်လည်း သတိမရ။ ငေးငိုင်ငိုင်ဖြစ်နေသည်။ ထိုစဉ် အောက်ထပ်က အော်သံဟစ်သံများကြောင့် အပေါ်ထပ်၌ အိပ်စက်နေသူ အဒေါ်ကြီးလည်း ဘာတွေများ ဖြစ်နေသလဲဟူသောအတွေးဖြင့် အောက်ထပ်သို့ ပြေးဆင်းလာသည်။ မင်းမော်ဖြိုး၏လက်ထဲတွင် သတိလစ်လဲကျနေသော မြတ်သူထိုက်ကို တွေ့မြင်လိုက်ရသည့်အခါ အဒေါ်ကြီးမှာ မည်ကဲ့သို့ နားလည်သဘောပေါက်သွားသည်မသိ။ ချောက်ချားစွာ ဟစ်အော်လိုက်လေတော့၏။

♦ ♦ ♦

တစ်လခန့်ကြာပြီးနောက် -

အရာရာအားလုံး ပြီးဆုံးသွားခဲ့ပါပြီ။ ဓားရှည်ထဲ၌ တွယ်ကပ်နေသောဝိညာဉ်နှင့် ပတ်သက်သည့်ဇာတ်ကြောင်းများကိုလည်း မင်းမော်ဖြိုး သိရှိနားလည်လိုက်ရပြီ။ ဤသို့ အရာအားလုံးကို သဘောပေါက်နားလည်နိုင်ရန်အတွက် ပေးဆပ်လိုက်ရသည့် အရင်းအနှီးကလည်း နည်းနည်းနောနောမဟုတ်။ ထိုအကြောင်းကိုတွေးမိတိုင်း မင်းမော်ဖြိုး၏ ရင်ထဲ ဆို့နစ်ကြေကွဲစွာ ခံစားနေရဆဲ။ နောင်တ,ရသလိုလို၊ နာကျင်ဝမ်းနည်းသလိုလို၊ နှမြောတ,သစွာ စိတ်ထိခိုက်ရသည်။

ပြန်တွေးနေလို့ရော ဘာထူးမှာမို့လဲ။

ကိုယ့်ကိုယ်ကိုယ် ထိုသို့ဖြေသိမ့်ရင်း သက်ပြင်းရှည်ကြီးကို ရှိုက်လိုက်သည်။ လက်ထဲမှ ကိုင်ဆွဲထားသော ဂျာနယ်ကို ဖွင့်ဖတ်လိုက်၏။

'ဂုဏ်သိက္ခာအတွက် လူသတ်ခြင်း'

ဆောင်းပါး၏ ခေါင်းစဉ်က ကြက်သီးမွေးညင်းထချင်စရာ။ ပေးပဲပေးတတ်ပါပေ။ ဆောင်းပါးရှင်၏ ညှို့ချက်လှည့်ကွက်ကြားမှာ စာဖတ်သူ ဘယ်နှစ်ယောက်များ မြောပါသွားပြီလဲ။

အမှန်တော့ Hara- Kiri ဆိုတာ ဂုဏ်သိက္ခာကို စောင့်ထိန်းသည့်အနေဖြင့် ဓားနှင့် ဝမ်းဗိုက်ကိုခွဲ၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသော ဂျပန်လူမျိုးတို့၏ ထုံးစံတစ်ရပ်ဟု အင်္ဂလိပ်-မြန်မာ အဘိဓာန်ထဲ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆောင်းပါးရှင်က Hara- Kiri အကြောင်း ရေးသားထားတာ မှန်ပေမယ့် ခေါင်းစဉ်ကိုတော့ လူစိတ်ဝင်စားအောင် ပြစ်မှုဆန်ဆန် ပေးထားသည်။

ဂုဏ်သိက္ခာအတွက် ဘယ်သူ့ကိုများ သတ်လိုက်ပါလိမ့်။ ဘယ်လိုအကြောင်းကြောင့်များ ဂုဏ်သိက္ခာအတွက်



www.burmeseclassic.com

www.burmeseclassic.com

လူသတ်ရပါလိမ့်။ ထိုသို့တွေးကာ စာဖတ်သူ ရှုချင်လာအောင် စိတ်ဝင်စားလာအောင် ဆွဲဆောင်ထားသော ခေါင်းစဉ်ဖြစ်မှန်း မင်းမော်ဖြိုး သိနေသည်။ မင်းမော်ဖြိုးကတော့ စာဖတ်ဝါသနာမပါသူပီပီ ဆောင်းပါးကို သာမန်ကာလျှံကာမျှ ဖတ်လိုက်သည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရကာ အသေးစိတ် ပြန်ဖတ်လေ၏။

ဆောင်းပါးအဆုံးသတ်၌ မင်းမော်ဖြိုး ပြုံးလိုက်မိသည်။ စိတ်ထဲတွင် ဆောင်းပါးရှင်ကလေးကို ချီးမွမ်းစကားတွေ ဆိုနေမိသည်။ တကယ်ဆို ဤစာရေးဆရာမလေးက ဆောင်းပါးမရေးဘဲ ဝတ္ထုရေးသင့်သည်။ ပိုက်ဆံအကုန်အကျခံကာ စုံစမ်းထားရသော မင်းမော်ဖြိုးတို့၏ အဖြစ်အပျက်ကို စီကာပတ်ကုံးဖွဲ့နွဲ့ကာ လှိုက်ဖွက်သည်းဖို ဝတ္ထုတစ်ပုဒ်အဖြစ် အသက်သွင်းလိုက်သင့်သည်။ ပြောရလျှင် မင်းမော်ဖြိုးတို့ ကိုယ်တွေ့ကြုံခဲ့ရသည့်ဖြစ်အင်ကလည်း ထိုကဲ့သို့ ဖွဲ့နွဲ့စာစီရလောက်အောင် ဇာတ်လမ်းဆန်ခဲ့သည်ပဲ မဟုတ်ပါလား။

◆ ◆ ◆

မင်းမော်ဖြိုး၏ စိတ်အစဉ်သည် အတိတ်သို့ ပြန်လည်သွားခဲ့ပြီ။ မြတ်သူထိုက် သတိလစ်လဲကျသွားသည့်ညသို့ ရုတ်တရက် ပြန်တွေးလိုက်မိသည်။ အဒေါ်ကြီးက အထင်လွဲပြီး အော်ဟစ်လိုက်ရာ မင်းမော်ဖြိုးခမျာ ဘယ်ပြေးရမှန်းမသိ ဖြစ်ခဲ့ရသည်။ ဖြေရှင်းပြရအောင်ကလည်း သက်သေခံတစ္ဆေက ပျောက်ကွယ်သွားချေပြီ။ ဘယ်သူ့ကို သက်သေထားရပါ့မလဲ။ ထိုခဏမှာပဲ ကံကောင်းထောက်မစွာဖြင့် မြတ်သူထိုက် ပြန်သတိရလာသည်။ မိမိအရိုက်ခံမည်ကို ကြောက်ရွံ့သည့်စိတ်၊ ချစ်ရသူလေး သတိလစ်သွား၍ စိုးရိမ်ပူပန်စိတ်တို့ ဖြစ်ပေါ်ကာ ချောက်ချားနေခဲ့ရသော မင်းမော်ဖြိုးလည်း ထိုအခါမှပင် စိတ်သက်သာရာရတော့၏။

ဂျပန်ဓားရှည်နှင့်ပတ်သက်ပြီး ဘာတွေဖြစ်ပျက်နေသလဲ သိရစေဖို့အတွက် မြတ်သူထိုက်၏ စုံစမ်းခိုင်းချက်အရ မင်းမော်ဖြိုးသည် ခြစ်ချုပ်စုဆောင်းထားသော ပိုက်ဆံများထဲမှ အတော်များများကိုထုတ်ယူကာ ဂျပန်သို့ သွားခဲ့သည်။ ဓားဝယ်ယူလာခဲ့သော ဆိုင်သို့ပြန်ကာ ထိုဓားနှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းခဲ့သည်။ ထိုအခါမှပဲ အဖြစ်အပျက် အလုံးစုံကို သိခဲ့ရ၏။

'ဒီဓားက လွန်ခဲ့တဲ့နှစ်တစ်ရာကျော်က ဂျပန်သူဌေးကြီးတစ်ယောက် ကိုင်သွားခဲ့တဲ့ဓားပဲ။ သူက သိပ်ချမ်းသာတယ်။ အမျိုးမာနလည်း သိပ်ကြီးတယ်။ တစ်နေ့ သူဌေးကြီးရဲ့သမီး ဘာဖြစ်သလဲ မသိပါဘူး အဘိုးကြီးတို့မိသားစု အကြီးအကျယ်စကားများကြတယ်တဲ့။ အိမ်စေတွေရဲ့ တစ်ဆင့်စကားအရဆိုရင် အဘိုးကြီးရဲ့သမီးမှာ ကိုယ်လေးလက်ဝန် ရှိနေလို့ဆိုပဲ။ အဲဒီမှာပဲ အဘိုးကြီးလည်း အခန်းထဲဝင်သွားပြီး သူကိုင်တဲ့ဓားနဲ့ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်။ သဘောကတော့ သူဟာ သူ့သမီးကို မထိန်းသိမ်းနိုင်ခဲ့သူ၊ သူ့မှာ အပြစ်ရှိတယ်။ ဒီတော့ သူ့ဂုဏ်သိက္ခာအတွက် သူ့ကိုယ်သူ သတ်လိုက်တဲ့သဘော ဆိုပါတော့။ ဒါကလည်း မဆန်းပါဘူး။ ရှေးတုန်းကဆို ဟာရခိရီ (Hara-Kiri) က ယဉ်ကျေးမှုတစ်ခုပဲ။ ဂျပန်မှာရှိတဲ့ ဓားတော်တော်များများဟာ သခင်ဖြစ်သူရဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုနဲ့ ကင်းလွတ်တာ အရှားသားရယ်။ ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ အထူးအဆန်းလာမေးနေရတာလဲ'

ဆိုင်ပိုင်ရှင် ဂျပန်အမျိုးသား၏ အမေးစကားကို မင်းမော်ဖြိုး ဘာမှပြန်မဖြေဖြစ်ခဲ့ပါ။ ကြက်သီးမွေးညင်းထစွာဖြင့် ဓားကို ပြန်ပေးခဲ့ကာ ဆိုင်မှ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့လိုက်သည်။ ဂျပန်အမျိုးသားကမူ မင်းမော်ဖြိုးကို အူကြောင်ကြောင်ကောင်ဟုတွေးကာ တအံ့တဩ ငေးကြည့်နေမည်မှာ အသေအချာ။ သို့ပေမယ့် ဂရုမစိုက်အား။ ညရောက်သည့်အခါတိုင်း ဓားရေးပြကာ ၎င်း၏အူတွေကို ဆွဲထုတ်ပြမည့် ရှိုးပွဲ။ ယင်းရှိုးပွဲကို အခမဲ့ကြည့်ရမည့် လက်မှတ်နှင့်တူသည့် ထိုဓားရှည်အား မင်းမော်ဖြိုး အလိုမရှိတော့။ တစ်ညကြည့်ရရုံမျှဖြင့် ကျေနပ်သွားပါပြီ။ သွေးလန့်သွားပါပြီ။

မည်သို့ပင်ဖြစ်စေ ဓား၏ ရာဇဝင်ကို သိရှိလိုက်ရပြီမို့ ပေးဆပ်ရသော အရင်းအနှီးများကို တန်သည်ဟုပဲ ဆိုရလိမ့်မည်။ ကုန်ခဲ့သော ပိုက်ဆံများကို နှမြောတ,သဖြစ်ပေမယ့် ချစ်ရသူလေးအတွက်ဖြစ်နေ၍ မျက်စိစုံမှိတ်ကာ စွန့်လွှတ်လိုက်ရသည်။ များမကြာမီတွင် ချစ်ရသူ ထိုက်ထိုက်နှင့် ဆုံစည်းရတော့မည်။ ယနေ့ပဲ ဆုံတွေ့ရန်အတွက် ချိန်းဆိုထားပြီးဖြစ်၏။ နှစ်ယောက်အတူ တွေ့ဆုံမှပဲ ထိုဂျပန်ဓားအကြောင်းကို နောက်တစ်ခေါက် ပြန်ပြောင်းပြောပြီး ဝတ္ထုရေးခိုင်းရမည်ဟု တွေးတောရင်း မင်းမော်ဖြိုး၏ ခြေလှမ်းတို့ သွက်လက်သွားခဲ့ပါတော့သည်။

စေတနာရှေ့ထားလျက်
ဂျီဦးနွန်း

www.burmeseclassic.com

# ထာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်



မစိုးရိမ်ဆရာတော်ကြီး



မင်းကွန်းဆရာတော်ကြီး



ပြည်ဆရာတော်ကြီး

ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာချောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည်အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေးအသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာချောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာချောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လူပင်သေသော်လည်း ' အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၃၇

www.burmeseclassic.com

www.burmeseclassic.com

တောင်ပစိဖိတ်သမုဒ္ဒရာအလယ်ရှိ ဟောတီကျွန်း။

လူတို့သည် သေဆုံးခြင်းမရှိ၊ အိပ်စက်အနားယူခြင်းသာ ဖြစ်သည်ဟု ကျွန်းသားအားလုံးက ယူဆထားကြသည်။ ဗူးဒူးခေါ် မှော်အတတ်သည် သေခြင်းတရားကို အန်တုနိုင်သည်၊ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဟုလည်း ယုံကြည်ကြသည်။

ဗူးဒူးမှော်အတတ်သည် ဟောတီကျွန်း၏ မူပိုင် ပစ္စလက် နည်းပင်ဖြစ်သည်။ ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည့် ဗူးဒူးပညာသည်များလည်း ယနေ့တိုင် ရှိနေပေသေးသည်။ ဤသည်ကို သံသယရှိပါက ရှေ့တွင် ဖော်ပြမည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ဖတ်ရှုရန် တိုက်တွန်းလိုက်ရပေသည်။

◆◆◆





www.burmeseclassic.com

ဟောတီကျွန်းတွင် ပြောစမှတ်တွင်ကျန်ခဲ့သည့်ဖြစ်စဉ်။

ခေတ်သစ်အမြင်နှင့် ရှေးရိုးစွဲကျင့်စဉ်တို့၏ ဝိရောဓိပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင် ဂျိမ်း(စ်)ကွန်းဝေး ဆိုသူသည် ဟောတီကျွန်းကို ခေတ်သစ်ဒီဇိုင်းပုံစံ ပြောင်းလဲလိုခဲ့သည်။ လူနေတိုက်ခန်းများ၊ ဈေးဆိုင်များနှင့် ဟိုတယ်များ တည်ဆောက်ရန် ကြံဆောင်ခဲ့သည်။ သူသည် အမြတ်မြက်မြက်ကလေး ရရန်အတွက် ရင်းနှီးမြှုပ်နှံလိုခြင်းပင်ဖြစ်သည်။



# ဥစ္စာရူးနှင့် ပူးနူးမှော်ဆရာ

www.burmeseclassic.com

ဤတွင် ကီးဟုခေါ်သော ဒေသခံအဘိုးအိုနှင့် ထိပ်တိုက်တိုးရတော့သည်။ သူသည် ရှေးရိုးစွဲဝါဒီတစ်ယောက်ဖြစ်သည်။ ငွေကြေးပြည့်စုံသူ မဟုတ်။ ခေတ်အမြင်ဖြင့် ကြည့်လျှင်လည်း အထင်ကြီးဖွယ်ရာမရှိ။ သို့ရာတွင် လောကကြီးနှင့် လူတို့အကြောင်းကို နောကျေသူဖြစ်သည်။ ဂျိမ်း(စ်)ကွန်းဝေး အကြောင်းကိုလည်း ကာယကံရှင်ထက်ပင် ပိုသိနေလေသည်။ ထို့ထက်ပို၍ ကားကီးသည် ထိပ်တန်းဗူးဒူးမှော်ပညာသည်တစ်ယောက် ဖြစ်နေခြင်းပင် ဖြစ်တော့သည်။

◆ ◆ ◆

ဟေတီကျွန်းသို့ ဦးတည်ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် ဖြစ်သည်။

ဂျိမ်း(စ်)ကွန်းဝေးသည် ဖတ်လက်စ လုပ်ငန်းစီမံချက် စာရွက်များအား ချထားကာ ခုံကိုမှီထိုင်လိုက်သည်။ ထို့နောက် အောက်ဘက်ရှိ ပူနွေးသောပင်လယ်ပြာကြီးကို လေယာဉ်ပြတင်းမှတစ်ဆင့် ကြည့်လိုက်သည်။ နေရောင်ခြည်က တောက်ပနေသည်။ အဝေးတစ်နေရာရှိ ဟေတီကျွန်း၏ ရှည်လျားသော ကမ်းခြေများကို လှမ်းမြင်လိုက်ရသည်။

ကမ်းခြေနှင့် မလှမ်းမကမ်းတွင်တော့ သစ်သားအိမ်ငယ်ကလေးများကို အစီအရီတွေ့ရသည်။ အုန်းလက်စိမ်းစိမ်းများကလည်း ညနေခင်း လေပြည်အောက်တွင် လေးတွဲ့စွာ ယိမ်းနွဲ့လျက်ရှိကြသည်။

'မြင်ကွင်းက အတော်လှတယ်နော်'

ဘေးကောင်းနေစဉ် ကပ်လျက်ထိုင်ခုံရှိ အမျိုးသမီးက မှတ်ချက်ပေးလိုက်သည်။ ကွန်းဝေးက သူမကို လှည့်ကြည့်ပြီး အလိုက်သင့် ပြန်ဖြေလိုက်သည်။

'ဟုတ်ပါ့ဗျာ'

'ဟေတီကို ပထမဆုံးအကြိမ် လာလည်တာလားရှင့်'

သူမက ဆက်လက်စပ်စုလာသဖြင့် ကွန်းဝေးက ပြုံး၍ ပြန်ရှင်းပြလိုက်သည်။

'ဟုတ်တယ်။ ဒါပေမဲ့ အလည်သက်သက် လာတာတော့မဟုတ်ဘူး။ ကျုပ်မှာ ကွန်းဝေးဆောက်လုပ်ရေးဆိုတဲ့ ကုမ္ပဏီရှိတယ်။ အမေရိက၊ ဥရောပနဲ့ အာဖရိကမှာလည်း ရုံးခွဲတွေ ဖွင့်ထားတယ်။ အကြီးဆုံးရုံးကတော့ ဩစတြေးလျမှာ။ အဲဒီက လူတိုင်းလိုလို သိကြတယ်။ အခုလည်း ဒီမှာ ရုံးခန်းဖွင့်ဖို့ လာတာ။ မြေဝယ်ပြီး ဟိုတယ်တွေဆောက်မလို့။ ခင်ဗျား သဘောပေါက်မှာပါ။ ဒီမှာက မြေဈေးပေါတယ်လေ။ မြို့ငယ်ကလေးတစ်မြို့တည်နိုင်လောက်တဲ့ မြေတစ်ကွက်ကိုမှ ဒေါ်လာ ထောင်ဂဏန်းနည်းနည်းပဲ ပေးရတာ။ ဒါနဲ့ နေပါဦး။ ခင်ဗျားနာမည်လည်း မသိရသေးဘူး။ ကျုပ်ကတော့ မစ္စတာကွန်းဝေး၊ ဂျိမ်း(စ်)ကွန်းဝေးပါ။ ကွန်းဝေးလို့ပဲ ခေါ်နိုင်ပါတယ်'

'ကျွန်မက ကာရင်းဂျက်ဆင်ပါ'

'ခုလိုတွေ့ရတာ ဝမ်းသာတယ်ဗျာ။ ဘာများလုပ်ပါလိမ့်။ အလုပ်တော့ ရှိမှာပေါ့။ ဒါမှမဟုတ် အိမ်ထောင်ရှင်မများလား'

'ဟားဗတ်တက္ကသိုလ်ကပါရှင်'

'ဩော်··တက္ကသိုလ်ကကိုး။ အဲဒီမှာ အတွင်းရေးမှူးများလား'

'မဟုတ်ပါဘူး။ ကျွန်မက ဆရာဝန်ပါ။ အဲဒီမှာ ဆေးပညာသင်ပေးတဲ့ ဆရာမပေါ့'

'ဆရာဝန် ဟုတ်လား။ ဒါဆိုရင် စိတ်ဝင်စားစရာကောင်းနေပြီ။ ဟေတီကို ဘာလာလုပ်တာလဲဗျ။ အားလပ်ရက် ခရီးထွက်လာတာလား။ ခင်ဗျားတို့ ဆရာမတွေက နားရက်ရှည်တွေ ရတတ်ကြတယ်လေ'

ကာရင်းဂျက်ဆင်သည် ထိုစကားကို ဘဝင်မကျမိပေ။ သို့သော် ဣန္ဒြေကိုထိန်း၍ ပြန်ပြောလိုက်သည်။

'မဟုတ်ပါဘူး။ ပို့(တ်)အောပရင့်(စ်)က ဆေးရုံမှာ အလုပ်ဝင်ဖို့ လာခဲ့တာပါ။ ပြီးတော့ ဒီမှာနေပြီး စာအုပ်တစ်အုပ် ရေးဖို့လည်း ရှိတယ်လေ'

'ဩော်··စာရေးဆရာမပဲကိုး။ ဘာအကြောင်းများရေးမှာလဲဗျ'

'ဗူးဒူးမှော်အတတ် အကြောင်းပါ'

ကွန်းဝေးသည် လှောင်ရယ်ရယ်ရင်း ပြန်ပြောလိုက်သည်။

'ဗူးဒူးအကြောင်း ဟုတ်လား။ တစ်ယောက်ယောက်က စာမူခပေးပြီး ရေးခိုင်းတာလားဗျ။ ဟေတီက အမေ[illegible]ကားနဲ့ မတူတာတော့သိတယ်။ ဒါပေမဲ့ ဗူးဒူးကို လူတွေ[illegible] မယုံကြတော့ဘူး ထင်တာပဲ'

www.burmeseclassic.com

‘အိုး..မဟုတ်ဘူးရှင့်၊ ခုထိ ယုံကြည်နေကြသေးတယ်။ ဖူးဒူးအတတ်က ရှင်သန်တုန်းပဲ။ အန္တရာယ်လည်း သိပ်များတယ်။ ရှင် သိလာမှာပါ’

‘အဲဒါကို ခင်ဗျား တကယ်မယုံဘူးလို့ သေချာပေါက် ပြောရဲတယ်ဗျာ။ ဟုတ်တယ်နော်’

‘ဟုတ်ပါတယ်။ အမေရိကမှာ ဖူးဒူးအကြောင်း ထဲထဲဝင်ဝင် မသိကြဘူး။ လူအတော်များများက အောက်လမ်းပညာလို့ပဲ ထင်ကြတာ။ လူသတ်နိုင်တဲ့အတတ်လို့လည်း မြင်ကြတယ်လေ’

‘အဲဒါပြောတာပေါ့။ ကျုပ်ကြားဖူးတာကို ပြောပြမယ်။ ဖူးဒူးပညာသည်တွေဟာ လူတစ်ယောက်ယောက်ရဲ့ ဓာတ်ပုံ ဒါမှမဟုတ် သူ့ကိုယ်စား အရုပ်ကလေးလုပ်ပြီး ပင်အပ်ဖြစ်ဖြစ်၊ ဓားနဲ့ဖြစ်ဖြစ် ထိုးစိုက်လိုက်မယ်။ ဟုတ်ပြီနော်။ ကာယကံရှင်ဟာ လိမ့်နေအောင် ဝေဒနာခံစားရရောတဲ့’

‘ဟုတ်ကဲ့၊ အဲဒီအတိုင်းပါပဲ။ ဟောဒီမှာ ဖူးဒူးအကြောင်း ကျွန်မရေးထားတဲ့ စာအုပ်ထဲမှာ ဓာတ်ပုံတစ်ပုံပါတယ်။ ကြည့်ပါဦး။ အဲဒါ သူတို့သုံးတတ်တဲ့ အရုပ်တွေထဲက တစ်ရုပ်ပဲ။ ကလေးကစားစရာ မဟုတ်ဘူးနော်။ အုန်းသီးနဲ့ လုပ်ထားတာ။ ဦးခေါင်းက အုန်းသီးမှန်း အသေအချာကြည့်ရင် တွေ့လိမ့်မယ်။ မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တွေကို ဆေးနဲ့ ရေးထားတာ။ အရုပ်ရဲ့ဗိုက်မှာ ပင်အပ်တစ်ချောင်း စိုက်ထားတာ တွေ့လား။

တစ်ရက်မှာ မခံနိုင်အောင် ဗိုက်အောင့်နေတဲ့လူတစ်ယောက် ဆေးရုံကို ရောက်လာသတဲ့။ သူ့ကို ဖူးဒူးပညာနဲ့ ပြုစားထားတာလို့ ပြောကြတယ်။ ဗိုက်က တရားလွန်အောင့်နေပေမယ့် ဆရာဝန်က ရောဂါရှာလို့ မရခဲ့ဘူး။ နောက်ဆုံးမှာ အဲဒီလူ သေသွားတော့သတဲ့’

ကွန်းဝေးက အံ့သြသံဖြင့် မေးလိုက်သည်။

‘အဲဒီလိုအကြောင်းရင်း ရှာမရတာနဲ့ဘဲ မှော်ပညာနဲ့ ပြုစားတာလို့ ခင်ဗျားကရော ယုံလား။ ဆရာဝန်တစ်ယောက်ဖြစ်တာမို့ မယုံလောက်ပါဘူး။ ဟုတ်တယ်နော်’

‘အင်း..ဖူးဒူးဆိုတာ သာမန်မှော်ပညာထက် အဆင့်မြင့်တယ်ရှင့်။ စုန်းကဝေ ဘာညာတွေကို ကျွန်မ မယုံပါဘူး။ ဒါပေမဲ့ ဖူးဒူးဆိုတာကတော့ တကယ်အန္တရာယ်ပေးနိုင်တယ်။ အဲဒီအကြောင်း အသေးစိတ် ကျွန်မ သိချင်နေတာ။ ဟောတီမှာ ဖူးဒူးပညာသည်တွေ ခုထိရှိနေသေးတယ်။ သူတို့ကို ဟောင်ဂန်လို့ ခေါ်ကြတယ်။ ဒီဒေသက ရွာတွေမှာ ဟောင်ဂန်တချို့ ရှိနေကြတုန်းပဲ။

အဲဒါကြောင့် ဒီကို ကျွန်မ လာခဲ့တာ။ သူတို့နဲ့တွေ့ပြီး အင်တာဗျူးချင်တယ်လေ။ ဖူးဒူးပညာသည်တိုင်း ဆိုးသွမ်းကြမယ်လို့ မထင်မိဘူး။ အဲဒီပညာနဲ့ လူတွေကို ကူညီနိုင်တယ်လေ။ ဆရာဝန်တွေလိုမျိုးပေါ့။ ဒုက္ခရောက်အောင်လည်း သူတို့ လုပ်နိုင်ကြတာ အမှန်ပါပဲ’

‘ဒါပေမဲ့ ဒီခေတ်ကြီးမှာ ဖြစ်နိုင်ပါ့မလားဗျ’

‘ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီကလူတွေက ဖူးဒူးအတတ်ဟာ မပပျောက်သွားသေးဘူးလို့ ရာနှုန်းပြည့် ယူဆထားကြတာ။ ကျောင်းဆရာ,ဆရာမတွေ၊ စီးပွားရေးလုပ်ငန်းသမားတွေနဲ့ ဆရာဝန်တွေကအစ လူတိုင်း ယုံကြည်နေကြတယ်။ ကြောက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် အဲဒီအခြေအနေတွေကြောင့် ဖူးဒူးဟာ အသက်ဆက်ရှည်နေရတာ။

တကယ်တမ်းကျတော့ ရှင့်ကိုယ်ရှင် ကျန်းမာရေးညံ့တယ်လို့ထင်ရင် ချူချာနေမှာ အမှန်ပဲ။ နာမကျန်းဖြစ်နေရာက ငါ ကောင်းသွားပြီလို့ ယူဆလိုက်ရင် ရောဂါသက်သာလာမှာ သေချာတယ်။ တကယ်လို့ တစ်ယောက်ယောက်က ငါ့ကို သတ်ဖို့ကြံနေတယ်လို့ ထင်ရင်လည်း အသက်တိုမှာ ကျိန်းသေတယ်။ ဘာကြောင့်လဲဆိုတော့ ရှင်က အကြောက်လွန်နေတာကိုး’

ကွန်းဝေးသည် မပွင့်တပွင့်ရယ်လိုက်ရင်း ပြန်ပြောလိုက်သည်။

‘ဟင်း..ဟင်း..နားထောင်လို့တော့ ကောင်းသား။ ဖူးဒူးအတတ် လိုအပ်လာခဲ့ရင် ခင်ဗျားဆီ လာတွေ့ပါ့မယ်’

‘အိုကေ၊ ကျွန်မကို ခွင့်ပြုပါဦး’

ကာရင်းသည် ပြောပြောဆိုဆိုဖြင့် လေယာဉ်ပုံပိုင်းဘက်သို့ ထထွက်လာခဲ့သည်။ သူမသည် ကွန်းဝေးကို မြင်ပြင်းကတ်လာခဲ့ရသည်။ အဘယ်ကြောင့်ဟူမူ ထိုပုဂ္ဂိုလ်သည် လူတတ်လူနပ်ကြီးလုပ်ကာ တစ်ဖက်သားစကားကို အလေးမထား ပြက်ရယ်ပြုတတ်သည့် ဉာဉ်ဆိုးရှိသူဖြစ်ကြောင်း သိလာရသောကြောင့်ပင် ဖြစ်လေသည်။

♦ ♦ ♦

ကာရင်းဂျက်ဆင်၏ ထိုင်ခုံပေါ်တွင် ပွင့်ပွက်သား

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ခဲ့သည့် စာအုပ်တစ်အုပ်။

ကွန်းဝေးသည် အမှတ်မထင် လှမ်းကြည့်မိလိုက်သည်။ မျက်လုံးပြူးကာ ညိုမောင်းသော အသားအရေရှိသည့် လူတစ်ယောက်၏ဓာတ်ပုံကို တွေ့လိုက်ရသည်။ ထိုသူ၏ သွားများက ဖြူဖွေးနေကြသည်။ ရယ်မောနေသော်လည်း ကြောက်မက်ဖွယ်ကောင်းကာ အန္တရာယ်ပေးမည့် ဥပမိရုပ်မျိုးဖြစ်သည်။ ကွန်းဝေးသည် စာအုပ်အား ကောက်ယူလိုက်သည်။ ထို့နောက် ဓာတ်ပုံအောက်ခြေရှိ စာများကို ဖတ်ကြည့်လိုက်လေသည်။

'အမတ်ကြီးဆမီးဒီး·· ဗူးဒူးဟောင်ဂန်များအနက် အစွမ်းအထက်ဆုံးနှင့် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်သည်။ သူ၏အကြောင်းကို ဂဃနဏသိသူ မရှိပေ။ သို့သော် သေဆုံးပြီးနောက် အသက်ဆက်ရှင်နေသည်ဟု ယုံကြည်ကြသည်။ သူသည် ဆန့်ကျင်ဘက် လောကနှစ်ခုတွင် ရှင်သန်နေသူဖြစ်သည်။ လူအတော်များများသည် သူ၏အမည်ကို မခေါ်ဝံ့သည့်အထိပင် ကြောက်ရွံ့ကြလေသည်။

ကွန်းဝေးသည် ဓာတ်ပုံကို ပြန်ကြည့်လိုက်ကာ မဲ့ပြုံးပြုံးရင်း စိတ်ထဲက ပြောလိုက်သည်။

'ဟင်း··ဟင်း အမတ်ကြီးဆမီးဒီးတဲ့။ တော်တော်ကြောင်တဲ့လူတွေ။ ကောင်းတယ်။ အဲဒီအတိုင်းပဲ ဆက်နေကြ။ ဒင်းတို့ ကလေးဆန်လေ ငွေရှာလို့ လွယ်လေပဲ'

စာအုပ်အား ပြန်ချထားလိုက်စဉ်တွင် ကာရင်း ပြန်ရောက်လာခဲ့သည်။ သူမသည် စာအုပ်ကို ကောက်ယူကာ အိတ်အတွင်းသို့ ထည့်လိုက်သည်။ ထို့နောက် ပြန်ထိုင်ချလိုက်သည်။ ထိုအခိုက်တွင် လေယာဉ်တွင်းရှိ အချက်ပြမီးလင်းလာကာ လေယာဉ်မှူး၏ စကားသံ ထွက်ပေါ်လာလေသည်။

'မိနစ်ပိုင်းအတွင်းမှာ ပို့(တ်)အောပရင့်(စ်)ကို ဆိုက်ရောက်ပါတော့မယ်။ မိမိတို့ခုံများမှာထိုင်ပြီး စီးကရက်တွေ မီးငြိမ်းလိုက်ကြပါ။ ဟေတီစံတော်ချိန်က ညနေ(၃) နာရီ (၁၅)မိနစ်ရှိပါပြီ။ ရာသီဥတုက ပူနွေးပြီး အပူချိန် (၃၀)ဒီဂရီစင်တီဂရိတ် ရှိပါတယ်။ ပျော်ရွှင်တဲ့ခရီးစဉ်ဖြစ်လိမ့်မယ်လို့ ဟေတီလေကြောင်းလိုင်းက မျှော်လင့်ပါတယ်'

♦♦♦

ဟေတီကျွန်းရှိ ဘတ်စီဟူသော ရွာကလေး။

ပို့(တ်)အောပရင့်(စ်)နှင့် မနီးမဝေးတွင်ရှိသည်။ ကီးဟုခေါ်ကြသော လူကြီးတစ်ယောက်သည် ရွာစွန်တွင် တစ်ကိုယ်တည်း အေးချမ်းစွာ နေထိုင်လျက်ရှိသည်။ အုန်းပင်များအောက်ရှိ သူ၏ မြေစိုက်အသားအိမ်သည် သေးငယ်သော်ငြား သပ်သပ်ရပ်ရပ် ရှိလေသည်။

ကီးသည် ဧည့်ခန်းတွင်ထိုင်ရင်း ရောက်တတ်ရာရာ တွေးနေခဲ့သည်။ အိမ်အပြင်ဘက် ခြံဝိုင်းအတွင်း၌ နီညိုရောင် ကြက်တစ်အုပ်က ဟိုသည်ပြေးလွှား အစာရှာစားနေကြသည်။ နွေရာသီဖြစ်သည့်အလျောက် မြေကြီးကခြောက်သွေ့ကာ ဖုန်ထူလျက် ရှိလေသည်။

အဘိုးအိုကီးသည် ထိုင်နေရင်းက စိတ်ထဲတွင် စနိုးစနောင့်ဖြစ်လာခဲ့သည်။ ထိုစဉ် ရုတ်တရက် လေပွေတစ်ချက် ဝေ့လိုက်သဖြင့် ခြံဝိုင်းအတွင်း ဖုန်များ ထောင်းခနဲထသွားသည်။ သူသည် ပြတင်းပေါက်အနီးသို့ သွားရပ်ပြီး အပြင်ဘက်သို့ အကဲခတ်လိုက်သည်။

'အန္တရာယ်အငွေ့အသက်ပါလား။ မကောင်းဆိုးဝါးတစ်ခုခုကတော့ ချဉ်းကပ်လာနေပြီပဲ'

ကီးသည် ခပ်တိုးတိုး ညည်းတွားလိုက်သည်။ ထို့နောက် ခြံဝိုင်းအတွင်းရှိ သစ်ပင်များကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထူးခြားသည့်အရိပ်အယောင် မတွေ့ရ။ ကောင်းကင်သို့ မော့ကြည့်လိုက်ပြန်သည်။ ထိုအခိုက်အတန့်တွင်ပင် ပို့တ်အောပရင့်(စ်)လေဆိပ်ဘက်သို့ ဦးတည်ပျံသန်းသွားသော လေယာဉ်တစ်စင်းသည် တိမ်တိုက်များအတွင်း ဝင်ရောက်သွားသည်ကို လှမ်းမြင်လိုက်ရလေသည်။

အဘိုးအိုကီးသည် မျက်မှောင်ကြုတ်လိုက်မိသည်။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သက်ပြင်းမောကြီးချလိုက်လေတော့သည်။

♦♦♦

နောက်ကိုးလခန့် အကြာတွင် ဖြစ်သည်။

ကွန်းဝေးသည် ဟေတီတွင် အပျော်ရွှင်ဆုံး လူတစ်ယောက်ဖြစ်လျက်ရှိသည်။ သူ၏ လုပ်ငန်းများက အစအဆင်ချောနေခဲ့သည်။ ငွေများကလည်း တရစပ်ဝင်လျက်ရှိသည်။ ပို့(တ်)အောပရင့်(စ်)တွင် ရုံးခန်းကြီးနှင့် တိုက်ကြီးတစ်လုံး ဆောက်ထားသည်။ သူ၏ ကုမ္ပဏီတွင်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဝန်ထမ်းရာပေါင်းများစွာ ဝင်ရောက်လုပ်ကိုင်လျက် ရှိကြလေသည်။

ကွန်းဝေးသည် ပို့(တ်)အောပရင့်(စ်)အနီးတွင် မြေကွက်များဝယ်ကာ မြို့သစ်တည်နေခြင်းပင်ဖြစ်သည်။ လူနေတိုက်ခန်း ထောင်နှင့်ချီ၍ ဆောက်လုပ်ပြီးဖြစ်သည်။ ကွန်းဝေးဆောက်လုပ်ရေးကုမ္ပဏီကိုလည်း လူသိများလာခဲ့သည်။ ထိုအခြေအနေကြားက ကွန်းဝေးတစ်ယောက် ခေါင်းခဲဖွယ်ပြဿနာနှင့် ကြုံနေရလေသည်။ သို့ဖြင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက် ဂျက်ရမ်မီနှင့်တိုင်ပင်၍ အကြံဉာဏ်တောင်းရန် ခေါ်ယူလိုက်ရသည်။

'ဂရင်..ဂရင်'

ကွန်းဝေးသည် စားပွဲပေါ်ရှိ တယ်လီဖုန်းအား ကောက်ကိုင်ရင်း ပြောလိုက်သည်။

'အေး..ပြော'

'မစ္စတာရမ်မီ ရောက်လာပါပြီရှင့်'

အတွင်းရေးမှူးမေရီက သတင်းပို့လာသဖြင့် ကွန်းဝေးက ခပ်သွက်သွက် ပြန်ညွှန်ကြားလိုက်သည်။

'သူ့ကို ချက်ချင်းဝင်လာခိုင်းလိုက်ဟေ့'

ခေတ္တအကြာတွင် အခန်းတွင်းသို့ဝင်လာသော ဂျက်ရမ်မီကို လှမ်းနှုတ်ဆက်လိုက်သည်။

'ဂျက်..မတွေ့ကြတာ ကြာပြီနော်။ ခုလိုလာတွေ့တာကို ကျေးဇူးတင်တယ်ကွာ။ ကဲ..ထိုင်ပါဦး'

'ကျေးဇူးပဲ။ မင်းဖုန်းထဲမှာပြောတဲ့ ပြဿနာက ဘာများလဲကွ'

'အေး..ပြောပြမယ်။ ဟောတီကို ငါရောက်ခါစတုန်းက မြို့သစ်တည်ဖို့ မြေဝယ်တော့ မင်း လိုက်ကူရှာပေးခဲ့တယ်နော်။ အခုဆောက်ပြီးတဲ့ တိုက်ခန်းတွေမှာ လူတွေတောင် တက်နေကြပြီ။ နောက်ထပ်မြေကွက်ဝယ်ချင်လို့ကွ'

'ဒါများကွာ..မင်းစိတ်ကြိုက် ဝယ်လို့ရနိုင်တာပဲဟာ'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ငါက ဆောက်ပြီးသား တိုက်ခန်းတွေနားမှာ လိုချင်တာကွ။ ဈေးဆိုင်ခန်းတွေ လိုနေတယ်လေ။ အခြေအနေပေးရင် ဟိုတယ်တစ်လုံးလောက်လည်း ဆောက်ချင်တယ်။ တိုက်ခန်းတွေလည်း ထပ်ဆောက်ရမယ်ကွ'

'မင်းက ဘယ်နေရာကို လိုချင်တာတုံး'

'ငါပြောတဲ့ပြဿနာက အဲဒါပဲကွ။ ခုဆောက်ပြီးတဲ့ တိုက်ခန်းတွေရဲ့ တောင်ဘက်နဲ့ အရှေ့ဘက်မှာက ပင်လယ်ကြီး၊ မြောက်ဘက်ကလည်း ရေဝပ်မြေဖြစ်နေတယ်။ ဆိုတော့ အနောက်ဘက်ခြမ်းက တောင်ကုန်းပဲ ကျန်တော့တယ်ကွ'

'ဒါဆိုလည်း အဲဒီနေရာကို ဝယ်လိုက်ရုံပေါ့။ ပြီးရင် ပတ်ပတ်လည်မှာ ကြိုက်သလောက် တိုက်ခန်းတွေ ဆောက်ပေတော့'

'အဲဒီအတိုင်း လုပ်မလို့ဘဲကွ။ နေဦး၊ မင်းကို ငါပြမယ်'

ကွန်းဝေးသည် အံဆွဲအတွင်းရှိ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ ထို့နောက် ဂျက်ထံ လှမ်းပေးရင်း ပြောလိုက်သည်။

'အဲဒီမှာ တွေ့လား။ ငါက သင်္ချိုင်းပေါ်မှာ ဆောက်ရမလို ဖြစ်နေတာကွ'

ဂျက်သည် ဓာတ်ပုံကို သေချာစွာကြည့်ပြီး ပြန်ပြောလိုက်သည်။

'ဒါ သင်္ချိုင်းဟောင်းကြီးပဲကွ။ ပိုကောင်းတာပေါ့။ အဲဒီမှာ ဘယ်သူမှ မသင်္ဂြိုဟ်ကြတော့ဘူးလေ။ အသစ်ဆိုရင်တော့ လူသွားလူလာရှုပ်ပြီး ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ မင်း စနည်းနာလိုက်ပါဦး။ သေချာပြီဆိုရင် ကူညီနိုင်မယ့် ငါ့အပေါင်းအသင်းတွေကို သွားပြောပေးမယ်။ အိုကေနော်'



www.burmeseclassic.com

"ကျေးဇူးကမ္ဘာပါပဲ ဂျက်ရာ။ မင်းကျေးဇူးကို မမေ့ပါဘူး"

"အသေးအဖွဲ့ပါကွာ။ သင်္ချိုင်းကမှည်းကျောက်တိုင်တွေကို သွားကြည့်နိုင်းလိုက်။ ဘယ်ခေတ်ကလဲဆိုတာ ငါ့ကိုပြန်ပြော၊ နောက်သုံးရက်ကြာရင် မင်းဆီဖုန်းဆက်လိုက်မယ်"

◆ ◆ ◆

တစ်ခုသော နံနက်ခင်းအချိန်။

ကီးအိမ်ရှေ့ရှိ လမ်းအတိုင်း ကုန်တင်ကားကြီးတစ်စီး ဖြတ်မောင်းသွားခဲ့သည်။ အရှိန်မြင့် မောင်းသွားသံက ကျယ်လောင်လွန်းလှသည်။ ကွန်းဝေး၏ မြို့သစ်မတည်မီက သူတို့ရွာကလေးသည် တိတ်ဆိတ်အေးချမ်းနေခဲ့သည်။ ရွာထဲတွင် ကားငယ်ကလေးတစ်စီး နှစ်စီးမျှသာရှိသည်။ ယခုတွင်မူ ကုန်တင်ကားကြီးများက ငါးမိနစ်လျှင် တစ်စီးကျ ဆူညံစွာဖြတ်သန်းသွားလျက်ရှိသည်။

ကားများပေါ်တွင်လည်း ဆောက်လုပ်ရေးပစ္စည်းမျိုးစုံက အပြည့်။ ကီးသည် အိမ်ကလေးအတွင်းထိုင်ရင်း အပြင်ဘက်သို့ ရည်ရွယ်ချက်မဲ့ ငေးနေမိသည်။ ကိုယ်စိတ်မချမ်းမသာ ဖြစ်နေရသည်မှာလည်း ကြာလေပြီ။ ထိုစဉ် နောက်ထပ် ကားကြီးတစ်စီး မောင်းသွားသည်ကို ပြတင်းပေါက်မှ လှမ်းမြင်လိုက်ရပြန်သည်။

ခေတ္တမျှအကြာတွင် ကားသံ ထပ်ကြားခဲ့ရသည်။ ထိုကားသည် ကီး၏ ခြံဝိုင်းရှေ့တွင်ရပ်သွားပြီး အမျိုးသမီးတစ်ယောက် ဆင်းလာသည်။ သူမသည် ငယ်ရွယ်သူတစ်ယောက်ဖြစ်ကာ သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ကီး၏ ခြံတံခါးပေါက်အနီးသို့ လျှောက်လာပြီး ရပ်စောင့်နေခဲ့သည်။ ကီးကလည်း သူမကို လှမ်းမြင်သဖြင့် ခြံတံခါးဖွင့်ပေးရန် အိမ်အတွင်းမှ ထထွက်ခဲ့သည်။ အမျိုးသမီးငယ်က လက်ဝှေ့ယမ်းပြရင်း အော်ပြောလိုက်သည်။

"ဟဲလို··ကျွန်မ ဝင်လာလို့ရမလားရှင့်"

"သိပ်ရတာပေါ့ကွာ။ ငါ ဘာကူညီရမလဲပြော"

အမျိုးသမီးငယ်သည် ခြံတံခါးအား တွန်းဖွင့်၍ဝင်လာခဲ့သည်။ ထို့နောက် သူ့ကိုယ်သူ မိတ်ဆက်ကာ လာရင်းအကြောင်းကို ရှင်းပြလိုက်သည်။

"ကျွန်မနာမည်က ကာရင်းဂျက်ဆင်ပါ။ ဒေါက်တာဂျက်ဆင်ဆိုပါတော့။ အမေရိကန်လူမျိုးပါ။ ပို့(တ်)အောပရင့်(စ်)က ဆေးရုံကြီးမှာ လုပ်တယ်။ ကျွန်မရေးနေတဲ့ စာအုပ်အတွက် ဒီကို လာခဲ့တာပါ"

"ဟုတ်ပြီ။ ဒါပေမဲ့ ငါ့ဆီကိုမှ ဘာကြောင့်လာရတာတုံး"

"ကျွန်မက ဗူးဒူးအကြောင်း စာအုပ်ရေးနေတာရှင့်။ လူတိုင်းက ဦးအကြောင်း ပြောပြကြတယ်။ ဦးက ဟောတီမှာ အတော်ဆုံး ဟောင်ဂန်တစ်ယောက်တဲ့လေ။ ပြီးတော့ လူတွေကို အမြဲကူညီတတ်တဲ့ သူတော်ကောင်း ဟောင်ဂန်ကြီးလို့လည်း သိရဘယ်"

ကီးသည် တစ်ချက်ပြုံးလိုက်ပြီးမှ ပြန်ပြောလိုက်သည်။

"လူကောင်းသူကောင်းတွေကိုတော့ အတတ်နိုင်ဆုံး ကူညီပါတယ်၊ အိမ်ထဲ ဝင်ပါဦး ဒေါက်တာဂျက်ဆင်။ တစ်ခုခုသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့"

နှစ်ယောက်သား ဧည့်ခန်းကလေးအတွင်း၌ထိုင်ကာ စကားလက်ဆုံကျခဲ့ကြသည်။ ကာရင်းက သူမဘဝနှင့် အလုပ်အကြောင်းများ ပြောပြလာသည်။ ဟောတီသို့ လာရသည့် အကြောင်းရင်းကိုလည်း ရှင်းပြခဲ့သည်။ ကီးကလည်း သူ့ဘဝဇာတ်ကြောင်းအပြင် ဟောတီ၏ ခေတ်ဟောင်းသမိုင်းကြောင်းများကို တစ်နံတစ်လျား ပြောပြခဲ့သည်။ အတိတ်တစ်ချိန်က မိတ်ဆွေဟောင်းများနှင့်ပတ်သက်၍လည်း လွမ်းဆွေးတမ်းတပြခဲ့လေသည်။ သူသည် ခေတ္တနားပြီးမှ စကားဆက်လိုက်သည်။

"အင်း··ခုတော့ အားလုံးပြောင်းလဲကုန်ပါပြီ။ တို့ငယ်ငယ်တုန်းက မိဘဆွေမျိုးတွေ တစ်သိုက်တစ်ဝန်းကြီးနေခဲ့ကြတယ်။ ကော်ဖီစိုက်ခင်းတွေထဲမှာ လုပ်ကြတော့လည်း တက်ညီလက်ညီနဲ့။ အချင်းချင်းလည်း ရိုင်းပင်းကြတယ်။ မိတ်ဆွေကို ငွေထက် ပိုတန်ဖိုးထားခဲ့ကြတယ်၊ လူတိုင်းက စရိုက်ကောင်းပြီး ကြင်နာမှုတွေကလည်း အပြည့်ရှိကြတယ်။

ဒီနေ့တော့ အားလုံးပြောင်းပြန်ဖြစ်သွားပြီ၊ အမေရိကနဲ့ ဥရောပက စီးပွားရေးသမားတွေ ရောက်လာပြီး ဘဏ်တွေ၊ ကုမ္ပဏီတွေ ဖွင့်ကြတယ်လေ။ လူငယ်တွေအားလုံး ပို့(တ်)အောပရင့်(စ်)ကို ရောက်ကုန်ကြပြီ။ ရွာတွေကို စွန့်ခြီး ဆွေမျိုးမိသားစုကို လှည့်မကြည့်ကြတော့ဘူး သူတို့အတွက် ငွေက အရေးကြီးဆုံး။ အချင်းချင်း ရိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပင်းရကောင်းမှန်း မသိကြတော့ဘူး။ အကြင်နာတွေလည်း မှဲ့ကုန်ကြပြီ'

'ဟုတ်ကဲ့၊ မှန်ပါတယ်။ အမေရိကမှာလည်း အဲဒီအတိုင်းပဲရှင့်။ ဒါပေမဲ့ လူကောင်းသူကောင်းတွေလည်း ရှိနေကြပါသေးတယ်'

'အေး··ဟုတ်ပါတယ်။ ဒါနဲ့ မင်း ချက်ချင်းမပြန်သေးဘူး မဟုတ်လား'

'ဟုတ်ကဲ့၊ မပြန်သေးပါဘူး။ ဘာဖြစ်လို့လဲရှင့်'

'မင်းကို ပြချင်တာရှိလို့။ ဒီရွာပြင်မှာ တောင်ကုန်းတစ်ခုရှိတယ်။ ငါစိတ်ညစ်တဲ့အခါမျိုး ခေါင်းရှုပ်တဲ့အချိန်တွေကျရင် အဲဒီကို သွားနေလိုက်တာပဲ။ အဲဒီနေရာက သင်္ချိုင်းကုန်းကွ။ ဒါပေမဲ့ သိပ်သာယာတယ်။ လေတဖြူးဖြူးကြားမှာ အုန်းလက်တွေက ယိမ်းထိုးလို့။ ရောက်ရင် တွေ့ပါလိမ့်မယ်'

◆ ◆ ◆

ရှေးဟောင်းသင်္ချိုင်းတောင်ကုန်းသို့ သွားသည့်လမ်းကလေး။

ကီးနှင့် ကာရင်းတို့ နှစ်ယောက်သား စကားတပြောပြောနှင့် တက်ခဲ့ကြသည်။ ကမ္ပည်းမှတ်တိုင်များကြားက ဖြတ်လျှောက်ရင်း တောင်ကုန်းထိပ်သို့ ရောက်သွားကြသည်။ ထို့နောက် အောက်ဘက်ရှိ ကွင်းပြင်ဆီသို့ ငြိုင်တူကြည့်လိုက်မိကြသည်။

ကုန်တင်ကားများက လူးလာခေါက်တုံ့ သွားနေကြသည်။ အလုပ်သမားများက ပုရွှတ်ဆိတ်ကလေးများသဖွယ် အလုပ်ရှုပ်လျက်ရှိကြသည်။ မြို့သစ်တည်ဆောက်နေသည့် မြင်ကွင်းပင်တည်း။ ကီးသည် ရာပေါင်းများစွာသော တိုက်ခန်းတွဲများကို ရီဝေစွာလှမ်းကြည့်ရင်း စကားစလိုက်သည်။

'တို့ရွာကလေးကတော့ နေ့ချင်းညချင်း ပြောင်းလဲသွားပြီ။ တိုက်ခန်းတွေ ထောင်နဲ့ချီပြီး ပေါ်လာတော့မယ်။ အဲဒီအချိန်ကျရင် ရွာက ဘယ်လိုပုံစံ ဖြစ်သွားမလဲ မသိဘူး။ တစ်ချိန်တုန်းက အေးချမ်းတိတ်ဆိတ်တဲ့ နေရာကလေး။ တစ်ရွာလုံး တစ်မိသားစုလိုပဲ နေခဲ့ကြတာ။ မကြာခင်မှာ လူစိမ်းတွေ ရောက်လာကြတော့မယ်။ မျက်စိရှုပ်ပြီး နားပူတော့မယ်။ ငါတော့ အဲဒီလို နေရာမျိုးမှာ လုံးဝမနေချင်ဘူးကွ'

'ဦးလေး··ဘာမှမတတ်နိုင်ဘူးလား။ သူတို့ကို တားလို့ မရဘူးလားရှင့်'

'ငါကလား မဖြစ်နိုင်ဘူးကွ။ ဘာလုပ်နိုင်မှာမို့လဲ။ အဘိုးကြီးတစ်ယောက်ရဲ့ စကားကို ဘယ်သူက အလေးထားမှာတဲ့လဲ'

နှစ်ယောက်သား ဆက်လျှောက်ခဲ့ကြရင်း ကီးက စကားဆက်လိုက်သည်။

'ငါ့အဘိုးကို ဒီသင်္ချိုင်းမှာ မြှုပ်ခဲ့တယ်။ အမေ့ရဲ့ အဖေလေ။ သူဆုံးတဲ့နေ့ကို ခုထိ မမေ့သေးဘူး။ ကျင်းကြီးတူးပြီး သူ့အလောင်းကို ထည့်ကြတော့ ငါ့မှာ ငိုလိုက်ရတာ အကြာကြီးပဲ။ အဲဒီနေ့က မိုးတွေကလည်း ရွာလို့။ ငါက ဆယ့်နှစ်နှစ်သားအရွယ်။ အဖေနဲ့ အမေတို့က ငါ့ဘေးမှာ ရပ်ရင်း ငိုနေကြတယ်လေ'

'စိတ်မကောင်းပါဘူးရှင်'

'အိုး··မဟုတ်တာဘဲ။ အဲဒါတွေက ပြီးခဲ့ပါပြီ။ မင်းကို ပြောစရာကျန်သေးတယ်။ ဒီသင်္ချိုင်းမှာမြှုပ်ခဲ့တာ ငါ့



www.burmeseclassic.com

www.burmeseclassic.com

အဘိုးက နောက်ဆုံးပဲ။ သူဆုံးပြီးနောက်ပိုင်းမှာ သင်္ချိုင်းကို ရွာရဲ့တခြားဘက်ကို ရွှေ့ခဲ့ကြတယ်။ ဒီကို ဘယ်သူမှ မလာကြတော့ဘူး။ ဒီမှာ မြှုပ်ခဲ့တဲ့သူတွေကိုလည်း မေ့သွားကုန်ကြပြီ'

'ဒါပေမဲ့ ဦးကတော့ မမေ့သေးဘူး မဟုတ်လား'

'သိပ်မှန်တာပေါ့။ ငါ့အဘိုးကို ဘယ်လိုလုပ်ပြီး မေ့နိုင်မှာလဲ။ သူ့ဆီက ဗူးဒူးပညာအမွေ ရခဲ့တာလေ။ မိုးဝိညာဉ်နဲ့ လေဝိညာဉ်တွေကို ဆက်သွယ်တဲ့ နည်းတွေလည်း သင်ပေးခဲ့တယ်။ မင်း သိမှာပါ။ ဘယ်အရာမှ သေဆုံးသွားတယ်ဆိုတာ မရှိဘူးလေ။ အရာရာတိုင်းမှာ ဝိညာဉ်တွေ ရှိကြတယ်။ သစ်ပင်တိုင်းမှာရှိသလို နေတို့ ပင်လယ်တို့မှာလည်း ရှိကြတာပဲ။ ဗူးဒူးပညာသည် တစ်ယောက်ဟာ အဲဒီဝိညာဉ်တွေနဲ့ ဆက်သွယ်နိုင်တယ်ကွ။ ဟောဒီမီးခိုးရောင်ကမ္ပည်းတိုင်အောက်မှာလည်း ဝိညာဉ်ရှိနေတယ်'

ကီးသည် တစ်နေရာအရောက်တွင် အဘိုးဖြစ်သူ၏ မြေပုံပေါ်ရှိ ကမ္ပည်းတိုင်ကိုပြရင်း ပြောလိုက်သည်။

ကျောက်တိုင်ပေါ်တွင် ရေးထွင်းထားသည့် စာများကို ကာရင်းက ဖြည်းညင်းစွာ ဖတ်လိုက်သည်။

'တင်(မ်)အက်တီ၊ (၁၈၄၅)ခုနှစ်တွင် မွေးဖွား၊ (၁၉၀၆)ခုနှစ်တွင် သေဆုံး'

ကီးသည် ကာရင်းကို ကြည့်ရင်း လေသံအေးအေးဖြင့် ပြောလိုက်သည်။

'အဘိုးဟာ ဟောင်ဂန်တွေ အားလုံးထဲမှာ အထက်မြက်ဆုံးပဲလို့ ပြောကြတယ်။ ပြီးတော့ သူ့ကို အမတ်ကြီး ဆမီးဒီးလို့ ခေါ်ကြတယ်လေ'

'အမတ်ကြီးဆမီးဒီး၊ ဟုတ်လားရှင့်။ အဲဒါ ဦးလေးရဲ့ အဘိုးပေါ့'

ကာရင်းသည် ထိုနာမည်ကို ကြားလိုက်သည်နှင့် ကျောရိုးထဲတွင် စိမ့်သွားရသည်။ အဘိုးအို ကီးကိုလည်း မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်မိလေသည်။

'ဗူးဒူးအကြောင်းကို ငါထင်ထားတာထက် မင်းက ပိုသိနေတာကိုး။ ငါ့ကို မကြောက်ပါနဲ့။ ခေတ်နဲ့အံမဝင်တော့တဲ့ သက်ကျားအိုကြီး ဖြစ်နေပါပြီ'

ကီးနှင့် ကာရင်းတို့သည် တစ်နေရာအရောက်တွင် ထိုင်နားရင်း စကားလက်ဆုံကျခဲ့ကြသည်။ အတန်ကြာလာသောအခါ ကာရင်းသည် နာရီကိုကြည့်ရင်း ပြောလိုက်သည်။

'အချိန်ကလည်း မြန်လိုက်တာ။ လေးနာရီအရောက် ဆေးရုံကို ပြန်ရမှာရှင့်။ ခွင့်ပြုပါဦး။ စကားပြောရတာ အားတောင်မရဘူး'

'ငါ့ကို လာတွေ့တာ ကျေးဇူးတင်တယ်။ မသိသေးတာတွေလည်း သိခဲ့ရတယ်။ ထပ်ဆုံကြသေးတာပေါ့'

'ကျွန်မကလည်း ထပ်တွေ့ပြီး မေးချင်တာလေးတွေ ရှိသေးတယ်။ ဝှတ်ကိုင်'

ကီးသည် တောင်ကုန်းအောက်သို့ တဖြည်းဖြည်း ဆင်းသွားသော ကာရင်းကိုကြည့်ရင်း ကျေနပ်စွာပြုံးလိုက်သည်။ ထို့နောက် သူ၏အိမ်ဘက်သို့ လှည့်ပြန်ခဲ့သည်။ သင်္ချိုင်းအလယ်သို့အရောက်တွင် လူငယ်နှစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ ၎င်းတို့သည် စာရွက်အချို့ကိုင်ကာ ကမ္ပည်းကျောက်တိုင်များကို လိုက်လံတိုက်ဆိုင်စစ်ဆေးနေကြသည်။ ကီးသည် ၎င်းတို့အနီးသို့ လျှောက်သွားကာ နှုတ်ဆက်လိုက်သည်။

'ကောင်းသောနေ့လယ်ခင်းပါ'

'သြော်..ဟုတ်ကဲ့၊ ကောင်းသောနေ့ခင်းပါဗျ'

'မင်းတို့ ဘာလုပ်နေကြတာလဲကွ'

'ကျွန်တော်တို့က ကွန်းဝေးဆောက်လုပ်ရေးကပါ။ ဒီမှာ ဆိုင်ခန်းတွေဆောက်ဖို့ လိုက်ကြည့်နေကြတာ'

လူငယ်တစ်ယောက်က ရှင်းပြလိုက်သည်။ ကျန်တစ်ယောက်က ထပ်ဖြည့်ပြောလိုက်သည်။

'ဟိုတယ်ကြီးတစ်လုံးလည်း ပါတယ်ဗျ'

ကီးက အံ့သြသွားဟန်ဖြင့် ပြန်ပြောလိုက်သည်။

'ဘာရယ်ကွ၊ ဒီမှာတော့ မလုပ်သင့်ဘူးထင်တယ်။ ဒါ သင်္ချိုင်းမြေလေ။ အိမ်တွေ၊ ဆိုင်တွေ ဘယ်လိုလုပ် ဆောက်ကြမှာလဲ။ ပြီးတော့ ဒါက သိပ်အရေးကြီးတဲ့ နေရာပဲကွ'

လူငယ်တစ်ယောက်က ရယ်ကြဲကြဲဖြင့် ပြန်ပြောလာသည်။

'သိပ်လည်းအယူမသီးပါနဲ့ ဦးလေးကြီးရာ။ ဒါက ဆွေးမြည့်နေတဲ့ သင်္ချိုင်းအိုကြီးပါ။ ဘယ်သူမှလည်း မလာကြတော့ဘူး။ လွန်ခဲ့တဲ့နှစ်တစ်ရာကျော်က သေခဲ့တဲ့သူတွေ မြှုပ်ထားတာပါ'



www.burmeseclassic.com

www.burmeseclassic.com

ကီးက ဒေါသတကြီး ပြန်ပြောလိုက်သည်။

'မင်းတို့ ငါ့ကို ဒီလိုပုံမျိုး မဆက်ဆံကြနဲ့။ ငါ့အဘိုးကို ဒီမှာမြှုပ်ထားတာကွ။ ဒီမြေပေါ်မှာ ဘာမှဆောက်ခွင့်မရှိဘူး'

ခေါင်းဆောင်ဖြစ်ပုံရသည့် လူငယ်က ပြန်ရှင်းပြလာသည်။

'ဒါ မစ္စတာကွန်းဝေးရဲ့မြေ ဖြစ်သွားပြီဗျ။ လွန်ခဲ့တဲ့ ရက်ပိုင်းကပဲ ဝယ်လိုက်တာ။ အခုဈေးဆိုင်တွေ ဆောက်မယ်ဆိုလို့ ကျွန်တော်တို့က ဝိုင်းကူကြတာပါ'

'နီး··နီး··ဒါ နည်းလမ်းမမှန်သေးဘူး'

'အဲဒါတော့ မပြောတတ်ဘူး။ နောက်အပတ်ထဲမှာ လုပ်ငန်းတွေ စကြတော့မှာဗျ။ ဦးလေးဆန္ဒရှိရင် မစ္စတာကွန်းဝေးနဲ့ သွားတွေ့လိုက်ပါလား။ ရင်ဖွင့်ပြနိုင်တာပေါ့။ သူကလည်း ပြန်ရှင်းပြမှာပါ'

'သူက ဘယ်မှာနေတာလဲကွ'

လူငယ်သည် အိတ်အတွင်းရှိ ကုမ္ပဏီလိပ်စာကတ်ပြားကလေးအား ထုတ်ယူပေးလိုက်သည်။ ကီးက လှမ်းယူပြီး ပြောလိုက်သည်။

'မင်းတို့ ဘာမှမလုပ်ကြနဲ့ဦး။ ငါ ကွန်းဝေးကို အရင်သွားတွေ့လိုက်မယ်။ ဒီမှာ ဆိုင်ခန်းတွေမဆောက်ဖို့ သူ့ကို တားရလိမ့်မယ်'

လူငယ်များက လှောင်ပြုံး,ပြုံးရင်း ပြန်ပြောလိုက်သည်။

'အိုကေ၊ ကျွန်တော်တို့ စောင့်နေပါ့မယ်'

◆ ◆ ◆

နောက်တစ်ရက် နေ့လယ်ပိုင်းအချိန်။

ကွန်းဝေးဆောက်လုပ်ရေးကုမ္ပဏီရုံးခန်းရှေ့သို့ တက္ကစီတစ်စီး ရပ်လာသည်။ ကားပေါ်မှ ဆင်းလာသူကတော့ ကီး။ သူသည် ကားခရှင်းပေးပြီးနောက် ရုံးခန်းကြီးအတွင်းသို့ ဝင်သွားခဲ့သည်။ မစ္စတာကွန်းဝေး၏ အတွင်းရေးမှူး မေရီက လှမ်းမေးလိုက်သည်။

'ကောင်းသောနေ့လယ်ခင်းပါ။ ဘာကူညီပေးရမလဲရှင့်'

'အေး··မစ္စတာကွန်းဝေးနဲ့ တွေ့ချင်လို့ကွ'

'လူကြီးမင်း နာမည်က'

'ကီးပါ'

'ကျေးဇူးပြုပြီး ထိုင်ပါဦးရှင့်'

မေရီသည် စကားဆုံးသည်နှင့် တယ်လီဖုန်းကို ကောက်ကိုင်ကာ ပြောလိုက်သည်။

'ဧည့်သည်တစ်ယောက်က ဘော့(စ်)နဲ့ တွေ့ခွင့်တောင်းနေတယ်ရှင့်။ ဟုတ်ကဲ့၊ ကီး··မစ္စတာကီးပါ။ ကျွန်မလည်း မသိဘူးရှင့်။ အသက်တော့ ကြီးပြီ'

မေရီသည် ဖုန်းကိုပြန်ချရင်း ကီးကို လှမ်းပြောလိုက်သည်။

'ဝင်တွေ့နိုင်ပါပြီရှင့်'

ကီးသည် ထိုင်ရာကထကာ မေရီ၏ စားပွဲဘေးရှိ တံခါးအား အသာတွန်းဖွင့်၍ ဝင်သွားသည်။ မစ္စတာကွန်းဝေးက ပြုံးပြရင်း ပြောလိုက်သည်။

'ကောင်းသောနေ့ခင်းပါ။ ကျွန်တော့်နာမည်က ကွန်းဝေးပါ။ ကျေးဇူးပြုပြီး ထိုင်ပါဦး။ ဘာများကူညီပေးရမလဲ'

ကီးသည် ခဏတဖြုတ် အံ့သြသွားပြီးမှ ပြန်ပြောလိုက်သည်။

'သြော်··မစ္စတာကွန်းဝေး၊ ကျုပ်နာမည်က ကီးပါ။ ဘတ်စီရွာမှာ နေပါတယ်'

'အို··ဟုတ်လား၊ ဘတ်စီရွာကို ကောင်းကောင်းသိတာပေါ့။ နေရာကောင်းတစ်ခုပဲ။ အဲဒီမှာ ကျွန်တော်တို့ မြို့သစ်တည်နေတယ်လေ'

'ကျုပ်သိပါတယ်။ ဆိုင်ခန်းတွေနဲ့ ဟိုတယ်တစ်လုံးလည်းပါတယ်လေ။ ဒါပေမဲ့ သင်္ချိုင်းမြေပေါ်မှာတော့ မလုပ်သင့်ဘူးထင်တယ်။ အဲဒီနေရာက သာမန်မြေမဟုတ်ဘူးဗျ'

ကီးသည် ကြောင်တိကြောင်တောင် ဖြစ်သွားသော ကွန်းဝေးကို စိုက်ကြည့်လျက် စကားဆက်လိုက်သည်။

'ကျုပ်က ဟောင်ဂန်တစ်ယောက်ပါ။ ဗူးဒူးအတတ်လည်း ကျွမ်းတယ်။ ခင်ဗျား အမေရိကားက လာမှန်းသိတယ်။ အမေရိကန်တွေဟာ အဲဒီပညာမျိုးတွေကို မယုံကြည်ကြဘူး။ ဒါပေမဲ့ ခင်ဗျားနားမလည်နိုင်တဲ့နည်းတွေနဲ့ ကျုပ်လုပ်နိုင်တာတွေရှိတယ်။ ပြီးတော့ ခင်ဗျားဘက်ကသာ အဆင်ပြေရင် ကူညီဖို့အသင့်ပဲ'

ကွန်းဝေးသည် လှောင်ပြုံး,ပြုံးရင်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com



'ကီးရဲ့စေတနာကို လေးစားပါတယ်။ ဒါပေမဲ့ အဲဒီ ဗူးဒူးပညာက ကျွန်တော်လိုချင်တာတွေကို တကယ်ပေး နိုင်ပါ့မလားဗျ'

'ဘာတွေများ လိုချင်တာလဲ'

'အများကြီးပေါ့ဗျာ'

'ပြောကြည့်လိုက်ပါဦး'

'အခန်းတွေ အများကြီးပါတဲ့ တိုက်ကြီးနဲ့ နေချင် တယ်ဗျာ'

'ဒါက သိပ်မခဲယဉ်းပါဘူး'

'အို··ဟုတ်လား။ အဲဒါတင်မကသေးဘူးဗျ။ ကျွန် တော်က အိမ်မှာ ဗာဟီရတွေ မလုပ်ချင်ဘူး။ ဒါကြောင့် သန့်ရှင်းရေးလုပ်ပေးမယ့်သူတွေ၊ ချက်ပြုတ်ကျွေးမွေးတဲ့ သူတွေလည်း လိုချင်တယ်။ ဘဏ်မှာလည်း ငွေတွေအပ် ထားချင်သေးတယ်။ ဘာမှမလုပ်ရဘဲ အဲဒီလိုငြိမ့်နေချင် တာဗျ။ ဘယ့်နှယ်လဲ'

'ကောင်းပြီလေ။ အဲဒါတွေ အကုန်လုံးရရစေမယ်'

ကွန်းဝေးက လှောင်ရယ်ရယ်ပြီး ပြန်ပြောလိုက် သည်။

'ဟင်း··ဟင်း··ခင်ဗျားက တကယ်ရက်ရောတာပဲ။ ကဲ··အလုပ်ကလေးတွေ ဆက်လုပ်လိုက်ဦးမယ်'

တစ်ဖက်လူည့် နှင်နေသည့်တိုင် ကီးသည် ထိုင်ရာ က မထဘဲ ပြုံးရင်း ပြောလိုက်သည်။

'ခင်ဗျားက မယုံသေးဘဲကိုး။ ကျုပ်ကိုလည်း အိမ် ခန်းနဲ့ ဆိုင်ခန်းသစ်တွေကို မမြင်ချင်တဲ့ သက်ကျားအိုကြီး လို့ ထင်နေပုံရတယ်။ ရက်ပိုင်းလောက်ပဲ စောင့်ကြည့် လိုက်စမ်းပါ။ ခင်ဗျားဆန္ဒတွေ အကုန်ပြည့်သွားအောင် ကျုပ်လုပ်ပေးမှာပါ။ ဒါပေမဲ့ သချိုင်းမြေပေါ်မှာတော့ အိမ်တွေ၊ ဆိုင်ခန်းတွေ လုံးဝမဆောက်ရဘူး။ ဟုတ်ပြီ နော်'

ကွန်းဝေးသည် စိတ်မရှည်တော့ဘဲ ဒေါသသံဖြင့် ပြန်ပြောလိုက်သည်။

'ကောင်းပြီ၊ ကောင်းပြီ။ အဲဒီနေရာမှာ ဘာမှ မဆောက်တော့ဘူး။ ကျွန်တော်လိုချင်တာ အကုန်ရအောင် လုပ်ပေးရမယ်နော်။ ကျေးဇူးကုဋေကုဋာပါပဲ။ လောလော ဆယ်တော့ ပြန်ကြွပါဦး။ လုပ်စရာတွေ တစ်ပုံကြီးရှိလို့ပါ'

ကီးသည် ထိုင်ရာကထရင်း ပြောလိုက်သည်။

'ဝွတ်ဘိုင်၊ ခုလို စကားပြောခွင့်ပေးတာ ကျေးဇူးပဲ။ ဒါပေမဲ့ ကျုပ်ပြောတာကို မမေ့ပါနဲ့။ မစ္စတာကွန်းဝေး·· ခင်ဗျားရဲ့ စကားလည်း တည်ပါစေ။ မဟုတ်ရင်တော့ ကံဆိုးမိုးမှောင်ကျလိမ့်မယ်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်တော်သဘောပေါက်ပါ တယ်။ ကဲ··မြန်မြန်ကြွပါတော့'

အခန်းတွင်းက ထွက်သွားသည့် ကီး၏ကျောပြင်ကို ကြည့်ပြီး ကွန်းဝေးသည် လေယာဉ်ပေါ်က စာအုပ်ထဲတွင် တွေ့ခဲ့သော မျက်နှာကြီးကို သတိရလိုက်မိသည်။ တစ် ကိုယ်လုံးလည်း အေးစက်တောင့်တင်းသွားသည်။ ထို့ နောက် တယ်လီဖုန်းအား ကောက်မ,ကာ မေရီကို ကြိမ်း မောင်းတော့သည်။

'မေရီ··အဲဒီလူကို ငါ့ဆီ ဘာလို့လွှတ်လိုက်တာလဲ။ အရူးကြီးကွ။ ဗူးဒူးအကြောင်းတွေ ပြောလိုပြော၊ ငွေတွေ အများကြီးရအောင်လည်း လုပ်ပေးမယ်တဲ့။ သူ့ကို နောက် မမြင်ချင်ဘူး။ သဘောပေါက်တယ်နော်။ နောက်တစ်ခါ အမှားထပ်လုပ်ရင်တော့ အလုပ်ပြုတ်ပြီသာမှတ်'

'ကျွန်မ တောင်းပန်ပါတယ်ရှင်'

'ကောင်းပြီ၊ အခု ငါ့ကို ပီးယားနဲ့ ဟင်နရီတို့ဆီ ဖုန်းဆက်ပေး'

ကွန်းဝေးသည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တစ်ယောက်တည်းပြောရင်း ရယ်မောလိုက်လေသည်။

'ရှာသား ငမွဲကြီးကများ ငါလိုချင်တာ အကုန်လုပ်ပေးမတဲ့။ ဟား..ဟား..ဟား'

ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ကောက်ကိုင်ပြီး အော်ပြောလိုက်ပြန်သည်။

'ဒီမှာ ပီးယားနဲ့ ဟင်နရီ၊ သေချာနားထောင်ကြ။ ခုနက ငါ့ဆီကို အဘိုးကြီးတစ်ယောက် လာသွားတယ်ကွ။ သင်္ချိုင်းမြေပေါ်မှာ ဘာမှမဆောက်ဖို့ လာကန့်ကွက်တာ။ ငါတို့လုပ်ငန်းကို တစ်နည်းနည်းနဲ့ တားလိမ့်မယ်။ ရဲကို သွားတိုင်မလား မသိဘူး။ သူ့မှာ ပေါက်ရောက်တဲ့ အပေါင်းအသင်းတွေလည်း ရှိနိုင်တယ်။ ဒီတော့ တို့လုပ်ငန်းကို ဒီနေ့ပဲ စကြပေတော့။ ရှိသမျှ ကမ္ဗည်းကျောက်တိုင်တွေ အားလုံးဖြိုပစ်။ သစ်ပင်တွေလည်း တစ်ပင်မကျန် ခုတ်ပစ်။ မြန်မြန်လုပ်ကြတော့။ သဘောပေါက်တယ်နော်'

ကွန်းဝေးသည် တယ်လီဖုန်းကိုချလိုက်ပြီး တစ်ကိုယ်တည်း ရေရွတ်လိုက်လေသည်။

'ဟိုအဘိုးကြီးကတော့ ကျွဲမြီးတိုနေတော့မှာပဲ။ အရေးစိုက်စရာ မလိုပါဘူး။ ဒီစီမံကိန်းအောင်မြင်မှ ငါ မီလျံနာကြီးဖြစ်မှာ'

◆◆◆

ကီးတစ်ယောက် သင်္ချိုင်းဟောင်းဘက်သို့ မရောက်သည်မှာ အတော်ကြာလေပြီ။

သူသည် ကွန်းဝေးနှင့် သွားတွေ့ခဲ့သည်ကို ကျေနပ်အားရနေမိသည်။ ကွန်းဝေးကိုလည်း လူကောင်းတစ်ယောက်ဟု မြင်ခဲ့သည်။ သင်္ချိုင်းမြေပေါ်က စီမံကိန်းကိုလည်း ရပ်တန့်လိမ့်မယ်ဟု တွေးထင်ထားသည်။

သင်္ချိုင်းဟောင်းရှိ ဝိညာဉ်အပေါင်းကလည်း ကွန်းဝေးကို ကူညီကြလိမ့်မည်။ ၄င်း၏ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးကြလိမ့်မည်။ လေမင်းဝိညာဉ်က ကွန်းဝေး၏ ကံဇာတာကို တက်စေမည်။ မိုးမင်းဝိညာဉ်ကလည်း သာယာချမ်းမြေ့သည့်ဘဝကို ရောက်စေလိမ့်မည်ဟုလည်း ယုံကြည်နေမိလေသည်။

တစ်ခုသော နေ့လယ်ခင်းတွင် ဖြစ်သည်။ ကီးသည် သင်္ချိုင်းဟောင်းဘက်သို့ ခြေဦးလှည့်ခဲ့မိသည်။ တောင်ကုန်းပေါ်သို့ ရောက်သည်နှင့် သူ၏မျက်လုံးများ ပြူးသွားရတော့သည်။ သစ်ပင်တစ်ပင်မျှ မရှိတော့။ ကမ္ဗည်းတိုင်များ၏ အစအနပင် မကျန်တော့။ မြေပုံများကိုလည်း မမြင်ရတော့။ သင်္ချိုင်းတစ်ခုလုံး ပြောင်တလင်းခါနေသည်ကို တွေ့လိုက်ရလေသည်။

ကွန်းဝေးဆောက်လုပ်ရေးကုမ္ပဏီ ဝန်ထမ်းများကတော့ ပျားပန်းခပ်လှုပ်ရှားလျက်ရှိကြသည်။ ဆိုင်ခန်းများကို စတင်ဆောက်နေကြခြင်းဖြစ်သည်။ ကီး၏ ဒေါသလှိုင်းက ငယ်ထိပ်တိုင်အောင် တက်လာခဲ့သည်။ အသားများ တဆတ်ဆတ်တုန်လာသည်။ သူသည် အလုပ်သမားများအနီးသို့ ပြေးသွားကာ အော်ပြောလိုက်တော့သည်။

'ဘာတွေဖြစ်ကုန်ပြီလဲကွ။ ဒီသင်္ချိုင်းပေါ်မှာ ဘာလို့ လာဆောက်နေကြရတာလဲ'

အလုပ်သမားများက ကီးကိုကြည့်၍ ဝိုင်းလှောင်ရယ်မောကြသည်။ တစ်ယောက်က မောက်မာစွာ လှမ်းပြောလာလေသည်။

'သွားစမ်းပါ အဘိုးကြီးရာ။ ဒီနေရာက သင်္ချိုင်းမဟုတ်တော့ဘူးဗျ။ ကျုပ်တို့က မြို့သစ်အတွက် ဈေးဆိုင်တွေ ဆောက်နေကြတာ။ ကိုယ့်ရွာကိုယ်ပြန်ပြီး အေးအေးဆေးဆေး နေစမ်းပါဗျာ'

◆◆◆

ထိုနေ့ ညတွင်ဖြစ်သည်။

တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကီးတစ်ယောက်သာ အိမ်အပြင်ထွက်၍ လှုပ်ရှားလျက်ရှိသည်။ သူသည် ခြံဝိုင်းအတွင်း သင့်လျော်မည့်နေရာကို တွက်ချက်ရွေးချယ်လိုက်သည်။ ထို့နောက် မီးပုံကလေးတစ်ပုံ ဖိုလိုက်သည်။ အရှိန်ရလာသော လိမ္မော်ရောင်မီးတောက်များကြောင့် ပုံသဏ္ဌာန်မျိုးစုံရှိသော အရိပ်မည်းကြီးများက ဝိညာဉ်များ ယိမ်းကနေကြသယောင် လှုပ်ယမ်းနေကြလေသည်။

ကီးသည် တုတ်တစ်ချောင်းဖြင့် မီးပုံပတ်လည်တွင် စက်ဝိုင်းတစ်ခု ခြစ်ဆွဲလိုက်သည်။ ထို့နောက် စက်ဝိုင်းအတိုင်း မီးပုံကို အကြိမ်ကြိမ်လှည့်ပတ်ရင်း ထူးဆန်းသောမန္တန်ကို ရွတ်ဆိုတော့သည်။ မကြာမီတွင်ပင် ည[illegible] မည်းမည်း အဝေးတစ်နေရာက ခွေးအူသံများ ဆ[illegible]တိုက် ထွက်ပေါ်လာလေသည်။ ကီးသည် မန္တန်ကို [illegible]

www.burmeseclassic.com

ခပ်တိုးတိုး ရေရွတ်လိုက်သည်။

'လေနတ်မင်းနဲ့ မိုးနတ်မင်းဝိညာဉ်တို့ကို တိုင်တည်ပါတယ်။ ကျွန်ုပ်ကို ကူညီစောင်မ,ပေးကြပါ။ သူ့နာမည်က ကွန်းဝေးလို့ ခေါ်ပါတယ်။ သူဟာ ပေးခဲ့တဲ့ကတိကို *ဖျက်ပြီး အခု သချိုင်းမြေပေါ်မှာ အိမ်တွေ ဆောက်နေပါပြီ။* လွန်ခဲ့တဲ့ရက်ပိုင်းက သူနဲ့သွားတွေ့ပြီး လိုချင်သမျှ ဖြည့်ဆည်းပေးပါ့မယ်လို့ ပြောခဲ့မိပါတယ်။

ဒါကြောင့် သင်တို့ရဲ့ အကူအညီ လိုအပ်နေပါပြီ။ ကျွန်ုပ်ဟာ ပြောတဲ့အတိုင်း လုပ်တတ်သူပါ။ သူလိုချင်သမျှကို မပေးချင်ဘဲနဲ့ ပေးရတော့မှာပါ။ ဒါဟာ ဟောင်ဂန်ဥပဒေသပါပဲ။ အဲဒီလိုလူကို ကြမ္မာဆိုးတွေနဲ့ ဒဏ်ခတ်ရတော့မှာပါ။ ကျွန်ုပ်ကို ကူညီစောင်မ,ကြပါ။ ကူညီပေးကြပါတော့'

**ကီးသည် တိုင်တည်ပြီးသည်နှင့် မန္တန်တစ်ခုကို မျက်စိမှိတ်လျက် ရေရွတ်နေတော့သည်။ မကြာမီတွင်ပင် လေအေးများ စတင်တိုက်ခတ်လာလေသည်။ ရွာတွင်းတစ်လျှောက် ဖြတ်သန်းတိုက်ခတ်သွားသဖြင့် ရှိသမျှ သစ်ပင်များ ယိမ်းထိုးလှုပ်ရှားကုန်ကြသည်။ မိုးကောင်းကင်တွင်လည်း မိုးတိမ်များ ရုတ်ခြည်းဖြစ်ပေါ်လာကာ အခါမဲ့မိုးရွာချလာတော့သည်။ လေနှင့်မိုးများသည် ဘတ်စီရွာဘက်မှနေ၍ ပို့(တ်)အောပရင့်(စ်)ဆီသို့ အလုံးအရင်းဖြင့် ဦးတည်ရွေ့လျားသွားလေတော့သည်။**

◆ ◆ ◆

**ဂျိမ်း(စ်)ကွန်းဝေးသည် အိပ်ရာဝင်ရန် ပြင်လျက်ရှိသည်။**

**ထိုအခိုက်တွင်ပင် လေများ ရုတ်တရက် စတင်တိုက်ခတ်လာခဲ့သည်။ သူသည် ချမ်းစိမ့်စိမ့်ဖြစ်လာကာ ကြောက်စိတ်များလည်း ဝင်လာသည်။ သို့ဖြင့် ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်မိလိုက်သည်။ မိုးတိမ်များ ဖုံးလွှမ်းနေသဖြင့် တစ်လောကလုံး မှောင်မည်းလျက်ရှိလေသည်။**

**သူသည် စားပွဲတင်နာရီအား ခုတင်ဘေးရှိ စားပွဲပေါ်သို့ တင်လိုက်သည်။ နံနက်ခုနစ်နာရီတွင် အိပ်ရာထရန် နှိုးစက်ပေးပြီးသား ဖြစ်သည်။ ထို့နောက် အခန်းမီးကို ပိတ်လိုက်သည်။ ခုတင်ပေါ်သို့ တက်ခါနီးတွင် လေသံ မိုးသံများကို ကျယ်လောင်စွာ ကြားလိုက်ရပြန်သည်။ အတွေးအာရုံထဲတွင်လည်း အဘိုးအိုကီး၏မျက်နှာက ရုတ်**တရက် ပေါ်လာလေသည်။

ကွန်းဝေးအတွက် အိပ်မပျော်သော ညတစ်ညပင်ဖြစ်သည်။ တုန်လှုပ်ချောက်ချားဖွယ် အိပ်မက်ဆိုးများဖြင့် တစ်ညလုံး ရင်ဆိုင်ခဲ့ရသည်။ အိပ်မက်ထဲတွင် သချိုင်း*ဟောင်းထဲရှိ ကီး၏အဘိုးနှင့် အခြားဝိညာဉ်များက သူ့*နောက်သို့ ဝိုင်းအုံလိုက်လာကြသည်။ ၎င်းတို့၏ မျက်နှာကြီးများက သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်လျက်ကြောက်မက်ဖွယ်ပုံစံမျိုးနှင့် ဖြစ်သည်။ အချို့ကလည်း လက်အေးကြီးများဖြင့် သူ့အား ဝိုင်းဆွဲကြသည်။ သစ်ပင်မည်းမည်းကြီးများနောက်က ထွက်ပေါ်လာသော မရဏတေးသွားကို ကြားနေရသည်။ သူ၏အမည်ကို အော်ဟစ်ခေါ်နေကြသံများကလည်း ပွက်လောညံလျက် ရှိလေသည်။

'ကလင်..ကလင်..ကလင်'

နာရီနှိုးစက်မြည်သံ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။ နံနက်ခုနစ်နာရီ ထိုးလေပြီ။ ကွန်းဝေးသည် နာရီကို လှမ်းကြည့်ပြီး အိပ်ရာက ထလိုက်သည်။ တစ်ညလုံးကောင်းစွာအိပ်မရခဲ့သဖြင့် နွမ်းနယ်လျက်ရှိသည်။ သို့ဖြင့် သွားတိုက်ပြီးနောက် ရေအေးအေးဖြင့် မျက်နှာသစ်လိုက်သည်။ ထိုအခါမှ ပြန်လည်လန်းဆန်းလာခဲ့သည်။ အိပ်မက်ဆိုးနှင့် သချိုင်းဟောင်း အကြောင်းများကိုလည်း ခေတ္တမေ့သွားလေသည်။

ကွန်းဝေးသည် အဝတ်အစားလဲကာ နံနက်စာစောစောစားလိုက်သည်။ စားသောက်ရင်း သူ့အတွက် ရောက်နေသည့်စာများကို ဖောက်ဖတ်ခဲ့သည်။ နံနက်ရှစ်နာရီတွင် ကားပေါ်သို့တက်ကာ ရုံးဘက်သို့ ထွက်ခဲ့လေသည်။ မေရီ မရောက်သေးသဖြင့် ရုံးခန်းတံခါးများအား ကိုယ်တိုင်ဖွင့်ဝင်ခဲ့ရသည်။ ကော်ဖီတစ်ခွက်ကိုလည်း ကိုယ်တိုင်ဖျော်ကာ ရုံးခန်းအတွင်း ဝင်ထိုင်လိုက်သည်။

'ကလင်..ကလင်..ကလင်'

**နှိုး**စက်မြည်သံကြောင့် ကွန်းဝေး လန့်နိုးသွားရသည်။ **သူသည် ယခုတိုင် အိပ်ရာထဲတွင်ပင် ရှိနေသေးကြောင်းတွေ့ရသည်။ ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း အတွေးများ ပွားလိုက်မိလေသည်။**

**'ဘာတွေဖြစ်နေတာပါလိမ့်။ ငါ ဘယ်ကိုရောက်နေတာလဲ'**



www.burmeseclassic.com

www.burmeseclassic.com

သူသည် စားပွဲတင်နာရီအား ဆွဲယူကြည့်လိုက်သည်။ နံနက်ခုနစ်နာရီတိတိ။

'အင်း..ငါ အိပ်မက်ထပ်မက်ခဲ့တာပါလား။ အိပ်ရာက ထပြီး ရုံးကိုသွားခဲ့တယ်။ ဒါပေမဲ့ အဲဒါက တကယ် မဟုတ်ဘဲ အိပ်မက်ပဲကိုး။ လူက အိမ်မှာပဲ ရှိသေးတာ။ ထူးဆန်းလှချည်လား။ ငါ့ကိုယ်ငါ ရုံးကို ရောက်နေပြီလို့ ထင်နေတာ'

သို့ဖြင့် ကွန်းဝေးသည် လူးလဲထပြီး အဝတ်အစားလဲကာ ရုံးသို့ထွက်ခဲ့သည်။ ရုံးခန်းအတွင်း ဝင်သွားသောအခါ သူ့မစားပွဲတွင် ထိုင်နေသည့် မေရီကို အသင့်တွေ့လိုက်ရသဖြင့် နှုတ်ဆက်လိုက်သည်။

'ကောင်းသောနံနက်ခင်းပါ မေရီရေ'

'ကောင်းသောနံနက်ပါ မစ္စတာကွန်းဝေး၊ နေကောင်းရဲ့နော်'

'ဒေါင်ဒေါင်မြည်ပါပဲ။ ဒါပေမဲ့ မနေ့ညက အိပ်မက်ဆန်းတွေ မက်ခဲ့တယ်ကွ။ အိပ်ရာက ထပြီး ရုံးကို လာခဲ့တာ။ တကယ်တမ်းနိုးလာတော့ အိမ်မှာပဲ ရှိနေသေးတာတွေ့ရတယ်'

'ဟုတ်လားရှင့်။ အခု ရုံးကို ရောက်နေပြီလေ။ ဒီတစ်ခါတော့ အိပ်မက်မဟုတ်တော့ပါဘူး'

ကွန်းဝေးသည် သူ၏ ရုံးခန်းအတွင်းသို့ဝင်၍ စားပွဲတွင်ထိုင်ကာ အစီရင်ခံစာများကို လှမ်းယူလိုက်သည်။ ထိုစဉ် တံခါးခေါက်သံ ပေါ်လာသဖြင့် လှမ်းပြောလိုက်သည်။

'ဝင်လာခဲ့လေ'

ရုံးခန်းတံခါးကို တွန်းဖွင့်ကာ အဘိုးအိုတစ်ဦး ဝင်လာခဲ့သည်။ ၎င်းသည် ကွန်းဝေးကိုကြည့်ကာ ရယ်မောရင်း ပြောလိုက်သည်။

'ဟား..ဟား..ဟား..ဟဲလို ကွန်းဝေး၊ ငါ့ကို သိလားကွ'

ကွန်းဝေးသည် အဘိုးအိုကြည့်လျက် ရင်များခုန်လာခဲ့သည်။ ထိုမျက်နှာကိုတော့ မျက်မှန်းတန်းနေမိသည်။ ဘယ်မှာတွေ့ခဲ့ဖူးပါလိမ့်။ အိပ်မက်ထဲမှာများလား။ ကာရင်းဂျက်ဆင်ရဲ့ စာအုပ်ထဲမှာ တွေ့ခဲ့တဲ့မျက်နှာ ဖြစ်နေမလား။ သူသည် တုန်လှုပ်စွာဖြင့် အတွေးပွားနေစဉ် အဘိုးအိုက ပြောလာခဲ့သည်။

'ငါက ကီးရဲ့ အဘိုးပဲကွ'

အဘိုးအိုသည် စကားဆုံးလျှင် ရယ်မောရင်း ကြောက်မက်ဖွယ် အသံကြီးဖြင့် အော်ဟစ်လိုက်လေသည်။

'ဂရင်..ဂရင်..ဂရင်'

ရုတ်တရက် တယ်လီဖုန်းသံ မြည်လာခဲ့သည်။ ကွန်းဝေး လန့်နိုးသွားရပြန်သည်။ အခန်းတွင်းသို့ လှည့်ပတ်ကြည့်လိုက်မိသည်။ သူသည် အိပ်ရာထဲတွင်ပင် ရှိနေပေသေးသည်။ စားပွဲတင်နာရီကို မှုံ့မှုံ့မရဲလှမ်းကြည့်လိုက်သည်။ နံနက်ခုနစ်နာရီတိတိ။

'ခုထိ အိပ်မက်,မက်နေတုန်းပါလား။ ဘာတွေဖြစ်ကုန်ပြီလဲ။ ငါ အိပ်ပျော်နေတာလား၊ နိုးနေတာလား'

ကွန်းဝေးတစ်ယောက် လွန်စွာတုန်လှုပ်နေလေပြီ။ ကတုန်ကယင်ဖြင့်ထကာ ရေချိုးခန်းအတွင်းဝင်၍ မျက်နှာသစ်လိုက်သည်။ ထို့နောက် မှန်အတွင်းသို့ ကြည့်ကာ အလန့်တကြား အော်လိုက်မိလေသည်။ မှန်ထဲတွင် လူသေဦးခေါင်းပိုင်းကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ထိုဦးခေါင်းကြီးတွင် မျက်လုံးနှင့် နှာခေါင်းများမပါဘဲ ဟောင်းလောင်းပေါက်ကြီးများ ဖြစ်နေကြသည်။ ရှည်လျားသော မြွေနီကလေးတစ်ကောင်သည် မျက်လုံးပေါက်နှင့် နှာခေါင်းပေါက်များအတွင်း ဖြည်းညင်းစွာ ဝင်လိုက်ထွက်လိုက် လုပ်နေခဲ့သည်။ မြွေကလေး၏ အေးစက်မာကျောသော မျက်ဝန်းအစုံကလည်း ကွန်းဝေးကို မမှိတ်မသုန် စိုက်ကြည့်လျက်ရှိလေသည်။

ရုတ်တရက် မြွေကလေးသည် လူသေဦးခေါင်း၏ ပါးစပ်ပေါက်အတွင်းမှ လျှောထွက်ကာ လည်ပင်းတွင် အထပ်ထပ် ရစ်ပတ်လိုက်သည်။ ထိုသို့ရစ်ပတ်ပြီးသွားသည်နှင့် လူသေဦးခေါင်းကြီးသည် သက်ဝင်လှုပ်ရှားလာတော့သည်။ ပါးစပ်ပေါက်ကြီးထဲတွင် ဖြူဖွေးသောသွားများ ပေါ်လာသည်။ မျက်လုံးပေါက်ကြီးများအတွင်းက မီးတောက်များ လျှံထွက်လာသည်။ ထို့နောက် နှလုံးတုန်ဖွယ်ရာ အသံနက်ကြီးဖြင့် ရယ်မောလိုက်လေသည်။

ထိုမျက်နှာကြီးပိုင်ရှင်သည် ကီး၏အဘိုးဖြစ်ကြောင်း ကွန်းဝေး သတိရလိုက်သည်။ ကြောက်ရွံ့ဖွယ် ဗူးဒူး ဟောင်ဂန်ဘေးရွှန်ဆမီးဒီးသည် သူ့ကိုစိုက်ကြည့်ရင်း ရယ်မောလျက် ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကလင်··ကလင်··ကလင်'

နှိုးစက်အချက်ပေးသံ ရုတ်တရက် ထွက်လာခဲ့ပြန်သည်။ ကွန်းဝေးသည် အိပ်ရာထဲတွင်ပင်ရှိနေသည်။ မျက်လုံးများပြူးလျက် စားပွဲတင်နာရီကို လှမ်းကြည့်လိုက်ရာ နံနက်ခုနစ်နာရီတိတိဖြစ်ကြောင်း တွေ့ရသည်။ ကွန်းဝေးတစ်ယောက် နှလုံးသွေးပျက်ကာ အသံကုန် အော်ဟစ်လိုက်မိလေတော့သည်။

◆◆◆

ရက်သတ္တပတ် အနည်းငယ်အကြာတွင် ဖြစ်သည်။

ကီးသည် အိမ်အပြင်ဘက် ခြံဝိုင်းအတွင်း ကြက်များကို အစာကျွေးနေခဲ့သည်။ တစ်ရွာလုံးလည်း တိတ်ဆိတ်လျက်ရှိသည်။ ကုန်တင်ကားများကိုလည်း မမြင်ရတော့။

ထိုစဉ်တွင် သူ၏ခြံဝိုင်းရှေ့၌ ကားတစ်စီး ရပ်လာခဲ့သည်။ လှမ်းကြည့်လိုက်ရာ ကားပေါ်မှ ကာရင်းဂျက်ဆင်ဆင်းလာသည်ကို တွေ့လိုက်ရသည်။ ကီးသည် ခြံတံခါးအနီးသို့ လျှောက်သွားရင်း လှမ်းပြောလိုက်သည်။



'ကာရင်း··ဝင်ခဲ့လေ၊ ခုလိုထပ်ဆုံရတာ ဝမ်းသာတယ်ဟေ့'

နှစ်ယောက်သား ကီး၏အိမ်ကလေးအတွင်းသို့ ဝင်ခဲ့ကြသည်။ ဧည့်ခန်းတွင် ထိုင်ရင်း ကီးက စတင်မေးလိုက်သည်။

'ပြဿနာတစ်ခုခု ကြုံနေပုံရတယ်။ မင်းကို ကြည့်ရတာ မရွှင်မပျနဲ့'

'ဟုတ်တယ်··ဟုတ်တယ်။ ဒါကြောင့် ဒီကို လာခဲ့ရတာ။ မေးချင်တာလေးတွေ ရှိလို့ပါ'

'ဘာများပါလိမ့်'

'ဒီလိုပါ၊ ဆေးရုံကို အသည်းအသန် လူနာတစ်ယောက် ရောက်လာတယ်။ ဘာလုပ်ရမှန်းမသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြရတယ်။ ဆေးရုံကိုလိုက်ပြီး ကူညီပေးပါဦး'

ကီးသည် သဘောကျစွာပြုံးရင်း ပြန်ပြောလိုက်သည်။

'အမေရိကန် ဆရာဝန်တွေက ကျုပ်လို အဘိုးအိုရဲ့ အကူအညီကို တောင်းလေ့မရှိပါဘူး'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ဦးက သာမန်အဘိုးအို မဟုတ်ဘူးလေ။ သူများတွေနဲ့မှ မတူတာ'

'ကောင်းပြီလေ။ လာခဲ့ပါမယ်။ အကူအညီပေးနိုင်၊ မပေးနိုင်ဆိုတာကတော့ မသေချာဘူးနော်'

'ဦးက သိပ်သဘောကောင်းတာပဲ။ ဘယ်တော့လောက်များ လာနိုင်မလဲရှင့်'

'အခုဆိုလည်း ရတယ်လေ။ ကျုပ်မှာ အရေးတကြီးလုပ်စရာ ဘာမှမရှိပါဘူး'

'ကျေးဇူးတင်လိုက်တာ။ ဒါဆိုရင် ကျွန်မကားနဲ့ သွားလိုက်ကြရအောင်'

ကာရင်း၏ ကားကလေးသည် ရွာအတွင်းမှထွက်ကာ လမ်းမကြီးအတိုင်း မောင်းသွားသည်။ မကြာမီ မြို့သစ်အတွက် ဆောက်လုပ်ထားသည့် တိုက်ခန်းများကြား ဖြတ်သန်းခဲ့ကြသည်။ ထို့နောက် တောင်ကုန်းကလေးဘေးသို့ ရောက်သွားကြသည်။ ကာရင်းသည် တောင်ကုန်းပေါ်ရှိ သံချိုင်းဟောင်းဘက်သို့ လှည့်မကြည့်ခဲ့ပေ။ လမ်းဘေးတွင် အစီအရီရပ်ထားသည့် ကုန်တင်ကားများကိုလည်း တွေ့လိုက်ရသည်။ ကားများ၏ ကိုယ်

www.burmeseclassic.com

ထည်ဘေးတွင် ကွန်းဝေးဆောက်လုပ်ရေးကုမ္ပဏီ စာတန်းများ ကပ်ထားလျက် ရှိလေသည်။

'သူတို့ဆောက်ထားကြတဲ့ တိုက်ခန်းတွေက အများကြီးပဲနော်'

'အင်း'

ကီးသည် ထိုမျှသာပြန်ပြောပြီး နှစ်ယောက်သား ဆေးရုံရောက်သည့်တိုင် နှုတ်ဆိတ်သွားကြတော့သည်။ ကာရင်းသည် ဆေးရုံရှိ ကားရပ်နားရန်နေရာတွင် ကားကို ထိုးရပ်လိုက်သည်။ ထို့နောက် ကားပေါ်မှဆင်းကာ ကီးဘက်ရှိ တံခါးအား သွားဖွင့်ပေးခဲ့သည်။ ပြီးလျှင် နှစ်ယောက်သား ဆေးရုံအတွင်းသို့ လျှောက်ဝင်သွားခဲ့ကြလေသည်။

ကီးသည် ဆေးရုံနံ့ကို စတင်သတိထားလိုက်မိသည်။ အဖြူရောင်နံရံများက သန့်ရှင်းနေကြသည်။ မှန်တံခါးများကလည်း ကြည်လင်တောက်ပလျက်ရှိသည်။ မကြာမီတွင် ဓာတ်ဝန်ကျဆရာမ အခန်းသို့ ရောက်သွားကြသည်။ ကာရင်းသည် စားပွဲပေါ်ရှိ မှတ်တမ်းစာအုပ်ကိုကြည့်ရင်း ပြောလိုက်သည်။

'အခန်း(၄၃၇)မှာပဲ။ ကဲ…ကျွန်မတို့ သွားကြရအောင်'

နှစ်ယောက်သား ဓာတ်လှေကားဖြင့် လေးလွှာသို့ တက်ခဲ့ကြသည်။ ထို့နောက် ကာရင်းသည် ကီးအား အခန်းတစ်ခန်းရှေ့သို့ ခေါ်သွားခဲ့သည်။ အခန်းတံခါးတွင် မှန်ပေါက်ကလေးတစ်ခုရှိလေသည်။ ကာရင်းက မေးငေါ့ပြရင်း ပြောလိုက်သည်။

'အထဲကို ကြည့်လိုက်ပါဦး'

ကီးသည် မှန်ပေါက်အနီးသို့ ကပ်ကြည့်လိုက်သည်။ အခန်းတွင်း၌ စားပွဲ၊ ကုလားထိုင်များမရှိ။ ပြတင်းပေါက်သည်း နတ္ထိ။ မျက်နှာချင်းဆိုင် နံရံအနီးတွင်တော့ ခုတင်တစ်လုံး ချထားသည်။ ခုတင်ပေါ်တွင်တော့ သူတစ်ယောက်။ သေချာစွာကြည့်လိုက်ရာ ကွန်းဝေးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူသည် လူနာဝတ်စုံ အင်္ကျီပွကြီးကို ဝတ်ဆင်ထားသည်။ နှုတ်ကလည်း တွေ့ကရာများ အော်ဟစ်လျက် ရှိလေသည်။ ကာရင်းက ရှင်းပြလာခဲ့သည်။

'သူ့နာမည်က ကွန်းဝေး၊ ဂျိမ်း(စ်)ကွန်းဝေးတဲ့။ တော်တော်လေးတော့ ထူးဆန်းတယ်။ ဟေတီကိုအလာ လေယာဉ်ပေါ်မှာ သူနဲ့ဆုံခဲ့ရတယ်။ ဒီမှာ တိုက်ခန်းတွေ လာဆောက်တာတဲ့။ သူ့ပုံစံကိုတော့ သိပ်သဘောမတွေ့ခဲ့ပါဘူး။ အဲဒီတုန်းက လူရောစိတ်ပါ အကောင်းပကတိကြီးပဲရှင့်။ ခုတော့ မြင်တဲ့အတိုင်း သွက်သွက်ခါအောင် ရူးနေပြီလေ။ ဘယ်သူ့ကိုမှလည်း စကားမပြောဘူး။ တယ်လီဖုန်းခေါ်သံ ဒါမှမဟုတ် လူခေါ်ခေါင်းလောင်း မြည်သံကြားတာနဲ့ ထိန်းမနိုင် သိမ်းမရ ထအော်တော့တာပဲ။ အိပ်ရမှာကိုလည်း ကြောက်နေပုံရတယ်။ ကျွန်မတို့လည်း မကုတတ်တော့ဘူး။ ဗူးဒူးမှော်ညာနဲ့ ပြုစားခံရတာလို့ သူနာပြု တချို့က ပြောနေကြတာပဲရှင့်'

ကီးသည် တွေးတွေးဆဆ ပြန်ပြောလိုက်သည်။

'အင်း‥သူတို့ပြောတာ ဟုတ်လိမ့်မယ်'

စကားဆုံးလျှင် ကီးသည် ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။

'သူ့ကို ဦးလေး မကယ်နိုင်ဘူးလားရှင့်'

'စိတ်မကောင်းပါဘူး။ ကျုပ်က ဆရာဝန်မှ မဟုတ်တာ။ ပြီးတော့ သူ့ကိုကြည့်ရတာ ဒီမှာ ပျော်နေပုံရတယ်။ အခန်းတွေ အများကြီးပါတဲ့ တိုက်ကြီးထဲမှာ နေနေရတယ်။ အခန်းကို သန့်ရှင်းရေးလုပ်မယ့်သူတွေက အသင့်။ စားစရာတွေ လာပို့မယ့်သူတွေကလည်း အများကြီး။ ဘာမှ ထမလုပ်ရဘဲနဲ့ ဘဏ်ထဲမှာ ငွေတွေက အလျှံပယ်။ သူ့ဆန္ဒတွေ အကုန်ပြည့်စုံနေတဲ့ပုံပါပဲ'

ကီးသည် သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်ပြီး ကျေနပ်စွာ ပြုံးနေခဲ့သည်။ အေးစက်မာကျောသော သူ၏အပြုံးကို ကြည့်လျက် ကာရင်း၏ ကျောရိုးတစ်လျှောက်လုံး အေးစိမ့်သွားရလေသည်။

'ဗူးဒူးဟောင်ဂန်တွေကို အထင်သေး စော်ကားသူမှန်သမျှ အဲဒီလိုကြမ္မာဆိုးတွေနဲ့ မုချရင်ဆိုင်ရလိမ့်မယ်။ ဒါဟာ ခိုင်မာပြတ်သားတဲ့ ဗူးဒူးဥပဒေသ တစ်ခုပဲ'

ကီး၏စိတ်တွင်းက ပြောလိုက်သည့် စကားများကိုတော့ ကွန်းဝေးတစ်ယောက် ကြားသိနိုင်မည် မဟုတ်တော့ပေ။

ကျော်အေး(တားကူ)

Ref : MICHAEL DUCKWORTH ၏
VOODOO ISLAND

www.burmeseclassic.com